# ဗုဒ္ဓစာဥယျာဉ် (၂)

မောင်ဆန္ဒ (လယ်ဝေး)



## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဗုဒ္ဓတဥယျာဉ် (၂)

## မောင်ဆန္ဒ (ဃယ်ဝေး)

နိုင်ငံ့ဂုဏ်ရည်စာစဉ် (၁၁)

၂၄၉-၁၈

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၂၈/၂၀၀၂ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၁၇/၂၀၀၃ (၆) |
| အကြိမ် | ပထမအကြိမ် (၂၀၀၃ ခုနှစ်၊ ဇွန်လ) |
| အုပ်ရေ | (၁၀၀၀) |
| တန်ဖိုး | ၁၈၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးအုန်းမောင်<br>ယာယီ(၅၃၁) |
| ပုံနှိပ်သူ | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| မျက်နှာဖုံးပန်းချီ | နီပိုဦး |
| အတွင်းသရုပ်ဖော် | ကံကောင်း၊ အောင်စံမြင့် |
| ကွန်ပျူတာစာစီ | နိုင်ငံ့ဂုဏ်ရည် |
| ကာလာခွဲ | အယ်လ်ဖာ<br>၄၁-လမ်း၊ ရန်ကုန်မြို့ |

ဖြန့်ချိရေး

**နိုင်ငံ့ဂုဏ်ရည်စာပေတိုက်**

၅၂၉-၅၃၁ ၊ ကုန်သည်လမ်း
စာပေဗိမာန်၊ ရန်ကုန်မြို့။
ဖုန်း- ၇၂၅၅၃၀၊

၁။ နတ်ဘုံနတ်နန်း တမ်းတသူမျှော် ၁၁
၂။ ဂရုစမွှသီလ ၂၉
၃။ သုတ ဖြဟ္မဒတ် ၄၀
၄။ ပါဠိလိဂါမ ၅၅
၅။ အနန္တ ဇိနနှင့် တွေ့ဆုံခဲ့သည့်တိုင် ၆၉
၆။ အောင်စိတ် ၈၅
၇။ အညွန့်တုံးသူ ၁၀၀
၈။ မရာပြည့် ၁၁၅
၉။ နမောတဿ ၁၂၉
၁၀။ ပိန်မ ၁၄၅
၁၁။ သံသာလေကမ်းတိုင် တူပြိုင်ကာကူးမယ်ပ ၁၆၃
၁၂။ မွေးရကျိုးနပ် သားမြတ်မိခင် ၁၇၅
၁၃။ အလှသခင် မာနရှင် ၁၉၃
၁၄။ နန္ဒမာတာ ၂၀၇
၁၅။ စန္ဒကူးသပိတ် ၂၂၃
၁၆။ တာဝန်ကျေသူအတွက် ထိုက်တန်သောဆု ၂၃၇
မိဂဒါဝုန်သို့ ၂၄၉

# နိုင်ငံ့ဂုဏ်ရည်၏ မင်္ဂလာစကား

လောကရေးရာ အဖြာဖြာဖြစ်သော အုပ်ချုပ်ရေး၊စီးပွားရေး၊ပညာရေး၊လူမှုရေး၊ ဘာသာရေးစသည့် အရေးအရာအားလုံးတို့ကိုသော်လည်းကောင်း၊ တစ်စုံတစ်ရာသော အရေးအရာကိုသော်လည်းကောင်း၊ တစ်နည်းတစ်ဖုံ အကျိုးရှိသည့် စာမျိုးကို အကျိုးပြုစာပေဟု နိုင်ငံ့ဂုဏ်ရည်က ယုံကြည်ယူဆပေသည်။ စာဖတ်သူတို့သည် တစ်ဘဝအကျိုးရှိသည့် စာမျိုးကို နှစ်ခြိုက်လိုလားကြသည်။ ထို့ထက် တစ်သံသရာလုံး အကျိုးဖြစ်ထွန်းစေသည့် စာမျိုးကိုမူကား ပို၍ပင်လိုလား နှစ်သက်ကြပေမည်။

"အကြင်ဝါဒတစ်ခုသည် ကောင်းမြတ်၏။ ယင်းဝါကိုလိုက်ကျင့်သုံးခြင်းဖြင့် အကျိုးစီးပွားဖြစ်၏။ မိမိအတွက်သော်လည်းကောင်း၊ အများသူငါတို့အတွက်သော်လည်းကောင်း၊ ချမ်းသာပွားစေ၏။ ထိုဝါဒကိုသာလက်ခံထိုက်၏။ ဤသို့ မိမိဉာဏ်ဖြင့် လွတ်လပ်စွာတွေးခေါ်ခွင့်၊ ယူပိုင်ခွင့်ပေးထားသော ဗုဒ္ဓဝါဒကို အသိပေး ပညာပေး ဝါဒဟု မှတ်ယူရပေသည်။

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်သည် ငွေကြေးအတွက်သာ အကျိုးအမြတ်ရရှိရေးကို အဓိကမထားဘဲ စာဖတ်သူတို့ လက်ထဲသို့စာကောင်းပေမွန်များရောက်ရှိရန်အတွက်ကို အဓိက ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံ့ဂုဏ်ရည်စာစဉ်အမှတ်(၁) "ဗုဒ္ဓစာဥယျာဉ်" ကို ထုတ်ဝေဖြန့်ချိခဲ့ရာ တခဲနက်အားပေးမှုရရှိ၍၊ စာပေတိုက်အနေနှင့် ဝမ်းသာပီတိဖြစ်ရပါသည်။ အဆိုပါစာအုပ်ကို ဒုတိယအကြိမ်ရိုက်နှိပ်ပြီးနောက် ဤ "ဗုဒ္ဓစာဥယျာဉ်(၂) "ကို စာချစ်သူလက်ထဲ အရောက်ပို့လိုက်ရပြန်ပါသည်။

ဘာသာရေးဝတ္ထုများရေးရာတွင် သူဟန်၊ သူ့မူ၊ သူ့အရေးအသားဖြင့် တစ်မျိုးတစ်ဘာသာ ခွဲထွက်ရေးသားလေ့ရှိသော မောင်ဆန္ဒ (လယ်ဝေး)သည် ဇာတ်၊ နိပါတ်၊ သုတ္တန်တို့မှ ကောင်းနိုးရာရာကို ထုတ်နုတ်ရေးသားလေ့ရှိပါသည်။ ဇာတ်လမ်း၊ ဇာတ်ကောင်၊ တရားသဘောပြောဆိုချက်တို့မှာ ဘုရားဟောဖြစ်သဖြင့် ပြုပြင်ပြောင်းလဲ၍ ရစကောင်းသည်မဟုတ်ပါ။ ထိုထိုသော အကြောင်းအရာကို စာရေးဆရာများက ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးသားခဲ့ပြီးဖြစ်၍၊ ကြားဖူး နားဝရှိပါလိမ့်မည်။ တူပင်တူငြားသော်လည်း အခြားပုဂ္ဂိုလ်နှင့်မတူ ရေးဟန်သွက်သွက်၊ အချက်ကျကျ၊ လွယ်ကူပြေပြစ်သော ပုံစံဖြင့်ရေးလေ့ရှိသော မောင်ဆန္ဒ(လယ်ဝေး)၏ ဗုဒ္ဓဥယျာဉ်သည် စာဖတ်သူများ၏ နှလုံးသားသို့ စိမ့်ဝင်စွဲငြိစေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

စာရေးသူ၏ စေတနာ၊ အားထုတ်မှု၊ ဘာသာသနာအပေါ် သဒ္ဓါတရားထက်သန်မှုတို့က သူ့စာတွင် အထင်းသားပေါ်လွင်ပြီး ဖြစ်ပါသည်။ ထိုသဒ္ဓါအားကို တူညီမျှဝေခံစားစေပြီး၊ မှန်ကန်သော အသိအမြင်၊ မှန်ကန်သောအလုပ်၊ မှန်ကန်သောသတိ၊ သမာဓိ ရှိစေရန် ရည်ရွယ်အားထုတ်သည်ကိုလည်း တွေ့နိုင်ပါသည်။

ဗုဒ္ဓဝါဒ၊ ဗုဒ္ဓဓမ္မကို ရေးသားရာ၌ မှန်ကန်သောအသိအမြင် ရရှိရေးသည် ပဓာနကျသော အကြောင်းအချက်ပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပေသည်။

ဗုဒ္ဓဝါဒ၊ ဗုဒ္ဓဓမ္မကို ကြံစည်ရာတွင် ပိဋကတ်ကျမ်းတတ်ကျွမ်းဖို့ သို့တည်းမဟုတ် ပိဋကတ်ကျမ်းများနှင့် အလှမ်းမဝေးဖို့ လိုပေသည်။ ပိဋကတ်များ မကျွမ်းကျင်လျှင်သော်လည်းကောင်း၊ ပိဋကတ်ကျမ်းများနှင့် အလှမ်းဝေးလျှင်သော်လည်းကောင်း ဓမ္မနှင့်အလှမ်းဝေးနိုင်ပေသည် ဤသည်ကို ပေါင်းကူးဆက်စပ်ပေးသောအားဖြင့် မောင်ဆန္ဒ (လယ်ဝေး)က ဗုဒ္ဓစာဥယျာဉ်ပါ ဓမ္မရသ ဝတ္ထုတိုများကို အားထုတ်ရေးသားထားခြင်းဖြစ်ပေသည်။ ဗုဒ္ဓစာဥယျာဉ်ကို ဖတ်ရှုပြီး တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးရှိမည်ဆိုလျှင် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်အနေဖြင့် ကြိုးပမ်းထုတ်ဝေရကျိုးနပ်ပြီဟု ယုံကြည်ယူဆပါကြောင်း တင်ပြလိုက်ရပေသည်။

မြင်းမူမောင်နိုင်မိုး
စာတည်းမှူးချုပ်
နိုင်ငံ့ဂုဏ်ရည်စာပေတိုက်
၁၁. ၆. ၂၀၀၃

# နတ်ဘုံနတ်နန်း
# တမ်းတသူမျှော်



# နတ်ဘုံနတ်နန်း တမ်းတသူမျှော်

နန်းမလေ့အစဉ်အလာနှင့်အညီ အိမ်တက်မင်္ဂလာ၊ ဦးသျှောင်ထုံးမင်္ဂလာ၊ သင်းကျစ်ဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ အိမ်ရှေ့ထီးဆောင်းမင်္ဂလာဟူသော ငါးဖြာသောမင်္ဂလာကို တစ်ပြိုင်နက် ကျင်းပခဲ့သဖြင့် ကျွန်ုပ်တစ်ကိုယ်လုံး နုံးချည့်နေသည်။ ကျွန်ုပ်ပင်သည်မျှ ပင်ပန်းနွမ်းနယ်နေလျှင် နှမတော်ဇနပဒကလျာဏီ အဖို့ ဆိုဖွယ်ရာမရှိ၊ နေထိပန်းနှယ် ညှိုးရော်နေမည်သာ၊ မျက်နှာလေးမြင်ရုံနှင့် နွမ်းနယ်မှုကသိသာသည်။

"ပင်ပန်းနေပြီလား နှမတော်"

ချွေးစို့နေသည့် နဖူးဆံစလေးကို လက်ဝါးနှင့် ညင်ညင်သာသာ သုတ်ပေးရင်း မေးလိုက်သည်။ နှမတော်က နွမ်းနွမ်းလျလျ ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"ပင်ပန်းပေမယ့် ကြည်နူးပါတယ် မောင်တော်ရယ်. . .ဒါနဲ့. . မောင်တော်ရော"

"ဘာကိုလဲ ထိပ်ထား"

"ပျော်သလားလို့. . ."

"အို. . . ဘယ်လိုများ မေးပလေလဲ နှမတော်ရယ်. . . ဟောဒီ ကပိလဝတ်မှာ အချောဆုံး၊ အလှဆုံး ကော်ဝင်သဇင်ပန်းခက်လေး ပိုင်ဆိုင်ခွင့်ရတာ မပျော်ဘဲရှိမလား . . . ဒီနေ့၊ ဒီအချိန်၊ ဒီလောကမှာ မောင်မောင်လောက် ပျော်တဲ့လူ ရှိဦးမလား. . ."

ကျွန်ုပ်စကားကြားတော့ နှစ်လိုဖွယ်အပြုံး ပြုံးလိုက်ရင်း ရင်ခွင်ထဲ ခေါင်းတိုးဝင်လာသည်။

သူ့ကိုယ်လုံးလေးကို ထွေးပွေ့လိုက်ပြီး နုပါးပြင်ကို စူးစူးနစ်နစ် နမ်းပစ်လိုက်သည်။

ကျွန်ုပ်၏အကြင်နာ၊ ကျွန်ုပ်၏ အယုအယ၊ ကျွန်ုပ်၏နှစ်လိုချစ်ခင်မှုကို လက်တွေ့ခံစားရသော နှမတော်သည် အလွန်ကျေနပ်ကြည်နူးသွားပုံရသည်။ ထပ်ထပ်မွှေးလိုက်စမ်းပါ လား မောင်တော်ရယ် . . . ဟူသော တောင်းဆိုမှု အကြည့်နှင့် ကျွန်ုပ်ကို ကြည့်နေသည်။

တဒင်္ဂအတွင်း ခံစားရသော ဖောဋ္ဌဗ္ဗအာရုံ ကာမဂုဏ်ရေယာဉ်ကြောတွင် ကျွန်ုပ်တို့နှစ်ဦးသား မျောချင်တိုင်း မျောပါနေမိတော့၏။

* * *

"မှန်လှပါ အရှင့်သား . . ဘုရားရှင် အဆောင်တော် ကြွလာပါတယ်ဘုရား . . . "

"ဟင် . . . "

အိပ်ဆောင်တော် အပြင်ဘက်က တင်လျှောက်သော ရဲရွှေတော်စကားကြောင့် အထိတ်တလန့် ရေရွှတ်မိရင်း နှမတော်နှင့် လူချင်းခွာလိုက်သည်။

နောင်တော်မြတ်ဘုရားကိုယ်တိုင် အဆောင်တော်ကြွလာသည်ဆို၍ အံ့အားသင့်သွားသည်။ ဘုရားရှင်သာ ဤသို့ ချစ်ကြည်နူးနေသည်ကိုတွေ့လိုက်လျှင် မသင့်တော်၊ အရိုအသေကင်းမဲ့ရာကျမည်။

သလွန်ထက်က ကပျာကယာလူးလဲထလိုက်ရင်း အိပ်ဆောင်ခန်းမတံခါးကို ပြေးဖွင့်လိုက်သည်။

"ဟဲ့ . . . မယ်မင်းတို့၊ နောင်တော်မြတ်ဘုရားထိုင်ဖို့ သလွန်တော်ကိုပြင်ကြစမ်း။ သလွန်ထက်မှာ မွှေးပွကော်ဇောခင်းကြ၊ အဲ . . . ဟောဟိုက အမြင်မတော်တဲ့ပစ္စည်းတွေ သိမ်း . . . သိမ်း . . . ဝတ်လဲတော်တွေ တိုးလိုးတွဲလောင်း ဖြစ်နေတာတွေ ခပ်မြန်မြန်လေးသိမ်းလိုက်စမ်း။ မယ်မင်းတို့ကလဲ ဘာလုပ်နေကြတာလဲ၊ ငေးတိငေးငိုင်နဲ့ ဘာကြောင့် တွေဝေနေတာလဲ . . . လုပ်ကြလေ"

"မဟုတ်ဘူး . . . အရှင့်သား"

"ဗျာရေ . . . "

"ဘုရားရှင်က အရှင့်သားတို့ကို ချီးမြှောက်ချင်လို့ အဆောင်ကို ဆွမ်းခံကြွလာတယ်ထင်တယ် ကိုယ်တော် . . . "

"ဟေ . . ဒါဖြင့် မယ်မင်းတို့ ဘာလုပ်နေကြလဲ၊ ဘုရားရှင်အတွက် ဆွမ်းအုပ်ပြင်ယူခဲ့လေ . . . ဘာလဲ လောင်းစရာဆွမ်းဟင်း အရံသင့်မရှိဘူးလို့ ပြောချင်သေးလား။ ငါကိုယ်တော်မြတ်အဆောင်မှာ ဒါအတွက် ကြောင့်ကြစရာရှိလား ကွယ်တို့"

"မဟုတ်သေးဘူး အရှင့်သား"

"ဟေ . . . မဟုတ်သေးဘူး။ အင်း . . ဘာကို ဘယ်လို မဟုတ်တာလဲ၊ ခပ်မြန်မြန် သံတော်ဦးတင်စမ်း"

"မှန်လှပါ အရှင့်သား. . . ဘုရားရှင် ဆွမ်းခံကြွလာတာ အားလုံးမသိလိုက်ပါဘူး. . . အရှင့်သား။ ဒါကြောင့် ဆွမ်းမရဘဲ ပြန်ကြွသွားပါပြီ"

"ဘာ. . . ဘယ်လို။ ငါ့အဆောင်တော်ကို ဘုရားရှင် ဆွမ်းခံကြွလာတယ်။ အဲဒါ ဆွမ်းမရဘဲ ပြန်သွားတယ်. . . ဟုတ်စ။ နေစမ်းပါဦး မယ်မင်းတို့ ဘာတွေလုပ်နေလို့ ဘုရားရှင် လာတာတောင် မသိရသလဲ"

"ကျွန်တော်မျိုးမက သခင်မလေး ရေမိုးချိုးပြီး လိမ်းကျံဖို့ စန္ဒကူးနံ့သာသွေးနေမိတယ်အရှင့်သား . . သူတို့ကလဲ သခင်မလေး ရေသန့်စင်ဖို့ ရေခပ်သူခပ်၊ ရေအေးနဲ့ရေနွေးစပ်သူစပ်၊ တချို့ကလဲ ဝတ်လဲတော်တွေကို ခေါက်ပြုသိမ်းနေလေတော့ ဘုရားရှင်ရောက်နေတာကို ဘယ်သူမှ သတိမထားမိဘူး။ အဲ . . . ပြန်ကြွသွားမှ မော်ကြည့်မိကြတယ်။ အတန်ကြာ အံ့အားသင့် ငေးမောကြည့်နေမိတယ်။ သတိရလာတော့မှ အပြေးအလွှားလာပြီး အရှင့်သားကို သံတော်ဦးတင်ရတာ. . ."

သူတို့ ဆင်ခြေပေး လျှောက်လဲချက်တွေက ခိုင်လုံနေတော့ အပြစ်မတင်သာ။ အားလုံးက နှမတော်အတွက် ဝန်ဆောင်မှုတွေ လုပ်နေကြသည်။ နှမတော်အပေါ် အလေးထားစောင့်ရှောက်ကြ၍ လစ်ဟာသွားသည်ဆိုတော့လည်း ပြောဖို့ခက်နေသည်။

အင်း. . . နောင်တော်မြတ်ဘုရားက ညီတော်ဆီ ဆွမ်းလာရပ်တာ ဆွမ်းမရဘဲ သပိတ်ချည်းသက်သက် ပြန်ရသည်ဆိုက ကြား၍ပင်မလျော်။ ခမည်းတော်၊ မယ်တော်၏ အပြစ်တင်မှုပင် ခံရနိုင်သည်။

အကြောင်းရင်းဇာစ်မြစ်ကို ပြန်ကြည့်လျှင် တူနှစ်ကိုယ် ချစ်ကြည်နူးနေမိခြင်းကြောင့်ပင်။ နှမတော်နှင့် နှစ်ကိုယ်ယှဉ်တွဲ ပျော်စံနေရလျှင် ပတ်ဝန်းကျင် တစ်ခုလုံးကိုပင် မေ့ ပျောက်နေသည်အထိ မိမိအဖြစ်က အားနည်းလွန်းသည်။

"နှမတော်. . . မောင်တော်. . . ဘုရားရှင်နောက် လိုက်သွားဦးမယ်"

"ဘာလုပ်မလို့လဲ မောင်တော်ရယ်. . . ပြန်ကြွသွားပြီပဲဟာ. . ."

"မဟုတ်သေးဘူးလေ. . . နောင်ဘုရား ပြန်ကြွသွားတာ ဆွမ်းမရသွားဘူးတဲ့။ ဘုရားရှင်ကို ပြန်ကြွလာဖို့လျှောက်ပြီး ဆွမ်းကပ်ကြတာပေါ့"

"အင်း. . . သွားရမယ့်ကိစ္စအတွက် မတားသာဘူးပေါ့ မောင်တော်။ ဒါပေမယ့် မောင်ဘုရား မြန်မြန်ပြန်လာနော်. . ."

နှမတော် ဇနပဒကလျာဏီက တစ်ခဏလေးပင် မခွဲမခွာနေချင်သော အမူအရာနှင့်ပြောလိုက်သည်။ တကယ်တမ်းဆိုလျှင် ကျွန်ုပ်လည်း နှမတော်အပါးက တစ်စက္ကန့်၊ တစ်ဗိဇနာမျှပင် မခွာချင်။ သလွန်ထက်တွင် နှမတော်ကိုယ်လုံးလေးကို သိုင်းဖက်လျက်၊ ရင်ချင်းကပ်၊ ပါးချင်းကပ်၍သာ နေချင်မိသည်။

သို့သော်. . . လောကတံထွာ၊ လူ့ဓမ္မတာသဘောအရ တာဝန်မကျေမှာစိုးသည်။ တာဝန်မကျေ

သည်ထက် နောင်ဘုရား ဆွမ်းမရဘဲလက်ချည်းသက်သက်ပြန်သွားရသည်ဆိုခြင်းအတွက် စိတ်မကောင်းဖြစ်မိသည်။

"စိတ်ချပါ နှမတော်. . . နောင်ဘုရားကို အကျိုးအကြောင်းလျှောက်ပြီး ချက်ချင်းပြန်လာမှာပါ"

"ဟို. . . ဟိုဒင်း၊ စကားတွေရှည်မနေနဲ့နော်. . . မောင်တော်၊ ခဏဆို ခဏလေးပဲကြာပစေ။ မောင်တော် ပြန်လာမယ့်လမ်းကို ဟောဟို လေသာပြတင်းက စောင့်ကြည့်နေမယ်"

"ကြော်. . . နှမတော်ရယ်"

* * *

ကျွန်ုပ်သည် ရာဇက္ကန္ဓြေကို မထိန်းနိုင်ဘဲ ကသောကမျောပြေးလိုက်မိသည်။

ဘုရားရှင်က မင်းလမ်းမကြီးအတိုင်း တရွေ့ရွေ့ ကြွသွားနေသည်။

လမ်းဘေးဝဲယာတွင်သကျသာကီမျိုးနွယ် မင်းပရိသတ်အပေါင်းက ဘုရားရှင်ကို ရှိခိုးဦးတင်နေကြသည်။ ဆင်၊ မြင်း၊ ရထားတို့နှင့် လာသူတွေက ဘုရားရှင်ကို မြင်လျှင် ယာဉ်ရထားပေါ်မှ ဆင်းလျက် အရိုအသေပြုကြသည်။ သူဌေးသူကြွယ်တို့ကလည်း ဘုရားရှင်ခြေအစုံကို ဦးခိုက်ပူဇော်ကြသည်။

မင်းလမ်းမတစ်လျှောက် ပူဇော်သူများ ရှိနေ၍ အနှောင့်အယှက်မဖြစ်အောင် ပြေးလွှားနေမှုကို ထိန်းလျှော့လိုက်သည်။ ခြေလှမ်းသွက်သွက်လှမ်းကာ အမီလိုက်ခဲ့သည်။

"နောင်တော်. . . အဲ. . . အရှင်မြတ်ဘုရား. . . တပည့်တော်ကိုချီးမြှောက်ဖို့ နန်းဆောင်ကြွလာတယ်လို့ သိရပါဘုရား။ အရှင်ဘုရားကြွလာစဉ်က သတိမပြုမိလို့ လစ်ဟာသွားတာပါ ဘုရား။ ဒီအတွက် ရဲရွှေတော်တို့ကို ဆူငေါက်ခဲ့ရပါသေးဘုရား။ ဟို. . . ဟိုဒင်း အရှင်ဘုရား တပည့်တော်နဲ့ပြန်ကြွပြီး ဆွမ်းဘုဉ်းပေးတော်မူပါ"

ကျွန်ုပ်ဇောင်လျှောက်သော စကားကို ကြားသည်နှင့်ဘုရားရှင်က ကောင်းကင်ကနေကို မော့ကြည့်သည်။ မွန်းလွဲလုနီးပြီမို့ ဆွမ်းစားချိန်မရှိတော့။

"ရှိစေတော့ နန္ဒ။ ဒီနေ့ပြည့်စုံပါပြီ"

"အို . . . မဟုတ်သေးပါဘူး။ နောင်ဘုရားရယ်. . . "

"အမှန်ပင် ပြည့်စုံခဲ့ပြီ နန္ဒ"

ကျွန်ုပ်အနေနှင့် စိတ်မကောင်း ဖြစ်ရုံကလွဲ၍ ဘာမှ မတတ်နိုင်တော့။ အရာရာက နောက်ကျသွားပေပြီ။ နောက်နေ့တွင်မှ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ဆက်ကပ်ရုံသာ ရှိတော့သည်။ ခုတော့ နောက်ကြောင်းပြန်ရုံသာ။

ကျွန်ုပ်သည် လည်တိုင်ကြော့ကြော့ ရင်လေးမော့ကာ၊ မော့ကာ မျှော်နေရှာမည့် နမတော်မျက်နှာကို မြင်လာသည်။ အလျင်အမြန်ပြန်ဖို့ နောက်လှည့်မည်အပြုတွင် ဘုရားရှင်က သပိတ်ကမ်းလာသည်။

ကျွန်ုပ်လည်း ကယောင်ကတမ်းနှင့် သပိတ်ကိုလှမ်းယူပြီး ဘာဆက်လုပ်ရမှန်းမသိသလို ကြောင်နေမိသည်။

ကျွန်ုပ်ပြေးလိုက်လာစဉ် နောက်ကထက်ကြပ်မကွာပါလာသော ငယ်ကျွန်များက သပိတ်လက်ဆင့်ကမ်းဖို့ လက်လှမ်းသည်။ "မောင်မင်းတို့ပဲ ဒီသပိတ်ကို လိုက်ပို့လိုက်စမ်း. . "ဟု အမိန့်ပေးခဲ့ရမလား . , . ကိုယ်တိုင်ပဲ ထမ်းလိုက်ရမလား မသိတော့။

ဘာပဲဖြစ်ဖြစ် လက်ဆင့်ကမ်း လွှဲပေးလို့ လျော်မည်မဟုတ်။ မြတ်ဘုရား၏ သပိတ်တော်ထမ်းလိုက်ရသည်မှာ ကျွန်ုပ်အဖို့ ဂုဏ်ယူစရာ၊ မြတ်ဘုရားနောက်ပါးက ကပ်လိုက်ရသည့် ဂုဏ်ဒြပ်လောက်ဘယ်ဂုဏ်က ကြီးဦးမလဲ။

သိဒ္ဓတ္ထနှင့်နန္ဒက တစိမ်းတရံ တွေမဟုတ်။ နောင်တော်သိဒ္ဓတ္ထက ခမည်းတော်သုဒ္ဓေါဒနနှင့် မယ်တော်မာယာဒေဝီတို့က ဖွားမြင်သည့်သား။ ကျွန်ုပ်က ခမည်းတော် သုဒ္ဓေါဒနနှင့် မယ်တော် ပဇာပတိဂေါတမီတို့၏ ရင်သွေး။ ကျွန်ုပ်တို့ချင်းက ဖအေတူ၊ မအေကွဲ ညီအစ်ကိုတွေ။ တကယ့် သွေးရင်းသားရင်း။

အရိုးတော် မာယာဒေဝီနတ်ရွာလားတော့ နောင်တော်ကို မယ်ဖုရားကိုယ်တိုင် နို့ချိုတိုက်မွေးမြူခဲ့သည်။ မယ်တော့် ရင်နို့ကို အတူတူသောက်စို့ခဲ့ရသော ညီနောင်ရင်းတွေ. . . ။

အမှန်အားဖြင့် နောင်တော်က ကျွန်ုပ်ထက်ပင် သုံးရက်ငယ်ရွယ်သူ ဖြစ်သည်။ သို့သော် တောင်ညာစမိဖုရားကဖွားသော နောင်တော်သည် မြောက်နန်းစံကဖွားသော ကျွန်ုပ်ထက် ဂုဏ်ကြီးသူဖြစ်နေသည်။ အရိုက်အရာဆက်ခံခွင့်လည်း ကျွန်ုပ်ထက် အလေးသာနေသည်။

သို့ဖြစ်၍လည်း နောင်တော် တစ်ဆယ့်ခြောက်နှစ်သား အရွယ်ရောက်ချိန် အစ်မတော်ယသော်ဓရာနှင့် ရွှေလက်ဆက်ပေးပြီး အိမ်ရှေ့အရာထားခဲ့သည်။ အိမ်ရှေ့စံမင်းသားနှင့် သာမန်မင်းသားငယ်မျှ ဖြစ်သော ကျွန်ုပ်၏ဂုဏ်မှာ မိုးနှင့်မြေပမာကွာလှမ်း၍ နောင်တော်ဟု အမှတ်သညာထားခဲ့သည်။

အိမ်ရှေ့စံ နောင်တော်က မမျှော်လင့်ဘဲ တောထွက်သွားသည်။ ရဟန်းပြုသွားသည်။ ရွှေအိမ်ရွှေနန်းနှင့် စံမြန်းရသောဘဝကို စက်ဆုပ်လျက် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်ရိပ်အောက် ခိုဝင်ခဲ့သည်။

နောင်တော် ရဟန်းပြုသွားသော်လည်း ခမည်းတော်က မျှော်လင့်ချက် ထားနေသည်။ ဆင်းရဲငြိုငြင်သောဘဝတွင် ကြာရှည်မခံနိုင်ဘဲ နန်းပလ္လင်ထက် ပြန်တက်လာလိမ့်မည်ဟု မျှော်လင့်နေသည်။ တစ်နေ့ပြန်လာနိုး၊ တစ်နေ့ပြန်လာနိုး မျှော်ကိုးစောင့်စားရင်း ခြောက်နှစ်ပင် ကြာသွားသည်။ ထိုစဉ်ကာလပတ်လုံး ဥပရာဇာ၏ ပလ္လင်နေရာကို လွတ်ထားပြီး ခမည်းတော်ကစောင့်စားနေခဲ့သည်။ နောင်တော်ပြန်လာလျှင် အိမ်ရှေ့စံအရာ ပြန်ပေးမည်ဟူသော် ရည်ရွယ်ချက်နှင့်ဖြစ်သည်။

သို့သော်. . . နောင်ဘုရားက လောကီကိစ္စအရပ်ရပ်ကို သံယောဇဉ်တကယ်ပြတ်လျက် သမ္မာသမ္ဗောဓိ ဖြစ်သွားလေမှ ပင့်သက်ချသွားသည်။ ကြံရာမရချိန်ရောက်မှ နောင်တော့်အရိုက်အရာကို ဆက်ခံဖို့ ကျွန်ုပ်ကို ရွေးချယ်ခဲ့သည်။

ငါးပါးသော မင်္ဂလာသဘင် ဆင်ယင်ကျင်းပပြီး အိမ်ရှေ့စံအရာအပ်နှင်းသည့်ပွဲကို ဘုရားရှင်ကိုယ်တိုင်ကြွလာသည်။ မင်္ဂလာသဘင်အပြီးတွင် ကျွန်ုပ်အဆောင်ကို ဆွမ်းခံကြွလာခဲ့သည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက တလေးတစား ချစ်ခင်ခဲ့ရသော နောင်တော်. . . . တည်တည်ကြည်ကြည်နှင့် ဆိုရေးရှိမှ ဆိုတတ်သော နောင်တော်. . . .။ မှန်သည်ထင်ရာကို မဆုတ်မနစ် လုပ်တတ်သော နောင်တော်ကို ကျွန်ုပ် လေးစားသည်။ တန်ဖိုးထားသည်။

သို့ဖြစ်၍လည်း နောင်တော် သပိတ်ကမ်းပေးစဉ်က မငြင်းဆန်ဝံ့ဘဲလှမ်းယူမိခဲ့သည်။ ခုတော့ သပိတ်ကိုထမ်းလျက် နောင်တော်ပါးက လိုက်နေရပါပြီကော။

* * *

ထူးခတ်ခံထားရသော ဆင်တစ်ကောင်နှယ် မလှမ်းချင်လှမ်းချင်လှမ်းကာ လိုက်ပါလာသော ကျွန်ုပ်ကို နောင်တော်က စေ့စေ့ကြည့်သည်။

သပိတ်ကြီးလက်ကပိုက်၊ ခေါင်းငိုက်စိုက်ချထားသော ကျွန်ုပ်ဦးခေါင်းကို ရွှေလက်တော်နှင့်ညင်သာစွာ ပွတ်သပ်သည်။

"နန္ဒ. . . သင့်စိတ်ထဲ ဘယ်လို ရှိနေတယ်ဆိုတာ ငါဘုရားသိတယ်။ တရစ်ပတ်ပတ် ချည်နှောင်ထားနိုင်စွမ်းရှိတဲ့ ကာမသုခဆီ ဦးတည်နေတယ် မဟုတ်လား. . . "

"မှန်ပါတယ်နောင်တော်. . . ကာမဂုဏ်အာရုံ ခံစားလိုစိတ်မကင်းနိုင်တဲ့ ပုထုဇဉ်လူသားတစ်ယောက်အဖို့ ဒီအချိန်မှာ ဒါပဲ တမ်းတမိတာပေါ့"ဟု ပြန်လျှောက်ချင်ပေမယ့် ကျွန်ုပ် မတင်လျှောက်ဘဲ ငြိမ်နေလိုက်သည်။

"မီးဟာ လောင်စာဆီ ဘယ်လောက်ထည့်ထည့် မတင်းတိမ်သလို ကာမဂုဏ်အာရုံခံစားမှုဟာ ဘယ်လိုခံစားရ၊ စံစားရ ရောင့်ရဲခြင်း မရှိဘူး နန္ဒ"

ဒါကို သိနေရက်နဲ့ နောင်ဘုရားက ဒီကို ဘာကြောင့် ခေါ်လာရတာလဲ. . . ဘုရား။ ဒီအချိန်ဟာ ချစ်သူတွေ မကွေမကွာ၊ ရင်ချင်းအပ်နေသင့်တဲ့အချိန်ဆိုတာ မြတ်ဘုရားသိမှာပါ. . . ။ ဒီမယ်နောင်တော် . . . တပည့်တော်နဲ့ နှမတော်ဇနပဒကလျာဏီဟာ ဘယ်လောက်ချစ်ကြတယ်ဆိုတာ သိပါရဲ့လား . . . ကြားလေသွေးတာတောင် ဝေးတယ်လို့ ထင်သူတွေဘုရာ့ဟု စကားနာထိုးလိုက်ချင်သည်။ သို့သော်

သည် စကားမျိုး မြတ်ဘုရားကို မလျှောက်ဝံ့ပါ။

"နန္ဒ. . . ချစ်ခင်နေဆဲမို့ မခွဲပါ ရစေနဲ့လို့ သေမင်းကို တောင်းပန်လို့မရတာ စဉ်းစားမိမှာပါ။ သေမင်းဟာ ငယ်သူပဲဖြစ်ဖြစ်၊ အာဏာရှိသူပဲဖြစ်ဖြစ်၊ ချမ်းသာသူပဲဖြစ်ဖြစ် အချိန်မရွေး နှိပ်စက်ဖျက်ဆီးတတ်တယ်။ အဲဒီလို မနှိပ်စက်ခင် ငြိမ်းချမ်းတဲ့ ဘဝရောက်အောင် ကြိုးစားသင့်တယ်"

"ဒါတော့ ဘုရား"

"နန္ဒ. . . ဒီကမ္ဘာမှာ သေခြင်းဆိုတဲ့ ဘေးလောက် ဆိုးတဲ့ဘေးမရှိဘူး။ အကျိုးမဲ့စေတဲ့ နေရာမှာ ရောဂါဘယလောက်ဒုက္ခပေးနိုင်တာ မရှိဘူး။ သင့်ရုပ်ဆင်းကို ဖျက်ဆီးရာမှာလည်း ဇရာနဲ့တူတဲ့အရာ ဘာမျှမရှိဘူး။ ဇရာ၊ဗျာဓိ၊ မရဏတရားကို သင်မစိုးရွံ့ဘူးလား. . ."

"ဒါတော့ လူတိုင်းကြောက်ရွံ့ရတာပဲမို့လား ဘုရား"

"အမှန်ပဲ. . . နန္ဒ။ မလွဲမသွေ ကြုံရမယ့် ဇရာ၊ ဗျာဓိ၊ မရဏဘေးဆိုးကြောင့် ချစ်သူနဲ့ကွေကွင်းရမယ်။ သောကကြောင့် နှိပ်စက်ခံရမယ်။ အဲ ဒီလို နှိပ်စက်မခံရခင် ငြိမ်းချမ်းရာအမှန် မြတ်နိဗ္ဗာန်ကို မရှာသင့်ဘူးလား နန္ဒ"

"မှန်ပါ. . . နောင်ဘုရား။ လူတိုင်းကြုံတွေ့ရတတ်တဲ့ ဒီဘေးဆိုးတွေကို ထိတ်လန့်နေရင် ကာမဂုဏ်ချမ်းသာဆိုတာ ဘယ်မှာရှိတော့မလဲ။ တဒင်္ဂ၊ တစ်ဘဝချမ်းသာမှုကို သတ္တဝါတိုင်း ခံစားချင်ကြတာပဲ နောင်တော်ဘုရား. . ."

"နန္ဒ. . . မီးဟုန်းဟုန်းတောက်နေတဲ့အိမ်က ထွက်ပြေးဖို့ မကြိုးစားဘဲ အိပ်နေသူလောက် မတည်မြဲတာ သင်သိရဲ့လား. . . သင်မသိပေမယ့် သိတဲ့ပုဂ္ဂိုလ်တွေကတော့ အနှစ်မဲ့တဲ့ လောကစည်းစိမ်တွေကို စွန့်ပြီး ချမ်းသာမှုအမှန်ရှိတဲ့ နေရာမှာ စုဝေးကုန်ကြပြီ။ ချစ်သားနန္ဒ. . . သင်ရဟန်းပြုပါ"

"အို. . ."

"သင်မဝတ်လိုတာ ငါဘုရားသိပါတယ်။ အဲဒါကလည်း ကာမဂုဏ်စည်းစိမ်ကို အရသာအစစ်၊ ချမ်းသာမှုအစစ်လို့ ထင်နေ၊ မြင်နေလို့ပဲ။ ချမ်းသာစစ်အမှန် တွေ့ထားတဲ့ ငါဘုရားက လမ်းညွှန်တာ သင်နာယူပါ နန္ဒ၊ ဘယ်လိုလဲ ရဟန်းဝတ်မှာလား. . ."

မဝတ်ချင်ဘူးဘုရားဟု အကြောက်အကန် ငြင်းဆန်လိုက်ချင်ပေမယ့် တစ်သက်လုံးဆန့်ကျင်စကားမဆိုဝံ့သော ကျွန်ုပ်က တွေတွေကြီး ကြည့်နေမိသည်။

"အာနန္ဒာ. . . နန္ဒကို ခေါင်းတုံး၊ သင်္ကန်းဆီးပေးလိုက်ပါ"

ကျွန်ုပ်တို့ ညီနောင်နှစ်ပါး အခြေအနေကို စောင့်ကြည့်နေသော ရှင်အာနန္ဒာက ဘုရားရှင်မိန့်သည်နှင့် ကျွန်ုပ်ကို ခေါင်းတုံးပေးတော့သည်။ မကြာမတင်မီ ကာလလေးကမှ ဖြီးနှောင်သုတ်သင်ပြီး နံ့သာဆီမွှေးတို့နှင့် လိမ်းခြယ်ထားသော ဆံပင်တွေက မြေပေါ်ပြုတ်ကျကုန်သည်။ အလွှားလိုက်. . . အလွှားလိုက်

ကြွေကျလာသော ဆံထွေးတွေကြည့်ပြီး နှမြောဝမ်းနည်းစိတ်ဖြစ်မိသည်။ စောစောလေးကပင် နှမတော် ကိုယ်တိုင် စုစည်းချည်နှောင်ပေးလိုက်သော ဆံပင်တွေက မြေပေါ် ကျကုန်ပေပြီ။

အို. . . မင်းနဲ့ကိုယ်ဝေးရလေပြီလား ဇနပဒကလျာဏီလေးရယ်။ သည်အတွေးကြောင့်ရင်ထဲ ဆို့နစ်သွားသည်။ ဝမ်းနည်း စိတ်က မျက်ရည်အဖြစ် ပြောင်းလဲသွားလျက် ဆံထွေးတွေပေါ် တစ်ပေါက်ချင်း ကျလာတော့သည်။

"နန္ဒ. . . အကျိုးရှိတဲ့ အစာဟာ အရသာမရှိပေမယ့် လူကိုအကျိုးဖြစ်စေပါတယ်။ အေး. . . အကျိုးမရှိတဲ့ အစာက အရသာပင်ရှိငြားသော်လည်း လူကိုအကျိုးမပြုဘူး။ ဥပါဒ်ပေးတယ်။ဒီသဘောပဲ နန္ဒ၊ သင်မနှစ်သက်ပေမယ့် သင့်ဝေဒနာသက်သာအောင် ငါဘုရားက ဆေးခါးကြီးတိုက်ရ ပေလိမ့်မယ်"

"အဲဒီလို ဆေးခါးကြီးတိုက်တော့ရော ဝေဒနာသက်သာပါ့မလား မြတ်ဘုရား။ ဝေဒနာနဲ့ ဆေး တခြားစီဖြစ်နေတော့ ဘာထူးမှာလဲ. . ."

"နန္ဒ. . . ကလေးငယ်လေး ပါးစပ်ထဲဝင်သွားတဲ့ သံတိုမယ်နကို မိခင်လုပ်သူက အာပေါင်လှန် လက်နဲ့ကော်ထုတ်တာ မချစ်လို့မဟုတ်ဘူး။ သားသမီးဆိုတဲ့ ချစ်ခြင်းကြောင့် တစ်ခဏနာကျင်တာ၊ လျစ်လျူရှုပြုမှုရတယ်. . . အေး. . ငါဘုရားလဲ သင့်ကို ညီတစ်ယောက်ထက် ပိုချစ်လို့ ရင်ထဲစူးဝင်နေတဲ့ဆူးကို ဆွဲနုတ်ပေးတာပဲ"

"ဒါဖြင့်. . ."

"သင်. . . သစ္စာ တရားကို မြင်အောင်၊ တွေ့အောင် ရှာပေတော့ နန္ဒ"

* * *

နောင်တော်ဘုရားရှင်က အတင်းအကျပ် ရဟန်းပြုပေး၍ ရဟန်းဖြစ်လာပေမယ့် ကျွန်ုပ်စိတ်က ရွှေနန်းတော်ထဲ ကျန်ရစ်သည့် နှမတော်ဇနပဒကလျာဏီထံသာ ရောက်နေသည်။

ခုချိန်မှာ နှမတော် ဘယ့်ကလောက် သောကရောက်နေမည်မသိ။ လောလောလတ်လတ် ထိမ်းမြားလက်ထပ်ကာစ ကြင်ရာတော်သည် မျက်စိတစ်မှိတ်အတွင်း လင်သားနှင့် ကွဲရပြီ။ သည်အရေးတွေးမိပုံရသော ကြင်ရာတော်က "မောင်တော်. . ချက်ချင်းပြန်လာနော်. . . နှမတော်မအိပ်ဘဲ စောင့်နေမယ်။ မောင်တော်မရှိတဲ့ဘဝ၊ မောင်တော်နဲ့ ကင်းကွာနေတဲ့ဘဝမျိုး မကြုံပါရစေနဲ့ မောင်တော်. . ." ဟု ညိုးငယ်သော မျက်နှာနှင့် မှာရှာသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း မခွဲနိုင်ပါ။

ကပိလဝတ်တစ်ပြည်လုံးရှိ မိန်းမသားတွေထဲက အချောဆုံး၊ အလှဆုံး မိန်းမသားတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရသူ ယောကျာ်းသားအနေနှင့် ဘယ်ပုံစွန့်လွှတ်နိုင်ပါ့မလဲ။ အာသာရမ္မက်ပြင်းပြင်းပြပြ၊

တတမ်းတတရှိချိန် အတင်းခွဲခွာခိုင်းသဖြင့် ကျွန်ုပ်သည် ဒေါက်တည်ရာမရ ဖြစ်ရတော့သည်။ အမိန္ဒိရည် တစ်ငုံ စို့ရရုံ ရှိသေးသည့်နွားငယ်ကို ကြိုးနှင့် အဆွဲခံရသည့်နှယ် ကပြောင်းကပြန် ရုန်းကန်ပုံမျိုးဖြစ်ရသည်။

ကျွန်ုပ်သည် သူတော်စင်များ ကြားရောက်နေသော်လည်း သူတော်စင်စိတ် မမွေးနိုင်။ အရိယာတို့ မြဲ လွှာ လွှမ်းခြုံထားရပြားလည်း အရိ ယာစိတ် ကင်းနေသည်။ ကျွန်ုပ်သည် ဆံကေသာပယ်၊ သစ်ခေါက်ဆိုး သင်္ကန်းဝတ်ရုံထားပေမယ့် အတွင်းစိတ်က ဖောက်ပြားနေသည်။ မတည်ငြိမ်သည့် စိတ်ကြောင့် ပြင်ပ ဗဟိဒ္ဓသဏ္ဌာန်က ရဟန်းနှယ်ရှိသော်လည်း အတွင်းစိတ်ကမူ ကာမဘုံတွင် လူးလွန့်ဆော့ကစား နေမိတော့ သည်။

"အို. . . သနားစရာ ရဟန်းငယ်. . . မျက်ရည်တွေ တတွေတွေ စီးကျနေပါလား. . . ဘယ်လိုဖြစ်ပါ လိမ့် ငါ့ရှင်. . ."

ကျွန်ုပ် အရိပ်အခြေကို စောင့်ကြည့်နေပုံရသော ရဟန်းတစ်ပါးအသံကြောင့် သတိလက်လွှတ်ဖြစ် သွားမှုကို ပြန်သတိယားမိသည်။ ပါးပြင်ထက်က မျက်ရည်စကို လက်ခုံနှင့်သုတ်ကာ မချိပြုံး ပြုံးလိုက်ပါ သည်။

"အင်း. . . ငြိမ်းချမ်းမှုနဲ့ မျက်ရည်ဟာ သခြားစီပဲ ကိုယ်တော်. . . ငါရှင့် ဘယ်လိုသောက ဝေဒနာ ဖြစ်လဲ၊ ဝေဒနာနှစ်မျိုးနှစ်စားရှိတဲ့နေရာမှာ ကိုယ်ရောဂါကတော့ ကုသဖို့ ဆေးဝါးလိုတယ်၊ စိတ်ဝေဒနာဖြစ် တယ်ဆိုရင်တော့ ဘယ်လိုဝေဒနာမျိုးကာ ပြောပြပါ"

"မှန်တယ်အရှင်. . . စိတ်. . . စိတ်ဝေဒနာပါ။ မှန်တာပြောရရင် ဒီနေရာ၊ ဒီဘဝ၊ ဒီအဖြစ်ကို တပည့် တော် မလိုလားဘူး။ မလိုလားဘဲ လုပ်နေရတာလောက် ဆင်းရဲတာ ဘာရှိဦးမလဲ"

"ဪ. . ."

"အရှင်ဘုရား စဉ်းစားကြည့်ပါ။ တပည့်တော်ဟာ အိမ်ရှေ့စံ ဥပရာဇာမင်းသားတစ်ပါး၊ ကြင်ရာတော် နဲ့ လက်ထပ်တာ တစ်နေ့ကပဲ ရှိသေးတယ်။ အဲဒါ. . . ဇွတ်ခွဲခံရပြီး . . . ရဟန်းလုပ်နေရတယ်လေ. . ."

"အို. . . ဒါ ကောင်းမြတ်တဲ့ အစီအစဉ်ပဲ ကိုယ်တော်. . ."

"ကောင်းမြတ်တယ်. . . ဘယ်ဟာ ဘယ်လို ကောင်းမြတ်တာလဲ ဘုရား"

"သင်ဟာ မိန်းမသားတွေရဲ့ အပြစ်ကို မမြင်လို့ ကာမဂုဏ်ချမ်းသာရှိတယ် ထင်နေတာပါ ငါ့ရှင်. . ဒီမယ်ကိုယ်တော်. . . သင်ဟာ မီးကိုကိုင်လို့ ရချင်ရမယ်၊ လေကို ဖမ်းဆုပ်လို့ရချင်ရမယ်၊ မြွေကို ဖမ်းလို့ ရချင်ရမယ်၊ ဒါပေမယ့် မိန်းမကို ဖမ်းလို့၊ ထိန်းလို့မရဘူး ငါ့ရှင်"

"ဇနပဒကလျာဏီဟာ တပည့်တော် ရင်ခွင်ထဲရောက်နေပြီ အရှင်"

"မဟုတ်ဘူး ငါ့ရှင်၊ မိန်းမတွေရဲ့ သဘောက ပစ္စည်းဥစ္စာ ရာထူး အရှိန်အဝါရှိသူကို အထင်ကြီးတယ်၊ အဲဒါတွေ မဲ့သူကျတော့ အထင်သေးတယ်၊ သင်ဟာ ဂုဏ်ရှိန်ရှိလို့ နှစ်သက်ခံရပေမယ့် ဂုဏ်မဲ့သူဖြစ်ရင်

အဲဒီမိန်းမက ပစ်ပယ်ခံရမယ်။ ပြီးတော့ အသစ်ရှာလိမ့်မယ်။ အဲဒါ မိန်းမသဘာဝပဲ၊ မိန်းမတို့ရဲ့ သဘော. . . ”

“သူ ဒီအကျင့်မရှိတာ သေချာတယ်. . . ”

“ထားပါတော့. . . သင်တွယ်တာတဲ့ ဘယ်သူ. . . ”

“ဇနပဒကလျာဏီ. . . ”

“ဟုတ်ပြီ. . . အဲ့ဒီဇနပဒကလျာဏီဟာ တကယ်လှသလား. . . ”

“ဘယ်လိုပြောတာလဲ အရှင်. . ဟောဒီ ဇမ္ဗူတစ်ခွင်မှာ နှမတော် ဇနပဒကလျာဏီလောက် ချောတဲ့ လှတဲ့သူ ရှိနိုင်မယ်မထင်ဘူး”

“အဟင်း. . . ဟင်း. . . လှတယ်လို့ထင်နေတာ သင့်အမြင်ပါ။ တကယ်တော့ သတ္တဝါတွေဟာ အရေခွံပါးနဲ့ ဖုံးအုပ်ထားတဲ့ အရိုးစုချည်းပါ။ အရှင်နန္ဒ. . . ကိုယ်တော်လှတယ်ထင်တဲ့ အဲဒီမိန်းကလေးရဲ့ အတွင်းသဏ္ဌာန်ကို ပြန်စဉ်းစားစမ်း။ အူသိမ်၊ အူမ၊ သွေး၊ သလိပ်၊ ပြည်၊ ချွဲ၊ ချေးတွေနဲ့ ပြည့်သိပ်နေတဲ့ ခန္ဓာကိုတွေ့ရမယ်။ အညစ်အကြေးတွေပြည့်နေတဲ့ ဒီခန္ဓာဟာ ပြုပြင်မွမ်းမံထားလို့ ဟုတ်တယ်ထင်ရပေမယ့် အဲဒီခန္ဓာကိုယ်ကို နှစ်ရက်၊ သုံးရက်မပြုပြင်ရင် ပုပ်အဲနံစော်နေလိမ့်မယ်။ ကဲ. . . ဘယ်မလဲ အလှ၊ ဘယ်မလဲ စွဲမက်စရာ. . . ”

အရှင်မေတ္တေယျက မသတိစရာ ရုပ်ခန္ဓာအပြစ်အား မြင်လာအောင် သရုပ်ခွဲပြနေသည်ကို ကျွန်ုပ် ငေးကြည့်နေမိသည်။ သူ့စကားတွေက ငြင်းစရာမလိုအောင် မှန်နေလေတော့ ငြိမ်နေရသည်။

“အရှင်နန္ဒ၊ ဝက်ဆိုတဲ့ သတ္တဝါ ဟာ ဘယ်လိုကောင်းတဲ့ အစာကျွေးထား၊ ကျွေးထား မစင်ပုပ်မြင်ရင် အဲဒီအစာခွက်ပစ်ပြီး ပြေးသွားတတ်တယ်။ သင့်ကို မြတ်ဘုရားက ကောင်းမြတ်တဲ့နေရာပို့တယ်။ ချမ်းသာမှုရှိအောင် ဖန်တီးပေးတယ်။ ဒါကို မနှစ်သက်လိုဘဲ ကာမဂုဏ်နယ်ထဲ ပြန်ပြေးရင် ဝက်နဲ့ ဘာခြားဦးမှာလဲ. . . ”

မေတ္တေယျ ရဟန်းစကားကြောင့် အထိတ်တလန့် မော့ကြည့်လိုက်မိသည်။ ကျွန်ုပ်ကို ကရုဏာသက်သည့်အကြည့်နှင့် ကြည့်သွားပြီး . . . ဒုက္ခ. . . ဒုက္ခ ဟု ညည်းတွားလျက် မေတ္တေယျရဟန်း ကျွန်ုပ်အပါးမှ ပြန်ကြွသွားသည်။

ကျွန်ုပ်သည် လမ်းပျောက်နေသော ခရီးသည်တ ယောက်ပမာ ကျိုးကန်းတစ်ကောင်၏ စိုးထိတ်သည့် အမူအရာနှင့် တောင်မြောက်ဝဲယာကြည့်ရင်း ကျန်ခဲ့တော့သည်။

* * *

ကာမဂုဏ်၏အပြစ်ကို ထုတ်ပြသွားသော်လည်း ကျွန်ုပ်စိတ်က နန်းတော်သို့သာ ပြန်ရောက်နေ သည်။

ချစ်သူပျောက်သွားသော ဇနပဒကလျာဏီမှာ ဘယ်လောက်ခံစား နေရမည်မသိ။ သလွန်ထက်တွင် ကပြောင်းကပြန် လူးလှိမ့်ရင်း မျက်ရည်စိုရွှဲ ငိုပွဲဆင်နေလိမ့်မည်။ ချစ်သူ မျက်နှာညိုသည်ပင် ပျာလောင်ခတ်တတ်သော ကျွန်ုပ်အနေနှင့် နှမတော်ကို ဘယ်လိုချော့ရမှန်းမသိ။ အနီးအပါးမှာသာရှိလျှင် မျက်ရည်စတွေ တယုတယသုတ်ပေးမိမည်။ ချစ်သူအငိုတိတ်အောင် နုပါးပြင်ကို ဖွဖွလေးမွှေးလျက် ကလူကျီစယ်မိမည်။ ခုတော့. . .

ကျွန်ုပ်သည် အသွင်က ရဟန်းဖြစ်နေသော်လည်း အတွင်းစိတ်က ပုထုဇဉ်လုံးလုံး ဖြစ်နေသည်။ လူက တရားမင်္ဂလာရှင်တို့ စံပျော်ရာအရပ်ရောက်နေသော်လည်း စိတ်က နန်းမဆောင်ထဲ ရောက်နေသည်။

ဟယ်. . . ငါ့အဖြစ်က မဟုတ်သေးပါဘူး။ တရားမင်္ဂလာနဲ့ မလျော်ကန်တဲ့ငါဟာ ဒီမှာဆက်နေလို့ကော ဘာအကျိုးရှိမှာလဲ။ လွတ်လပ်မှုရှာနေပေမယ့် စိတ်ကချည်တိုင်ဆီ ရောက်နေတဲ့ငါဟာ ဒီမှာနေတော့ ဘာအကျိုးရှိမလဲ။ ဟုတ်တယ်. . နောင်တော်မြတ်ဘုရားက အပြစ်တင်ချင်တင်။ ဒီနေရာက ထွက်သွားတော့မယ်။ ငါနဲ့မထိုက်တဲ့ ဒီသင်္ကန်းကိုလဲ ချွတ်ထားခဲ့တော့မည်။

* * * * *

နန္ဒ. . .။

ကျွန်ုပ်သည် အပေါ်ရုံကသီကိုချွတ်ပြီး သစ်ကိုင်းပေါ် ပစ်တင်လိုက်ဖို့ ကြံစည်ချိန် အမည်ခေါ်လိုက်သံကြောင့် နောက်လှည့်ကြည့်လိုက်သည်။

“မြတ်. . . မြတ်ဘုရား. . . ”

“သင့် သင်္ကန်းကို သေသပ်အောင် ပြန်ဝတ်လိုက်ပါဦး. . . ပြီး တော့ ငါနဲ့အတူ တာဝတိံသာလိုက်ခဲ့”

“တာ. . . တာဝတိံသာ. . . နတ် ပြည်ကိုလား မြတ်ဘုရား”

“ကဲ. . . လိုက်ခဲ့. . . နန္ဒ”

မြတ်ဘုရားက ကျွန်ုပ်လက်ကိုဆွဲလျက် ကောင်းကင်ကို ပျံတက်သွားသည်။

ဘုရားရှင်၏ အတုမဲ့တန်ခိုး စွမ်းရည်ကို မြင်ဖူးတွေ့ဖူးသည်။ တန်ခိုးရှင်များပင် မစွမ်းနိုင်သော အစွမ်းသတ္တိရှိမှန်း သိပါသည်။ သို့သော် ဘုရားရှင်ကို အမှီအခိုပြုလျက် လူသားတို့ ရောက်နိုင်ခဲသော နတ်ပြည်ရောက်ဖို့ အတွေးမရှိခဲ့။ စဉ်းစားအပ်သော အရာမဟုတ်၍လည်း မစဉ်းစားမိ။ သို့သော် ကျွန်ုပ်တာဝတိံသာကို ရောက်ခဲ့ပါပြီ။

“ချစ်သားနန္ဒ. . . ဟောဟိုမှာကြည့်စမ်း ဘာတွေ့လဲ. . . ”

“ဘယ်ဟာလဲ မြတ်ဘုရား. . . ဟိုသစ်ငုတ်ထက်က မျောက်အိုမကြီး ပြောတာလား”

“မှန်တယ် နန္ဒ။ အဲဒီမျောက်မနဲ့ သင့်ချစ်သူဇနပဒကလျာဏီ ဘယ်သူ ပိုချောလဲ”

“ဘုရား. . . ဟင်။ ဘယ်လိုမိန့်တော်မူဟာလဲ နောင်ဘုရားရယ်. . သစ်ငုတ်ထက်က မျောက်မဟာ

အိုလဲအို၊ အရွယ်လဲကျရုံမက မျက်စိနှစ်ကွင်းအလင်းမရတဲ့ မျက်ကန်းမကြီးပါ။ ဒီလောက်ရွတ်တွ အိုမင်းရင့်ရော်နေတဲ့ မျောက်မနဲ့ အရှင့်ခယ်မတော်က နှိုင်းအပ်ရောလား. . . "

"ဘယ်သူက အလှပိုလဲ နန္ဒ"

"အရှင့်ခယ်မတော်ဟာ ဇမ္ဗူ ရာဇ်ရွှေစင်ကို သွန်းထုထားတဲ့ ရွှေစင်ရုပ်လို အဆင်းရှိသူပါ။ ဇမ္ဗူတစ်ခွင်မှာ တုယှဉ်လို့မရတဲ့ နှမတော်ကို ဒီမျောက်အိုမနဲ့မှ နှိုင်းရသလား နောင်ဘုရားရယ်. . . "

ကျွန်ုပ်သည် အလွန်နှိမ့်ချသည့် စကားနှင့် ထိုးနှက်ခံလိုက်ရ၍ ဝမ်းနည်းသွားရသည်။ နောင်တော်ဘုရားရှင်သာမဟုတ်ဘဲ တခြားတစ်ယောက်ယောက် ဖြစ်ခဲ့လျှင် ရိုက်ပုတ်မိလောက်သည်။

"ကောင်းပြီ နန္ဒ။ တို့များ နန္ဒဝန်ဥယျာဉ်အတွင်း ဝင်ကြစို့"

တာဝတိံသာ နတ်ပြည်က နန္ဒဝန်ဥယျာဉ်အကြောင်းကို အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးဟောပြ၍ ကြားဖူးနေသည်။ အဆုံးမရှိသော ပျော်မွေ့ဖွယ်ရာခန်းပြည့်စုံသော နတ်ဂျိုနတ်မယ်တွေ ပျော်ပါးစံစားရာ အရပ်မုန်း သိထားသည်။

နောင်တော်မြတ်ဘုရား နောက်ပါးကကပ်လျက် နန္ဒဝန်ဥယျာဉ်ထဲ လှမ်းဝင်လိုက်သည်။

ဟယ်. . . ။

အလို. . . ။

အို. . . ငါမြင်တွေ့နေတာတွေဟာ တကယ်လား. . . အိပ်မက်မက်နေတာလား. . . ။

ကျွန်ုပ်သည် ဥယျာဉ်အတွင်းရှိ ရေကန်တွင်း၌ လွတ်လွတ်လပ်လပ် ပျော်ပါးနေကြသော နတ်ပျိုမယ်လေးတွေကိုကြည့်ပြီး အံ့အားတသင့် ရေရွတ်မိသည်။

နတ်ပျိုမယ်လေးတွေက တေး သီသူသီ။ ပန်းခူးသူခူး။ ရွှင်ရွှင်ကြည်ကြည် ရယ်မောပြေးလွှားနေသူကပြေးလွှား။ အမျိုးမျိုးအဖုံဖုံနည်းနှင့် ပျော်ပါးနေကြသည်။ ငယ်ရွယ်နုနယ်ပျိုမျစ်သော နတ်မိမယ်လေးတွေကို ကြည့်ပြီး မှင်တက်မိသလို ငေးနေမိသည်။

"နန္ဒ။ သင်မြင်နေတဲ့ နတ်သမီးလေးတွေနဲ့၊ သင့်ချစ်သူ ဇနပဒကလျာဏီဟာ ဘယ်သူပိုချော၊ ပိုလှလဲ"

"ဟို. . . နတ်မိမယ်လေးတွေက လှတာပေါ့ဘုရား။ ဇနပဒကလျာဏီနဲ့မျောက်အိုမကြီး အလှချင်းမယှဉ်သာသလို၊ ဒီနတ်သမီးလေးတွေနဲ့ နှမတော်လဲ ဘယ်မှာ ယှဉ်နိုင်မလဲ။ အဲ. . . ယှဉ်ပြောရရင် နတ်မိမယ်လေးတွေနဲ့ ဇနပဒကလျာဏီအလှ ယှဉ်ကြစတမ်းဆိုရင် နှမတော်က မျောက်အိုမကြီး ဖြစ်သွားပြီပေါ့. . . "

"ဒါဆို သင့်ကိုငါမေးမယ်။ ဒီအချိန်မှာ ဇနပဒကလျာဏီနဲ့ နတ်မိမယ်လေးတစ်ယောက် ကြိုက်ရာရွေးဆိုရင်. . . "

"မြေဖို့လိုသေးသလား နောင်တော်မြတ်ဘုရားရယ်. . ."

"ကောင်းပြီ နန္ဒ၊ ဒီနတ်သမီးတွေရဖို့အရေးက ခက်ခက်ခဲခဲ ကြိုးစား ဖို့ မလိုဘူး။ ကုသိုလ်ကောင်းမှု ပြုသူဟာ နတ်ပြည်ရောက်နိုင်တယ်၊ တာဝတိံသာမှာ သိကြားမင်းဖြစ် အောင်ကြိုးစားရင် ဒီလိုနတ်သမီး တစ်ဖက်ငါးရာနဲ့ စံစားရမယ်. . ."

"တကယ်လား မြတ်ဘုရား"

ဘုရားရှင်က ကျွန်ုပ်ကို နတ်သဘင်အစည်းအဝေးဆောင်ထိ ခေါ်သွားသည်။ နတ်စည်းစိမ်ခံစား ရပုံကို တစ်ခုချင်းလိုက်ပြသည်။

ကပိလဝတ်ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံရမည်ကို ရောမစည်းစိမ်ဟု ထင်ခဲ့သော ကျွန်ုပ်သည် နတ်စည်း စိမ်တွေမြင်ရတော့ စိတ်ပျက်သွားသည်၊ ဇနပဒကလျာဏီကို အချောဆုံး အလှဆုံးတော်ဝင်မိန်းမမြတ်ထင် ခဲ့သော ကျွန်ုပ်သည် နတ်မိမယ်လေး တွေမြင်လိုက်တော့ ဇနပဒကလျာဏီ ဟူသော အမည်ပင်မေ့ပျောက် သွားသည်။

* * *

"အရှင်နန္ဒ. . ."

ချိုသာယဉ်ကျေးသည့် အသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ နှစ်လိုဖွယ်အပြုံးနှင့် ကြည့်နေသော မှူင်အာနန္ဒာကို တွေ့လိုက်ရသည်။

ညီနောင်ချင်းဆိုသည့် အသိကလည်းရှိ၊ ဖော်ရွေပျူငှာမှုလည်းရှိသော အရှင်အာနန္ဒာကို ကျွန်ုပ်ခင် မင်သည်၊ နောင်တော်ဘုရားရှင်က သွေးသားရင်းချာ ဖြစ်သော်လည်း ဣန္ဒြေသိက္ခာ တည်ကြည်လွန်း၍ တရင်းကနှီး မဆက်ဆံဝံ့၊ နောင်တော်အာနန္ဒာမှာမူ ညီအစ်ကိုဝမ်းကွဲ ဖြစ်သော်ငြားလည်း စိတ်တူ၊ ကိုယ်တူ သဘောရှိသည်၊ အကျွမ်းတဝင်ရှိသည်၊ ရဟန်းမဖြစ်မီ တပူးတွဲတွဲ ဆက်ဆံခဲ့၍ နှစ်ကိုယ်တစ်စိတ် ရင်းနှီးခဲ့ သည်၊

ကျွန်ုပ်သည် နောင်တော်ကို "လာပါ. . . ကြွပါ၊ ထိုင်လှည့်ပါ" ဟူသော အဓိပ္ပာယ်နှင့် နေရာရွှေ့ပေး သည်၊ ကျွန်ုပ်တရားထိုင်ရာ မြေတလင်းပြင်တွင် လိုက်လိုက်လျောလျော ဝင်ထိုင်လိုက်သည်၊

"နန္ဒ၊ လောလီဖောက်ပြားတတ်တဲ့ ဣန္ဒြေကို ထိန်းချုပ်ထားတော့ သင့်အသွင်က အမှုန်အမွှားကင်းစင် တဲ့ ရေစင်လို ကြည်လင်နေပါလား"

"တင်ပါ့. . . ဘုရား"

"ခင်း. . . ကာမဂုဏ်အာရုံဇော ကပ်ငြိနေတဲ့ လူတစ်ယောက်ဟာ သည်အဖြစ်မျိုး ရောက်လာဖို့ မလွယ်ဘူး၊ ဒါကို သင်ပြုနိုင်တဲ့အတွက် ချီးကျူးမိတယ်"

နောင်တော် အာနန္ဒာစကားက မိမိကို မထိတထိ ဆိုလေသလားဟု တွေးလိုက်၍ လှည့်ကြည့်မိသည်။ နောင်တော်အသွင်က ပကတိရိုးသားသောအသွင်ကို တွေ့လိုက်ရ၍ မသိ မသာ ပင့်သက်ချလိုက်မိသည်။

"အဟုတ်ပဲ နန္ဒ။ လူဆိုးလူမိုက်ဟာ ကောင်းရာမွန်ရာကို လုပ်ဖို့မလွယ်ဘူး။ ဒါကြောင့် သင်ဟာ ဆိုးမိုက်သူ မဟုတ်ဘူးလို့ ကောက်ချက်ချလို့ရပါတယ်"

ကျွန်ုပ်က "မှန်ပါတယ် နောင်တော်" ဟူသော အဓိပ္ပာယ်နှင့် ခေါင်းညိတ်လိုက်မိသည်။

"လောဘကြီးသူဟာ အလှူဒါနပြုဖို့မလွယ်ဘူး။ တဏှာရာဂစိတ်များသူဟာ ဗြဟ္မစရိယအကျင့်ကျင့်ဖို့ မလွယ်ဘူး။ သင်ဟာကောင်းတဲ့ အပြုအမူတွေ လုပ်နေတော့ ဒီအကျင့်ဆိုး မရှိဘူးဆိုတာ ငါယုံတယ်"

"မှန်ပါ. . . "

"ဒါပေမယ့် သင့်ကို ငါစကားတစ်ခွန်းမေးချင်တယ်။ အဲလို မမေးခင် သင့်အနေနဲ့ ငါ့အပေါ် အမြင်မမှားစေချင်ဘူး။ ငါ့စေတနာကို နားလည်စေချင်ပါတယ်"

"ဘာများလဲ အရှင်အာနန္ဒာ၊ အရှင်နဲ့ တပည့်တော်ကြားမှာ ဒီလောက်စကားပလ္လင်ခံစရာအကြောင်း ရှိမယ် မထင်ပါဘူး"

"ဟုတ်ပါတယ်။ ငါ့စကားကြောင့် သင့်စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဒီလောက်ပြောနေတာပါ။ ငါ့ကြောင့် သင့်တရားအလုပ် ယုတ်လျော့မသွားစေချင်ဘူးလေ"

"တပည့်တော် နားလည်ခဲ့ယူမှာပါ"

"ကောင်းပါဘိ နန္ဒ။ ဒီလိုပါ။ တချို့ကပြောကြနေကြတယ်။ သင်ခုလို တရားဓမ္မကျင့်ကြံအားထုတ်နေတာဟာ နတ်မိမယ်တွေလိုချင်လို့တဲ့။ သူတို့ပြောတာ အမှန်ပဲလား"

"ဟင်. . . "

အရှင်အာနန္ဒာ စကားကြောင့် အထိတ်တလန့် တုန်လှုပ်သွားရသည်။ ကျွန်ုပ်၏ အတွင်းစိတ်ကို ထွင်းဖောက် သိမြင်နိုင်စွမ်းသော အရှင်အာနန္ဒာကို တအံ့တဩ ငေးကြောင်ကြည့်နေမိသည်။

အမှန်တရား စွပ်စွဲပြောဆိုလိုက်၍ ဘယ်လိုဖြေရှင်းပေးရမှန်းမသိတော့။ တာဝတိံသာက ပြန်လာကတည်းက စွဲစွဲနစ်နစ် ချစ်ခဲ့သော ဇနပဒကလျာဏီကို မေ့ပျောက်သွားပြီး နတ်မိမယ်လေးများကိုသာ တမ်းတနေမိသည်။ နတ်မိမယ်လေးတွေရချင်စိတ်နှင့် နတ်ပြည်ရောက်အောင် ကြိုးစားမိသည်။ စွဲကပ်သော အနာကုစားမိမှ ပိုဆိုးဝါးသော အနာရောဂါကပ်ငြိအောင် ကြံဆောင်သည်နှင့် တူနေသည်။

အများကျူးလွန်မိသူဖြစ်သည့် အလျောက် အကြောက်အကန်ငြင်းဆန်ဖို့ မဝံ့အောင် ဖြစ်ရတော့သည်။

"အင်း. . . သင့်အမူအရာမြင်တာနဲ့ သင်ဘာဖြစ်လို့ တရားအားထုတ်နေတယ်ဆိုတာ ငါသိပါပြီ နန္ဒ"

ကျွန်ုပ်သည် ညိုးငယ်သော မျက်နှာနှင့် အရှင်အာနန္ဒာကို လှည့် ကြည့်လိုက်ပါသည်။

"အဟင်း. . . ဟင်း. . . ဟင်း ငါသိပ်ရယ်ချင်တယ် နန္ဒ။ ကာမဂုဏ် အာရုံခံစားမှုအတွက် မြင့်မြတ်တဲ့

တရားအားထုတ်၊ သင်ဟာ မြင်းစီးဖို့ အဲဒီမြင်းကြီးထမ်းလာတဲ့လူလို ဖြစ်နေပြီ။ တကယ်ပါပဲ နန္ဒရယ်. . . သင်ဟာ သနားစရာကောင်းတဲ့သူ ဖြစ်နေပြီ။ ကာမဂုဏ်အာရုံ ခံစားချင်တာနဲ့ ကာမဂုဏ်အာရုံ စွန့်ပယ်သတဲ့လား. . . နတ်မိမယ်လိုချင်လို့ ဇနပဒကလျာဏီကို ပယ်သတဲ့လား"

"အဲဒီလို ဖြစ်နေပြီလား. . ."

"တွေးကြည့်လေ. . . သင်ဟာ တရားဓမ္မကျင့်ကြံမှုကို ကိုယ်ကပြုနေပေမယ့် စိတ်ထဲက နတ်မိမယ် . . . နတ်မိမယ်လို့ တောင့်တမနေဘူးလား"

"တင်. . . ဘင်ပါ"

"နန္ဒ၊ သင်ဟာ သံသရာမှာ ကျင်လည်ခဲ့တဲ့ ဘဝများစွာမှာ နတ်ပြည်မရောက်ဖူးပဲ နေမလား. . . နတ်သမီးလေးတွေနဲ့ မပေါင်းသင်းဖူးပဲ ရှိမလား။ ဒီမယ် နန္ဒ. . . ဒါန၊ သီလ ရှိသူဟာ လူ့ရွာ၊ နတ်ရွာ ခံစားရတယ်။ ဈာန်သမာပတ်ရှိသူဟာ ဗြဟ္မာပြည်စံရတယ်။ ဒါမလွဲမသွေ ခံစားရတာပဲ။ သင်ဟာ နတ်လဲ ဖြစ်ဖူးမယ်၊ လူလဲဖြစ်ဖူးမယ်။ အေး. . . အကျင့်ဖောက်ပြန်လို့ အပါယ်ဘုံတွေလဲ ရောက်ဖူးမယ်။ အဲဒီဘဝတွေမှာ စုတေပြီး လူ့ပြည်ရောက်လာရတယ်။ ဒီဘဝကနေ ဘယ်ဘဝ၊ ဘယ်ဌာနရောက်မယ်လို့ တွက်မရသေးဘူး။ သင့်ကံ အကျိုးပေးအပေါ် စံရ၊ ခံရလိမ့်မယ်။ ဘယ်ဘုံဘဝမှာ စံရ၊ စံရ ချမ်းသာမရှိပါဘူး နန္ဒ"

"နတ်ချမ်းသာကရော ဘ ျင"

"နတ်တွေလဲ ကံကုန်ရင် စုတေရတာပဲ နန္ဒ။ အဲဒီလိုစုတေကာနီးမှာ ပူဆွေးသောက ရောက်ရတယ်။ စည်းစိမ်ချမ်းသာပစ်ပယ်ရမယ်ဆိုတော့ ဆင်းရဲရတယ် နန္ဒ။ လူဘုံပဲဖြစ်ဖြစ်၊ နတ်ဗြဟ္မာဘုံပဲရောက်ရောက် ဆင်းရဲခြင်းမကင်းပါဘူး။ နန္ဒ လူဘုံပဲဖြစ်ဖြစ်၊ နတ်ဗြဟ္မာဘုံပဲရောက်ရောက် ဆင်းရဲခြင်းကင်းတဲ့ နိဗ္ဗာန် မရမချင်း ဘေးအမျိုးမျိုး၊ ဒုက္ခဆင်းရဲအမျိုးမျိုးတွေ့ရမယ်။ အဲဒါဟာ မလွဲမသွေပဲ"

"ဒါဆို. . ."

"နတ်ပြည်၊ လူ့ပြည်၊ ငရဲပြည်ဟာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သဘောတရားတွေ ဝိုင်းရံနေတယ်။ လူ့ပြည်မှာ ဆင်းရဲလို့ နတ်ပြည်တက်ဆင်းရဲခံမယ်ဆိုတဲ့ သင့်အကြံဟာ မှားနေတယ် နန္ဒ။ တကယ်တမ်း သင်ရည်မျှော်ရမှာက ဇရာ၊ မရဏသောကကင်းတဲ့ အမြိုက်ချမ်းသာရအောင် ကြိုးစားဖို့ပဲရှိတယ်။ ဒီမယ် နန္ဒ. . . နတ်ကညာတွေလိုချင်လို့ တရားအားထုတ်နေတယ်လို့ ပုတ်ခတ်ကြသူတွေ ပါးစပ်ပိတ်သွားအောင် မှန်ကန်တဲ့နည်းလမ်းနဲ့ ကြိုးစားစမ်းပါတော့. . ."

"တင်ပါ့ဘုရား. . . တပည့်တော် အမှားမြင်ပါပြီ။ အမှန်သိပါပြီ" ဟု အရှင်အာနန္ဒာကို ဝန်ခံစကား မလျှောက်မိ။ သို့သော် ကျွန်ုပ်စိတ်ထဲက ဘာဆက်လုပ်ရမည်ကို တစ်ခဏချင်း နားလည်လိုက်ပါပြီ။ နတ်မိမယ်လေးတွေကို မျှော်ကိုးစိတ်လည်း ပျောက်ပျက်သွားပါသည်။

အရှင်အာနန္ဒာပြန်သွားချိန်၊ အကြောင်းစုံကို ပြန်စဉ်းစားလိုက်တော့ နောင်တော်ဘုရားရှင် ဘာကြောင့် တာဝတိံသာနတ်ပြည်ခေါ် သွားရသည်ကို နားလည်လိုက်သည်။ ကာမဂုဏ်ရမက်ဇောပိတ်ဖုံးလျက် မျက်စိစုံလုံးကန်းနေသော ကျွန်ုပ်ကို အမှန်မြင်၊ အမှန်သိ၊ အမှန်းလမ်းလျှောက်စေလို၍ လက်တွေ့ညွှန်ပြ ဆုံးမခဲ့သည်။ ကြီးမားသော သံယောဇဉ်တရားနှင့် အမှန်လမ်းရောက်အောင် ကယ်တင်ပေးသော နောင်တော်မြတ်ဘုရားကို လွန်စွာကျေးဇူးကင်မိသည်။ နောင်တော်ဘုရားရှင်ဆုံးမ၍ သာအဓိပ္ပာယ်ရှိသော ဘဝတည်ဆောက်နိုင်ခဲ့ပေသည်။ ဂုဏ်အင်ကြီးမားလှပါဘိ။ ထို့ကြောင့်လည်း ဘုရားရှင်ရှိရာ ဂန္ဓကုဋီတိုက်ဆီ လှည့်လျက်လက်အုပ်ချီ ရှိခိုးလိုက်မိပါတော့သည်။ ။

*(၁)ကျိုးသဲလေးထပ်ဆရာတော်ဘုရား ကြီး၏ ဇိနတ္ထပကာသနီ*

*(၂)ဆရာပါရဂူမြန်မာပြန်သည့် ညီ တော်မင်းနန်*

*(၃)ဝဏ္ဏသီရိ၏ အာနန္ဒာ၏ ဘဝတစ်သက်တာမှတ်တမ်း တို့ကိုမှီးပါသည်။*


ဂရုဓမ္မသီလ

# ဂရုဓမ္မသီလ

ကလိင်္ဂတိုင်းတစ်ခုလုံး ကပ်သုံးပါးဆိုက်မည့် အရိပ်လက္ခဏာပေါ်နေချေပြီ။

လောလောဆယ်အခြေအနေက မိုးခေါင်ခြင်းနှင့်ကြုံနေရပြီ။ မိုးခေါင်ပြီဆိုကတည်းက ကောက်ပဲသီးနှံတွေ ဆွံ့ပြီ၊ ဆန်စပါးမဖြစ်ထွန်းတော့၊ အစာရေစာ ရှားပါးလာသည်။ မဝရေစာ စားနေကြရတော့ ခိုးဝှက်မှုတွေ၊ လုယက်မှုတွေ နေရာအနှံ့ဖြစ်လာသည်။ ထမင်းတစ်လုတ်အတွက် အချင်းချင်း သတ်ဖြတ်မှုတွေပင် ဖြစ်လာသည်။

ကပ်ကြီးသုံးပါးဆိုက်နေသဖြင့် လူတိုင်းက မျက်ကလဲဆန်ပျာဖြစ်သည်။ စိုးရိမ်ထိတ်လန့်မှုတွေနှင့် တုန်လှုပ်နေကြသည်။ သည်နေ့သည်အချိန်တွင် အသက်ရှင် ရပ်တည်နေသေးသော်လည်း ဘယ်အချိန်၊ ဘယ်နေ ရာတွင် သေရမှန်းမသိ၍ ကြောက်ရွံ့ထိတ်လန့်နေကြသည်။

"အရှင်မင်းမြတ်. . . ပြည်သူတွေကို ထောက်ထားငဲ့ညှာပါ. . . "

"အရှင်မင်းကြီး. . . ဆန်ရေစပါး ပေးသနားတော်မူပါ. . . "

"အရှင်မင်းကြီး မိုးရွာအောင် ကြံဆောင်ပေးတော်မူပါ. . . "

တိုင်းသူပြည်သားတွေက နန်းတော်တံခါးဝတွင် စုဝေးလျက် ဟစ်အော်တောင်းဆိုကြသည်။ တောင်းဆိုသံတွေ ပွက်ပွက်ညံနေသည်။ ဒန္တပူရမြို့ကြီးပင် ပြိုပျက်သွားတော့မလားဟု အောက်မေ့ရသည်။

"အမတ်တို့. . . ပြည်သူတွေ ဘာကြောင့် အော်ဟစ်နေကြတာလဲ"

ကလိဂ်မင်းက သူ့မှူးမတ်တွေကို အရေးတကြီးဆင့်ခေါ်လျက် အကျိုးအကြောင်း မေးမြန်းသည်။ မင်းလိုလိုက်၊ မင်းကြိုက်ဆောင်နေရုံကလွဲပြီး ထင်တိုင်းကြနေသည့် အမတ်များသည် အမှန်တရားကို ဖုံးကွယ်မထားနိုင်တော့။ ပြည်သူတွေ ခါးစည်းခံနေရသည့် ဒုက္ခတွေက ဖုံးဖိမရအောင် ပေါ်ပေါက်လာချေပြီ။

"အရှင်မင်းကြီး. . . ပြည်သူတွေ ဝတ်မွတ်ခေါင်းပါးနေလို့ ကယ်တင်ဖို့ အသနားခံနေတာပါ"

"ကယ်တင်ဖို့. . . ငါမင်းမြတ်က ဘယ်လိုကယ်တင်ရမှာလဲ"

"ဆန်ရေစပါး ပေးသနားဖို့ပါ အရှင်. . . "

"ဟေ. . . ဆန်ပေးရမယ်ဟုတ် လား. . . . ငါရဲ့ကျီတော်မှာရှိတဲ့ ဆန်နဲ့ ဒန္တပူရမြို့သားတွေ လောက်မလားကွဲ့. . . နေကြပါဦး။ ဒီပြည်သားတွေက ဆန်စပါးတောင် စိုက်မစားနိုင်ဘူးလား. . . . "

"စိုက်ပါတယ် အရှင်. . . ဒါပေမယ့် မိုးရေဆွဲ့ရှားလို့ သီးနှံတွေ မအောင်မြင်ပါဘူး"

"ဒါကို ငါမင်းမြတ်က ဘယ်လို လုပ်ရမှာလဲ။ မိုးဆိုတာက သူ့သဘာဝအတိုင်းရွာတာပဲ. . . "

"မိုးရွာခြင်း မရွာခြင်းက အရှင့်အပေါ်တည်တယ်ဆိုပြီး ကယ်တင်ဖို့ တောင်းဆိုနေတာပါ အရှင်"

ကလိဂ်မင်းသည် အမတ်များ လျှောက်တင်စကားကြားတော့ အံ့အားသင့်ဟန်ဖြင့် မြတ်စွာဘုရားဟု ရေရွတ်လိုက်သည်။ အမတ်တို့ တင်လျှောက်ချက်ကို ဂယနဏ နားမလည်နိုင်အောင်လည်း ရှိသွားသည်။ အကျိုးအကြောင်းမေးလိုက်တော့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူ၏အကျင့်သီလအပေါ် တည်လျက် မိုးလေဝသက ဖြစ်ပျက်ကြောင်း လျှောက်တင်ကြသည်။

မပြေးသော်လည်းကံသာရှိ၊ မဟုတ်သော်လည်း အကြောင်းကရှိနေ၍ တွေးတောစရာဖြစ်နေသည်။

သစ္စာစကားဆို၍ ပြောကြရလျှင် ပြည်သူတွေ တွက်ဆသည့်အတိုင်း သီလပျက်နေသည်က အမှန်ပင်။ မိမိကိုယ်တိုင်သာမဟုတ်၊ မှူးမတ်သေနာပတိများကလည်း အကျင့်ပျက်နေသည်။ ခေါင်ကမိုးမလုံ၍ တစ်အိမ်လုံးစိုရွှဲရသည့်နှယ် အုပ်ချုပ်သူတွေ ဖောက်ပြန်နေ၍ တိုင်းပြည်ကြီး ကသောင်းကနင်းဖြစ်သည်ဆို စကားက ငြင်းရခက်နေပေသည်။

"အမတ်တို့. . . ဒီအရေးက တို့ကလိဂ်တိုင်းမှာပဲ ဖြစ်နေတာလား. . . "

"မှန်ပါတယ်အရှင်. . . ကလိဂ်တိုင်းတစ်ခုပဲ ဖြစ်နေတာပါ။ ကုရုတိုင်းမှာ မိုးလေဝသမှန်လို့ ကပ်ဘေးနဲ့ ကင်းဝေးနေပါတယ်. . . "

"သြော်. . . ကောရဗျမင်းနေပြည်တော် ကုရုတိုင်းမှာ ဒီအဖြစ်ဆိုး မကြုံရဘူးဟုတ်လား. . . နေဦးအမတ်တို့။ ဇမ္ဗူဒိပ်ကျွန်းတစ်ခုတည်းရှိတဲ့ ကုရုတိုင်းက ဒုက္ခမကြုံဘဲ တို့ကလိဂ်တိုင်းသာ ခံစားနေရတာ ဘယ်လိုကြောင့်လဲ"

"မှန်ပါအရှင်. . . ကုရုတိုင်းက ကောရဗျမင်းဟာ ဂရုဓမ္မသီလနဲ့ ပြည့်စုံလို့ မိုးလေဝသမှန်၊ သီးနှံတွေ

ဖွံ့ဖြိုး၊ ဆန်ရေစပါးက ပေါပြည့်နေခြင်းဖြစ်ပါတယ်. . . ”

“ဂ. . ရု. . ဓမ္မ . . သီလ၊ ဂရုဓမ္မသီလ ဟုတ်လား။ အမတ်တို့ . . . အဲဒါက ဘာလဲ။ ဘယ်လို အချက်တွေလဲ. . ငါ့ကိုလျှောက်စမ်း”

“မှန်ပါ. . . သူ့အသက်မသတ်၊ သူ့ဥစ္စာမခိုးရဘူး၊ အဲလိုပြောကြပါတယ်။ ကျွန်တော်မျိုးတို့လဲ အသေအချာ မသိပါဘူးအရှင်. . . ”

“အင်း. . ခက်တာပဲ။ ဘာမှန်းမသိတဲ့ကိစ္စကို ငါကိုယ်တော်မြတ်က ဘယ်ပုံစီစဉ်ရမလဲ။ ဘယ်လို လိုက်နာရမလဲ။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကယ်တင်ချင်ပေမယ့် ဘာလုပ်ရမှန်းမသိတော့ ခက်တယ်. . . ”

“ကောရဗျမင်းထံ အကူအညီတောင်းရင်တော့ ရတန်ကောင်းပါရဲ့ အရှင်. . . ”

“ဟုတ်တယ်. . ဒါအဖြစ်နိုင်ဆုံးနဲ့ အကောင်းဆုံးနည်းပဲ။ ကောရဗျမင်းဟာ စိတ်သဘောထား နူးညံ့တယ်၊ မိတ်ကောင်းဆွေကောင်း စိတ်ဓာတ်ရှိသူဖြစ်တယ်။ ငါတို့ ပြည်သူတွေ ခံစားနေရတဲ့ ဒုက္ခကိုပြောပြရင် ခုနကပြောတဲ့ ဂရုဓမ္မသီလကို သွန်သင်ပြမှာသေချာတယ်၊ ကောင်းပြီ မင်းကြီးတို့. . . ကောရဗျပြည်ကို သံတမန်အဖွဲ့တစ်ဖွဲ့ စေလွှတ်ဖို့ပြင်။ ဂရုဓမ္မသီလကိုရအောင်အမြန်ဆုံးကြိုးစားပေတော့”

ကလိင်္ဂမင်းသည် ပြည်သူတွေ ဒုက္ခငြိမ်းစေဖို့ ဂရုဓမ္မသီလ စောင့်ထိန်းတော့အံ့ဟု ကြံလျက် နည်းလမ်းသိအောင် ကုရုတိုင်းကို သံအဖွဲ့ စေလွှတ်လိုက်တော့သည်။

* * *

ကောရဗျမင်းကြီးသည် သံတမန်အဖွဲ့ လျှောက်တင်စကားကြားသော် ကလိင်္ဂပြည်သူတွေအတွက် အမှန်ပင် ကရုဏာသက်မိသည်။ တစ်ပြည်နှင့်တစ်ပြည် ထောက်ထားညှာတာသင့်သည်ကိုလည်း တွေးမိသည်၊ သို့ သော် မိမိကိုယ်ကို သံသယစိတ်ဝင်နေသော ကောရဗျမင်းက ဂရုဓမ္မသီလပေးသင့် မပေးသင့် ချင့်ချိန် နေမိသည်။

“အချင်းတမန်တို့. . . ငါဟာ ဂရုဓမ္မသီလစောင့်ထိန်းသည်မှာ မှန်ပါတယ်။ ဒါပေမယ့် ငါ့သီလ စင်ကြယ် မစင်ကြယ်ကို ငါကိုယ်တိုင် သံသယရှိနေတယ်ကွယ်တို့. . . ”

“အရှင်မင်းမြတ် အရှင့်သီလ မစင်ကြယ်စရာ အကြောင်းမရှိပါ”

“အိမ်း. . . ဒါက မောင်မင်းတို့ အထင်ကိုး. . . ငါ့စိတ်ထဲမှာတော့ သံသယရှိတာအမှန်ပဲ။ ဒီလို တမန်တို့ရဲ့၊ ငါဟာ ဘေးဘိုးအစဉ်အလာအရ နက္ခတ်သဘင်ပွဲ ဆင်ယင်လေ့ ရှိတယ်၊ ဒီပွဲမှာ ငါက နတ်သားအသွင် ဆင်ယင်ပြီး ကန်ပေါင်ထက်က စိတ္တရာဇာနတ်ကွန်းအနီးရပ်ပြီး အရပ်လေးမျက်နှာကို မြားတွေ ပစ်လွှတ်ရတယ်”

"မှန်ပါ. . အရှင်"

"ငါ အဲသလိုပစ်တော့ မြားတွေက ရေကန်ထဲကျကုန်တယ်။ ဒီမြားတွေက ရေထက် ပြန်ပေါ်မလာဘူး။ အဲသလို မပေါ်တာဟာ ကန်ထဲရှိတဲ့ ငါးတွေထိမှန်ပြီး စူးနစ်ဝင်နေလို့ ဖြစ်မယ်။ ငါ့ကြောင့် ငါးတွေ သေကြေ ပျက်စီးရပေတယ်လို့ ငါတွေးထင်မိတယ်၊ ဒါကြောင့် ငါ့သီလ မစင်ကြယ်ဘူးလို့ ငါမိန့်တာပဲ"

"အရှင်မင်းကြီး မြားမှန်လို့ ငါးသေတာလဲ မတွေ့ရဘဲနဲ့ ဒီအတွေးနဲ့ စိတ်စနောင့်စနင်း မဖြစ်သင့်ပါဘု ရား. . . အကယ်၍ သေတယ်ထားဦး တမင်သက်သက် သေစေလိုတဲ့ သဘောမဟုတ်လို့ အရှင့်သီလ မညှိုးနွမ်းစေနိုင်ပါဘူး"

"အင်း. . . ဒီလိုဖြေရင်တော့ ရပေမပေါ့။ ဒါပေမယ့် ငါမင်းမြတ်ကတော့ သံသယစိတ်ရှိနေတယ်။ ထားတော့လေ. . . ငါစောင့်တဲ့ ဂရုဓမ္မသီလကို ပေးလိုက်ပါမယ်၊ ဒါပေမယ့် ငါ့မယ်တော်ဟာ သီလ စင်ကြယ်သူ ဖြစ်တယ်၊ မယ်တော်ထံက တောင်းခံရင် ပိုပြီးသင့်ပေမယ်. . . "

ကလိင်္ဂသံတမန်တို့သည် ကောရဗျမင်း၏ ဂရုဓမ္မသီလအပေါ် အလေးအနက်ထားမှု ကြားလိုက်ရသဖြင့် ကြက်သီးမွေးညင်းထမတတ် တုန်လှုပ်သွားသည်။ သူတော်ကောင်းနှင့် သူယုတ်မာ ယှဉ်တွဲ၍ မနေဝံ့ သကဲ့သို့ ကြောက်ရွံ့သွားမိသည်။

သို့သော် မင်းကြီးညွှန်ပြသည့်အတိုင်း ဘုရင့်မယ်တော်ထံ စုံစမ်းလိုစိတ် ဖြစ်လာသည်။ မယ်တော်ကြီးက ဘယ်အတိုင်းအတာအထိ သီလစောင့်ထိန်းလေသလဲဟု သိချင်စိတ်ဖြစ်သွားသည်။ သို့နှင့် မယ်တော်ကြီးထံဝင်ခစားလိုက်ကြသည်။

"အမောင်တို့။မယ်တော် ဂရုဓမ္မသီလစောင့်ထိန်းတာ မှန်ပါတယ်။ ဒါ ပေမယ့် မယ်တော်လဲ ကိုယ့်သီလ အပေါ် သံသယရှိနေတယ်. . . "

"ဘယ်လိုများ သံသယဖြစ်ရတာလဲ မယ်တော်"

"ငါ့မှာ ကောရဗျမင်းနဲ့ အိမ်ရှေ့စံသားနှစ်ယောက်ရှိသကွဲ့။ တစ်ခါတော့ မဟာမိတ်ဘုရင်တစ်ပါးက အဖိုးတစ်သိန်းထိုက်တဲ့ စန္ဒကူးနှစ်တစ်တုံးနဲ့ တစ်ထောင်တန်ရွှေပန်းကုံးတစ်ခု ကောရဗျမင်းကိုလာဆက်တယ်။ သားကြီးက ဒီလက်ဆောင်နှစ်ခုလုံးကို ငါ့ထံပို့လိုက်တယ်။ မှန်တာပြောရရင် မယ်တော်ကြီးအသက်အရွယ်နဲ့ ဒါတွေက မအပ်စပ်ပါဘူး။ ဒီတော့ သားနှစ်ယောက်ရဲ့ ကြင်ရာတွေကို စွန့်ဖို့ စိတ်ကူးမိပါတယ်။ အေး. . . စွန့်မလို့လုပ်တော့ ငါ့စိတ်ထဲ ဒီအတွေးရောက်လာတာက သားကြီးဟာ မင်းဧကရာဇ်ဆိုတော့ ကြွယ်ဝတယ်။ အငယ်သားက ချို့တဲ့တယ်။ ဒီတော့ အဖိုးထိုက်တန်တာကို အိမ်ရှေ့မင်းကြင်ရာကို ပေးမယ်ဆိုပြီး စန္ဒကူးနှစ် ပေးလိုက်တယ်။ သားကြီးရဲ့ ကြင်ရာကိုတော့ အဖိုးတစ်ထောင်သာထိုက်တဲ့ ရွှေပန်းကုံးကိုပေးလိုက်တယ်။ အင်း. . . ပေးပြီးမှ စဉ်းစားမိတာက ငါဟာ မျက်နှာလိုက်ရာကျသွားပြီ။ အမှန်က အဖိုးတန်ပစ္စည်းကို ဂုဏ်ကြီးသူထံ ပို့သင့်တယ်၊ မလုပ်သင့်တာ လုပ်မိတယ်။

ဒါကြောင့် မယ်တော့်သီလ ညစ်နွမ်းသွားပြီလို့ သံသယရှိမိတယ်. . . ”

“ဒီလိုမတွေးသင့်ပါဘူး မယ်တော်. . . မယ်တော်ပိုင်ပစ္စည်းကို နှစ်သက်သလို စိစဉ်နိုင်ခွင့်ရှိပါတယ်”

“အိမ်း. . . အမောင်တို့ ပြောလို့ စိတ်ပေါ့ပါးသွားပေမယ့် သံသယစိတ်တော့ မပြေသေးဘူး။ ဘာပဲဖြစ်ဖြစ် ဂရုဓမ္မသီလတော့ ပေးလိုက်ပါမယ်။ ဒါပေမယ့် မယ်တော့်ထက် မိဖုရားခေါင်ကြီး သီလက ပိုစင်ကြယ်ပါလိမ့်မယ်”

သံတမန်တို့သည် အချင်းချင်း အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသည်။ ကုရုတိုင်းသားတို့ သီလစောင့်ထိန်းပုံကို အံ့သြနေကြသည်မှာ အမှန်ပင်။

စူးစမ်းလိုစိတ်ဖြင့် မိဖုရားခေါင်ကြီးထံ ခတွားလျှောက်တင်လိုက်ကြ ပြန်သည်။

“တမန်တို့. . . ကျွန်ုပ်ဟာ ဂရုဓမ္မသီလ စောင့်တာမှန်ပါတယ်။ ဒါပေမယ့် ကျွန်ုပ်မှာလဲ သံသယစိတ်ရှိနေပါတယ်. . . ”

“မိန့်တော်မူပါ. . . ”

“တစ်နေ့ ဘုရင်မင်းမြတ် ဆင်စီးပြီး တိုင်ခန်းလှည့်လာတာကို လေသာပြတင်းက ထွက်ကြည့်မိတယ်။ ဘုရင့်နောက်ပါးက အိမ်ရှေ့စံပါလာတာကိုကြည့်ပြီး တဒင်္ဂတပ်မက်စိတ် ဖြစ်မိတယ်။ ကာမပိုင်လင်ရှိနေရက်နဲ့ မတ်တော်မောင်အပေါ် စိတ်ညွတ်မိလို့ သီလပျက်ပြီ ထင်နေတယ် တမန်တို့”

“မှန်ပါ မိဖုရားကြီး. . . ကာယကံမြောက် မဖောက်ပြားလို့ သီလပျက်တယ် မဆိုသာပါဘူး”

“အင်း. . . ဒါပေမယ့် စိတ်မသန့်ဘူးလေ. . . ထားတော့။ ဂရုဓမ္မသီလတော့ ပေးလိုက်ပါမယ်။ ဒါပေမယ့် အိမ်ရှေ့စံက ပိုစင်ကြယ်မယ် ထင်ပါတယ်”

တမန်အဖွဲ့သည် ဂရုဓမ္မသီလတောင်းရင်း ကုရုတိုင်းသားတို့အပေါ် ပို၍စိတ်ဝင်စားလာသည်။ ညှိနှိုင်းတိုင်ပင်မထားဘဲ အိမ်ရှေ့စံ၏ အိမ်တော်သို့ လှမ်း ခဲ့ကြတော့သည်။

“မောင်မင်းတို့တိုင်းပြည်အကြောင်းကြားရတာ စိတ်မကောင်းပါဘူး။ ပြည်သူတွေကို ကရုဏာသက်လို့ ဂရုဓမ္မတရားပေးချင်ပါတယ် ဒါပေမယ့်. . . ”

“သီလမစင်ကြယ်ဘူး ထင်နေပါသလားဘုရား”

“မှန်တယ်မောင်မင်းတို့. . . ငါ ကိုယ်တော်မြတ်အပြုအမူက သိပ်ရက်စက်လွန်းရာကျခဲ့တယ်။ ဒီလိုကွဲ. . . ငါကိုယ်တော်မြတ်ဟာ ညနေချမ်းတိုင်း နောင်ဘုရားထံ အခစားဝင်လေ့ရှိတယ်။ အဲဒီလိုသွားတော့ ရထားစီးလေ့ရှိတယ်။ ရထားမှူးနဲ့ အစောင့်တွေပါလေ့ရှိတယ်။ အေး . . . နောင်ဘုရားထံ ညအိပ်မယ်ဆိုရင် မြင်းဇက်ကြိုးနဲ့နှင်တံကို ရထားဦးမှာ ထားခဲ့လေ့ရှိတယ်။ ဒါဆို ရထားမှူးကသိပြီ။ ငါဆင်းသွားတာနဲ့ ရထားပြန်လှည့်ပြီး နောက်တစ်နေ့ နံနက်မှ လာကြိုတတ်တယ်။ မအိပ်ဘူးဆိုရင် ကြိုးနဲ့နှင်တံကို ရထားထဲမှာပဲ ထားတတ်တယ်။ ဖြစ်ချင်တော့ တစ်နေ့မှာ ပြန်မယ်ဆိုတဲ့အတွေးနဲ့ နှင်တံကို ရထားထဲမှာ

ထားခဲ့သကွဲ."

"ဘာဆက်ဖြစ်လဲ ကိုယ်တော်"

"အဲလို ထားမိတဲ့နေ့မှ အခါမဲ့ မိုးကရွာပြီး တော်တော်နဲ့ မပြန်ဖြစ်ဘူး။ နောင်တော်ကတားတာနဲ့ ည အိပ်မိတယ်"

"မိန့်ပါဦးကိုယ်တော်. . . "

"ငါ့ကြောင့် ရထားမှူးနဲ့ အစောင့်တွေဟာ တစ်ညလုံး ပင်ပန်းဆင်းရဲရတယ်။ တကယ်တော့ ဒီအဖြစ်မျိုး မဖြစ်သင့်ဘူးပါ။ ဒါကြောင့် ငါ့သီလမစင်ကြယ်ဘူးလို့ သံသယဖြစ်မိတယ်"

ကလိင်္ဂတိုင်းသား သံတမန်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်ပြီး စကားမပြောနိုင်အောင် ဖြစ်ကုန်ကြသည်။ ကျွန်အပေါ် သည်လောက်ငဲ့ညှာသော အရှင်တို့အုပ်စိုးသည့် တိုင်းပြည်မို့ မိုးလေဝသမှန်သည်မှာ မထူးဆန်းဟု တွေးလိုက်မိကြသည်။

"အိမ်း. . . ပြည်သူတွေကို ငဲ့ ညှာလို့ ငါစောင့်ထိန်းတဲ့ ဂရုမမှုသီလကို ပေးလိုက်မယ်။ ဒါပေမယ် ငါ့ ထက် ပုရောဟိတ်ကြီးက ပိုစင်ကြယ်ပါလိမ့်မယ်"

ကလိင်္ဂတိုင်းသား သံတမန်တို့ သည် ပုရောဟိတ်ထံသွားဖို့ ခြေလှမ်းပြင်လိုက်ကြတော့သည်။

* * *

"အင်း . . . အိမ်ရှေ့စံကိုယ်တော်ညွှန်လို့သာ ညွှန်တာပါလေ. . . ကျုပ်လဲ သီလစင်ကြယ်သူ မဟုတ်ပါဘူး"

"ခင်ဗျာ. . . ဘယ်လိုမစင်ကြယ်တာလဲ ပုရောဟိတ်ကြီး"

"ဒီလိုဗျ. . . တစ်နေ့ ညီလာခံတက်ဖို့ ကျုပ်ခြေကျင်လျှောက်လာခဲ့တယ်။ လမ်းတစ်ဝက်မှာ တိုင်းတစ်ပါးမင်းက လက်ဆောင်ပေးလိုက်တဲ့ ယာဉ်ရထားနဲ့တွေ့ရောဗျာ. . . ကောင်းလိုက်တဲ့ ရထားဗျာ။ အသွင်သဏ္ဌာန်ရော သစ်လွင်မှုရော. . . ပြင်ဆင်ထားပုံရော ပထမတန်းစားချည်းပဲ။ ဒီတော့ ကျုပ်စိတ်ထဲမှာ လောဘတက်မိတာ ပြောပါတယ်။ ငါသာ ဒီရထားရရင်ကောင်းမှာ. . . ညီလာခံလာရင် ရထားလေးစီးလာရတော့ သက်သာမှာပဲလို့ စိတ်ကူးဝင်မိတယ်။ အဲ. . . ညီလာခံဝင်ချိန် ရထားဆက်သူတွေ ရောက်လာတော့ ဘုရင်မင်းမြတ်က ဘာလုပ်တယ်ထင်လဲ။ ဒီရထားက သိပ်ကောင်းတာပဲ . . ပုရောဟိတ်ကြီးနဲ့ သင့်မြတ်ပါတယ်ဆိုပြီး ချီးမြှင့်လိုက်သဗျာ. . . ကဲ. . . သူတစ်ပါး ပစ္စည်းတပ်မက်မိတဲ့ ကျုပ်က သီလစင်ကြယ်ပါဦး မလား. . . "

"ဒီလိုမတွေးသင့်ပါဘူး ပုရောဟိတ်ကြီးရယ်. . . လောဘစိတ်ဖြစ်ရုံသက်သက်နဲ့ သီလညိုးတယ် မဆိုသာပါဘူး"

"အင်း. . . စိတ်မသန့်လှပါဘူးဗျာ. . . ကျုပ်ထက်သီလစင်ကြယ်တာ မြေတိုင်းအမတ်ရှိပါတယ်"

"မြေတိုင်းအမတ်"

သံတမန်အဖွဲ့ အံ့အားတသင့် ရေရွတ်မိလိုက်ကြသည်၊ သို့သော် သူ့ထက်သူတော်ကြောင်း ညွှန်းနေသည့် ကုရုတိုင်းသားတွေထံ စုံစမ်းဖို့ စိတ်အားထက်သန်နေမိသည်။

"အင်. . . ကျုပ်က ပိုမစင်ကြယ်တာဗျ. . . ဒီလိုဗျ. . . တစ်နေ့ ဇနပုဒ်ရွာတစ်ရွာမှာ မြေတိုင်းဖို့ ကျုပ်တာဝန်ယူရတယ်၊ မြေတိုင်းကြိုး မြင်ဖူးကြမှာပါ။ တစ်ဖက်က တုတ်ချွန်ချည်ပြီး ကျန်တစ်ဖက်ကို လက်ကကိုင်တိုင်းရတယ်လေ. . ဆိုပါတော့ ကြိုးအဆုံးမှာ အမှတ်ထားဖို့ တုတ်ချွန်စိုက်မယ့်အလုပ်မှာ ဖြစ်ချင်တော့ ပုစွန်ကျင်းနဲ့တည့်တည့်ကျနေသဗျ၊ တွင်းလွတ်အောင် တစ်ဖက်တိုးရင်လဲ မြေခိုးရာကျမယ်။ တွင်းထဲစိုက်ရင်လဲ ပုစွန်လုံးရှိနေရင် သူ့အသက် သတ်သလိုဖြစ်နေမယ်၊ ကျုပ်အချိန်အတော်ကြာကြာတွေဝေ နေမိတယ်၊ အင်း. . . ပုစွန်လုံးမှိုရှင် မြင်ရမှာပဲ၊ မရှိလို့ မတွေ့ရတာဆိုပြီး တုတ်ထိုးစိုက်လိုက်မှ ကရိဆိုတဲ့ အသံမြည်သွားတယ်. . . ကျုပ်စိတ်ထဲ ပုစွန်လုံးကို တုတ်စိုက်မိပြီး သေပြီလို့ ထင်မိတယ်"

"တကယ်ရော သေတာလား"

"တွေ့တော့ မတွေ့ရဘူး"

"ဒါဆို ဟုတ်ချင်မှ ဟုတ်မှာပါ မြေတိုင်းမင်းရယ်. . ဒီအတွက် စနောင့်စနင်း ဖြစ်မနေပါနဲ့"

"အင်း. . . ခင်ဗျားတို့ကတော့ဖြေသိမ့်စကား ပြောကြတာပဲ၊ ထားပါလေ. . ဂရုမဲ့သီလပေးလိုက်ပါ့မယ်၊ ဒါပေမယ့် ရထားမှူးက ကျုပ်ထက် သီလစင်ကြယ်သူပါ"

ရော်. . . ဟု ပြိုင်တူရေရွတ်မိသည်၊ ကုရုတိုင်းသားတွေ သီလစောင့်ထိန်းပုံမှာ ဩချရလေမလားဟု တွေးမိကြသည်၊ သို့သော် မြေတိုင်းအမတ်ညွှန်သည့် ရထားမှူးကို တွေ့ဖြစ်အောင် တွေ့လိုက်ကြပြန်သည်၊

"အဟ. . . အမတ်မင်းတို့ လူမှားပြီထင်တယ်၊ ကျုပ်က ဘယ်မှာ သီလစင်ကြယ်မှာလဲဗျာ. . . တိရစ္ဆာန်တွေအပေါ် မညှာတာတဲ့လူ၊ ရက်စက်တဲ့လူ ဘယ်လိုလုပ် စင်ကြယ်မလဲ"

"ပြောပါဦး. . . "

"ဒီလို အမတ်မင်းတို့ရဲ့၊ မင်းကြီးက ညနေတိုင်း ဥယျာဉ်တော် ကစားထွက်လေ့ရှိတယ်။ အဲဒီအခါ ကျုပ်က ရထားမောင်းပို့ရတယ်၊ တစ်နေ့ ဥယျာဉ်ကပြန်အထွက်မှာ မိုးစက်တွေ ကျလာပါရော၊ မင်းကြီးကို ရေစိုမှာစိုးတာနဲ့ မြင်းကိုကြာပွတ်နဲ့ရိုက်ပြီး ဒုန်းသုတ်စေခဲ့တယ်"

"ဒါလောက်နဲ့ အပြစ်မဆိုသာပါဘူး"

"နေဦး. . . ပြောရဦးမယ်။ အဲဒီ နေ့လုပ်မိတာ မြင်းတွေ မှတ်ထားသဗျ၊ ဒီနေရာရောက်တိုင်း ဘေးအန္တရာယ် ရှိတယ်ထင်ပြီး ပြေးကြတယ်၊ အကြောင်းမဲ့ သက်သက် မြင်းတွေ အားကုန်အောင် ကျုပ်လုပ်မိရာ

မှကျဘူးလား. . . ”

“စေတနာမပါဘူးမို့လားဗျာ”

“ဒါပေမယ့် သံသယရှိတယ် အမတ်မင်းတို့ရယ်. . . ကျုပ်ထက် သူဌေးကြီးက ဂရုမဝ္ဂသီလရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်ကိုသာမေးပါ”

ရထားမှူး မတိုက်တွန်းလည်း သူဌေးကြီးကိုမေးဖို့ ဆုံးဖြတ်လိုက်သည်၊

“အင်း. . . အထင်ကြီးကြတာပေါ့လေ. . . မှန်တာပြောသစ္စာပါ၊ ကျုပ်ကိုယ်ကျုပ်လဲ သံသယရှိနေတယ်ဗျ၊ ဒီလိုဗျ. . . တစ်နေ့၊ အဲ. . . ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းလထဲမှာ ကျုပ်လယ်ထဲသွားမိသဗျ၊ အဲဒီကအပြန်မှာ ကောက်ပန်းလုပ်ဖို့ စပါးတစ်နှံခူးလာမိတယ်၊ ကိုင်း. . . ကျုပ်ခိုးဝှက်ရာ မကျဘူးလား”

“ဗျာ. . . အဲဒါ သူဌေးလယ် မဟုတ်ဖူးလား၊ ကိုယ့်စပါးခင်းက စပါးနှံဖြတ်လာတာ ခိုးရာကျပါ့မလားဗျာ”

“ဘယ်ဟုတ်မလဲ. . . ဒီလယ်က ထွက်သမျှစပါးထဲက တစ်ဖို့ကို မင်းအခွန်တော်ဆက်ရမယ်လေ၊ စပါးတစ်နှံဖြတ်လာတော့ မင်းဘဏ္ဍာလျော့မသွားပေဘူးလား. . . ”

“ခိုးလိုစိတ်ရှိတာမှ မဟုတ်ဘဲ သူဌေးရာ . . . ”

“ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ကျုပ်စိတ်ထဲ သံသယဖြစ်နေတယ်၊ ဒီမယ်တမန်တော်တို့ တင်းခြင်အမတ်က ကျုပ်ထက် သီလစင်ကြယ်သူပါ၊ သူ့ထံကယူသွားသင့်တယ်၊ အဲ . . ကျုပ်စောင့်တဲ့ သီလလဲပြောတော့ ပြောပြမှာပါ”

ကလိင်္ဂတိုင်း သံတမန်အဖွဲ့လည်း တင်းခြင်အမတ်ထံ ရောက်ရ ပြန်သည်၊

ကလိင်္ဂတိုင်းကလာခဲ့သည့် အကြောင်းရင်းနှင့် တွေ့ဆုံမေးခဲ့သူတွေ အကြောင်း အကျဉ်းချုံးပြောပြလိုက်မိသည်၊ တမန်တို့စကားအဆုံးတွင် တင်းခြင်အမတ်က မချိပြုံးပြုံးလျက် ခေါင်းကိုညင်ညင်သာသာခါရမ်းမိသည်၊

“ကျုပ်လဲ သီလစင်ကြယ်ပုံမရပါဘူး. . တမန်တော်တို့ရာ၊ ဒီလိုဗျာ . . . ဘုရင့်အတွက် အဖို့အစု စပါးတွေခြင်တော့ မခြင်ရသေးတဲ့ စပါးပုံက စပါးစေ့အနည်းငယ်နဲ့ ယှမှတ်မိတယ်၊ အဲ. . . စပါးခြင်နေတုန်း မိုးရွာလိုက်တော့ အမှတ်အသားပြုထားတဲ့ စပါးစေ့တွေ ခြင်ပြီးသားစပါးပုံထဲ ပစ်ထည့်မိလိုက်တယ်”

“နေပါဦး. . . စပါးကဘယ် လောက်များလို့လဲ”

“လက်ခုပ်တစ်ဝက် အများဆုံး ရှိမှာပေါ့. . . ”

“ဒီလောက်နဲ့ ဘာဖြစ်မှာလဲဗျာ”

“နည်းနည်းများများ စပါးရှင်အတွက် နစ်နာသွားတာပေါ့၊ ဒါ ကြောင့် ဂရုမဝ္ဂသီလ မစင်ကြယ်နိုင်ဘူးပြောတာ၊ ဒီမယ်. . . သီလစင်ကြယ်သူဟာ တံခါးမှူး တမန်တို့ရဲ့”

တမန်အဖွဲ့သည် တံခါးမှူးထံ ရောက်ရပြန်သည်။

“မေးလာတော့ ပြောရမှာပေါ့ လေ. . . ဒါပေမယ့် ကျုပ်လဲ သီလစင်ကြယ်ပုံမရပါဘူး”

“နေဦး. . . တံခါးမှူးက တံစိုးလက်ဆောင်ယူဖူးလို့လား. . . ဒါမှ မဟုတ် သစ္စာဖောက်တဲ့ အပြစ်မျိုး ကျူးလွန်မိလို့လား. . . ”

“ဒီအဆင့်ထိ မဖောက်ပြားမိပါဘူး။ ဒါပေမယ့် တစ်နေ့တုန်းက သူဆင်းရဲသား မောင်နှမကို လင်မယားအမှတ်နဲ့ ခေါ်မိပြောမိသွားသဗျ”

“အို. . . မသိလို့ပြောမိတာပဲ”

“မဟုတ်ဘူးလေ. . . မသိလို့ဘဲ ပြောပြော၊ သိလိုပဲ ပြောပြော ဆင်ခြင်တုံတရားရှိရမယ်။ ဖရုဿဝါစာ စကားကင်းရမယ်၊ ကြမ်းတမ်းရုန့်ရင်းတဲ့ အပြောမျိုး မပြောသင့်ဘူးပေါ့”

“တစ်ဖက်ကလဲ ဗွေယူမယ် မထင်ပါဘူး”

“ဘာပဲပြောပြော ကျုပ်သီလက ပြည့်တန်ဆာမတစ်ယောက်ရဲ့ သီလလောက်တောင် မစင်ကြယ်ပါဘူး”

“ဘယ်လို. . . ပြည့်တန်ဆာမ။ ဟုတ်လားဗျ. . . နေစမ်းပါဦး. . . အဲ ဒီပြည့်တန်ဆာမက ဘယ်မှာလဲ။ သီလစင်ကြယ်တဲ့ ပြည့်တန်ဆာမ ဒီကုရုတိုင်းမှာရှိလား။ ကျုပ်တို့တော့ မမြင်ဖူးတာတွေ မြင်ရ။ မကြားဖူးတာတွေ ကြားရကုန်ပြီ။ အံ့ပါ့ဗျာ. . . ကုရုတိုင်းသားတွေ ဂရုဓမ္မသီလစောင့်ထိန်းပုံတော့ ဩချရမလောက်ပါဘဲ”

တံခါးမှူးလမ်းညွှန်သဖြင့် ပြည့်တန်ဆာမထံက ဂရုဓမ္မသီလတောင်းရန် သွားရပြန်သည်။

“မှန်ပါတယ် တမန်တော်တို့။ ကျွန်မဟာ ဂရုဓမ္မသီလအမြဲစောင့်ထိန်းသူပါ။ ဒါပေမယ့် ကျွန်မသီလ အပေါ် သံသယစိတ်ရှိနေပါတယ်”

“အင်း. . စိတ်ဝင်စားစရာ ကောင်းသကွဲ့။ ပြောပါဦး ဘယ်လို သံသယစိတ်ရှိတာလဲ”

“ဒီလိုရှင့်. . . တစ်နေ့တော့ လုလင်တစ်ယောက်က ကျွန်မနဲ့ ပျော်ပါးဖို့ ငွေတစ်ထောင်ပေးပြီး ခဏ စောင့်နေပါ။ သူပြန်လာခဲ့မယ်လို့ ပြောသွားတယ်”

“အင်း. . . ”

“ကျွန်မက သူ့ငွေကို လက်ခံထားလိုက်မိတယ်။ ဒီနေရာမှာ ကျွန်မတာဝန်က ငွေပေးထားတဲ့သူကို ဖျော်ဖြေရမယ်။ သူကလွဲပြီး တခြားယောက်ျား လက်မခံသင့်ဘူး။ လက်ခံရင် ကတိမတည်၊ ဖောက်ပြန်ရင် သီလပျက်ရာ ကျမှာပေါ့”

“မဆိုင်ဘူးထင်တယ်. . သူမလာခင် တခြားလူလဲဧည့်ခံ၊ သူလာတော့လဲ ဧည့်ခံ၊ ဒါဆိုပြီးတာပဲ။ ဒီသူငယ်က တော်တော်နဲ့ မလာရင် ညည်းဘယ်လိုလုပ်မလဲ”

“ကျွန်မ စောင့်ရမှာပေါ့။ ဟုတ် တယ်. . . သူပြန်လာအောင် သုံးနှစ်တိတိ စောင့်ခဲ့တယ်”

"ဟော. . . ဘယ်လို ဘယ်လို သုံးနှစ်. . "

"ဟုတ်တယ်။ သုံးနှစ်တိုင်အောင် သူကပေါ်မလာတော့ ကျွန်မရဲ့ စားဝတ်နေရေး ကျပ်တည်းလာတယ်။ ဒါနဲ့ ငွေထုပ်ပိုက်သွားပြီး တရားရုံးမှာ အဖြစ်အပျက် တင်ပြလိုက်တယ်။ ဒီတော့ တရားမင်းကမင်းတာဝန်ကျေပါတယ်။ တခြားယောကျ်ားတွေ လက်ခံချင်ရပါတယ်လို့ ဆုံးဖြတ်ပေးပါတယ်"

"ဒါ. . အမှန်ပဲလေ"

"ကျွန်မလဲ အဲဒီဆုံးဖြတ်ချက်ရလို့ တခြားယောကျ်ားတစ်ယောက်ဆီက ငွေလက်ခံလိုက်မိတယ်"

"အေး. . . ပြောပါဦး"

"အဲဒီအချိန်ကျမှ သုံးနှစ်လုံးလုံး ပျောက်နေတဲ့ လုလင်က ပြန်ပေါ်လာတယ်။ တကယ်တော့ ကျွန်မသီလဖောက်မဖောက်သိချင်လို့ သိကြားမင်းက လုလင်ယောင်ဆောင်ပြီး စုံစမ်းခဲ့တာပါ"

သည်တစ်ခါကျတော့ တမန်အဖွဲ့အနေနှင့် နောက်ထပ်စုံစမ်းစရာ မလိုတော့ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်သည်။ ကုရုတိုင်းက ပြည့်တန်ဆာမတစ်ယောက်ကပင် ဂုရုဓမ္မသီလကို ဤမျှစောင့်ထိန်းလျှင် အခြားသူများ၏ သီလစင်ကြယ်မှုကို စူးစမ်းစရာမလိုတော့. . .။ ထို့အတူ ကုရုတိုင်းတွင် အဘယ့်ကြောင့် မိုး လေဝသမှန်၊ သီးနှံတွေ ဖွံ့ဖြိုးသည်ကို အဖြေရှာနေစရာ မလိုတော့ပါချေ။

*ကျမ်းကိုး*

*ငါးရာ့ငါးဆယ်မှ ဂုရုဓမ္မသီလကိုမှီးပါ သည်။ ဓမ္မပဒ၊ ဘိက္ခုဝဂ်(၂)ခု မြောက်။*

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ၂၀၀၁၊ နိုဝင်ဘာလ


သုတဗြဟ္မဒတ်

# သုတစြပဟွတ်

သုတရှာမှီးရာတွင် ကွန်ပ်သည် တင်းတိမ်ရောင့်ရဲခြင်းမရှိ။ ဤသည်မှာ ကွန်ပ်တို့၏ ပင်ကိုယ်ဗီဇဖြစ်သည်။

ကွန်ပ်ငယ်ရွယ်စဉ်က အမိ၊ အဘ၊ အဘိုး၊ အဘွားများ ဆုံးမမှုကို ဂရုတစိုက်မှတ်သားသည်။ မြေဝယ်မကျ နားထောင်သည်။ အဆုံးအမကို စည်းမျဉ်းပမာ သဘောထားသည်။

ကွန်ပ်သည် ပညာသင်ချိန်ရောက်သော် တက္ကသိုလ်သွားသည်။ ဒိသာပါမောက္ခဆရာကြီးထံ နည်းခံသည်။ ကျမ်းဂန်၊ ဓမ္မသတ်၊ နီတိ၊ လမ်းညွှန်ချက်များသာမက လောကီရေးရာအဖြာဖြာကို သေချာဂနသင်ယူသည်။ ရှင်းလင်းအောင်မေးမြန်းသည်။ သညာကို နှလုံးသားတွင် သိုသိပ်သိမ်းဆည်းပြီး ဝေဖန်ပိုင်းခြားတတ်သည့်အတတ်ပညာဖြစ်အောင် လေ့ကျင့်သည်။

ဤလောကတွင် ကွန်ပ်လေ့လာသိမှတ်စရာတွေက ကုန်သည်မရှိ။

ကွန်ပ်သည် ပညာရှိသူတော်ကောင်းတို့ထံ နည်းခံသည်။ မိတ်ဆွေအပေါင်းအသင်း တို့နှင့် ဗဟုသုတ ဖြစ်ဖွယ်စကား နှီးနှောသည်။ သုတစကားကို ရောင့်ရဲမှုမရှိသည့်အလျောက် အဖိုးတန်စကားကို နာရမည်ဆိုလျှင် ဒွန်းစဏ္ဍားထံ၌ပင် နာယူလိုစိတ်ရှိခဲ့သည်။

သည်သို့ သုတရှာခြင်း၌ မရောင့်ရဲသဖြင့် ကွန်ပ်ကို သုတစြပဟွတ် . . . သုတစြပဟွတ်ဟုပင် ခေါ်လာကြတော့သည်။

"အရှင်မြတ်တို့ ဘယ်အရပ်က ကြွလာပါလဲဘုရား"

သုတစကား ဘယ်အရပ်က ကြားရလေမလဲဟု အစဉ်မျှော်လင့်နေသော ကျွန်ုပ်ထံ အာဂန္တုအရှင်မြတ်ရှစ်ပါးကြွလာသည်။

တင့်တယ်သောအသရေ၊ သိမ်မွေ့သောအမူအရာ၊ ခန့်ထည်သောရုပ်ဆင်းသဏ္ဌာန်မြင်ရကတည်းက သူတော်စင်ဟု မှန်းဆမိသည်။ အလိုလိုနေရင်း ရင်ထဲက ကြည်ညိုစိတ်ဖြစ်လျက် လက်အုပ်ချီဦးတင်မိသည်။

"အသင်မင်းကြီး၊ ငါတို့ရှစ်ပါးဟာ ဂန္ဓာမာဒနတောင်က ဆွမ်းအလို့ငှာ ကြွလာပေတယ်"

"ဂန္ဓာ. . . မာ. . . ဒ. . . န။ ဂန္ဓာမာဒန. . . ဂန္ဓာမာဒန"

ကျွန်ုပ်စိတ်ထဲက ရေရွတ်မိသည်။ ဗာရာဏသီနှင့် ဂန္ဓာမာဒနတောင်သည် အလှမ်းဝေးလှသည်။ သာမန်ပုဂ္ဂိုလ်တို့ မရောက်နိုင်သည့် အရပ်၊ ဝေးလံသီခေါင်သောဒေသမှ ဤအရပ်သို့ ဆွမ်းအလို့ငှာ ကြွလာသည် ဆို၍ အံ့ဩရသည်။ စကားဆက်မဆိုသော်လည်း တန်ခိုးရှင်များဟု အတတ်တွေးလိုက်သည်။

"ကောင်းပါဘိဘုရား. . . ဆွမ်းအတွက်တော့ ကြောင့်ကြပူပန်မဖြစ်ပါနှင့်။ တပည့်တော်အား ဆွမ်းဒကာအဖြစ် အသိအမှတ်ပြုပါ။ ဪ. . ဒါနဲ့ အရှင်မြတ်တို့ရဲ့ အမည်သိခွင့် ပြုပါ"

"မင်းကြီး ငါတို့ကား ဗဟုသုတ မည်ပေတယ်"

"ဗ. . ဟု. . သု. . တ၊ ဗဟုသုတတဲ့လား ဘုရား၊ ကောင်းပါဘိ ဘုရား. . . တပည့်တော်အတွက်တော့ ပေါက္ကရဝသံမိုးရွာသည့်နှယ်မခြား ဖြစ်ရပါတယ်ဘုရား။ မှန်ပါအရှင် မြတ်ဘုရား၊ တပည့်တော်ဟာ သုတ စကားကြားလို့ မရောင့်ရဲသူပါ။ ထူးခြားတဲ့တရားကို နာယူလိုသူပါ။ အခွင့်သင့်တုန်း ထူးခြားတဲ့ တရားနာပါရစေ ဘုရား. . . "

"ကောင်းပြီ တကာ"

ကျွန်ုပ်သည် ဝန်ခံစကားရလိုက်သဖြင့် မနောမယပတ္တမြား လက်ဝယ် ရသည့်နှယ် ကြည်နူးဝမ်းသာသွားသည်။ တရားနာနိုင်ရန် ဆွမ်းကိစ္စ ကိုယ်တိုင်စီစဉ်ဆက်ကပ်လိုက်ပေသည်။

ကျွန်ုပ်သည် အရှင်မြတ်တို့ကို ဆွမ်း၊ ဘောဇဉ်၊ ချိုချဉ်၊ ရသာစုံလင် အောင်စီရင်လျက် ကိုယ်တိုင်ဆက်ကပ်သည်။ သိမ်မွေ့စွာ ဘုဉ်းပေးနေသော အရှင်မြတ်တို့ကို ကြည့်ပြီး ကြည်နူးပီတိဖြစ် နေသည်။

သင့်တင့်စွာ ဘုဉ်းပေးပြီးချိန် အရှင်မြတ်တို့က တရားဟောရန်ပြင်သည်။ စကားတန်ဆာဆင်လျက် အဆန်းတကြယ်တရားကို ဟောကြားမည့်အရှင်တို့တရားနာရန် ကျွန်ုပ်ပြင်ဆင်လိုက်သည်။ တရားဟောကြားစဉ် စိတ်အာရုံမပြန့်လွင့်စေရန် စိတ်ကိုစူးနစ်ထားလိုက်သည်။ နှလုံးအိမ်ကို သန့်ရှင်းကြည်လင်နေစေပြီး စိတ်ဂယောက်ဂယက် နှောင့်ယှက်မှုကင်းအောင် နေလိုက်သည်။

"အသင်မင်းကြီး. . . ချမ်းသာစေသတည်း"

"သင်သည် ရာဂကုန်စေသတည်း"

အရှင်မြတ်ရှစ်ပါးထဲမှ အကြီးဆုံးဖြစ်ပုံရသော ပုဂ္ဂိုလ်က တရားစကားဆိုလိုက်သည်။ ကျွန်ုပ်နာယူမှတ်သားလိုက်သည်။ ဆက်လက်ဟောကြားမည့်တရားကိုနာယူရန် အာရုံစူးစိုက်လိုက်မိသည်။ ချမ်းသာစေသတည်း. . ရာဂကုန်စေသတည်းဟု တရားနှစ်ပုဒ်ဟောပြီးသည်နှင့် အရှင်က ထိုင်ရာမှထလျက် ကောင်းကင်ခရီးမှ ပြန်ကြွသွားတော့သည်။

ကျွန်ုပ်သည် စကားတန်ဆာဆင်လျက် အကျယ်ဟောမည်ထင်သဖြင့် နာယူပြင်ဆင်နေဆဲမှာပင် တရားကပြီးဆုံးသွားသည်။ နောက်ဆက်လာမည့် တရားနာဖို့ မျှော်လင့်နေချိန်မှာပင် အရှင်မြတ်က ပြန်ကြွသွားသည်။

ကျွန်ုပ်သည် မှင်သက်မိသလို ကြောင်ကြည့်နေစဉ်ပင် အရှင်မြတ်တို့က ကောင်းကင်ထက်ရောက်သွားချေပြီ။

* * *

"ဩော်. . ငါ ဆွမ်းလှူဒါန်းရတဲ့ ပုဂ္ဂိုလ်တွေက ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေပဲ။ ဒါကြောင့် အရှင်မြတ်တို့ ဂန္ဓမာဒနတောင်ကကြွလာတယ်လို့ မိန့်တာပဲ။ အင်း. . ဟုတ်ပေတာပေါ့။ ပစ္စေကဗုဒ္ဓါဆိုတာ သတ္တဝါတို့ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် သစ္စာလေးပါးတရားကို သမုတိသစ္စာ တင်ပြီး မဟောနိုင်ကြဘူး. . . ကာမဂုဏ်အပြစ်နဲ့ ကာမဂုဏ်ကလွတ်ကြောင်း ရဟန်းပြုဖို့ လောက်သာ အရှင်တို့က တိုက်တွန်းနိုင်တယ်။ အရှင်တို့ဟာ ဒါနနဲ့စပ်ဟပ်တဲ့ တရား၊ သီလနဲ့စပ်တဲ့တရား၊ နတ်ပြည်နတ်ရွာရောက်ကြောင်းနဲ့စပ်တဲ့တရား၊ ဒါတွေသာ ဟောနိုင်တာပဲ။ အရှင်မြတ်တို့ ဟောလေ့ ဟောထရှိတာက "ဣစ္ဆိတံ ပတ္ထိတံ" ဒီတရားပဲ။ အရှင်တို့ထံကနာရင် ဒါသာ နာရမှာပေါ့။ ငါကဘာကြောင့်များ အကျယ်တရားတောင့်တနေပါလိမ့်"

ဟုတ်တယ်. . . အရှင်မြတ်တို့ ဟောလေ့ဟောထ ရှိတယ်။

ဣစ္ဆိတံ အလိုရှိအပ်သော ပတ္ထိတံ တောင့်တအပ်သော စီးပွား ချမ်းသာမင်္ဂလာအပေါင်းတို့တုံ့ယုံ့ သင့်အား ခိပ္ပမေဝ လျင်မြန်စွာ သမိဇ္ဈတု ပြည့်စုံစေသတည်း။ သဗ္ဗေ အလုံးစုံသော သင်္ကပ္ပါ အကြံအစည်သည် စန္ဒော ပန္နရသောပထာ ဆယ့်ငါးရက်တက်ထွန်းလပြည့်ဝန်းကဲ့သို့ ပူရန္တု ပြည့်စုံစေသတည်း။

ဒီလိုတစ်ပိုဒ်ဟောတတ်ကြ တယ်၊ နောက်တစ်ပိုဒ်ကလည်း အလားတူပါပဲ။

ဣစ္ဆိတံ အလိုရှိအပ်သော ပတ္ထိတံ တောင့်တအပ်သော စီးပွားချမ်းသာမင်္ဂလာအပေါင်းသည် တုံ့ယုံ့ သင့်အား ခိပ္ပမေဝ လျင်မြန်စွာ သမိဇ္ဈတု ပြည့်စုံစေသတည်း။သဗ္ဗေ အလုံးစုံသော သင်္ကပ္ပါ

အကြံအစည်သည် မဏိဇောတိရသော ယထာ အလိုရှိသမျှ ပြီးနိုင်သော မဏိဇောတိရသ ကျောက်မျက်ရတနာကဲ့သို့ ပူရန္တု ပြည့်စုံစေသတည်း။

ဒီတရားနှစ်ပုဒ်က အရှင်မြတ်တို့ လက်သုံးတရား။ အရှင်မြတ်တို့ဟာ မိမိတို့ရဲ့ ထိတွေ့ဆင်ခြင်မှုနဲ့ သံဝေဂဉာဏ်ရကြရတယ်။ ပြီးတော့ ဝိပဿနာ ရှုတယ်။ ရုပ်နာမ်ဓမ္မ သင်္ခါတို့ရဲ့ဖြစ်စဉ်မြင်ပြီး ပစ္စေကဗောဓိဉာဏ်ရကြတယ်။ အရှင်မြတ်တို့ဟာ မိမိတို့ရဲ့ ထိတွေ့ကြုံရမှုကို အသိနဲ့ယှဉ်ဟပ်ဟောပြောပေမယ့် သတ္တဝါတွေ သံသရာကမ်းက လွန်မြောက်ကူးခပ်နိုင်အောင် ဟောနိုင်စွမ်းမရှိဘူး။

အင်း. . . ငါဟာ သမ္မာသမ္ဗုဒ္ဓ မိဉာဏ်ရတဲ့ ဘုရားရှင်နဲ့ ဆုံးစည်းရရင်ကောင်းမယ်။ ဒါမှ အဆန်းတကျယ် တရားနာရမှာ. . .။ ခုတော့ ကံကောင်းလို့ ပစ္စေကဗုဒ္ဓါအရှင်သူ မြတ်တွေ ပူဇော်ရတယ်။ ဒါပေမယ့် မွန်မြတ်တဲ့ တရားဒေသနာကို ကျယ်ကျယ်ပြန့်ပြန့် မကြားရသေးဘူး။ ဆန္ဒပြည့်အောင် တရားမနာရဘူး။ ဟောသွားတဲ့ တရားက တိုတောင်းလိုက်တာ။ ချမ်းသာစေသတည်းတဲ့။ ဒါဟာ သတ္တဝါတိုင်း တောင့်တတဲ့ဆန္ဒပါ။ စိတ်ချမ်းသာကိုယ်ချမ်းသာရှိမှုကို သတ္တဝါတိုင်း တောင့်တတယ်။ ဒီတောင့်တချက်ပြည့်စေတဲ့. . အရှင်မြတ်က ဆုပေးခဲ့တယ်။ အဲ . . . နောက် တစ်ပိုဒ်က ဘာတဲ့. .။ ဩော်. . . မှတ်မိပြီ . . မှတ်မိပြီ။ ရာဂကုန်စေသတည်းတဲ့။

ရာဂ. . . ရာဂဆိုတာဘာလဲ။ အနက်က ဘယ်လိုဖွင့်ရမလဲ။ သေသာသေချင်တော့တယ်။ အရှင်မြတ်တို့ကတော့ ရသာထူးကဲတဲ့ အစာကျွေးတာပဲ။ ဒါပေမယ့် လျှာမရှိတဲ့ပုဂ္ဂိုလ်က ဘယ်မှာ အရသာခံစားနိုင်မလဲ။ တရားသဘောမသိတဲ့ငါဟာ လျှာမရှိသူလို ဖြစ်နေပြီ။ ခက်လိုက်တာ. . . အရှင်မြတ်တို့က ဘာကြောင့်များ ဒီလို တိုတောင်းတောင်း ဟောပါလိမ့်။

ကျွန်ုပ်သည် ကောင်းကင်ခရီးဖြင့်ပြန်ကြွသွားသော အရှင်မြတ်တို့ကို မျှော်ကြည့်ရင်း တောင်တောင်အီအီ တွေးနေမိသည်။

ထိုစဉ် အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

"အင်း. . . . အကြီးဆုံးပုဂ္ဂိုလ်က မဟောနိုင်ပေမယ့် ဒုတိယပုဂ္ဂိုလ်က ဟောနိုင်ကောင်း ဟောနိုင်မှာ. . . ငါသတိပေါ့လိုက်တာ. . . မနက်ဖြန် ဆွမ်းစားကြွပါဦးလို့ ဖိတ်ရင်ကောင်းသား။ ဘာပဲဖြစ်ဖြစ် ငါအဓိဋ္ဌာန်ပြုပြီး ပင့်ကြည့်မယ်။ တန်ခိုးရှင်ပုဂ္ဂိုလ်တွေဆိုတော့ ငါပင့်တာ သိတန်ကောင်းပါတယ်. . .။

ကျွန်ုပ်သည် ပြန်ကြွသွားသော အရှင်မြတ်တို့ကို ရည်မျှော်လျက် လက်အုပ်ချီ ပင့်လျှောက်လိုက်လေသည်။

*　　*　　*

ကျွန်ုပ်သည် အရှင်မြတ်တို့အား မျက်ကွယ်တွင် အမိဋ္ဌာန်တင် ပင့်ရ၍ စိတ်ထဲ မတင်မကျဖြစ်မိသည်။ အရှင်မြတ်များ သိမှသိပါ့မလား . . . ဆွမ်းစားကြွလာပါ့မလာ. . ငါ နာချင်တဲ့တရား နာရပါ့မလား . . . ဟု တောင်တောင်အီအီတွေးနေမိသည်။

သို့သော် ဆယ်ရေးတစ်ရေး ကိုယ်ရေးတစ်ရာကိစ္စအတွက် ဆွမ်းဘောဇဉ်ကို အသင့်ပြင်ထားလိုက်သည်။

"အို. . . ဝမ်းသာလိုက်တာ ဘုရား. . . တပည့်တော် သတိချွတ်ချော်ပြီး မနေ့က မပင့်ဖိတ်မိတော့ ကြွမှ ကြွပါ့မလားလို့ ပူနေမိတယ်"

"တကာတော် ဖိတ်ပါတယ်လေ"

"တင်ပါ့. . ဖိတ်တော့ ဖိတ်မိပါ တယ်၊ ဟိုဒင်း. . . မျက်ကွယ်မှာဆိုတော့ . . . "

ကျွန်ုပ်စကားက အရှင်မြတ်တို့၏ တန်းခိုးဣဒ္ဓိပတ်ကို သံသယဖြစ်ရာရောက်သွားလေမလားဟု အတွေးဝင်သဖြင့် ရပ်ထားလိုက်သည်။

အရှင်မြတ်တို့ ကြွလာပြီဆိုတော့ အတိုင်းထက်အလွန် ပြည့်စုံသွားသဖြင့် အမှုလုပ်တို့ကို ဆွမ်းပြင်စေသည်။ မွန်မွန်မြတ်မြတ် စားဖွယ်ရာတို့ကို နှစ်လိုဖွယ်ရှိအောင် ပြင်ဆင်ဆက်ကပ်လိုက်သည်။

"အရှင်မြတ်တို့ နှစ်လိုစွာ ဘုဉ်းပေးတော်မူပါ. . . တပည့်တော်ဟာ သူတော်ကောင်းကို အစဉ်မိုးကပ်နေသူမို့ ဒါနနဲ့ ယဉ်ပါးပါတယ် ဘုရား။ ဒါနလုပ်နေရင်လည်း ကြည်နူးပီတိ ဖြစ်မိပါတယ်။ အရှင်မြတ်တို့ ဘုရား. . တပည့်တော် အထူးပန်ကြားချင်တာ တစ်ခုရှိနေပါတယ်။ မှန်ရာဝန်ခံရရင် တပည့်တော်ဟာ ဉာဏ်နုံနဲ့သူပါ၊ အကျဉ်းပြလို့ အကျယ်မမြင်၊ အရိပ်ပြလို့အကောင် မထင်သူပါဘုရား"

ကျွန်ုပ်က ပရိယာယ်ဖြင့် အကျယ်တရားဟောဖို့ လျှောက်တင်လိုက်သည်။ ကျွန်ုပ်တင်လျှောက်သည်ကို မသိကျိုးကျွန်ပြုလျက် ဆွမ်းဘုဉ်းပေးနေကြသည်။ ဘာပဲဖြစ်ဖြစ် သည်နေ့တော့ တရားကိုအဆန်းတကျယ် တန်ဆာဆင်ဟောမှုနာရလိမ့်မည်ဟု မျှော်လင့်ထားလိုက်မိသည်။

သို့သော် ဆွမ်းအမှုပြီးချိန် ဒုတိယမြောက်ပုဂ္ဂိုလ်က တရားဟောသည်၊ ရှေးနည်းအတိုင်း တိုတိုတုတ်တုတ်ပင်။

ချမ်းသာစေသတည်း. . . ဒေါသကုန်စေသတည်းတဲ့. . . ။

သည်နေ့တော့ ကျွန်ုပ်တွေဝေမနေတော့ပါ။ ဒုတိယမြောက်အရှင်ထံက မနာရသော်လည်း တတိယ၊ စတုတ္ထ၊ ပဉ္စမသဖြင့် တစ်ပါးပြီး တစ်ပါးဟောလျှင် တစ်ပါးပါးထံက နာရလိမ့်မည်။ နာခွင့်ကြုံအောင် ဆွမ်းစားကြွဖို့ ပင့်ဖိတ်လိုက်သည်။

တတိယမြောက် အရှင်မြတ်က "မင်းကြီးချမ်းသာစေသတည်း. . . မောဟကုန်စေသတည်း. . " ဟု ဟောသည်၊

တစ်ပါးနှင့်တစ်ပါး ထူးမကွာလှ။ ချမ်းသာစေသတည်းဟု ပုဂ္ဂိုလ်တိုင်းက ဟောကြပြီး ဒုတိယအပိုဒ်တွင်သာ အနည်းငယ်ခြားနားသည်။

စတုတ္ထမြောက် အရှင်က ဂတိကုန်စေသတည်း။

ပဥ္စမမြောက် အရှင်က ဘဝကုန်စေသတည်း။

ဆဋ္ဌမမြောက် အရှင်က ဝဋ်ဆင်းရဲကုန်စေသတည်း။

သတ္တမမြောက် အရှင်က ဥပဓိကုန်စေသတည်း။

အဋ္ဌမမြောက် အရှင်က တဏှာကုန်စေသတည်းတဲ့. . .။

ပစ္စေကဗုဒ္ဓါအရှင်များ ဖူးခွင့်ကြုံ၍ တရားအဆန်းနာရလိမ့်မည်ဟူသော ကျွန်ုပ်၏မျှော်လင့်ချက်ပျက်ပြယ်သွားတော့သည်။

အရှင်မြတ်တို့ကို ဖူးရစဉ်က အမည်ကိုမေးမိသည်။ ဗဟုသုတဟုမြဲ၍ အားတက်ခဲ့သည်။ အကြားအမြင်များသော ပုဂ္ဂိုလ်နှင့် စကားပြောရလျှင် ကျွန်ုပ်အဖို့ အဖိုးအနဂ္ဃထိုက်သည့် သုတစကားကြားရလိမ့်မည်ဟု ထင်ခဲ့မိသည်။

ကျွန်ုပ်သည် အလိုအာသီသ မပြည့်သဖြင့် အဆောင်တော်ထဲက မထွက်။ သလွန်ထက်ကမဆင်း။ လေသာပြတင်းဖွင့်လျက် ဂန္ဓာမာဒနတောင်ဆီသို့သာ ငေးကြည့်နေမိသည်။ ကျွန်ုပ်စိတ်ထဲ တစ်ခုခုတောင့်တနေမိသည်တော့ အမှန်ပင်။

*　　*　　*

ချမ်းသာစေသတည်း. . .။

ရာဂကုန်စေသတည်း. . .။

အကြီးဆုံး ပစ္စေကဗုဒ္ဓါအရှင်မြတ်ဟောသွားသည့်တရားကို ပြန်တွေးကြည့်သည်။

ချမ်းသာခြင်းကို သတ္တဝါတိုင်း တောင့်တ၏။ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု မရလိုသော သတ္တဝါမရှိကြ။

စည်းစိမ်ဥစ္စာပြည့်စုံလျှင် ကိုယ်ချမ်းသာမှုရှိသည်တော့ အမှန်ပင်။ သို့သော် စိတ်လိုအင်ဆန္ဒပြည့်မြောက်မလား. . . မပြည့်နိုင်။

ကျွန်ုပ်သည် ဗာရာဏသီပြည့်ရှင် ဖြစ်သည်။ ရေမြေကို မိုးစိုးသည်။ ဗာရာဏသီပြည်တွင်းရှိသည့် သက်ရှိသက်မဲ့တို့ကို ပိုင်ဆိုင်သည်။ စည်းစိမ်ဥစ္စာကြောင့် သောကရောက်စရာ မရှိ။

သို့သော် စိတ်ချမ်းသာမှုတော့ မပြည့်စုံ။ တိုင်းပြည်အတွက် ကြောင့်ကြရသည်။ နန်းမှု၊ နန်းရေးအတွက် ကြောင့်ကြရသည်။ ပြည်သူ့အတွက် ကြောင့်ကြရသည်။ မိမိအရေး. . . မိဖုရားအရေး. .

သားတော် သမီးတော်တို့အရေး. . . အရေးပေါင်းစုံ အတွက် ပူပင်နေရသည်။

အရှင်မြတ်တို့က ချမ်းသာစေသတည်းဟု ဆုပေးသည်။ ကိုယ်ရောစိတ်ပါ ချမ်းသာရေး ဆုပေးခြင်းပင်။ ဤအတွက် အနက်မထင်စရာ အကြောင်းမရှိ။

သို့သော် ရာဂကုန်စေသတည်းဟူသော ဆုကိုမူ အနက်မပေါ်။

ရာဂ. . .၊

ရာဂဆိုတာ ဘာလဲ။

ငြိကပ်ခြင်း၊ တွယ်တာခြင်း၊ နှစ်သက်ခြင်းဖြစ်နိုင်သည်။

တပ်မက်သည်ဆိုကတည်းက တဏှာဖြစ်နေပြီ။ တဏှာရှိလျှင် ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ မြေယာ၊ အိုးအိမ်၊ မြို့ရွာ၊ ပြည်နယ်ကို တွယ်မက်နေမည်။ စွန့်လွှတ်ဖို့ ခက်ခဲမည်။ ပေးကမ်းဖို့ တွန့်ဆုတ်မည်။

အမှန်ပင်. . .။ ဤတပ်မက်စိတ်ကြောင့်ပင် ကျွန်ုပ်သည် ဟာရာဏသီကို မစွန့်ခွာနိုင်သေး။ ရွှေနန်းတော်ကြီးကို မခွဲခွာနိုင်သေး။ တောင်ညာစံဒေဝီ၊ မဟေသီမိဖုရားကြီးကို မပစ်ပယ်နိုင်သေး။ မိဖုရားကြီးသာမက ဖောင်းမိဿံ၊ ကိုယ်လုပ်၊ ရံရွှေတော်တွေပင် မစွန့်လွှတ်နိုင်သေး။

မစွန့်လွှတ်နိုင်ခြင်းက လိုချင်မှု သဘောပင်။ လိုချင်မှုသည် လောဘ။

လောဘကြောင့် ရွှေကိုလိုချင်သည်။ ငွေကိုလိုချင်သည်။ အစားအစာလိုချင်သည်။ အဝတ်အထည်လိုချင်သည်။ အခြွေအရံလိုချင်သည်။ ဆင်၊ မြင်း၊ ကျွဲ၊နွား၊ ယာဉ်ရထားလိုချင်သည်။ လိုချင်မှုတွေက အကောမသတ်။

အမှန်ပင်။ ပုထုဇဉ် မှန်သမျှသည် အဆင်းအမျိုးမျိုးမြင်ပြီး ဤအဆင်းတွေ နှစ်သက်မှု၊ တွယ်တာမှု ဖြစ်သည်။ အဆင်းရူပါ၏ဖမ်းစားမှုကြောင့် တဏှာကွန်ယက်တွင် သက်ဆင်းရသည်။ ရူပတဏှာ၏ ဖမ်းချုပ်မှုကြောင့် မလှုပ်နိုင်၊ မရုန်းနိုင်။ တရစ်ဝဲဝဲ ကျင်လည်နေရသည်။

လူသည် သာယာသောအသံကို လည်းကြားချင်ပြန်သည်။ ချိုသာသော အသံလေးကြားရလျှင် ထပ်ပြန်တလဲလဲ တောင့်တသည်။ ဤသည်မှာ သဒ္ဒတဏှာ၏ ဖမ်းစားခံရခြင်းပင်။

လူသည် မွှေးကြိုင်သော အနံ့ကိုလည်း နှစ်သက်ပြန်သည်။ နှင်းဆီ၊ သောက၊ ယင်းမာ၊ ခတ္တာစသည့် ပန်းရနံ့တွေကို တရှိုက်မက်မက်ရှူချင်သည်။ နန်းတွင်းသူများဆိုလျှင် တော်ဝင်သဇင်ပန်းကို မြတ်နိုးကြသည်။ သဇင်ပန်းတွေ့လျှင် အလုအယက် ပန်ဆင်ကြသည်။ ဤသည်မှာ ဂန္ဓတဏှာ၏ ဖမ်းချုပ်မှု ခံရခြင်းပင်။

လူသည် ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ရသတဏှာကိုလည်း မက်မောသည်။ လျှာအလိုကိုလိုက်၍ တစ်နေ့တစ်မျိုးမရိုးအောင် ချက်ပြုတ်ကြော်လှော် စားသောက်ကြသည်။ ခံတွင်းမမြိန် မြိန်အောင် ဖန်တီး

စားသုံးကြသည်။ ဤသည်မှာ ရသတဏှာ၏ ဖမ်းစားခြင်းခံရမှုပင်။

လူသည် ဖောဋ္ဌဗ္ဗဟူသော အတွေ့တဏှာကိုလည်းကောင်း၊ ဓမ္မတဏှာဟူသော တရားသဘော၏ ဖမ်းစားမှုကိုလည်းကောင်း ခံစားရ သည်။ ဤတဏှာခြောက်မျိုး၏ ဖမ်းစားမှုက လူတို့ရုန်းမထက်နိုင်ကြ။

တဏှာ၏ ဖမ်းစားမှုကြောင့် နေ့စဉ် အလိုအာသဝ မပြည့်နိုင်ကြ။ မိုးလင်းက မိုးချုပ်တလှုပ်လှုပ် ရှာရသည်။ မရှိသူက တောင့်တပြီး၊ ရှိသူက ကြောင့်ကြနေရသည်။ တဏှာ၏တောင်းဆိုမှုကြောင့် နေ့စဉ်ရုန်းကန်နေရသည်။ စားဖို့၊ ဝတ်ဖို့၊ နေဖို့ အတွက် တွေးတောပူပန်ရသည်၊ ရှာဖွေစုဆောင်းရသည်။

ဒုက္ခ. . .။

မရှိသူက တောင့်တရသည်၊ ကျွန်ုပ်ကဲ့သို့ အဘက်ဘက်ကပြည့်စုံသူကျတော့ ရှိနေမှု၊ ပိုင်ဆိုင်ထားမှုမပျက်စီးအောင် မဆုံးရှုံး မလျော့ပါးအောင်ကြောင့်ကြရပြန်သည်။ မိမိစည်းစိမ်၊ မိမိ၏ ပိုင်ဆိုင်မှု ပြိုလဲသွားမည်စိုး၍ ဘေးရန်ကာကွယ်ရသည်၊ မရောက်လာသေးသော အန္တရာယ်အတွက် ရောက်လာလျှင် ဘယ်ပုံကာကွယ် မည်ဟု အစဉ်ကြံဆနေသည်။ မိမိကို ထိပါးမလာသည့်တိုင် ကြိုတင်ကာကွယ်သည့်အနေနှင့် တစ်ပါးသူကို ရန်ပြုသင့်က ပြုရသည်။ တဏှာလောဘကြောင့် စစ်ပွဲတွေ ဖြစ်ရသည်၊ ဖန်တီးရသည်၊ တွယ်မက်စိတ်ကြောင့် လူ့အသက်တွေ ဆုံးရှုံးရ၊ သွေးထွက်သံယိုဖြစ်ရ၊ အနာတရ ဖြစ်ကြရသည်။

ဟယ်. . . ငါအဖြေရှာရပြီ။

ကျွန်ုပ်သည် ဝမ်းသာအားရဖြင့် သလွန်ပေါ်က ထလိုက်သည်၊ စိတ်ရွှင်လန်းတက်ကြွစွာဖြင့် အခန်းတွင် ဟိုဟိုသည်သည် လျှောက်မိသည်။ စူးစမ်းရှာဖွေတွေ့လိုက်သည့် အသိကြောင့် စိတ်ရွှင်လန်းသွားသည်။

ကြည့်စမ်း၊ အရှင်မြတ်ဟောသွားတာ ခုမှအဖြေရတယ်၊ ဘာတဲ့. . . ရာဂကုန်စေသတည်းတဲ့၊ အဌမမြောက် အရှင်မြတ်က တဏှာကုန်စေသတည်းတဲ့။ လူတွေက စိတ်သောကရောက်အောင် ဖန်တီးနေတဲ့ ဒီတဏှာကုန်လျှင် တဏှာ၏နှိပ်စက်မှု မခံရတော့။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံတွေရဲ့ ဖမ်းစားမှု မခံရတော့၊ ဤသို့ မခံရလျှင် ပူပင်စရာလည်းမလို၊ တွယ်မက်စိတ်မရှိက ဆုံးရှုံးမည်ကို ကြောင့်ကြစရာလည်း မရှိ၊ သောကရောက်စရာလည်း မရှိ၊ သောကမရှိလျှင် စိတ်ချမ်းသာပြီ၊ စိတ်ချမ်းသာလျှင် ကိုယ်လည်း ချမ်းသာမည်၊ အရှင်မြတ်တို့ မိန့်ကြားသည့် ချမ်းသာစေသတည်းဟူသည်က ဤသည်ကို ဆိုလိုခြင်းပင်။

ကျွန်ုပ်သည် လေသာပြတင်းရှေ့ သွားရပ်ပြီး ဂန္ဓမာဒနတောင်ဆီမျှော်လျက် လက်အုပ်ချီလိုက်သည်၊ အရှင်မြတ်တို့ ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့လျက် ဦးခိုက်မိတော့သည်။

*  *  *

လိုရင်းတိုရှင်း ဟောကြားခဲ့သည့် အရှင်မြတ်တို့၏ တရားအနက်ကို ကောက်မိသည်နှင့် ကျွန်ုပ် ဆက်စဉ်းစားလိုက်သည်။

တတိယမြောက် အရှင်က မောဟကုန်စေသတည်း့တဲ့။

မောဟ၊ မောဟဟူသည် တွေဝေခြင်းပဲ။ သဘောတရားတစ်ခု၊ အကြောင်းအရာတစ်ခု၊ အယူဝါဒ တစ်ခုကို ပြတ်ပြတ်သားသားမမြင်၊ မဆုံးဖြတ်နိုင်မှုသည် တွေဝေမှုပင်။

မောဟကို တွေစေသည်ဟု ဆိုခြင်းထက် မိုက်မဲမှုဟုဆိုက ပို၍တိကျမည်။ မိုက်မဲသည်ဟူသော စကားအဓိပ္ပာယ်မှာ မိုက်ခနဲဖြစ်လျှင် သတိချွတ်ယွင်းသွားသည်။ ဘာကိုမှ မှန်မှန်ကန်ကန်မမြင်။ မိုက်သည် ဆိုခြင်းမှာ မှောင်မည်းခြင်းပင်။ မှောင်မည်းနေလျှင် ဘာမျှမမြင်။ မိုးမှောင်လဲကျ၊ ဆီမီးရောင်လည်း မရှိသော ညမျိုးဆိုလျှင် ဘာကိုမျှ မမြင်နိုင်။ သည်သဘောအရဆိုလျှင် မောဟဟူသည် အလင်းမမြင်ရအောင် အမှောင်ချပေးလိုက်ခြင်းပင်။ မှောင်ပြီဆိုကတည်းက အရာဝတ္ထုတွေကို ခွဲခြမ်းမသိနိုင်တော့။ မောဟကမ္ဗလာ ဖုံးနေသော မျက်လုံးသည် အကန်းတစ်ယောက်နှင့်မခြား တူသွားသည်။ ဘာမျှမမြင်နိုင်၊ မသိနိုင်၍ အ ကောင်းအဆိုး၊ အကြောင်းအကျိုးအမှားအမှန် ဝေဖန်နိုင်စွမ်းမရှိတော့။ ဖြူစင်နေသောစိတ်ကို မောဟဖုံးပေး လိုက်သဖြင့် အကောင်းအဆိုးမသိ။ အမှားအမှန်မသိ။ မသိ၍ မကောင်း တာလုပ်ဖို့လည်း မရှက်တော့။ ကြောက်ရလန့်ရမှန်းလည်း မသိတော့။

မောဟသည် ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားမသိအောင် မှောင်မိုက်စေသော တရားဖြစ်သဖြင့် နှလုံးသားတွင် မဖုံးလွှမ်းစေဖို့ အရေးကြီးသည်။ ဤသည်ကို မြင်သိနေသော အရှင်မြတ်က မောဟကုန်စေ သတည်းဟု ဆုပေးလိုက်သည်။

တရားအတိုကောက်ကို အစဖော်နိုင်သည်နှင့် ကျွန်ုပ်သည် အရှင်မြတ်တို့ဟောကြားသည့် တရား တို့ကို ဆက်စဉ်းစားကြည့်သည်။

ဂတိကုန်စေသတည်း။

ဘဝ ကုန်စေသတည်း။

ဝဋ်ဆင်းရဲကုန်စေသတည်း။

ဥပဓိ ကုန်စေသတည်း။

ကျွန်ုပ်တို့သည် တွေဝေသည့်သဘော၊ မိုက်မဲသည့်သဘောကြောင့် အမှားအမှန် မသိခဲ့ကြ၊ သစ္စာတရားမှန်ကို မမြင်၍ အေးငြိမ်းရာနိဗ္ဗာန်ကိုလည်း မမြင်မိ။

မသိ၍မမြင်၊ မမြင်၍လုပ်မိ၊ လုပ်မိခြင်းကြောင့် သံသရာတွင် တဝဲလည်လည် ကျင်လည်ခဲ့ရသည်။ မိမိ ၏ကောင်းမှု၊ မကောင်းမှု ကံပေါ်တည်လျက် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်၊ အပါယ် လေးဘုံတွင် နစ်ချီ၊ မြုပ်ချီ စုန်ဆန်လည်ပတ် ချားရဟတ်နှယ် ဖြစ်ခဲ့ရသည်။

ကျွန်ုပ်သည် ဤဘဝမျိုးရောက်အောင် ဘယ်ဘဝက ဘာကောင်း မှုလုပ်ခဲ့၍ ဖြစ်လာသည်မသိ။ ကုသိုလ်၊ အကုသိုလ် ခွဲခြားသိလိုက်၍ ကောင်းမှုပြုမိသဖြင့် ဤနည်း ဤပုံ ခံစားရခြင်းဖြစ်သည်။ အကယ်၍ တွေဝေမိုက်မှားခဲ့ငြားက တခြားတစ်ပါးသော ဘုံဌာနရောက်နေမည်မှာ သေချာသည်။

ကျွန်ုပ်သည် ဤဘဝမှ နောက် ဘယ်ဘဝမျိုး ကူးရဦးမည်မသိ။ ကောင်းသော ဘုံဌာနရောက်လျှင်၊ မထောင်းတာသော်လည်း အပါယ်ငရဲကျလျှင် ဝဋ်ဆင်းရဲခံရပေမည်။ ဆင်းရဲခြင်းနှင့် ငရဲကို မခံစားလိုပါ။ ထိုသို့ မစံစားစေလိုသဖြင့် အရှင်မြတ်တို့က ဝဋ်ဆင်းရဲကုန်စေသတည်း. . . ဘဝကုန်စေသတည်း. . . ဂတိကုန်စေသတည်းဟု ဆုပေးခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် တရားအကျဉ်းကို ဆက်စပ်ဆင်ခြင်လိုက်သည်နှင့် အဖန်တလဲလဲ ကျင်လည်ရသော ဘဝများကို ငြီးငွေ့လာသည်။ သံသရာတွင် တဝဲလည်လည်ဖြစ်နေမည်ကို ကြောက်လာသည်။ ကျွန်ုပ်သည် မိမိဘဝကို တွယ်တာတပ်မက်စိတ်မရှိတော့။ သံသရာမှ ရုန်းထွက်လိုစိတ် ဖြစ်လာသည်။

နေ့စဉ် ရက်ဆက်ဖြစ်လာသော ငြီးငွေ့စိတ်ကို မျိုသိပ်မထားနိုင်တော့သဖြင့် မှူးမတ်သေနာပတိတို့ကို ဆင့်ခေါ်လိုက်သည်။ ပရိသတ်ဗိုလ်ပုံအလယ်တွင် ကျွန်ုပ်သည် ရဟန်းပြုတော့မည်အကြောင်း ကြေညာလိုက်သည်။

အားလုံးက အံ့အားတသင့် ငေးကြည့်နေကြတော့၏။

* * *

ကျွန်ုပ်သည် ရဟန်းဖြစ်ကတည်းက ဗဟုသုတအမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်မိသည်။

အရှင်မြတ်တို့သည် အမှန်ပင် ဗဟုသုတရှိပါပေသည်။

တစ်စုံတစ်ယောက်သောသူက မြေပြင်ကို လက်ညှိုးညွှန်လျက် ဒီကမ္ဘာမြေပြင်ဟု ဆိုလိုက်ခြင်းမှာ ထို ညွှန်ပြသော မြေကွက်ကလေးတစ်ခုသာမဟုတ်၊ ကမ္ဘာတစ်ခွင် တစ်ပြင်လုံး ညွှန်းဆိုခြင်းဖြစ်သည်။

တစ်စုံတစ်ယောက်သောသူသည် ကောင်းကင်ကို လက်ညှိုးညွှန်ပြလျက် ဒီမိုးကောင်းကင်ဟု ဆိုလိုက်ခြင်းမှာ ထိုညွှန်ပြသောကောင်းကင် နေရာလေးသာမဟုတ်။ မိုးကောင်းကင်တစ်ခုလုံး ညွှန်းဆိုခြင်း ဖြစ်သည်။

ထို့အတူပင် အရှင်မြတ်တို့က စကားတစ်ခွန်းမိန့်ဆိုသည်။ တစ်ခွန်းတည်းဆိုပင် ဆိုငြားသော်လည်း အဓိပ္ပာယ်သက်ရောက်သော အကြောင်းအရာအားလုံး ညွှန်းဆိုခြင်းဖြစ်သည်။ အကျဉ်းကို အကျယ်ချဲ့ စဉ်းစားလျှင် အနက်ပေါ်လွင်လာပေသည်။

အရှင်တို့ကား ဗဟုသုတပြည့်စုံပေစွ။

ဗဟုသုတပြည့်စုံသော အရှင်မြတ်တို့၏ ပညာဉာဏ်ကြီးကျယ်မှု ဆင်ခြင်လိုက်သော် အရှင်တို့ကဲ့သို့ ဗဟုသုတကြီးမားလိုစိတ်ဖြစ်လာသည်။ သစ္စာလေးပါးကို ထင်မြင်လိုလာသည်။ ဤတွင် ရုပ်၊ နာမ်ဓမ္မ သင်္ခါရ တို့ကို ဆင်ခြင်လိုက်သည်။ ဖြစ်ပျက်ပြောင်းလဲတတ်သော၊ မတည်မမြဲ ဖောက်လွဲဖောက်ပြန်ဖြစ်တတ် သော၊ အစိုးမရသောဤခန္ဓာဖြစ်စဉ်ကို မြင်လာသည်နှင့် ထာဝရမြဲမြံသော ဘဝကိုတောင့်တမိသည်။

တစ်ချိန်က. . .

ကျွန်ုပ်သည် ပြဟ္မဒတ်မင်းဟူသော မာန်ဖြင့် ကိုယ့်ကိုယ်ကို အထင်တကြီး ရှိခဲ့သည်။ ငါ. . ငါ. . ငါ. . ဟူသော ငါမာန်တက်ခဲ့သည်။ အမှန်က ငါမဟုတ်ဘဲ ငါလုပ်နေခြင်းဖြစ်သည်။ ဤမာန်တက်မှု၏ အပြစ်မြင်လာသည်နှင့် မိမိ၏ ရုပ်ခန္ဓာကို ဆင်ခြင်ပွားလိုက်ရာ သစ္စာလေးပါးတရား ထိုးထွင်းမြင်လာတော့သည်။

ကျွန်ုပ်သည် ပစ္စေကဗောဓိ ဉာဏ်ရသည်နှင့် ရှေးရှေးက နောင်တော်ပစ္စေကဗုဒ္ဓါတို့ ဆောင်ရွက်ရသည့်အတိုင်း ဖွင့်ဟကြေညာလိုက်သည်။

ဗဟုဿုတံ ဓမ္မဓရံ ဘဇေထ။
မိတ္တံ ဥဠာရံ ပဋိဘာန ဝန္တံ။
အညာယ အတ္တာနိ ဝိနေယကင်္ခါ၊
ဧကော စရေ ခဂ္ဂ ဝိသာဏ ကပ္ပော။

အရှင်မြတ်တို့ဘုရား. . . ပညာရှိသော ပုဂ္ဂိုလ်သည် ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ်တရားနှင့် မဂ်၊ ဖိုလ်၊ ဝိဇ္ဇာ၊ အဘိညာဉ် ဟု ဆိုအပ်သော ပဋိဝေဓတရား၌ အကြားအမြင်လည်းရှိ မြတ်သောပညာလည်းရှိသော အဆွေခင်ပွန်းကောင်းကို မှီဝဲဆည်းကပ်ရပါမည်။ မြတ်သောနိဗ္ဗာန်အကျိုးကို သိမြင်၍ ယုံမှားသံသယကို ပယ်ဖျောက်ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပါသည်။ ကျွန်ုပ်ကဲ့သို့ ဖြစ်လိုသောသူသည် တစ်ချောင်းတည်းသော ကြံ့ချိုနှင့်တူစွာ တစ်ယောက်တည်းနေ၍ ကျင့်ကြံရပါမည်ဘုရား. . .။

ကျွန်ုပ်သည် ရွှင်လန်းတက်ကြွစွာ ဥဒါန်း၊ ကျူးရင့်လိုက်သည်။ ဤကျူးရင့်သံအဆုံးတွင် အရှင်မြတ်တို့၏ သာဓုခေါ်သံက ဂန္ဓာမာဒန တောင်တစ်ခုလုံး ဖုံးလွှမ်းသွားလေတော့၏။ ။

*ကျမ်းကိုး*

*ပစ္စေကဗုဒ္ဓဝင်မှ သုတပြဟ္မဒတ် ကိုမှီးပါသည်။*

# ပါဋလိဂါမ



# ပါဠလိဂါမ

ကျွန်ုပ်တို့ ပါဠလိဂါမသတင်းက ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံး တစ်မဟုတ်ချင်း ကျော်ကြားသွားသည်။

ပါဠလိဂါမသည် ရာဇဂြိုဟ်နှယ် မြို့ကြီးမဟုတ်ပါ။ ဝေသာလီကဲ့သို့ ထူးခြားသည့် ဒေသလည်းမဟုတ်ပါ။ သာမန်ရွာငယ်ကလေးတစ်ရွာမျှသာ ဖြစ်ပါသည်။

မဂဓတိုင်းနှင့်ဝဇ္ဇီတိုင်းကို နယ်နိမိတ်ပိုင်းခြားထားသကဲ့သို့ ဂင်္ဂါမြစ်ကြီးစီးဆင်းထားပါသည်။ နွေနွေ. . မိုးမိုး. . . ဆောင်းဆောင်း ထာဝစဉ်တသွင်သွင် စီးဆင်းနေသော ဤဂင်္ဂါမြစ်သည် မဇ္ဈိမတိုင်းသားတို့ အသက်သွေးကြောဖြစ်သည်။ ဤရေကိုမှီလျက် လယ်ယာစိုက်ပျိုးကြသည်။ ဤမြစ်ကိုသုံးလျက် ဆက်သွယ်သွားလာကြသည်။ ဤဂင်္ဂါမြစ်၏ သာယာလှပသော ရှုခင်းကို ကြည့်လျက် ကြည်နူးပီတိဖြစ်ကြသည်။

ဤသို့ အရေးပါ အသုံးဝင်သော ဂင်္ဂါမြစ်ကြီး၏ တောင်ဘက်ကမ်းတွင် ကျွန်ုပ်တို့ ပါဠလိဂါမရှိသည်။ မာဂဓတိုင်းကြီး၏ မြောက်ဘက်အစွန်အဖျား၊ ဝဇ္ဇီတိုင်းကြီး၏ တောင်ဘက်ဒေသဖြစ်သည်။

ကျွန်ုပ်တို့ရွာသည် မာဂဓတို့နှင့် လည်းမဆိုင်၊ ဝဇ္ဇီတိုင်းသားတို့နှင့်လည်း မပတ်သက်။ ကြားခံနယ်မြေ တစ်ခုဖြစ်ပါသည်။ သို့သော် ပါဠလိဂါမသည် မာဂဓနှင့်လည်း သက်ဆိုင်နေရသည်။ ဝဇ္ဇီတို့နှင့်လည်း ပတ်သက်နေရသည်။ နှစ်ဖက်နယ်ခြားစောင့်တပ်တွေက ပါဠလိဂါမကို ဝင်ကြထွက်ကြသည်။ သူတို့ပိုင်နယ်မြေပမာ ပိုင်စိုးပိုင်နင်း ဆက်ဆံကြသည်။ ပါဠလိဂါမသားတို့အဖို့မူ ဆူးကြားက ဘူးခါးပမာ။ ဟိုဘက်လည်း

မတိမ်းသာ၊ ဒီဘက်လည်း မယိမ်းသာ။ နှစ်နိုင်ငံလုံးနှင့် ပြေလည်အောင် ဆက်ဆံနေရသည်။

ပါဠိလိဂါမကို နိုင်ငံတစ်ခုခုက ပိုင်ဆိုင်မှုသတ်မှတ်လျှင်လည်း ကောင်းသည်။ တစ်ဦးဦးကို အရှင်သခင်တင်ရလျှင် ဝန်တစ်ခုပေါ့သွားမှာ အမှန်ပင်။ သို့သော် မာဂဓကလည်း မကြေညာ၊ ဝဇ္ဇီကလည်း မသတ်မှတ်။ ဤသည်မှာ ကျွန်ုပ်တို့ ပါဠိလိဂါမသားတို့ကို မေတ္တာထားလွန်း၍တော့မဟုတ်။ နိုင်ငံကြီးနှစ်နိုင်ငံ ထိပ်တိုက်ရင်ဆိုင်ရမှာစိုး၍ ရှောင်လွှဲခြင်းသာ။

မဂဓပဲပိုင်ပိုင်၍ ဝဇ္ဇီကပဲအုပ်ချုပ်အုပ်ချုပ် ကျွန်ုပ်တို့အဖို့ မထူးခြားပါ။ မင်းကျင့်တရားဆယ်ပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ သင်္ဂဟတရားလေးပါးနှင့်အညီအုပ်ချုပ်သော မင်းကို ကြိုဆိုရမည်ပင်။ ခုတော့. . .

နှစ်ဖက်စစ်သည်တော်တွေ ဝင်ကြထွက်ကြသဖြင့် စိတ်ပျက်စရာ ကောင်းလှသည်။ အထူးသဖြင့် ဝဇ္ဇီတိုင်းသားတွေက နှိပ်စက်လွန်းသည်။

သူတို့သည် စစ်စိတ်၊ စစ်သွေး ထက်သန်သူများဖြစ်သည်။ အစဉ်နိုးကြား၊ ဖျတ်လတ်သတိရှိကြသည်။ လိစ္ဆဝီတိုင်းစစ်ရေး၌ အာရုံစိုက်သည်။ မိုးလင်းကမိုးချုပ် စစ်ရေးလေ့ကျင့်ကွင်းတွင် အချိန်ကုန်နေသည်။ ဓားရေး၊ လှံရေး၊ မြင်းစီး၊ ဆင်စီး၊ စစ်ဆင်၊ စစ်တက် အတတ်တွေ လေ့ကျင့်နေတတ်သည်။ ဆောင်ဓားကို လက်ကမချဘဲ ဓားတဝင့်ဝင့်ရှိနေတတ်သည်။ တိုင်းပြည်ကို စစ်အင်အားနှင့် တည်ဆောက်ထားသူများ ဖြစ်၍ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ အပြုအမူများ ကြမ်းတမ်းလွန်းလှသည်။

ကျွန်ုပ်တို့ ပါဋလိဂါမကို မာဂဓတွေလည်း ဝင်လေ့ထွက်လေ့ ရှိပါသည်။ တာဝန်အရ လုပ်စရာရှိတာ လုပ်ကိုင်ပြီး ပြန်သွားတတ်ပါသည်။ ဣန္ဒြေရှိရှိ၊ သိက္ခာရှိရှိ လူကြီးလူကောင်း ပီပီသသ ဆက်ဆံတတ်ပါသည်။

ဝဇ္ဇီတို့ကတော့ သည်သို့မဟုတ်။ ဝင်လာကတည်းက ခပ်ရမ်းရမ်း၊ ခပ်ကြမ်းကြမ်း။

ဝဇ္ဇီတွေလာပြီဆိုလျှင် အိမ်ကြီးအိမ်ကောင်းပိုင်ရှင်တွေ စိတ်ဆင်းရဲရတော့သည်။ အိမ်ရှင်တွေကို ဖယ်ခိုင်းပြီး သူတို့က အကျအနတက်နေသည်။ အိမ်ရှင်တွေက သင့်ရာတစ်နေရာရာ ရှိနေရသည်။

ဧည့်သည်ကို အိမ်ရှင်က ကောင်းမွန်စွာ ကြိုဆို၊ ဧည့်ခံရမည့် ဝတ္တရားရှိမှန်း ကျွန်ုပ်တို့ ပါဋလိဂါမသားတွေ သိပါသည်။ ဝတ္တရားကျေပွန်အောင်လည်း ဆောင်ရွက်လေ့ရှိပါသည်။ သို့သော် ဝဇ္ဇီတိုင်းသားတွေက ကြိုဆိုဧည့်ခံမှုကိုပင်မစောင့်စား၊ သူ့အိုး၊ သူ့အိမ် သူပိုင်ပစ္စည်းပမာ ပြုမူတတ်ကြပါသည်။

ဤသို့ တည်းခိုပြန်လျှင်လည်း တစ်ရက်နှစ်ရက် တည်းသည်မဟုတ်။ တစ်ကြိမ်လာလျှင် တစ်ပတ်ဆယ်ရက်ကြာသည်။ တစ်ခါတစ်ရံ သီတင်းနှစ်ပတ်ထိပင် နေတတ်သည်။ တစ်ကြိမ်လာလျှင် နှစ်ပတ်ခန့်နေတတ်ပြီး တစ်လနှစ်လအတွင်း နောက်တစ်ကြိမ် ရောက်လာတတ်သည်။ ဝဇ္ဇီတိုင်းသားတို့ကြောင့် အိမ်ကြီးအိမ်ကောင်းပိုင်ရှင်တွေ စိတ်ဆင်းရဲရသည်။

ဝဋ္ဋိတိုင်းသားတွေ နှောင့်ယှက်မှုဒဏ်က ကင်းဝေးအောင် မည်သို့ စီစဉ်ရမည်ကို ကျွန်ုပ်တို့ ညှိနှိုင်းပော ရသည်။ လိုလျှင်ကြံဆနည်းလမ်းရ ဆိုစကားအတိုင်း အကောင်းဆုံး အကြံဉာဏ်တစ်ခုရလာသည်။

ကျွန်ုပ်တို့ ပါဋလိဂါမရွာလယ်တွင် ကွက်ပြင်သာကြီးတစ်ခုရှိသည်။ ကလေးတွေ ဆော့ကစားရာနေရာ ဖြစ်သည်။ လူကြီးသူမတွေလည်း အနားယူအပန်းဖြေရာနေရာ ဖြစ်သည်။ ဤကွက်ပြင်သာတွင် ခိုင်ခံ့၊ သပ်ရပ်၊ လှပသော တည်းခိုဇရပ်တစ်ဆောင် ဆောက်မည်။ ဝဋ္ဋိတွေပဲလာလာ၊ မာဂဓတွေပဲလာလာ ဤ တည်းခိုဆောင်တွင် နေရာချပေးမည်။ ဤသို့ နေရာတကျ စီစဉ်ပေးလျှင် ဒုက္ခဖြစ်စရာအကြောင်း မရှိ တော့။

တည်းခိုဇရပ်ဆိုပြီး တော်ရုံလျော်ရုံ ဆောက်ထားလို့တော့ မဖြစ်။ နဂိုကတည်းက အခြေကြီးသော ဝဋ္ဋိတွေက မသပ်မရပ် အဆောက်အအုံတွင် တည်းမည်မဟုတ်။ ရွာထဲရှိ အဆောက်အုံတွေ ထက်သာမှ ကြည်ကြည်ဖြူဖြူ နေလိမ့်မည်။

ကျွန်ုပ်တို့ ပါဋလိဂါမသားတွေ တတ်မြောက်သော ဗိသုကာပညာ အစွမ်းကုန်သုံးလျက် တည်းခိုဇရပ် ကြီး ဆောက်လိုက်သည်။ ဧည့်ခန်းဆောင်ကို ခပ်ကျယ်ကျယ်ဖွဲ့သည်။ လေးဖက်လေးတန်တွင် ပစ္စည်းထား သိုရန် အခန်းတွေထားသည်။ ဤ အခန်းများ၌ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တွေ အသင့်ထားပေး သည်။ ဇရပ်၏ အရှေ့ဘက်တွင် ရေကွင်းတူးထားပေးသည်။ သောက်သောက်၊ ချိုးချိုး လိုသလို အရန်သင့် ဖြစ်အောင် စီစဉ်ပေးထားသည်။

ပါဋလိဂါမ၏ သင်္ကေတဟု ဆိုနိုင်သည့် ဤဇရပ်ကြီးပြီးမှပဲ ကျွန်ုပ်တို့ သက်မချနိုင်သည်။ လာကြစမ်း . . . ကိုယ်တော်ချော လိစ္ဆဝီတွေ၊ နေကြစမ်း။ သည်ဇရပ်မှာ လွတ်လွတ်လပ်လပ် နေပစ်လိုက်စမ်း။ ကျွမ်းထိုး ထိုး၊ မှောက်မှောက်လှန်လှန် သဘောရှိနေကြစမ်းဟုပင် ဖိတ်ခေါ်လိုက်မိသည်။

ဝဋ္ဋိတွေ ရောက်မလာခင် မင်္ဂလာရှိသော သတင်းတစ်ခု ရောက်လာသည်။

ဘုရားရှင်နှင့် နောက်ပါရဟန်းတွေ ပါဋလိဂါမ ကြွလာသတဲ့။

သည်သတင်းကြားတော့ ကျွန်ုပ်တို့ ပါဋလိဂါမသားတွေ ကြည်နူးလိုက်သည့်ဖြစ်ခြင်း။ ပါဋလိဂါမ၏ သင်္ကေတအဖြစ် တည်ဆောက်ထားသော ဤဇရပ်တွင် မြင့်မြတ်သော ပုဂ္ဂိုလ်ကို ဦးဆုံးနေရာပေးခွင့်ရလိုက် ၍ ဖြစ်သည်။ မည်သူမှမတည်းခိုခင် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်ထူးခံထိုက်သော ဘုရားရှင်ကို တင်လှူပူဇော်ရမည်ဖြစ်၍ ဝမ်းသာသွားသည်။

ဘုရားရှင် ကြွလာခြင်းသည် ကျွန်ုပ်တို့ ပါဋလိဂါမ အကျိုးမှန်းသိရတော့ ပို၍ဝမ်းမြောက်ရသည်။

ဇမ္ဗူတစ်လွှားတွင် ပါဋလိဂါမ ကျော်ကြားသွားခြင်းမှာ ဘုရားရှင်၏ ချီးမြောက်မှုကြောင့်ဟု ဆိုရပေမည်။

ကျွန်ုပ်တို့ ပါဠိလိဂါမကို ဘုရားရှင်ကြွလာချိန်၌ သက်တော်ရှစ်ဆယ်နားနီးပြီ။ နောက်ဆုံး ပစ္ဆိမကာလ ဖြစ်သည်။

ဇရာဒုက္ခလအရွယ်ရောက်နေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒုက္ခခံကြွလာခြင်းမှာ ကျွန်ုပ်တို့ကို ချီးမြှောက်ဖို့ကလွဲ၍ တခြားမရှိနိုင်။

"ဘုရားရှင်ကြွလာသတဲ့ ကွယ်တို့ရေ. . . တို့မျှား ပါဋလိဂါမသားတွေ ထူးထူးကဲကဲ ကြိုဆိုကြစို့၊ ပူဇော်ကြစိုကွဲ့"

ရွာလူကြီး သုစိန္တာက တစ်ရွာလုံးကို လိုက်လံနှိုးဆော်သည်။ အဘိုးကြီးသုစိန္တာ ဘယ်ကလောက် ဝမ်းသာနေသည်ကို မြင်ရုံနှင့် သိသာသည်။ ပုဆိုးကိုတိုတိုဝတ်၊ အင်္ကျီ လက်မောင်းပင့်တင်၊ ကိုင်းညွတ်နေသော ခါးကိုမတ်လျက် ဒီးလွှားဒီးလွှားပြေးသွားနေသည်။

"ဟဲ့ ကေသာနဲ့မာလာ. . . ဘုရားရှင်နဲ့ နောက်ပါသံဃာတွေ သောက်ဖို့သုံးဖို့ ရေခပ်ရမယ့်တာဝန်ကို ညည်းတို့ ပျိုရွယ်သူတွေ လုပ်ကြဟေ့. . ."

"စိတ်ချပါ ဘဘိုးအိုရယ်. . . ကျွန်မတို့ မလစ်ဟင်းစေရပါဘူး"

"အိန်း. . . အိန်း။ ဩော်. . . မောင်ဒေဝတို့ လူငယ်တွေက ဇရပ်ကို သန့်ရှင်းအောင်လှဲကျင်း၊ သင်ဖြူး ကော်ဇောတွေခင်းကြ၊ သူတော်စင်တွေ ချမ်းချမ်းသာသာ သီတင်းသုံးကြပါစေ"

"ဟုတ်ကဲ့အဘ. . . ဒီကိစ္စအတွက် ရှုပတို့ကိုကြိုတောင် လွှတ်ထားပါပြီ"

"အင်း. . . ကောင်းပါရဲ့ကွယ်။ ဒါနဲ့အမယ်ကြီး သုမန၊ ခင်ဗျားတို့ အဘွားကြီးတွေက ညနေချမ်းရောက်တာနဲ့ ဆီမီးထွန်းဖို့ တာဝန်ယူရမယ်နော်. . ."

"အမလေးတော်. . . ဒီကိစ္စ ပြောနေစရာလား. . . ဘုရားရှင်ကို ရည်စူးပြီး နေ့စဉ် ဆီမီးပူဇော်နေကြပါတော်. . . မျက်ဝါးထင်ထင်ဖူးရ၊ ပူဇော်ရမယ်ဆိုလို့ကတော့ ပိုသဒ္ဓါ ကြည်ညိုရသပေါ့"

"အေး. . . အေး။ ကိုယ့်တာဝန် ကိုယ်ကျေပစေ။ ကိုင်း. . . ကျုပ်တို့ လူကြီးတွေက ရွာထိပ်သွားကြိုရအောင်၊ ထူးခြားတဲ့ ဒီချီးမြှောက်မှုကို ထိုက်ထိုက်တန်တန် ခံယူကြမယ်ဗျာတို့"

အဘိုးကြီးသုစိန္တာနှင့် ရွာလူကြီး လေးငါးဆယ်ယောက်သည် မပြေးရုံတမယ် ရွာထိပ်သို့ သုတ်ခြေတင်သွားကြတော့သည်။

* * *

ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ခဲ့သည်မှာ လေးဆယ့်ငါးနှစ်ခန့်သာ ရှိသေးသည်။

ဘုရားစစ်၊ ဘုရားမှန်မပေါ်ပေါက်မီ ဘုရားတုဘုရားယောင်တွေက သောင်းခြောက်ထောင်၊ ဟိုက ဘုရား. . သည်ကဘုရား. . . ဘုရား အမည်ခံသူတွေက အမြောက်အမြား။

ဆန်းသစ်သော ဝါဒတီထွင်၊ လူတွေ နားမလည်နိုင်သည့် သဘောတရားတွေ ဟောပြော၊ အသွင်တူ နောက်လိုက်တွေစုပြီး ဘုရားလုပ်ကြသည်။ ဤသို့နှင့် ဇမ္ဗူဒိပ်တွင် ပုရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ပုဂ္ဂိုလ်ကြီးခြောက်ယောက် တွင်ကျယ်နေသည်။

ပုရဏကဿပ ထူထောင်သည်က အကိရိယဝါဒ၊ သူ့ဝါဒအလိုက ဤလောကကြီးတွင် သူ့အသက်သတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းစသော အမှုကို ကိုယ်တိုင်ပြုလျှင်သော်လည်းကောင်း၊ သူတစ်ပါးအား ပြုစေလျှင်သော်လည်းကောင်း မကောင်းမှုပြုသည် မမည်။ အလှူပေးခြင်း၊ ကုသိုလ်ပြုခြင်း၊ သီလ ဆောက်တည်ခြင်းဟူသော ကုသိုလ်ကောင်းမှုသည် မရှိ၊ ကောင်းမှုပြုခြင်းကြောင့် အကျိုးလည်းမရှိ။

ပုရဏကဿပ၏ အကိရိယဝါဒသည် လူဆိုးလူမိုက်တွေအကြိုက် ဖြစ်သည်။ ထင်ရာစိုင်းသမားတို့က ပုရဏမှ ပုရဏဖြစ်ကုန်သည်။

မက္ခလိဂေါသာလက သံသရာဝိသုဒ္ဓိဝါဒ ဟောပြောသည်။ လူသည် ဘာမျှ အထူးကြိုးစားစရာမလို၊ သံသရာမှ အလိုအလျောက် စင်ကြယ်သည်။ သံသရာအဆုံးကို အားလုံးက အလိုအလျောက် ရောက်သွားမည်။ ကြိုးပမ်းစရာမလိုဟု ဆိုသည်။ လူပျင်း၊ လူနုံ၊ လူညံ့တို့ အားကျသည့်ဝါဒ ဖြစ်သွားသည်။

အဇိတကေသကမ္ဗလကမူ ပေးလှူခြင်းသည် အကျိုးမရှိ၊ အမိအဘဟူသည်မရှိ၊ မိဘကို ရိုသေခြင်း၊ မရိုသေခြင်းသည်လည်း အကျိုးမရှိ၊ ကောင်းမှုဟူသည် မရှိ၊ ယခုဘဝ၊ နောင်ဘဝဟူသည်လည်း မရှိ၊ သူ၏ ဥစ္ဆေဒဒိဋ္ဌိဝါဒကြောင့် လူတို့၏ အကျင့်စရိုက်သည် တိရစ္ဆာန်နှင့်မခြား နိမ့်ကျသွားတော့သည်။

နိဂဏ္ဌကတော့ စတုယာမသံဝရအကျင့်ဟု ထွင်လာသည်။ လေးစုလေးဖို့ဖြင့် စောင့်စည်းခြင်း ရှိသောလူသည် အထွတ်အထိပ်သို့ ရောက်၏ဟု ဟောပြောသည်။

ပကုဓကစ္စာယနက လောကကြီးသည် မြေ၊ရေ၊လေ၊မီး၊ ချမ်းသာ ခြင်း၊ ဆင်းရဲခြင်း၊ အသက်ဟူသော ခုနစ်ပါးနှင့် ပြုလုပ်ထားသည် မဟုတ်၊ အရာဝတ္ထုဟူသမျှသည် ထိုခုနစ်ပါးအကြား ဟင်းလင်းပြင်သို့ ရောက်ရာ၏၊ လောကသည် ဘာမျှမရှိဟု ဟောပြောသည်။

သဉ္စယဗေလဋ္ဌပုတ္တကမူ ဝါဒအားလုံးကို ချေဖျက်သောဝါဒမျိုး ဖြစ်သည်။ ကောင်းမှု၊ မကောင်းမှု၌ အကျိုးရှိသည်ဟုလည်း မယူဆ၊ မရှိဟုလည်း မယူဆ၊ ဘယ်ဟာပါဟုလည်း မယူဆ၊ သူ့ဝါဒက အရာရာကို ကန့်လန့်တိုက်သည့် ဝါဒမျိုးဖြစ်သည်။

မသိနားမလည်သူတို့ မတွေးတတ်အောင် ထူးဆန်းသည့်ဝါဒတွေထူထောင် ဟောပြောကြသည်၊ လူအထင်ကြီးအောင်လည်း ဟိတ်တစ်လုံး၊ ဟန်တစ်လုံးနှင့် နေကြသည်။

မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်မှ ဒုက္ခငြိမ်းရာနိဗ္ဗာန်ရောက်မည်၊ ကိုယ်ကာယကို အစွမ်းကုန်ညှဉ်းပန်းရမည်ဆိုပြီး အစာငတ်ခံသည်။ ဆူးပုံပေါ် အိပ်သည်။ အေးသည့်အခါ ရေချိုးပြီး၊ ပူလောင်ချိန်မီးလှုံသည်၊

တဏှာကင်းပြတ်သည်ဆိုပြီး ဝတ်လစ်စလစ်နေသည်။

သာမန်လူသားတွေ မလုပ်နိုင်သည့် သဘာဝနှင့်ဆန့်ကျင်သော အကျင့်ဖြစ်သည်။ အတ္တကိလမထာနုယောဂအကျင့်ဟု ဆိုသည်။ တိတ္ထိဆရာကြီး ခြောက်ယောက်အပြင် ပါထိကပုတ္တ၊ ကောရခတ္တိယ၊ ပေါဋ္ဌပါဒ၊ သစ္စကပရိဗိုဇ်၊ ဥရုဝေလကဿပတို့ ကျင့်ကြံသော အကျင့်များဖြစ် သည်။

ကာဠာရမတ္တက တက္ကတွန်းနှင့် မာဏ္ဍိပရိဗိုဇ်တို့က အကျင့်တစ်မျိုး ဖော်ထုတ်သည်။ ကာမဂုဏ်ငါးပါးကို အပြည့်အဝခံစားခြင်းဖြင့် အဆုံးစွန်သော ချမ်းသာရသည်။ ဤသည်မှာ နိဗ္ဗာန်ဟုဆိုလျက် ကာမဂုဏ်နွံပွက်ထဲ အဆုံးစွန်နစ်မျောနေသည်။

ယညသုဒ္ဓိ ဝါဒသမားတို့ကလည်း ယဇ်ပူဇော်ခြင်းဖြင့် မကောင်းမှုမှ စင်ကြယ်စေသည်ဟု ဆိုသည်။ ဤဝါဒအရ သတ္တဝါတို့၏ လည်ချောင်းသွေးကို မီးကျီးခဲပေါ် လောင်းဖျန်းခြင်းဖြင့် မကောင်းမှုကင်းစင်စေသည်ဟု လမ်းညွှန်သည်။ သတ္တဝါတို့ကို များများသတ်ပူဇော်လေ၊ စင်ကြယ်လေဟု ဆုံးမသည်။

အချို့ပုဂ္ဂိုလ်များက ကြိယာပထသုဒ္ဓိဝါဒကို ဟောပြောသည်။ လျောင်း၊ ထိုင်၊ ရပ်၊ သွားဟူသော လေးပါးသော ကြိယာပထသည် သွေးသားကို ညီညွတ်စေသောအကြောင်း ဖြစ်သည်။ စနစ်တကျ ကျင့်သုံးလျှင် မကောင်းမှုကင်းစင်သည်။ ဤအဆိုဖြင့် ရပ်ရာတွင် ခြေ ဖျားထောက်ခြင်း၊ ဖနောင့်နှင့်ရပ်ခြင်း၊ ခြေတစ်ဖက်မြှောက်ရပ်ခြင်း၊ အုန်းပင်စိုက်နေခြင်း၊ လင်းနို့ကဲ့သို့ စောက်ထိုးဆွဲနေခြင်း ပြုသည်။ သွားရာတွင်လည်း ခြေဖျားထောက်သွားခြင်း၊ ခြေတပေါင်ကျိုးခုန်သွားခြင်း၊ ဖားခုန်သကဲ့သို့ ထိုင်လျက်ခုန်သွားခြင်း၊ ကျွမ်းထိုးသွားခြင်း၊ ဘေးတိုက်ကျွမ်းပစ်သွားခြင်းပြုသည်။ ထိုင်ရာတွင်လည်း တင်ပျဉ်ခွေထိုင်ခြင်း၊ ဆောင့်ကြောင့်ထိုင်ခြင်း၊ လက်နှစ်ဖက်ထောက်ထိုင်ခြင်းတို့ပြုသည်။ အိပ်စက်ရာတွင် ဆူးချွန်၊ ဝါးချွန်ပေါ်အိပ်ခြင်း၊ မြေပြင်ပေါ်အိပ်ခြင်း၊ တီတီတွတ်ငှက်ကဲ့သို့ ခြေကို မိုးပေါ်ထောင် အိပ်ခြင်းပြုသည်။

ဝါဒအသီးသီးကိုကြည့်လျှင် လူအထင်ကြီးအောင်၊ ယုံစားကိုးကွယ်အောင် ထူးထူးခြားခြား လုပ်ပြသည်ကလွဲ၍ အနှစ်သာရမရှိ။ လူပြိန်းအကြိုက် ဟောပြောကြသော်လည်း ဝါဒအသီးသီး၏ တူညီသော ဟောပြောချက်မှာ အတ္တဝါဒီသာဖြစ် သည်။

အတ္တဝါဒတွေ အရှိန်အဟုန်ကောင်းနေချိန်တွင် သကျသာကီဝင်မင်းမျိုးမှ ပေါက်ဖွားလာသော ဂေါတမဗုဒ္ဓက အနတ္တဝါဒကို ကြေညာလိုက်ရာ ဇမ္ဗူဒိပ်ကျွန်းတပ်ခုလုံး သိမ့်သိမ့်တုန်အောင် မြည်ဟီးရိုက်ခတ်သွားတော့သည်။

အကိရိယဝါဒဟောသည့် ပုရဏကဿပ အထိတ်တလန့်ဖြစ်သွားသည်။ အဟေတုကဝါဒဟောသည့် မက္ခလိဂေါသာလ ထခုန်သည်။ အမ ရာဝိက္ခေပဝါဒဟောသည့် သဥ္စယဗေလဋ္ဌပုတ္တက အနတ္တဝါဒဟာ မဖြစ်နိုင်ဆုံး အယူအဆ၊ သဘာဝမကျသည့်ဝါဒဟု ပုတ်ခတ်လာသည်။

ကြောင်းကျိုးဆက်စပ်မှုရှိပြီး၊ ကိုယ်တိုင်ကျင့်က အမှန်ပင်အေးငြိမ်းချမ်းသာရာနိဗ္ဗာန်ကို တွေ့နိုင်သည်

ဘုရားရှင်ဝါဒကို ယုံကြည်သူတွေ များလာသည်။ အချိန်တိုတိုကာလအတွင်း ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံး ပျံ့နှံ့သွားသည်။ ကောသလ၊ မဂဓ၊ ဝဇ္ဇီ ကောသမ္ဗီ စသဖြင့် နေရာအနှံ့ ပျံ့နှံ့ သော ဗုဒ္ဓသာသနာကြောင့် တိတ္ထိတို့မှာ နေရာကျဉ်းမြောင်းကုန်သည်။

ဘုရားရှင်သည် သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် သဗ္ဗညုတရွှေဉာဏ်တော်ရချိန်မှစပြီး နေ့မနား၊ ညမအား ဟောပြောခဲ့သည်။ မူလက ဘုရားရှင်တစ်ပါး တည်းသာသနာပြုခဲ့သည်။ နောက် ပဉ္စဝဂ္ဂီငါးဦးသာသနာတော်တွင်း ရောက်လာသည်။ တဖန် ယသသတို့သားနှင့် သူ၏မိတ်ဆွေ ငါးကျိပ် ငါးယောက် ထပ်ဝင်လာသည်။ ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုရန်ရည်ရွယ်လျက် ဘုရားရှင်က ဩဝါဒပေးခဲ့သည်။

"ရဟန်းတို့. . . သတ္တဝါတို့အား နှောင်ဖွဲ့တတ်သော လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ကျော့ကွင်းကို ငါလည်းချွတ်နိုင်ပြီ။ သင်တို့လည်း ငါကဲ့သို့ပင် ချွတ်နိုင်ပြီ။ သတ္တဝါတို့ အကျိုးစီးပွား ဖြစ်စေခြင်းငှာ ထိုထို သော မြို့ရွာသို့ ဒေသစာရီ ကိုယ်စီကိုယ်ငှသွားကြပါကုန်။ ဝဋ်ဆင်းရဲမှ ကင်းဝေးစေရန် တရားဓမ္မဟောပြကြပါကုန်၊ ဒေသစာရီလှည့်ရာတွင် ခရီးတစ်ကြောင်းလျှင် နှစ်ပါးမသွားကြကုန်လင့်"

ဘုရားရှင်က ဤသို့ဩဝါဒပေးလျက် သာသနာပြုစေခဲ့သည်။ ဘုရားရှင်ကိုယ်တိုင်လည်း ဥရုဝေလ ကဿပညီနောင်အား ချေချွတ်ရန် ကြွခဲ့သည်၊ ခရီးလမ်းတွင် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်နှင့် ဆုံစည်းရာ တရားဟောပြ၍ အရဟတ္တမဂ်ဆိုက်ခဲ့သည်။ ရသေ့ညီနောင်ရှင်တစ်ထောင်ကိုလည်း တန်ခိုးပြာဋိဟာ အမျိုးမျိုးပြလျက် အမှန်လမ်းခေါ်ဆောင်ခဲ့သည်။

လေးဆယ့်ငါးဝါပတ်လုံး ဇမ္ဗူဒိပ်ကျွန်းအလုံးကို ခြေစကြာဖြန့် ဟောကြားခဲ့ရာ သာသနာတော်ကြီး ကို နေလိုလလို ထွန်းပြောင်ခဲ့ပေသည်။

ဘုရားရှင်သည် နိဂဏ္ဌတို့ကြီးစိုးရာ ဝဇ္ဇီတိုင်းသို့ မကြာခဏကြွသည်။ ဘုရားရှင်၏ တရားနာပြီး သာသနာတော်တွင်း ရောက်လာသည့် ဝဇ္ဇီတိုင်းသား ရဟန်းတွေပင် အမြောက်အမြားရှိနေပေပြီ။ ဝဇ္ဇီနှင့် ဘုရားရှင်သည် မစိမ်းပါ။ မကြာခဏ ဝင်ထွက်စေသော အရပ်ဖြစ်သည်။

သည်တစ်ကြိမ်တော့ ဘုရားရှင်က ကျွန်ုပ်တို့ ပါဋလိဂါမကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပေပြီ။ ကျွန်ုပ်တို့ ပါဋလိဂါမသားတွေက ကံထူး၍သာ ဘုရားရှင်၏ တရားနာယူရခြင်းဖြစ်ပေသည်။

*　　*　　*

ကျွန်ုပ်တို့ အဘိုးကြီးသုစိဏ္ဏာ ဘယ်ကလောက်ဝမ်းသာနေသည်ကို ကြည့်ရုံနှင့် သိသာသည်။

အဘိုးကြီးသည် ဘုရားရှင်ထံ လက်အုပ်ချီလျက် နောက်ပြန်ဆုတ်ကာဆုတ်ကာ လမ်းညွှန်ပြရင်း ကြို ဆိုလာသည်။ ပါဋလိဂါမလို အရပ်မျိုး ဘုရားရှင်ကြွလာသည်မှာ တော်ရုံတန်ရုံ အခွင့်ထူးမဟုတ်မှန်း

အဘိုးကြီး သဘောပေါက်သည်။ အစွမ်းကုန် ပူဇော်လိုစိတ်ကြောင့် ဣန္ဒြေမရ ဖြစ်နေပုံရသည်။

"ဟဲ့. . . ကေသာတို့။ ဘုရားရှင်ခြေတော်ဆေးဖို့ ရေအသင့်ခပ်ထား။ ခြေသုတ်ပုဆိုး အသင့်လုပ်ထား။ အဲ. . . ပုဆိုးမလုပ်နဲ့။ တဘက်. . . ခေါင်းပေါင်း"

"မောင်ဟိုဒင်းလေးတို့. . . ဇရပ်ပြင်ပြီးကြပလားဟေ့. . . "

"ငါတို့ ပါဋလိဂါမသားတွေ ဒီဇရပ်မှာ အားလုံးစုရုံးကြ။ တတ်စွမ်းသမျှ လှူဒါန်းပူဇော်ကြ။ ဒီမယ်ကွယ်တို့. . . ကြုံတောင့်ကြုံခဲ အခွင့်အရေးကို လက်လွှတ်မခံကြနဲ့ဟေ့"

အဘိုးကြီးက ပြောလည်းပြော၊ ကိုယ်တိုင်လည်း ဝင်လုပ်သည်။ သူတစ်ယောက်တည်း ဗျာယာခတ်နေသည်။ အသက်အရွယ်နှင့်မလိုက်အောင် ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားနေသည်။

ခြေတော်ဆေးပြီးသည်နှင့် ဘုရားရှင်က ဇရပ်ပေါ်တက်သွားသည်။ ဇရပ်အလယ်ကောင်ကျကျ နေရာတွင် ထိုင်လိုဟန်ပြသဖြင့် အခင်းကမ္ဗလာကော်ဇောခင်းပေးကြသည်။ ဘုရားရှင်က ကမ္ဗလာကော်ဇောထက် တင့်တယ်စွာ သီတင်းသုံး နေလေသည်။

အဘိုးကြီးသုစိန္တာ ဇရပ်ထိပ် ပြန်ပြေးထွက်လာသည်။ သံဃာတော်များ ခြေဆေးပေးမှု လစ်ဟာမှာစိုး၍ ဖြစ်သည်။

ခြေဆေးပြီးသော သံဃာတော်များက ဣန္ဒြေရရတက်လာပြီး၊ ဘုရားရှင်၏နောက်က စနစ်တကျ နေရာယူကြသည်။ ထေရ်စဉ်၊ ဝါစဉ် အလိုက် ရှေ့နောက်စီတန်းနေရာယူပြီး ထက်ဝယ်ဖွဲ့ခွေထိုင်ကြသည်။ မျက်လွှာကိုချလျက် တည်ကြည်သော ဣန္ဒြေများဖြင့် သီတင်းသုံးနေပုံမှာ ကြည်ညိုစရာကောင်းလှသည်။

ခန်းမကြီး၏ အလယ်တိုင်တွင် နေရာယူလျက် အရှေ့ကို မျက်နှာမူထိုင်နေသော ဘုရားရှင်၏ နောက်ပါးတွင် သံဃာတော်ငါးရာက တညီတညာတည်းရှိလှသည်။ ရဟန်းငါးရာ တစ်စုတဝေးတည်း ထိုင်နေသော်လည်း အသံတစိုးတစိမျှ မထွက်။ ချေသံ၊ ဆတ်သံ၊ ချောင်းဆိုးသံပင် မကြားရသည်ကို သတိပြုမိလိုက်သည်။

နိဂဏ္ဍာတွေကို ကျွန်ုပ်တို့ ပါဋလိဂါမသားတွေတွေ့ဖူးပါသည်။ အိမ်ဦးနှင့် ကြမ်းပြင်လိုဖြစ်နေသော ဤအရပ်ကို နိဂဏ္ဍာတွေ မကြာခဏ ဝင်ထွက်တတ်သည်။ ခြိုးခြံသောအကျင့်ကျင့်သူတွေဟု မည်သို့ပင် ပြောစေကာမူ သူတို့ အမူအရာက လျှပ်ပေါ်လော်လီမှုများလွန်းသည်။ ကိုယ်နေကိုယ်ဟန် လှုပ်ရှားသွားလာပုံကလည်း လေတိုးခံရသော ကျူတောနှယ် ယိမ်းထိုးနေသည်။ လက်နှစ်ဖက်ကို အသားကုန် ခါယမ်းလမ်းလျှောက်နေသကဲ့သို့ မျက်လုံးများကလည်း မတည်ငြိမ်၊ ကျီးကန်းတစ်ကောင်နှယ် ပျာလောင်ခတ်နေသည်။ ဒကာ၊ ဒကာမများတွေ့လျှင် သူတို့က အပြုံးနှင့် နှုတ်ဆက်သည်။ နေကောင်းလား. . . စီးပွားဥစ္စာကောင်းလား. . . နိဂဏ္ဍာတွေကိုးကွယ်နေသမျှ ချမ်းသာသုခရှိကြမှာပါဟု ပဋိသန္ထာရစကားဆိုသည်။

ယခု ဖူးမြင်နေရသော ဘုရားရှင်နှင့် ဘုရားသားတော်တို့ အမူအကျင့်နှင့်ကား ကွာလွန်းသည်။

တိတ်ဆိတ်နေသော ရဟန်းသံဃာတွေကြည့်ပြီး အဘိုးကြီးသုစိန္တာနှုတ်ပိတ်သွားသည်။ ဣန္ဒြေ ရှင်ရှေ့တွင် ပျာလောင်ခတ်နေ၍ မသင့်ဟုတွေးလိုက်ပုံရသည်။ ဘုရားရှင်ရှေ့တည့်တည့်၊ သင့်တင့်ရာ အရပ်တွင် နေရာယူထိုင်ပြီး ဘုရားရှင်ကို ရှိခိုးဦးခိုက်နေလေတော့၏။

* * *

"ပါဠိလိဂါမသား ဒါယကာ၊ ဒါယိကာမအပေါင်းတို့"

တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းလိုက်သော ဘုရားရှင်၏ အသံတော်ကြောင့် အဘိုးကြီးသုစိန္တခေါင်း ထောင်ကြည့်သည်။ တရားဟောကို နာရတော့မည်ဟူသော အသိကြောင့် အားလုံးက အာရုံပြုနေကြသည်။

ကျွန်ုပ်တို့ ပါဠိလိဂါမသို့ ဘုရားရှင်ကြွလာသည်မှာ အကြောင်းခြင်းရာ တစ်စုံတစ်ခု ရှိ၍သာဖြစ်မည်။ ဘုရားရှင်တို့မည်သည် ချေချွတ်ဟောပြောရမည့်အကြောင်းမရှိဘဲ ကြွရိုးမရှိ။ နာယူမှတ်သားနိုင်သူမရှိ ဘဲ ဟောပြောလေ့မရှိ။

ကျွန်ုပ်တို့ ပါဠိလိဂါမသို့ ကြွမလာမီ ဝဿကာရပုဏ္ဏား လျှောက်ထားသဖြင့် နိုင်ငံအုပ်ချုပ်သူမင်းတို့ စောင့်စည်းအပ်သော တရားခုနစ်ပါး ဟောခဲ့ကြောင်း သိထားသည်။ ဝဇ္ဇီတိုင်းသားတို့ကို ချေမှုန်းဖျက်ဆီးချင် သော ဘုရင်အဇာတသတ် မေးလျှောက်ခိုင်း၍ ဤတရားဟောကြောင်း သိရသည်။

အပရိဟာနိယတရားဟောပြီး၊ ဒေသစာရီ ကြွချီမည့်အကြောင်း ဘုရားရှင်က အရှင်အာနန္ဒာကို မိန့် တော်မူသည်၊ အရှင်အာနန္ဒာနှင့် နောက်ပါရဟန်းတွေ သပိတ်သက်န်းပြင်၍ လိုက်ခဲ့သည်။

အကြောင်းခြင်းရာ ဆက်စပ်မှု ရှိမရှိမသိသော်လည်း ဝဇ္ဇီတိုင်းနှင့် မဂဓတိုင်းကြားရှိနေသော ပါဠိလိဂါမကို ကြွလာခြင်းမှာ ထူးခြားနေသည်။

ဘုရားရှင်သည် ဦးစွာ အမ္ဗလဋ္ဌိကာဥယျာဉ်သို့ ရောက်ခဲ့သည်။ သင့်လျော်သော တရားဓမ္မဟောပြခဲ့ပြီး နာဠန္ဒာမြို့ကို ဆက်ကြွသည်၊ နာဠန္ဒာမြို့တွင် ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်ကျောင်း၌ သီတင်း သုံးခဲ့သည်၊ တစ်ချိန်က နိဂဏ္ဌတို့ ဥပါသကာရင်းဖြစ်ပြီး ဘုရားရှင်နှင့်တွေ့မှ သာဝကဖြစ်လာသည့် ဥပါ လိ၏ အလုပ်အကျွေးခံယူခဲ့သည်၊ ဥပါလိနှင့်ပရိသတ်ကို သီလ၊ သမာဓိ၊ ပညာနှင့်ဆိုင်သော တရား များ ဟောမိန့်ခဲ့သည်၊

ထိုနာဠန္ဒာကတစ်ဆင့် ကျွန်ုပ်တို့ ပါဠိလိဂါမကို ဘုရားရှင်ရောက်လာခြင်းဖြစ်သည်၊

"ပါဠိလိဂါမသားတို့. . . သင်တို့ ရဲ့ ထာဝစဉ်အကျိုးကို ရည်မျှော်ပြီး သီလပျက်ပြား အကျိုးငါးပါးကို ငါ ဘုရားဟောအံ့"

ဘုရားရှင်က တရားကြောင်း အစချီလိုက်သည်၊ သီလမရှိသူ၊ ဒုဿီလတွေ ခံစားရမည့်အကျိုးတရားဟု ဆိုလိုက်သဖြင့် တွေးစရာဖြစ်သွားသည်၊ ဘာမဆိုင်ညာမဆိုင် ဝဇ္ဇီတိုင်းသားအချို့၏မျက်နှာကို ကွက်ခနဲမြင်

သွားသည်။ နိဂဏ္ဌာအချို့၏ ရုပ်သွင်ထင်လာသည်။

"အသင်ဒါယကာတို့. . . သီလမရှိသူ၊ သီလကျိုးပေါက်သူသည် မေ့ မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန် နေတတ်သဖြင့် စီးပွားဥစ္စာ အမြောက်အမြားဆုံးရှုံးတတ်သည်။ ဤကား သီလပျက်သူအတွက် အကျိုး တစ်ချက်။

မနိမ့်လွန်း၊ မမြင့်လွန်း၊ ပကတိတည်ငြိမ်သော အသံတော်နှင့် ဟောမိန့်သည်ကို အာရုံစိုက်နာယူရင်း တရားသဘောနှင့် မျက်မှောက်ဘဝ အခြေအနေကို ထင်ဟပ်ကြည့်မိသည်။

သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ သူ့အိမ်ရာမှောက်မှား၊ မုသားစကားဆို၊ သေရည်သေရက်သောက် ဟူ သော ဂရုဓမ္မသီလချိုးဖောက်သူသည် အခြားကံမလွန်လျှင်ထားဦး၊ သေရည်သေရက်သောက်ရုံနှင့် မေ့ မေ့လျော့လျော့ရှိတတ်သည်။ ရုန်းရင်းကြမ်းတမ်းသည်။ စည်းစိမ်ဥစ္စာ ပျက်ပြားသည်။ ကံတစ်ပါးချိုးရုံနှင့် ပျက်ပြားမှုအကျိုးက ထင်ရှားသိသာလှသည်။ ပကတိဘဝနှင့် ကိုက်ညီသော မြတ်ဘုရား၏ တရားကို ယုံမှားကင်းစွာ လက်ခံလိုက်မိပါသည်။

"အသင် ပါဋလိဂါမသားတို့. . သီလမရှိသူ၊ သီလကျိုးပေါက်သူသည် မကောင်းသတင်းကျော်စော ခြင်း ထွက်ပေါ်တတ်၏"

အဘိုးကြီးသုစိန္တာရင်ထဲ ဘယ်လိုရှိသည်မသိ။ ကျွန်ုပ်တို့ကတော့ မှန်လိုက်လေ မြတ်ဘုရားဟု စိတ်ထဲ တွေးမိသည်။

ပါဋလိဂါမတွင် သူ့ဥစ္စာခိုးသူ၊ သူ့အိမ်ရာ မှောက်မှားတတ်သူတွေ ရံဖန်ရံခါ တွေ့တတ်သည်။ ဤပုဂ္ဂိုလ် မျိုးကို အဘိုးကြီးသုစိန္တာ မစင်ထက်ပင် ရွံ့ရှာသည်။ သူ့ဥစ္စာခိုးလျှင် လည်ပင်းစာဆွဲလျက် ရွာလယ်လမ်း တစ်လျှောက် "ကျွန်တော် သူခိုးပါ" ဟု အော်ဟစ်ခိုင်းသည်။ လူကြားထဲ တစ်သက်လုံး မျက်နှာမပြဝံ့အောင် အရှက်ခွဲသည်။ ထိုသူကို မြင်သူတိုင်းက သရဲတစ္ဆေပမာ ဝေးဝေးက ရှောင်ကြသည်။

"အသင်ဒါယကာအပေါင်းတို့. . သီလမရှိသူ၊ သီလကျိုးပေါက်သူဟာ ပရိသတ်အလယ်ဝင်လျှင် စိတ်မလုံ၊ မျက်နှာမထားတတ်အောင် ဖြစ်ရသည်"

"အသင်ပါဋလိဂါမသားတို့. . . သီလမရှိသူ၊ သီလကျိုးပေါက်သော ဒုဿီလသမားသည် သေပြီး နောက် အပါယ်ငရဲကျတတ်ပေသည်"

ဘုရားရှင်သည် သီလမရှိ၊ သီလကျိုးပေါက်သော ဒုဿီလတွေ ခံစားရမည့် အပြစ်ငါးပါးကို ဆက် လက်ဟောတော်မူပါသည်။

ဂရုဓမ္မသီလ စောင့်ထိန်းမှုနှင့်ပတ်သက်၍ ဤသို့ ပြတ်ပြတ်ထင်ထင် ကြားလိုက်ရသော ကျွန်ုပ်တို့ ပါဋလိဂါမသားတွေအတွက် အဖိုးမဖြတ်နိုင်ပါ။ ဝိုဏ်းဆရာကြီးတွေ ဟောမိန့်သည်နှင့် လားလားမျှ မတူ သော ဤတရားနာရသည့် ကျွန်ုပ်တို့သည် ဘာလုပ်ရမည်ကို ပြတ်ပြတ်ထင်ထင် မြင်လိုက်ပါပြီ။

* * *

ကျွန်ုပ်တို့ ပါဠိလိဂါမသားတွေ ကံထူးသည်ဟု ဆိုရပါမည်။

သေသေချာချာ ဇာစ်ဇာစ်မြစ်မြစ်တွေးလေ ထူးခြားမှုတွေ ပိုတွေ့လာရမည် ဖြစ်ပါသည်။

ပထမဦးဆုံးကံထူးသူမှာ လူဖြစ်ရခြင်း လူ့ဘဝရောက်လာခြင်းဖြစ်သည်။ လူဖြစ်ရသော်ငြားလည်း သာသနာပအချိန် လူဖြစ်ခဲ့လျှင် ကံကောင်းသည်ဟု မဆိုသာပြန်။ ကျွန်ုပ်တို့က ဘုရားပွင့်ခိုက် လူဖြစ်ရသည့်ပြင် ဘုရားရှင်ကိုယ်တိုင် ပါဠိလိဂါမကြွလာပြီး မွန်မြတ်သော တရားဓမ္မ အမြိုက်ရေအေး တိုက်ကျွေးခံရပြန်သည်။ ဤအခွင့်အရေးမှာ ကြုံတောင့်ကြုံခဲသော မဟာအခွင့်အရေးဖြစ်သည်။

ဘုရားရှင်နှင့် ဆုံးစည်းဖို့ အဘယ်မျှ ခက်ခဲသည်ကို စဉ်းစားကြည့်လျှင် ကံထူးမှုက ပိုပေါ်လွင်ပါသည်။

ကျွန်ုပ်တို့ ဆည်းကပ်ကိုးကွယ်ခွင့်ရသော ဂေါတမဘုရားရှင်သည် ဘုရားဖြစ်ဖို့ ဘဝများစွာ ကြိုးပမ်းခဲ့ရပါသည်။ ရှေးရှေးဘုရားရှင်တို့ထံမှ နှုတ်မဟေ် စိတ်သက်သက်ဖြင့် ဆုတောင်းခဲ့သည်မှာ ကာလအသင်္ချေမရေတွက်နိုင်ပါ။ စိတ်ဖြင့် ကမ္ဘာပေါင်းခုနစ်သင်္ချေ၊ နှုတ်ဖြင့် ကိုးသင်္ချေ၊ ကိုယ်နှုတ်စိတ်ဖြင့် လေးသင်္ချေကမ္ဘာတစ်သိန်းဆုတောင်းခဲ့ရသည်။ ထိုလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ ဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးကို အသက်စွန့်ပါရမီ ဖြည့်ခဲ့သည်။

ဘုရားဖြစ်ရန် ဤမျှကြိုးပမ်းအားထုတ်ရ၍ ဘုရားရှင်နှင့် ဆုံစည်းဖို့က ခက်ခဲလွန်းလှသည်။

ဘုရားပွင့်သည်ထား ထိုကာလတွင် ကျွန်ုပ်တို့ လူဖြစ်မလာလျှင်လည်း အခွင့်ထူးဆုံးရှုံးရမည်။ ထိုအချိန်တွင် တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်ဘုံကျနေလျှင် ဖူးခွင့်မရနိုင်။ သည်ဘဝမျိုးတွေ မရောက်လျှင်ထား၊ အသက်ရှည်လွန်းသော အသညသတ်ပြဟ္မာဘုံ၊ အရူပပြဟ္မာဘုံရောက်နေလျှင်လည်း ကံမွဲသူဖြစ်ရလိမ့်မည်။ အကယ်၍ လူဖြစ်သော်ငြားလည်း ဘုရားရှင်နှင့် ရဟန်းတော်များမရောက်နိုင်သည့် တောကြိုတောင်ကြား၊ ပစ္စန္တရာဇ်အရပ်၌ လူဖြစ်နေလျှင်လည်း လူဖြစ်ရှုံးသည်နှင့်မခြားပေ။ ထိုအချက်တွေ မည်မျှပင် ပြည့်စုံစေကာမူ မိစ္ဆာ ဒိဋ္ဌိအယူရှိနေလျှင် ဘုရားရှင်ကိုမြင်နေ၊ ဖူးတွေ့နေရပေမယ့် ဘုရားရှင် နှင့် မဆုံစည်းရသည်နှင့်မခြား ရှိလိမ့် မည်။

ကျွန်ုပ်တို့ ပါဠိလိဂါမသားတွေသည် ကံထူးသောကြောင့် ထိုအပြစ်ရှစ်ပါးလွတ်သည့်အရပ်တွင် လူလာဖြစ်ရသည်။ ဖြစ်ပြန်တော့လည်း သာသနာရောင်ဝါထွန်းလင်းရာ ဤပါဠိလိဂါမရွာမှာ လူဖြစ်ရသည်။

အကြောင်းကြောင်းတွေ ပေါင်းစုံကံကောင်းလွန်းသဖြင့် ဘုရားရှင်က ကျွန်ုပ်တို့ထံ ကြွလာသည်။ မွန်မြတ်သော တရားဟောကြားခဲ့သည်။

ရှင်တော်မြတ်ဘုရား တရားနာရသော ကျွန်ုပ်တို့ ပါဠိလိဂါမသားတွေသည် ဘယ်နည်းနှင့်မျှ သီလပျက်ပြားသူ မရှိနိုင်တော့ပါ။ အကျင့်ပျက်သည့် ဒုဿီလသမားတွေ မဖြစ်နိုင်ပါ။ ဒုဿီလပုဂ္ဂိုလ်တွေ မဖြစ်လျှင် အပါယ်ငရဲဝေးပြီဟု ဆိုရပါမည်။

သတ္တဝါတို့ကို အပါယ်ငရဲဘေးက ကင်းဝေးစေမည့် ဤတရားကို ဘုရားရှင်က ကျွန်ုပ်တို့ ပါဠိလိဂါမ

တွင် ဟောခဲ့ပါပြီ။ ဤတရားကိုမှီလျက် ကျွန်ုပ်တို့ရွာသားများ စိတ်ချမ်းသာသုခပြည့်ဝခဲ့ပါပြီ။

ပါဠေလိဂါမသည် ရွာသိမ်ရွာငယ်ကလေးတစ်ခုသာ ဖြစ်ပါသည်။ မာဂဓတိုင်း ရာဇဂြိုဟ်ပြည်နှယ် မစည်ကားပါ။ မကျော်ကြားပါ။ ကောသလတိုင်း၏ သာဝတ္ထိမြို့ကြီးလို မကြီးကျယ်ပါ။ မထင်ပေါ်ပါ။ သို့သော် ဘုရားရှင်ကြွရောက်ချီးမြှင့်သဖြင့် ပါဠေလိဂါမသည် ရာဇဂြိုဟ်နှင့်မခြား ထင်ရှားသွားပါပြီ။ သာသနာတော်ထွန်းကားရာ သာဝတ္ထိမြို့ကြီးနှင့် တစ်တန်းတစ်စားတည်း ဖြစ်သွားပါပြီ။

ဘုရားရှင်သာသနာ တည်နေသမျှ၊ ဘုရားရှင်၏ ဒေသနာတော်များ စကြဝဠာမိုးမြေအနှံ့ထွန်းကားနေသမျှ ကျွန်ုပ်တို့ ပါဠေလိဂါမ၏နာမည်သည်လည်း ရှင်သန်ပွင့်လန်းနေဦးမည်သာပင်။ ။

*ကျမ်းကိုး*

*၁။ကျီးသဲလေးထပ်ဆရာတော်ဘုရား ကြီး၏ ဇိနတ္ထပကာသနီ၊အဋ္ဌမတွဲ*

*၂။ဝဏ္ဏသီရိ၏ ညီတော်အာနန္ဒာ တစ်သက်တာမှတ်တမ်း(ဒု-တွဲ)တို့ကို မှီးလျက် ရေးဖွဲ့ပါသည်။*

*နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှ*

# အနန္တဇိန နှင့်
# တွေ့ဆုံခဲ့သည့်တိုင်



# အနန္တဝိနေနှင့် တွေ့ဆုံခဲ့သည့်တိုင်

"မြတ်ဘုရား. . . အကျွန်ုပ်အား မှတ်မိပါသလား. . . "

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်အတွင်း လှမ်းဝင်လိုက်သည်နှင့် အေးချမ်းသည့်မြင်ကွင်းက ဆီးကြိုနေ၏။

ရဟန်းတို့သည် တရားမှတ်ရင်း စင်္ကြံကြွသူကြွ၊ အရိပ်ကောင်းရာတွင် သီတင်းသုံးလျက် ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်သူအားထုတ်။ ကျောင်းတိုက်ကြီးတစ်ခုလုံး ဆိတ်ငြိမ်နေသည်။ သံဃာထောင်ချီ သီတင်းသုံးသည့် ကျောင်းတိုက်ဟုပင် ထင်မှတ်စရာမရှိ။ ဆရာကောင်းတပည့် ပန်းကောင်းပန်ဟူသော စကားနှင့် ညီလှ၏။ ဣန္ဒြေသိက္ခာပြည့်ဝသော ဗုဒ္ဓတပည့်များ ပီသလှသည်။ ကျွန်ုပ်တို့ဂိုဏ်းက တိတ္ထိများနှင့်တော့ အလှမ်းကွာခြားပါဘိ။

ကျောင်းတိုက်ဝတွင်တွေ့ရသော ရဟန်းတစ်ပါးကို "အနန္တဇိနရှိပါသလား. . . ရှိရာအရပ်ကို လမ်းညွှန်စမ်းပါ" ဟု ကျွန်ုပ်ကမေးလိုက်တော့ အရှင်က ဓမ္မဆောင်ဆီ လမ်းညွှန်လိုက်သည်။ အားကိုးတကြီးနှင့်လာခဲ့ရာ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရ၍ ဝမ်းသာသွားသည်။ ခြေလှမ်းကျဲကြီးနှင့် ဘုရားရှင်ကိုဖူးဖို့ လှမ်းခဲ့သည်။

ကျွန်ုပ် ဝင်လိုက်သည်နှင့် ဓမ္မသေနပလ္လင်ထက် အတင့်အတယ်စံပယ်နေသော ဗုဒ္ဓကိုတွေ့လိုက်သည်။ တင့်တယ်သပ္ပာယ်သော အသရေတော်ရှိသည့် ဗုဒ္ဓကို ဖူးလိုက်ရသည်နှင့် လက်အုပ်မချီဘဲ မနေနိုင်။ အလေးအမြတ် ဂါရဝပြုပြီး နှုတ်ခွန်းဆက်လိုက်သည်။

"ငါကောင်းစွာ မှတ်မိတယ် ဥပက"

အနှစ်နှစ် အလလကွဲကွာသွား၍ မြတ်ဘုရားမှတ်မိနိုင်မည် မထင်မှတ်ခဲ့။ သတိတရား လက်လွတ်မနေသောဗုဒ္ဓက မှတ်မိသည်ဆို၍ ရင်ထဲက အံ့ဩချီးကျူးလိုက်သည်။

ကြာပြီ။ နှစ်နှင့်ချီ ကြာခဲ့ရုံမက ဘဝတစ်ဆစ်ချိုးပင် ပြောင်းခဲ့သည်။

ဟိုစဉ်တုန်းက ကျွန်ုပ်သည် ဒိဋ္ဌိအယူယူလျက် တက္ကတွန်းလုပ်နေသူ ဖြစ်သည်။ မဇ္ဈိမတွင် ဝါဒအသီးသီး ထူထောင်လျက် မိမိကိုယ်ကို ဘုရားဟု ဟစ်ကျွေးသူများထံ နည်းခံလျက် ဆိုင်ရာဘာဝနာစီးဖြန်းခဲ့သည်။ အရပ်လေးမျက်နှာလှည့်သည်။ ဤသို့လှည့်ခြင်းမှာ အကြောင်းမဲ့မဟုတ်။ မိမိထက် ဈာန်အဘိညာဉ်သာသူထံ တပည့်ခံ၊ နည်းယူရန် ဖြစ်သည်။

ထိုသို့ ခရီးလှည့်လည်စဉ် ဂယာသီသနှင့် မဟာဗောဓိအကြား၌ ရဟန်းတစ်ပါးနှင့် မမျှော်လင့်ဘဲ ဆုံစည်းခဲ့သည်။ နှစ်လိုဖွယ်ရာ ဣန္ဒြေ၊ သန့်ရှင်းစင်ကြယ်သပ္ပာယ်သော အရောင်ရှိန်ဝါ၊ နုပျိုလတ်ဆတ်သော အဆင်းမြင်လိုက်၍ သတိမပြုဘဲ မနေနိုင်။

ရဟန်း၏ ထူးခြားသောအသွင်က ကျွန်ုပ်တို့နှင့် ကွာလွန်းသည်။ ကျွန်ုပ်တို့ ဆရာတင်ထားသော ပုရဏကဿပကို ကြည့်ကြည့်၊ မက္ခလိဂေါသလကိုကြည့်ကြည့်၊ ပကုဓကစ္စာယနကြည့်ကြည့် အသရေက သန့်ရှင်းမှုမရှိ။ ဝတ်စားဆင်ယင်ပုံက မသပ်ရပ်။ နေထိုင်ပုံက မပိရိ။ ကိလေသာ ကုန်ခန်းအောင်ဆိုပြီး ပတ်လစ်စလစ် နေထိုင်ကြပုံကြောင့် လူအမြင်မတင့်တယ်။ နုနယ်သော ရဟန်း၏ သပ္ပာယ်သောအသွင် မြင်၍ မစူးစမ်းဘဲ မနေနိုင်တော့။

"ငါ့ရှင်. . . သင့်အသွင်က နှစ်လိုဖွယ် ကောင်းစွ။ သဘောကျဖွယ် ရှိစွ။ ဒါနဲ့ မသိလို့ မေးစမ်းပါရစေ။ သင်ဟာ ဘယ်သူ့ရည်မှန်း ရဟန်းပြုခဲ့လဲ။ သင့်ဆရာက ဘယ်သူလဲ။ နိဂဏ္ဌလား. . . နိဂဏ္ဌတော့ မဖြစ်နိုင်ဘူး။ အဇိတကေသ ကမ္ဗလလဲ မဟုတ်နိုင်ဘူး။ အသွင်ကြည့်ရုံနဲ့ ကျွန်ုပ်အကဲခတ်လို့ရတယ်။ ဆရာဘယ်သူလဲ. . . နာမည်ဘယ်လိုခေါ်လဲ. . ."

ကျွန်ုပ်က သိလိုစိတ်ဖြင့် မေးမိသည်။ ကျွန်ုပ်အမေးတွင် စူးစမ်းမှု၊ ဆန်းစစ်မှုတွေ တစ်ခါတည်းပါသွားသည်။ ကျွန်ုပ်အမေးကို မတုန်လှုပ်၊ မချောက်ချားဘဲ ဗုဒ္ဓက ပြန်မိန့်သည်။

"ချစ်သား ဥပက၊ ငါကား ကိလေသာ ရန်မှန်သမျှ နှိမ်နင်းဖျက်ဆီးနိုင်သူ ဖြစ်တယ်"

"သြော်. . . သြော်"

"ဘုံသုံးပါးတွင် တရားအပေါင်း သိတော်မူ၍ တေဘုမက ဓမ္မခပ်သိမ်း လိမ်းကြံခြင်းမှ ကင်းသူဖြစ်တယ်. . ."

"ဟုတ်လား. . ."

"အလုံးစုံသော အကုသိုလ်တရား ပယ်ရှားစွန့်ခွာ၍ တဏှာကုန်ရာ နိဗ္ဗာနကို အာရုံပြု၍ ကိလေသာ

အပေါင်းမှ လွတ်ခဲ့ပြီ။ ငါသည် ဓမ္မအားလုံးကို အလိုလိုသိရကား လောက၌ ငါ့ဆရာဟူ၍မရှိပေ"

"အို. . . ဟုတ်တယ်။ အံ့ဖွယ်သရဲ ထူးကဲလိုက်တာ။ လောကမှာ ထင်ရှားနေတဲ့ ဆရာကြီးတွေတောင် ဆရာမတင်ဘဲ ကိုယ်တိုင်ဆရာလုပ်သူပေါ့. . . ဟုတ်လား. . . "

"မှန်တယ် ဥပက၊ ငါဟာ မာန်ငါးပါးကိုအောင်သူမို့ အနန္တဇိနမည်တယ်"

"အနန္တဇိန. . အနန္တဇိန. . . ဟုတ်ပေမယ်. . . မှတ်ထားလိုက်ပါမယ်။ ဒါနဲ့ အနန္တဇိန ဘယ်ကြွမလို့လဲ"

"ငါဟာ ဗုဒ္ဓတို့ကျင့်လမ်းမှန်ရာ ဓမ္မ စကြာတရားဟောဖို့ မိဂဒါဝုန်တော ကြွမယ်ဥပက. . . "

"အလို. . . ဓမ္မစကြာတရားတောင် ဟောဦးမယ် ဟုတ်စ။ အင်း . . . ထူးပေစွဗျာ. . . ။ အဆန်း တကြယ်ရှိပေစွ။ ကောင်းပါတယ်။ ကြွလိုက်ဦး. . . ကြွလိုက်ဦး။ ကျွန်ုပ်လဲ ခရီးဆက်ရဦးမယ် ငါ့ရှင်ရေ. . . "

ကျွန်ုပ်သည် ဗုဒ္ဓကို အဦးဆုံးဖူးရသူ ဖြစ်ပေမယ့် အကြောင်းမဆိုက်တော့ ဓမ္မစစ်ကို နာခွင့်မကြုံလိုက်။ ထိုစဉ်က ကျွန်ုပ်စိတ်ထားအမှန်ကို ဝန်ခံရလျှင် "လာပြန်ပဟော့ နောက်တစ်ယောက်" ဟု ရင်ထဲက ခပ်ပေါ့ ပေါ့ရေရွတ်မိသည်။ မဇ္ဈိမတွင် ဘုရားဟု ဟစ်ကြွေးနေသော ပုဂ္ဂိုလ်ကြီးခြောက်ယောက်နှင့် ကျွန်ုပ်ဆုံးဖူး သည်၊ သူတို့တရားနာဖူးသည်။ ကိုယ်တင်သောဝါဒကို အမွမ်းအပြောက် စီခြယ်ဟောကြပေမယ့် တစ်ဦးမှ တိတိပပ မရှိကြ။ သူ့ဝါဒက အလကား၊ ငါ့ဝါဒကသာ အဆီအနှစ်ဟု ငါသိ၊ ငါတတ်လုပ်သူတွေ သာများသည်၊ တစ်ပါးပြီး တစ်ပါး နည်းခံခဲ့သော ကျွန်ုပ်သည် အစစ်အမှန် မတွေ့ရသဖြင့် စိတ်ပျက်နေ ချိန် ဗုဒ္ဓနှင့်တွေ့၍ အထင်သေးစိတ် ဖြစ်ခဲ့သည်၊ အနန္တဇိနဟု မိမိကိုယ်ကို ကင်ပွန်းတပ်လိုက်သော်လည်း ကျွန်ုပ် အလေးဂရုမပြုမိ။ ဘုရားရှင်ရှေ့က အသာရှောင်တိမ်းပြီး ကိုယ့်ခရီးကိုယ် ဆက်ခဲ့သည်။

ဤသို့ ခရီးဆက်ခြင်းပင် အမှောင်တွင်းလှမ်းဝင်မိလေမှန်း ထိုစဉ်က မသိခဲ့ပေ။

* * *

ကျွန်ုပ်သည် ခရီးဆက်လာသော်လည်း အနန္တဇိန၏ပုံသွင်က ရင်ထဲစွဲထင်လာမိသည်။ ငယ်ငယ် ရွယ်ရွယ် သည်မျှ ဣန္ဒြေရင့်ကျက်သော ပုဂ္ဂိုလ်မျိုးကို ရှေးကမတွေ့ဖူးခဲ့။ လေငြိမ်ရာအရပ်တွင် ထွန်းညှိ သော ဆီမီးတောက်နှယ် တည်ငြိမ်လင်းလက်လျက်နေသော ဣန္ဒြေကို အားကျမိသည်။ ဓမ္မအဆီအနှစ်ကို မနာလိုက်ရသော်လည်း ဗဟိဒ္ဓကာယိန္ဒြေကို ရလိုက်သဖြင့် အတုခိုးလိုက်သည်၊ တစ်သက်လုံး လှုပ်ရှားခဲ့ သော ကျွန်ုပ် အပြုအမူများသည် အများမနှစ်လိုဖွယ်ရာမှန်းသိ၍ ချက်ချင်းပြုပြင်လိုက်မိသည်။

သည်သို့နှင့် ကျွန်ုပ်သည် ဝင်္ကဇနပုဒ်ကို ချဉ်းကပ်မိသည်၊

"အရှင်. . . အရှင်မြတ်၊ ဘယ်ကကြွလာပါသလဲဘုရား. . . အရှင်မြတ်ရဲ့ဆရာဟာ ဘယ်သူပါလဲ ဘုရား. . . အမည်ဘယ်လိုခေါ်ပါလဲ ဘုရား. . . "

ဝက်ဇနပုဒ်အရောက်တွင် တွေ့လိုက်သော မုဆိုးကြီးက အံ့ဩထူးခြားသော ကျွန်ုပ်အသွင်ကိုကြည့်ပြီး နှစ်ခြိုက်နေပုံရသည်။ အတုခိုးကောင်း၍ ကြည်ညိုစရာ ဖြစ်သွားသည်ထင်ပ။ ကျွန်ုပ် ဗုဒ္ဓကို ဖူးရစဉ် ခံစားရပုံမျိုး မုဆိုးကြီးဖြစ်သွားပုံရသည်။

ဝက်မုဆိုးသည် ကျွန်ုပ်တို့လို တက္ကတွန်းများ၊ ပရိဗိုဇ်များ၊ ရသေ့များကို ဖူးဖူးမှာသေချာသည်။ ကျွန်ုပ်နှယ် ဣန္ဒြေသိက္ခာရှိသော ပုဂ္ဂိုလ်ကို ရှေးကမြင်ဖူးပုံမရပါ။ ဇမ္ဗူ ရာဇဂြိုဟ်စင် မမြင်ဖူးသူ ကြေးနီပြား တွေ့ချိန် ရွှေထင်သကဲ့သို့ မှတ်ထင်ပုံရသည်။

“မုဆိုး. . . ငါ့အမည်က ဥပကတည်း။ ခရီးလှည့်လည်နေသော သူတော်စင်တစ်ပါးပင်”

“အို. . . ကြုံတောင့်ကြုံခဲ၊ ဆုံတောင့်ဆုံခဲပါလား ဘုရား. . အရှင်မြတ်ဘုရား ဤဝက်အရပ်သည် အဆုံး အမကင်း၍ မိုက်မဲခြင်းအတိ ရှိပါသည်။ အရှင် ဒီအရပ်မှာ သီတင်းသုံးပါ။ သွန်သင်ပါ။ အရှင်မြတ် သီတင်းသုံးဖို့ ကျောင်းဆောက်လှူ ပါမယ် . . . ပစ္စည်းလေးပါး လှူပါမယ်”

ရေငတ်တုန်း ရေတွင်းပျက်ထဲ ကျဆိုသည့်ကိန်းနှယ်. . . ကိုးကွယ်သူ ဒါယကာတောင့်တချိန် ကြုံဆို လာ၍ ကျွန်ုပ်လက်ခံလိုက်သည်။ ရွာအနီးတွင် တဲကျောင်းလေး ဆောက်ပေး၍ ရေကန်အသင့်၊ ကြာအသင့် ဖြစ်ခဲ့သည်။

သည်သို့နှင့် တစ်လခန့်အကြာတွင် မုဆိုးကြီး ကျောင်းရောက်လာပြန်သည်။ ဝန်စည်စလယ် အထုပ် အပိုးများနှင့် မြင်၍ “ခရီးထွက်မလို့လား” ဟုမေးမိသည်။

“မှန်ပါအရှင်. . . ဒီပတ်ဝန်းကျင်မှာ သားသမင်ရှားနေလို့ ဟိုအဝေးကို ထွက်ရှာရပါမယ်. . . တစ်ပတ်ဆယ်ရက်တော့ ကြာမှာပေါ့ အရှင်. . . ဒါပေမယ့် မစိုးရိမ်ပါနဲ့။ အရှင့်အတွက် ဆွမ်းကိစ္စ စီစဉ်ဖို့ သမီးဆာပါကို မှာထားရစ်ပါတယ် ဘုရား. . .”

“ဆာပါ. . . ”

“မှန်ပါအရှင်. . တပည့်တော်ရဲ့ သမီးလေးပါ။ အရှင်က နေ့စဉ် ဆွမ်းဝတ်ခံယူဖို့သာ အာရုံစိုက်ပါ”

ကျွန်ုပ်ကို မှာထားရစ်ပြီး မုဆိုးကြီးထွက်သွားတော့သည်။ တကာရင်း အဝေးထွက်သွား၍ အားငယ် စိတ်ရှိသော်လည်း ကျွန်ုပ်ကြောင့်ကြစရာမရှိ။ စားရေး ပူစရာမလို။ ဆာပါ ရှိနေသမျှ အားလုံးအဆင်ပြေမည် သာပလေ. . . ။

* * *

အကယ်၍များ ကျွန်ုပ်တွင် ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ် ရှိခဲ့လျှင် ဤဝက်ရွာသို့ ရောက်စရာ အကြောင်းမရှိ။ ဗုဒ္ဓနှင့်တွေ့ကတည်းက မြတ်တရားနာရ၊ အမှန်လမ်း ရောက်ရလိမ့်မည်။ အမြင်မရှိ၊ အမှန်မသိ၍ ဝက်ရွာသို့ ရောက်သွားသည်။ ဝက်မုဆိုး၏ အကိုးကွယ်ခံ ဖြစ်ခဲ့ရပြီ။

အမှောင်တွင်းတိုးဝင်မိသော ကျွန်ုပ်သည် အသုရာနက်သော ချောက်ထဲပစ်ကျခဲ့သည်ကို ကျွန်ုပ်ကိုယ်တိုင် မသိခဲ့ပါချေ။

မုဆိုးကြီးထွက်သွားပြီးနောက် တစ်နေ့နံနက်တွင် ကျွန်ုပ်မုဆိုးကြီးအိမ်ကို ကြွသွားမိသည်။

"ခဏ သီတင်းသုံးပါဦးဘုရား . . . တပည့်တော် ဖီးလိမ်းလက်စ ဖြစ်နေလို့ပါ။ ဆွမ်းကအသင့်ပြင်ပြီးပါပြီ။ ဆက်ကပ်ဖို့ အသင့်ပါ"

ကျွန်ုပ်ဝင်လျှင်ဝင်ချင်း အိမ်တွင်းမှ ချိုသာသောအသံလေးက ဆီးကြိုနေသည်။ နားဝင်ပီယံ ချိုသာသော အသံလေးကြားရုံနှင့် နှလုံးအိမ်က ဂွမ်းဆီထိသည့်နှယ် ကြည်မွေ့သွားသည်။ အသံရှင်ကို မမြင်သေးခင်ပင် သဒ္ဒအသံကြောင့် စွဲလမ်းမှုက ရှိသွားသည်။

အသံကို ခန့်မှန်းရုံဖြင့် အဆင်းလည်း လှပချောမောမည်မှာ သေချာသည်။ ကျီးငှက်သည် အသံဆိုးသကဲ့သို့ အရုပ်လည်း ဆိုးဝါး၏။ ဒေါင်းငှက်၏ အသံသည် ဆွတ်ပျံ့ ဖွယ်ကောင်း၏။ အိုးဝေ. . . အိုဝေဟူသော တွန်ကျူးသံက လူကို ဆွဲဆောင်နိုင်သလို၊ အဆင်းကလည်း နှစ်သက်ဖွယ်ရှိသည်။ ဤမျှ အသံကောင်းလျှင် ဥဒေါင်းမလေးနှင့်မခြား ရှိပေလိမ့်မည်။

သင်းပျံ့သော နံ့သာကရမက် ရနံ့က ကျွန်ုပ်နှာဝကို လာကလိသည့်အလား ပြေးဝင်လာသည်။ အနံ့၏ ဆွဲဆောင်မှုကြောင့် ဣန္ဒြေမထိန်းနိုင်ဘဲ လှုပ်လှုပ်ခတ်ခတ် ကြည့်မိသည်။

"အို. . ."

ကျွန်ုပ်ရင်ထဲက အထိတ်တလန့် ရေရွတ်မိသည်။ လူသားစစ်စစ် ဟုတ်မှဟုတ်ပါလေစ. . . တောမှာမွေးသည့် တောပန်းလေး ဟုတ်ပါလေစ။ ထီးနန်းမဆန်၊ မြို့ဟန်မပေါက်ခြားလည်း လှသွေးကြွယ်နေမှုကြောင့် ငေးကြည့်နေမိသည်။

လုံးကျစ်တောင့်တင်းပြီး ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် တင့်တယ်နေသော အလှပိုင်ရှင်လေးက အခန်းတွင်းမှ ကပိုကရို လှမ်းထွက်လာသည်။ သက်ကျားအို ကျွန်ုပ်ကို တွေ့လိုက်သည်နှင့် အမှတ်မဲ့ လှမ်းခဲ့မိ၍၊ မလုံမခြုံ ရှိနေသော ရွှေ ရင်အုံကို လက်နှင့်အသာအုပ်လိုက်သည်ကို အမှတ်တမဲ့မြင်လိုက်ရသည်။ တဒင်္ဂမြင်ကွင်းကြောင့် ရင်တစ်ခုလုံး လှိုက်မောဖို ဟိုက်သွားသည်။

မမြင်စေချင်မှ မြင်မိအောင်မြင်လိုက်သော ကျွန်ုပ်သည် နတ်ဝင်သည် တစ်ယောက်ပမာ တုန်လှုပ်သွားသည်။ ကယောင်ကတမ်းယောင်ယမ်းပြီး "ရပါတယ်. . . ရပါ တယ်" ဟု နှုတ်ထွက်သွားပြီးမှ ဘာကိုရမှန်းပင် ကိုယ်တိုင်မသိတော့။

မုဆိုးသမီးဆာပါကလည်း ကယောင်ကတမ်း၊ ကျွန်ုပ်ကလည်း ကယောင်ချောက်ချား ဆွမ်းအမှုပြုကြရာ အလှူခံသူနှင့် လှူသူတို့ လက်ချင်းထိမိကုန်သည်။ ဖောဋ္ဌဗ္ဗအာရုံကို နဂိုပုံက မသိပေမယ့် ဖျတ်ခနဲကြုံအတွေ့တွင် အမေ့ဟု လန့်အော်မိသည်ထိ ဖြစ်သွားသည်။

ကျွန်ုပ်၏ မသေမသပ် အပြုအမူကြောင့် ဆာပါက ဖျတ်ခနဲမျက်လွှာလှန်ကြည့်ပြီး ခိခနဲ ရယ်သည်။ သူ့အကြည့်၊ သူ့အပြုံး၊ သူ့အရယ် ကြောင့် ဘာရယ်ညာရယ်မသိ ရောရယ်မိပြီး ကိုယ့်စိတ်ကို မနည်းဖြေရသည်။

"ဆာပါကို ခွင့်လွှတ်ပါ ဆရာသခင်. . . ကြိုကြိုတင်တင် ပြင်ထားပေမယ့် ဆရာအရှင် မရောက်သေးဘူးထင်လို့ အလှပြင်နေမိတာ. . . "

"အို. . . ရပါတယ်။ ပြင်တာကောင်းပါတယ်။ အဲလေ. . . ဟုတ်ပါဘူး။ ကျုပ်ဘာတွေ ပြောမိပါလိမ့်။ ကဲ. . . ရှင်မ. . . အဲလေ တကာမ ငါဒီမှာဘုဉ်းလို့ လုံးလုံးမဝင်၊ သပိတ်မှာသာ ပြင်ထည့်။ ဟိုကျမှ တဝကြည့်. . . အဲလေ. . . ထင်သလိုစား . . . ဟုတ်ပါဖူး. . . သင့်သလိုသာ ဘုဉ်းပါတော့မယ်"

ကျွန်ုပ်က အလွဲလွဲအချော်ချော် အမှောက်မှောက်အမှားအမှားဖြစ်ပုံ ကိုကြည့်ပြီး သဘောကျဟန် ရယ်လျက် သပိတ်တွင် ဆွမ်းထည့်ကပ်လိုက်သည်။

အိမ်ထက်က ပြန်အဆင်းတွင် "အချင်းဆရာ. . . မကြာမကြာလာဦးနော်. . . " ဟု ကလိလိုက်ရာ ဖရဏာပီတိ ဝွမ်းဆီထိသော နှလုံးနှင့် "လာဦးမှာပ. . . " ဟုပြောပြီး ကသောကမျော အိမ်ထက်က ဆင်းခဲ့ပေတော့သည်။

* * *

မမြင်အပ်သည်ကို မမြင်အောင် အကြည့်ရှောင်မှု၊ မတွေ့အပ်သည်ကို မတွေ့အောင် အထိရှောင်မှု ပြုရမည်မှာ သူတော်စင်တို့ အလုပ်ဖြစ်သည်။ သို့စဉ်လျက် သက်ကျားအို ကျွန်ုပ်က အကြည့်သရမ်း၊ အတွေးပရမ်းပတာနိုင်မှုကြောင့် အဇ္ဈတ္တသန္တာန်တွင် ကိန်းအောင်းလျက် အလစ်ချောင်းနေသော ရာဂမီးက လွှန့်လူးထကြွ တောက်လောင်ရတော့သည်။ အလျှံညီးညီး၊ ဟီးဟီး ပြောင်ပြောင် တောက်လောင်မှုကြောင့် ဆွမ်းကိုမျှ မမျိုနိုင်။ သပိတ် လက်မှာကိုင်လျက် ငိုင်နေမိသည်။

မမြင်အပ်သည်ကို မကြည့်ဘဲ နေသင့်လျက်မနေ။ ကြည့်မိတော့ မြင်သည်။ မြင်သည်ခဏ အမြင်ကို ဖြတ်၊ ရပ်သင့်သည်။ အသိတွင် သတိချုပ်လျက် ယောကျ်ားပဲ၊ မိန်းမပဲဟု ခွဲခြားမထုတ်၊ သရုပ်မထင် မမြင်သင့်။ ရုပ်နာမ်ပေါင်းစု၊ သင်္ခါရအမှု မမြဲသောအမှုဟု ရှုသင့်လျက် မြဲနေ၊ လှနေသည်ကို နှလုံးယှဉ်မိသည်။ စက္ခုနှင့် ရူပါရုံအတွေ့ထူးကြောင့် ချဉ်သီးနှင့်ဆား အတူထားသကဲ့သို့ အရသာ ထွေပြားသွားလေတော့သည်။

"ဆာပါ. . . ဆာပါလေးရယ်။ လှနိုင်လွန်းတဲ့ လှသွေးကြွယ်သူလေးရယ်. . . ဝင်းအိနေတဲ့ ရွှေရင်အစုံက မလုံ့တလုံ၊ နိမ့်တုံမြင့်တုံ တင်ပဆုံက လူပုံကို ပဒူအုံ ကိုက်သလိုပ အလာလား နေရခက်. . . ဟိုဟာ ထွက်၊ ဒီကယား၊ ဖြေလိုအား စိတ်ဆင်ရိုင်း၊ ချွန်းညှိုနဲ့ခိုင်းပေမယ့် ယောနိသောမနိသိကာယ ဆာပါ

လေး . . . ကိုယ်လုံးကသာ မနေသာ ထင်လာ ထင်လာပါပေါ့"

ကျွန်ုပ်သည် တောင်တောင်အီအီ တွေးပြီး ဟီးအတန်တန်ချပေမယ့် ဖြေမရ၊ ဆည်မနိုင်၊ ကျောင်းတိုင်ကို ဖက်တက်၊ ထရံကိုကုတ်ဖွဲ၊ ကြမ်းပြင်မှာမှောက်လှန်၊ ယက်ကန်ယက်ကန်နှင့် ရာဂမီး လောင်မြိုက်ခံနေရတော့သည်။

ဆာပါစိတ်ကြောင့် ဆွမ်းလည်း မစားနိုင်၊ အိပ်စက်လို့လည်း မပျော် ပိုက်။ မရှုမလှ အသေဆိုးနှင့်သေမည့်မျိုး ဆိုက်နေခဲ့သည်။ ခုနစ်ရက်လည်း၍ ကျောင်းဒါယကာ စဏ္ဍာမိမုဆိုး ပူပန်တကြီး ရောက်လာမှ လူးလွန့်စပြုနိုင်သည်။

"အရှင် . . . အရှင်မြတ်ဘုရား။ တပည့်တော်ရောက်မဆိုက် ဆာပါ ကိုမေးလိုက်မှ တစ်ရက်သာ ဆွမ်းခံကြွပြီး အကြောင်းမဲ့ ရောက်မလာ ဘယ်အရာမှန်းမသိလို့ ပြောပါဘုရား. . . တကာရင်းတပည့်တော် မြင်ပြန်တော့လဲ ဝတ်လဲတော်က မလုံ၊ အတွင်းဓာတ် နေစာလှုံသလို သဏ္ဍာန်ကုန် အကုန်လှပ်နေတာတွေ့ပါဘုရား. . . ဘယ်အခင်း၊ ဘယ်အမှု၊ ဝေဒနာဘယ်လိုရတယ်ဆိုတာ မိန့်ပါဦး အရှင် . . . "

"တကာရင်း စဏ္ဍာ။ ပြောဖို့ရာ ဝန်လေး စိတ်မအေးဘူး တကာ။ မပြောပြန်ရင်လဲ အနာရင်းမသိ၊ ဆေးမရှိနိုင်လို့ သည်းခံ၍သာ နားဆင်ပါ။ ငါဆရာ အိမ်အရောက် ဘယ်ကလောက် အဖြစ်ဆိုး၊ ကာမဘုံ တိုးမိလေသလဲ မသိ။ တကာ၏ ရင်နှစ်ချစ်စရာရုပ်သွင် ဆာပါကို မြင်တော့ ကာမဂုဏ် ရမက်အိုးဇောက်ထိုးမှောက်ကျသည့်နှယ် . . . ဆယ်မရ၊ မ မဖြစ်၊ ဘယ်လိုပင် ထိန်းထိန်း ဒိန်းဒလိမ်းနတ်ဝင်သလို ဖြစ်ရပါပေါ့။ ငါ့ကိုယ်တွင်း အနာ၊ ကာမရောဂါဟာ ကုရာနတ္ထိ ဆေးမရှိ။ ဆာပါမရှိ သေမည့်ဘေး တွေးသာကြည့်ပေတော့. . . "

"ဩော် . . . "

ကျွန်ုပ်စကားအဆုံးတွင် စဏ္ဍာမိမုဆိုးက မရှိတင်ကဲ ဝေဒနာဖြင့် ဩော် . . . ဟုသာ ဆိုနိုင်သည်။ ကျွန်ုပ် မှန်းဆသလောက် အခြေအနေ မဆိုး၍ သက်သာရာတော့ ဖြစ်သွားသည်။ ကျွန်ုပ် စကားကြားလျှင် "ဟင် . . . ဘုရားမှတ်လို့ ကိုးကွယ် . . . ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်" ဟု မြည်တွန်တောက်တီးလျက် ကျောင်းထက်က ပြန်ဆင်းသွားမည်ထင်ခဲ့ရာ အခြေအနေမဆိုးသဖြင့် စိတ်သက်သာရာ ရသွားသည်။ ဣန္ဒြေထိန်းပြီး သံဝေဂရသည့် လေသံနှင့် သွေးတိုးစမ်းလိုက်သည်။

"အင်း. . . ငါမှားတယ် တကာ။ အမှန်သာဆို ကျောင်းတကာ သမီးကို စိတ်ကူးနှင့်ပင် မကြံအပ်။ ပညတ်ကို ပရမတ်မထင်သင့်"

"အဲ. . . ဒီလိုလဲ မဟုတ်သေးဘူးအရှင်။ အဆိုးထင်ရင်တော့ ဖြစ်ရပ်ကဆိုးသပေါ့။ အဲ. . . အကြောင်းစပ်ပြီး အကောင်းဓာတ်ဝင်ကြည့်ရင် ကျွန်ုပ် သဘောကျရမှာပါ"

"ဟေ. . . ဘာ. . . ဘယ်လို။ တကာကြီး သမီးအပေါ် အကြံမိုက်မိကာတောင်နှစ်ခြိုက်တယ်ဆိုပ။

ဒါဆို ဆရာအိုင့်ကို တကာမပျို မ ဟိုဒင်းနဲ့. . . . ဟိုဟာ. . . ဟိုကိစ္စ. . . အဒါ

"အင်း. . . အိမ်ထောင်မှုကိစ္စ၊ သံဝါသဆိုတာ အရှင်မြတ်တို့အတွက် ကျဆုံးခြင်း ဖြစ်ပေမယ့် ကျွန်ုပ်တို့အတွက်တော့ ဒီကိစ္စ သဘောကျစရာပါ။ ဒီလိုအရှင်ရာ. . . ဟောဒီ မန္တိမမှာ အယူအဆတစ်ခုရှိတာ အရှင်အသိပဲလေ. . . ကျွန်ုပ်တို့ သမီးရှင်တွေဟာ တရားကျင့်ကြံနေတဲ့ ယောဂီသူတော်စင်တွေနဲ့ သမီးကိုလက်ဆက်ပေးရင် အဲဒီသူတော်ကောင်းဆောက်တည်သမျှ ကုသိုလ်အဖို့ အမျှရတယ်တဲ့လေ. . ."

"ဟေ. . . ဪအား။ ဒါ. . . ဟုတ်သဟ"

"အရှင်ဟာ သူတော်စင်ဆိုပြီး ကျွန်ုပ်ကိုးကွယ်ရာမို့လား. . . အကယ်၍ ကျွန်ုပ်သမီးဆာပါကို အရှင်နဲ့ပေးစားရင် အရှင့်ကုသိုလ် ကျွန်ုပ်ရမှာဆိုတော့ ဝမ်းသာစရာပေါ့"

"အဟဲ. . . ဒီလို သဘောမထားပါဘူး တကာ"

"ဒါအတွက်ဆို မကြောင့်ကြနဲ့အရှင်. . . ဆာပါကို အရှင်ရစေမယ်"

"အဟုတ်လားဟေ့. . . တကာ။ မင်းသမီးဆာပါနဲ့ ငါဥပကကို တကယ်ပေးစားမယ်။ အဟုတ်ပေးစားမယ်။ လိမ်တာတော့ မဟုတ်ပါဘူးနော်. . ."

ဆာပါကြောင့် အိပ်ရာထက် ဘုန်းဘုန်းလဲနေသော ကျွန်ုပ်သည် မုဆိုးစဏ္ဍာမိစကားကြားလိုက်သည်နှင့် ဝုန်းခနဲခုန်ထလိုက်သည်။ နဂိုက လျော့ရဲရဲ ဖြစ်သလို တည်းထားသော ဝတ်ရုံစက ခုန်အထတွင် ကွင်းလုံး ကျွတ်ကျသွား၍ အဓ္ဓတ္တအတွင်းသရုပ် ဟင်းလင်းကြီး ထုတ်သလို ဖြစ်သွားတော့သည်။

စဏ္ဍာမိမုဆိုးလည်း မမြင်ဝံ့၊ မမြင်အပ်စရာ မြင်လိုက်ရ၍ မျက်နှာသာလွှဲပြီး၊ "ကဲ. . . ကိုယ်တော် . . . သမီးလိုချင်ရင် ဟောဒီပုဆိုးသာ ဝတ်လိုက်ခဲ့တော့" ဟု ခေါင်းပေါင်းထားသည့် ပုဆိုးကို ပစ်ချပြီး ကျောင်းပေါ်က ဆင်းသွားတော့သည်။

* * *

"အို. . . အို. . . အေ. . . အေ အို. . အို မငိုပါနဲ့ ရှင်ပျက်ရဲ့သား၊ အမဲသားထမ်း၊ ရဟန်းလူထွက်၊ စိတ်ပေါ့ပြက်ရဲ့သား. . . ။

မုဆိုးနောက်လိုက်၊ ရမက်ကြိုက်၊ ကိုလူမိုက်ရဲ့သား

ဘာညာမသိ၊ တဏှာအတိ၊ မိုက်တိမိုက်ကန်းရဲ့သား အိပ်ပါတော့လား. . . "

ရင်ခွင်တွင်းက ငိုနေသောကလေးအငိုတိတ်အောင် ပေါင်နှစ်ချောင်း အတွင်သာလှုပ်ယမ်းရင်း ချော့နေသော ဆာပါ့အသံကြောင့် ခေါင်းထောင်ကြည့်လိုက်သည်။

ယောက္ခမစဏ္ဍာမိ မုဆိုးကြီး ပစ်ခတ်ယူလာသော အမဲသားများကို ချိန်တွယ် စည်းနှောင်နေစဉ် မထိ၊တထိ သီကျူးလိုက်သော တေးသံကြောင့် ခေါင်းထောင်ကြည့်လိုက်သည်။ မိဆာပါက အလေးမမူ၊ ဂရု

မထားလေဟာန်နှင့် သားလူမိုက်ကို လက်နှင့်ရိုက်ချော့နေသည်။

ဆာပါသည်သို့ ဆဲရေးသမှုပြု သည်က သည်တစ်ကြိမ်တစ်ခါ မဟုတ်။ ကြိမ်ဖန်များစွာ ကြားနေရ၍ နာချင်သလိုလိုဖြစ်လာသည်။

ဘယ်သူမပြု မိမိမှုဆိုသည့် စကားအတိုင်း ကိုယ့်ပြဿနာကိုယ်ရှာ၊ ကိုယ့်သေတွင်း ကိုယ်တူးရသည်မှာ ကိုယ်သာဖြစ်သည်။

စဏ္ဍာမိမုဆိုးက သဘောတူချိန်တွင် ကာမဂုဏ်ဇောနှင့် ကသောကမျော ခုန်ထမိသောကျွန်ုပ်သည် ဆာပါနှင့်လက်ထပ်လိုက်မှ အမှားကိုမြင်စပြုသည်။ ငယ်ရွယ်စဉ်ကတည်းက သူတော်စင် အလုပ်လုပ်ခဲ့သော ကျွန်ုပ်သည် ဘာတစ်ခုမျှ ဟုတ္တိပတ္တိ မတတ်ခဲ့။ အိမ်ထောင်သားမွေးပြုလျှင် တစ်ခုပညာ ကိုယ်စီပါသင့်သည်။ သားကျွေးမှု၊ မယားကျွေးမှု အတတ်တစ်ခုခုရှိသင့်သည်။ လယ်ယာအလုပ်လည်း မတတ်မြောက်၊ စူးဆောက်အတတ်လည်း မကျွမ်းကျင်၊ ပန်းချီ၊ ဆေးရေးအတတ်လည်း နားမလည်၊ အဌာရသ ဆယ့်ရှစ်ရပ်ကို အလုံးစုံတတ်ဖို့မဆိုထားနှင့် တစ်ပါးတလေတောင် မသိ၊ နားမလည်သော ကျွန်ုပ်သည် ယောက္ခမမုဆိုးနောက်က သားထမ်းအလုပ်ကိုသာ ဝင်လုပ်ရသည်။ လေးတစ်စင်း၊ ခွေးတစ်အုပ်နှင့် ရှေ့က သွားသော ယောက္ခမနောက်က ခပ်ကုပ်ကုပ်လိုက်ရသော ကျွန်ုပ်အဖို့ အောက်တန်း၊ နောက်တန်း ကျမှန်းသိပါသည်။ သိပင်သိငြားလည်း ဒါကလွဲ၍ မလုပ်တတ်သဖြင့် ဓားမနောက်ပိတ်ခွေးအဖြစ်သာ ဆက်နေရသည်။

ကျွန်ုပ်သည် ဆာပါ၏ သဘောထားကို နားလည်ပါသည်။ ဆယ့်ခြောက်နှစ်အရွယ် ဆာပါလေး လင်သားတော်ရသော ကျွန်ုပ်က သူနှင့် ပြောင်းပြန်။ အဘိုးအိုရွတ်တွ ဒုဗ္ဗလ အရွယ်ကျခြောက်ဆယ့်တစ်နှစ်သား။ လင်သားဟဲ့လို့ ထုတ်ကြွားရအောင် ထူထူထောင်ထောင်မရှိ။ "ကဲ . . . လာပါဦးရှင်"ဆိုလျှင် ခါးလေးကိုင်းကိုင်း၊ တုန်တုန်ချိချိ လှမ်းလာပုံကိုကြည့်ပြီး ရှက်သည့်ဟန်ထင်လာသည်။ သက်တူ၊ ရွယ်တူ၊ ကျားကျားလျားလျား၊ သွေးသားမြူးကြွသည့် လင်သားကို တောင့်တချိန် လင်ရွတ်တွ၊ လင်လင်းတအိုကို ရလေသဖြင့် ငိုချင်သလိုဖြစ်နေသည်။ ဖအေအရွယ်လင်ကို မချစ်သော်လည်း အောင့်ကာနမ်းရင်း ကလေးတစ်ယောက်ရလိုက်၍ မီးလောင်ရာလေပင့်သည့်နှယ် ခံစားရသည်။ သား လုပ်သူက မဆိမဆိုင် ပူဆာ၊ အူတာရှည် ငိုကျွေးနေလေတော့ ပေါင်လှုပ်သိပ်ရင်း တေးသီချင်း သီတော့သည်။

"ဒီမယ် . . . ဟော့ ခဏနေစမ်း ပါဦး . . . မင်း သားချော့တာ ဦးမလွတ်၊ ပုံမလွတ်ပါလား . . . ဒါဟာ ဆဲရေးခြင်း နှစ်ဆယ့်ငါးပါးက မလွတ်ဘူးဆိုတာ မင်းသိရဲ့လား . . . "

"ဘယ်လို . . . ဆဲရေးခြင်း ဟုတ်လား . . . အဟင်းဟင်း။ ရှင့် နှစ်ဆယ့်ငါးပါးတွေ၊ အပါးသုံးဆယ်တွေ ကျုပ်မသိဘူး၊ ကိုယ့်ဘာသာကိုယ် နာလိုခံခက် အမျက်ထွက်ဖြစ်နေရင်တော့ ကျုပ်မသိဘူး"

"မင်း . . . ဘုစကားမပြောနဲ့။ အစကတည်းက မင်းကျုပ်ကို မကြိုက်မှန်းသိတယ်။ လိုတာမရ

ရတာမလိုဆိုတော့ အလိုလိုဒေါ်ပွနေတာ မသိဘူးမှတ်လား. . . ”

“အဟောဟော. . . ဒီသဘောလဲ ရှင်သိနေသားပဲ။ ဟုတ်သတော့ ဟုတ်တယ်။ ဘယ်နှယ့်ရှင်. . . လင်ဆိုမှလင်၊ သူများလင်တွေမြင်ရ ဘဝင်ကျစရာချည့်။ ဒီလင်ကြည့် လင်မွဲဆိုလဲ ဟုတ်တယ်။ လင်အိုဆိုလဲ မှန်တယ်။ လင်နာလို့ ပြောဦးမလား ဒက်ထိပဲ။ လင်မိုက်၊ လင်ဖျင်း၊ လင်အနွဆိုချင်လား ဆိုလို့ရ တယ်။ သူ့သားသမီးယူရင် ရှာကြံကျွေးဖို့ တစ်ခုခုရှိသင့်တယ်။ ခုတော့လား. . . ယောက္ခမကများ မုဆိုး မလုပ်ရင် ဘယ်အလုပ်လုပ်မလဲ။ မုဆိုးနောက်လိုက် ကိုလူမိုက်ရဲ့”

“မင်း. . . ဒီအထိပြောတာ လွန်လွန်းပြီ”

“ဘာလွန်ရမှာလဲ. . . တက္ကတွန်းလုပ်ဖို့ တရားဝင်ပြီးမှ မယားလိုချင်တာနဲ့ လူထွက်သတဲ့။ ရှင်မရှက်ဖူးလား”

“ဟ. . . ဒါက ကိလေသာကွ၊ အာသဝေါ မကုန်သေးတဲ့လူကွ”

“အလို. . . စာဆိုနဲ့ပါလား. . . ကိလေသာတဲ့။ အဟိ. . . ကိ ၊ကိနိုင်လွန်းပတော်။ ဘာတဲ့ အာသဝေါ ဟုတ်လား။ ဝေါ. . . ဝေါနိုင်လွန်းဘိ။ ပြန်ကြည့်ဦး။ ကိုယ့်အနေက အခြေမလှတော့တဲ့အရွယ်။ သေမယ်ဆို အရိုးမြေကျနေလောက်ပြီ”

“ဟုတ်တယ်။ ငါ့ဘဝဟာ အရိုးမြေကျဖို့ နီးနေပြီ။ ဒါပေမယ့် မိုက်လုံးကြီးမိလို့ အမဲသားထမ်းနေရတယ်။ ဒါတောင် မယားက ပြုစု၊ မကြည်ဖြူချင်သေးဘူး”

“အလိုတော်. . . ရှင်လိုအသုံးမကျ၊ လူ့ရွတ်တွကို ကျုပ်က ကြည်ဖြူတော်မူနေရမလား. . . ”

ကျွန်ုပ်တို့ချင်း သူတစ်ခွန်း၊ ငါ တစ်ခွန်းပြောနေစဉ် သားငယ် သုဘဒ်က ဂျီကျပြန်၍ ရိုက်မောင်း၊ ပုတ်မောင်း လုပ်ရင်း ဆဲရေးပြန်သည်။ ခလုတ်တိုက်ပါများလျှင် သစ်ငုတ်ပင် ဒဏ်မခံနိုင်သည့် အလျောက် ကျွန်ုပ်လည်း အောင့်အည်းသည်းခံနိုင်စွမ်း မရှိတော့။

“ဟေ့. . . ဆာပါ။ တော်ရုံသင့် ရုံဆိုကောင်းတယ်ကွာ. . . မင်း အိမ်မှာလိုက်နေလို့ ဒီစကားပြောတာလား၊ ဒါဆိုငါဆင်းသွားမဟေ့”

“ဆင်းမယ်. . . အဟဟ။ ဒီ စကားပြောသင့်တာ ကြာပြီလူအနွရဲ့။ သွား. . . သွား. . . သင်္ချိုင်းကုန်းရောက်အောင်သာ သွားတော့”

“ဘာ. . . သင်္ချိုင်းဟုတ်လား။ ဒီမယ်. . . မင်းကငါ့ကို အားကိုး စရာမရှိတဲ့ ရေမျောကမ်းတင်မှတ်နေလား။ ကာမဂုဏ်မှောက်လို့ မင့်အောက်ကြို့ဝင်ခဲ့မိတာပါ။ ဒီမယ် ငါ့ မှာ အနန္တဇိနဆိုတဲ့ ဆရာတစ်ဆူရှိတယ်။ ဟိုတုန်းက အသိတရားရှိရင် ဒီလိုအမှားမဝင်ဘူး။ ဖြစ်သမျှ ဝန်ချပြီး ဆရာ့ထံနည်းခံမဟေ့”

“အမယ်လေး မြန်မြန်သာကြွ။ တောင်လမ်းကကြွကြွ၊ မြောက်လမ်းကကြွကြွ ဒီရွတ်တွကြီးနဲ့ မပေါင်းရရင် ပြီးရော. . . ”

ကျွန်ုပ်သည် အမဲသားခုတ်ထစ်နေသော ဓားကိုပစ်ချပြီး ဒေါသတကြီးနှင့် ထွက်လာခဲ့သည်။ လမ်းခရီး ရောက်မှ သွေးစွန်းနေသောလက်ကို စမ်းချောင်းတစ်ခုမှာ ဆေးလိုက်သည်။ ပေရေနေသော သွေးစများ ရေနှင့်ထိပြီး ပြောင်ကျသွားသကဲ့သို့ ကျွန်ုပ်ကိုယ်တွင်း ကပ်ငြိနေသော ကိလေသာအညစ်အကြေးတို့သည် လည်း သံဝေဂတရားရမှ ကင်းစင်လျောကျသွားတော့သည်။

* * *

ကျွန်ုပ်သည် ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ ရှေးရှုလာရင်း တစ်ချိန်က မိန့်ကြားခဲ့ သော အနန္တဇိနဟူသော စကားကို ပြန်လှန်စဉ်းစားမိသည်။

အနန္တဇိနဟူသည် မာန်ငါးပါးကို အောင်မြင်သူဖြစ်သည်။ အထူးသဖြင့် ကျွန်ုပ်ကို ဒုက္ခပေးသော ကိ လေသာမာန်ကိုပင် အောင်မြင်ပြီး ဖြစ်၍ လေးစားရမည်ပင်။ အနန္တဇိနနှင့်တွေ့စဉ် ဘယ်ကြွမလဲဟု ကျွန်ုပ် မေးမိသည်။ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူသော ဘုရားရှင်တို့ ကျင့်ရိုးကျင့်စဉ် ဓမ္မတာသဘောအတိုင်း ဓမ္မစကြာတရားဟောရန် မိဂဒါဝုန်သို့ကြွမည်ဟု မိန့်ခဲ့သည်။ ဓမ္မစကြာတရားဟောမည်ဆိုခြင်းမှာ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ဟု ဝန်ခံလိုက်ခြင်းပင်။ ထိုစဉ်က ဤအကြောင်းကို စေ့စေ့ငငမတွေးမိ၊ တစ်ဖက် သားကို အထင်သေးစိတ်ဖြင့်ကြွပေဦးတော့ . . . သွားပေဦးတော့ဟု ခပ်ပေါ့ပေါ့ ပြောလိုက်မိသည်။

အကယ်၍ ကျွန်ုပ်သာ သတိမူ ဆင်ခြင်လိုက်မိလျှင် ဤဒုက္ခမျိုး မကြုံတွေ့နိုင်၊ ခုတော့ ကာမဘုံသား၊ လူ့နွားတို့ ကျင်လည်ရသည့်အတိုင်း တပင်တပန်း ကျင်လည်ခဲ့ရသည်။ လူမှုကိစ္စ အဝဝနှင့် မရပ်မနား ပြေးလွှားရသော်လည်း ကျွန်ုပ်ဥပကမှာ မျက်နှာကောင်းမရခဲ့။

ခုတော့ အနန္တဇိနရှေ့မှောက် ရောက်ပြီ၊ ကိုယ့်ကိုယ်ကို မိတ်ဆက် လိုက်ရုံနှင့် များစွာကွဲကွာ နေပေမယ့် မေ့ဟန်မတူ၊ သည့်နေ့သည်အချိန်တွင် ကျွန်ုပ်ရောက်လာမည်ကို ကြိုသိ နေသည့်အလား ကြိုလင့်နေသည်။

"တက္ကတွန်းဥပက၊ အခု ဘယ်ကလာသလဲ"

ဘုရားရှင်က အလိုက်သင့် စကားမေးသည်။ ကျွန်ုပ်ရင်ထဲရှိနေသည့် ဒုက္ခတရားတွေကို ဖွင့်ဟပြ လိုက်ခြင်းဖြင့် ရင်တွင်းပေါ့ပါးသွား စေရန် တောင့်တမိရာ အဆင်ပြေသွားသည်။ ဂယာသီသလမ်းပေါ်တွင် အနန္တဇိနနှင့် တွေ့ဆုံသည်မှ ယနေ့ ပြန်ဆုံစည်းရသည့် အချိန်အထိ အဖြစ်အပျက်များကို ပြန်ပြောင်း လျှောက်တင်လိုက်သည်။ ကျွန်ုပ် စကားကို ဆိတ်ငြိမ်နားထောင်နေသည့် ရဟန်းများက သံဝေဂယူနေပုံ ရသည်။

ကျွန်ုပ် တင်လျှောက်ချက်အဆုံးတွင် ဘုရားရှင်က ကရုဏာမျက်လုံးအစုံနှင့် မမှိတ်မသုန် စိုက်ကြည့်နေ သည်၊ ခဏအကြာတွင် နှစ်သက်ဖွယ်ရာ အဆုံးအမပေးလာသည်။

"အချင်း ဥပက၊ သင့်အသက်အရွယ်ကကြီးလှပြီ၊ ဤလလော . . . နောက်လလော သေရမည့်

အချိန်ကို တွေးနေချိန်သင့်ပြီ၊ အဆီမကပ်၊ အသားမကပ်သော အမဲရွှတ်ကိုဝါးသည့်နှယ် ကာမချမ်းသာကို မြတ်နိုးနေက အကျိုးမဲ့သေရလိမ့်မည်။ သတိ၊ သံဝေဂရချိန်သင့်ပြီကို ဆင်ခြင်လော့. . . ”

ကျွန်ုပ်သည် သားကျွေးမှု၊ မယားကျွေးမှုအတွက် အသက်အရွယ်နှင့်မမျှအောင် ရုန်းကန်ခဲ့ပေမယ့် မျက်နှာကောင်းမရ၊ အလိုမကျသည့် မယားအလှ၏ ပြစ်စောင်းမြောင်းမှုကို နေ့တိုင်းခံရ၍ စိတ်ဆင်းရဲနေမိသည်။ လူ့ဒုက္ခ အဖုံဖုံကို ခြေစုံပစ်ဝင်မိမှ သိရသော ကျွန်ုပ်သည် ဗုဒ္ဓထံ အားကိုးရောက် လာရာ ထိုသံဝေဂစကားကို ဆိုလိုက်၍ ဦးစိုက်ကျသွားရသည်။

“ဥပက၊ သင့်အရွယ် ဇရာထောက်ပြီ၊ တရားရသင့်ပြီ။ ငါ့သာသနာမှာ ရဟန်းပြုနိုင်မလား”

ကျွန်ုပ် ကိုယ်လုံးဆတ်ခနဲ တွန့်သွားသည်။ ဗုဒ္ဓကို အားကိုးတကြီး မော်ဖူးလိုက်သည်။ ကိုယ်ကိုကွေး၊ ခါးကိုမတ်၊ လက်အုပ်ချီလိုက်သည်။

“ပြု. . . ပြုလိုပါတယ် မြတ်ဘုရား။ အရှင်မြတ်ဘုရားကို အားကိုးပြီးလာခဲ့တာမို့ လက်ခံမယ်ဆိုရင် သာသနာဘောင်တွင်းဝင်လိုပါတယ်ဘုရား”

ကျွန်ုပ်က အသက်ခုနစ်ဆယ်နားနီးပြီ။ အရွယ်က ခရမ်းသီးပိန် ဓားတုံးဘဝ၊ ကုသိုလ်ကံထောက်မ၍ အချိန်မလင့်မီ ရဟန်းဖြစ်စေသင့်သည်ဟု တွေးပုံရသည်၊ ထွေထွေရာရာ စည်းကမ်း မသတ်မှတ်တော့ဘဲ တစပဥ္စက ကမ္မဋ္ဌာန်းပေးလျက် ရဟန်းအဖြစ် ခွင့်ပြုတော့သည်။

မြင့်မြတ်သော ရဟန်းဘဝရောက်ပြီး ဗုဒ္ဓသွန်သင်သည့်နည်းအတိုင်း ကမ္မဋ္ဌာန်းတရားအားထုတ် မှ ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေ၊ ကိုယ့်ပကတိရုပ်သွင်ကို ဆင်ခြင်မိသည်။

အသား၊ အသွေး၊ အရိုး၊ အရေတို့ဖြင့် ဖွဲ့စည်းထားသော ကျွန်ုပ်၏ကိုယ်ခန္ဓာသည် ရှေးကနှင့် လားလားမျှမတူတော့။ အသွေးအသားက ခန်းခြောက်နေပြီ။ အရေခွံက သားဖွားပြီးစ ဆင်မတစ်ကောင်၏ အရေခွံနှယ် အိတွဲကျနေပြီ။ ခန္ဓာကိုယ်ကို ထောက်ကန်ထားသော အရိုးတို့က ယိမ်းယိုင်လျက် အိမ်ပျက်၊ အိမ်အိုနှယ် ခနော်ခနဲ့ ဖြစ်နေပြီ။

လူ့ရွှတ်တွကြီးဟု ဆာပါက ဆဲရေးစဉ် ဆတ်ဆတ်ခါနာမိသည်။ အိုကြီးအိုမ အသုံးမကျသည့် အဖိုးအိုကို လူ့ရွှတ်တွဟု သုံးခြင်းမှာ မုသားမဟုတ်။ မှန်သောသစ္စာစကား။ နာစရာမရှိ။ သတိရဖို့ကောင်းသည်။ ဇရာက သတိကို ခိုးယူသွားခဲ့သည်။ ရုပ်အဆင်းကို ဖျက်ဆီးပစ်ခဲ့သည်။ မျက်စိနှင့်နားကို အားနည်းစေခဲ့သည်။ ခွန်အားနှင့်လုံ့လကို သတ်ဖြတ်ပစ်ခဲ့သည်။ ဤသည်ကို ကမ္မဋ္ဌာန်းတရား အားထုတ်မှ ဆင်ခြင်လာနိုင်သည်။

ခုတော့ ဆင်ခြင်နိုင်ပြီ။ ဆင်ခြင်နိုင်သည်နှင့် တစ်ချိန်က ကျွန်ုပ်ကို ရစ်ပတ်ဖွဲ့နှောင်ခဲ့သော သံယောဇဉ်ကြီးတို့ကို ဖြတ်တောက်နိုင်တော့သည်။ ရဟန်းတရားကို စိုက်လိုက်မတ်တတ်ကျင့်ကြံသည့်အတွက် ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမသသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ်ကြီးများ

တစ်ခုပြီးတစ်ခု ပြတ်သွားသည်။ ဤကြိုးများ ဖြတ်တောက်နိုင်သော ပုဂ္ဂိုလ်သည် သောတာပန်အဆင့် လှမ်းနိုင်ပြီဖြစ်သည်။ ဒုတိယအဆင့်ဖြစ်သော သကဒါဂါမ်အဆင့်မှာ အနုအရင့် သာကွာခြား၍ ကျွန်ုပ် အထူးမကြိုးစားလိုက်ရ။ ကျွန်ုပ်ဘဝ ပိုတည်ငြိမ်လာသည်။ ရဟန်းတရား ပိုကျင့်လာနိုင်သည်။ ကျင့်ရင်း ကျန်သံယောဇဉ် ငါးပါးအနက် ကာမရာဂ သံယောဇဉ်နှင့် ပဋိဃသံယောဇဉ်ကြိုးကို ထပ်မံဖြတ်တောက် လာနိုင်သည်။ ကျွန်ုပ်ဘဝ ခိုင်မာသွားပြီ။ အကယ်၍ ကျွန်ုပ်သည် ဘဝရာဂ သံယော ဇဉ်၊ မာနသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်သာ ပယ်သတ်နိုင်လျှင် ရဟန်းကိစ္စ ပြီးစီးနိုင်မည်။ နိဗ္ဗုတနန်း စံမြန်းရုံသာ ရှိတော့သည်။ သို့သော် ( ) သက်အရွယ်ကြီးရင့်မှ အမှန်လမ်းမြင်ခဲ့၊ သိခဲ့၊ ကျင့်ခဲ့၍ ခရီးဆုံးကိုတော့ မရောက်လိုက်။ ဤမျှ ပယ်သတ်နိုင်ခြင်းပင် ကျွန်ုပ် ဝမ်းမြောက်ရပါပြီ။ ဤသည်မှာ ဘုရားရှင်၏ ကျေးဇူးကြောင့်သာ ဖြစ်ပေသည်။

ကျွန်ုပ်သည် ဘုရားရှင်ကို ဦးဆုံးတွေ့ရသော ပုဂ္ဂိုလ်ထဲတွင် ထိပ်ဆုံးက ပါသူဖြစ်သည်။ အနန္တဇိနဟု မိန့်ကြားစဉ်ကတည်းက အဝိဇ္ဇာဖုံးနေသော ကျွန်ုပ်နှလုံးသားကို အသုံးချနိုင်မည်ဆိုလျှင် ဧတဒဂ်ရ ပုဂ္ဂိုလ်များနှယ် ဂုဏ်ထူးဘွဲ့ထူးတွေ မရဟု မဆို နိုင်။ အချက်ပိုင်ပိုင်ရနိုင်ပါလျက် ကျွန်ုပ်က အနန္တဇိနကို ရှောင်ကွင်းလျက် အမှောင်လမ်းဘက်ကို စိုက်စိုက်စိုက်စိုက်နှင့် လိုက်သွားမိသည်။

တက္ကတွန်းကြီး ဥပကဆရာဟူသောအကြည်ညိုခံဘဝက ကာမဂုဏ်ရမက်ဇောမက်မောမိ၍ မုဆိုး နောက်လိုက် သားထမ်းဘဝ ရောက်ခဲ့ရသည်။ ဇနီးလုပ်သူ၏ ခနိုးခနဲ့စကားကြောင့် စိတ်အနာကြီးနာကာ ရဟန်းဖြစ်လာပြန်သည်။ ကျွန်ုပ်ဘဝသည် ခေါက်ရှာငှက်ပျံသကဲ့သို့ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်။ မြစ်ရေအလျဉ်တွင် မျောပါနေသော လှေငယ်သည် လှိုင်းတံပိုး၏ ရိုက်ခတ်မှုခံရသော ရင်ဖိုလှိုက်မော ရဘိသည်။ ဤသို့ ရင်ဖိုရမည်ကိုပင် လောကအရသာ၊ သုခဟုထင်ခဲ့သည်။ တဒင်္ဂချမ်းသာကို ချမ်းသာဟု ထင်ခဲ့သော ကျွန်ုပ်သည် ဘုရားရှင်၏တရားနာမှ သုခအမှန်ကိုမြင်ရသည်။ တွေ့ရသည်။ အတွေ့နောက် မကျပေမယ့် အသိနောက်ကျခဲ့ပါသည်။ သို့ဖြစ်၍ အဆုံးစွန်သော ချမ်းသာမှုကို မရရှိခဲ့ပါ။ အပါယ် တံခါးပိတ်ခဲ့ပေမယ့် နိဗ္ဗာန်တံခါး မဖွင့်နိုင်ခဲ့ပါ။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်မဆိုက်မီ ကျွန်ုပ် ခန္ဓာရွေ့ လျောခဲ့ရသည်။

ဘုရားရှင်၏ သာသနာတော်တွင် ဦးဆုံးရဟန်းဖြစ်သင့်လျက် ရှေးဘုန်းကံနည်းခဲ့၍ ကျွန်ုပ် လွဲခဲ့သည်။ အဂ္ဂသာဝက၊ မဟာသာဝက၊ ဧတဒဂ်ရပုဂ္ဂိုလ်ထူးအဖြစ် ရသင့်လျက် ကျွန်ုပ်မရခဲ့။ အတွေ့စောလျက်၊ အသိနောက်ကျခဲ့ခြင်းကြောင့် လာဘ်ကြီးများနှင့်လွဲခဲ့ရသည်မှာ ဝမ်းနည်းစရာ ကောင်းလှပေတော့သည်။

*ကျိုးသဲလေးထပ် ဆရာတော် ဘုရားကြီး၏ ဇိနတ္ထပကာသနီကျမ်း (ပ)တွဲကို မှီးပါသည်။*
*နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ*

# အောင်စိတ်



# အောင်စိတ်

"ကာလိင်္ဂတိုင်းရဲ့ သမီးရတနာများခင်ဗျား. . . ကျွန်ုပ်နန္ဒိသေနအမတ်ဟာ အဿကတိုင်းပြည် အရှင်ဘုရင်အရုဏ အကျိုးစီးပွားအတွက် သမီးတော်တို့ရဲ့ ယာယီတဲနန်းကို ရောက်လာခဲ့ပါတယ်. . ."

ကျွန်ုပ်သည် အခြွေအရံအနည်းငယ်နှင့် မြို့တံခါးက ထွက်ခဲ့သည်။ သံတမန်အဆောင်အယောင် ဝတ်စားထားသည်ကိုမြင်သဖြင့် ကာလိင်္ဂတိုင်းသားတို့က တရိုတသေ ကြိုဆိုကြသည်။ မင်းသမီးတွေနှင့်တွေ့လိုကြောင်း ခွင့်တောင်းသည်ကို ကြည်ကြည်ဖြူဖြူ လက်ခံခဲ့သည်။

ကျွန်ုပ်သည် နန်းမလေ့ထုံးတမ်းစဉ်လာအရ ဂါရဝပြုပြီးနောက် လာရင်းကိစ္စကို လျှောက်တင်လိုက်သည်။ ကျွန်ုပ်ထံက မထင်မှတ်သည့် သတင်းစကားကြားလိုက်၍ မင်းသမီးများ အံ့အားသင့်နေကြသည်။

"ကျွန်ုပ်တို့ အဿကတိုင်းပြည်ရဲ့သခင်၊ ဘုန်းတန်ခိုးရှင် ဘုရင်အရုဏက ကာလိင်္ဂမင်းကြီးရဲ့ သမီးတော်လေးပါးကို မိဖုရားအဖြစ် တော်ကောက်လိုက်ပါပြီ။ ဒါကြောင့် သခင်မတို့ဟာ ကျွန်ုပ်နဲ့အတူ နန်းတော်ထဲလိုက်ခဲ့ပါတော့"

"အို. . ."

ကျွန်ုပ်စကားအဆုံးတွင် မင်းသမီးလေးပါးက အံ့အားတသင့် ရေရွတ်လိုက်သည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး "ဘယ်လိုလဲ. . ." ဟူသော အမူအရာနှင့် မေးလိုက်ကြသည်။ ထို့နောက် ကျွန်ုပ်ကို ထူးဆန်းသော သတ္တဝါတစ်ကောင်အလား မျက်တောင်မခတ် ငေးကြည့်နေသည်။ မင်းသမီးလေး

ပါးထဲမှ အကြီးဆုံးဖြစ်ပုံရသော မင်းသမီးက မခန့်မလေး အပြုံးတစ်ချက် ပြုံးလိုက်ပြီး တိုးညင်းသည့်အသံနှင့် မေးလာသည်။

"တမန်တော် နန္ဒိသေန၊ သင်ပြောတဲ့ စကားရဲ့အဓိပ္ပာယ်ကို သင်နားလည်မှာပါ။ ဒီစကားတန်ဖိုးရဲ့ ရလဒ်ကို သင်အမတ်ကြီး တွက်မိကောင်းပါရဲ့. . . "

မင်းသမီး၏စကားသည် အထက်စီးလေသံဖြစ်သော်ငြားလည်း တစ်နည်းအားဖြင့် ကျွန်ုပ်အကျိုး၊ ဘုရင်အရှင်အကျိုး၊ အဿကတိုင်းပြည်အကျိုးပါနေ၍ မခန့်မလေးမပြုပါ။ သို့သော် ကျွန်ုပ်တို့ သဘောကို ကာလိင်္ဂတိုင်းသားတွေ သိစေချင်သည်။

"အသင်မင်းသမီး. . . သင်တို့ဟာ ခမည်းတော်ကာလိင်္ဂမင်းကြီးရဲ့ အစီအစဉ်နဲ့ ဇမ္ဗူတစ်ခွင်လုံး နှံ့အောင်လှည့်ခဲ့ပြီ မဟုတ်လား. . . "

"ဆက်တင်လျှောက်ပါဦး နန္ဒိသေန"

"မင်းသမီးတို့ဟာ မိထိလာ၊ ဂန္ဓာရဝိဒေဟ၊သာဝတ္ထိ၊ ဥတ္တရာပဉ္စာလ၊ ယောနက၊ တက္ကသိလာစတဲ့ တိုင်းပြည်တွေ ရောက်ခဲ့တယ်။ အဲဒီ တိုင်းပြည်တွေက မြို့ထဲအဝင်မခံဘဲ မြို့ပြင်မှာပဲ စခန်းချစေတယ်။ ပြီးတော့ သင်တို့ ကျေနပ်အောင် လက်ဆောင်ပဏ္ဏာတွေဆက်ပြီး နှစ်သိမ့် လွှတ်လိုက်ကြတယ်"

"အမတ်နန္ဒိသေန၊ ဒီသတင်းတွေ ကြားထားရက်နဲ့ ဇွတ်တိုးမိုက်ချင်တာ ဘာသဘောလဲ။ အဿက ပြည်လေးက ကာလိင်္ဂပြည်ကို ယှဉ်လို့ရမယ်ထင်လို့လား . . နန္ဒိ သေန"

ကာလိင်္ဂမင်း၏ သမီးပျိုဟူသောမာန်ကြောင့် အသံထန်နေသည်ကို သတိပြုမိသည်။ သည်တော့ ကျွန်ုပ်သည် မရယ်ချင်ဘဲ ခပ်တိုးတိုးရယ်ပစ်လိုက်သည်။

"အသင်မင်းသမီး။ အသင်တို့ရဲ့ ကာလိင်္ဂတိုင်းပြည်ဟာ စီးပွားရေးကောင်းတယ်။ စစ်အင်အားပြည့်တယ်။ တိုက်ရည်ခိုက်ရည်ကျင့်သားရှိတဲ့ စစ်သားကောင်းတွေရှိတာ ကျွန်ုပ်သိတယ်။ ဒီမျှမက ကာလိင်္ဂမင်းကိုယ်တိုင် လက်ရုံးစွမ်းရည်၊ ထက်မြက်မှုန်း ကျွန်ုပ်သိပါတယ်။ ဒီစွမ်းအင်ကိုယုံပြီး သင်တို့ခမည်းတော်က တခြားတိုင်းပြည်ကို စစ်ရေးမြှူတယ်။ ကာလင်္ဂရဲ့ အင်အားကို ဖြင်နေ၊ သိနေတော့ မယှဉ်ဝံ့တဲ့အတွက် တိုင်းပြည်တိုင်က ဒူးထောက်အညံ့ခံကြတာလဲ ကျွန်ုပ်သိပါတယ်။ ဒီမယ် မင်းသမီး. . . "

"လျှောက်ပါ နန္ဒိသေန"

"သူရဲဘောကြောင်သူတွေထဲမှာ အဿကတိုင်းသားတွေမပါတာ မင်းသမီးတို့လဲ သိစေချင်ပါတယ်"

"အဟင်း. . ဟင်း. . . ဟင်း။ သင်ရူးနေသလား နန္ဒိသေန။ အဿကတိုင်းသားတစ်ယောက်နဲ့ ကာလိင်္ဂတိုင်းသား ဆယ်ယောက်လဲရင်တောင် ကာလိင်္ဂပြည်သူတစ်ဝက်မက ကျန်နိုင်သေးတယ်။ အဲဒါကို သင်မတွက်မိဘူးလား နန္ဒိသေန"

"စစ်သွေးကြွ၊ စစ်မာန်တက်၊ စစ်လိုလားတဲ့ ကာလိင်္ဂမင်းကို အကောင်းဆုံးတုံ့ပြန်ခြင်းဟာ စစ်ပဲ

ဖြစ်တယ် မင်းသမီး။ ကျွန်ုပ်တို့ အသကတိုင်းသားတွေဟာ ဓားကို ဓားချင်း၊ တုတ်ကို တုတ်ချင်း၊ လက်သီးကို လက်သီးချင်း တုံ့ပြန်ဖို့ အသင့်ရှိနေပါတယ်"

ကျွန်ုပ်၏ ခိုင်မာပြတ်သားသော အဖြေကြားလိုက်ရသော မင်းသမီးတို့သည် မသိမသာ ပင့်သက်ချကြသည်။ စစ်မြူသူနှင့် လက်ကမ်းကြိုသူတို့ ထိပ်တိုက်တွေ့ဆုံကြလေပြီ။ တစ်ဖက်က ကျူးကျော်သူ၊ အခြားတစ်ဖက်က တရားသောစစ်ဆင်နွှဲသူ။ ရည်ရွယ်ချက်ချင်းကွဲပြားသော်လည်း နှစ်ဖက်စလုံးက ဆုံးရှုံးနစ်နာကြမှာ သေချာသည်။

မကြာမီ မြင်တွေ့ရမည့် အနာဂတ်အခြေအနေကို ရိပ်စားမိ၍ ပင့်သက်ချလိုက်ကြခြင်းပင်။

* * *

ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့သည် ကျွန်ုပ်တို့နှင့် အိမ်နီးနားချင်းတိုင်းပြည်ဖြစ်၍ အခြေအနေအရပ်ရပ်ကို သိထားသည်။

ကာလိင်္ဂပြည်သည် ကျယ်ဝန်း၏။ မြေပြန့်လွင်ပြင်ပေါ်များ၏။ မြစ်ချောင်းအင်းအိုင်တို့ကလည်း ခန္ဓာကိုယ်တွင်း သွေးကြောများဖြာထွက်နေသည့်အလား အရပ်လေးမျက်နှာသို့ ဖြာဆင်းနေသည်။ ဆည်မြောင်းတာတမံများတူးပြီး ရေကိုလိုရာ အရပ်ပို့လျက် စိုက်ပျိုးနိုင်သည်။ သို့ ဖြစ်၍ စိုက်ပျိုးမှုနှင့် စားနပ်ရိက္ခာဖူလုံရုံမက ပိုလျှံမှုပင် ရှိသည်။ နိုင်ငံ့စီးပွားတောင့်တင်းသဖြင့် စစ်အင်အားကို လိုသလို ချဲ့ထွင်နိုင်ရာ စစ်အင်အားတောင့်တင်းခိုင်မာသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ကာလိင်္ဂတိုင်းကိုအုပ်ချုပ်သော မင်းကလည်း ဓားခုတ်၊ လှံထိုး၊ ဆင် စီး၊ မြင်းစီးအတတ် ကျွမ်းကျင်သည်။ အသတ်အပုတ် ဝါသနာထုံသည်။ ကိုယ်တိုင်က ဆင်ပြောင်တစ်ကောင်နှယ် ခွန်အားရှိနေသဖြင့် ကာယစွမ်းအားပြချင်နေသည်။

စစ်ရေး၊ စီးပွားရေးပြည့်စုံသော တိုင်းပြည်ကို အုပ်ချုပ်ရသည့် ကာလိင်္ဂမင်းသည် မိုးအောက်မြေပြင်တွင် တူသူ၊ တုရဲသူ မရှိဟူသော ဂုဏ်ဒြပ်ကို ပိုင်ဆိုင်လိုစိတ် ဖြစ်နေသည်။ တုပလိုသူ ပေါ်လိုပေါ်ငြား သွေးတိုးစမ်းသည့် သဘောနှင့် စစ်မြူအဖွဲ့ကို စေလွှတ်လိုက်သည်။

သည်သို့ စေလွှတ်ရန် ညီလာခံသဘင်တွင်တိုင်ပင်စဉ် အမတ်များ က အကြံပြုတင်လျှောက်ကြသည်။ အရှင့်သမီးတော်လေးပါးကို အသုံးချလျက် စစ်မြူတော်မူပါ။ အကယ်၍ သမီးတော်များကို တော်ကောက်ဝံ့သော ဘုရင်သည် အရှင့်ကို ယှဉ်ပြိုင်လိုသူ ဖြစ်လိမ့်မည်ဟု အကြံပြုခဲ့သည်။

ကာလိင်္ဂဘုရင်၏ အစီအစဉ်ဖြင့် စစ်မြူအဖွဲ့သည် ဇမ္ဗူတစ်ခွင်ကို လှည့်ခဲ့သည်။ ရထားလေးစီး ရှေ့ကချီသည်။ ထိုရထားတို့နောက်တွင် အချီတော်၊ အချောတော်၊ အလှပြင်၊ ရွှေထီးကိုင်၊ နံ့သာခွက်ကိုင်၊ ပန်းတော်ကိုင်အဖွဲ့များအား ခံစားလိုက်စေသည်။

ငြိမ့်ညောင်းသာယာသော တေးဂီတများ သီကျူးလိုက်ပါရမည့်အဖွဲ့က ရထားလေးစီးကို ဝန်းရံခစားစေသည်။

ထိုအဖွဲ့များ၏နောက်တွင် တမန်တော်အဖွဲ့၊ လက်နက်ကိုင်အဖွဲ့များ လိုက်ပါစေသည်။

ခမ်းနားထည်ဝါသောသဘင်ကိုစီရင်လျက် ဇမ္ဗူတစ်ခွင် လှည့်လည်စေသည်။ တအံ့တဩ ငေးမောကြည့်ချင်စဖွယ် ဤမြင်ကွင်းကို အလုအယက်တိုးဝှေ့ကြည့်ကြသည်။ သို့သော် အကြောင်းခြင်းရာကိုသိလိုက်သည်နှင့် ကြောက်မက်ဖွယ်ဘီလူးကြီးတစ်ကောင်မြင်သည့်အလား နောက်တွန့်ကုန်တော့သည်။

မင်းသမီးတို့ ရောက်ရာအရပ်က ဖော်ရွေစွာ ကြိုဆိုကြသော်လည်း ကာလိင်္ဂမင်း၏ လှည့်ကွက်တွင် မဝင်မိအောင် ရှောင်တိမ်းတတ်ကြသည်။

ထိုရထားတွေက အဿကတိုင်း ပြည်တံခါးဝသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချေပြီ။

အဿကတိုင်းပြည်၏ ပညာရှိစစ်သူကြီး နန္ဒိသေနသည်လည်း ကာလိင်္ဂမင်း၏ အကြံအစည်ကို ရိပ်စားမိသည်။

စစ်သွေးကြွနေသော ကာလိင်္ဂမင်းကို မည်သို့ဆက်ဆံရန် အလျင်အမြန် စဉ်းစားရတော့သည်။

*        *        *

ကျွန်ုပ်သည် မြို့ရိုးထိပ်တက်လျက် စစ်မြူအဖွဲ့ကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။

ထို့နောက် ကျွန်ုပ်တို့တိုင်းပြည်နှင့် ကာလိင်္ဂတိုင်းပြည်ကို စည်းခြားထားသော အဿကတောင်တန်းကြီးကို ငေးကြည့်နေမိသည်။ မှိုင်းညို့ညို့တောင်တန်းကြီးက ငိုက်မြည်းနေသကဲ့သို့ မလှုပ်မယှက် ရှိနေသည်။ ထိုတောင်တန်းကြီးကိုယ်ပေါ်မှ ဖြတ်ကျော်လျက် ကာလိင်္ဂတိုင်းသားတို့ ချဉ်းနင်းဝင်ရောက်လာချေပြီ။ မိမိနိုင်ငံ၏ နယ်မြေပိုက်နက်ကို ပြောင်ပြောင်တင်းတင်း ကျူးကျော်လိုက်ပေပြီ။

ချဉ်းနင်းဝင်ရောက်လာသူက ကာလိင်္ဂမင်း။ စစ်လိုလားသူ။ တစ်နည်းအားဖြင့် နယ်မြေပိုက်နက် ဖြန့်ကျက်လိုသူ။

ဆီးကြိုဖောင့်မျှော်နေသည်က အဿကမင်း။ ငြိမ်းချမ်းမှုကို လိုလားသူ။ တစ်နည်းအားဖြင့် ကိုယ့်နယ်မြေပိုင်နက် တည်တံ့စေလိုသူ။

အဿကပြည်တွင် ကျွန်ုပ်နန္ဒိသေနတစ်ယောက်လုံး ရှိနေပါလျက် အချည်းနှီး အဖြစ်မခံနိုင်။

စစ်ကို စစ်နှင့်ရင်ဆိုင်ရမည်။

သံကို သံချင်း၊ သွေးကိုသွေးချင်း ရင်ဆိုင်ပစ်ရမည်။

ဤဆုံးဖြတ်ချက်နှင့် ကျွန်ုပ်သည် မင်းသမီးလေးပါးကို ဆောင်ယူလျက် အရှင့်ရှေ့တော်မှောက်အရောက် တင်ဆက်လိုက်တော့သည်။

"နန်. . . နန္ဒ. . . နန္ဒသေန"

ကာလိင်္ဂမင်း၏ သမီးပျိုလေးပါးကို မြင်လိုက်သော အရှင်မင်းကြီးသည် ရာဇပလ္လင်ပျက်လောက်အောင် ထိတ်လန့်သွားပုံရသည်။ နတ်တမျှချောမောလှပသူလေးတွေကို ဘီလူးသဘက်အလား ထင်မှတ်လျက် အထိတ်တလန့် ကြည့်သည်။

"ငါကိုယ်တော်မြတ်ကို အသိမပေးဘဲ ဘယ်အတွက် ဆောင်ကြဉ်းလာရသလဲ နန္ဒသေန" ဟူသော အပြစ်တင်သည့် အကြည့်နှင့်ကြည့်သည်။

"လေးစားရပါသော အရှင်မင်းမြတ်။ ကျွန်ုပ်နန္ဒသေနဟာ အဿကပြည်အကျိုးအတွက် ဆောင်ရွက်ခြင်းပါ။ နောင်ရေးမျှော်တွေးပြီး စိုးရွံ့နေတော်မမူပါနဲ့။ အရှင်မင်းကြီးရဲ့ရှေ့မှာ ကျွန်ုပ်ရှိနေသမျှ ဘယ်အန္တရာယ်မှ မကျရောက်စေရပါဘူး အရှင်"

"နန္ဒသေန၊ သင့်ကို ငါယုံကြည်တယ်။ ဒါပေမယ့် ရန်လိုသူကို နှလုံးအေးအောင် အပြုံးဆေးသာ တိုက်သင့်တယ်. . ."

"အရှင်မင်းမြတ်။ စစ်ကိုတောင့်တသူအတွက် စစ်နဲ့တုံ့ပြန်ခြင်းသာ အသင့်တော်ဆုံးဖြစ်ပါတယ်။ ဒူးထောက်အညံ့ခံရင် နောင်အခါ ဇက်ခွစီးပါလိမ့်မယ်၊ ဇက်ခွစီးမိရင် ဆံပင်ပါဆွဲ၊ ပါးရိုက်တဲ့အထိ စော်ကားလာ ပါလိမ့်မယ်။ ဒါဟာ လောဘသမားတို့ ဓမ္မတာပါ"

"မောင်မင်း အရာရာကို မြော်မြင်မိရဲ့လား. . ."

"မင်းသမီးတွေကိုသာ တော်ကောက်တော်မူပါ။ မိဖုရားမြှောက်လိုက်ပါ အရှင်"

* * *

ကာလိင်္ဂမင်း၏ သမီးတော်တွေကို သိမ်းပိုက်လိုက်သည် ဆိုကတည်းက အဿကတိုင်းသားတွေ ပူပန်ကုန်သည်။ သွေးချောင်းစီးမည့်စစ်ပွဲကြီး ကျရောက်တော့မည်။ မိကွဲ ဖကွဲ၊ သားကွဲ မယားကွဲ ဖြစ်ရတော့မည်။ အိုးအိမ်၊ မြို့ရွာတွေ ပျက်စီးတော့မည်ဟု ပူပန်နေကြသည်။ နေ့ တထိတ်ထိတ်၊ ညတထိတ်ထိတ် ရှိနေကြသည်။

စိုးတထိတ်ထိတ် ဖြစ်နေသည့် ကြားမှပင် ကာလိင်္ဂမင်း၏ စစ်သည်တော်များက အဿကတောင်တန်းကြီးကို ဖြတ်ကျော်လာချေပြီ။

စစ်အလံ၊ စစ်တံခွန်တွေ တလူလူလွင့်လျက် စစ်မောင်းသံတွေပေးကာ ချီလာကြပြီ။ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျက်တပ်များက အဿကတောင်တန်းကြီး၏ကိုယ်ပေါ် ဖြတ်ကျော်လာပြီ။

စစ်ဆင်တို့၏ ကျိုကျိုကျာကျာအော်သံ၊ စစ်မြင်းတို့၏ဟီသံ၊ စစ်ရထားဘီးများက ကျောက်တုံးကျောက်ခဲများ နင်းကြိတ်သံတို့ကို အဿကတိုင်းသားတို့ အတိုင်းသား ကြားနေရသည်။ မားလှံတွေဝင့်

လျက် "ကာလိင်္ဂတိုင်းသားတဲ့ဟေ့ . . . ခံဝံ့ရင်ခံကြစမ်း. . ." ဟု ဟစ်ကြွေးသံက အဿကမြို့တံခါးကြီးပင် တုန်လှုပ်သွားသည် ထင်ရသည်။

အမှန်တော့ သည်အခြေအနေမျိုးဆိုက်ရောက်အောင် နန္ဒိသေန မလုပ်သင့်ဟု အများက ဝေဖန်ကြသည်။ ကာလိင်္ဂလို တိုင်းကြီးပြည်ကြီးနှင့် အဿကတိုင်းပြည်ယှဉ်ခြင်းမှာ ဟိုင်းဆင်ဆိုးကြီးနှင့် ဆိတ်ငယ်လေးဘက်ပြိုင်ရင်ဆိုင်တိုက်ခိုက်ခြင်းနှင့်တူသည်ဟု လူအများ တွေးနေကြသည်။

ဤအတွေးတို့ ကျွန်ုပ်လည်း မတွေးမိသည်မဟုတ်။ အဿကပြည်လေး ဖရိုဖရဲပြိုကွဲပျက်စီးသွားမည့်အရေးကို ကျွန်ုပ်လည်းမြင်သည်။ သို့သော် ရန်လိုနေသူကို အလျှော့ပေးရုံနှင့် ပြီးပြေမလား. . .။ တစ်ခုပြီးတစ်ခု ရောင့်တက်မလာဟု မည်သူတာဝန် ယူနိုင်သနည်း။ ဂစ်ဖက်က ပြန်စဉ်းစားလျှင် အဿကပြည်၏ ဂုဏ်ကိုဆယ်ဖို့ လိုသည်။ ကျွန်ုပ်တို့ရှိနေလျက် ကျွန်ုပ်တို့[illegible]တွင် ကျူးကျော်ခံရသည့် သမိုင်းအမည်းစက် အတင်မခံနိုင်။

ခရီးပြင်းချီတက်လာသော ကာလိင်္ဂတပ်မတော်ကြီးသည် ထိုးစစ်မဆင်မီ တပ်စခန်းချရပ်နားနေသည်။

ကျွန်ုပ်သည် ကြိုတင်စဉ်းစားထားသည့်အတိုင်း ကာလိင်္ဂဘုရင်ထံ သဝဏ်လွှာ တစ်စောင်ပို့လိုက်သည်။

*အကြည်တော် ကာလိင်္ဂမင်း မြတ်. . .*

*တိုင်းပြည်တစ်ပြည်တွင်း၌ စစ် ခင်းမည်ဆိုလျှင် ရဟန်း၊ ရှင်လူပြည် သူအများ အတိဒုက္ခရောက်ပါလိမ့်မည်။ ကျွန်ုပ်အနေနှင့် စစ်တိုက်ရန် ဝန်မလေးပါ။ ဘာကိုမျှလည်း အမှုမထားပါ။ သို့သော် အကြည်တော်နှင့်ကျွန်ုပ်ရင်ဆိုင်ဖို့ နှစ်နိုင်ငံနယ်ခြား၌သာ ဖြစ်သင့်ပါသည်။ စည်းကမ်း၊ သစ္စာရှိသော စစ်သူရဲကောင်းများပီပီ သိက္ခာရှိရှိ ယှဉ်ပြိုင်ကြပါစို့. . . အကြည်တော်. . .*

*အဿကဘုရင်မင်းမြတ်*

ဤသဝဏ်လွှာကို အရှင့်လက်မှတ်ရေးထိုးစေခဲ့သည်။ ကျွန်ုပ်၏ပရိယာယ်ကို အရှင်မင်းမြတ် နားလည်သော်ငြားလည်း ကာလိင်္ဂမင်းနှင့် ရင်ဆိုင်ဖို့ စိုးရွံ့နေပုံရပါသည်။

"ဒီသဝဏ်လွှာပါ စည်းကမ်းကို ကာလိင်္ဂမင်းက လိုက်နာပါ့မလား. . နန္ဒိသေန"

"မစိုးရိမ်ပါနှင့်အရှင်. . ကိုယ့် ကိုယ်ကို ယုံကြည်စိတ်ရှိနေတဲ့ ကာလိင်္ဂမင်း လက်ခံမှာပါ။ ဒီစကားက သူ့စော်ကားတာမဟုတ်ဘူး။ စစ်ပွဲကိုလဲ အနှောင့်အယှက် မဖြစ်ဘူး။ သူရဲကောင်းဘုရင်အချင်းချင်း၊ သူရဲကောင်းစစ်သည်အချင်းချင်း တိုက်ခိုက်မှာဆိုတော့ ကာလိင်္ဂမင်း ပိုကြိုက်မှာပါ"

"ဒါဆို. . ."

"စိတ်ချပါကိုယ်တော်. . . ကာလိင်္ဂမင်းကို နိုင်မှာပါ"

"သူ့အင်အားကို မောင်မင်း လျှော့တွက်ထားတယ်နဲ့တူတယ်"

"အရှင်မင်းကြီး. . . ကျွန်တော်မျိုးဟာ ရန်သူကို ရင်ဆိုင်တော့မယ်ဆိုကတည်းက အဘက်ဘက်က တွက်ထားပါတယ်။ စစ်တို့ရဲ့သဘောက မိမိအင်အားရှိတာနဲ့ စိတ်ထင်ရာ တရကြမ်းဝင်တိုက်လို့ အောင်မြင်တာ မဟုတ်ပါဘူး။ သူ့အင်အား၊ သူ့လက်နက်၊ သူ့သူရဲကောင်း အားလုံးအနေအထားကို တွက်ဆရပါတယ်။ သူ့သတင်းကိုလဲ ပြည့်စုံအောင် ရယူရပါတယ်။ အစစအရာရာကို တွက်ချက်ပြီး တိုက်မှ အောင်ပွဲရနိုင်တာပါ အရှင်မင်းမြတ်"

"ကောင်းပြီလေ. . . မောင်မင်းကို ငါယုံကြည်တယ်။ သည်ပွဲနိုင်အောင် စီစဉ်ပါ"

* * *

ကျွန်ုပ်သည် ကာလိင်္ဂမင်း စစ်ချီမလာမှီကတည်းက သူ့တပ်သတင်းကို အထောက်တော်များထံမှ စုံးစမ်းပြီးဖြစ်သည်။

ကာလိင်္ဂပြည်သားတွေ သွေးနားထင်ရောက် ဘဝင်မြောက်နေကြောင်း ကြားထားသည်။ အသေးအမွှား အဿကပြည်လေးက အန်တုဖက်ပြိုင်သည်ဆို၍ လှောင်ပြောင်ရယ်မောကြသည်။ ဓားလှံကိုပင် မသုံးဘဲ ဖနောင့်စာကျွေးရုံနှင့် ပျက်စီးနိုင်သည်ဟု ဆိုသူကဆို၊ အဿကပြည်သားတွေကို တံတွေးနှင့်ထွေးရုံဖြင့် အဿကစစ်သားတွေ နစ်မွန်းသေကြေနိုင်သည်ဟု ပြောသူကပြော ဖြစ်နေသည်။

လက်နက်စွမ်းပကားအားကိုးဖြင့် အောက်ခြေလွတ်နေသည်ကို ကျွန်ုပ် မြင်လိုက်သည်။

စစ်ပွဲမစခင်ကတည်းက အောင်သေအောင်သား အကြိုစားသည့်သဘောဖြင့် ကာလိင်္ဂစစ်သည်များပျော်ရွှင်နေကြသည်။ သေရည် သောက်သူသောက်၊ မြူးတူးကခုန်သူ ခုန်၊ ခြေပစ်လက်ပစ်နားသူနားနှင့် ဖြစ်နေသည်။

ကာလိင်္ဂသားတွေ သတိပေါ့ဆနေသော်လည်း မင်းကြီးကမူ အလေးဂရုမပြုဘဲ မနေနိုင်။ ဤမျှသေးငယ်သောတိုင်းပြည်လေးက အာခံသည်ကို အံ့ဩနေသည်။ တစ်စုံတစ်ခုအပေါ် သံသယဝင်နေသည်။ ထိုသံသယစိတ်ဖြေဖျောက်နိုင်ရန် ကာလိင်္ဂမင်းကြိုးစားသည့်သတင်းက ကျွန်ုပ်ထံ ရောက်လာသည်။

"ပညာရှိ အမတ်ကြီး။ ကာလိင်္ဂမင်းက သူတော်စင်ရသေ့ထံ သွားတွေ့သတဲ့. . . "

"ဩော်. . . အေး. . . ဆိုစမ်းပါဦးကွဲ့"

"အဿကတောင်တန်းပေါ်မှာ သီတင်းသုံးနေတဲ့ရသေ့က သူတော်စင်ပုဂ္ဂိုလ်မဟုတ်လား. . . မကြာခင် ဆင်နွှဲတော့မယ့် စစ်ပွဲမှာ ဘယ်သူနိုင်မယ်၊ ဘယ်သူရှုံးမယ်ဆိုတာသိလိမ့်မယ်လို့ တွေးတယ် ထင်ပါရဲ့။ အဲဒါ သွားမေးသတဲ့"

"သြ. . . ဟုတ်ပဟော့။ ဒီတော့ ရသေ့က ဘာပြောလဲ. . . "

"ဒီကိစ္စကို ငါတော့ ကြိုမသိဘူး။ ဒါပေမယ့် ငါ့ဆီအမြဲလာဆည်းကပ်တဲ့ သိကြားမင်းကတော့ သိလိမ့်

မယ်၊ သိကြားမင်းမေးကြည့်မယ်လို့ ဖြေသတဲ့. . . ”

“အေး. . . စိတ်ဝင်စားစရာပ။ ဒီတော့. . . ”

“သိကြားမင်းက အဿကဘုရင်ရှုံးမယ်လို့ မိန့်သတဲ့ အမတ်ကြီးရာ. . . ”

အထောက်တော်၏ ညိုးငယ် အားလျော့သည့်လေသံနှင့် ပြောစကားကြားရ၍ ကျွန်ုပ်ပင် အားပျက်သွားသည်။ သို့သော် ယောက်ျားကောင်းပီပီ ဣန္ဒြေဆည်လျက် မခိုးမခန့် ရယ်မောပစ်လိုက်သည်။

“အဟား. ... ဟား. . . ဟား။ ကာလိင်္ဂနဲ့ အဿကတိုက်ရင် အဿကရှုံးမှာ သိကြားမင်းပြောမှ သိမှာလား. . . မင်းကိုယ်တိုင်ရော မစဉ်းစားနိုင်ဘူးလား. . . ”

“ဟုတ်ကဲ့. . . စဉ်းစားမိတယ်”

“အေး. . . ငါလဲ စဉ်းစားမိပြီးသား။ အေ. . . အဲဒီရှုံးနိုင်တဲ့ စစ်ကို ဘ ယ်လိုနိုင်အောင်တိုက်မယ်ဆိုတာထိ ငါကြိုစဉ်းစားထားတယ်ဟေ့”

“ဟုတ်လား အမတ်ကြီး”

“အဟက်. . . အမှန်ပေါ့မောင်ရာ. . . ဒီမယ်၊ စစ်လိုလားတဲ့ ကာ လိင်္ဂမင်းက တိုင်းပြည်ထဲ ကျူးကျော်ဝင်လာတာဟာ တို့ရဲ့ ဇာတိမာန်ကို ထိပါးတာမဟုတ်ဘူးလား. ... ”

“ဒါတော့ အမှန်ပဲ အမတ်ကြီး”

“အေး. . . ကာလိင်္ဂမင်းရဲ့ သမီးတော်လေးပါးကို အရှင်မြတ် တော်ကောက်စေတာဟာ ဇာတိမာန်ကို အထိမခံနိုင်လို့ဘဲ။ အဲဒီ ဇာတိမာန်စိတ်ဓာတ်ဟာ တို့စစ်အောင်ရေးရဲ့ သော့ချက်ပဲ။ ကိုင်း. . . မောင်မင်းလဲရသမျှ သတင်းဆက်ထောက်လှမ်း. . . ငါလဲ လေ့လာစရာ ရှိသေးတယ်”

* * *

စစ်ပွဲမစခင်ကတည်းက အနိုင်အရှုံး၊ အဆုံးအဖြတ်ကြိုတွက်သည်ကို ကျွန်ုပ်လက်မခံချင်။ သိကြားမင်းကိုယ်တိုင်ပြောသည်ဆို၍ စဉ်းစားစရာဖြစ်နေသည်။

ကျွန်ုပ်သည် သတင်းလာရာ ရသေ့မြတ်ဆီ အလျင်အမြန်သွားခဲ့သည်။ ကြားထားသည့်သတင်း ဟုတ်မဟုတ် မေးကြည့်သည်။ သတင်းက အမှန်ပင်။ သို့သော် ဘာကို အထောက်အထားပြု၍ မိန့်ဆိုသည်ကို မသိရပေ။

“အရှင်မြတ်. . . ကာလိင်္ဂနိုင်ပြီး အဿကစစ်ရှုံးမှာ ဟုတ်ပါပြီ။ ဘယ်လိုထူးခြားချက်ကြောင့် ဒီစကားပြောတာလဲ ဘုရား။ စကားကြွင်းရှိရင် ကြားပါရစေ. . . ”

“အိမ်း. . . ဒါနဲ့ ပတ်သက်လို့ သိကြားမင်းပြောတာက မင်းနှစ်ပါးစစ်ထိုးရင် ကိုယ်စောင့်နတ်တွေလဲ စစ်ထိုးလိမ့်မယ်တဲ့။ ကိုယ်စောင့်နတ်တွေက နွားလားဥသဘ ယောင်ဆောင်ပြီး စစ်ထိုးကြမယ်။ ကာလိင်္ဂ

ဘုရင်ရဲ့ နွားလားကအဖြူ။ အဿကဘုရင်ရဲ့ နွားလားက အမည်း . . . အဲသလို ရှိသတဲ့. . . ”

“အင်း. . . ကောင်းပါဘိအရှင်၊ သိကြားမင်းရဲ့အဆို မှန်ပါစေလို့ တပည့်တော်ဆုတောင်းပါတယ်”

ကျွန်ုပ်သည် ရသေ့ကျောင်းကအပြန်တွင် မည်သို့စစ်ထိုးရမည်ကို တွေးလာမိသည်။ သမားရိုးကျ စစ်ဗျူဟာဖြင့် ကာလိင်္ဂမင်းကို ယှဉ်၍ ရမည်မဟုတ်။

စစ်နိုင်မည်ဟု သိထားသော ကာလိင်္ဂမင်း ဘယ်လိုပျော်ပြီး၊ ဘယ်ပုံယစ်မူးနေမည်ကို မှန်းဆကြည့်ရုံနှင့် သိသည်။

သူ့အနေနှင့် တောင့်တနေသော စစ်ထိုးခွင့်ရပြီ။ အနိုင်တုဖက်ပြိုင်သူကလည်း မှုလောက်သည့် အနေအထားမဟုတ်။ သူတော်စင်ကလည်းနိုင်မည်ဟု နိမိတ်ဖတ်ထားသည်။ သူ့အနေနှင့် စစ်မဆင်နွှဲမီကတည်းက အောင်ပွဲခံနိုင်ပြီ။

ကာလိင်္ဂမင်းနှင့် သူ့စစ်သည် များသည် အောင်သေအောင်သား စားသည့်အနေနှင့် ယမကာဝိုင်းဖွဲ့နေမှာ သေချာသည်။ အကောင်းစား ဗျစ်ရည်ခွက်တွေရှေ့ချလျက် ကြက်ပေါင်တစ်ကိုက်၊ သေရက်တစ်ကျိုက် သောက်စားရင်း သောသောညံနေပေလိမ့်မည်။

ကျွန်ုပ်မှာမူ ကာလိင်္ဂမင်းနှယ် ယစ်မူးနေချိန်မရှိ။ တောင်ပေါ်က ပြန်ဆင်းလာပြီးနောက် သူ့ရဲကောင်းတစ်ထောင်ကို ဆင့်ခေါ်လိုက်သည်။ ကျွန်ုပ်ဆင့်ခေါ်ပြီဆိုကတည်းက အရေးအရာပေါ်ပြီဟု နားလည်ကြပုံရသည်၊ သူ့ရဲကောင်းတွေချက်ချင်း ရောက်လာသည်။

“အဿကတိုင်းပြည်ရဲ့ သူ့ရဲကောင်းတို့။ သင်တို့ဟာ ဘုရင်မင်းမြတ် မြှောက်စားထားကြတဲ့ သူ့ရဲကောင်းများပီပီ အလုပ်နဲ့သက်သေပြဖို့ အချိန်တန်ပါပြီ”

“အသင့်ပါပဲ အမတ်ကြီး”

“ကောင်းပြီ. . . ။ သင်တို့အား လုံးကို ကျွန်ုပ်မေးစမ်းပါရစေ. . . သင်တို့တစ်တွေ ကိုယ့်တိုင်းပြည်ကိုယ်ချစ်ကြရဲ့လား. . . ”

“အို. . . ဘယ်လိုမေးတာလဲ အမတ်ကြီး၊ အဿကပြည်ကို မချစ်ဘဲ နေမလား. . . ”

“ဟုတ်တယ်၊ ဒီစကားကို ကျွန်ုပ်ယုံတယ်။ သင်တို့အားလုံးဟာ အဿကပြည်အတွက် အသက်ပေးခဲ့သူတွေမှန်း ကျွန်ုပ်နားလည်တယ်၊ ထပ်မေးပါဦးမယ်၊ သင်တို့ဟာ အဿကပြည်သူတွေရော ချစ်ရဲ့လား. . . ”

“မချစ်ဘဲ နေမလား အမတ်ကြီး၊ ဒီပြည်က အဘိုးအဘွားတွေဟာ ကျွန်တော်တို့ မိဘတွေ၊ ကလေးငယ်တွေဟာ ကျွန်တော်တို့ သားသမီးတွေပဲဟာ. . . ”

“ဒါဆို. . . ပြည်သူတွေအတွက် အသက်စွန့်ဝံ့လား. . . ”

“စွန့်ဝံ့တယ်. . . စွန့်မယ်”

"အင်း. . . ဟုတ်ပြီ၊ ဒါဆို ကျွန်ုပ်နောက်ဆုံးမေးမယ်၊ သင်တို့ အားလုံး အဿကပြည့်ရှင် ဘုရင်အရှင်အတွက် အသက်စတေးဝံ့လား"

"ဘာဖြစ်လို့ မစွန့်ဝံ့ရမှာလဲ"

"အမှန်ပဲလား. . . "

"အပိုတွေ မေးမနေပါနဲ့ အမတ်ကြီး၊ ကျွန်ုပ်တို့ ဘယ်လို သက်သေပြရမလဲ"

"ဘယ်လိုသက်သေပြရမလဲ. . . ဟုတ်လား. . . လာကြ၊ ကျွန်ုပ်နဲ့အတူ အဿကတောင်ထိပ်လိုက်ခဲ့ကြ"

သူရဲကောင်းတစ်ထောင်ကို ဦး ဆောင်လျက် အဿကတောင်ထိပ် တက်ခဲ့သည်။ တောင်ထိပ်ချောက်ကမ်းပါးတစ်ခုအရောက်တွင် ရပ်ခိုင်းလိုက်သည်။ လေတဝူးဝူးတိုက်ခတ်နေသော တောင်ထိပ်ထက်က အသူတရာတမျှနက်သည့် ချောက်ကြီးကို ငုံ့စောင်းကြည့်လိုက်သည်။

"ကဲ. . . အားလုံးနားထောင်ကြ၊ သင်တို့ဟာ အဿကဘုရင်အတွက် သေဝံ့တယ်ဆိုရင် ဟောဟိုချောက်ထဲ ခုန်ချသေပြလိုက်စမ်း"

"အဟား. . . ဒါလား၊ သိပ်ရတာပေါ့. . အမတ်ကြီးရာ"

ကျွန်ုပ်သည် သူရဲကောင်းတစ်ထောင်ကို ချောက်ကြီးအား ညွှန်ပြလိုက်သည်။ သူရဲကောင်းတို့လည်း ကုံ့ဆိုင်းမနေဘဲ ချောက်ကမ်းပါးစွန်းသို့ တစ်ဟုန်ထိုး ပြေးသွားကြသည်၊ ရှေ့ဆုံးမှ သူရဲကောင်းတို့သည် ခုန်ချမည့်ဟန်ပြင်လိုက်သည်။ သူတို့သာခုန်ချခဲ့လျှင် ဘယ်နည်းနှင့်မျှ အသက်ရှင်ဖွယ်မရှိ၊ တောင်ကမ်းပါး၊ ကျောက်စွန်း၊ ကျောက်ဆောင်များနှင့် ထိခိုက်မိပြီး အရိုးတခြား၊ အသားတခြား သေမည်ကလွဲ၍ အခြားမရှိပေ။

"နေဦး. . . "

ခုန်ဟန်ပြင်နေသူတို့သည် ကျွန်ုပ်အမိန့်ကြောင့် တုံ့ခနဲရပ်သွားသည်၊ "ဘယ်လိုလဲ. . . " ဟူသော အကြည့်နှင့် လှည့်ကြည့်သည်။ ကျွန်ုပ်သည် ကျေနပ်အားရသောအပြုံးနှင့် သူတို့ရှေ့တွင် ရပ်လိုက်သည်။

"အို. . . အဿကပြည်ရဲ့ သူရဲကောင်းအပေါင်းတို့. . . သင်တို့ အားလုံး ဘုရင်မင်းမြတ်အကျိုးအတွက် အသက်စွန့်ဝံ့တယ်ဆိုတာ ကျွန်ုပ်လက်ခံလိုက်ပါပြီ။ ဒါပေမယ့် ကျွန်ုပ် မေးပါဦးမယ်၊ ဒီချောက်ထဲ ခုန်ဆင်းသေပြရုံနဲ့ ဘာအကျိုးထူးမလဲ"

"အမတ်ကြီးက အသက်စွန့်ပြဆို. . . "

"ဟုတ်တယ်။ အသက်စွန့်ကြရပါမယ်၊ အဿကဘုရင်အတွက်၊ ပြည်သူအတွက်၊ ကျွန်ုပ်တို့ အဿကပြည်အတွက် သင့်တို့ အသက်စွန့်ရပါမယ်။ ဒါမှ အကျိုးရှိတဲ့ စွန့်လွှတ်ခြင်း ဖြစ်ပါမယ်။ အို. . . သူရဲကောင်းအပေါင်းတို့. . . ငါတို့ အဿကပြည်ကို ကာလိင်္ဂမင်းက စစ်ရေးနဲ့ ခြိမ်းခြောက်လာပါတယ်။

သူ့အင်အားကို ယုံကိုးပြီး ငါတို့ကို မမှုလောက်ဘူးဆိုတဲ့ သဘောနဲ့ စော်ကားလာခြင်း ဖြစ်ပါတယ်။ ပြောရရင် အဿကပြည်သားတို့ရဲ့ သိက္ခာကို နှိမ့်ချလိုက်တာပဲ"

"ဒါ. . . မတရားဘူး"

"ဟုတ်တယ်။ ကာလိင်္ဂမင်း မတရားဘူး။ ဒါကြောင့် တို့များခုခံရမယ်။ စွန့်လွှတ်စွန့်စားစိတ်ရှိတဲ့ သင်တို့ဟာ အဿကပြည်အကျိုးအတွက် အသက်စွန့်တိုက်ရပါလိမ့်မယ်"

"တိုက်မယ်. . . တိုက်မယ်. . . ခုချက်ချင်းတိုက်မယ်"

"ဟုတ်တယ် တိုက်ရမယ်။ ဒါပေမယ့် အင်အားကြီးတဲ့ရန်သူကို ဆင်ကန်းတောတိုး တိုက်လို့မရဘူး။ သင်တို့အားလုံး ငါ့အမိန့်စောင့်။ ငါခိုင်းတဲ့အတိုင်း ဆောင်ရွက်ကြ"

အင်အားကြီးမားသော ကာလိင်္ဂဘုရင်၏ တပ်တော်ကြီးကို ရင်ဆိုင်ဖို့ သူရဲကောင်းတစ်ထောင်၏ စိတ်ဓာတ်ကို နှိုးဆွပေးလိုက်သည်။ လတ်တလော အခြေအနေတွင် သူရဲကောင်းတို့အနေနှင့် အခေါ်ပဏီ တပ်ကြီးနှင့် ယှဉ်ရစေဦး ဆံချည်တစ်မျှင်မျှပင် နောက်တွန့်လိမ့်မည် မဟုတ်ပေ။

* * *

"နန္ဒိသေန။ ငါကိုယ်တော်မြတ် ဒီပုံဒီနည်းနဲ့ စစ်ထိုးရမှာလား. . . "

ကျွန်ုပ်၏အရှင် ဘုရင်အရုဏသည် ကာလိင်္ဂမင်း၏အသွင်အပြင်ကို မြင်ရုံနှင့် စိုးထိတ်သွားပုံရသည်။ စစ်သူရဲအခြံအရံ၊ စစ်ဝတ်တန်ဆာပလာ အပြည့်အစုံဝတ်ဆင်လျက် လှံတံကို ဝင့်ဝင့်ကြွားကြွား ကိုင်လာသော ကာလိင်္ဂမင်းကို ယှဉ်ရန် ဝန်လေးနေပုံရသည်။

ယမန်နေ့က သူရဲကောင်းများ၏ စိတ်ဓာတ်စမ်းသပ်ပြီးသည်နှင့် နယ်စပ်မျဉ်းပေါ်တွင် ဘုရင်နှစ်ပါး စစ်ထိုးမည်။ မိမိနှစ်သက်သော လက်နက်၊ မိမိနှစ်သက်သော ဝတ်ရုံ၊ မိမိနှစ်သက်သော စစ်ယာဉ်၊ မိမိနှစ်သက်သည့် အခြံအရံအရေအတွက် ဆောင်ယူလာနိုင်သည်။ မင်းနှစ်ပါး စစ်ထိုး၍ ရှုံးနိမ့်လျှင် စစ်ပြုလိုသော ကာလိင်္ဂတို့ အကြည်အသာ ဆုတ်ခွာရမည်။ အကယ်၍ အဿကဘုရင်ရှုံးနိမ့်လျှင် ကာလိင်္ဂမင်း ကြိုက်သလို ပြုနိုင်သည်ဟု သဝဏ်လွှာ ပေးပို့ခဲ့သည်။

ဤသည်မှာ ကျွန်ုပ်နန္ဒိသေန၏ စိတ်ဓာတ်စစ်ဆင်ရေးတစ်ရပ်ပင်။

ကာလိင်္ဂမင်းကို ဤသို့ရင်ဆိုင်ဖို့နေနေသာသာ၊ စိတ်ပြိုင်အောင် ပြုဝံ့သူမရှိ။ ယှဉ်ပြိုင်သူမရှိသည့် ကာလိင်္ဂမင်းကို အဿကမင်းက စိန်ခေါ်လိုက်သည်။ ဤတစ်ချက်နှင့်ပင် ကာလိင်္ဂမင်း သံသယစိတ်ဖြစ်နိုင်ပြီ။ ဘယ်သူ့အားကိုးနှင့် ဤသို့စိန်ခေါ်ဝံ့သနည်း။ အဘယ်အစွမ်းရှိသနည်း။ တစ်ဖက်သား စိတ်ဓာတ်ချောက်ချားအောင် ကျွန်ုပ် ဖန်တီးလိုက်ခြင်းပင်။

ကျွန်ုပ်သည် အရှင်မြတ်နှင့် ဘေးချင်းယှဉ်လျက် စစ်ထိုးမည့်နေရာထွက်လာချိန် အရှင်ကတီးတိုး

မေးလာသည်။

“အရှင်မင်းမြတ်. . . ဘာကိုမျှ မစိုးရိမ်ပါနဲ့။ အရှင့်အပါးမှာ ကျွန်ုပ်နဲ့ သူ့ရဲကောင်းတစ်ထောင် ဝန်းရံထားပါတယ်။ ကျွန်ုပ်တို့အားလုံး အသက်ဆုံးရှုံးမှ အရှင့်ကို သင်း ရန်မူနိုင်မှာပါ”

“သင့်ကို ငါယုံကြည်တယ် နန္ဒိသေန”

“စိတ်ချပါ အရှင်. . . ကာလိင်္ဂမင်းနဲ့ ရင်ဆိုင်တဲ့အခါ သူ့အပါးမှာ ဘာကိုမြင်လဲဆိုတာ ဂရုစိုက်ကြည့်ပါ”

“သင်ဆိုလိုတာက. . . ”

“အရှင့်မြင်ကွင်းထဲ တွေ့တာကို အမြန်ဆုံး ပြန်ကြားပါ”

ဤအချက်သည် ကျွန်ုပ်တို့ ဆင်နွှဲမည့်စစ်ပွဲ၏ အရှုံးအနိုင်၊ အဆုံးအဖြတ်ပေးမည့်အချက်မှန်း ကျွန်ုပ်ယုံကြည်နေသည်။ သူတော်စင်ရသေ့စကားသာမှန်လျှင် ဤပွဲ အောင်ပြီဟု ကျိန်းသေပြောနိုင်ပေပြီ။

“နန္ဒိသေန. . . ကာလိင်္ဂမင်း အပါးမှာ သူ့ကိုယ်စောင့်နတ်ရဲထားတယ်”

“ဟုတ်ပြီအရှင်. . . အဲဒီကိုယ် စောင့်နတ်ရဲ့ အရောင်က. . . ”

“အဖြူ. . . အဖြူရောင်။ နွားလားဥသဘအဖြူ”

“မှန်ပြီအရှင်. . . အရှင့်ကိုယ်စောင့်နတ်ရော မြင်ရလား. . . ”

“ငါမြင်တယ် နန္ဒိသေန၊ ငါ့ကိုယ်စောင့်နတ်က နွားလားဥသဘအမည်း”

“သေချာပြီအရှင်. . . သူတို့ အသွင်က ဘယ်လိုရှိလဲ”

“ကာလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ်က မြူးကြွနေတယ်။ တက်ကြွနေတယ်။ ရန်လိုစိတ်နဲ့ တရှူးရှူးဖြစ်နေတယ်။ ငါ့နွားလားဥသဘကတော့ မှိုင်တွေနေတယ် နန္ဒိသေန”

ကျွန်ုပ်စီမံချက် အပြည့်အဝ ပြီးမြောက်အောင်မြင်ပြီဟု တွက်လိုက်သည်။

“အရှင်မင်းမြတ်. . . အရှင်မြင်နေတဲ့ နွားလားဥသဘကို သေသေ ချာချာချိန်ပြီး အရှင့်လှံနဲ့ထိုးပါ။ အရှင့်တိုက်ပမှာ ကာလိင်္ဂမင်း မဟုတ်ဘူးအရှင်။ သူ့ရဲ့ကိုယ်စောင့်နတ်။ အဲဒီနတ်ကျဆုံးရင် ကာလိင်္ဂမင်းကို အရှင်မင်းမြတ်နိုင်ပြီ”

“သေချာလား နန္ဒိသေန”

“အရှင့်လှံချက်သာ ပင်ချက်မှန်ပါစေ။ အရှင့်လှံသွားရာ အရပ်ကို သူ့ရဲတစ်ထောင်ရဲ့ လှံတွေ လိုက်လာပါ့မယ်။ ကာလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ်ကျတာနဲ့ အရှင်မင်းမြတ်က အသကတိုင်းသားတဲ့ဟော့လို့ ဟစ်ကြွေးပြီး ကာလိင်္ဂမင်းရှိရာကို မြင်းဒုန်းစိုင်းဝင်သွားပါ”

“ကောင်းပြီ နန္ဒိသေန။ သင့် အစီအစဉ်အတိုင်း ငါပြုမယ်”

သတ်မှတ်ထားသည့် နယ်စပ် စည်းပေါ် ရင်ဆိုင်ရပ်မိသည်နှင့် မင်းနှစ်ပါးက စစ်ထိုးရန် သဘောတူလိုက်သည်။ ကာလိင်္ဂမင်းက မခိုးမခန့်ပြုံးလျက် အချိန်တစ်ဆယ်ခန့်လေးသောလှံတံကို မြှောက်တင်လိုက်သည်။

အဿကမင်းသည်လည်း ရင်ခေါင်းထဲက အသံကိုခြစ်ထုတ်လျက် "အဿကမင်းတဲ့. . . ဟေ့" ဟု ညာသံပေးကာ ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ်ကို လှံနှင့်ထိုးချလိုက်သည်။ သူ့ရဲကောင်းတို့၏ လှံများသည်လည်း ထိုမင်း၏ ကိုယ်စောင့်နတ်ကို စုပြုံထိသွားသည်။ ကိုယ်စောင့်နတ်သည် လှံချက်နှင့် သေဆုံးသွားလေတော့သည်။

သူ၏ ကိုယ်စောင့်န[illegible]ဆုံးသည်ကို မြင်လိုက်သော ကာလိင်္ဂမင်းသည် ရုတ်တရက်ကြောင်သွားသည်။ မင်းအချင်းချင်းစစ်ထိုးရာ သူ့ကိုရန်မမူဘဲ ကိုယ်စောင့်နတ်အား ရန်မူသည်ကို နားမလည်နိုင်။ နတ်ကိုပင်သေအောင်သတ်နိုင်သော အဿကမင်းကို မချီးကျူးဘဲ မနေနိုင်။ နတ်ကိုသေစေနိုင်လျှင် သူလိုမင်းကို အသေးအဖွဲ့ဖြစ်မည်။ ဤသို့ အစွမ်းအစရှိ၍ အဿကမင်းက သူ့ကို စိန် ခေါ်လိုက်ခြင်းဖြစ်မည်။

တစ်ချိန်လုံး စစ်စိတ်၊ စစ်သွေးတက်ကြွနေသော ကာလိင်္ဂမင်းသည် ခုချိန်မှာ မာန်တင်းထား၍ မရတော့။ ကြောက်စိတ်တွေ အလိုလိုဝင်လာပြီး မြင်းဇက်ကြိုးကို နောက်လှည့်အောင် ဆွဲဆောင့်လိုက်သည်။

ပြေးဟန်ပြင်နေသော ကာလိင်္ဂမင်းကို မြင်သည်နှင့် အဿကမင်းသည် အားတက်လာကာ "အဿကတိုင်းသားတဲ့ဟေ့. . . " ဟု သံကုန်ဟစ်ကြွေးလိုက်သည်။

သူ့ရဲတစ်ထောင်တို့လည်း အားနှင့်မာန်နှင့် သံပြိုင်အော်လိုက်ရာ စစ်မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားတော့သည်။

ကာလိင်္ဂမင်းပြေးသည်နှင့် တိုက်ပွဲက ပြီးဆုံးလေပြီ။

သွေးနားထင်ရောက်၊ ဘဝင်မြောက်နေသော ကာလိင်္ဂတိုင်းသားတွေကို ကျွန်ုပ်တို့က အောင်ပွဲခံလိုက်ရပေပြီ။ ဤအောင်ပွဲ၏ အဓိက စွမ်းပကားမှာ ကျွန်ုပ်၏ မယိမ်းမယိုင်၊ ခိုင်ခိုင်မတ်မတ် စိုက်ထူထားသော "အောင်စိတ်" ကြောင့်ဟု ဆိုရပေလိမ့်မည်။ ။

*ကျမ်းကိုး*

*ဇာတက(တ-တွဲ)စူဠကာလိင် ဇာတ်တော်ကို မှီးပါသည်။*

*နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ၂၀၀၂ ခုမတ်လ*

# အညွန့်တုံးသူ



# အညွန့်တုံးသူ

"နေဦးဟေ့. . . မာဂဏ္ဍီ။ မင်းစကားကို ငါက ဘုရားရှင် လျှောက်လိုက်ရမလား"

မျက်နှာထားနှင့်ခပ်တည်တည်နှင့် ကျွန်ုပ်ဘာရဒွါဇ မေးလိုက်သည့်စကားကြောင့် မာဂဏ္ဍီ ကြောင်တောင်တောင် ကြည့်နေသည်။ တစ်ဖန်မျက်မှန်ကုပ်လျက် စူးစူးစိုက်စိုက် ကြည့်နေပြန်သည်။ ပြီးတော့. . . အလွန့်အလွန် သနားစရာကောင်းသော သတ္တဝါတစ်ကောင်တွေ့ရဘိအလား စိုက်ကြည့်ရင်း စိတ်ပျက်လက်ပျက်အမူအရာနှင့် ခေါင်းခါသည်။ သနားလေဟန် စုတ်သပ်သည်။

"ကျွတ်. . . ကျွတ်. . စိတ်ညစ်စရာကောင်းတဲ့ ဘာရဒွါဇ၊ စိတ်ပျက်စရာကောင်းတဲ့ ဘာရဒွါဇ။ မင်းဟာ ဗြဟ္မဏတစ်ဦးမှ ဟုတ်သေးရဲ့လား။ ကိုယ့်ကိုယ်ကို ဗြဟ္မဏလို့ရော မှတ်ယူသေးလား. . . ငါတကယ် အံ့တယ်။ သိပ်ပြီး အံ့ဩတယ်. . . သကျသာကီနွယ်ဖွားရှင်ကြီးဂေါတမကို ဘာကြောင့်အထင်ကြီးတာလဲ။ ဘာဖြစ်လို့ ဒီလောက်အားကိုးနေတာလဲ. . . ဒီမယ် သူငယ်ချင်းဘာရဒွါဇ"

"ဟေ. . . အင်း. . . ဆိုပါဦး"

"သူငယ်ချင်း. . . မင်းပြောလိုက်တယ်လေ. . . ဘာတဲ့. . . ဒီစကားကို ဘုရားရှင်လျှောက်လိုက်ရမလားတဲ့။ အဟက်. . . ဟက် ရယ်ရတယ် ဘာရဒွါဇရယ်. . . ငါက ရှင်ကြီးဂေါတမကို ဂရုစိုက်မယ် ထင်သလား။ တုန်လှုပ်ချောက်ချားသွားလိမ့်မယ်လို့ ထင်လား။ လျှောက်လိုက်. . . ခု သွားလျှောက်လိုက်

စမ်း။ ငါပြောတဲ့ စကားအတွက် ပြန်ပြောဖို့၊ ချေပဖို့ စကားတွေ အရန်သင့်ရှိတယ် ဘာရဒ္ဒါ”

ကျွန်ုပ်က သူငယ်ချင်းမာဂဏ္ဍီကို စလိုနောက်လိုသဖြင့် သူပြောသည့်စကား ဘုရားရှင်ကို လျှောက်လိုက်ရမလားဟု တမင်မေးလိုက်သည်။ ဝါဒါရေးရာ အယူသည်းသော မာဂဏ္ဍီအကြောင်း ကျွန်ုပ်ကောင်းကောင်း သိသည်။ ပြဟ္မဇာဝါဒနှင့်ပတ်သက်လျှင် တစ်ယူသန်စိတ်ရှိပြီး ဆန့်ကျင်သူကို စကားနှင့်ပုတ်ခတ်နှိပ်စက်တတ်သူလည်း ဖြစ်သည်။

သည်နေ့ နေ့လယ်ပိုင်း ကျွန်ုပ်၏တဲသို့ မာဂဏ္ဍီရောက်လာသည်။ ရှေးအခါကလည်း သည်သို့ လာလေ့လာထရှိသည်။ တစ်နေ့တစ်ခေါက် မလာဖြစ်တောင် ရက်ခြားတော့ မပျက်မကွက် လာတတ်သည်။ သူလာလျှင် အေးအေးဆေးဆေး စကားပြောလေ့ရှိသည်။ ဝါဒရေးရာနှင့်ပတ်သက်၍ သူ့အမြင်၊ ကိုယ့် အမြင်ဆွေးနွေးဖလှယ်ကြသည်။ ထာဝရမြဲမြံသည်ဟုယူဆသော မဟာပြဟ္မာကြီး၏ ဂုဏ်ပုဒ်ကို အမျိုးမျိုးချီးကျူးကြ၊ သူငယ်ချင်းနှစ်ယောက် စိတ်တူကိုယ်တူ မီးပူဇော်ကြနှင့် အဆင်ပြေပြေ ရှိကြသည်။

သို့သော် သည်နေ့တော့ သူနှင့် ကျွန်ုပ် ပြဿနာဖြစ်စရာ၊ သဘောထားကွဲလွဲစရာတစ်ခုကို သူမြင်သွားသည်။ အမှတ်မထင်မြင်လိုက်သောအရာကို လက်ညှိုးထိုးလျှက် “ဒါဘာလဲ. . . ဘာလုပ်တာလဲ” ဟု စူးစမ်းမေးမြန်းသည်။

“သြော်. . . မြက်ဖျာခင်းထားတာလား. . . ဒီလို သူငယ်ချင်းရ။ ငါဟာ နေ့စဉ်ပြုနေကျအတိုင်း မီးအလုပ်အကျွေးပြုနေတယ်။ အဲဒီအချိန်မှာပဲ သကျသာကီနွယ်ဖွား ရဟန်းဂေါတမ ငါ့တဲ ရောက်လာတယ်။ ညှော်သည်လာတယ်ဆိုတော့ အိမ်ရှင်တစ်ယောက်အနေနဲ့ ပြုစုရတာပ။ ဒါဘုရားရှင်ထိုင်ဖို့ စီစဉ်ပေးထားတဲ့ မြက်ဖျာလေ. . . ”

“ဘာ. . . ”

မာဂဏ္ဍီသည် ကျွန်ုပ်စကားဆုံးသည်နှင့် အထိတ်တလန့်ထအော်သည်။ အံ့ဩတုန်လှုပ်သည့် အမူအရာနှင့်ရင်ကိုဖိပြီး “သွားပါပြီ. . . ဒုက္ခဖြစ်ပါပြီ။ ဒီနေ့ ငါဒီကိုလာမိတာ အမှားကြီး မှားပါပြီ” ဟု မျက်လုံးမှိတ်ကာ ထပ်တလဲလဲ ရေရွတ်တော့သည်။

မာဂဏ္ဍီ၏ သဘောထားကို ကျွန်ုပ်နားလည်ပါသည်။ သူဘာဖြစ်လို့ ဒီစကားပြောမှန်း ကျွန်ုပ်သဘောပေါက်ပါသည်။ မိမိကိုယ်ကို ဇာတ်မြင့်သူဟု ယူဆထား သော ကျွန်ုပ်တို့က ကိုယ့်ထက်ဇာတ်နိမ့်သူကို မဆက်ဆံကြ။ ခတ္တိယနွယ်ဖွား ဂေါတမသည်လည်း ဇာတ်နိမ့်သူဟု ယူဆထားရာ အရောတဝင်မဆက်ဆံလိုကြ။ ဘယ်သူတွေ ဘယ်လိုပင် အမြတ်တနိုး၊ တန်ဖိုးထားကိုးကွယ်နေပေမယ့် ကျွန်ုပ်တို့က ကိုးကွယ်စရာမဟုတ်။ ကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်ရမည့်ပုဂ္ဂိုလ်မှာ မဟာပြဟ္မာကြီးသာ၊ အထူးသဖြင့် ကျွန်ုပ်တို့ ပြဟ္မဇာဝါဒနှင့် ဆန့်ကျင်စကားဆိုလေ့ရှိသော ရှင်ကြီးဂေါတမကို ဆက်ဆံစရာမလို။ အရေးတယူ ပြုစရာမလိုဟု ယူဆထားသည်။

ကျွန်ုပ်အနေနှင့်ကတော့ သည်လောက်လည်း အယူအစွဲမကြီးချင်။ ကြည်ညိုနှစ်သက်ဖွယ် အဆင်းရှိသော ဗုဒ္ဓကို မနှစ်လိုနိုင်သည့်တိုင် အမုန်းတရားမကြီးချင်။ ထို့ပြင် ကိုယ့်အိမ်ကိုလာသော ဧည့်သည်အား နှင်မထုတ်သင့်။ အိမ်ရှင်ကောင်းပီသစွာ ဧည့်ဝတ်ပြုသင့်သည်။ နေရာထိုင်ခင်းပေးသင့်သည်။ ပဋိသန္ထာရစကားဆိုလျက် ကြိုဆိုသင့်သည် မဟုတ်လား. . .။

သည်နေ့မနက် ကျွန်ုပ်မီးပူဇော်ရာ မီးတင်းကုပ်သို့ ဘုရားရှင်ကြွလာသည်။ ကျွန်ုပ်ခင်းပေးသော မြက်ခင်းပေါ်ထိုင်လျက် ကျွန်ုပ်ပြုမူနေသည်ကို ခရေစေ့တွင်းကျ ကြည့်နေသည်။ မီးပူဇော်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့အမြင်၊ ဗုဒ္ဓ၏ အယူအဆတို့ကို အပြန်အလှန်ဆွေးနွေးမိသည်။

ကျွန်ုပ်ကတော့ ဝါဒရေးရာ ဆွေးနွေးသည်ဟု ဆိုလိုပေမယ့်၊ ဘုရားရှင်က အမှားအမှန်ဝေဖန်ပြလျက် မှန်ကန်သည့်တရားလမ်းကြောင်းပြ ဟောမြွက်သွားခြင်းပင်။ ဗုဒ္ဓဟောမိန့်ချက်တွေက အရိုးစွဲလာသော ကျွန်ုပ်တို့ ဆင်ခြင်စရာတွေ ဖြစ်သည်။ တွေးတောစရာတွေ ဖြစ်သည်။ ချက်ချင်းလက်ငင်း ပြောင်းလဲကျင့်သုံးနိုင်စွမ်းရှိသေးပေမယ့် ဗုဒ္ဓတရားအပေါ် တိမ်းညွတ်ချင်စိတ်ဖြစ်ခဲ့သည်။

"မှားလိုက်တာ သူငယ်ချင်းရာ . . . မင်းမို့ အညွန့်တုံးဝါဒသမားကို အလေးထားတယ်"

မာဂဏ္ဍီမှတ်ချက်ကြောင့် ကျွန်ုပ်ပင် တုန်လှုပ်သွားသည်။ အထိတ်တလန့် လှည့်ကြည့်ရင်း. . .

"ဟော. . . မင်းဘာပြောတယ်" ဟု မေးလိုက်မိသည်။

"မင်းလုပ်ရပ်ကို ပြောပါတယ်။ တကယ်ပဲ ဘာရဒွါဇ. . . ဒီနေ့ ငါဒီလာမိတာ မှားပြီ။ အမင်္ဂလာမြင်ကွင်း မြင်ရချက်နာတာပဲ"

အယူစွဲပြင်းထန်သည့် မာဂဏ္ဍီကို ကျွန်ုပ် သနားလည်း သနားမိသည်။ စိတ်လည်းပျက်မိသည်။ သို့သော် ငယ်သူငယ်ချင်း မာဂဏ္ဍီကို အပြစ်လည်းမဆိုချင်၊ လျစ်လျူလည်း မရှုချင်။ ပြောရလျှင် သူ့အစွဲကို ချွတ်ပေးချင်သည်။

သို့သော် လွယ်လိမ့်မည်မဟုတ်ဟု တွေးမိပြီး၊ ပြက်ရယ်သဘောဖြင့် "မင်းပြောတဲ့စကား ဘုရားရှင်ပြန်လျှောက်လိုက်ရမလား" ဟု နောက်လိုက်သည်။

မာဂဏ္ဍီ ဘယ့်ကလောက် ဒေါပွသွားမည်ကို သူ့အသွင်ကြည့်ရုံနှင့် သိသာပါသည်လေ. . .။

* * *

မနေ့က သူငယ်ချင်းနှစ်ယောက် အချီအချပြောသည့်စကား ဘုရားရှင်က ဒိဗ္ဗသောတဖြင့် ကြားလေသလားမသိ။

နောက်တစ်နေ့. . .။

ကျွန်ုပ် မီးအလုပ်အကျွေးပြုဖို့ ပြင်ဆင်နေစဉ် ဘုရားရှင်ရောက်လာပြန်သည်၊ ကျွန်ုပ် ခရိုးဦးကြိုပြု

နေရာပြင်ဆင်ပေး၊ ညှော်ဝတ်ပြုသည့်သဘောဖြင့် ရေချမ်းကပ်လိုက်သည်။

ကျွန်ုပ်၏ ခရီးဦးကြိုဆိုမှုကို လက်ခံရင်း ဘုရားရှင်က "မနေ့က ဒီမြက်ဖျာခင်းထားတာနဲ့ ပတ်သက်ပြီး မာဂဏ္ဍီနှင့်ပြောမိသေးလား" ဟု မေးလာသည်။ ဘုရားရှင်မိန့်သည့် စကားကြားတော့ ကျွန်ုပ်ကြောင်ငေးငေးဖြစ်သွားသည်။ ကျွန်ုပ်တို့ သူငယ်ချင်းနှစ်ယောက်ပြောစကား ဘုရားရှင်ဘယ်လိုကြားလဲ. . . ဘယ်ပုံသိလဲ . . . အဝေးတစ်နေရာမှာရှိနေသည့် ဘုရားရှင်က သည်မီးတင်းကုပ်ထဲ နှစ်ယောက် တည်းဖြစ်ပျက်ခဲ့ပုံကို ဆယ်လိုသိလေသလဲဟူသော အတွေးနှင့် တုန်လှုပ်သွားသည်။

"မှန်. . . မှန်. . . မှန်ပါ"

"မှန်ပါတယ် ဘုရား။ ဒီမြက်ဖျာခင်းထားတာကို မာဂဏ္ဍီတွေ့သွားတော့ နိမိတ်ဆိုးမြင်ရပါပြီ၊ အမင်္ဂလာမြင်ကွင်းတွေ့ရပါပြီ၊ မကောင်းသတင်းကြားရပါပြီလို့ ပြောတာကြောင့် အချေအတင် ပြောဖြစ်ပါတယ်. . . "ဟု လျှောက်မည်ကြံနေစဉ် ဖြုန်းခနဲ မာဂဏ္ဍီရောက်လာသည်။

ကျွန်ုပ်စိတ်ထဲက ဒုက္ခပါပဲဟုတွေးလိုက်မိသည်။ ပူပန်စိတ်ဖြစ်သွားသည်။ မချေမငံ ဆက်ဆံတတ်သော ကျွန်ုပ်သူငယ်ချင်းအကြောင်းသိထား၍ ဘုရားရှင်ကို ပုတ်ခတ်တော့မှာပဲဟု တွေးမိသည်၊ အမှန်ကလည်း ပုတ်ခတ်စရာ။ ဘုရားရှင်က မြက်ဖျာပေါ်သီတင်းသုံးနေပြီး၊ ကျွန်ုပ်က နိမ့်ရာတွင် ပုဆစ်ဒူးတုပ် အရိုအသေပေး နေသော အနေအထားကို သူတွေ့သွားပြီ။ ဘုရားရှင်ကို မပုတ်ခတ်ဝံ့တောင် ကျွန်ုပ်ကိုမူ "မင်းတော်တော် အသုံးမကျတဲ့လူ. . . ဗြဟ္မဏတစ်ယောက်က ခတ္တိယနွယ်ဖွားကို အရိုအသေပေးရသတဲ့လား. . . ပုဆစ် ဒူးတုပ်ပြုရသတဲ့လား" ဟုမေးမှာ သေချာသည်။ အလျှံဝင်းဝင်း တောက်သည့် မျက်လုံးအစုံနှင့် ခါး ထောက်ကြည့်နေသော မာဂဏ္ဍီကို ကျွန်ုပ် မဖိတ်ခေါ်မီပင် ဘုရားရှင်က ခေါ်လိုက်သည်။

"မာဂဏ္ဍီ တဲထဲဝင်ခဲ့ပါ။ သင့်ကို ကြိုဆိုပါတယ်"

သိမ်မွေ့ပျော့ပျောင်းသည့် ကရုဏာ၊ မေတ္တာသံနှင့် ဖိတ်ခေါ်မှုကြောင့် မာဂဏ္ဍီသည် ခါးထောက်သောလက်ကို ဖြေချသည်။ တင်းထားသောကိုယ်နေကို ဖြေလျှော့ချသည်။ ခက်ထန်သည့် မျက်နှာထားကို ပြောင်းလိုက်သည်။

မာဂဏ္ဍီက မလှမ်းချင်လှမ်းချင် အမူအရာနှင့် လှမ်းဝင်လာပြီး ကျွန်ုပ်အပါး ဝင်ထိုင်လိုက်သည်။

ကျွန်ုပ်စိတ်ထဲတွင်မူ သောကတို့ဖြင့် ပင်ပန်းနေလေတော့၏။

* * *

"ဘယ်လိုလဲ မာဂဏ္ဍီ. . . ငါ ဘုရားဟာ အညွန့်တုံးဝါဒရှိသူလို့ သင်ယူဆသလား"

မထင်မှတ်သောအမေးကြောင့် ကျွန်ုပ်တို့ နှစ်ယောက်စလုံး အံ့အားသင့်သွားသည်။ အံ့အားသင့်သည်။

ဆိုသော်လည်း ကွန့်ပ်နှင့် မာဂဏ္ဍီ အံ့အားသင့်ပုံခြင်း တူချင်မှတူပါလိမ့်မည်။

ယမန်နေ့က ကွန့်ပ်တို့နှစ်ယောက်တည်းပြော၊ နှစ်နားသာ ကြားနိုင်သောစကားကို ဘုရားရှင်က အလုံးစုံကြားသိနေ၍ ဘုရားရှင်၏တန်ခိုးကြီးမှု မြင်သဖြင့် ကွန့်ပ်အံ့ဩရသည်။ မာဂဏ္ဍီက သည်သို့ မဟုတ်နိုင်၊ သူမလာခင် ကွန့်ပ်က ယမန်နေ့က အဖြစ်အပျက်ကို လျှောက်ထားလိုက်၍ ဘုရားရှင်သိ သွားသည်၊ ဒီအကြောင်း ဘုရားရှင်ကို လျှောက်လိုက်ရမလားဟု ကွန့်ပ်ခြိမ်းခြောက်ခဲ့ရာ တကယ် ပြုသည်ဟု ထင်ပုံရသည်။ လျှို့ဝှက်အပ်သောစကားကို သစ္စာဖောက်လေဘိဟု အံ့ဩခြင်းပင်။

"အသင်. . . မာဂဏ္ဍီ၊ ငါဘုရားဟာ စကြဝဠာခြားတဲ့အရပ်က ပြောစေဦး မကြားနိုင်တာမရှိ။ သင် တို့ချင်းပြောစကားကို ဘာရဒွါဇ မလျှောက်လည်း ငါသိပေတယ်"

"ဟုတ်. . . ဟုတ်ပါပြီလေ. . . "

မာဂဏ္ဍီက မအီမလည်လေသံနှင့် ပြောသည်။ ကွန့်ပ်ကတော့ အတော်အတန်နေသာသလို ရှိသွား သည်၊ ကွန့်ပ်မပြောဘဲ တန်ခိုးတော်နှင့်သိကြောင်း ဘုရားရှင်က ထုတ်ဖော်လိုက်၍ ဖြစ်သည်။

"အသင်. . . မာဂဏ္ဍီ။ မျက်စိဟူသည် ရူပါရုံ၌ မွေ့လျော်တတ်တာ မမှတာပါပဲ။ နှစ်ခြိုက်သည်လည်း အစဉ်အလာပါပဲ။ ထိုနှစ်ခြိုက်မွေ့လျော်တတ်သောမျက်စိကို ငါဘုရားဆုံးမ၏။ လုံအောင်ပြု၏။ စောင့် ရှောက်ပိတ်ဆို့ထား၏။ မျက်စိကို ပိတ်ထားရန်လည်း ငါဘုရားဟော၏။ ဤသို့ စောင့်ရှောက်ခြင်း အတွက် အညွန့်တုံးသည် ဆိုသလော. . . "

"မှန်ပါတယ်. . . အမှန်ပါပဲ။အရှင်ဂေါတမ. . . အရှင်စဉ်းစား ကြည့်ပါ။ လူ့ခန္ဓာမှာ မျက်စိပါလာ တာဟာ ဘာကြောင့်လဲ။ ကြည့်ဖို့ မဟုတ်လား အရှင်. . ။ အကြောင်း အကျိုး၊ အကောင်းအဆိုးခွဲခြားမြင် နိုင်အောင် ကြည့်ဖို့ မဟုတ်ပေဘူးလား အရှင်. . . ဒီမျက်စိနဲ့ကြည့်မှ ရုပ်ဆင်းသဏ္ဌာန်မြင်မယ်။ လှလား . . . မလှဘူးလား ခွဲခြားနိုင်မယ်။ လှတာ. . . ချောတာ. . . ကောင်းတာ ခွဲခြားမြင်အောင် ဒီမျက်စိကို အသုံးချရမှာပဲမဟုတ်လား. . . ။ အဲဒီ ကြည့်ဖို့ ဖြစ်လာတဲ့ မျက်စိကို ပိတ်ထားခိုင်းတော့ ဘာမြင်ရဦးမှာလဲ။ ဘာတွေ့ရဦးမလဲ။ မတွေ့မမြင်ရင် ကန်းနေတဲ့လူနဲ့ ဘာထူးမှာလဲ။ အဲဒီ အမြင်ဓာတ်ချို့တဲ့အောင် ဟောနေ တဲ့ အရှင်ဂေါတမဝါဒဟာ အညွန့်တုံးဝါဒမဟုတ်ရင် ဘယ်ဝါဒ ဖြစ်ဦးမလဲ"

မာဂဏ္ဍီကအချက်ပိုင်လေပြီဟူသောသဘောနှင့် ဘုရားရှင်ကို တုံ့ ပြန်လျှောက်ထားလိုက်သည်။ ကွန့်ပ် ကတော့ ဘာမျှ မပြောလိုတော့ပါ။ ထူးခြားသော စကားနာရ၊ ကြားရ တော့မည်ဟူသော အတွေးကြောင့် တရားနာသူအဖြစ်နှင့် ငြိမ်နေလိုက်ပါတော့သည်။

"အသင် မာဂဏ္ဍီ။ နားဟူသည် သဒ္ဒါရုံနှင့် မွေ့ပေတယ်။ သာယာချိုမြတဲ့အသံကို နှစ်ခြိုက်တယ်။ ဒါကို အရသာတစ်ခုလို့ ယူဆခံစားကြတယ်။ ဒီစံစားမှုကို စောင့်ရှောက်တဲ့အနေနဲ့ နားပိတ်နေဖို့ ငါဆုံးမတယ်။ ဒါကြောင့် အညွန့်တုံးတယ် ဆိုသလား. . . "

"အမှန်ပဲ။ ဒါကြောင့် အညွန့်တုံးတယ်ဆိုတာပါ။ ဘယ့်နှယ် ရှင်ကြီးဂေါတမရယ်. . .။ နားဟာ အကြား အာရုံအတွက် ဒီခန္ဓာကိုယ်မှာ ပါလာရတာမဟုတ်လား။ ဒီနားရှိလို့ ချိုသာတဲ့အသံ၊ သီးခါးတဲ့အသံ ဒီလို ကြားနိုင်လာတာမဟုတ်လား. . .။ ပီယဝါစာ ချစ်ဖွယ်သောစကားကြားရရင် လူ့စိတ်နှလုံး ရွှင်ပြုံးစေတာ ရှင်ကြီးဂေါတမလည်း သိမှာပါ။ ဒါကို ပိတ်ခိုင်းတယ်ဆိုတော့ လောကမှာ ဘာများကြည်နူး စရာရှိဦးမလဲ။ စိတ်ချမ်းမြေ့စရာ ရှိဦးမလဲ"

သည်နေရာတော့ မာဂဏ္ဍီကို ကျွန်ုပ် ချီးကျူးမိသည်။ အပေါအပြောတွင် နာမည်ကြီးသည့် ဗုဒ္ဓကို ချေပပြောနိုင်ခြင်းကြောင့် အထင်လည်း ကြီးသွားသည်။ ဟုတ်သည် မဟုတ်သည် အပထား၊ စကားတုပ် ပြောနိုင်ခြင်းသည်ပင် လေးစားရလိမ့်မည်။

"အသင်. . မာဂဏ္ဍီ။ နှာခေါင်းဟာ ဂန္ဓာရုံ၌မွေ့လျော်သည်။ ချိုမွေးတဲ့ အနံ့ကို နှစ်ခြိုက်သည်၊ ဒါကို လုံ အောင်စောင့်ရှောက်လို့ အညွန့်တုံးတယ်ဆိုသလား. . . အချင်းမာဂဏ္ဍီ၊ လျှာဟာရသာရုံ၌ မွေ့လျော် တယ်။ ရသာတဏှာကို ခံယူစေတယ်။ ဒါကို ငါကစောင့်ရှောက်လို့ အညွန့်တုံးတယ် ဆိုသလား. . . အို. . ပုဏ္ဏားကြီး၊ ကိုယ်ခန္ဓာဟာ အတွေ့၌ မွေ့လျော်တယ်။ စိတ်သည် ဓမ္မာရုံ၌ မွေ့လျော်တယ်၊ ငါဟာ ဒီအရာတွေကို စောင့်ရှောက်လို့၊ စောင့်ရှောက်စေလို့ အညွန့်တုံးတယ် ဆိုသလား. . . "

"ဟုတ်လိုက်လေ ရှင်ကြီးဂေါတမရယ်. . . . မျက်စိ၊ နား၊ နှာခေါင်းစတဲ့ အာရုံခြောက်ပါးနဲ့ အများ သတ္တဝါတွေ ခံစားပျော်မွေ့နေတာ အရှင်လည်းအသိပဲ။ ဒါကို ဒီလို မလုပ်ရဘူး။ အားလုံးကို ရပ်ဆိုင်းပစ် ရမယ်ဆိုတော့. . . အဟက်. . . ဒီလောက်အဖြစ်ဆိုးတဲ့ဘဝ ဘယ်မှာရှိသေးလဲ။ ဒါမျိုး အညွန့်တုံးတယ် လို့ မပြောရင် ဘယ်ဟာတုံးဦးမလဲ။ အသုံးချစရာတွေကို မသုံးရတော့ ဘယ်မှာအသုံးကျတော့မလဲ"

အချက်ကျကျ ချေပနိုင်သည့် ကျွန်ုပ်သူငယ်ချင်း မာဂဏ္ဍီကို ကြည့်ပြီး အမှန်ပင် အထင်ကြီးသွားသည်။ ကိလေသာလျှော့ပါးအောင် ပိတ်ဆို့ရမည်။ စောင့်ထိန်းရမည်ဟု ဆုံးမနေသော ဘုရားရှင်နှင့်ဆန့်ကျင် စကားဆို၍ မိမိဝါဒအောင်မြင်အောင် တံခွန်ထူနေသော မာဂဏ္ဍီ ကို ကျွန်ုပ်လေးစားသွားသည်။

"ဒ ချင်း မာဂဏ္ဍီ။ လူအချို့ဟာ ကာမနဲ့စပ်တဲ့ နှစ်သက်ဖွယ်ရာကို မွေ့လျော်ကြတယ်"

"အချို့မဟုတ်ဘူး ရှင်ကြီးဂေါတမ။ အများ. . . အားလုံး. . သတ္တဝါတွေ အကုန်လုံး။ ရှင်ကြီးဂေါတမ နဲ့ ရှင်ကြီးနောက်လိုက်တွေကလွဲရင် အားလုံးမွေ့လျော်ပါတယ်။

"အဲဒီသူတွေဟာ နောင်တစ်ချိန်မှာ ဒီနှစ်သက်ဖွယ်ကာမကိုစွန့်လွှတ်တယ်။ ဒီလိုစွန့်လွှတ်တော့ စိတ်ရဲ့ ငြိမ်းချမ်းမှုရတယ်။ ထိုသူကို သင် ဘယ်လိုဆိုမလဲ"

"ဘယ်လို. . . ဘယ်လို ဘယ်လို။ နှစ်သစ်စရာ ကာမဂုဏ်ကို စွန့်တယ်။ ဒီလိုစွန့်လို့ ငြိမ်းချမ်းမှုရတယ် ဟုတ်လား. . . ဒါဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒီမယ် ရှင်ကြီးဂေါတမ၊ ဥပမာတစ်ခုဆိုပါတော့။ နေ့စဉ် ဝက်သား၊ ကြက်သား၊ အမဲသားငါး စတဲ့ ဟင်းလျာတွေစားနေရတဲ့လူဟာ စားစရာမရှိလို့ စွန့်ရပါပြီတဲ့၊

အဲဒီလူဟာ စိတ်ချမ်းသာမယ်၊ ပျော်ရွှင်ချမ်းမြေ့မယ်လို ထင်လား။ စားချင်တာ မစားရလို့ ပိုစိတ်ဆင်းရဲမယ်. . . ဒါအသေအချာပဲ"

"သင်ဒီလို အပေါ်ယံတွေးရင် ငါဘုရားက ငါ့ရဲ့ဘဝနဲ့ယှဉ်ပြီး ဥပမာပေးမယ် မာဂဏ္ဍီ၊ ငါဘုရားဟာ သကျသာကီဝင်မင်း၊ စည်းစိမ်ရှိတယ်၊ ပျော်မွေ့စရာတွေ အပြည့်အစုံရှိတယ်၊ လောကီစည်းစိမ်ခံစားဖို့ နွေ၊ မိုး၊ ဆောင်းရာသီအလိုက် စံစားဖို့ ပြာသာဒ်သုံးဆောင်ရှိတယ်။ ငါ့ကို အလုပ်အကျွေးပြုတဲ့ မိန်းမသားတွေဟာ နတ်သမီးတမျှ လှပါတယ်။ သာမန်လူသားတွေ မခံစားဖူးတဲ့ စည်းစိမ်အရသာ ငါမခံစားရတာပဲ မာ"

"ဟုတ်ပါ့မယ်. . . "

မြတ်ဘုရား၏မျိုးရိုး၊ စည်းစိမ်ချမ်းသာအတိုင်းအတာသိနေတော့ ကျွန်ုပ်သူငယ်ချင်း မာဂဏ္ဍီ၏လေသံပျော့သွားသည်၊ စကားတုံ့ဆိုင်းသွားသည်။

"ငါဘုရားဟာ ဒီစည်းစိမ်တွေကို စွန့်ပယ်ပြီး ရဟန်းပြုခဲ့တယ် မာဂဏ္ဍီ၊ အဲဒါ ဘာဖြစ်လို့လဲ သိလား. . . ဒီပစ္စည်း၊ ဒီစည်းစိမ်တွေဟာ ဖြစ်ပြီးရင်ပျက်ရမယ်၊ ပေါ်ပြီးပျောက်ရမယ်၊ ဒါ ဘယ်သူမှ ထိန်းလို့မရတဲ့ကိစ္စ၊ မာဂဏ္ဍီ. . . သင်ရော ထိန်းလို့ရမယ်ထင်လား"

"ဟင်. . . အဲ. . . ဟို. . . ဟို ဒင်းလေ. . . "

ဘုရားရှင်က အနိစ္စမမြဲမှုအကြောင်းကို ပမာပုံပြလျက်ဆိုလိုက် သည်။ တွေးမထားသည့် စကားရပ်၊ မထင်မှတ်သည့် အမေးကြားရ၍ ရုတ်တရက်ကြောင်သွားပြီး စကားအထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားသည်။

"ဒါတွေဟာ မြဲပါတယ်။ ပေါ်ပေါက်ပြီးလာရင် ထာဝရတည်တဲ့ မယ်လို့ သင်ဇွတ်ငြင်းရင် ငါကအကျိုးသင့် အကြောင်းသင့် ထက်မေးမယ် မာဂဏ္ဍီ"

"ဒီသဘောကတော့ အမှန်ပါ"

"ဟုတ်ပြီ မာဂဏ္ဍီ၊ မမြဲတဲ့ သဘော၊ ဆင်းရဲတဲ့သဘော သိနေတဲ့ ငါဘုရားဟာ ထာဝရမြဲမြံပြီး၊ ချမ်းသာခြင်းရှိတဲ့ နိဗ္ဗာန်တနယ်မြေဘက် ကူးခဲ့တယ်။ အေးချမ်းမှု အမှန်ရခဲ့ တယ်။ ဒီမယ်. . . မာဂဏ္ဍီ"

"မှန်. . . မှန်ပါ. . . ဗုဒ္ဓ"

"ငါဟာ လျှာအလိုလိုက်စဉ် တုန်းက သည်လျှာက တောင့်တရာကို ငါဖြည့်ဆည်းပေးမိတယ်၊ အချိုလိုအချို၊ အချဉ်လိုအချဉ်ပြည့်စေခဲ့တယ်။ အချိုလိုချိန် အချဉ်ပေးရင် ဒေါသတရားပေါက်ဖွားလာပြီး ဆင်းရဲခြင်းတွေ ဝင်လာခဲ့တယ်၊ ဆိုပါတော့. . . အမြတမ်းတောင့်တနေတဲ့ ဒီတဏှာဟာ ဘယ်တော့မှ အလို အာသဝပြည့်တယ်မရှိဘူး၊ ဆီမီးခွက်ထဲ ဆီဖြည့်လို့ မရောင့်ရဲနိုင်သလို တောင့်တနေတယ်။ အဲဒီအလို အာသဝတွေကင်းအောင် ငါက ဆုံးမတယ်။ လေ့ကျင့်တယ်။ ပိတ်ပင်တယ်။ ဒီအခါ တောင့်တမှုတွေ လျော့နည်းပြီး ဒုက္ခတရားတွေ နည်းလာတယ်။ စိတ်ဆင်းရဲမှု ကင်းလာတယ်. . . "

"ဟုတ်တော့ ဟုတ်မှာပါ. . ."

"ဟုတ်မှာပါလို့ သင်ဘာကြောင့် ပြောနေလဲ မာဂဏ္ဍီ။ ဘာကြောင့်များ ပြတ်ပြတ်သားသား မထောက်ခံချင်တာလဲ"

အမှန်တရားကို ခေါင်းညိတ်ဝန်ခံဖို့ ဝန်လေးနေသည့် မာဂဏ္ဍီကို ကျွန်ုပ် ငဲ့စောင်းကြည့်လိုက်သည်။ ကျွန်ုပ်ကို မျက်လွှာတစ်ချက်ပင့်ကြည့်ပြီး အသာပြန်ချသွားသည်။ ကျွန်ုပ် ရိပ်စားမိပါပြီ။ မာဂဏ္ဍီသည် ဘုရားရှင်ကို ဝါဒရေးရာ ယှဉ်ပြိုင်ဖို့ အနိုင်မရမှန်း ရိပ်စားမိသွားပုံရသည်။

"အချင်း မာဂဏ္ဍီ။ ချမ်းသာသူဟာ ငါးပါးသော ကာမဂုဏ်မှာ ကာမဂုဏ်နဲ့ ပတ်သက်လို့ သူမခံစားဖူးတာ မရှိဘူး။ အဲဒီပုဂ္ဂိုလ်ဟာ သေလွန်တော့ ပိုမြင့်တဲ့ နတ်စည်းစိမ်ခံစားရတယ်။ နတ်ဘုံမှာ လိုတိုင်းရ၊ တတိုင်းဖြစ်နေတဲ့ ဒီပုဂ္ဂိုလ်ဟာ လူ့ရပ်လူ့ရွာ ပြန်လာချင်စိတ်မရှိဘူးလား. . ."

"သူ ဘယ်လာချင်မှာလဲ ဘုရား"

"ဟုတ်တယ်. . . သူပြန်မဆင်းချင်တော့ဘူး။ နတ်စည်းစိမ်နဲ့ ယဉ်ပါးနေပြီ။ အချင်း မာဂဏ္ဍီ၊ ငါဟာ နတ်စည်းစိမ်ထက်ချမ်းသာတဲ့ ဓမ္မချမ်းသာခံစားနေရပြီ"

"ဓမ္မချမ်းသာ. . ."

"အမှန်ပဲ မာဂဏ္ဍီ။ နူနာရောဂါ စွဲသူဟာ တစ်ကိုယ်လုံး ယားယံပြီး အဆက်မပြတ်ကုတ်ခြစ်နေရတယ်။ ဝေဒနာသက်သာအောင် မီးကင်ပေးရတယ်။ နူနာရောဂါကင်းနေသူကတော့ ဒီမီးကို တောင့်တစရာ မလိုဘူး"

"အရှင်ဘုရား မိန့်လိုတဲ့ တရားစကားက. . ."

သိသိသာသာ လေသံပြောင်းသွားသော မာဂဏ္ဍီကို ကြည့်ပြီး စိတ်ထဲက ရယ်မိသည်။ ရှင်ကြီးဂေါတမ . . . ရှင်ကြီးဂေါတမဟု အနွယ်ကို ညွှန်းလျက် အခန့်လေးစား ပြောနေရာမှ တလေးတစား ဖြစ်လာသည်ကို ကြည့်ပြီး ပြုံးမိသည်။

"အချင်း မာဂဏ္ဍီ။ တပ်မက်မှု တဏှာဟာ ဘယ်ခါမှ ပြည့်စုံမှု မရှိ နိုင်တဲ့အတွက် စိတ်ကိုပူပင်စေတယ်။ သူဟာ မီးနဲ့ပမာတူတယ်။ နူနာစွဲနေသူဟာ ယားနာပယ်ဖျောက်ဖို့ မီးအပူရှိမှ သက်သာတယ်။ မီးနဲ့ဝေးသွားတာနဲ့ ယားနာပြန်ထပြီး စိတ်ညစ်ညူးရတယ်။ ထို့အတူပဲ တဏှာမကင်းသူဟာ ဒီတဏှာအတွက် ပူပင်ရပေတယ်"

"မှန်. . . မှန်ပါတယ်"

"အချင်း မာဂဏ္ဍီ။ ငါဘုရားဟာ ပူပင်စေတတ်တဲ့ တဏှာကိုထိန်းဖို့၊ ကိုယ်တွင်းဝင်မလာအောင် လုံအောင်ပြုဖို့ ဆိုဆုံးမတယ်။ ဒါဟာ ငြိမ်းချမ်းမှုရအောင်လို့ပဲ။ တဏှာကို မပယ်ဘဲ၊ မငြိမ်းသတ်ဘဲ စိတ်ငြိမ်းချမ်းမှု ရလိမ့်မယ်လို့ သင်ထင်သလား . . မာဂဏ္ဍီ. . ."

"အင်း. . . သည်လိုတော့လဲ ဟုတ်ပါတယ်"

"သည်လို ပူပန်မှုကင်းတဲ့ဘဝ၊ ငြိမ်းချမ်းမှုရှိတဲ့ဘဝရအောင် ဆိုဆုံးမတဲ့ ငါ့ဘုရားကို အညွှန့်တုံးလေခြင်းလို့ သင်ယူဆမလား. . . သတ်မှတ်မလား"

ဘုရားရှင်၏အမေးကြောင့် မာဂဏ္ဍီ ဖျတ်ခနဲခေါင်းထောင်ကြည့်သည်။ တစ်စုံတစ်ရာ စကားမဆိုနိုင်ဘဲ အားစေးထည့်ခံထားရသူနှယ် ပါးစပ်ပိတ်လျက် ငိုင်နေလေတော့သည်။

* * *

ဘုရား့ ့ . မတွေ့ဆုံမီက "ခု သွားလျှောက်စမ်း. . . ငါပြောတဲ့ စကားအတွက် ပြန်ပြောဖို့၊ ချေပဖို့ စကားတွေ အရန်သင့်ရှိတယ်" ဟု လက်မထောင်ကြွေးဝါးခဲ့သော မာဂဏ္ဍီသည် မာန်မထောင်နိုင်တော့။ အဆိပ်မဲ့သော မြွေတစ်ကောင်နှယ် ခေါင်းလျှိုနေတော့သည်။ ကျွန်ုပ်သည် ဝါဒစွဲကြီးသည့် မာဂဏ္ဍီကို စချင်နောက်ချင်လာသည်။ သူ့နံ ဘေးကို တံတောင်နှင့်တွတ်လျက် သတိပေးလိုက်သည်။ ကျွန်ုပ်က တံတောင်နှင့်တွတ်တော့ သူကလှည့်ကြည့်သည်။ "ပြောလေကွာ. . . ချေပလေ" ဟု သွေးထိုးမြှောက်ပင့်သော အမူအရာနှင့် မေးဆတ်ပြသည်။ မာဂဏ္ဍီက မသိကျိုးကျွန်ပြုလျက် မတုန်မလှုပ်၊ ငုတ်တုတ်။

"အချင်း မာဂဏ္ဍီ၊ မင်းမှူးမတ်တွေဟာ ကာမဂုဏ်ခံစားလျက် ကာမဂုဏ်မပယ်ဘဲ အေးငြိမ်းသောစိတ်နဲ့ ရှေးကလိုနေတယ်။ ခုလဲ နေတယ်။ နောင်လဲ နေလိမ့်ဦးမယ်။ ကာမအပူပယ်လို့ အေးငြိမ်းသောစိတ်ရှိတယ်။ မာဂဏ္ဍီ သင့်ကို ငါ စကားတစ်ခွန်းမေးပါမယ်"

"ကောင်းပါပြီ ဗုဒ္ဓ။ မေးလိုရာမေးပါ. . . ဗုဒ္ဓ"

"သင်ကြားဖူးကောင်း ကြားဖူးမှာပါ။ အာရောဂျ ပရမာ လာဘာတဲ့။ ဒီအနက်က ဘာဆိုလိုတာလဲ"

"လာဘ်ဟူသမျှတွင် အနာကင်းမှုဆိုတဲ့ လာဘ်ဟာ အမြတ်ဆုံးပါ ဗုဒ္ဓ"

"ကောင်းပြီ ပုဏ္ဏားကြီး။ နိဗ္ဗာနံ ပရမံ သုခံဆိုတာကရော. . . "

"ချမ်းသာတကာတို့တွင် နိဗ္ဗာန် ချမ်းသာက အသာဆုံးတဲ့. . . "

"မှန်ပေတယ် မာဂဏ္ဍီ။ အဋ္ဌင်္ဂိ ကော စ မဂ္ဂနံ ခေမံ အမတ ဂါမိနံ ဆိုတာကရော. . . "

"လမ်းခရီးတကာတို့တွင် နိဗ္ဗာန်သွားကြောင်းဖြစ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် မဂ်လမ်းဟာ အသာဆုံးတဲ့"

"ဟုတ်ပေတယ်. . . ဒီစကား သင်သဘောကျလား မာဂဏ္ဍီ"

"အဟိုး. . . ကျတာပေါ့ ဘုရား၊ ဒါဟာ ကျမ်းဂန်အလိုစကားပါပဲ။ အင်မတန်ထူးခြားတိုက်ဆိုင်ချက်ပါပဲ။ အခု အရှင်ဘုရား ရွတ်ဖတ်တဲ့ဂါထာဟာ ကျွန်ုပ်တို့ ပရိဗိုဇ်တွေ အစဉ်အဆက်ရွတ်ဖတ်တဲ့ ဂါထာပါပဲ"

အားတက်သရောလေသံနှင့် တမင်လုပ်ပြောလိုက်သော မာဂဏ္ဍီစကားကြောင့် ကျွန်ုပ်သည် ဘုရားရှင်ကို အားတုံ့အားနာ ဖြစ်သွားရသည်။ မာဂဏ္ဍီစိတ်ထဲ ဘယ်လို ရှိမရှိ မသိသော်လည်း ပြောပုံနှင့်လေသံက ဘုရားရှင်သည် ပြဟ္မဏတွေ၏ နောက်လိုက်ပါပဲဟု ဆိုသယောင် ဖြစ်နေသည်။

"အချင်း မာဂဏ္ဍီ။ သင့်တို့ဆရာ အဆက်ဆက်ကလာတဲ့ ဒီဂါထာကို သင်ရလား. . . အနက်သိလား"

"ရပါတယ်. . . အနက်လဲ သိပါတယ်"

"ကောင်းပြီ မာဂဏ္ဍီ။ ဒါဆို အနာကင်းခြင်းဆိုတာ ဘာလဲ။ နိဗ္ဗာန်ဆိုတာ ဘယ်အရာလဲ မာဂဏ္ဍီ"

ဘုရားရှင်မေးလိုက်တော့ မာဂဏ္ဍီက မခို့တရို့အပြုံးတစ်ချက် ပြုံးလိုက်သည်။

ပြဟ္မဏဆရာတွေ သင်ထားသည့် သဘောအနက်ကို ကျေညက်ထား၍ ကောင်းစွာဖြေကြားနိုင်ပါသည်ဟူသော သဘောဖြင့် ခါးကိုမတ်၊ ရင်ကိုကော့ပြီး လေသံမာမာဖြင့် ဖြေလိုက်သည်။

"အရှင်ဘုရား. . . အနာကင်းခြင်းဆိုတာ ကိုယ်ပါ၊ နိဗ္ဗာန်ဆိုတာလဲ ကိုယ်ပါ။ ဒီကိုယ်ဟာ အနာမရှိဘူးဆိုရင် ဆင်းရဲအောင်နှိပ်စက်မခံရဘူး။ ချမ်းသာစေတယ်။ ချမ်းသာမှုဟာ နိဗ္ဗာန်ပါ။ ဟုတ်ရဲ့လား ဗုဒ္ဓ"

မာဂဏ္ဍီက သူ့အဖြေ ပိုင်နိုင်လေပြီဟူသောအတွေးနှင့် ခနိုးခနဲ့ စကားဆိုလိုက်သည်။

"အချင်း မာဂဏ္ဍီ။ သင်ဟာ ကိုယ်တိုင်သိမြင်တာမဟုတ်ဘဲ ပြောစကားနာဖူးရုံနဲ့ ဖြေတာသာဖြစ်တယ်။ သင်ဟာ ဝမ်းတွင်းကန်းသူနဲ့ မခြားနားပါလား"

"အလို. . . ဘယ်လို။ ဝမ်းတွင်းကန်းဟုတ်လား. . . "

"မှန်ပေတယ် မာဂဏ္ဍီ။ ဝမ်းတွင်းကန်းသူဟာ အဖြူ၊အနီ၊အဝါ စတဲ့ အရောင်တွေကို မမြင်ဖူးဘူး။ ခွဲခြားမသိဘူး။ ဒီတော့ အဖြူလို့ပြောလဲ သူဂဃနဏ နားမလည်ဘူး။ သင်သိပုံက ဒီနည်းအတိုင်းပဲ မာဂဏ္ဍီ"

"ဒါတော့ . . . ဘုရား"

"မာဂဏ္ဍီ. . . ဝမ်းတွင်းကန်းသူဟာ ကောင်းကင်က နေ၊လ၊ နက္ခတ်၊ ကြယ်၊ တာရာတွေကို မမြင်ဖူးဘူး။ ဒီတော့ ခွဲခြားမသိဘူး။ နေဆိုတာ အလုံးကြီး၊ လက အဝိုင်းလို့ပြောရင် အလုံးဆိုတာရော၊ အဝိုင်းဆိုတာပါ မသိတဲ့ကန်းသူဟာ ဘာကိုမှ မသိနိုင်ပေဘူး"

"ထားပါတော့ ဘုရား. . . "

"အသင် မာဂဏ္ဍီ။ ဝမ်းတွင်းကန်းသူဟာ မည်းညစ်ပေတေနေတဲ့ ပုဆိုးကြမ်းကို မသိဘူး၊ မမြင်ဖူးဘူး။ ဒါဟာ စင်ကြယ်တဲ့အဝတ်၊ သင်ဝတ်ဆိုရင် သူဟာ ဘုမသိဘမသိ ဝတ်လေမှာပဲ။ တကယ်တော့ သင်ဟာ ဘာမှ မသိသူပဲ မာဂဏ္ဍီ။ အတိတ်လည်းမသိ၊ ပစ္စုပ္ပန်လည်း မသိ၊ ဘာမှမသိသူဘဲ။ ပြောရရင် သင်အနာရောဂါလည်းမသိ၊ နိဗ္ဗာန်လည်း မသိသူသာ ဖြစ်တယ်. . . "

"အင်း. . ဟုတ်မှာပါ"

"အချင်း မာဂဏ္ဍီ၊ သင် အခု ပိုင်ဆိုင်နေတဲ့ ခန္ဓာကိုယ်ဟာ အမှန်တော့ ရောဂါတုံးကြီးပဲ ဖြစ်တယ်။ အနာတုံးကြီးပဲလို့ ဆိုရမယ်။ ဟိုနေရာက နာလိုက်၊ ဒီနေရာကနာလိုက်၊ အလိုလိုနေရင်း တစစ်စစ် ကိုက်ခဲ နာကျင်နေတတ်တယ်။ ပြီးတော့ သင့်ခန္ဓာကိုယ်ဟာ ပါးလွှာတဲ့ အရေပြားနဲ့ဖုံးအုပ်ထားတာမို့ ထိခိုက်ရှနဲ့ ကွဲတတ်တဲ့ ကြွက်ဥပမာ အထိမခံနိုင် တာတွေ့ရမယ်။ ဒါကို ပိုင်ဆိုင်ထား တဲ့သင်ဟာ အနာကင်းတယ်။ ဆင်း ရဲကင်းတယ်လို့ထင်လား. . ."

ဘုရားရှင်၏အမေးကို မာဂဏ္ဍီ မဖြေနိုင်ဘဲ တွေဝေငေးငိုင်နေသည်။ ပြင်းချက်မရှိအောင် မှန်ကန်သော စကားဆိုသည့် ဘုရားရှင်ကို တလေးတစား မော်ဖူးလိုက်သည်။

"အရှင်ဘုရား. . . မသိမိုက်မှားတဲ့ တပည့်တော့်ကို လမ်းပြဆုံးမတော်မူပါ"

"အသင် မာဂဏ္ဍီ မျက်စိကန်း သူကို ဆရာကကုပေမယ့် မမြင်နိုင်ရင် ကုတဲ့ဆရာသာ ပင်ပန်းရုံရှိမယ်။ သို့သော် ငါဘုရားက အဝိဇ္ဇာဖုံးပြီး စုံလုံးကန်းနေတဲ့ သင့်မျက်လုံးကို အမြင်မှန်ရအောင် ကုပေးပါမယ်"

"ကျေးဇူးကြီးလှပါ ဘုရား"

ဘုရားရှင်က မာဂဏ္ဍီအား "အနာကင်းသည် ဆိုခြင်းမှာ ခန္ဓာငါးပါး၌ တပ်မက်ခြင်းကင်း၍ဖြစ်ကြောင်း၊ တပ်မက်မှုကင်းမှ ဘဝပြတ်ကြောင်း၊ အကယ်၍ တပ်မက်လျှင် ဘဝဖြစ်လာကြောင်း၊ ဘဝကြောင့် ဇာတိ၊ ဇရာ၊ မရဏ၊ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသစသော ဆင်းရဲမှုတွေ ဖြစ်တတ် ကြောင်း၊ ဤဆင်းရဲမှုကို မခံစားရ အောင် တဏှာကို ဖြတ်ရကြောင်း မိန့်လေသည်။

အမှန်လမ်းကို မြင်လာသော မာဂဏ္ဍီသည် ဘုရားရှင်သာသနာတော်တွင်း ခိုလှုံခွင့်တောင်း၏။ ဘုရားရှင်က ပရိကံတည်ဆောက်စေပြီး ရဟန်းပြုပေး၏။ ရဟန်းဖြစ်ချိန်မှ စ၍ ပြင်းထန်သောလုံ့လနှင့် ဝိပဿနာကမ္မဋ္ဌာန်း၊ တရားအားထုတ်ရာ ကိလေသာကင်းပြတ်သော ရဟန္တာအရှင်မြတ်ကြီး ဖြစ်လေ တော့၏။

အညွန့်တုံးလေသူဟု ဘုရားရှင်ကို သမုတ်ခဲ့သော မာဂဏ္ဍီသည် ယခုတော့ ဘုရားရှင်လမ်းညွှန်မှုကို နာယူကြိုးစားခဲ့ရာ တဏှာကုန်ဆုံးပြီး ကိုယ်တိုင်အညွန့်တုံးသူ ဖြစ်ခဲ့လေတော့ပြီ။ ။

*ကျမ်းကိုး*

*မဇ္ဈိမပဏ္ဏာသ၊ ပရိဗ္ဗာဇကဝဂ်၊ မာဂဏ္ဍိယသုတ်*



# မရာပြည့်

"ရာပြည့်မ ထထ. . . ဟဲ့ . . . ရာပြည့်မ ထစမ်း. . . အရုဏ်လာနေပြီ. . . "

အမေက ကျွန်မတင်ပါးကို လက်နှင့်ညင်ညင်သာသာတွန်းသည်။ နှစ်ချက်သုံးချက်တွန်းချိန်တွင် ကျွန်မအသိစိတ်ဝင်လာသည်။ အိပ်ချင်စိတ်က စိုးမိုးနေ၍ အင်း. . . ဟု အသံထုတ်၊ အပျင်းကြောဆွဲကာ လွန့်လူးလိုက်သည်။ အမေက ခပ်ကြမ်းကြမ်းတွန်းလျက် သတိပေးသည်။

အရုဏ်လာနေပြီဟူသော အမေ့စကားကြောင့် လဲလျောင်းရာကထလိုက်သည်။ မျက်လုံးများကတော့ မဖွင့်သေး။

"ရာပြည့်မ . . . ထတော့လို့ ပြောနေတယ်လေ. . . ဒီလောက်တောင် အအိပ်အနေ စုံမက် နေရသလားဟဲ့။ ကိုယ်က စည်းစိမ်ခံရမယ့်လူတန်းစား မဟုတ်ဘူးဆိုတာ နားလည်. . . "

"အင်းပါ. . . "

အမေ့စကားကို နားလည်ကြောင်း တုံ့ပြန်လိုက်ပေမယ့် ထိုင်ရာကမထ။ မျက်လုံးကိုလည်း မဖွင့်။ ကျောခင်းချ မအိပ်ရပေမယ့် ငုတ်တုတ်အိပ်ပစ်လိုက်ချင်သေးသည်။ ဖြစ်နိုင်လျှင် ကြက်တစ်တွန်စာလောက် အချိန်လေးရရ အိပ်ချင်သေး၏။

"ကြည့်စမ်း. . . မအေနိုးရင် သွက်သွက်လက်လက်ထလို့၊ ဖျတ်ဖျတ်လတ်လတ်လုပ်လို့ မရှိဘူး။ နင်တို နဲ့တော့ ငါစိတ်ညစ်ပါတယ်. . ။ နင့်ကို နိုးနေတာဟဲ့. . . အပျင်းပြေ သီချင်းဆိုပြနေတာ မဟုတ်

ဘူး။ ကဲ. . . ထစမ်း။ အင်တုံထဲကရေနဲ့ မျက်နှာသစ်ပစ်စမ်း. . .”

အမေက အတင်းလောဆော်နေသည်။ အိပ်ချင်စိတ်ကြောင့် အပျင်းကြောထူနေမှန်းသိ၍ အိပ်ချင်စိတ်ပျောက်အောင် မျက်နှာသစ်ခိုင်းသည်။

အမေစိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာ။ ရာပြည့်မ တာဝန်က ရှိနေသည်။ ယမန်နေ့ညက စားသောက်ထားသည့် အိုးခွက်တွေ အချိန်မီတိုက်ချွတ်ဆေးကြောဖို့လိုသည်။ သည်အိုးခွက်တွေနှင့်ချက်ပြုတ်၊ သည် ခွက်တွေနှဖ့်ဆွမ်း၊ ခဲဖွယ်ဘောဇဥ်ထည့်ပြီး သူဌေးကြီးက ဘုရားကျောင်းသွားမည်မို့ အရန်သင့်ဖြစ်ဖို့လိုသည်။

တစ်အိမ်လုံး စားထားသည့် ခွက်တွေက တောင်ပုံရာပုံ။ ပေကျံနေသည့် သည်အိုးခွက်တွေ ဆေးကြောရမှာက ရာပြည့်မတာဝန်။ ကိုယ့်တာဝန်မကျေလျှင် အကြီးအမှူးလုပ်သူ၏ အရိုက်အပုတ်ခံရမည်။ အနည်းဆုံး အဆဲအဆို ခံရမည်။

ဘုရားဒကာ သူဌေးကြီးနှင့် သူဌေးကတော်တို့ကမူ စိတ်သဘောထား ပျော့ပျောင်းသည်။ ရိုက်ဖို့ ပုတ်ဖို့ မဆိုထားနှင့် ကြမ်းကြမ်းတမ်းတမ်းစကားပင် ဆိုလေ့မရှိ။

ရာပြည့်မတို့ ကြောက်ရသည်မှာက သူဌေးကြီး၏ ငယ်ကျွန်ကြီး၊ ကျွန်မတို့တစ်တွေ၏ အကြီးအမှူး ကာဠုကဏ္ဏီသာဖြစ်သည်။

ကာဠုကဏ္ဏီမှာ သူဌေးကြီး၏မိတ်ဆွေဟု ဆိုသည်။ စီးပွားဥစ္စာပျက်စီးသွား၍ သူဌေးကြီးထံ လာရောက်မှီခိုသည်ဟု သိရသည်။ သူဌေးကြီးက မိတ်ဆွေကိုစောင့်ရှောက်သည့်အနေဖြင့် အိမ်၏ ဘဏ္ဍာစိုး၊ အခိုင်းအစေများ၏ အကြီးအမှူးအဖြစ် တာဝန်ပေးထားသည်။ တာဝန်ကျေသည့် မိတ်ဆွေ ကောင်းပီသူ ကာဠုကဏ္ဏီက စည်းကမ်းနှင့်ပတ်သက်လျှင် တစ်ပြားသားမျှ မလျှော့။ တာဝန်မကျေသည့်သူဆိုလျှင် ကြာပွတ်စာကျွေးတတ်၍ အားလုံးက ရွံ့ကြောက်ကြီး ကြောက်ကြသည်။

ကာဠုကဏ္ဏီ၏ ကြာပွတ်စာ မမိစေချင်၍ အမေက စောစောစီးစီး နှိုးခြင်းဖြစ်သည်။

ဒိပ်ချင်စိတ်က မကုန်သေး။

ေဝးကြောရမည့်အိုးခွက်တွေကို ထပ်တန်တာဇေပ်၊ ဆင့်တန်တာဆင့်ပြီး တောင်တစ်လုံးတွင် ထည့်သည်။ အိပ်ချင်စိတ်က မပြောသေးတော့ စနေ့်ဘကျမရှိ။

“ငါ့နှယ်နော်. . . လုပ်ပုံကိုင်ပုံကို မြင်တွေ့ရငာ စိတ်တိုင်းမကျလိုက်တာ. . . နင်တို့တစ်တွေ အနာထပိဏ်သူဌေးအိမ်မှာ လူလာဖြစ်လို့ ကံကောင်းတယ်မှတ်”

“တော်စမ်းပါ အမေရာ”

“ဘာတော်စမ်းပါလဲ. . . တခြားအိမ်မှာ လူဖြစ်ရင် လွယ်မယ်ထင်လို့လား”

အမေက အဆိုးထဲက အကောင်းရှာသည့်သဘောနှင့် ဘဝကို ရောင့်ရဲနေပုံရသည်။

အမေက သင်္ဘေးကျွန်ဖြစ်သည်။ ကျွန်မမှာ ကျွန်ကမွေး၍ သပေါက်မဖြစ်လာသည်။ သဘော ကောင်းသည့် သခင်နှင့်တွေ့ရသည်ဆိုပေမယ့် ဘဝပေးအခြေအနေက သိမ်ငယ်ပြီးသား။

သိမ်ငယ်တယ်ဆိုပေမယ့် တခြားလူတွေနဲ့စာလျှင်ရာပြည့်မက အခွင့်အရေးရသည်။ စည်းစိမ် က တိုးနေသည်။ နွားမတစ်ကောင်မွေးထားသူက ဆင့်ပွားလာသည့် နွားလေးတွေနှင့် နွားအုပ်ပိုင်ရှင်ကြီး ဖြစ်သလာသကဲ့သို့ ကျွန်တွေပိုင်ဆိုင်သူ သူဌေးကြီးအနေနှင့် ကျွန်ပေါက်ကလေးတွေ အဆစ်ရလာသည်။ မွေးကြသည့် သပေါက်ထဲတွင် တစ်ရာမြောက်၌ ကျွန်မကို မွေးဖွားသည်။ တစ်ရာပြည့်သည့်မိန်းကလေး ဆိုပြီး ပုဏ္ဏိကာဟု သခင်သူဌေးက အမည်ပေးခဲ့သည်။

တစ်ရာမြောက် ပေါက်မလေး ကျွန်မကို အနာထပိဏ်သူဌေးက ပုဏ္ဏိကာဟု အမည်ပေးကာ မြတ်မြတ်နိုးနိုးမွေးသည်။ သူဌေး၏ အရေးတယူပြုခြင်းခံရသော ကျွန်မကြောင့် အမေကလည်း ဂုဏ်ယူ သည်။ ကျွန်မကြောင့် သူထင်ပေါ်ခဲ့သည်ဆိုကာ ဂုဏ်ယူဝင့်ကြွားစွာဖြင့် "ရာပြည့်မ. . . ရာပြည်မ" ဟု ဖူးဖူးမှုတ်ထားသည်။

သူဌေး၏ အရေးတယူ ပြုခံရသည်ဆိုပေမယ့် အများထက်သက်သက်သာသာအလုပ်လုပ်ရသည် ကလွဲလို့ ဘာမျှမထူးခြား။ ကျွန်က သခင်မဖြစ်နိုင်သကဲ့သို့ လွတ်လပ်သူတစ်ယောက်၏ အခွင့်အရေး လည်း မရနိုင်။

ခုပင်ကြည့်. . . ။

သူများတွေ အိပ်ကောင်းချိန်၊ အနားယူကောင်းချိန်တွင် အိပ်စက်အနားယူခွင့်မရ။ စောစော စီးစီးအိပ်ရာက ထရသည်။ မြစ်ဆိပ်ကို သွားရမည်။ ချမ်းချမ်းစီးစီးအချိန်တွင် ရေအေးကို ကိုင်ရမည်။ အချိန်အခါမဲ့ အိုးတွေခွက်တွေကို ဆေးကြောရဦးမည်။

စိတ်ညစ်စရာကောင်းပါဘိ။

အိပ်ချင်စိတ်မကုန်၍ ကိုယ့်ဘဝကိုယ်အလိုမကျ ဖြစ်ရသည်။ အလိုမကျ၍ ဒေါသဖြစ်လာသည်။

အိုးခွက်တောင်းကို ဆောင့်ဆောင့်အင့်အင့် ရွက်ခဲ့ပြီး အိမ်ထက်က ခြေဆောင့်ထွက်ခဲ့ပေမယ့် လှမ်းလာရင်း စဉ်းစားမိမှ ဘယ်သူ့ကို ဘာအကြောင်းနှင့် ဒေါပွရမည် မသိ။ အမေ့ကိုလား။ မွေးမိခင်ကို ဒေါသဖြစ်စရာ မဟုတ်။ အမေမွေး၍ သည်အသက်အရွယ်အထိ အသက်ရှင်ခဲ့ရသည်။ မွေးကျေးဇူး ကျွေးကျေးဇူးက ကြီးမားလှပါဘိ။

အမေမဟုတ်လျှင် ကာဠကဏ္ဏိလား. . . ။ မျက်နှာပေါက်ဆိုးဆိုး အပြောအဆို ရိုင်းစိုင်းသည် သူဌေးလူယုံတော်ကြီးကို ဒေါသဖြစ်သင့်လား. . . ။ သူလည်း သူ့တာဝန် သူလုပ်နေတာပဲ။ အိမ်ကျွန်တွေ ကို တာဝန်ပေးစေခိုင်းသည်မှာ ဘာမတရားတာရှိလဲ။ သူက မှူတသားပဲ။ ရာပြည့်မဆိုလျှင် ပိုပြီး အလို လိုက်သေးပ။ ထောက်ထားညှာတာသည့် ကာဠကဏ္ဏိကိုလည်း အပြစ်တင်စရာမလို။ ဒေါပွစရာ မလို။

ဒါဖြင့် သူဌေးကြီးလင်မယားလား. . .။ အို. . . မဟုတ်တာ။ ဒီအဘွားမျိုး ငါမတွေးသင့်ဘူး။ ပုဏ္ဏကာ၊ ပုဏ္ဏိ ကာလို့ အလိုလိုက်သည့် ဖခင်သူဌေးကြီးအပေါ် စိတ်နှင့်တောင် မပြစ်မှားသင့် ဘူး။

တွေးရင်းဖြင့် ဒေါသဖြစ်စရာ ရှာမရတော့။ ပြဿနာမရှိဘဲ ဒေါသဖြစ်နေသည့် မိမိအဖြစ်ကို တွေးပြီး ပြုံးမိသည်။

"အဟင်း. . . ဟင်း . . ရယ်ရတယ် ရာပြည့်မရယ်။ နင်က ရှုးတယ်လို့ပြောရအောင်လည်း မရှုး။ ထူးတယ်လို ပြောရအောင်လည်း မထူး။ သပေါက်မဖြစ်တဲ့နင်က သူဌေးမကြီး စည်းစိမ်မျိုး ခံစားလို့ ရမလား။ နင့်လို မိန်းကလေးက ခုနစ်ဆောင်ဘုံနန်းနဲ့ စံမြန်းတဲ့ ဘုရင့်သမီးတော်ဘဝမျိုး နေချင်လို့ ဖြစ်မလား။ ကိုယ့်ဘဝကို သိမှပေါ့. . ."

ကိုယ့်ကိုယ်ကို ပြန်ဆုံးမလိုက်၍ ဒေါသတရားတို့က လေတိုက်ခံရသော သဲပွင့်ပမာ လွင့်မျော သွားသည်။ အလိုလို စိတ်ပေါ့သွားသည်။

"အရှေ့အရပ်ဆီက အရုဏ်ဦးရောင်ခြည်ပေါ်ထွန်းလာပြီ×××ကျွန်မ ရာပြည့်မ မြစ်ကမ်းဆီသို့ ဦးတည်×××ဝတ္တရားမို့ မပျင်းသာသည်×××ကိုယ့်တာဝန်ကိုယ်ယူရမည်××× ရာပြည့်မကျွန်မ×××မရာပြည့် လေး×××အပြေးလာပါပြီ၊ မြစ်ကမ်းသာဆီ"

ကျွန်မသည် စိတ်ထဲက ပေါ်လာသည်ကို ဆွဲဆွဲငင်ငင်သီဆိုလိုက်သည်။ တေးသီချင်းလား၊ လင်္ကာ ကဗျာလား၊ ဘာလား ညာလား ခွဲခြားမသိပါ။ ကျွန်မသီဆိုမှုက ဌာန်ကရိုဏ်းကျသလား မကျဘူးလား မသိပါ။ အေးက နားထောင်၍ ကောင်းလား မကောင်းဘူးလား မသိပါ။ သို့သော် ကျွန်မကတော့ဆိုရင်း ရင်တွင်း ကြည်နူးချမ်းမြေ့နေမိသည်။

* * * * *

"အလို. . ."

ကျွန်မနှုတ်က အလိုလို ယောင်ထွက်သွားပြီး ပန်းကန်တွေကိုပစ်လျက် ထပြေးရန်ပင် အားယူမိ သည်။

"ဘုရား. . . ဘုရား. . . တစ္ဆေခြောက်တာများလား"

မြစ်ဆိပ်အရောက်တွင် အိုးခွက်တောင်းကိုချ၊ ဆေးကြောရန်ခွက်တွေကိုထုတ်ပြီး ဆေးနေစဉ် မည်းမည်းသဏ္ဌာန်ကြီးကို မြင်လိုက်သည်။ အလင်းရောင်က ကောင်းစွာမကျသေးသည့်ပြင် နှင်းမှုန်များ အုပ်ဆိုင်းနေ၍ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ မည်းမည်းသဏ္ဌာန်က ရေပြင်ထက် ဘွားခနဲပေါ်လာ လိုက်၊ စုပ်ခနဲနစ်မြုပ်သွားလိုက်။ မြုပ်ချည်ပေါ်ချည် ဖြစ်နေသည်။

ရေထဲကမည်းမည်းသတ္တဝါသည်ကုန်းပေါ်တက်လာပြီးရန်ပြုလျှင်ခက်မည်ကျွန်မဘာလုပ်ရမှန်းမသိ။

သတ္တဝါကြီးကိုခုခံရန် တောင်းထဲကယောင်းမကို ဆွဲထုတ်လိုက်သည်။ အားကိုးရှိလာတော့ ကြောက်စိတ်က အနည်းငယ် လျော့သွားသည်။

အား. . .။

မည်းမည်းသတ္တဝါကြီးထံက အသံနက်ကြီးထွက်လာသည်။ ကျွန်မ လန့်ဖျပ်ပြီး နောက်ခုန်ဆုတ်လိုက်မိသည်။

အသံက တစ်စုံတစ်ခု ထိခိုက်မိ၍ နာကျင်မှုကြောင့် အော်သံတော့မဟုတ်။ ရေမွန်းသဖြင့် အသက်ပြင်းပြင်းရှူသံဖြစ်သည်။

"အင်း. . . ဒါကတော့ လူတစ်ယောက်ပဲ။ ဘယ်လိုလူလဲ မသိဘူး။ စောစောစီးစီး သူများတွေ ချမ်းလွန်းလို့ အိပ်ရာထဲ ကွေးနေချိန်မှာ ရေချိုးနေပါလား. . .။ ကြည့်ပါဦး။ ဘယ်လိုစိတ်ကူးပေါက်ပြီး ရေထဲ ဆင်းနေပါလိမ့်"

ကျွန်မက လူသားမှန်း သိသွားသည့်ပြင် ထူးဆန်းသော အပြုအမူကြောင့် စိတ်ဝင်စားသွားသည်။ စူးစမ်းလိုစိတ် ပေါ်လာသဖြင့် ကမ်းစပ်သို့ တိုးသွားလျက် ရေထဲ ငုံ့ကြည့်လိုက်သည်။

* * * * *

"အလို. . . ကျွန်မက ဘယ်သူများလဲ အောက်မေ့တယ်။ လတ်စသတ်တော့ သောတ္တိယဆရာကြီးပါလား. . ."

"အေး. . . ဟုတ်တယ်။ ဒါနဲ့ နင်ဘယ်သူလဲ။ အချိန်မဟုတ်အခါမဟုတ် ဒီကို ဘာလာလုပ်နေတာလဲ"

မြစ်ထဲရေချိုးသူမှာ ရာပြည့်မ မထင်မှတ်သောပုဂ္ဂိုလ်။ သာဝတ္ထိမြို့တွင် အကျော်ဒေးယျရှိသော ပြဟ္မဏဆရာကြီး သောတ္တိယဖြစ်သည်။ အကျင့်သိက္ခာရှိခြင်း၊ အမျိုး၏မြင့်မြတ်ခြင်း၊ ဝေဒကျမ်း ကျွမ်းကျင်ခြင်းတို့ကြောင့် သောတ္တိယဟု ထင်ရှားသည်။

ကျွန်မ၏အမေးကို အမေးနှင့်တုံ့ပြန်လိုက်သည်။ ကျွန်မက အဖြေမပြန်သေးဘဲ ကိုယ်သိလိုသည်သာ ဆက်မေးလိုက်သည်။

"ဘယ်လိုလဲ ဆရာကြီးရယ်. . . ဒီလောက် အေးလွန်းတဲ့အချိန်မှာ မြစ်ထဲဆင်းပြီး ဘာလုပ်နေတာလဲ"

"ဟေ . . . ဘာလုပ်နေလဲ ဟုတ်လား။ ဒီမယ် ကလေးမရဲ့ ငါတို့ ပြဟ္မဏတွေဟာ မကောင်းမှုကံတွေ ကင်းကွာအောင် အခုလို ရေချိုးရေစိမ်ရတယ်။ သန့်ရှင်းအောင် ပြုလုပ်ရတယ်။ မသိရင် မှတ်ထား. . ."

"ရှင်. . . "

"မကောင်းမှုအပြစ် လုပ်သမျှ ရေနဲ့ဆေးကြောလိုက်ရင် ကင်းစင်လွင့်သွားတယ်ကွဲ့။ ဒါဟာ ငါတို့ ပြဟ္မဏတွေရဲ့ အယူအဆလေ။ အေး. . ငါတို့ ပြဟ္မဏလူမျိုး ကြီးငယ်မဟူ အခုလို နံနက်စောစောမှာ ရေစိမ်ရေချိုးကြတာပေါ့ ကလေးမရဲ့. . . "

"အဟင်း:. . . . ဟင်း. . . ဟင်း"

ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် မစော်ကားသင့်သော ပုဂ္ဂိုလ်ဖြစ်၍ ရယ်ချင်စိတ်ကို ထိန်းချုပ်လိုက်ရသည်။ နှုတ်ခမ်းကို အတင်းစေ့ထားပေမယ့် အသံကတော့ ထွက်သွားလေပြီ။

"ဘာလဲဟေ့. . . မင်းကလေးက ဘာသဘောနဲ့ ရယ်တာလဲ"

"သည်းခံပါ ဆရာကြီးရယ်. . . ကျွန်မအပြုအမူကို တောင်းပန်ပါတယ်။ ဒီလိုမဖြစ်အောင် ကျွန်မ အတတ်နိုင်ဆုံး ထိန်းပါတယ်။ ဒါပေမယ့်. . . "

"အင်း. . . ကဲပြောစမ်း. . . ရယ်ရတဲ့အကြောင်း ပြောစမ်း"

"ရယ်မိတာက ဆရာကြီးပြောတာ သဘာဝ မကျလို့ပါ"

"ဘာ. . . ဘယ့်နှယ်. . ဘယ့်နှယ်။ ငါပြောတာ သဘာဝမကျဘူး ဟုတ်လား"

"ဟုတ်တယ်လေ ဆရာကြီးရဲ့။ အပြစ်တွေ ကင်းစင်အောင် ရေမှာစိမ်တယ်။ ဒီလို ရေစိမ်မှ အပြစ်ကင်းစင်ပြီး သူတော်ကောင်းဖြစ်တယ်ဆိုရင် ရေထဲအမြဲနေတဲ့ ငါးတို့၊ ဖားတို့ဟာ သူတော်ကောင်း သူတော်စင်တွေ ဖြစ်မှာပေါ့နော်. . . "

"ဟေ. . .'

ကျွန်မ ပြောသင့်၊ မပြောသင့် မစဉ်းစားဘဲ ကိုယ်တွေးမိသည့်အတိုင်း ပြောလိုက်ရာ သောတ္တိယ ဆရာကြီးမှာ ဟေ. . ဟု အလန့်တကြားထအော်ပြီး ကြောင်တက်တက်ကြည့်နေသည်။

နံနက်အရုဏ်ဦး အလင်းရောင်က တစ်စတစ်စ နေရာယူ စိုးမိုးလာရာ ရေထဲက ဆရာကြီးမျက်နှာကို စိုက်ကြည့်ရင်း. . .

'ဆရာကြီး စဉ်းစားကြည့်လေ. . . ဒီနေ ခိုးဆိုးလုယက်တိုက်ခိုက်နေတဲ့ သူခိုး၊ ဓားပြ၊ သားသတ်သမား၊ တံငါ၊ မုဆိုးတွေဟာ ဆရာကြီးတွေးသလိုသာ တွေးပြီး ရေစိမ်၊ ရေချိုးလိုက်တယ်ဆိုပါတော့။ သူတို့ မကောင်းမှုတွေ ပျောက်ကုန်မလား. . . " ဟု မေးလိုက်သည်။

". . . . . . . . . . "

"အဲဒီ သူတော်ကောင်းတွေဟာ အမျိုးမျိုးဆိုးမိုက်နေပေမယ့် နတ်သား၊ နတ်သမီးကောင်းတွေ ဖြစ်မှာပေါ့နော်"

"ဟာ. . . ဒီကလေးမ ဘာစကားတွေ ပြောနေတာလဲ"

သောတ္တိယက ဒေါသတကြီး ရေပြင်ကိုလက်ဝါးနှင့် ရိုက်လျက်ထအော်သည်။ ဗြဟ္မဏဆရာကြီး ၏ အပြုအမူကြောင့် ကျွန်မ ခပ်လှောင်လှောင်လေး ရယ်လိုက်မိသည်။

"အဟက်. . . ဟက်. . . ဟက်။ ဆရာကြီးက ဒေါနချည်းပဲကိုး။ ခဏလေး ဆရာကြီးရယ်။ ကျွန်မ ကိုဖြစ်တဲ့ ဒေါသလေးကို ရေထဲမျှောပစ်လိုက်ပြီး ခဏလောက် ခေါင်းအေးအေးနဲ့ စဉ်းစားစမ်းပါ။ ဟောဒီ စီးနေတဲ့ မြစ်ရေထဲစိမ်လို့ မကောင်းမှုတွေ မျှောပါတယ်ဆိုရင် တစ်သက်လုံးပြုခဲ့တဲ့ ကောင်းမှုတွေရော ပါမသွားနိုင်ဘူးလား"

"အင်း. . . "

"သေသေချာချာစဉ်းစားပါ ဆရာကြီး။ အရှင်ဟာ တကယ့်ပညာရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ။ ကျွန်မလို ဘာမှမဟုတ်တဲ့ ကောင်မလေးကတောင် စဉ်းစားမိရင် ဆရာကြီးဆို ပိုစဉ်းစားနိုင်မှာပါ။ ဒီလို ပါ ဆရာကြီးရယ်။ ဘာမှမသိတဲ့ရေက အပြစ်ကို ရွေးပြီး ဆေးကြောသွားနိုင်ပါ့မလား"

"အင်း. . . အေးပါ"

"ဆရာကြီးမြင်ပါတယ်။ ကျွန်မ ဟောဒီရေမှာ အိုးခွက်တွေဆေးမှာပါ။ ဟောဒီမှာကြည့်. . . ဒီ ခွက်မှာကြည့်. . . ဒီခွက်မှာ ကပ်နေတဲ့ အညစ်အကြေးတွေ၊ အိုးမည်းတွေကို ရေနဲ့သန့်စင်လိုက်ပြီ။ ကဲ. . . ဒီမှာကြည့် ကျွန်မလက်က သနပ်ခါးတွေလည်း ရေထဲပါသွားပြီ။ အညစ်အကြေးတင် မဟုတ်ဘူး။ အမွှေးနံ့သာလည်း ရေကသန့်စင်ပစ်တယ်နော်။ ဘယ်မှာ ခွဲခြားနိုင်လို့လဲ။ ရေက ရေပဲမို့လား ဆရာ ကြီးရဲ့"

"အေး. . အင်း. . . ဒါ ဟုတ်တယ်"

ကျွန်မစကားကို ထောက်ခံရင်း သောတ္တိယ ကမ်းပေါ်ခုန်တက်လိုက်သည်။ သူ့ကိုယ်တွင် ရွှဲစို နေသည့်ရေကို ကမ်းစပ်တွင်ပုံထားသည့် အပေါ်ရုံထည်နှင့် ကောက်သုတ်လိုက်သည်။ ကျွန်မစကားကို ထောက်ခံရင်း စဉ်းစားတွေဝေနေပုံရသောဆရာကြီးအပါးကို ကပ်သွားလိုက်သည်။

"ဆရာကြီးက တကယ့်ပုဂ္ဂိုလ်ကြီးမှန်း ကျွန်မသိပါတယ်။ ဟုတ်ပါတယ်လေ။ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေကို လမ်းညွှန်နည်းပြနေတဲ့ ပုဂ္ဂိုလ်ကြီးဆိုတာ ကျွန်မသိနေတာပဲ။ ဒါပေမယ့် ဆရာကြီး အသိငုပ်နေသလား မသိဘူး"

"အိမ်း. . . ဆိုစမ်းပါဦး"

"အပြစ်အမျိုးမျိုးပျောက်အောင် ရေကိုအားကိုးနေတဲ့ ဆရာကြီးရဲ့ အယူအဆဟာ သတ္တဝါတွေ ရဲ့ ကောင်းမှု၊ မကောင်းမှုကကို ရေကရွေးချယ်တတ်တယ်လို့ ဆုံးဖြတ်ရာမကျဘူးလား"

"အင်း. . . ကျတောပေါ့"

"ဒီလိုဆို ဆုံးဖြတ်ချက် မှန်ပါ့မလား ဆရာကြီးရယ်။ ဟောဒီ မြစ်ထဲက ရေဟာ ဒိုက်တွေ၊ အမှိုက်

တွေ၊ ခွေးသေပုပ်တွေ၊ သစ်ပင်တွေသယ်လာရုံမကဘူး။ ကမ်းစပ်မှာရှိတဲ့ စေတီပုထိုးတွေလည်း ဖျက်ဆီးသယ်ယူတတ်တယ်။ တကယ်ဆို ရေက ခွဲခြမ်းသိမယ်ဆိုရင် ဒီလိုဖြစ်သင့်ပါ့သလား"

"အလိုလေးလေး. . . ပညာရှိမလေးရယ်။ တော်လိုက်တဲ့ ပညာရှိမလေးရယ်။ ကျုပ် မစဉ်းစားမိတာကို ပညာရှိမလေးက စဉ်းစားတတ်လိုက်တာ။ ကျုပ် လေးစားပါတယ်။. . . မယ်မင်းကို ကျုပ် တန်ဖိုးထားပါတယ်။ ကျုပ် ပူဇော်ပါရစေ. . . ဟောဒီအပေါ်ရုံလေးကို လက်ခံပါ"

ဆရာကြီးသောတ္တိယက ကျွန်မလက်ထဲကို သူ၏ခြုံလွှာ လာထည့်သည်။ ကျွန်မကပြုံးလျက် ခေါင်းခါလိုက်သည်။

"နေပါစေ ဆရာကြီး။ ဒီခြုံလွှာဟာ ဆရာကြီးထံမှာရှိတာ ပိုတင့်တယ်ပါတယ်"

"မဟုတ်သေးပါဘူး။ ကျုပ်လေးစားလွန်းလို့ ဆရာစားအဖြစ် ပူဇော်တာပါ။ ဒါကို လက်ခံစမ်းပါ။ ကလေးမလက်မခံရင် ကျုပ်စိတ်ကောင်းမှာ မဟုတ်တော့ပါဘူး"

"ဩော်. . . ဒီလို သဘောမထားပါနဲ့ ဆရာကြီး။ ခြုံလွှာကို လက်ခံရတာထက် ဆရာကြီးသဘောပေါက်သွားတာပဲ ဝမ်းသာလှပါပြီ။ တကယ်တော့ ဆရာကြီးက တကယ့်ပညာရှိကြီးပါ။ လေးစားရိုသေထိုက်တဲ့ ပညာရှိကြီးပါ"

"မဟုတ်သေးပါဘူး ကလေးမရယ်. . . ဒီလိုမနောက်ပါနဲ့။ ကလေးမက ဒီလိုပြောတော့ ကျုပ်တော်တော့ကို ရှက်သွားတယ်"

"အို. . . နောက်နေတာ မဟုတ်ပါဘူး ဆရာကြီး။ ဆရာကြီးဟာ တကယ့်ပညာရှိကြီးလို့ပြောတာ။ ကျွန်မ အမှန်အကန်ချီးကျူးတာပါ။ ဘုရားရှင်က မိန့်ကြားတဲ့ စကားတစ်ခုရှိပါတယ်"

"ဘုရားရှင်က ဟုတ်လား. . . ဟို. . . ဟို ဂါ. . . ဂါတမလား"

"အမှန်ပေါ့ ဆရာကြီးရယ်။ ဘုရားရှင်က ဘယ်လိုမိန့်လဲဆိုရင် အကြင်သူသည် မိမိမိုက်မှားသည်ကို မိုက်မှားမှန်းမသိ၊ အကန်းအတိဖြစ်သောသူသာ စင်စစ်မိုက်မဲ့သူ ဖြစ်၏တဲ့"

"အို. . . သူတော်ကောင်းမလေး။ အလိုလေး. . . အတွေ့ထူးလိုက်တာ ပညာရှိမလေးရယ်။ ကျုပ်အတွက် ဒီနေ့ဟာ တကယ့် နေ့ထူးနေ့မြတ်ပါပဲ"

ဆရာကြီးသောတ္တိယသည် အပေါ်ခြုံလွှာကို ချိုင်းအောက်က သိုင်းလျက် အပေါ်ကိုပတ်ယှက်ပြီး တစ်ဖက် ပခုံးထက်သို့ ပစ်တင်လိုက်သည်။ ထို့နောက် ကျွန်မလက်ကို ဆွဲလျက် ကျောက်တုံးတစ်တုံးပေါ် ထိုင်ခိုင်းသည်။ သူကိုယ်တိုင်လည်း ကျွန်မနှင့် မျက်နှာချင်းဆိုင် ကျောက်တုံးပေါ် အကျအနထိုင်ချလိုက်ပြီး နှစ်လိုဖွယ်အပြုံးဖြင့်ပြုံးကာ ကျွန်မကို စိုက်ကြည့်နေတော့၏။

"ဒီမယ် သူတော်ကောင်းမလေး။ ကျုပ်သောတ္တိယ ပြောတာ သေသေချာချာနားထောင်စမ်းပါ။ ကျုပ်ဟာ သာဝတ္ထိမြို့မှာ ထင်ရှားတဲ့ပြဟ္မဏဆရာကြီးတစ်ဦးပါ ကလေးမ။ ကျုပ် ဝေဒကျမ်းကို ကမ်းဘုန်

အောင် တတ်တယ်၊ လူအပေါင်းကို ပညာတွေပေးနေသူလဲ ဖြစ်ပါတယ်၊ ဒါပေမယ့် ကျုပ်ဟာ ရှေးဟောင်းအယူစွဲတွေကို မမှိတ်မသုန် ယုံကြည်ပြီး အဲဒီလမ်းညွှန်ချက်တွေအတိုင်း ကျင့်ကြံသူပါ၊ ဒီမယ်ပညာရှိမလေး၊ မှန်ရာကို ဝန်ခံရရင် ဝါဒတစ်ရပ်ကို မျက်လုံးစုံမှိတ် ယုံကြည်တာကလွဲလို့ ဘာမှ လွတ်လွတ်လပ်လပ် မတွေးခေါ်ခဲ့ဘူး၊ အို. . . ရိုးရိုးသားသား ဝန်ခံရရင် ပညာရှိမလေးလို မတွေးမိတာ အမှန်ပါ၊ ဒါပေမယ့် ကျုပ် သဘောပေါက်သွားပြီ"

ဆရာကြီးသောတ္ထိယသည် အလွန့်အလွန်ဝမ်းသာနေသောအမူအရာနှင့် ကွန်မကိုကြည့်ကာ ဝန်ခံစကားဆိုသည်၊ ပညာရှိပီသသော ဆရာကြီးကို နှစ်လိုစွာကြည့်လိုက်၏၊

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်. . . "

"ကျုပ်လဲ သူတော်ကောင်းမလေးနဲ့ တွေ့ရလို့ အလွန့်အလွန်ဝမ်းသာတယ်၊ ဒါနဲ့ မေးစမ်းပါရစေ၊ ရုပ်နဲ့ဆက်စပ်တဲ့ အညစ်အကြေးဆေးကြောနည်း အမှားကိုတော့ သိရပါပြီ၊ နာမ်နဲ့ ပတ်သက်လို့ ပညာရှိမလေးရဲ့ အယူအဆပြောပါဦး"

"အို. . . ဒါဟာ ကွန်မအယူအဆ မဟုတ်ပါဘူး ဆရာကြီးရဲ့၊ ဘုရားရှင်ရဲ့ သွန်သင်မှုကို ကွန်မ မှတ်မိသမျှ ပြောပြတာပါ"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီလေ၊ ဘုရားရှင်က ကျုပ်မေးတာကို ဘယ်လိုများ မိန့်ပါသလဲ"

ကွန်မသည် ဆရာကြီးသောတ္ထိယ အမှန်လမ်းစကို တွေ့လေပြီဟု ယုံကြည်လိုက်သည်၊ ကွန်မစကားကို မှန်မမှန် သုံးသပ်ဆင်ခြင်နိုင်မှုန်း သိသဖြင့် ပိုမိုအားတက်သွားရသည်၊

"ဘုရားရှင်ဟောတာက ဆင်းရဲခြင်းကို တကယ်ကြောက်သူဟာ မကောင်းမှုမှန်သမျှကို မပြုရပါဘူးတဲ့၊ ထင်ထင်ရှားရှားမှာပဲ ဖြစ်ဖြစ်၊ ဆိတ်ကွယ်ရာမှာပဲ ဖြစ်ဖြစ် မပြုမိအောင် ထိန်းသိမ်းရမယ်၊ တကယ်လို့ လွန်ကျူးမိရင် ဒီအပြစ်ကို လွတ်ချင်လို့ တောကြိုအုံကြား ရှောင်ပုန်းရင်ပဲဖြစ်ဖြစ်၊ ဟိုအထက် မိုးကောင်းကင်အထက် ပြေးလွှားရှောင်တိမ်း ပုန်းနေရင်ပဲဖြစ်ဖြစ် ဘယ်နည်းနဲ့မှ မလွတ်နိုင်ပါဘူးတဲ့"

"ဟုတ်လား. . . ဒါဖြင့် ဘယ်လိုများ အပြစ်ကင်းစင်အောင် လုပ်ရမလဲ"

"ဒီအတွက် မှီခိုစရာဟာ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် သီလစင်ကြယ်အောင် နေထိုင်ခြင်းပဲ ရှိပါသတဲ့ ဆရာကြီး"

"ဩော်. . . "

ကွန်မစကား ကြားလိုက်သော ဆရာကြီးသည် ဩော်. . . ဟု ရှည်ရှည်ဝေးဝေး ရေရွတ်ပြီး မြစ်ပြင်ကျယ်ကြီးဆီ ငေးကြည့်နေသည်၊ တသွင်သွင် စီးနေသော ရေလျဉ်က အပြစ်ဒဏ်မှန်သမျှ ဆေးကြောသန့်စင်စေသည်ဟူသော အယူအဆကို မှားယွင်းစွာ ယုံကြည်မိသည့်အတွက် နောင်တရသွားပုံရသည်၊

အတန်ကြာငေးကြည့်နေရာမှ လက်နှစ်ဖက်ကို တပြည်းပြည်းမြှောက်တင် ပူးကပ်လျက် နဖူး

ထက်တင်လိုက်သည်။

“ဘုရားရှင်အား ကိုးကွယ်ပါ၏”

* * * * *

မြစ်ဆိပ်ကအပြန်နောက်ကျသော ကျွန်မကို စိုးရိမ်ပူပန်သောမျက်နှာဖြင့် အမေက စောင့်ကြို နေသည်။

“လာစမ်း. . . ရာပြည့်မ။ မြန်မြန်လျှောက်ခဲ့စမ်း။ ဒီချိန်ကျအောင် နင်က မြစ်ဆိပ်မှာ ဘာလုပ် နေလဲ”

“ဒီလိုပါ. . . ”

“တော်ပြီ. . . ။ ဒီလိုပါတွေ. . . ဟိုလိုပါတွေ ပြောမနေနဲ့. နင်က ကြာပွတ်စာ မိချင်တဲ့ကောင်မ ဆိုတော့ အလုပ်ပေါ့မှပေါ့။ ကောင်းတယ်. . . . ။ ညည်းလို ကောင်မဟာ ကာဋကဏ္ဍိနဲ့.တွေ့မှ အေးမှာ”

“သြော်. . . အမေကလဲဆို၊ ကျွန်မ ပြောတာတော့ ဆုံးအောင် နားမထောင်ဘူး။ မြစ်ဆိပ်မှာ ကြာချင်လို့. ကြာတာ မဟုတ်ဘူးအမေရေ. . . ဆရာကြီး သောတ္တိယကို ဆုံးမနေတာ”

“အလိုတော်. . . ကျားသားမိုးကြိုး။ နင် ဘာပြောတယ် ရာပြည့်မ. . . ”

“ဆရာကြီးသောတ္တိယရဲ့ အမြင်မှား၊ အယူမှားနေတာကို ကျွန်မ အမှန်လမ်းညွှန်ပြပေးခဲ့တယ် လို့. ပြောတာပါ”

“ဗုဒ္ဓေါ. . . ”

“ဗုဒ္ဓေါမနေနဲ့. အမေရေ. . . အဟုတ် ပြောတာရှင့်။ ဟောဒီမှာကြည့်. . . ဆရာကြီးက အမြင် မှန်ရအောင် သွန်သင်ပေးတဲ့ ကျွန်မကို ခြုံလွှာနဲ့. ပူဇော်လိုက်တယ်”

ကျွန်မက ဆရာကြီးပေးလိုက်သည့် ခြုံလွှာကို မြင်သာအောင် ပြလိုက်သည်တွင် အမေ့မျက်နှာ မှာ လဆယ်‌ေ ငါးအပြိုင်ထွက်သည့်နှယ် ဝင်းပသော မျက်နှာဖြင့် တအံ့တသြကြည့်နေသည်။ ကျွန်မလက်က ခြုံလွှာကို မရှုံ့မရဲ ကိုင်ကြည့်ပြီး ကျွန်မမျက်နှာကို စိုက်ကြည့်နေသည်။

ကျွန်မနှင့်ဆရာကြီး တွေ့ရပုံ၊ ဆရာကြီးနှင့် ပြောဆိုခဲ့ပုံတွေကို တစ်လုံးမကျန် ပြန်ပြောလိုက် သည်။ အမေက စကားဆုံးသည်အထိ စကားတစ်ခွန်းမျှ မပြောနိုင်အောင် ကြောင်နေသည်။

“နေပါဦး ရာပြည့်ရယ်. . . အခုနင်ပြောနေတာတွေဟာ အမှန်ပဲလား. . . ”

“အမှန်ပဲပေါ့. . . ”

ကျွန်မက အမှန်ပါပဲအမေရယ်လို့. ဖြေရန်အားယူနေစဉ် နောက်ပါးက ကြားဝင်ပြောလိုက်သော အသံကြောင့် လည်ပြန်လှည့်ကြည့်လိုက်သည်။

"အို. . . ဘဘ"

"အမှန်ပဲ သမီးရေ. . . သမီးနဲ့သမီးအမေ ပြောနေတာတွေ ဘဘ အကုန်ကြားရပြီးပြီ။ ကြားရုံတင်မကဘူး။ ခုနကပဲ ဆရာကြီးသောတ္တိယနဲ့ လမ်းမှာတွေ့ခဲ့လို့ အလုံးစုံ သိပြီးပြီ။ ဒီမယ် သမီးပုဏ္ဏိကာ"

"ရှင်. . . ဘဘ"

"ငါ့သမီးလေးအတွက် ဘဘ ဂုဏ်ယူတယ်။ ဘဘ ဘုရားရှင်နဲ့တွေ့ပြီး ကြည်ညိုစိတ်နဲ့ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်လှူခဲ့တယ်။ ဒါတင်မကဘူး နေ့စဉ် သံဃာငါးရာကို ပင့်ဖိတ် ဆွမ်းကျွေးတာ တစ်ရက်မပြတ်ဘဲ။ ဒီလိုလှူခဲ့လို့ ကျောင်းဒကာကြီး၊ ဆွမ်းဒကာကြီးလို့ သတ်မှတ်ခံရပါတယ်"

"သာဓု ခေါ်ပါတယ် ဘဘ"

"အင်း. . . သာဓုခေါ်ရမှာက သမီးအတွက်ကွဲ့။ ငါ့သမီးက ဘုရားသာသနာမှာ ရဟန္တာတစ်ပါး တိုးအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ တကယ့် သာသနာပြု ဒါယိကာမဖြစ်သွားပြီ။ ဒီအတွက် ဘဘ သိပ်ဝမ်းသာတယ်၊ ဂုဏ်ယူတယ်၊ ဘဘမှာ ဒီလို သမီးလိမ္မာလေးတစ်ယောက် ရှိနေတဲ့အတွက် ဂုဏ်ယူမဆုံးရှိတယ်၊ သမီးရဲ့ဆောင်ရွက်မှုအတွက် ချီးကျူးတယ်၊ ဒါကြောင့် ခုအချိန်ကစပြီး ငါ့သမီး အလိုရှိရာ ပြည့်စုံပြီသာ မှတ်ပေတော့. . . "

ကျွန်မသည် ဘဘ အနာထပိဏ်သူဌေးကြီးစကားကို ပြတ်ပြတ်ထင်ထင် ကြားလိုက်ရပါသည်၊ တစ်ဆက်တည်းပင် ကျွန်မဘာဆက်လုပ်ရမည်ကို သိရှိ ဆုံးဖြတ်လိုက်ပါတော့သည်၊ ရင်ထဲချမ်းမြေ့သွားသည်၊ ကျွန်မ၏ သာသနာပြုမှုကို ဂုဏ်ပြုသည့်အနေနှင့် ဘဘက ကျွန်ဘဝက ကင်းလွတ်ခွင့်ပေးလိုက်သည်၊

ဘုရားရှင်အပေါ်ကြည်ညိုစိတ်၊ ဘုရားတရားတော်ကို ယုံကြည်မြတ်နိုးစိတ်ကြောင့် ထူးထူးခြားခြား အကျိုးတရားရခဲ့ခြင်းဖြစ်ပါသည်၊

ကျွန်မတစ်သက်တာ ဆက်လုပ်ရမည်ကို ရင်ထဲက နားလည်လိုက်ပါသည်၊

*သံသရာကိုကျော်ခိုင်းသည့် ပုခက်လွှဲသောလက်များစာအုပ်မှ*



# နှမောတသ

တျပ်ကို အဘိုးကြီး ဘာရဒ္ဒါဇ မကျေနပ်မှန်း သိပါတယ်။

အပြောင်းလဲကြီး ပြောင်းလဲသွားတဲ့ ကျုပ်ရဲ့ စိတ်ဓာတ်ကို အံ့လည်းအံ့ဩ၊ ခံလည်းခံပြင်းနေမှန်း သိပါတယ်။ တတ်နိုင်ရင် "ဟိတ်. . . မင်းပါးစပ် ပိတ်ထားစမ်း၊ ဒီအသံမျိုး နောက်ထပ် မကြားချင်ဘူး" လို့ ဒေါသဖြင့် ဟန့်တားချင်မှာပါ။

အဟင်း. . . ဟင်း. . . မရဘူးလေ၊ ဓနဉ္ဇာနီကို ဘာရဒ္ဒါဇဆိုတဲ့ ဒီအဘိုးကြီးက ဘယ်တုန်းကများ ပြန်ပြောဝံ့လို့လဲ၊ သင်းက ငယ်ကြောက်ပဲ။

ကျုပ်တို့ ဓနဉ္ဇာနီ အနွယ်ဟာ ဗြဟ္မာမင်းရဲ့ ဦးခေါင်းက ပေါက်ဖွားပြီး အဘိုးကြီး ဘာရဒ္ဒါဇတို့ အမျိုးက ဗြဟ္မာမင်းရဲ့ ခံတွင်းက ဖွားမြင်တယ်လို့ ခံယူကြတယ်။ ကြားဖူးတယ်မို့လား. . ။ ဆင်ဖြူမျက်နှာ ဆင်းမည်းမကြည့်ဝံ့ ဆိုတာလေ၊ အဟဲ. . . ဟဲ. . . ကျုပ်က သူ့ဇနီးဖြစ်ပေမယ့် အဘိုးကြီးက မျက်လုံးလှန်မကြည့်ရဲပါဘူး၊ ဘာရဒ္ဒါဇရေလို့ ခေါ်လိုက်ရင် ကယောင်ကတမ်း၊ ဖျာယိဖျာယာ အမူအရာနှင့် ငွေဖလားဖြင့်ရေခပ်လာပြီးသား။

ဒေါ့လေး. . တစ်ခုတော့ ရှိပါတယ်၊ သူက ကျုပ်ခင်ပွန်းပဲ၊ တစ်နည်းပြောရရင် အိမ်ဦးနတ်၊ မိသားစုရဲ့အရှင်သခင်. . . ၊

ဒီတော့ ဝါဝဥ်အရ ကျုပ်ကအလေးမြတ်ထားရမယ်၊ မိသားစုရဲ့စားဝတ်နေရေး ရှာကြံကျွေးနေ

သူဆိုတော့ တန်ဖိုးထားရမယ်၊ ဒီသဘောတော့ ရှိပါတယ်။ ဒါကြောင့်လည်း အထိုက်အလျောက်တော့ လေးစားပါတယ်။ ဇနီးတစ်ယောက်က လင်သားကို လေးစားပေမယ့် သူ့အကြောင်းနဲ့သူ ကြောက်ရွံ့နေတာကတော့ ကျုပ်လည်း မတတ်နိုင်ဘူး။

ဒီအိမ်မှာ သူက အကြီးအကဲဆိုပေမယ့် သူ့ဆုံးဖြတ်ချက်က တကယ်တမ်း ဘာမှအရာမရောက်ဘူး။ မရောက်တာကလည်း အကြောင်းရှိတယ်။ သားသမီးတွေက တိုင်တည်တိုင်တည်၊ ဆွေမျိုးတွေက အကြံတောင်းအကြံတောင်း သူ့ဆုံးဖြတ်ချက်နဲ့ ဘယ်တော့မှ မဖြစ်ဘူး။ ကောင်းမကောင်း၊ သင့်မသင့် ကျုပ်ကိုမေးတယ်။ အကြံဉာဏ်ယူတယ်။ ဆုံးဖြတ်ချက်ချခိုင်းတယ်။

"ဘယ်လိုလဲ ရှင်မ မနဥ္စာနီ၊ ကျုပ်ပြောတာ သင့်ပါတယ်နော်" လို့ အတည်ပြုချက် ယူတယ်။ ကျုပ်ခေါင်းညိတ်ရင် ပြတ်တယ်။ ခေါင်းခါရင် သူ့သဘောထားပြင်တယ်။ အဲဒါပါပဲ။ အဆုံးသတ်ဆုံးဖြတ်ချက်ဟာ ကျုပ်မှာတည်နေတော့ ကျုပ်က ဒီအိမ်မှာ အကြီးအကဲ ဖြစ်နေရော။ ထားပါ။ ဒီကိစ္စတွေ ကျုပ်လည်း ခေါင်းထဲ မထားဘူး။ သူကလည်း ဒီအတွက် ဘာမှ အနှောင့် အယှက် မဖြစ်ဘူး။ အဲ. . . အနှောင့်အယှက်ဖြစ်လာတာကတော့ ကျုပ်ရဲ့ အယူအဆ ပြောင်းလဲသွားတာပါပဲ။

ကျုပ်ဟာ ဘုရားရှင်ကို တစ်ကြိမ်ဖူးလိုက်ရတာနဲ့ ကြည်ညိုစိတ် ဖြစ်သွားတယ်။ ကိုးကွယ်ရာ အစစ်တွေ့ပြီဆိုပြီး တစ်သက်လုံး ကိုးကွယ်ထားတဲ့ မဟာဗြဟ္မာကြီးကို ပစ်ပယ်ခဲ့တယ်။ ဘုရားရှင်ကို ယုံယုံကြည်ကြည် ကိုးကွယ်ကတည်းက ဗုဒ္ဓနုဿတိအမြဲပွားတယ်။

တစ်ရံမပြတ် နှလုံးသွင်းတယ်။

နှုတ်ကအမြဲ ရေရွတ်တယ်။

နမောတဿ. . . နမောတဿ. . . နမောတဿ. . . ။

ဒီအသံကို အဘိုးကြီးဘာရဒွါဇ လုံးလုံးမကြားချင်ဘူး။

ဘယ်နှယ့်ဗျာ. . . နမော မဟာဗြဟ္မာလို့ မဆိုဘဲ ဘာမဟုတ်တဲ့ ဂေါတမကို တမ်းတတာ အံ့ပါရဲ့လို့ ကွယ်ရာမှာ အပြစ်တင်တယ်။ အဟင်း. . . ဟင်း. . . ကျုပ်ရှေ့တော့ ဘာရဒွါဇလား အပြစ်ပြောခံ့မှာ။ ဝေးသေး. . . ။

* * * * *

ကျုပ်ကလည်း ကျုပ်ပါပဲ. . . ။

ခလုပ်တိုက်ရင်လည်း နမောတဿလို့ ရွတ်တယ်။

လက်ထဲကတစ်ခု လွတ်ကျရင်လည်း နမောတဿလို့ ရွတ်တယ်။

ကိုယ်လက်မအီမသာဖြစ်ရင်လည်း နမောတဿလို့ရွတ်တယ်။

နောက်ဆုံး ယောင်ရင်တောင် နမောတဿလို့ပဲ ယောင်တတ်တယ်။ အဲ. . . ဟုတ်ချိုးလို့ ချေရင် နမောတဿတင်မကဘူး နမောတဿ ဘဂဝ တော အရဟတော သမ္မာသမ္ဗု ဒ္ဓဿလို့ ဘုရားရှိခိုး အပြည့်ရွတ်တာပဲ။

ဟုတ်ချိုး. . . နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗု ဒ္ဓဿ။

တတ်ချိုး. . . နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗု ဒ္ဓဿလို့ ထပ်တလဲလဲဆိုရင် အဘိုးကြီး ဒေါကန်ရော. . .။

"မင်း. . ဘုရား တော်စမ်းကွာ" လို့ မပြောဝံ့ပေမယ့် မျက်လုံးလှန်ပြီး မျက်ထောင့်နီကြီးနဲ့ ကြည့်တယ်၊ ပြီးတော့ ဆောင့်ကြီးအောင့်ကြီး အနားက ထသွားတယ်။

နာချေတာဟာ ကျန်းမာရေးမကောင်းလို့ ဖြစ်မှန်းတော့ သူလည်း သိတယ်။ သာမန်အားဖြင့် ခွင့်လွှတ်တတ်ပါတယ်၊ ဒီလိုချေရင် ကျွန်ုပ်တို့ပြဟ္မာတွေရဲ့ အလေ့အထက "ဇီဝတု" လို့ချေဖျက်ကြတယ်။

သဘောကတော့ အသက်ရှည်ပါစေသတည်းလို့ ဆုတောင်းတာပါ။ ကျန်းမာရေးချွတ်ယွင်းလို့ နှာချေတယ်၊ ဒီတော့ ကျန်းမာအောင် မဟာပြဟ္မာကြီးဆီမှာ ဆုတောင်းပေးရတယ်၊

အဲဒီ အလေ့အကျင့်ကို ကျုပ်ကဖျောက်ပြီး နမောတဿရေရွတ်တော့ အဘိုးကြီးနားထဲ အဝင်ဆိုးမှာပါ၊ မတတ်နိုင်ဘူးလေ ကျုပ်ကတော့ နမောတဿရမှာပဲ၊

* * * * *

"ဒီမယ်. . . ဓနဉ္စာနီ၊ ကျုပ်မှာ အစီအစဉ်တစ်ခုရှိတယ်ဗျ"

တစ်နေ့တော့ ကျုပ်နဲ့အဘိုးကြီး စိတ်အေး၊လက်အေး အနားယူနေတုန်း အကြောင်းအဆက် မရှိဘဲ စကားချီလာတယ်၊

ကျုပ်က ဘာများလဲဟုသော အကြည့်နဲ့ တုံ့ပြန်ကြည့်တော့ သူ ခပ်တွေတွေလေးလုပ်နေတယ်၊ ပြောရနိုး မပြောရနိုး စဉ်းစားနေဟန် တူပါတယ်၊

"ဘာများလဲ. . ."

"တခြားလူတွေ ဒါနပြုကြတာ တော်တော်များသွားပြီ"

"ဟင်း. . ."

"ကျုပ်တို့ ပြဟ္မာမျိုးရာက သူ့အလှည့်ကိုယ့်အလှည့်၊ သူ့အိမ်ကိုယ့်အိမ် ဒါနပြုတာလဲ ရှင်မ နားလည်မှာပါ"

"ဟုတ်ပါပြီ၊ ရှင် ဘာပြောချင်တာလဲ၊ ကျုပ်တို့လဲ ဒါနပြုချင်တယ်လို့ ပြောမှာမို့လား၊ အလှုဒါန လုပ်တာကို ကျုပ် ဘယ်တုန်းက ဟန့်တားလို့လဲ၊ တွန့်တိုတာရော ရှိဖူးလို့လား၊ ဒီကိစ္စ ကျုပ်ကို တိုင်ပင်

စရာတောင်မလိုပါဘူး။ အရင့်အရင်တုန်းကလဲ တို့ဘာလုပ်မဟေ့ဆိုပြီး ဒီလိုပဲ လုပ်ခဲ့တာပဲမို့လား"

"အေး. . . ဟုတ်တယ်။ ဒါပေမယ့် ဒီတစ်ခါတော့ ရှင်မကို ပြောစရာရှိနေတာကိုး။ ဒါကို မပြောမိရင် အင်း. . . သတိမပေးမိရင်ပေါ့ကွာ အမှားဖြစ်မှာစိုးလို့"

"အမှားဖြစ်မယ်. . . ဟုတ်စ။ နေပါဦး ဘယ်သူက ဒီအမှားလုပ်မှာမို့လဲ"

"မင်းပေါ့. . . မနဥ္ဇာနီ"

"အလို. . . နမောတဿ"

"အဲ. . . အဲ. . . အဲဒါပဲ။ ဒီမယ် မနဥ္ဇာနီ. . . ကျုပ် မင်းကို မေးပါဦးမယ်။ မယ်မင်းဟာ အင်မတန် အမျိုးမြတ်တဲ့ ပြာဟ္မဏတစ်ဦးပါကွာ။ မင်း မိဘ၊ မင်းအဘိုးအဘွား၊ မင်း. . . အဲဆွေစဉ်မျိုးဆက်တွေပေါ့။ ငါသိသလောက်ပြောရရင် တကယ့် မြင့်မြတ်သူတွေပါ။ ဒီမြင့်မြတ်တဲ့အမျိုးနဲ့ မြင့်မြတ်တဲ့ အလှူကိုပစ်ပြီး ဘယ်နှယ့်ပုဂ္ဂိုလ်မျိုးကို ကိုးကွယ်သွားရတာလဲ။ ပြီးတော့ ရွတ်နေတဲ့ နမောတဿကြီးက. . . "

ကျုပ်မရယ်ချင်ဘဲ တမင် ဟားတိုက်ရယ်ပစ်လိုက်တယ်။

ရှည်ရှည်ဝေးဝေး စကားတွေချီပြီး ပြောလာတာ ဘာများပါလိမ့်လို့စဉ်းစားခဲ့ရာ အဆုံးသတ်တော့ ဘုရားရှင်ကို ကိုးကွယ်မိလို့ အပြစ်တင်ပေသကိုး။ အဘိုးကြီးမျက်နှာကြည့်ပြီး တစိမ့်စိမ့် ရယ်မိတယ်။

ကိုယ်က အစွဲအလမ်းကြီးပြီး အဟုတ်ထင်နေတာကို မဆင်ခြင်၊ အမှားအမှန်မခွဲခြား မဆန်းစစ်ဘဲ ဘေးလူယုံကြည်ချက်ကို ပိတ်ပင်နေတဲ့ အဘိုးကြီးကို ကျုပ်စိတ်ပျက်မိတယ်။

"နေပါဦး. . . ရှင် မယုံတာကို ယုံပါလို့ ကျုပ်မတိုက်တွန်းချင်ဘူး ဘာရဒ္ဒါဇရေ. . .။ အစွဲအလမ်းကြီးတဲ့ ရှင့်ကို ချေချွတ်ဖို့လဲ မကြိုးစားဘူး။ အေး. . . ဒါပေမယ့် ကျုပ်ယုံကြည်လို့ ကိုးကွယ်တာကိုတော့ လာမပိတ်ပင်နဲ့"

"အင်း. . . အေးပါ။ မပိတ်ပင်ပါဘူး မနဥ္ဇာနီရယ်။ မင်းသဘောနဲ့မင်း လုပ်နိုင်ပါတယ်။ ဒါပေမယ့် အလှူလုပ်တဲ့နေ့မှာ ပြာဟ္မဏတွေလာကြမယ်လေ. . . "

"အဲဒါ ဘာဖြစ်လဲ"

သူ့စကားအသွားအလာကို ထောက်တော့ ကျုပ်ယုံကြည်ချက်ကို ထိပါးလာမှန်း သိလိုက်တယ်။ ဒါကြောင့် အသံတင်ပြီး ခပ်ဆတ်ဆတ်မေးပစ်လိုက်တယ်။

"ဘာဖြစ်ရမှာလဲကွာ ပြာဟ္မဏတွေနဲ့ မင်း နမောတဿက အပ်စပ်မလား။ လူကြားထဲ မင်း နမောတဿ ထလုပ်ရင် ကျုပ်အရှက်ကွဲရောပေါ့"

"အဟင်း. . . ဟင်း. . . ချေဆတ်တာ အောင့်လို့မရမှန်း ကျုပ်သိပါတယ်။ ချေပါ။ ဘယ်နှခါချေချေ ကျုပ်မပြောဘူး။ ဒါပေမယ့် ရှင်မရဲ့ နမောတဿတော့ အောင့်လို့ရပါတယ်"

"ဩော်. . . ဩော်. . . ဟုတ်မှ ဟုတ်သရှင့်။ ဒီမယ်အဘိုးကြီး ချေတာ၊ ဆတ်တာလဲ ကျုပ်လုပ်ယူတာ မဟုတ်ဘူး။ နမောတဿကိုလဲ ကျုပ်ကအပျင်းပြေ ဆိုနေတာမဟုတ်ဘူး။ ဒီမယ် ဘာရဒွါဇ ကျုပ်ဟာ ဘုရားရှင်ကို အကြွင်းမဲ့ယုံလို့ ဗုဒ္ဓါနုဿတိ အစဉ်ပွားထုံနေတာ ရှင်သိတယ်နော်"

"အေးပါ. . . ငါသိပါတယ်"

"ဒီတော့ သူ့အလိုလို ဟတ်ချိုးချေလို့ သူ့ဟာသူ နမောတဿဆိုမိတာတော့ ကျုပ် မတတ်နိုင်ဘူး"

"အဲဒါကြောင့် ပြောတာ။ မင်းဆင်ခြင်ရင် ရပါတယ်။ ကျုပ်က အကြောင်းမဟုတ်ပေမယ့် ကျုပ်ညီငယ်တွေအကြောင်း ရှင်မ သိသားနဲ့"

"အလိုတော်. . . နေစမ်းပါဦး။ တော်ပြောတဲ့ စကားက ဘာအဓိပ္ပာယ်လဲ။ ရှင့်ညီ အက္ကောသ၊ သုန္ဒရ၊ ဗိလင်္ဂိတို့နဲ့ ကျုပ်ကို လှည့်ခြောက်တာလား"

"ခြောက်တာ မဟုတ်ပါဘူး၊ သူတို့က ကျုပ်ထက် အယူစွဲရှိတာ ရှင်မလဲ သိနေတာပဲ။ ဗြာဟ္မဏတွေရှေ့မှာ မင်းရဲ့ နမောတဿကြီးထလုပ်ရင် သူတို့ကို စော်ကားသလို ဖြစ်မနေဘူးလား။ အလကားနေရင်း ပြဿနာဖြစ်မှာစိုးလို့ ပြောတာပါ"

ကျုပ် ဟားတိုက်ရယ်မောပစ်လိုက်တယ်၊

ကိုယ်ကလည်း လျှရ တန်းရ ကျွေးရသေး၊ လာစားမည့်လူတွေ မကြည်ဖြူမှာစိုးလို့ အလှူရှင်က ဆင်ခြင်ရမယ်တဲ့၊ ကျုပ်က သူတို့မယုံကြည်လို့ အပြစ်လည်းမပြောဘူး၊ ယုံကြည်ပါလို့လည်း အတင်း မတိုက်တွန်းဘူး၊ ကိုယ်မယုံကြည်တာနဲ့ သူများ မယုံကြည်ရဘူးလို့ ပိတ်ပင်တာတော့ မနဉ္စာနီတို့က လက်ခံမယ် ထင်သလား. . . ဝေးသေး. . . ။

အေး. . . တွေ့ကြသေးတာပေါ့လို့ ရင်ထဲက တေးထားပြီး အဘိုးကြီးအပါးက ထသွားလိုက်တယ်၊

* * * * *

မိန်းမလာ ဗြာဟ္မဏဘာသာကို ကျုပ်တစ်သက်လုံး ဆည်းကပ်ခဲ့ပါတယ်၊ အယူဝါဒကို တတ်နိုင်သမျှ လေ့လာတယ်၊ ကျုပ်ရင်ထဲမှာ တချို့လက်ခံနိုင်ပေမယ့် တချို့ကို သံသယရှိတယ်၊ ဒီသံသယကြောင့် ပစ်တော့ မပစ်ပယ်ပါဘူး၊ စောဒကလည်း မတက်မိပါဘူး၊ ဟုတ်တယ်လေ . . . ကိုယ့်ဉာဏ်စွမ်းနဲ့ အမှားအမှန် မခွဲခြားတတ်တော့ အများလက်ခံသလို လက်ခံခဲ့တာပဲ၊

တဲ. . . ဒါကလည်း ဘုရားရှင် ရာဇဂြိုဟ်ကို ကြွမလာမီထိပေါ့၊

ဘုရားရှင်နဲ့ ရဟန္တာတစ်ထောင် ရာဇဂြိုဟ်ကြွလာပြီး ဗိမ္ဗိသာရမင်းကြီးလှူတဲ့ ဝေဠုဝန်ကျောင်း

မှာ သီတင်းသုံးတယ်။ မင်း၊ မိဖုရား၊ မှူးမတ်များနဲ့ ရာဇဂြိုဟ်ပြည်သားတွေဟာ တလေးတစား ကိုးကွယ်ကြတယ်။ အဲဒီ ကိုးကွယ်တဲ့သူတွေထဲမှာ အမျိုးမြတ်တဲ့ ဗြာဟ္မဏ တော်တော်များများဟာ ဘုရားရှင်တရားနာပြီးချိန်မှာ သူတို့ဝါဒစွန့်ပြီး ဗုဒ္ဓဘာသာကို ပြောင်းသွားတယ်။

ဘုရားရှင်ရဲ့ သတင်းတွေကတော့ အမျိုးမျိုးကြားနေရတယ်။ အရင့်အရင် ပေါ်ပေါက်တဲ့ ဘုရားလို့ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေနဲ့ မတူတဲ့ တရားဟောကြောင်း ကြားရတယ်။ လောကဟာ မမြဲဘူး။ သင်္ခါရတဲ့။ အရာရာဟာ ဆင်းရဲခြင်းတွေပဲတဲ့။ ဘာတစ်ခုမှ မစိုးမရဘူးတဲ့။ ကိုင်း. . . ဘယ့်ကလောက် စိတ်ဝင်စားဖို့ကောင်းလဲ။ နိစ္စလို့ ဟောနေကြသူတွေနဲ့ ဆန့်ကျင်ပြီး အနိစ္စလို့ ဟောတာဟာ ဘယ်လောက်ရဲရင့်သလဲ။ ကျုပ်သဘောအကျဆုံးက အတ္တကို လက်ခံနေတဲ့ ကျုပ်တို့ကို အနတ္တ၊ အနတ္တလို့ ဆန်းစစ်ပြလိုက်တယ်။ ဒီတရားဟာ ကျုပ် သံသယဖြစ်နေတဲ့ အဓိကအကြောင်းပဲ။

ကျုပ်က ဘုရားလို့ ကိုယ့်ကိုယ်ကိုပြောနေသူတွေကိုလည်း လက်မခံဘူး။ ဘုရားဖြစ်တဲ့ပုဂ္ဂိုလ်တွေအနေနဲ့ မဟာပုရိသလက္ခဏာကြီးသုံးဆယ့်နှစ်ပါးနဲ့ လက္ခဏာငယ်ရှစ်ဆယ် ညီညွတ်ရမယ်လို့ ကျမ်းမှာ ဆိုထားတယ်။ ဒီနေ့ မြင်နေ၊ တွေ့နေတဲ့ ပုဂ္ဂိုလ်တွေမှာ ဒါတွေ မတွေ့ဘူး။

ဒီတော့ ကျုပ်တွေးတယ်လေ။

ဘုရားရှင်ဟာ ကျုပ်တို့ရဲ့ ကိုးကွယ်အားထားရာ၊ မှီခိုလဲလျောင်းရာ ဖြစ်ရမယ်။ ကာလသုံးပါးကို သိမြင်ပြီး လူသားတို့အတွက် အကောင်းအဆိုး၊ အကြောင်းအကျိုးခွဲခြားညွှန်ပြနိုင်ရမယ်။ လိုချင်တပ်မက်မှု ကင်းရမယ်။ သတ္တဝါတွေကို လမ်းမှန်ဟောနိုင်ပြီး ဝဋ်ဆင်းရဲမှ ကယ်တင်နိုင်ရမယ်။ ကျုပ်ဒီလိုပဲ မြင်ထားတယ်။

ကျုပ် ရှိသင့်တယ်ထင်တဲ့အချက် ဗုဒ္ဓမှာရှိတယ်။

ဘေးစကားကြားရုံနဲ့ ဘုရားရှင်ကို ဖူးချင်စိတ် ဖြစ်လာရော။ ဒါနဲ့ ဝေဠုဝန်ကိုသွားခဲ့တယ်။ မျက်မြင်ဒိဋ္ဌ ဖူးရကတည်းက ဘုရားပဲလို့ ကျုပ်လက်ခံလိုက်တယ်။ ဘုရားရှင်ရဲ့ တရားနာရတော့ ကျုပ်ပိုယုံကြည်သွားတာပေါ့။ တရားစစ်၊ တရားမှန်လို့ တစ်ထစ်ချယုံကြည်လိုက်တယ်။

ဘုရားဟောတဲ့ တရားအချို့ကိုပဲ ကြည့်လေ. . .။

"ခွန်အား၊ ရုပ်ရည်၊ အရွယ်တို့ဟာ အနိစ္စတရားတဲ့။ ခန္ဓာကိုယ်ဟာ အနာရောဂါနဲ့ အိမ်ဂေဟာတဲ့။ ဇရာရဲ့ လွှမ်းမိုးအုပ်စိုးမှုကို အမြဲခံနေရတယ်တဲ့။ စားတာသောက်တာ၊ ထိုင်တာ၊ သွားတာတွေ မလုပ်ရင်ပဲဖြစ်ဖြစ်၊ လုပ်ရင်ပဲဖြစ်ဖြစ် ခန္ဓာကိုယ်ဟာ ချွတ်ယွင်းသွားရော။ အအေး၊ အပူ၊ ဇရာ၊ ဗျာဓိတရားတွေကြောင့် ခန္ဓာကိုယ်ဟာ တဖြည်းဖြည်းနွမ်းခြောက်တယ်။ အသား၊ အသွေး၊ အရိုး၊ အရေနဲ့ ဖန်တီးထားတဲ့ ဒီခန္ဓာဟာ အစာအာဟာရပေါ် အမြဲမှီနေတယ်။ အမြဲနာကျင်ကိုက်ခဲနေတယ်"

"ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောစတဲ့ ဓာတ်လေးပါးနဲ့ တည်ဆောက်ထားတဲ့ ဒီခန္ဓာဟာ

တစ်ကောင်နဲ့တစ်ကောင် မတည့်တဲ့ မြွေတွေလို အမြဲတိုက်နေတယ်။ မြွေကို ဂါထာမန္တန်နဲ့ ထိန်းချုပ်ရင် ရတယ်။ ခန္ဓာထဲက ဓာတ်တွေကတော့ ဘာဂါထာနဲ့မှ ထိန်းချုပ်လို့ မရဘူး။ လူကို အမြဲညဉ်းပန်းနှိပ်စက်နေတယ်။ သူ့သဘော သူဆောင်ပြီး သူဖြစ်ချင်သလို ဖြစ်နေတယ်တဲ့"

ကိုင်း. . . ဒီတရားရဲ့ အချုပ်ကို ပြန်တွေးကြည့်။ မဖြစ်နိုင်တာ ဘာရှိလဲ။ လက်တွေ့မျက်တွေ့ မြင်နေ၊ ကြားနေ၊ တွေ့နေရတဲ့တရားတွေ။ ဒီတော့ ထာဝရမြဲတယ်ဆိုတဲ့ အတ္တတရားဟာ ယုတ္တိမရှိတာ ပေါ်လွင်မနေဘူးလား။

ဘုရားရှင်က ယုံကြည်မှု သဒ္ဓါနဲ့ သီလစင်ကြယ်ရေးကို ရှည်ရှည်ဝေးဝေး ဥဒါဟရဏ်ဆောင်ပြီး ဟောပြန်ပါတယ်။ ကျုပ်ရဲ့ စိတ်အစဉ်ဟာ ဘုရားရှင်ရဲ့ တရားသဘောကို ဝင်စားကြည့်ပြီး ကြည်နူးနေမိတယ်။ စွဲစွဲထင်ထင် ကျန်ရစ်တာကတော့ နိဂုံးချုပ်ဟောသွားတာပါပဲ။

"နိဗ္ဗာန်ရဲ့ အခြေခံဟာ ရာဂကင်းကွာမှု၊ ရာဂကင်းကွာမှုအခြေခံဟာ ကောင်းသောအသိဉာဏ်။ အဲဒါရဲ့ အခြေခံဟာ သမာဓိ၊ သမာဓိရဲ့အခြေခံဟာ ကာယိကသုခနဲ့ မာနသိကသုခ။ အဲဒီနှစ်ခုရဲ့ အခြေခံဟာ ငြိမ်းချမ်းမှု၊ ငြိမ်းချမ်းမှုရဲ့ အခြေခံဟာ ပီတိ၊ ပီတိရဲ့အခြေခံဟာ ရွှင်လန်းမှု၊ ရွှင်လန်းမှုရဲ့ အခြေခံဟာ မကောင်းမှုကြောင့်ဖြစ်တဲ့ စိတ်ညစ်ညူးမှုကင်းတာ။ အဲဒါရဲ့ အခြေခံဟာ အကျင့်သီလ။ ဒါကြောင့် အကျင့်သီလစင်ကြယ်အောင် လုပ်ကြတဲ့။

ကဲ. . . စဉ်းစားကြည့်ကြစမ်းပါ။

ဘုရားရှင် တရားက ကြောင်းကျိုးဆက်စပ်မှု ဘယ်လောက်ရှိလဲ။ လူ့ဘဝနဲ့ ဘယ်လောက်နီးစပ်လဲ။ လူတိုင်း တောင့်တတဲ့ နိဗ္ဗာန်ရောက်အောင် လမ်းညွှန်နိုင်တာ ဘုရားရှင်ပဲ ရှိတယ်လို့ ကျုပ်ထင်တယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုးကွယ်ရာအစစ်တွေ့ပြီဆိုတာ ကျုပ် နားလည်လိုက်တယ်။

* * * * *

အင်း. . . လာကြပါပြီ. . .။

အဘိုးကြီးဘာရဒွါဇ ဖိတ်ထားလို့ ဗြာဟ္မဏတွေ အိမ်ရောက်လာပါပြီ။

ကျုပ်စိတ်ထဲမှာ တေးထားတာတော့ ရှိတယ်။ ဒါပေမယ့် ကျုပ်ဆင်ခြင်မှာပါ။ ကိုယ်က အိမ်ရှင်ဆိုတော့ ဧည့်သည်ကို ပြဿနာမရှာသင့်ဘူး၊ စိတ်နောက်ကျအောင် မလုပ်သင့်ဘူး။ အထူးသဖြင့် အဘိုးကြီးဘာရဒွါဇ စိတ်ဆင်းရဲအောင် မလုပ်သင့်ဘူးလို့ တွေးပြီး ပြဿနာကို ရှောင်ရှားဖို့ တွေးထားပါတယ်။

ရောက်လာတဲ့ ဗြာဟ္မဏတွေက ကျုပ်ကို အကဲခတ်နေမှန်းသိပါတယ်။ ပါးစပ်က စကားလုလု ပြောနေကြပေမယ့် မျက်စိအကြည့်က တစ်မျိုးပါ။ အေးလေ. . . ခနဦးနိအကြောင်း သူတို့လည်း ကြားနေ၊ သိနေ၊ မြင်နေတော့ စူးစမ်းမှာပေါ့။

ကျုပ်က အိမ်ရှင်ဝတ္တရားမပျက်အောင် ဧည့်ခံပါတယ်။ ဟန်မပျက် အလိုက်အထိုက် ဆက်ဆံပါတယ်။ စိတ်ထဲမှာလည်း တွေးထားပါတယ်။ ပြဿနာကို သူတို့စမလာရင် ကိုယ်က ဘာမျှရှာစရာမလိုဘူး။ ကိုယ့်ဘက်က အလွန်မဖြစ်စေရဘူးလို့ တွေးထားပါတယ်။

ဒါပေမယ့် ရှောင်မရဘူးရှင့်. . . ။

အကျွေးအမွေးနဲ့ ဧည့်ခံပြီးချိန်မှာ ထုံးစံအတိုင်း စကားဝိုင်းဖွဲ့ကြပါတယ်။ အလှူမှာ ဝိုင်းထိုင်ကြရင် တရားဓမ္မအကြောင်းပြောတဲ့အကျင့်က ရှိနေတာကိုး။

အစပိုင်းကတော့ ဟုတ်သလိုလို၊ ကိုယ့်တရားကိုယ်ပြောကြတာပါ။ ဒါပေမယ့် အယူသည်းတဲ့ အကျော်သက ဖောက်ပြန်လာတယ်။

"ဒီမယ်ဗျ. . . နောက်မှပေါက်တဲ့ ရွှေကြာပင် ရှင်ကြီးဂေါတမတရားကို လေ့လာကြည့်စမ်း။ အနိစ္စ၊ ဒုက္ခဆိုတာ ကျုပ်တို့ ဗြာဟ္မဏမှာ ရှိပြီးသား။ အသစ်အဆန်း ဘာမှမဟုတ်ဘူး။ ဖောက်ပြီးသားလမ်းမှာ အလွယ်တကူလိုက်လာတဲ့ သဘောပဲ။ အဲ. . . ထွင်စရာမဟုတ်တာကို အဆန်းဖြစ်အောင် အတ္တကို အနတ္တလုပ်လိုက်တာပဲ။ အသစ်အဆန်းဆိုရင် အလွယ်လိုက်တဲ့ လူပြိန်းတွေအကြိုက် ဟောလိုက်တာပါ"

အကျော်သက ကျုပ်ဘက်ကိုမျက်လုံးဝေ့ဝဲကြည့်ပြီး တမင်ကြားအောင် ပြောတယ်။ ကျုပ်ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားတယ်။ ဘယ်တုန်းကမှ ပြန်မပြောဝံ့တဲ့ အကျော်သက ကျုပ်ကို လူပြိန်းလို့ သမုတ်လိုက်တာ။ "ဟဲ့. . . အကျော်သ ငါက လူပြိန်းဆိုလဲ ပြိန်းလိုက်ပါ။ နင်က ဘယ်လိုလူဖြစ်လဲဆိုတာ ပြောစမ်း။ အမှားကို မသိတဲ့လူအ၊ အမှန်ကိုမမြင်ဘဲတွေဝေမိုက်မှားနေတဲ့ လူမိုက် သိလား လူမိုက်ရဲ့လို့ လက်ညှိုးထိုးပြောလိုက်ချင်တယ်။ ကျုပ်အနေအထားကို ရိပ်မိတဲ့ဘာရဒွါဇက သည်းခံပါ ရှင်မရယ်။ ကျုပ်ညီ စော်ကားတာကို သည်းခံဖို့ တောင်းပန်ပါတယ်ဆိုတဲ့ အမူအရာနဲ့ ကြည့်လို့ ဒေါသကို မျိုသိပ် ပြီး မကြားယောင်ဆောင် နေလိုက်တယ်။

"အင်း. . . အခြားသူတွေထက် ဘုရင်ဗိမ္ဗိသာရက ဂေါတမဘက် ပါနေတာခက်တယ် အစ်ကိုရ"

ညီလုပ်သူ သုန္ဒရက သူ့အစ်ကိုစကား ထောက်ခံရင်း ကိုယ့်အမြီးပြတ်ရုံသာမက တခြားလူပါ အမြီးပြတ်စေချင်တဲ့ မြေခွေးလိုကောက်ကျစ်မှုနဲ့ပြောလားတယ်ဒီသူငယ်ကို ရွံရှာတဲ့အကြည့်နဲ့ လှမ်းကြည့်လိုက်မိတယ်။

"မပူပါနဲ့ သုန္ဒရရာ. . . မျက်စိလည်တဲ့အချိန် လမ်းမှားတတ်တာပဲ။ ဘုရင်ကြီးဟာ အကြောင်းရင်းမှန် မသိလို့ မျက်စိလည်သွားတာပါ။ မင်းမယုံရင် စောင့်ကြည့်။ တစ်နေ့ကျရင် မဟာဗြဟ္မာကြီးကို ဦးပြန်တိုက်မှာပါ"

ဗိလင်္ဂရဲ့ ကောက်ချက်စကားကို ကြားလိုက်တော့ ဟားတိုက်ချင်လိုက်တာ လွန်ရော။

ဘုရင်ဗိမ္ဗိသာရ မျက်စိလည်တာလား၊ မင်းတို့ မျက်စိကန်းနေတာလား။ ကိုယ့်ကိုယ်ကို စဉ်းစား

လို့ပြောချင်တာ အူကို ယားနေတယ်။ ကျုပ် အတော့်ကို ထိန်းထားပါတယ်။ ဒါပေမယ့် ရင်ထဲက ယားနေတာ ထိန်းမရဘူး။ ချုပ်ထည်းထားရတဲ့ ဝေဒနာဟာ လူကို ဥတုဖောက်ပြန်စေတာလား မသိဘူး။

ရင်ထဲမှာ ယားကျိကျိ၊ ကလိကလိ ဖြစ်လာပြီး ဟတ်ချိုး. . . လို့ချေမိတယ်။ ချေသံရဲ့နောက် ဆက်စပ်လိုက်လာမယ့် အသံကို နားလည်ကြမှာပါ။

ကျုပ်အသံကြားတော့ ဘာရဒ္ဒါဇ မျက်လုံးပြူးကာ အရှက်ကွဲပါပြီဆိုတဲ့ အကြည့်နဲ့ လှမ်းကြည့်တယ်၊ ကျုပ်ဘာတတ်နိုင်မှာလဲ။

ဟတ်ချိုး. . . နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿလို့ အလိုလို ရေရွတ်မိသွားတယ်၊ ဒီမျှမကဘူး။ ဘုရားရှင်ရှိရာ ဝေဠုဝန်ဆီ လက်အုပ်ချီ ရှိခိုးလိုက်ပါတယ်။

"သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သုံးလောကထွတ်ထား ရှင်တော်ဘုရားကို နမောတဿ ရှိခိုးပါ၏ ဘုရား"

ကျုပ်ရဲ့ အပြုအမူ၊ အပြောအဆိုကိုမြင်ရ၊ ကြားရတဲ့ ဗြာဟ္မဏတွေ ဘာဖြစ်ကုန်တယ်ဆိုတာ စဉ်းစားစာကြည့်ကြတော့။

* * * * *

မှန်တာပြောရရင် ကျုပ် သူတို့ကို စော်ကားတာမဟုတ်ဘူး. . .၊

ရိုင်းရိုင်းပျပျ ဆက်ဆံတာမဟုတ်ဘူး. . .၊

သူတို့ကသာ ကျုပ်ကို ဂေါတမဗုဒ္ဓလူဆိုပြီး ထိပါးပုတ်ခတ်တာ။

ကျုပ်ဟာ ဒုတိယအကြိမ် ဆက်ချေလိုက်ပြန်တယ်။ ဝသီအတိုင်း နမောတဿလို့ ရွတ်တော့ အဏ္ဏောသက ဝုန်းခနဲ ခုန်ထတယ်၊

"အစ်ကို့ အဘွားကြီးက ကျုပ်တို့ကို ကန့်လန့်တိုက်တယ်၊ ဒါ တမင်ရွဲ့တာပဲဗျ"

ကျုပ်ကို တိုက်ရိုက်အပြစ်မတင်ဝံ့တော့ သူတို့အစ်ကိုကို စကားနာထိုးတယ်၊ အဘိုးကြီးဘာရဒ္ဒါဇက သူ့ညီတွေကို ဟျာဟျာသလဲ တောင်းပန်ရင်း ကျုပ်ကိုတောင်းပန်တဲ့အကြည့်နဲ့ ကြည့်တယ်၊ အဘိုးကြီးကို သနားတော့သနားမိပါတယ်၊ ဇနီးနဲ့ ညီတွေကြား ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဟျာယာခတ်နေတယ်၊

ခုချိန်မှာ ကျုပ်ဘာလုပ်သင့်တယ်ဆိုတာ နားလည်ပါတယ်၊ ငုံ့စရာ ထောက်ထားစရာ မလိုဘူးလို့ တွေးပြီး ကိုယ်သိထားတဲ့ ဘုရားဂုဏ်တော်တွေမွမ်းပြီး အထပ်ထပ်ရှိခိုးပစ်လိုက်တယ်၊

"မဖြစ်ဘူး. . . ပြန်တာပဲ ကောင်းပါတယ်" ဆိုပြီး သုန္ဒရ ထပြန်သွားတယ်၊ အငယ်ကောင် ဗလင် ကလည်း ထိမ်ပေါ်က မသိမသာဆင်းသွားတယ်၊ ဆင်းခါနီး "အစ်ကို့ အလျှက မင်္ဂလာကျက်သရေ

ရှိပါပေ့ဗျာ” လို့ ကဲ့ရဲ့သွားတယ်။

ကျုပ်က ပြုံးနေပြီး ပြောင်ပြောင်တင်းတင်း ကန့်လန့်တိုက်တဲ့အနေနဲ့ သူတို့တွေကြားအောင် အသံမြှင့် ဘုရားရှိခိုးတယ်။

အဘိုးကြီးဘာရဒ္ဒါဇ ကျုပ်အနားကို ပြေးလာတယ်။ ကျုပ်ရှေ့တည့်တည့်ရပ်ပြီး သူရဲ့ကိုင်းညွတ်နေတဲ့ ကိုယ်ခန္ဓာကို ပိုမိုကိုင်းညွတ်လိုက်တယ်။ ကျုပ်မျက်နှာရှေ့မှာ သူ့မျက်နှာကို အနီးကပ်ပြပြီး . . .

“ရက်စက်လိုက်တာ မနဥ္စာနိရယ် . . . အရှက်ခွဲရက်လိုက်တာ မယ်မင်းရယ်”လို့ ငိုသံပါကြီးနဲ့ လာပြောတယ်။

ကျုပ်ကတော့ သူ့ကို ဂရုမစိုက်ဘူး။ ဘုရားရှိခိုးဆုံးအောင် ဆိုလိုက်တယ်။ ဝတ်ပြုပြီးတော့မှ သူ့မျက်နှာကို ပြန်ကြည့်လိုက်တယ်။

“ဘာဖြစ်နေတာလဲ . . . ”

“ဟေ . . . ဘာဖြစ်နေလဲ . . . ဟုတ်လား။ . . . ဗြာဟ္မဏတွေအလယ်မှာ ကျုပ်မျက်နှာကို ဘယ်သွားထားရမှာလဲ ပြောစမ်း။ ကျုပ် အတန်တန်တားထားတဲ့ကြားက တမင်အရွဲ့တိုက်တာ ကောင်းသလားဗျာ”

“ဘယ်လိုရှင့် . . . ကျုပ်မနေနိုင်လို့ ချေမိတာပဲဟာ”

“ချေပါ . . . ချေချင်ရင် ခုထပ်ချေဦး။ တစ်ခါနှစ်ခါ မကဘူး ဆယ်ခါ၊ ဆယ့်ငါးခါမက ချေစမ်းဗျာ”

“ကျုပ်မတတ်နိုင်ဘူး။ ဝေဒနာကို တားလို့မရဘူးရှင့်။ ဝေဒနာဖြစ်တိုင်း ဗုဒ္ဓါနုဿတိပွားတာလဲ အကျင့်ဖြစ်နေပြီ”

“တော်ဗျာ . . . ကျုပ်ကို ခင်ဗျားတစ်သက်လုံးနိုင်တာ ဒီတစ်ခါတော့ ကျုပ်မခံနိုင်ဆုံးဘဲ။ ဒါဟာ ဘာမှမဟုတ်ဘူး။ ရှင်ကြီးဂေါတမကြောင့်။ ဟုတ်တယ် . . . ဒီဂေါတမကြောင့်ပဲ။ အေးလေ . . . ဒီတစ်ခါတော့ မယ်မင်းရဲ့ ဂေါတမနဲ့ ကျုပ်တွေ့ကြတာပေါ့”

အဘိုးကြီးဘာရဒ္ဒါဇက ကျုပ်ကို မယုဉ်ဝံ့တော့ စိတ်ဆိုးမာန်ဆိုးနဲ့ အိမ်ထက်က ဆင်းသွားတယ်။ ကျုပ် နှစ်လိုအားရ ပြုံးလိုက်မိတယ်။ ဘုရားရှင်ကိုဖူးဖို့ ဟောကြားတဲ့တရားနာကြည့်ဖို့ တစ်သက်လုံးတိုက်တွန်းလို့မရတဲ့ ဘာရဒ္ဒါဇဟာ ဘုရားဆီကို ဒေါသတကြီးနဲ့ သွားပြီ။ သူ့ဒေါသ ဘယ်လိုစခန်းသိမ်းမယ်ဆိုတာ သိနေတဲ့ကျုပ်က ကြည်ကြည်နူးနူး ပြုံးနေလိုက်တာပေါ့။

* * * * *

ကျုပ်ထင်ရင် လွဲခဲ့ပါတယ်။ ကြွက်မနိုင်လို့ ကျီမီးနဲ့ရှို့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒေါသတကြီး ထွက်သွားတဲ့ ဘာရဒ္ဒါဇဟာ အဲဒီနေ့ကစပြီး အိမ်ပြန်မလာတော့ဘူး။ ညည့်နက်သည်ထိ ပြန်မလာတဲ့

သူတို့ ဖခင်အတွက် ကလေးတွေက စိတ်ပူနေကြတယ်။

"အဖေက ဒေါသတကြီး သွားပြောလို့ ဘုရားရဲ့တပည့်ရဟန်းတွေ ဝိုင်းရိုက်ပစ်ရောလား မသိဘူး

သမီးကြီးရဲ့ စိုးရိမ်စကားကြောင့် ကျုပ်ဟက်ဟက်ပက်ပက် ရယ်မိတယ်။

"မဖြစ်နိုင်ဆုံးအတွေးကို ညည်းခေါင်းထဲက ဖျောက်ပစ်စမ်းသမီး။ ဘုရားရှင်နဲ့ ဘုရားသားတော်တွေဟာ ရန်ပြုဖို့ နေနေသာသာ ဒေါသအငွေ့အသက်တောင် ဖြစ်မှာ မဟုတ်ဘူး"

"ဒါဖြင့်ရင် အဖေက ဘာဖြစ်လို့ ပြန်မလာလဲ"

"အဲဒါ သိချင်ရင် ကျောင်းတော် သွားကြည့်ကြပေါ့"

"ဒီအချိန်သွားလို့ ဖြစ်မလား အမေရဲ့. . . "

"ဒါဖြင့်လဲ စိတ်အေးအေးအိပ်ကြ။ နံနက်လင်းတော့ ကျောင်းသွားကြည့်။ ညည်းတို့အဖေကို ထူးထူးခြားခြား တွေ့မှာအသေအချာပဲ"

ကျုပ်က ယုံကြည်စိတ်ချတဲ့အမြင်နဲ့ ပြောလိုက်ပြီး ခပ်အေးအေး အိပ်ရာဝင်ခဲ့တယ်။ အမှန်ပါပဲ၊ နောက်တစ်နေ့မှာ ဆွမ်းအုပ်တွေပြင်ပြီး ကျောင်းတော်သွားတော့ ကျုပ်အဘိုးကြီးကို ရဟန်းဝတ်နဲ့တွေ့တာပဲ။ ဘယ်တုန်းကမှ ရိုရိုသေသေ မဆက်ဆံတဲ့ကျုပ်ဟာ အရှင်ဘာရဒွါဇကို လက်အုပ်ချီရှိခိုးလိုက်တယ်။

"သာဓု. . . သာဓု ဒကာမကြီး။ ကျုပ်ဟာ ဘုရားရှင်အပေါ်မှာ အထင်လွဲခဲ့တယ်။ အယူဝါဒစွဲနဲ့ ပုတ်ခတ်တိုက်ခိုက်မိတယ်။ မဟာကရုဏာရှင်ဘုရားသခင်ရဲ့ ထောက်ထားမှုကြောင့် ကျုပ်ဘာရဒွါဇ ဘုရားသားဖြစ်ခဲ့ရပြီ၊ ဒီအတွက် ဒကာမကြီးကို အထူးကျေးဇူးတင်မိပါတယ်"

တည်ငြိမ်တဲ့ ဣန္ဒြေသိမ်မွေ့တဲ့အမူအရာ၊ အေးချမ်းတဲ့လေသံနဲ့ပြောတဲ့ အရှင်ဘာရဒွါဇမျက်နှာ ကြည့်ပြီး ကျုပ်စိတ်ချမ်းသာသွားတယ်။ လမ်းအမှန်ကို ရောက်သွားလို့ ကျေနပ်မိတယ်။

"ဒါနဲ့. . . . ကိုယ်တော့်အဖြစ်ကို ပြန်ပြောလို့ရရင် ကြားချင်ပါတယ် ဘုရား. . . "

"ကြားရပါတယ် ဓနဉ္စာနီ၊ ကျုပ် ဒေါသတကြီး ထွက်လာတာ ဒကာမကြီး သိနေတယ်မို့လား"

"မှန်ပါ အရှင်. . . "

"ကျုပ်ထွက်လာစကတော့ ရဟန်းကြီးဂေါတမကို တွေ့မယ်၊ တွေ့တာနဲ့ ဦးစွပ်ပက္ကပြောချင်တာ ပြောပစ်မယ်ဆိုပြီး မောင်းတင်လာတာပေါ့။ အင်း. . . အိမ်ကထွက်လာတုန်းကတော့ တကယ့် ဒေါသမာန်နဲ့ပါ၊ တစ်လှမ်းချင်း လှမ်းလာရင်း ကျုပ်စဉ်းစားတယ်၊ ရဟန်းဂေါတမဟာ ဗြာဟ္မဏတွေကို ဘယ်လိုထိခိုက်စကားဆိုလို့လဲ၊ တို့ဘာသာကို ဘာထိခိုက်ပြောလို့လဲလို့ စဉ်းစားဖြစ်တယ်၊ စဉ်းစားရင်း ကျုပ်ဒေါသဖြစ်တာ ဘာမှ အဓိပ္ပာယ်မရှိတာ တွေးမိတယ်၊ အဲ. . . ဝေဠုဝန်ကိုဝင်သွားတော့ ကျုပ်ဒေါသတွေ ဘယ်ပျောက် ကုန်မှန်းမသိဘူး၊ သုတော်ကောင်းတို့ မွေ့လျော်တဲ့အရိပ်၊ မေတ္တာတရား ထုံမွမ်းတဲ့နေရာကို ရောက်သွား တဲ့ ကျုပ်ရင်ဟာ ဒေါသမီး မရှိတော့ဘဲ အလိုလို အေးချမ်းသွားတယ်. . . "

"အင်း. . . ဘုရားရှင်နဲ့မတွေ့ရဘဲကို ဒေါသပျောက်သွားရတာကိုး. . . "

"အဲသလို ပြောရမှာပဲ။ ဒါနဲ့ ဂန္ဓကုဋိတိုက်မှာရှိတဲ့ ဘုရားရှင်ရှေ့မှောက်ရောက်တော့ ကျုပ်မှာဖြစ်နေတဲ့ ဒေါသတင်မကဘူး တစ်သက်လုံးစွဲမြဲယုံကြည်လာတဲ့ အယူဝါဒပါ ပျောက်ကွယ်ကုန်တော့တာပဲ"

ကျုပ်က ကျေကျေနပ်နပ် ပြုံးပစ်လိုက်တယ်။

မှန်တာခန်ခံရရင် ကျုပ် ဘုရားရှင်ရဲ့ ဝါဒကို ယုံကြည်လက်ခံမိတာထက် ဘာရဒ္ဒါဇတို့လက်ခံတာကို ပိုကျေနပ်တယ်။ အယူသည်းတဲ့ ဒီအမျိုးအနွယ်စုကို ချွတ်ချင်တယ်။ အမှန်လမ်းရောက်အောင်ပို့ချင်တယ်။ ခုတော့ ကျုပ်ဆန္ဒ ပြည့်ပြီ။ ဒါပေမယ့် သိချင်တာလေး ရှိနေသေးလို့ ထပ်မေးလိုက်တယ်။

"ဒါနဲ့ ကိုယ်တော်က ဘုရားရှင်ကို တရားလေး ဘာလေး မလျှောက်မေးဘူးလား"

"အင်း. . . အဟဲ. . . ဟဲ. . . ဘာရဒ္ဒါဇအကြောင်း မနေ့ဥာနီ သိသားပဲလေ။ ကျုပ်ဟာ ဘယ်လောက် အယူသည်းတယ်၊ ဗြာဟ္မဏဖြစ်ခြင်းရဲ့အပေါ် ဘယ်လောက်ဂုဏ်ယူတယ်ဆိုတာ သိနေသားနဲ့"

"မိန့်ပါဦး. . . ကိုယ်တော်"

"ဘုရားရှင်ဟာ ကျုပ်တို့ ဆရာကြီးတွေလို ညစ်ညစ်တေတေ မနေတာရယ်၊ ဆံကေသာ ဗရပျစ်၊ မုတ်ဆိတ်မွှေးလက်လေးသစ်နဲ့ ဖြစ်ကတတ်ဆန်း မရှိတာက ကျုပ်စိတ်ကို ပထမဦးဆုံး ဆွဲဆောင်သွားတယ်။ ဘုရားရှင်ရဲ့ မဟာပုရိသလက္ခဏာတော် မြင်ရတော့ သံသယဘယ်ရှိတော့မလဲ။ ဒါပေမယ့် အကြွင်းမဲ့ လက်ခံယုံကြည်တာတော့ မဟုတ်သေးဘူး ယုံမှားသံသယတော့ ရှိသေးတယ်နော်"

"တပည့်တော် တွက်ပြီးသားပါ။ ဒါနဲ့ ယုံမှားမှု ကင်းရပုံမိန့်ပါဦး"

"ဘုရားရှင်ကို ကျုပ် မေးလိုက်တယ်။ အဲ. . . ပညာစမ်းလိုက်တယ်။ ဆိုပါတော့. . . အို. . အရှင်ဂေါတမ. . . သင်ဟာ တရားအားလုံးကိုသိတဲ့ သမ္မာသမ္ဗုဒ္ဓလို့ဝန်ခံကြောင်း ကြားပါတယ်။ ဒီလိုဆိုရင် မေးစမ်းပါရစေ။ ပညာရှိဟာ တစ်စုံတစ်ခုကို သတ်တာ နှစ်သက်ပါလားလို့ အဟဲ. . .။ ဒီအမေးရဲ့အနက်ကို ဒကာမနေ့ဥာနီ သဘောပေါက်ရဲ့လား"

"မှန်ပါဘုရား. . . ကိုယ်တော်ရဲ့အမေးက နှစ်ဖက်လှလို အစွန်းမလွတ်တဲ့ အမေးကိုးဘုရာ့။ နှစ်သက်ပါတယ်လို့ ဖြေရင် သူတော်ကောင်းဖြစ်ပြီး ပါဏာတိပါတာက ကျူးလွန်ရသလားလို့ အပြစ်တင်မယ်။ မနှစ်သက်ဘူးဆိုရင် ရာဂဒေါသစတဲ့ မကောင်းကျိုးကို မသတ်လိုဘူးလားလို့ အပြစ်ဖို့မယ်။ ဘယ်ကလောက် ဆိုးသလဲ. . . ဒါနဲ့ ဘုရားရှင်က ဘယ်ပုံမိန့်လဲဘုရား"

"ဘာရာဒွါဇ. . . ပညာရှိဟာ တစ်စုံတစ်ခု သတ်တာကို နှစ်သက်ပါတယ်။ စိတ်နှလုံးပူပန်စေတဲ့၊ ဆင်းရဲဒုက္ခဖြစ်စေတဲ့၊ လတ်စားချေမှ ကျေနပ်တဲ့ဒေါသကို သတ်ပါတယ်။ ဒေါသမဖြစ်အောင် သတိနဲ့ ထိန်းပါတယ်။ ဒေါသမဖြစ်အောင် မေတ္တာသည်းခံခြင်းဟူသော ခန္တီတရားနဲ့ဖြိမ်းတတ်တယ်လို့ ဖြေပါတယ်"

"သာဓု. . . သာဓု. . . သာဓုပါ ဘုရား"

"ကျုပ်ဟာ ဘုရားရှင်ရဲ့ အဖြေကို ကြားလိုက်တာနဲ့ လက်အုပ်ချီသွားပါတယ်။ သွေ့ခြောက်နေတဲ့ ပန်းပင်ဟာ ရေတွေ့တော့ လန်းဆန်းသွားသလို၊ အသိတရားကင်းပြီး တရားမရှိတဲ့ ကျုပ်နှလုံးသားဟာ တရားရေစင်နဲ့တွေ့ပြီး အေးမြကြည်လင်သွားလို့ ဘာလုပ်ရမယ်ဆိုတာ တစ်ခါတည်း သိသွားတော့တယ်ဒကာမကြီး"

ကျုပ်ဟာ ဝမ်းသာလွန်းလို့ သာဓုအကြိမ်ကြိမ်ခေါ်မိတယ်။ ပြီးတော့ နောက်က တသိ တတန်းကြီးပါလာတဲ့ သားသမီးတွေကို အောင်နိုင်မှုအပြုံးနဲ့ လှည့်ကြည့်တယ်။

"ဘယ်လိုလဲအေ့၊ ညည်းတို့တွေးသလို ဘုရားရှင်နဲ့ ဘုရားသားတွေဟာ မတော်တရား အမှုပြုသလား. . . တရားမှုဘက်ဆွဲဆောင်လား. . . အေး. . . မကျေနပ်သေးရင် ညည်းတော့ ခမည်းတော်ကြီးမေးကြည့်၊ စုံစမ်းကြည့်လိုက်ကြ"

ကျုပ်ရဲ့ အကြည့်ကို အဓိပ္ပာယ်သိတဲ့ သားသမီးတွေဟာ ခေါင်းလေးငုံ့ပြီးငြိမ်နေကြတယ်။

သတ္တဝါတွေ ဆုံးမရာမှာ အတုမရှိတဲ့ မြတ်ဘုရားကို ကျုပ်အလွန်ကြည်ညိုသွားတယ်။ ဒါကြောင့် . . .

ဘုရားရှင်ရှိရာ ဂန္ဓကုဋိတိုက်ဆီ လက်အုပ် ချီလိုက်တယ်။ ဘုရားရှင်ရဲ့ အသွင်ကို နှလုံးသားမှာ အရိပ်ထင်အောင် သွင်းယူလိုက်ပြီး လက်အုပ်ချီ ဦးညွှတ်လိုက်မိတယ်။

နမောတဿ. . . နမောတဿ. . . နမောတဿ. . . .။ ။

*ကျမ်းကိုး*

*ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီကို မှီးပါသည်။*

*သံသရာကိုကျော်နိုင်သော ပုခက်လွှဲသောလက်များစာအုပ်မှ*


ဝိနယ

# ပိဋ္ဌမ

စိတ်ဝင်စားဖို့အကြောင်းတွေက သူ့မှာရှိနေတယ်။ ထူးချွန်မြင့်မြတ်သူဟာ အရေအတွက်နည်းပြီး ထူးထူးခြားခြား အဖြစ်အပျက်တွေလည်း ဖြစ်တတ်တယ်လို့ ဆိုကြတယ်။ ဒါဆို သူဟာ ထူးခြားမြင့်မြတ်သူအမှန်ဖြစ်မယ်။

သွေးမစုံတဲ့ အမြုပ၊ သွေးမခိုတဲ့ အဖိုမလို့ ကွယ်ရာမှာ ပြစ်တင်ပြောဆိုနေကြတဲ့ သူ့မိခင်ကငါးဆယ်ကျော်၊ ခြောက်ဆယ်နီးမှ သူ့ကို ထူးထူးခြားခြား သန္ဓေတည်တယ်။

သူ့ကို သန္ဓေတည်စဉ် ပုဗ္ဗနိမိတ်တွေကလည်း ထူးခြားပ။

မြေထု ရေထုဟာ တစ်ပြိုင်နက် ဆတ်ဆတ်ခါတုန်လှုပ်တာ အများသတိပြုမိပါတယ်။ ဒါပေမယ့် ပူခြင်း၊ ချမ်းခြင်း၊ မရှိဘဲ ရာသီဥတုက မှုတပြီး အသဲတွေလည်း ဆိတ်ငြိမ်နေတယ်။ ဂင်္ဂါနဲ့ ယမုံနာမြစ်တွေလည်း စီးခြင်းမရှိဘဲ တန့်ရပ်လျက် ဦးညွှတ်ကြတယ်။ ကမ္ဘာမြေပေါ်မှာရှိတဲ့ သစ်ပင်ပန်းပင်တွေဟာ အကြွင်းမရှိ ဆင့်၍ဆင့်၍ ပွင့်ကုန်တယ်။ လူ့ပြည်၊ နတ်ပြည်မှာရှိတဲ့ စောင်းငြင်းပတ်သာ တူရိယာတို့ဟာ တီးခတ်သူမရှိဘဲ အံလိုလိုသံစုံကျူးရင့်မြည်ချေတယ်။

စကြဝဠာတစ်ဝန်းလုံး တော်လည်းသံကြီးနဲ့ ပဲ့တင်ဟပ်သတဲ့။ နိမိတ်ထင်ရှား ၃၂ ပါးဖြစ်ပုံကို ထိပ်ထားကိုယ်တိုင် မြင်ရ တွေ့ရတာ မဟုတ်ပါဘူး။ သူ့ရဲ့ ပါရမီထူးကဲပုံကို မယ်တော်၊ ခမည်းတော်တို့ ပြန်ပိန့်လို့ သိရပါတယ်။

ပိုထူးခြားတာက ဖွားမြင်ချိန်မှာပါပဲ။ နန်းသူ့ရင်သွေး မင်းသားလေးဖြစ်လာမည့်သူဟာ ခမ်းနားတဲ့ နန်းထက်မှာ ဖွားဖို့ မကြုံခဲ့ဘူး။ မယ်တော် မဟာမာယာဒေဝီက အသက်ငါးဆယ်ကျော်မှ သားမြတ်ခိုလှူ၊ သန္ဓေရပုံကို မောင်တော်ဖြစ်တဲ့ ဒေဝဒဟပြည့်ရှင်က မယုံကြည်ဘူး။ ဆွေမျိုးတွေကို သန္ဓေပြ ချင်တဲ့အာသီသနဲ့ သူ့မယ်တော်က ဒေဝဒဟကို လှမ်းကြွခဲ့တယ်။

ကပိလဝတ်နဲ့ ဒေဝဒဟအကြား ငါးယူဇနာအကွာ လုမ္ဗိနီအင်ကြင်းတောမှာ မမျှော်လင့်ဘဲ ဖွားမြင်ခဲ့တယ်။ ဖွားစမှာပဲ မြေသို့သက်လျက် အရှေ့ကို မျက်နှာမူရပ်သတဲ့။ အဲဒီက မြောက်အရပ်ကို လှည့်ပြီး ခုနစ်ဖဝါးလှမ်းကြွသွားပြီး ထူးကဲတဲ့ စကားသုံးခွန်းကို ကြုံးဝါးတော်မူသတဲ့။

အဂ္ဂေါဟ မသ္မိ လောကဿ. . .။

ဇေဋ္ဌောဟ မသ္မိ လောကဿ. . .။

သေဋ္ဌောဟ မသ္မိ လောကဿ. . .။

မွေးကင်းစကလေးက မြေသို့သက်ဆင်းရပ်ကြောင်း၊ ခုနစ်ဖဝါးလှမ်းကြောင်း၊ စကားသုံးခွန်းပြောကြောင်း ကြားရသည်မှာ ယုံဖွယ်ရာပင် မရှိပါ။ အများရဲ့ စကားသံက တစ်ထပ်တည်း၊ တစ်လေတည်းမို့ ယုံရန်ခက်ပေမယ့် ယုံကြည်လိုက်ပါတယ်။

သည့်ထက်လွန်ကဲထူးခြားပုံက အံ့တစ်ပါးပါ။ ကပိလဝတ်ပြည်သူတွေကို ကိုးကွယ်တဲ့ ကာဠဒေဝီလရသေ့ဆိုတာ ရှိပါတယ်။

ဒီပုဂ္ဂိုလ်ဟာ သမာပတ်ရှစ်ပါးရလို့ တာဝတိံသာနတ်ပြည်ထိ ကြွနိုင်စွမ်းရှိသတဲ့။ သူဖွားကြောင်းနတ်အပေါင်းက အုတ်အော်သောင်းသောင်းပြောနေလို့ ရသေ့သိသွားတယ်။ ရသေ့မြတ်ဟာ တာဝတိံသာက ကပိလဝတ်ကို ချက်ချင်းလာပြီး သူ့ကိုဖူးဖို့ ရောက်သတဲ့။ ရှင်ရသေ့လာတော့ သူ့ခမည်းတော်က ရိုကျိုးရှိခိုးတယ်။ သူ့ကို ရင်ခွင်ထက်ထားပြီး ရှင်ရသေ့ကို ဦးခိုက်စေသတဲ့။ လောကတွင် အမြတ်ဆုံးပုဂ္ဂိုလ်က ဘယ်ဦးခိုက်မှာလဲ။ ကလေးငယ်ဟာ အထက်ကိုပျံတက်ပြီး ရသေ့ရဲ့ ဦးခေါင်းမှာ ရပ်တည်ကြောင်း ရသေ့မြတ်ကိုယ်တိုင် ရှိခိုးလို့ တအံ့တသြဖြစ်ရကြောင်း သိရပါတယ်။

ကာဠဒေဝီလရသေ့ဟာ အင်မတန်ဘုန်းတန်ခိုးကြီးသူပါ။ ရှေ့နောက် ကမ္ဘာလေးဆယ်စီမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်နဲ့၊ အနာဂတ်ဘဝကြိုမြင်တဲ့ အနာဂတံသဉာဏ်နဲ့လည်း ပြည့်စုံပါတယ်။ သူ့ရဲ့ လက္ခဏာကြီးငယ်မြင်တော့ ဧကန်စင်စစ် ဘုရားဖြစ်မယ်လို့သိပြီး ပြုံးတယ်။ တစ်ဖန်သူ့ရဲ့ ကံကြမ္မာကိုဆင်ခြင်တော့ ဘုရားမဖြစ်မီ သေလွန်လျက် အရူပဘုံ၌ ဖြစ်မှာမြင်လို့ ဝမ်းနည်းပြီးငိုတယ်။ ရယ်ခြင်း၊ ငိုခြင်းနှစ်ဝအကြောင်းရင်းမေး တော့ ကောဏ္ဍည ပုဏ္ဏားလေးဟောတဲ့အတိုင်း ဘုရားစင်စစ် ဧကန်ဖြစ်မည့်အကြောင်း မိန့်တော်မူသတဲ့။

သူ့အကြောင်းတွေကတော့ ပြောလို့ ကုန်နိုင်ဖွယ် မရှိပါဘူးလေ။

မွေးစကပင် သူ့ကို ဝိုင်းချစ်ကြ၊ သနားကြ၊ ယုယပိုက်ထွေးကြလို့ မိတဆိုးဖြစ်ပေမယ့် ကြောင့်ကြဖွယ်ရာမရှိခဲ့ပါဘူး။

မင်းဆရာ ဗြာဟ္မဏများက ငယ်ငယ်ရွယ်ရွယ်နဲ့ ရဟန်းဘဝအရောက်ကူးမယ်၊ လောကသုံးပါးတွင် ထူးခြားတဲ့တရားရှင် ဘုရားစစ်စစ်ဖြစ်မယ်လို့ အတိအကျဟောပေမယ့် ခမည်းတော်ကတော့ စကြဝတေးမန္တတ်မင်းအဖြစ်နဲ့ ဘုရင်လုပ်စေချင်တယ်။

ဒီနေရာမှာ ထိပ်ထားတို့ရဲ့ကဏ္ဍက အမိကကျလာပါတယ်။ ဖိုသတ္တဝါတွေကို ဆွဲဆောင်နိုင်တဲ့ စွမ်းအားဟာ မသတ္တဝါတွေမှာသာရှိတော့ သူ့ခမည်းတော်က ထိပ်ထားတို့ကို သူ့အပါးဝန်းရံခစားစေပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် မာယာနဲ့သိမ်းသွင်းစေတာပါပဲ။

* * * * *

အချစ်အကြောင်းနားလည်ချိန်ကစပြီး သူ့ကို ထိပ်ထားတိတ်တခိုးချစ်ခဲ့မိတယ်၊ တောင့်တောင့်တတဖြစ်မိတယ်၊ သို့ပေမယ့် သူကတော့ ထိပ်ထားအချစ်ကို နားလည်ပုံမရပါဘူး။

မာယာလေးဆယ်၊ ပရိယာယ်တစ်ထောင်၊ အယောင်ဆောင်တစ်သိန်းနဲ့ အပလိန်းအနန္တနဲ့ ချဉ်းကပ်တဲ့ ထိပ်ထားကို သူက မိန်းမသားတစ်ယောက်လို့ မမြင်ဘူး၊ စိတ်မဝင်စားဘူး၊ ထိပ်ထားနာမည်ကို မြတ်မြတ်နိုးနိုးမခေါ်ဘဲ ပြက်ရယ်ပြုတဲ့သဘောနဲ့ သူခေါ်တယ်၊ ဘာတဲ့. . . ဪ. . . အင်း. . . ပိန်မ . . ပိန်မတဲ့လေ၊

ဟုတ်ပါတယ်လေ. . . ထိပ်ထားအသွင်ကလည်း သူခေါ်ချင်စရာဖြစ်နေတာကိုး၊ မယ်တော်မွေးကတည်းက သွယ်သွယ်လျလျ ပါးပါးချပ်ချပ် ကိုယ်လုံးလေးနဲ့မို့ ပိန်မဆိုတာ လိုက်လျောပါတယ်၊

မှန်ရာကို ဝန်ခံရရင် အကျိုးပေးမကောင်းတဲ့ ထိပ်ထားဘဝကို ကိုယ်တိုင်လည်း စိတ်ပျက်မိပါတယ်၊ ကိုယ့်ထက်ရုပ်ဆင်းရူပကာ သာသူတွေ မြင်ရတော့ မနာလိုဝန်တိုစိတ်ဖြစ်မိတယ်၊

ကပိလဝတ်မှာရှိတဲ့ နန်းသွေးနန်းလျာထဲမှာ အချောဆုံး၊ အလှဆုံး၊ တော်ဝင်မိန်းမသားလို့ အပြောခံရတဲ့ အဘိရူပနန္ဒာကို အားကျမိတယ်၊ သကျသာကီဝင် ဦးရီးတော်တစ်ယောက်ရဲ့ ရင်သွေးဖြစ်တဲ့ အဘိရူပနန္ဒာဟာ သူ့ကို ဖမ်းစားနိုင်သူပါ၊

ရွှေအဆင်းနှယ် ဝင်းဝါပြီး ဂွမ်းဆိုင်ပမာ နူညက်တဲ့ အသားအရေ၊ မြကြိုးသွယ်ယှက်ထားသလို စိမ်းစိုနေတဲ့အကြောအခြင်များနဲ့ တည်ဆောက်ထားပုံက ရွှေထည်ကို မြခြယ်ထားသည့်နှယ် ရှိပါဘိ၊ ကောင်းခြင်းငါးပြာနဲ့ တင့်တယ်တဲ့ အဘိရူပကို ထိပ်ထားတို့ မယှဉ်သာပါဘူး၊

အဘိရူပနန္ဒာကို ယှဉ်နိုင်သူက ဇနပဒကလျာဏီပါ၊ ကျေးရွာဇနပုဒ်မှာရှိတဲ့ မိန်းမသားတွေထက် တဆများစွာလှသူမို့ အလှဘုရားမလေးလို့ ခေါ်နိုင်သူပါ၊

သူဟာ မြောက်နန်းစံမဟေသီတစ်ပါးရဲ့ ရင်သွေးဖြစ်လေတော့ အခွင့်အရေးကောင်းပါတယ်။ 'ဒေဝဒဟ၊ ကောလိယဟု၊ နှမနှင့်မောင်၊ ပြည်တည်ထောင်' ဆိုစကားအရ မျိုးဆက်မပြန့်ရေး၊ မျိုးနွယ်မရောယှက်ရေး အစီအစဉ်ဟာ သာကီဝင်တို့ ထုံးစဉ်လာပါ။ အင်မတန် တင်းကျပ်တဲ့ အိမ်ထောင်ရေး စည်းကမ်းကြောင့် မောင်နှမရင်းချာကိုပင် ထိမ်းမြားလေ့ရှိတော့ ဖအေတူ၊ မအေကွဲ ဇနပဒကလျာဏီရဲ့ ကံကြမ္မာဟာ အားကျစရာကောင်းပါတယ်။

အင်း. . . သူတို့ကတော့ စိတ်ကူးယဉ်စရာပလေ။ အဂ္ဂမဟေသီ တောင်ညာစံဒေဝီအဖြစ် မှန်းနိုင်သူတွေဆိုတော့ မျှော်မှန်းနိုင်တာပ။

သူကသာ ရွှေလက်တွဲ နန်းသိမ်းပွဲခံမယ်ဆိုရင် မိန်းမတကာတို့ရဲ့ အထွတ်အထိပ် ဖြစ်မှာဆိုတော့ မက်မောစရာပေါ့။

မက်မောဖို့ကောင်းပေမယ့် ထိပ်ထားဘဝက မျှောင်လင့်ချက် နည်းပါတယ်။ ရုပ်ဆင်းရူပကာ မရှိတဲ့အပြင် မျိုးနွယ်က သာမန်ထဲကဆိုတော့ ထိပ်ထားကို သူလိုဘုရင်လောင်းက စဉ်းစားမလား။ ဝေးပါသေး။

ဝေးပေမယ့် ထိပ်ထား အားမလျှော့ပါဘူး။ မျှော်လင့်ချက်ကိုတော့ မလျှော့ဘူး။

ကိုယ့်ရဲ့အားနည်းချက်ကို အားသာချက်နဲ့ အစားထိုးရင် အခြေအနေတစ်မျိုးပြောင်းနိုင်တယ်လို့ တွေးတယ်။ အဆင်းရူပကာနဲ့ မဖမ်းစားနိုင်ပေမယ့် ဖမ်းစားနိုင်တဲ့ အတတ်ပညာက ထိပ်ထားမှာရှိပါတယ်။ အဲဒါ အနုပညာပဲ။

အနုပညာ၊ သီချင်း၊ ဂီတဟာ လူ့ရဲ့စိတ်ကို ညွတ်ပျောင်းနိုင်တယ်။ ပြောင်းလဲနိုင်တယ်။ အရိုင်းကို အယဉ်၊ အယဉ်ကို သိမ်မွေ့စေနိုင်တာ အနုပညာပါ။ ပြောရရင် စိတ်ကိုထိန်းချုပ်နိုင်တာ အနုပညာပါ။ ဒီပညာနဲ့ မောင်တော်ရဲ့ အသည်းနှလုံးကို ဆွတ်ယူဖို့ ထိပ်ထား ကြံရည်ထားပါတယ်လေ။

* * * * *

အနှစ်နှစ်အလလက မျှော်လင့်စောင့်စားနေတဲ့ ထိပ်ထားတို့သာကီဝင်မင်းသမီးတွေဟာ မျှော်လင့်ချက်တွေ ပျက်စီးကုန်ပါပြီ။

မွေးကတည်းက ပါရမီထူးတဲ့သူဟာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးရဲ့ မဟာစီမံကိန်းကြောင့် ယသော်ဓရာကို လက်ထပ်သွားခဲ့တယ်။

ဘုရားဖြစ်လိမ့်မယ်လို့ ပုဏ္ဏားတွေ ဟောချက်ကို ပျက်ပြားပြီး စကြဝတေးမန္တမင်း ဖြစ်လာရေးကို ဘုရင်သုဒ္ဓေါဒနရေးဆွဲခဲ့တယ်။

ဒီအစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ အိမ်ထောင်ချထားမှု အဆောတလင် စီစဉ်ခဲ့တယ်။

သံယောဇဉ်နှောင်ဖွဲ့ပြီး ရုန်းမထွက်နိုင်အောင် ရစ်ပတ်ချည်နှောင်စေခဲ့တယ်။ အဲ. . . ကြင်ယာရွေးရာမှာ ကပိလဝတ်ပြည်သူတွေကို ဥပေက္ခာ ပြုခဲ့တယ်။ နှစ်ပြည်တစ်ပြည်ဖြစ်ရေး အကောင်အထည်ဖော်တဲ့အနေနဲ့ ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓ ရဲ့ရင်သွေး ယသော်ဓရာနဲ့ လက်ဆက်ပေးခဲ့တယ်။

ကြံသော်လည်းပျက်တယ်၊ မကြံသော်လည်း ဖြစ်တတ်တဲ့ လောကသဘာဝတရားကို လက်တွေ့ ကြုံရတာပါပဲ။

နံပါတ်တစ်လို့ တွက်ထားတဲ့ အဘိရူပနန္ဒာလည်း အလွဲကြီးလွဲလို့ စိတ်ပျက်သွားပုံရတယ်။ ကိုယ်ချင်းစာပါတယ်လေ။ ထိပ်ထားသာ အဘိရူပလိုနေရာမျိုး ရှိနေခဲ့ရင် ဒီထက်မက ခံစားရမှာပါ။ အနီးအနားကလူကို ပယ်ပြီး ဟိုအဝေးကတစ်ကြိမ်သာမြင်ဖူးသူကို ရွေးတယ်ဆိုတော့ ရင်နာစရာပေါ့။

အားလျော့တဲ့ အဘိရူပနန္ဒာ နောက်ဆုံးတော့ ဘိက္ခုနီဘဝခံယူသွားပါတယ်။

နံပါတ်နှစ်လို့ မှန်းထားတဲ့ ဇနပဒကလျာဏီရဲ့ မျှော်မှန်းချက်ဟာလည်း သဲထဲရေသွန်သလို ဖြစ်ရတတ်တယ်။ မခံချင့်စရာပါ။ သူ့အပေါ် အမြဲအနွံအတာခံသူ၊ မယ်တော့်ရင်ခွင်ထက်အတူစက်ပြီး နို့စို့ခဲ့သူ၊ ကလေးဘဝက အတူဆော့ခဲ့သူ၊ သူ့အပေါ်မေတ္တာရော၊ ကရုဏာရော၊ စေတနာပါ သန်ခဲ့သူဖြစ်ပါလျက် ဥပေက္ခာပြုရက်တာ အံ့စရာပါ။

ယရာဝါသကိစ္စကို စိတ်ဝင်စားသည်ဖြစ်စေ၊ စိတ်မဝင်စားသည်ဘဲဖြစ်ဖြစ် သူက ယသော်ဓရာနဲ့ ပေါင်းဖက်ပြီး ကပိလဝတ်ရွှေနန်းစိုးစံခဲ့ပြီပေါ့။

တွေးရင် စိတ်ပျက်စရာပါ။ မျှော်လင့်လို့မရတဲ့ဘဝကို စိတ်ကုန်စရာပေါ့။ ဒါပေမယ့် ထိပ်ထား စိတ်မပျက်ဘူး။ ဟုတ်တယ်လေ ဘာစိတ်ကုန်စရာ ရှိလို့လဲ၊ ရှေးကလည်း မျှော်လင့်ချက်နည်းတယ်၊ နည်းမှန်းသိရက် တောင့်တခဲ့တယ်။ ထိပ်ထားအနေနဲ့ နံပါတ်တစ်နေရာကို ဘယ်တုန်းကမှ မမှန်းဘူး၊ တစ်မဖြစ်လည်းနှစ်၊ နှစ်မရလည်း သုံး၊လေး၊ ငါး ဘို. . . . ဘယ်ဘဝမျိုးနေရနေရ သူ့အချစ်ကိုရရင် တော်ပြီလို့ တွေးခဲ့တော့ ဘယ်မှာ အားပျက်စရာလိုမလဲ၊

ပိန်မ၊ ပိန်မလို့ ပြက်ရယ်ပြုတာကိုပဲ အသိအမှတ်ပြုတယ်ဆိုပြီး ကျေနပ်နေသူဆိုတော့. . . ၊

ခေါ်ပါ မောင်တော်. . . ကြိုက်သလိုသာ ခေါ်စမ်းပါ။

ကိသာဂေါတမီရယ်လို့ တစ်ခွန်းခေါ်ရင်ပဲ တစ်သက်လုံး ကျေနပ်သွားမှာပါ မောင်တော်။

* * * * *

ယသော်ဓရာနဲ့ ရွှေလက်တွဲသွားပေမယ့် ထိပ်ထား အားမလျော့ဘူး၊ တစ်နေ့ကျရင် မောင်တော် ရင်ခွင်ထဲ တသော့ဝင်မှေးစက်ရမယ်လို့ ထိပ်ထား ယုံကြည်ထားတယ်၊

ထိပ်ထား တတ်ထားတဲ့ အနုပညာနဲ့ ဖမ်းစားလိုက်ရင် မောင်တော် စိတ်ညွတ်ပျောင်းလာမှာပါ။

ရွှေလက်ကမ်းလျက် ကိုသာလေးရယ်လို့ ခေါ်လာမှာပါ။ ဒီအတွက် အချိန်ကို စောင့်စားနေတယ်။ မောင်တော့်ကို ဖမ်းစားဖို့ ကိုယ်တိုင်သီဖွဲ့ထားတဲ့ တေးအလင်္ကာကို စောင်းတီးခတ်လေ့ကျင့်နေမိတယ်။

"နိဗ္ဗုတာ နုန သာ မာတာ"

"နိဗ္ဗုတော နုန သာ နာရီ"

"ယာသဿယံ ဤဒိသောပတိ"

တေးအလင်္ကာကို ငြိမ့်ညောင်းသာယာစွာ သီဆိုရင်း စောင်းကြိုးလေးတွေကို လှုပ်ခတ်လိုက် တယ်။ ထိပ်ထားရဲ့ လက်ချောင်းတွေဟာ စောင်းကြိုးပေါ်မှာ ပြေးလွှားဆော့ကစားလိုက်တော့ သင်္ဂီရသ၊ သန္တရသ နှစ်ပါးရောယှက်လွှက်ပေါ်စေကာ နှလုံးပီတိ စွဲငြိသွားတယ်။

အဟင်း. . . ဟင်း. . . ထိပ်ထား အတွေးမမှားပါဘူး။

မောင်တော်ဟာ စိတ်ပျံ့လွင့်နေပြီး ယသော်ဓရာအပါးက တစ်စတစ်စ ခွာစပြုတာတွေ့နေရပါပြီ။ ရထားထိန်းတစ်ယောက်သာ အဖော်ပြုပြီး ဥယျာဉ်မွေ့ထွက်တာ တွေ့နေပါတယ်။

ဥယျာဉ်တော်သွားတဲ့ လမ်းဟာ ထိပ်ထားရဲ့ အိမ်ရှေ့က မဖြစ်မနေဖြတ်ရလို့ ဒီအကြောင်းတွေ မြင်နေ သိနေတယ်။ နံနက်က ထွက်သွားတဲ့ မောင်တော်ဟာ တစ်နေကုန်ဥယျာဉ်မှာ အချိန်ဖြုန်းပြီး ညနေစောင်းမှာ ပြန်လေ့ရှိတယ်။

ဒါဟာ ပိန်မအတွက် အခွင့်အရေးပဲ မဟုတ်လား မောင်တော်. . . ။

ပိန်မဟာ ကိုယ့်ကိုယ်ကို အစွမ်းကုန်ပြင်လိုက်တယ်။ ပါးလှပ်နွဲ့နှောင်းတဲ့ ကိုယ်ဟန်သွင်ပြင်နဲ့ လိုက်ဖက်မယ့် အဝတ်တန်ဆာကိုရွေး၊ အဖိုးတန်လည်ဆွဲရတနာကို ဆင်ယင်၊ နံ့သာအမွှေးခြယ်သ၊ သဇင်ပန်းခက်ကိုပန်ပြီး မောင်တော့်ရထားအလာကို စောင့်နေလိုက်တယ်။

ရထားဝင်လာတာနဲ့ လှုရိပ်ထွက်ပြတယ်။ အဝေးကတည်းက ပြုံးရယ်ပြလျက် ကြားလောက်တဲ့ နေရာရောက်တော့ အကြောင်းရမယ်ရှာပြီး နှုတ်ခွန်းဆက်လိုက်တယ်။

"မောင်တော် တစ်ယောက်တည်း ဥယျာဉ်မွေ့ဖို့ ထွက်လာတယ်ထင်ပ. . . "

"အဖော်မဲ့ တစ်ကိုယ်တည်း ပျော်ရတယ်ဆိုတော့ လိုအင်ဆန္ဒပြည့်ပုံမလား မောင်တော်"

"အစ်မတော် ယသော် မရှိရင်လည်း မင်းသမီးတစ်ပါးပါး မောင်တော့်အပါးမှာ ရှိသင့်တယ်"

"ပိန်မရဲ့ ပြုစုမှုကို လိုလားရင် မိန့်တော်မူပါ မောင်တော်"

ထိပ်ထားရဲ့ စကားအသွားအလာကို ဆန်းစစ်တွေးတောနေစရာမလိုပါဘူး။ မိန်းကလေးရဲ့ဆန္ဒ အထင်းသားပေါ်နေပါတယ်။ ထိပ်ထားစကားကို ခေါင်းညိတ်ခေါင်းခါမပြုဘဲ မောင်တော်က ပြုံးလို့သာ နေပါတယ်။

တော်ရုံတန်ရုံ စိတ်ဓာတ်ဆိုရင် အားပျက်စရာပေါ့။ ဒါပေမယ့် အားမပျက်မိဘူး။ ချစ်ခြင်းမေတ္တာ

အပေါ် ပေးဆပ်ခြင်းလို့ ခံယူထားတဲ့ ထိပ်ထားအနေနဲ့ အစဥ်အမြဲ ပေးဆပ်နေရရင် ကြည်နူးတာပါပဲ။

ဖြစ်တယ်လေ. . . မောင်တော်စိတ်လည်အောင် လုပ်ဖို့က ထိပ်ထားမှာ အဆင်သင့်ရှိနေတာပဲ။ ပထမအဆင့်နဲ့ မထူးခြားရင် နောက်တစ်ဆင့်တက်ရမှာက ထိပ်ထားတာဝန်ပဲမို့လား။

"သားကောင်းရတနာရဲ့မိခင်ဟာ ငြိမ်းအေးရတယ်။ ကြင်သူသက်ထား ဇနီးမယားလည်း ငြိမ်းအေးပေတယ်။ ဒီလို အရှင်သခင်မျိုးကို အဘယ်သူက မယူချင်ဘဲ ရှိလေမလဲ"

ဒီသီချင်းကို ခံစားချက်အပြည့်နဲ့ သီဆိုရင်း စောင်းကိုအစွမ်းကုန် တီးခတ်လိုက်တယ်။ သီချင်းသံကြားလိုက်တာနဲ့ မောင်တော်က ရထားကို ရပ်ခိုင်းတယ်။ အာရုံစူးစိုက်နားထောင်နေတာတွေ့ရတယ်။ ထိပ်ထားလက်တွေဟာ သွက်သွက်လက်လက် ပိုလှုပ်ရှားလိုက်တယ်။ အတို့၊ အထိ၊ အဖိ၊ အဆွဲ ပညာကုန်သုံးပြီး တီးခတ်ပစ်လိုက်တယ်။

သီချင်းသံဆုံးတာနဲ့ မောင်တော်က ခေါင်းထောင်ကြည့်တယ်။ အံ့ဩတဲ့မြင်ကွင်းကို မြင်ရသည့်နှယ် တုန်တုန်လှုပ်လှုပ်ကြည့်တယ်။ မောင်တော်ဟာ ရထားထက်က ခပ်သွက်သွက်ဆင်းလာပြီး ထိပ်ထားဆီကို လျှောက်လာတယ်။

"ဟို. . . နှမတော် ကိသာဂေါတမီ၊ ဒီသီချင်းလေးကို ထပ်တီးပြစမ်းပါဦး။ မောင်တော်နားဆင်လို့ မရောင့်ရဲနိုင်အောင် ရှိလိုက်တာ နှမတော်ရယ်. . ."

"မောင်တော် ဆန္ဒရှိရင် ကိသာ တီးပြပါမယ်။ အေးအေးသက်သာထိုင်ပါဦး မောင်တော်။ သောက်တော်ရေအေးအေးလေးသုံးရင်း အပန်းဖြေနားနေပါဦး"

"အင်း. . . ကောင်းပါ့ ကိသာ။ ကဲ. . . နားဆင်ပါရစေတော့"

ထိပ်ထားရင်ထဲ ဘယ်လိုခံစားသွားရတယ်ဆိုတာ စဥ်းစားသာကြည့်ပါ။

အရှင့်သားရဲ့ အပြုံးကို ပထမဆုံးမြင်ရပြီ။

အရှင့်သားနဲ့ နီးနီးကပ်ကပ် ဆက်ဆံခွင့်ရတယ်။ မိမိရဲ့ အနုပညာစွမ်းအားကို ထုတ်ဖော်ချီးကျူးတဲ့အနေနဲ့ ပိန်မ ပိန်မလို့ခေါ်နေရာက ကိသာဂေါတမီရယ်လို့ ပြောင်းလဲခေါ်တဲ့အသံကြားရတော့ ထိပ်ထားရင်ထဲ ကြည်နူးလိုက်တာ။

ဟုတ်တယ်. . . တကယ်ပါ။ တေးဂီတကို တမေ့တမော နားထောင်ပြီး ရွှေနန်းတော်ပြန်သွားတဲ့ မောင်တော့်မျက်နှာဟာ အလိုပြည့်သွားသလို ထိပ်ထားလည်း အလိုပြည့်ခဲ့ပါတယ်။ ရထားထိန်းကို ပြန်လွှတ်ပြီး ဥလာဘ်အဖြစ် အဖိုးတစ်သိန်းထိုက်တဲ့ ပုလဲရတနာလည်ဆွဲ ချီးမြှင့်ခဲ့တယ်။

မောင်တော့်အချစ်ကို ပိုင်ပိုင်နိုင်နိုင် ဆွတ်ခူးလိုက်နိုင်ပြီဆိုတာ သိလိုက်ပါပြီ။ အနှစ်နှစ်အလလက တောင့်တခဲ့သမျှ ပြည့်ဝလို့ ထိပ်ထားကြည်နူးမိတာ အမှန်ပါ။

• • • •

ထိပ်ထားအထင် ပါစင်အောင်လွဲခဲ့ပြီဆိုတာ နောက်တစ်နေ့ကျမှ သိလိုက်တယ်။

သိသိချင်း တော်တော်တုန်လှုပ်သွားတယ်။ ဒီအကြောင်းကို အစကသာတွေးမိရင် ထိပ်ထား ဒီသီချင်းကိုလည်း မဆိုပါဘူး။ ဒီအလင်္ကာကိုလည်း ရေးဖွဲ့မိမှာ မဟုတ်ဘူး။

အေးငြိမ်းမှုနဲ့ လွတ်မြောက်မှုထွက်ပေါက်အမြဲရှာနေတဲ့ အရှင်သားဟာ နိဗ္ဗုတာဆိုတဲ့စကား ကြားလိုက်တာနဲ့ သူ့ရဲ့အသိဉာဏ်တံခါး ပွင့်သွားပုံရတယ်။ ပုထုဇဥ်သာဖြစ်သော ဤလူ၏ ခန္ဓာအတ္တဘောကို မြင်လို့ မိဘ၊ ကြင်သူဟာ ငြိမ်းချမ်းသည်ဆိုသည်မှာ ဘယ်လိုဖြစ်နိုင်မလဲ။ ရာဂ၊ ဒေါသ၊ မောဟမီးငြိမ်းမှ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏစတဲ့ ဒုက္ခဘေးအပေါင်း ကင်းငြိမ်းနိုင်မယ်။

ထိုသို့ ငြိမ်းချမ်းသော သားကို မြင်မှသာ နိဗ္ဗုတာမည်ပေမပေါ့လို့ ဆင်ခြင်သွားမိပုံရပါတယ်။ ငြိမ်းချမ်းခြင်းအမှန်ကို နိဗ္ဗာန်ကို မြင်လိုက်တာနဲ့ လောကီစည်းစိမ်မှန်သမျှ စွန့်လွှတ်နိုင်စိတ်ဖြစ်သွားတယ်။

အမှန်ပါ။ သူဟာ လူတိုင်းမက်မောတဲ့ ရွှေနန်းစည်းစိမ်ကို စွန့်လွှတ်တယ်။ စကြဝ တေးမန္တတ်မင်းအဖြစ်ကို စွန့်လွှတ်တယ်။ တွယ်မက်နှစ်သက်စရာ ယသော်ဓရာကို ပစ်ပယ်ခဲ့တယ်။ တစ်သိန်းတန်လည်ဆွဲဟာ သူ့စွန့်လွှတ်တဲ့ စည်းစိမ်ထဲက ဆန်ကျိုးတစ်စေ့မျှသာ ရှိပါတယ်။

အရာရာကို စွန့်လွှတ်ပြီး တောထွက်သွားတဲ့ သူ့ကြောင့် ကပိလဝတ်တစ်ပြည်လုံး အုံးအုံးကျွက်ကျွက် ဖြစ်ကုန်တယ်။

မျှော်လင့်ချက်ဆုံးရှုံးတဲ့ ထိပ်ထားလည်း ယူကျုံးမရဖြစ်ကာ အရုပ်ကြိုးပြတ်လဲကျသွားတာပါပဲ။

* * * * *

နိဗ္ဗုတာ. . . ငြိမ်းချမ်းခြင်းဆိုတဲ့ စကားနဲ့ဖမ်းစားဖို့ ကြိုးစားမိလို့ ကိုယ့်ကိုယ်ကို ဒေါ်ထမိတယ်။ မိမိကသာ ဒီစကားမသုံးမိရင် ငြိမ်းချမ်းခြင်းဆိုတဲ့ စကားအဓိပ္ပာယ်ကို ကောက်မိမှာမဟုတ်ဘူး။ ဒါဆို တောထွက်ဖြမယ်မထင်။

ဒါပေမယ့် ခပ်ပေါ့ပေါ့ အတွေးတစ်ခုကြောင့် စိတ်သက်သာပြန်တယ်။

သူဟာ ရဟန်းပြုသွားတယ်ဆိုပေမယ့် သူ့လုပ်ရပ်အမှားကို ဝန်ချပြီး ရွှေနန်းတော်ဆီ ပြန်လာလိမ့်မယ်။ သူလို နုနယ်တဲ့ မင်းသားတစ်ပါးဟာ သူတော်စင်ရဟန်းဘဝကို ကြာရှည်နေနိုင်မှာတဲ့လား။

ရမ္မ၊ သုရမ္မ၊ သုဘခေါ်တဲ့ နန်းမသုံးဆောင်မှာ နွေ၊ မိုး၊ ဆောင်းအလှည့်ကျပြောင်းစံစားသူ၊ အနုအရွအလှအပလေးတွေ ဝန်းရံပြီး ကာမစည်းစိမ်အပြည့် ခံစားနေရသူက ဒုက္ခဆင်းရဲမှုကိုရေရှည် ခံနိုင်မှာတဲ့လား။

ဒီအတွေးတွေဟာ ဒုတိယမြောက် အမှားဖြစ်ကြောင်း တဖြည်းဖြည်းသိလာပါတယ်။

သူ့သတင်းတွေက အဆက်မပြတ် ကြားနေတယ်လေ။

သူဟာ ရဟန်းပြုပြီး အနုပိယသရက်တောမှာ စံစားနေသတဲ့။ ယူဇနာသုံးဆယ်ခရီးကို နေ့ချင်း သွားလျက် ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်သတဲ့။ ငယ်ရွယ်သူရဟန်းကိုမြင်တော့ ရာဇဂြိုဟ်ပြည့်ရှင်က အကြောင်းခြင်းရာ စုစမ်းတယ်။

ကပိလဝတ်ပြည့်ရှင်ဘုရင်သားမှန်းသိတော့ ပြည်တစ်ဝက်ပေးပြီး ဆွယ်သတဲ့၊ သူကခေါင်းခါတော့ ငယ်ရွယ်သူဘဝမှာ တောမထွက်ပါနဲ့ မာဂဓတစ်ပြည်လုံးကို သိမ်းမြန်းအုပ်ချုပ်မင်းလုပ်ပါလို့ မိန့်သတဲ့။ ရာဇဂြိုဟ်ပြည့်ရှင်က ဒီလိုပြောတော့ သူက ဘာပြန်ပြောတယ် ထင်လဲ။

"အဆွေတော်မင်းမြတ်၊ ရွှေနန်းစည်းစိမ်ကို ငါမခုံမင်။ ဒီစည်းစိမ်ဟာ ရေပွက်ပမာ တစ်သက်လျာ မျှသာ ဖြစ်တယ်။ စည်းစိမ်ကိုမှီပြီး ကိလေသာပွားရင် အကုသိုလ်ဒုစရိုက်ဖြစ်လို့ သံသရာမှာ နန်းမွန်းရုံသာ ဖြစ်မယ်။ ဒါကြောင့် အသင့်စည်းစိမ်ကို မစင်အိမ်ကလောက်၊ စွန့်ပစ်တဲ့တံတွေးပေါက်နှယ် ငါစွန့်ပယ်ခြင်း ဖြစ်ပေတယ်"

သူ့စကားက ပြတ်သားလိုက်တာ လွန်ရော. . .။

အဲဒီနောက် သတင်းပျောက်သွားတာ အတန်ကြာသွားတယ်။ ပြန်ကြားရတဲ့ သတင်းတွေက ချီး ကျူးစရာပဲ။

တစ်ခုသော တောအုပ်မှာ အာဠာရရသေ့နဲ့တွေ့ပြီး ဈာန်သမာပတ်ကို နှီးနှောတယ်၊ လောကီ ဈာန် ခုနစ်တန်ရသတဲ့၊

သူ့ရဲ့အကျင့်စရဏဟာ ချီးကျူးစရာပဲ၊ အဲဒီနောက် ဥဒကရသေ့နဲ့ အထက်ဈာန်ကို နှီးနှောတော့ ရှစ်တန်သော ဈာန်သမာပတ်ရခဲ့သတဲ့၊ ဒီအကြောင်းတွေ ကြားရတော့ လောကီစိတ်မကုန်သေးဘဲ သူ့ကို မျှော်လင့်ချက်ထားမိတယ်။

ဒါပေမယ့် မျှော်လင့်ချက် ပျက်ရပြန်တာပါပဲ၊ ဈာန်တရားတွေဟာ သဗ္ဗညုတဉာဏ်ရဲ့ အကြောင်း မဟုတ်၊ သစ္စာတရားအမှန်ရှာကြံဖို့ ဥရုဝေလတောကို ထွက်သွားသတဲ့၊

ဥရုဝေလတောမှာ ကမ္ဘဌာန်းအလုပ်လုပ်ပုံကြားရချက်က ပြင်းထန်လွန်းပါတယ်၊

တစ်နေ့လုံး ဆွမ်းတစ်လုပ်၊ သစ်သီးတစ်လုံး၊ နှမ်းတစ်စေ့၊ ဆန်တစ်စေ့သာ စားသတဲ့၊ ဒီသတင်း ကြားတော့ ထိပ်ထားရင်တွေ တုန်လှုပ်သွားတယ်၊ ဖြစ်မှဖြစ်ရလေ မောင်တော်ရယ်. . . ဒုက္ခမရှိ ဒုက္ခရှာ ညှဉ်းဆဲရတယ်လို့ ကရုဏာစိတ်နဲ့အပြစ်တင်မိပြန်ပါတယ်၊

သတင်းဆိုးတွေက ဆက်တိုက်ကြားလာရတယ်၊

နေ့ရက်လွန် အစာမစားဘဲ ကျင့်ရုံမက အာဟာရကိုပင် အလျဉ်းမမှီဝဲတော့ဘဲ ပြတ်လိုက်လို့ တင့်တင့်တယ်တယ် အသရေရှိတဲ့ ရွှေရုပ်လွှာဟာ အဆီခန်းခြောက်၊ အရိုးပေါ် အရေတင်၊ မြင်လျှင် မှတ် မိစရာမရှိအောင် ဖြစ်သွားသတဲ့၊

လူဟာ အာဟာရနဲ့ အသက်မှင်ရပ်တည်နေရတာပါ။ ဒီအာဟာရကို ဖြတ်လိုက်တော့ မဟန်နိုင်ဘဲ ဗုန်းဗုန်းလဲပါရောတဲ့။

သူ့သတင်းတွေက နားမချမ်းသာစရာပါ။ အကျင့်လွန်လို့ ဘုရားမဖြစ်ရှာဘဲ သေပွဲဝင်ပြီဆိုတဲ့ သတင်းကြောင့် ရင်ထုမနာ ဖြစ်ရပါရော။

သူ့ရဲ့ ပြင်းထန်တဲ့ စိတ်ဓာတ်ကို သိနေတဲ့ ထိပ်ထားဟာ ခုချိန်မှာတော့ မျှော်လင့်ချက်ကို ရုပ်သိမ်းလိုက်ပါပြီ။

သာကီဝင်တို့ရဲ့ ထုံးတမ်းစဉ်လာအတိုင်း အနွယ်တူမင်းသားတစ်ပါးရဲ့ ကမ်းလှမ်းမှုကို လက်ခံလိုက်ပါတယ်။

ကိသာဂေါတမီ စိတ်လျှော့လိုက်ပါပြီ မောင်တော်။

* * * * *

သူဟာ ရည်ရွယ်ချက်ကို ဇွဲနပဲသန်သန်နဲ့ မဆုတ်မနစ်လုပ်ပြီး အရယူတတ်တဲ့ စိတ်ရှိကြောင်း ထိပ်ထားသိပါတယ်။ ထင်ရှားတဲ့ သာဓကက အစ်မတော် ယသော်ဓရာကို ရွှေလက်တွဲခွင့်ရဖို့ လေးအတတ်ပြတုန်းကပါ။ မာနကြီးတဲ့ ဦးရီးတော်သုပ္ပဗုဒ္ဓပင် အံ့အားသင့်ပြီး နှိမ့်ချစကား ဆိုစေခဲ့တယ်။

ခုလည်းကြည့်လေ. . . ။

ဖခင်ဆန္ဒကို အတတ်နိုင်ဆုံး အလိုလိုက်ခဲ့ပြီး နောက်ဆုံးသူဆန္ဒရှိရာကို လုပ်သွားတယ်။ သစ္စာလေးပါးတရားကို မတွေ့တွေ့အောင် ရှာခဲ့တယ်။ ဖြစ်မယ်မထင်တာ အရယူပြခဲ့တယ်။

သူဟာ သဗ္ဗညုတရွှေဉာဏ်ရှင် ဘုရားစစ်စစ်ဖြစ်ကြောင်း ကြားရတော့ ကပိလဝတ် ပြည်သူတစ်ယောက်အနေနဲ့ ဂုဏ်မယူဘဲ ဘယ်နေနိုင်မလဲ။ ခမည်းတော် သုဒ္ဓေါဓနမင်းကြီးဆိုရင် လက်ရုံးဆန့်တန်း ကြုံးဝါးခဲ့တယ်။

သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ပြီဆိုတဲ့ သတင်းက မဇ္ဈိမတစ်ဝန်းလုံး ပျံ့နှံ့ပေမယ့် ခုချိန်ထိ သူ့ကို မဖူးရသေးဘူး။ ခမည်းတော် သုဒ္ဓေါဓနမင်းကြီးက သားဘုရားကို ဖူးချင်လွန်းလို့ တမန်တွေ စေလွှတ်တယ်။ လွှတ်သမျှ တမန်တွေဟာ ပြန်ရောက်မလာဘဲ ဘုရားရှင်ရဲ့အရိပ်မှာ ခိုလှုံသွားတယ်။

နဂိုကတည်းက သူ့အရိပ်ကို ခိုလှုံချင်သူ ကပိလဝတ် ပြည်သားတို့ဟာ အရှင်နဲ့တွေ့ပြီး ရဟန်းပြုကုန်လို့ ကပိလဝတ်သူတွေ တွေးပူစရာဖြစ်လာတယ်။

သူ့စွန့်ခွာသွားလို့ ကပိလဝတ် ရွှေနန်းတော်ကို ရိုက်ခတ်တဲ့ဂယက်ဟာ ပြင်းထန်ရှာရတယ်။ ရွှေနန်းတော်အစဉ်အလာအရ အရွယ်မရောက်သေးတဲ့ ရာဟုလာလေးကို နန်းလျာချီးမြှင့်ခဲ့တယ်။

ထုံးတမ်းစဉ်လာအရမို့ အပြောင်းအလဲဟာ မထူးခြားဘူးဆိုပေမယ့် အဂ္ဂမဟေသီမိဖုရား အရာ

မှန်းထားတဲ့ နန်းတွင်းသူတွေအဖို့ အကြီးအကျယ်ပြောင်းလဲချက်ပါ။

ရည်ရွယ်ချက်ကြီးမားတဲ့ မင်းသမီးတွေကတော့ စိတ်ပျက်စရာဖြစ်ရပ်ပါပဲ။

အင်. . . ငြိမ်သက်စပြုနေတဲ့ ဒီဂယက်ဟာ ကပိလဝတ်ကို သူရောက်လာချိန်မှာတော့ ထပ်မံ ရိုက်ခတ်သွားပြန်တယ်။ ဒီတစ်ကြိမ် ရိုက်ခတ်မှုဟာ ကပိလဝတ်ပြည်ကြီး ကွယ်သွားတော့မတတ်ပါပဲ။

ဟုတ်ပါတယ်. . . ယောက်ျားမှန်သမျှ သူ့အရိပ်ခိုပြီး ရဟန်းပြုကုန်ပါတယ်။ အဲဒီထဲမှာ ထင်ရှားတဲ့ မင်းသားတွေ ရဟန်းပြုသွားတယ်။ နန်းစောင့်သူအဖြစ် မဟာနာမ်ကျန်ရစ်လို့သာ တော်တော့တယ်။

အများတကာ လှုပ်လှုပ်ရှားရှား ဖြစ်နေတော့ ကိသာလည်း တုန်လှုပ်မိတာ အမှန်ပါ။ မချစ်သော် လည်း လက်ထပ်ခဲ့တဲ့ ခင်ပွန်းသည်ပါသွားမှာစိုးလို့ ပူပန်ရတယ်။ အတတ်နိုင်ဆုံး အလိုလိုက် အကြိုက် ဆောင်ပြီး ယုယခဲ့ရတယ်။

ဪ. . . . ကပိလဝတ်ပြည်သူ မိန်းမသားတို့ တန်းဖိုးကျတဲ့ ကာလပါလားလို့ တွေးမိပြီး ရင်ထဲ က မချိတင်ကဲ ရယ်မိပါသေးရဲ့။

တော်ပါသေးတယ်လေ. . . ကိသာ ကံကောင်းတယ်လို့ ဆိုရမှာပါ။

ကိသာရဲ့ အိမ်ဦးသခင် ကိလေသာစိတ် မကုန်စင်သေးလို့သာပ။ အကယ်၍များ ကာမဂုဏ်အာရုံ စိတ်တွေ နွမ်းခြောက်သွားပြီဆိုရင် တစ်ခုလပ်ဘဝ ရောက်ရမယ့်ကိန်း။

ဒီလိုနဲ့ အားကိုးတွယ်တာစရာ ရင်သွေးငယ်ထွန်းကားခဲ့ပါတယ်။ မှန်တာပြောရင် ငရဲကြီးမယ် မထင်ပါဘူးနော်။ သားရဲ့သွင်ပြင်က သူ့နှယ် ယောက်ျားပီသပြီး ချောမှချော။

ကံကြမ္မာလို့ပဲ ပြောရမလား၊ သင်္ခါရတရားလို့ပဲ ကောက်ချက်ချရမလား မသိ၊ ထိပ်ထားရဲ့ ကြည် နူးနေတဲ့ဘဝ ကပြောင်းကပြန်ဖြစ်သွား ပြန်ပါတယ်၊

ထိပ်ထားရဲ့ အချစ်ဆုံးသားလေးဟာ ရုတ်တရက်ကောက်ကာငင်ကာ ဆုံးပါးသွားတယ်၊ ထိပ်ထား အကြီးအကျယ် တုန်လှုပ်သွားတယ်၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းလဲ မသိဘူး၊ ဝိညာဉ်မဲ့နေတဲ့ သားကိုယ် လုံးလေး ပွေ့ယူပြီး နိဗြောကဓရုံကျောင်းကို ပြေးခဲ့တယ်၊

"မောင်တော်. . . အဲ. . . အရှင်. . . အရှင်ဘုရား. . . ကိသာကို ကယ်တင်တော်မူပါ"

ဘုရားရှင်ကို တွေ့တာနဲ့ အယောင်ယောင်အမှားမှားခေါ်မိတယ်၊ ကိသာ စိတ်ထဲမှာ သိဒ္ဓတ္ထ မင်းသားအဖြစ်နဲ့ အားကိုးလိုစိတ်သာ ကဲလွန်နေတယ်၊ သံယာ့ပရိသတ်အလယ် အတင့်အတယ် စံပယ် နေတဲ့ ဘုရားရှင်က ကရုဏာတရားနဲ့ ကြည့်တယ်၊

"ချစ်သမီး ဂေါတမီ. . . ပူပင်သောက ကြီးလွန်းလှချည်လား"

, "အမှန်ပါဘုရား ကိသာမှာ ဒီရင်သွေးသာ အားကိုးစရာ၊ ဒီရင်သွေးသာ သံယောဇဉ်ဖြစ်စရာ ရှိ ပါတယ်၊ အို. . . တန်ခိုးရှင်မြတ်ဘုရား. . . သားရဲ့အသက်ကို ကယ်တော်မူပါ၊ ကိသာရဲ့ ရင်သွေး

အသက်ရှင်အောင် ကုသပေးတော်မူပါ"

ထိပ်ထားဟာ သားသေကို ဘုရားရှင်ရှေ့ထိုးပြပြီး ကိုယ်ဖြစ်လိုတဲ့ ဆန္ဒကို ဇွတ်တိုးပူဆာမိတယ်။ ကိသာစိတ်ထဲ ယုံကြည်နေတယ်လေ။ အင်မတန်ဘုန်းတန်ခိုးကြီးတဲ့ ဘုရားရှင်ဟာ သားအသက်ကို ပြန်ရှင်အောင် လုပ်ပေးမယ်လို့ လုံးဝယုံကြည်တယ်။ သေချာပါတယ်။ ဘုရားရှင်ကပိလဝတ်ကို ကြွလာစဉ်က တန်ခိုးပြာဋိဟာ ပြတာကို မျက်ဝါးထင်ထင် မြင်ခဲ့တာပဲ။ ဘယ်တန်ခိုးရှင်မှ ပြနိုင်စွမ်းမရှိဘူး။ အဲဒီတန်ခိုးရှင်ဟာ သားအသက်ရှင်ရုံလုပ်ဖို့ ခဲယဉ်းမှာ မဟုတ်ပါဘူး။

"ချစ်သမီး ကိသာဂေါတမီ. . . "

"မှန်ပါ မြတ်ဘုရား. . . "

"သားကို တကယ်ချစ်မြတ်နိုးသလား"

"မှန်ပါဘုရား. . . သားအသက်နဲ့စည်းစိမ်ဥစ္စာလဲလို့ရမယ်ဆို လဲဝံ့ပါတယ်။ ဒီသားအသက်ရှင်မယ်ဆိုရင် ဘာမဆို စွန့်ဝံ့ပါတယ်။ အို. . . အဆုံးစွန်ပြောရရင် ကိသာအသက်ကိုပင် လဲဝံ့ပါဘုရား"

"ကောင်းပြီကိသာ. . . ဒီအကြောင်းကြောင့်ဆိုရင် ငါဘုရားကုပေးမယ်"

"အို. . . ဝမ်းသာလိုက်တာ ဘုရား။ ကု. . . ကုပေးပါဘုရား။ သားအသက်သာရှင်မယ်ဆိုရင် ကိသာဘာပဲ လုပ်ရလုပ်ရပါ"

ထိပ်ထားဟာ သေခြင်းတရားကို ဆင်ခြင်မသိ၊ နားလည်မှုမရှိလေတော့ ရင်တစ်ခုလုံး မီးဟုန်းဟုန်းတောက်ပူနေတယ်။ အပူလုံးကြွ၊ ယူကျုံးမရဖြစ်နေတဲ့ ကိသာသွင်ပြင်ဟာ အရူးမတစ်ယောက်နဲ့မခြား ဖြစ်နေတာ ကိုယ့်ကိုယ်ပင် မရိပ်စားမိပါဘူး။ ကိသာရဲ့ သောကကိုသိနေတဲ့ဘုရားရှင်က အပူငြိမ်းစေဖို့ တရားဆေးတိုက်ကျွေးတာကို မရိပ်စားမိပါဘူး။

"ချစ်သမီး ကိသာဂေါတမီ. . . သင့်သားအသက်ရှင်လိုရင် သားသမီး၊ မိဘဆွေမျိုးမသေဖူးတဲ့ အိမ်က မုန်ညင်းလက်တစ်ဆွမ်းယူခဲ့လော့. . . "

"ဘုရား. . . မုန်ညင်း. . . ဟုတ်ပါသလား ဘုရား။ ဒီသားလေးအသက်ရှင်အောင် မုန်ညင်းလက်တစ်ဆွမ်းပဲ လိုတယ်။ အမှန်ပဲလား ဘုရား၊ ဒါဆို အခုချက်ချင်း ယူလာပါ့မယ် မြတ်ဘုရား"

ထိပ်ထားဟာ သားအလောင်းကို ရင်ခွင်ပိုက်ပြီး ဘုရားကျောင်းတော်က အလျင်အမြန်ထွက်ခဲ့တယ်။

မုန်ညင်းစေ့ဟာ မဇ္ဈိမဒေသမှာ အလွန်ပေါပါတယ်။ ဘယ်သူ့အိမ် ဝင်တောင်းတောင်း လက်တစ်ဆွမ်းကတော့ အလွယ်နဲ့ ရနိုင်တာပါ။

မခက်ခဲတဲ့ ဒီမုန်ညင်းစေ့ရရင် ထိပ်ထားရဲ့သားလေး အသက်ရှင်မယ်လို့ ဆိုလို့ ဝမ်းသာသွားတယ်။ ကျောင်းနဲ့မလှမ်းမကမ်းမှာရှိတဲ့ အိမ်ကို တန်းဝင်သွားလိုက်တယ်။

"ဒီ. . . ဒီမယ် . . ဘကြီး၊ ကျွန်မကို တစ်ခုကူညီစမ်းပါ၊ ခပ်မြန်မြန်လေး အကူအညီပေးလိုက်စမ်းပါရှင်၊ ဟောဒီ ကျွန်မလက်ထဲ မုန့်ညင်းစေ့ထည့်ပေးစမ်းပါ"

"ဟေ. . . အေး ရမယ်. . ရမယ်၊ ဒါနဲ့ မေးစမ်းပါရစေ၊ မင်းက ဘယ်လိုဖြစ်လာတာလဲ၊ ဘာကြောင့် ဒီလောက်ဖျာလောင်ခတ်နေတာလဲ"

"ဟိုဒင်းလေ. . . ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ ကျွန်မသားလေးသေလို့. . . "

"ဟော. . . "

ထိပ်ထားက အသက်မရှိတဲ့ကလေးအလောင်းကို မြောက်ပြ ရင်းအမေးကို ဖြေလိုက်တော့ အဘိုးအိုက အံ့အားတသင့် ရေရွတ်တယ်၊

အဘိုးအိုက ထိပ်ထားရင်ခွင်ထဲက သားငယ်ကို ငုံ့ကြည့်ပြီး ကရုဏာသက်ဟန်ဖြင့် စုတ်သပ်သည်၊ ထိပ်ထားသောကကို စာနာထောက်ထားသည့်မျက်လုံးများဖြင့် ပြန်ကြည့်သည်၊

"ဟုတ်တာပဲ၊ ကလေးက တောင့်တောင်နေပြီကွယ်. . . "

"ဟုတ်တယ် ဘရဲ့၊ ဒီကလေးအသက်ရှင်အောင် ဘုရားရှင်က ကုပေးလိမ့်မယ်၊ ဟောဒီမုန့်ညင်းစေ့ရရှိ အသက်ပြန်ရှင်မတဲ့"

"ဟုတ်လား. . . ဘုရားရှင်က ဒီလိုပြောလား"

"သေသေချာချာပြောတာပေါ့၊ ကျွန်မသားလေး အသက်ရှင်စေရမယ်တဲ့၊ လူမသေဖူးတဲ့အိမ်က မုန့်ညင်းစေ့တစ်လက်ဆွမ်းသာ ယူခဲ့တဲ့ ဘရဲ့. . . "

"ဟော့ . . . ဒါဆို ငါ့အိမ်က မုန့်ညင်းစေ့က မင်းအတွက် ဘယ်မှာအသုံးဝင်မလဲ"

"ရှင်. . . ဘာပြုလို့လဲ ဘကြီးရယ်၊ ကျွန်မကိုပေးတဲ့ ဒီမုန့်ညင်းစေ့အတွက် တန်ရာတန်ဖိုးပေးပါမယ်၊ အဘိုးကြိုက်တဲ့ဈေးတောင်းပါ၊ ကျွန်မသား အသက်ရှင်ဖို့ ငွေဘယ်လောက်ကုန်ကုန် သုံးပစ်မှာပါ"

"မဟုတ်ဘူး ကလေးမရဲ့. . . မုန့်ညင်းစေ့အတွက် ငွေလဲ မလိုပါဘူး၊ မင်းယူရင် တစ်ပြီလည်း ပေးနိုင်တယ်၊ တစ်တင်းလဲ ပေးလို့ရတယ်"

"လက်တစ်ဆွမ်းတည်းပါ"

"ဟုတ်ပါတယ်. . . ဒီအတွက် ကျုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် မင်းပြောတယ်မို့လား၊ လူမသေဖူးတဲ့ အိမ်က မုန့်ညင်းစေ့ဆို"

"ဟုတ်ကဲ့. . . "

"ကျုပ် အမယ်ကြီးဆုံးတာ ရက်တောင်မလည်သေးဘူး၊ ဒီတော့ မင်းလိုချင်တဲ့ မုန့်ညင်းစေ့ ဘယ်ဖြစ်မလဲ"

"ဩော်. . . ဟုတ်ပါရဲ့၊ ဒါဆို ကျေးဇူးတင်တယ်အဘ၊ ကျွန်မ မုန့်ညင်းစေ့ ဆက်ရှာလိုက်ဦးမယ်"

ထိပ်ထားဟာ သားတည်းဟူသော သောကနဲ့ တစ်အိမ်တက်ဆင်း မုန်ညင်းစေ့ရှာလိုက်တာ ကပိလဝတ်တစ်မြို့လုံး နှံ့သွားတယ်။ လူမသေဖူးတဲ့အိမ် ရှာမတွေ့ဘူး။ တချို့က မယားသေ၊ တချို့က သမီးသေ၊ တချို့က ကျွန်သေ သေဖူးတဲ့အိမ်တွေချည်းဖြစ်နေတယ်။

ထိပ်ထားဟာ စိတ်ပင်ပန်းကြီးစွာနဲ့ သားအလောင်းကို ငုံ့ကြည့်လိုက်တယ်။ အသွေးအရောင်ပြောင်းပြီး အနံ့ထွက်စပြုနေတဲ့ သားရဲ့ရုပ်သွင်ကိုကြည့်ပြီး ဆင်ခြင်တုံတရားတွေ့သွားပါတယ်။

"ဩော်. . . အံ့ဖွယ်ပါတကား. . . ငါဟာ တာဝန်လေးတဲ့အမှုကို ပြုမိပါပေါ့လား။ အသက်ရှင်သူမှန်သမျှ သေရမည်ကို မဆင်ခြင်မိတဲ့ ငါဟာ မိုက်မဲပေစွ၊ မိုက်မဲစွ။

သားသေကို သင်္ချိုင်းမှာ စွန့်ပြီး ထိပ်ထားကျောင်းတော်ကို ပြန်ခဲ့တယ်။ သည်တစ်ကြိမ်ကျောင်းကိုဝင်လာတဲ့ ထိပ်ထားရဲ့အသွင်ဟာ ပူလောင်ခြင်းကင်းပြီး ငြိမ်းအေးနေတယ်။ ကန်ရေပြင်လို တည်ငြိမ်တဲ့မျက်နှာသွင်ပြင်နဲ့ ဣန္ဒြေရရ လှမ်းလာတဲ့ ထိပ်ထားကို ဘုရားရှင်က မမှိတ်မသုန်ကြည့်နေတယ်။

ထိပ်ထားဟာ သင့်ရာနေရာမှာ ဝင်ထိုင်လိုက်ပြီး ထိခြင်းငါးပါးနှင့်အညီ ဘုရားရှင်ကို ရှိခိုးလိုက်တယ်။

"ချစ်သမီး. . ဂေါတမီ. . . သင့်သား ဘယ်မှာထားရစ်ခဲ့လဲ"

"မှန်ပါဘုရား. . . သုသာန်သင်္ချိုင်းမြေမှာ စွန့်ခဲ့ပါပြီ ဘုရား"

"သာဓု. . . သာဓု ချစ်သမီး. . . . သား၊ သမီး၊ ကျွဲနွား၊ ဥစ္စာများကို စွဲလမ်းပြီး မရသေးတဲ့အရာကိုတောင့်တ၊ မဖြစ်နိုင်တာကို လိုချင်သူအပေါင်းဟာ အိပ်မောကျနေတဲ့ ရွာကိုရေအလျဉ်ကြီးက တိုက်မျှောယူငင်သွားသကဲ့သို့ သေမင်းက ခေါ်သွားနိုင်တယ် ဂေါတမီ"

"မှန်ပါ့ ဘုရား"

"ဒီလောကမှာ ရှိသမျှ အရာတွေဟာ ဘယ်မှာမြဲတယ်ရှိမလဲ။ ဖြစ်လာကတည်းက ပျက်ဖို့အကြောင်းချည်းသာပဲ။ တစ်စတစ်စ ပျက်စီးနေခြင်းကို ပျက်မှန်းမသိ ဆင်ခြင်နိုင်ခြင်း မရှိဘဲ မြဲနေတယ်လို့ထင်တာ မိုက်မဲရာကျတယ်"

"ဂေါတမီ ဆင်ခြင်မိပါပြီ မြတ်ဘုရား"

"သာဓု ဂေါတမီ. . . မမြဲတဲ့ အနိစ္စကို အမြဲလို့ ထင်ရင်လည်း ဆင်းရဲတာပဲ။ မဖြစ်ချင်တာ ဖြစ်ရတာလည်း ဆင်းရဲတာပဲ။ ဖြစ်ချင်လို့ မဖြစ်ရတာလည်း ဆင်းရဲတာပဲ။ ကြံပေမယ့် မဖြစ်တော့ ဆင်းရဲပြန်တာပဲ"

"အမှန်ပါဘုရား"

"ဘုရားရှင်ရဲ့ တရားစကားဟာ ဂေါတမီဘဝနှင့် ဟပ်လျက်ဟပ်လျက် တစ်ခုချင်းလှုပ်၍ လှုပ်၍ပြသဖြင့် ရှင်းသထက် ရှင်းသွားသတည်း။ သတိမေ့လျော့ ပေါ့ဆမိသဖြင့် အမှန်ကို မမြင်၊ မဆင်ခြင်နိုင်မိ

၍ ပူပင်သောက ရောက်ခဲ့ရတယ်။ မေ့လျော့မှု ခြုံလွှာကို ခွာလှစ်ပြလိုက်သဖြင့် ဝေဒနာအားလုံး ကင်းစင်လွင့်ပျောက်သွားတော့တယ်။

အို. . မြတ်သောဘုရားရှင်။ တပည့်တော်ဟာ အရာရာကို ပြတ်ပြတ်ထင်ထင် သိမြင်ခဲ့ပါပြီ။ ကိလေသာမှန်သမျှ ပယ်ခွာချနိုင်ခဲ့ပါပြီ။ သနားကရုဏာ ထားသောအားဖြင့် ရဟန်းပြုခွင့် ပေးတော်မူပါဘုရား"

ထိပ်ထားဟာ ဘုရားရှင်ရဲ့ ဒေသနာကို နာလိုက်ရသဖြင့် ရင်မှာလောင်မြိုက်နေတဲ့သောကတွေ ငြိမ်းအေးသွားတယ်။ သေခြင်းတရားဟာ ရှောင်လွှဲမရမှန်း သိသွားတယ်။ ဒီနေ့မသေလဲ တစ်နေ့နေ့ သေရမယ်။ ဒီနေ့မကွဲလဲ တစ်ရက်ရက်မှာကွဲရမယ်။ သားသမီး၊ လင်သား၊ မိဘမောင်ဖွားတို့ဟာ ကံဆုံ၍ တဒင်္ဂကြုံရပြီး ကိုယ်လမ်းကိုယ်လျှောက်ရတယ်။ သံသရာမှာ ကျင်လည်နေသမျှ ဒိဒုက္ခတွေ တွေ့နေရမယ်။ ရုပ်နာမ်ချုပ်မှ ဘဝငြိမ်းမှ သောကသိမ်းမယ်ဆိုတာ ပြတ်ပြတ်ထင်ထင် သိလိုက်ပါတယ်။ထိပ်ထားဟာ မြတ်ဘုရားရဲ့ တရားကိုအကြွင်းမဲ့ယုံကြည်သွားလို့ သဒ္ဓါစိတ်နဲ့ ခွင့်ပန်ပြီး ဘိက္ခုနီမ အဖြစ် ခံယူလိုက်ပါတော့တယ်။

ဩော်. . . ချမ်းသာလေစွ. . . ချမ်းသာလေစ. . . . ။ ။

*ကျမ်းကိုး*

*ဓမ္မပဒ၊ သဟဿဝဂ်၊ ကိသာဂေါတမီဝတ္ထု*

# သံသာလောကမ်းတိုင်
# ထူပြိုင်ကာကူးမယ်ပါ



# သံသာလောကမ်းတိုင် တူပြိုင်ကာကူးမယ်ပ

ဘဂ္ဂတိုင်း၊ သုသုမရဂိရိမြို့မှာ ကျုပ်တို့ ဇနီးမောင်နှံကို မသိသူ ရှားပါတယ်။ အဘိုးကြီးအကြောင်း ပြောရင် ကျုပ်အကြောင်းပါလာတယ်၊ ကျုပ်ကိစ္စပြောရင်လည်း အဘိုးကြီးကိစ္စ ဆက်စပ်နေတာပါပဲ။ အင်း. . . ဒါကလည်း အကြောင်းရှိတယ်လေ၊ လွန်းကြင်ငှက်လို လည်ချင်းယှက်မထားကြပေမယ့် အသက် ခုနစ်ဆယ်ကျော်အထိ တပူးတွဲတွဲ လက်တွဲမဖြုတ်နေကြတော့ အမြင်က တွဲနေသပေါ့။

ပြောမယ်ဆိုလည်း ပြောစရာဖြစ်အောင်ကို အဘိုးအိုက စကားဆိုမိပ၊ ဆိုတဲ့စကားကလည်း ကလေးကလား၊ ကြည့်ပါလား. . . ၊

"အရှင်ဘုရား. . . တပည့်တော်တို့နှစ်ယောက်လုံး နုပျိုငယ်ရွယ်စဉ်ကတည်းက ပေါင်းသင်းခဲ့ပါ တယ်၊ ဒီအသက်အရွယ်အထိ တစ်ယောက်ပေါ်တစ်ယောက် သစ္စာစောင့်သိကြပါတယ်၊ တစ်ပါးသူနဲ့ ဖောက်ပြန်ဖို့လည်း စိတ်ကူးမှူပင် မရှိပါဘူး၊ ဒီဘဝမှ သေတစ်ပန်သက်တစ်ဆုံး ရွှင်ပြုံးပျော်ရွှင်စွာ ပေါင်း လိုပါတယ်၊ နောင်သံသရာမှာလည်း နေသွားလိုပါတယ်တဲ့"

ကဲ. . . စဉ်းစားကြည့် သူ့စကားက ဘယ်ရောက်သွားသလဲ၊ တကယ်ဆို သူ့စိတ်ထဲရှိတာ ရင်ထဲ မှာထားပေါ့၊ ကျုပ်လည်း သူ့လို စိတ်ဆန္ဒရှိတာပါပဲ၊ ဒါပေမယ့် သူ့လို မပြောဝံ့ဘူး၊ ရှက်တယ်၊

ထားပါလေ. . . ၊ ပြောသူက ကိုယ်လိုသူလိုပုဂ္ဂိုလ်ဆို အကြောင်းလား၊ လောကီအာရုံ ကာမ ဂုဏ်တွယ်မက်နေသူချင်းဆိုရင် ဘာပြောစရာလိုလဲ၊ ဟုတ်မှာပါ၊ ကိုယ်ချင်းစာပါတယ်လို့ မွေးမှပေါ့၊

ခုတော့ ကြည့်ဦး. . .။

သွားတိုင်တည်သူက သားဘုရားကို။ သူမို့ အားမနာလျှာမကျိုး ပြောဝံ့တယ်။ တကယ်ဆို ဒီစကားမျိုး မလျှောက်သင့်ပါဘူး။ ဘုရားရှင်က အမြဲဟောလေ့ရှိပါတယ်။

"လက်ဖျစ်တစ်တွက်မျှ ဘဝကို ငါဘုရား မချီးမွမ်းဘူး။ ပမာအားဖြင့် အနည်းငယ်သော မစင်ဟာ အနံ့အသက်ဆိုးရွားသကဲ့သို့ လက်ဖျစ်တစ်တွက်စာ ဘဝဟာလည်း ဆင်းရဲအတိသာ ဖြစ်ပေတယ်"

ဒီလိုဟောနေတဲ့ ဘုရားရှင်ကို သံသရာမှာ ပျော်ရွှင်စွာကျင်လည်လိုပါတယ်လို့ သွားလျှောက်တော့ အဟင်း. . . ဟင်း. . . အဘိုးကြီး တော်တော်ဆိုးတယ်၊

အင်း. . . ဒါပေမယ့် သားဘုရားရှင်က နားလည်ပါတယ်။ အဘိုးကြီးကို အလိုက်အထိုက် ပြန်မိန့်ရှာပါတယ်။

"အို. . . ဒကာကြီးနဲ့ ဒါယိကာမကြီး။ ဇနီးမောင်နှံ သေတစ်ပန်သက်တစ်ဆုံး ပျော်ပျော်ရွှင်ရွှင် ပေါင်းလိုရင် နောင်သံသရာမှာ အစဉ်မကွဲ လက်တွဲသွားလိုရင် နှစ်ယောက်လုံး သဒ္ဓါတရားတူကြ။ အကျင့်သီလတူကြ၊ ပေးကမ်းစွန့်ကြဲမှုတူကြ၊ အသိတူကြ၊ အဲဒါတွေ ပြည့်စုံရင် တောင့်တတိုင်း ပြည့်ပေမယ်တဲ့"

အထိုက်အလိုက်ဟောမိန့်တယ်ဆိုပေမယ့် ပြဿနာက ဤနေရာ ဤတစ်ခဏအတွင်း ပြီးပြေသွားပါတယ်။ မြတ်ဘုရားဟောမိန့်သည်က ပရမတ္ထသစ္စာနဲ့ သမုတိသစ္စာကို လိုင်းခြားပေးလိုက်တာပါ။ ကျွန်မတို့ ရထားတဲ့ဘဝဟာ ဘယ်ဘဝ၊ ဘယ်အခြေအနေကြောင့်ဖြစ်ဖြစ် အကောင်းမရှိပါဘူး။ မရှိမှန်းသိအောင် ဘုရားရှင်က သွန်သင်တယ်။ ဒါကို တောင့်တောင့်တတဆိုတာ ကျုပ်အဘိုးကြီးကို အသင့်လျော်ဆုံးတရားနဲ့ ဆုံးမလိုက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကောင်းမရှိ ဘူး။ ဒုက္ခချည်းပဲ၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာအတိုင်း သိ၊ မြင်၊ ဆင်ခြင်၊ ဒီဒုက္ခနယ်က မစွန့်နိုင်သေးရင် ဉာဏ်နဲ့ပိုင်းခြားသိဖို့ပါပဲ။

ဆိုလိုတာက ဒုက္ခသစ္စာနယ်ပယ်မှာ သမုတိသစ္စာစကား အချိုးမပျက် ဆက်နေမယ်။ လူလို့ဖြစ်မယ်။ မိသားစုအသိုက်အဝိုင်းလို့ ရှိမယ်။ အဲဒီလို ရှိတဲ့အခါ ကိုယ့်တာဝန်၊ ကိုယ့်ဝတ္တရား မပျက်အောင်နေကြ၊ လက်တွေ့ကျင့်သုံးကြလို့ ဟောလိုက်တာပါ။

* * * * *

အဘိုးကြီးရဲ့ စကားကို ကြားသူတိုင်းက "စံပဲဟေ့. . "လို့ ပြုံးစိစိနဲ့ ဆိုကြတယ်။ အင်း. . . ဟုတ်ပါတယ်။ ကျုပ်တို့ နှစ်ယောက်ကတော့ စံပါပဲ။

သုသုမာရဂီရိမှာ ကျုပ်တို့ဇနီးမောင်နှံဟာ စံပြုရတဲ့ စုံတွဲပေါ့။ ပြောရရင် ကိုယ့်အမည်ရင်းတွေပျောက်နေအောင် ထူးခြားတဲ့ စုံတွဲပဲ။ တကယ်ဆို မိဘအမည်ကို သားသမီးတွေက ဆက်ခံတာ ဓလေ့တစ်ခုပါ။ ဖအေက ဥပတိဿဆိုရင် သားကလည်း ဒီအမည်နဲ့ တွင်လေ့ရှိပါတယ်။

ရေဝတမျိုးဆိုရင် ရေဝတလို့သာ ဖြစ်တတ်ပါတယ်။ ခုတော့ ကျုပ်တို့ မိဘနှစ်ပါးက သားလေး

နကုလ မွေးတာနဲ့ ကိုယ့်နာမည်ရင်းတွေ ပျောက်ကုန်တယ်။

သားဦးလေးမွေးတာ ဒီကလေးမူလဗီဇကို ကြည့်ပြီး နကုလလို့ မှည့်ခဲ့တယ်။ ကလေးက မြွေပါ တစ်ကောင်လို လျှင်တယ်၊ ဖျတ်လတ်တယ်၊ လိမ္မာပါးနပ်တယ်၊ ရဲစွမ်းသတ္တိရှိတယ်၊ ဒီအရည်အချင်းတွေ ကြောင့် မောင်မြွေပါလို့ အဓိပ္ပာယ်ရတဲ့ နကုလ လို့ အမည် မှည့်တယ်။

နကုလ. . . နကုလလို့ ကျုပ်တို့နှုတ်က တဖွဖွ အမွှမ်းတင်ချစ်ခင်နေတော့ ဘေးကလည်း နကုလ . . . နကုလလို့ နှုတ်က မချတော့ဘူး၊ သားကို ချစ်တဲ့ဇောက ကျုပ်ရဲ့စိတ်ကို စိုးမိုးနေတယ်၊ အဘိုးကြီး ပြောစရာ၊ မေးစရာရှိတာတောင် အဘိုးကြီးနာမည်မခေါ်တော့ဘူး၊ နကုလအဖေ. . . နကုလအဖေလို့ သုံးမိတယ်၊

အဘိုးကြီးကလည်း ကျုပ်ကို နကုလအမေလို့ ပြန်သုံးတယ်၊ ကျုပ်တို့ချင်း သုံးနေရာက အခြားသူ တွေပါ သုံးလာတယ်၊ အဘိုးကြီးကို အရပ်က နကုလပီတာတဲ့၊ ကျုပ်ကိုတော့ နကုလမာတာတဲ့၊ သား တစ်ယောက်မွေးမှ အမည်ပျောက်တဲ့ ကျုပ်တို့ဘဝ၊ ကိုင်း. . . စံပါပဲတော်ရေ့၊

ကျုပ်တို့ကတော့ ဘာရယ်မဟုတ်ပါဘူး၊ စံပြလင်မယားဖြစ်ချင်လွန်းလို့ ထူးထူးခြားခြားနေပြ တာ မဟုတ်ပါဘူး၊

အဘိုးကြီးကလည်း သူ့သဘောနဲ့သူ ပုံမှန်နေတာပါ၊ ဒါပေမယ့် ကျုပ်ရော အဘိုးကြီးရော သံ ယောဇဉ်ကြီးကြတယ်၊ တစ်ဦးအပေါ် တစ်ဦး ကြင်နာရုံမျှမက အခြားသူတွေအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား အစဉ်လက်ကိုင်ထားတယ်၊ အားလုံးကို ကိုယ့်ရင်၌ ဖြစ်တဲ့ သားသမီးလို အစဉ် နှလုံးပိုက်ပါတယ်၊

ဒါကြောင့်လည်း ဒုတိယစံဖြစ်လာပြန်ရော. . . ၊

ဖြစ်ပုံက ဒီလို. . . ဒီလို. . . ၊

ဘုရားရှင်နဲ့ တပည့်သံဃာတွေဟာ ခရီးဒေသစာရီကြွလာရင်း သုသုမာရဂိရိရောက်လာတယ်၊

ဘုရားရှင်ကြွလာတယ်ကြားတော့ မြို့လုံးကျွတ် ထွက်ကြိုကြတယ်၊ အဲဒီအထဲမှာ ကျုပ်နဲ့ အဘိုး ကြီး ထိပ်ဆုံးကပေါ့၊

အင်း. . . ဘယ်လိုပြောရမလဲ၊

ဘယ်ဘဝရေစက်ကြောင့်လဲ မသိဘူး၊ ဘုရားရှင်လို့ ကြားကတည်းက ကျုပ်ရင်ထဲကြည်နူးနေ တယ်၊ အဝေးတစ်နေရာရောက်နေတဲ့ ကျုပ်တို့သား ပြန်လာလို့ ကြိုဆိုရသလိုပဲ ပျော်နေတယ်၊ ဒါနဲ့ နကုလရော ကျန်ကလေးတွေပါခေါ်ပြီး "ဟဲ့. . . လာကြ၊ မင်းတို့ အစ်ကိုကြီးပြန်လာသတဲ့၊ ခရီးဦးကြို ပြုကြ၊ လိုက်လှဲဖော်ရွေကြ"လို့ လှဲ့ဆော်ခဲ့တယ်၊

ပြောရင် ယုံမယ်မထင်ပါဘူးလေ၊ သားဘုရားကို တွေ့လိုက်တော့ ကျုပ်ရင်ထဲ မကြီဇောတ

ပတ္တမြားကြီးထည့်ထားသလို အေးမြသွားတယ်။ သားရဲ့အဆင်းအသရေ၊ သားရဲ့ဥပမိရုပ်လွှာ၊ သားရဲ့ အမူအရာကြည့်ပြီး ကျုပ်စိတ်တွေ ထိန်းချုပ်မရဘူး။ ပြိုင်မြင်းတစ်ကောင် ကဆုန်စိုင်းနေသလို ကျုပ်နှလုံးသားတွေ ခုန်နေတယ်။

ဒါနဲ့ ဘာမှပြောမနေဘူး။ သားဆီကို အပြေးသွားတယ်။ ကျုပ်အဘိုးကြီးက သားခြေအစုံကို သိမ်းဖက်ပြီး နဖူးနဲ့အကြိမ်ကြိမ် တိုက်ပစ်တယ်။ မြေပြင်နဲ့နဖူး ထိကာထိကာ ကြိမ်ဖန်များစွာ ဦးချပစ်တယ်။ ပြီးတော့ သားမျက်နှာကို စေ့စေ့ကြည့်၊ လက်အုပ်ချီထားရင်း. . .

'အို. . . သား. . . သားမောင်. . . . ချစ်သားရယ်။ ဘာကြောင့်များ မိဘနှစ်ပါးကို ခုချိန်ထိ ပစ်ပယ် ထားပါသလဲ။ အမေ့သားက စိမ်းကားလှချည်လား။ မိဘတွေ အိုကြီးအိုမ သေရွာနီးမှ ကိုယ့်သားမျက်နှာမြင်ရတော့တယ်။ ဘယ်လိုလဲ သား. . . အမေနဲ့အဖေကို သနားစုံမက် မချစ်ရက်လို့လား သားမောင်ရယ်. . . "

ကျုပ် ဒီလိုငိုယိုပြောတာကို သားဘုရားက ခြေစုံရပ်သည်းခံပြီး ကရုဏာသက်ဟန် ကြည့်နေပါတယ်။

ကျုပ်ရဲ့အပြုအမူဟာ ရိုင်းပျကောင်း ရိုင်းပျပါလိမ့်မယ်။ ဒီအချိန် ကျုပ်ရဲ့ စိတ်ရင်းအမှန်ကို ကျုပ်နဲ့သားဘုရားသာ သိပါတယ်။ အကြောင်းမသိတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘယ်လိုလဲလို့ တွေးကြမှာပေါ့။ တွေးလည်း တွေးသင့်ပါတယ်။ ကပိလဝတ်ပြည့်ရှင်ဘုရင်သုဒ္ဓေါဓနနဲ့ မယ်တော်မာယာဒေဝီတို့က မွေးဖွားတဲ့ သိဒ္ဓတ္ထကို ဒီလောက်ဝေးတဲ့ သုသုမာရဂိရိမှာရှိတဲ့ အဘွားကြီးက ဘာကြောင့် သားလို့ ခေါ်လဲ။ ဘယ်လို တော်စပ်လို့လဲ။ သွေးမတော် သားမစပ်နိုင်တဲ့ အနေအထား၊ ဘာလို့များသား ခေါ်ရသလဲ။ ဘယ်လိုတော်စပ်လို့လဲ။ ဒီလိုတွေးမှာပါ။

ဒီအကြောင်းကို သားဘုရားက သိတယ်လေ။ သံသယဖြစ်နေတဲ့ ရဟန်းတွေကို သားဘုရားက ရှင်းပြတယ်။

"ချစ်သားရဟန်းတို့ ဤနကုလပိတာနဲ့ နကုလမာတာဟာ ရှေးအခါက ဘဝမခြား ငါးရာပတ်လုံး ငါဘုရားရဲ့ အမိအဘဖြစ်ဖူးတယ်။ ဘဝမခြား ငါးရာပတ်လုံး ဘထွေး မိထွေးဖြစ်ဖူးတယ်။ တစ်ခါ ဘဝမခြား ငါးရာပတ်လုံး ဦးရီး ဒေါ်ကြီးတော်ဖူးတယ်။ ချစ်သားတို့ . . . နကုလဇနီးမောင်နှံဟာ အနှစ်လေးထောင်မျှ ငါဘုရားကို စောင့်ရှောက်ကြီးပြင်စေခဲ့တယ်။ ဒီချစ်ခြင်း၊ ဒီသံယောဇဉ်၊ ဒီမေတ္တာအလျဉ်နဲ့ ခုချိန်ထိ ငါဘုရားကို သားအရင်းလို ချစ်ခင်မြတ်နိုးနေတာပဲ"

ဒီလို သားဘုရား ဟောမိန့်လိုက်တော့ ကျုပ်ရင်ထဲ ဘယ်လိုခံစားရမလဲဆိုတာ ဝင်ကြည့်စမ်းပါ။ ကျုပ်နှလုံးသားဟာ ကြည်နူးပီတိအဟုန်ကြောင့် တဖျတ်ဖျတ်ခုန်နေတယ်။ ကျုပ် ရင်တစ်ခုလုံး ချမ်းမြေ့ကြည်လင်သွားတယ်။

ဒါနဲ့ ကျုပ်က ဆိုးခနဲဆတ်ခနဲ ထရပ်လိုက်ပြီ. . .

"ဟဲ့ နာကုလ. . . အဲဒါ နင့်အစ်ကိုကြီး. . . ခရိုးဦးကြို့ကွဲ၊ ဟဲ့သမီးကြီး အဲဒါ သမီးရဲ့ မောင်ကြီးပဲ၊ အိမ်ကို ဖိတ်ကွဲ၊ သားနဲ့ရဟန်းတွေကို ဆွမ်းပင့်ကျွေးရမကွဲ"

ဒီလိုပြောလည်းပြော၊ ပြီးတော့ သားကို ရှိခိုးကာ "မနက်ဖြန် အိမ်ကို ဆွမ်းစားကြွပါဘုရား၊ သားဘုရားနဲ့အတူ နောက်ပါသံဃာအားလုံး ဟောဒီ သုသုမာရဂိရိမြို့အနီးက ဘေသကဋာတောမှာ သီတင်းသုံးပါ၊ တစ်ဝါတွင်းလုံး အလုပ်အကျွေးပြုပါရစေ" လို့ ဖိတ်မန္တက ပြုလိုက်ပါတယ်၊

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားကို သားလို့ခေါ်တဲ့ ကျုပ်တို့မောင်နှံကို "စံပဲဗျာ" လို့ ပြောကြပြန်ပါရော. . .၊

* * * * *

မှန်ရာကိုပြောရရင် ဇရာဒုဗ္ဗလအရွယ်ကျမှ ဘုရားရှင်ကို ဖူးတွေ့ရတာ အင်မတန် ကံထူးလို့ပဲ လို့ ယုံတယ်၊

သားရယ်လို့ သံယောဇဉ်ရှိတာရယ်. . . သားရဲ့အမူအကျင့်ကို မြတ်နိုးတာရယ်၊ သားရဲ့အဆုံးအမကို နှစ်ခြိုက်တာရယ်ကြောင့် ကျုပ်တို့မောင်နှံကတော့ နေ့တိုင်းကျောင်းသွားတယ်၊ သွားတယ်ဆိုလို့ လွယ်တယ်တော့ မထင်နဲ့နော်၊ မြို့နဲ့ ဘေသကဋာတောဟာ နီးနီးလေးမဟုတ်ဘူး၊ မြို့နဲ့ တော်တော်လှမ်းတယ်၊ မျှော်ကြည့်ရင် မှိုင်းမှိုင်းညို့ညို့သာမြင်ရတဲ့ နေရာကို ဒီအဘိုးကြီး အဘွားကြီးသွားရတာ တော်ရုံတန်ရုံ ဒွဲနဲ့ မလွယ်ဘူး၊

အဘိုးကြီးကလည်း သူ့သားဆီ သွားဖို့တော့ ဝီရိယတယ်ကောင်း၊ မိုးလင်းတာနဲ့ "သွားမယ်ဟေ့. . . ဆွမ်းအုပ်ပြင်ပြီးပလား၊ ချိုချဉ်ဘောဇဉ်ပါရဲ့လား၊ ငါ့သားက ပျားရည်မုန့် နှစ်သက်ပုံရသကွဲ၊ ရာသီစာလေးတွေရော ဘာများရှိသေးလဲဟေ့" လို့ စေ့ဆော်လိုက်ရတာ သူတစ်ယောက်တည်းနဲ့ မျက်စိကိုနောက်စရာ၊ ကျုပ်က အားလုံးအသင့်ပြင်ပြီးသားပါ၊ မိုးမလင်းခင် ကြက်ဦးတွန်ကတည်းက သားနဲ့ ရဟန်းတွေ ဘုဉ်းပေးဖို့ ဖွယ်ဖွယ်ရာရာပြင်ပြီး ထုပ်ပိုးပြီးသားပါ၊ သားဘုရားနဲ့ သင့်မယ်ထင်တဲ့ အစားအစာတွေ ထည့်ထားပြီးသား၊ ဒါနဲ့ ပြီးပြီတော်ရေ့ သွားဖို့သာပြင်တော့လို့ ပြန်အော်ရတယ်၊ ပြီးတာနဲ့ ဆွမ်းဇုန်းကို ကျုပ်ကရွက်၊ အဘိုးတိုက ချိုင့်ကိုဆွဲပြီး ထွက်တာပဲ၊

ကျောင်းရောက်တော့ ဝတ်ပြု၊ လှူဖွယ်တွေ ဆက်ကပ်၊ ဘုရားရှင်ဘုဉ်းပေးပြီးမှ ကျုပ်တို့ ဝေငှစား၊ ပြီးတာနဲ့ သားဘုရားထံက တရားနာတော့တာပဲ၊

တရားနာပြီးရင် ကျောင်းဝင်းထဲလှည့်တယ်၊ အဘိုးကြီးက တံမြက်စည်းကိုင်၊ ကျုပ်က အမှိုက်ခြင်းဆွဲ၊ သူကစာမှိုက်တွေလှဲ၊ ကျုပ်က အတွင်းကျုံး၊ ကျောင်းဝင်းတစ်ခုလုံး သန့်ရှင်းရေးလုပ်တယ်၊

ဟုတ်တယ်လေ. . . သားဘုရားနေတဲ့ ကျောင်းကို သန့်သန့်ရှင်းရှင်းဖြစ်စေချင်တယ်၊ ရှင်းလင်းသပ်ရပ်နေတော့ စိတ်လည်းကြည်လင်တာပေါ့။ အမှိုက်သရိုက် သန့်ရှင်းပြီးတာနဲ့ ကျောင်းထဲမှာရှိတဲ့ သောက်ရေအိုး၊ သုံးရေအိုးတွေကို ကျုပ်တို့နှစ်ယောက် ဖြည့်တယ်။ ရေတစ်အိုးကို နှစ်ယောက်အတူဆွဲပြီး တုန်တုန်ယင်ယင်နဲ့ ခပ်ကြတယ်။ သားဘုရားက တားပါတယ်။ အပန်းကြီးတယ်ပေါ့လေ။ သားဘုရားက စေတနာ မေတ္တာနဲ့ တားတာပါ။ ကျုပ်တို့ကတော့ ကုသိုလ်ရေးမို့ ပန်းတယ်မထင်ပါဘူး။ ဒီလို ပြုစုခွင့်ရတာပဲ ကြည်နူးချမ်းမြေ့နေတယ်။ ဒါဟာ ကျုပ်တို့ရဲ့ နိစ္စဓူဝ အလုပ်. . .။

* * * * *

သားဇောနဲ့ ဝတ်မပျက် သွားနေပေမယ့် ကြာတော့အဘိုးကြီးမခံနိုင်တော့ဘူး ထင်ပ။

အင်း. . . ဟုတ်မှာပါ။ အရွယ်ကလည်းစကားပြောပြီကိုး။ အဘိုးကြီးဆိုရင် ရှစ်ဆယ်ကျော်ပြီ။ ကျုပ်တောင် အနားနီးနေပြီပဲ။ ဒီတော့စိတ်အလို ကိုယ်ခန္ဓာက ဘယ်မှာလိုက်နိုင်မလဲ။

ဒါနဲ့ အဘိုးကြီး အိပ်ရာပေါ် လဲရော။

အိပ်ရာပေါ်လဲပေမယ့် စိတ်ကတော့ သားဘုရားထံမှာပဲရှိတယ်။ ကျုပ်ကို သားဆီလွှတ်တယ်။

"မယ်မင်းသွားပါ။ ဆွမ်းကိစ္စ မလစ်ဟင်းပါစေနဲ့" တဲ့။

စေတနာ သဒ္ဓါစိတ်ပေါ့လေ။ ကျုပ်လည်း သိပါတယ်။ လူမမာကို ပစ်ပြီးသွားလို့တော့ ဘယ်ဖြစ်မလဲ။ အိမ်က ကလေးတွေ ဆွမ်းပို့လွှတ်ပြီး ကိုယ်က ပြုစုရတာပေါ့။

တစ်ရက်. . . နှစ်ရက်. . . တစ်ပတ်။

တစ်ပတ်ပြည့်တော့ အဘိုးကြီးအိပ်ရာက လူးလဲထတယ်။

ထတာနဲ့ ကျောင်းသွားဖို့ ပြောတာပဲ။ ပြောသာပြောပေမယ့် အဖျားမကုန်သေးတာ ကျုပ်သိတာပေါ့။ ဒါပေမယ့် သူ့အာသီသဖြည့်တဲ့အနေနဲ့လိုက်ပို့တယ်။ တောင်ဝှေးအားပြုလျှောက်ရတဲ့ သူ့ပုံကြည့်ပြီး သားဘုရားကို ဘယ်ကလောက် ကြည်ညိုတယ်ဆိုတာ သဘောပေါက်မိတယ်။

ဘုရားရှေ့ရောက်တော့ အတန်ကြာမောနေသေးတယ်။ သားဘုရားကလည်း ကရုဏာသက်တဲ့ အကြည့်နဲ့ ကြည့်ရှာပါတယ်။

အိုခြင်း၊ နာခြင်းတရား ဆင်ခြင်မိတဲ့ အဘိုးကြီးက ဒီတစ်ခါတော့ တရားထူးတောင်းသရှင့်။

ဘာတဲ့. . . သူလျှောက်တင်တာ အဲ. . . မှတ်မိပြီ. . . မှတ်မိပြီ။

"အရှင်ဘုရားတဲ့။ တပည့်တော်ဟာ အသက်ကြီးတော့ မမာမကျန်း ဖြစ်ရပါတယ်တဲ့။ ဖျားတော့ လာချင်ရက်နဲ့ ကျောင်းမရောက်နိုင်ပါဘူး။ ရှင်တော်မြတ်ဘုရားကို ရှေးကလို အမြဲမပြတ် မဖူးတွေ့နိုင်ပါဘူး။ စိတ်နှလုံးတိုးပွားစေတဲ့ သံဃာတော်တွေကိုလည်း မဆည်းကပ်နိုင်ပါဘူး။ ဒါကြောင့် ခုလိုချိန်မှာ

အကျိုးစီးပွားရှိမယ့် တရားကို ဟောပါတဲ့”

အဘိုးကြီး ဘာကို ရည်ညွှန်းလျှောက်တယ်ဆိုတာ ကျုပ်သိပါတယ်၊ နာခြင်းဝေဒနာ ခံစားရတော့ ပုထုဇဉ်လူသားပီပီ စိုးရိမ်မှာပေါ့၊ ဒီတော့ သူအားထားတဲ့ သားဘုရားကို ကယ်ဖို့ လျှောက်တာပါ၊

ကျုပ်ထင်တယ်လေ. . . အဘိုးကြီးရဲ့ ဝေဒနာကို သားဘုရားကယ်တင်နိုင်မှာပါ၊ ဘုရားရှင်ရဲ့ တန်ခိုးနဲ့ ရောဂါဝေဒနာတွေ ပျောက်သွားအောင် ကုစားနိုင်မှာပဲ၊ ဒါပေမယ့် သားဘုရားက တန်ခိုးမသုံးဘဲ ထိရောက်ထက်မြက်တဲ့ ဝေဖန်ပိုင်းခြားတတ်တဲ့တရားသုံးတယ်၊

“မှန်ပေတယ် ဒကာကြီး၊ ဒီခန္ဓာဟာ အမြဲတစေ နာနေပါတယ်၊ ထိခိုက်မိရုံနဲက ကွဲအက်တတ်တဲ့ ငှက်ဥလို ခန္ဓာပါ၊ အပြင်က ထိခိုက်မခံနိုင်အောင် အရေပြားက ပါးလွှာပါတယ်၊ ဒီခန္ဓာရထားပါလျက် ငါကျန်းမာတယ်၊ အနာကင်းတယ်လို့ ဝန်ခံရင် ဒီလူဟာ ရူးတယ်လို့ပြောရမယ်၊

ဒီတော့ ဒကာကြီးအနေနဲ့ စိတ်ထဲမှာ ဒီလိုတွေး၊ ငါဟာ ဒီခန္ဓာကြီးနာနေပေမယ့် ငါ့ရဲ့စိတ် မနာစေရဘူး၊ ငါ့စိတ်က ကျန်းမာသားပဲ၊ အဲသလို လူသာနာ စိတ်မနာလေနဲ့ နကုလပီတာ”

သားဘုရားရဲ့တရားကို ကြားရတော့ အဘိုးကြီးတော်တော်စဉ်းစားသွားတယ်၊ ငြိမ်သက်ပြီး တရားသဘောကို ဆင်ခြင်နေတယ်၊ တဖြည်းဖြည်းနဲ့ သူ့မျက်နှာသွင်ပြင်ဟာ ကြည်လင်လာပြီး ခေါင်းတဆတ်ဆတ်ညိတ်တယ်၊ သူ့နှုတ်ကလည်း သာဓု. . . သာဓုနဲ့ ရေရွတ်နေပါတယ်၊

ကျုပ်ရော သူရော သဘောပေါက်ပါတယ်လေ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရား ရှိလာတဲ့ ကျုပ်တို့ဟာ ခန္ဓာနဲ့ငါကို ခွဲခြားမြင်ဖို့ လိုတယ်၊ ခန္ဓာကြီးကို ငါ့ဟာလို့ မစွဲယူသင့်ဘူး ခန္ဓာငါးပါးနဲ့ ဖွဲ့စည်းထားတဲ့ ဒီခန္ဓာကိုယ်ဟာ ဖောက်ပြန်ချွတ်ယွင်းမယ်၊ ဒါဓမ္မတာပဲ၊ ဒီဓမ္မတာကို စိုးရိမ်ပူဆွေးငိုကြွေးမနေသင့်ဘူး၊ စိတ်ဆင်းရဲမနေသင့်ဘူး၊ အဲဒီလို မစိုးရိမ်၊ မပူဆွေးရင် ခန္ဓာနဲ့ငါဟာ ကင်းကွာသွားမှာပဲ၊

ကိုယ်သာနာပြီး စိတ်မနာဘူး၊ ငါဟာ နာစရာဖြစ်မလာတော့ဘူး၊

ကျုပ်ကတော့ ဘုရားရှင်တရား နာလိုက်ရတာနဲ့ ကိုယ့်ကိုယ်ကို ဆင်ခြင်နိုင်သွားတာပါပဲ၊

• • • • •

သံသရာမှာ သေအတူရှင်မကွာ နေလိုပါတယ်လို့ သားဘုရားကို အားမနာဘဲ လျှောက်တင်ခဲ့တဲ့ နကုလပီတာဟာ ဒီတစ်ခါတော့ ကျုပ်ကို ခွဲခွာတော့မယ် ထင်ပါရဲ့၊ သူ့ရောဂါက ရှေးကထက်ပိုဆိုးတယ်၊ အိပ်ရာထက်က လနှင့်ချီ မထနိုင်ဘူး၊ ကျုပ်လည်း ဝတ္တရားအရ ပြုစုပါတယ်၊ ဆရာကောင်းသမားကောင်းတွေ ပင့်ပြီးကုသပေးပါတယ်၊ အဘိုးကြီး၏အသက်ရှည်ရေးအတွက် ငွေကို နမြောမနေပါဘူး၊ ပုံအောပစ်တယ်၊

ဒီလို စောင့်ရှောက်ရမှာ ကျုပ်တာဝန်လေ၊ ငယ်စဉ်ကတည်းက သစ္စာရှိရှိ ပေါင်းသင်းလား နိုး

ရိုးသားသားရှာကျွေးလာ၊ ကျုပ်ကို မငြိမ်မငြင်စောင့်ရှောက်လာတဲ့ လင်သားအပေါ် ကျုပ်ဘက်က တာဝန်ကျေရမှာပေ့ါ။

ကျုပ်ဘယ်လိုပင် ကြိုးစားပမ်းစား ကုပေမယ့် ရောဂါက အားကောင်းနေတယ်။ အသက်အရွယ်နဲ့ ကြံ့ခိုင်မှုက ရောဂါကို အံမတုနိုင်ဘူး။ မီးစာကုန်၊ ဆီခန်းအနေအထားမို့ ငြိမ်းလုငြိမ်းခင် အနေအထားပေ့ါ။

ဆေးဝါး၊ ဓာတ်စာတွေ ကျွေးနေတဲ့ကြားက ရောဂါဖိစီးမှုဒဏ် ပိုခံလာရတ်။ အသားအရေ ညှိုးနွမ်းခန်းခြောက်ပြီး မျက်လုံးအကြည်ဓာတ်တွေပါ လျော့ကျကုန်တယ်။

ဖခင်ရဲ့အခြေအနေကို ကြည့်ပြီး သားသမီးတွေက တရှုပ်ရှုပ်နဲ့ ငိုကြတာပေ့ါ။ ဆရာလက်လျော့တဲ့ သူတို့ဖခင်ရဲ့အခြေအနေကို နားလည်ကြတယ်လေ။

ကျုပ်ကတော့ မငိုဘူး။ မျက်ရည်တစ်စက်မကျဘူး။

ကျုပ်အနေနဲ့ အစွမ်းထက်တဲ့ဆေးတွေတိုက်တယ်။ ခံတွင်းတွေ့မယ့် အစားအစာတွေ ချက်ကျွေးတယ်။ ဝေဒနာသက်သာအောင် ပြုစုတယ်။ ကိုယ့်တာဝန်ရှိတာ လုပ်ပေးနေတဲ့ကြားက တားမရတဲ့ အို၊ နာ၊ သေ တရားကို ဇွတ်တားဆီးနေလို့ ဘာအကျိုးထူးမှာလဲ။ သေတတ်တဲ့ သဘောရှိတာကို မသေအောင် လုပ်လို့ရတာ ဘယ်မှာရနိုင်မလဲ။

မှန်တာကို ဝန်ခံရရင်တော့ ကျုပ်လည်း နာကုလပိတာကို ဘယ်မှာသေစေချင်မှာလဲ။ သူပြောသလို သံသာလေကမ်းတိုင်၊ တူပြိုင်ကာကူးချင်ပါတယ်။ ဘဝအသေချ်အတူနေလိုပေမယ့် နေမရတဲ့ သခ်ါရဓမ္မကို ဆင်ခြင်မိတော့ နာကုလပိတာကို ကျုပ်တရားပြမိပါတယ်။

"အို. . . နာကုလပိတာ သေချိန်ကျလို့ သေရမှာမို့ အစွဲအလမ်းနဲ့ မသေပါနဲ့။ အစွဲအလမ်းရှိတာ သားဘုရားက ကဲ့ရဲ့ပါတယ်"

ကျုပ်ရဲ့ သတိပေးစကားကြားတော့ နာကုလပိတာက မျက်လုံးပင့်ကြည့်တယ်။ ကျုပ်မျက်နှာကို စေ့စေ့ကြည့်ပြီး အတန်ကြာမျှ စဉ်းစားနေတယ်။ ကျုပ်က သူ့နဖူးဆံစလေးကို ပွတ်သပ်ပေးရင်း စကားဆက်လိုက်တယ်။

"နကုလပိတာ. . . သင့်စိတ်ထဲမှာ ငါသေရင် နကုလမာတာဟာ အိမ်ထောင့်တာဝန်ထမ်းနိုင်မှာ မဟုတ်ဘူး။ ကလေးတွေ ရှာကြံကျွေးနိုင်မှာ မဟုတ်ဘူးလို့ တွေးသလား။ ဒါဆို ဒီအတွေးဖျောက်ပါ။ ကျုပ်က ဝါဖတ်၊ ဗိုင်းငင်ကျွမ်းကျင်ပါတယ်။ အိမ်ထောင့်တာဝန် ယူနိုင်ပါတယ်ရှင်"

နာကုလပိတာရဲ့ မျက်လုံးပုတ်ခတ်ဟန်ကို ဖျတ်ခနဲ တွေ့လိုက်တယ်။

ဒီဟန်ပန်ဟာ ကျုပ်အပေါ်ယုံကြည်စိတ်ချတဲ့အခါတိုင်း ပြုမူလေ့ရှိတဲ့ ပုံသဏ္ဌာန်ပါ။

"အို. . နာကုလပိတာ. . . ငါသေရင် အဘွားကြီးက ဘုရားရှင်နဲ့သံဃာတွေ ဆည်းကပ်မှာ

မဟုတ်တော့ဘူးလို့တွေးပြီး စိတ်ပူနေသလား။ မတွေးပါနဲ့ တကယ်လို့များ သေသွားရင် ကျုပ်က ပိုဆည်းကပ်မှာပါ။ ဒီမယ်. . . နာကုလပီတာ၊ ကျုပ်ဟာ ဘုရားရဲ့တခြားတပည့်မတွေလို မြင့်မြတ်စင်ကြယ်တဲ့ သီလ၊ သမာဓိနဲ့ပြည့်စုံနေသူပါ။ ကြောင့်ကြပူပင်မနေနဲ့။ သေချိန်သင့်လို့ သေရမယ်ဆိုရင် အစွဲအလမ်းနဲ့မသေပါနဲ့ရှင်"

ကျုပ်က လင်သားအပေါ် မေတ္တာတရားအပြည့်နဲ့ စကားဆိုလိုက်ပါတယ်။ ကျုပ်ရဲ့စကားကြားတဲ့ သားသမီးတွေကတော့ ဘယ်လို ထင်မလဲ မသိဘူး။ သေလူမြောပါးလူကို အယူဖြောင့်အောင် မပြောဘဲ နှိပ်စက်နေတယ်လို့ ထင်မလားဘဲ။

ဒါပေမယ့် ကျုပ်တရားကို အဘိုးကြီးနားလည်ပါတယ်။ ကိုယ်သာနာလို့ စိတ်မနာဖို့ ပြောလေမှန်း သဘောပေါက်ပုံရတယ်၊ ဒါကြောင့် သူနာလန်ထလာပြန်ပါရော။

ဒီတစ်ခါ နာလန်ထတော့ အဘိုးကြီးက ကျုပ်လက်ကိုဆွဲပြီး သားဘုရားထံ သွားပြန်တယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သူခံစားနေရတဲ့ ဝေဒနာကို ရှည်ရှည်ဝေးဝေးလျှောက်တယ်။ ရှည်ရှည်ဝေးဝေးလျှောက်နေတာဟာ အကြောင်းရှိပါတယ်၊ ရောဂါဘယ်လောက် သည်းထန်တယ်၊ သေလမ်းဘယ်ပုံနီးတယ်ဆိုတာ ပေါ်လွင်ချင်လို့။

"မှန်ပါ့ ဘုရား. . . ဒီဝေဒနာ ခံစားရချိန် နကုလာမာတာဟာ သားဘုရားလမ်းပြတဲ့ ကိုယ်သာနာ စိတ်မနာမိဖို့ တရားပြပုံ အင်မတန်ကောင်းပါတယ်၊ တပည့်တော်ရင်ထဲကအတွေး အညစ်အကြေးတွေ သန့်စင်သွားအောင် စွမ်းဆောင်နိုင်ပါတယ်၊ ဒီလိုနာရလို့လည်း ဝေဒနာဟာ ယူပစ်သလို ပျောက်သွားရပါတယ် ဘုရား. . ."

နာကုလပီတာက ကျုပ်ပြောတဲ့ စကားတွေကို လုံးစေ့ပတ်စေ့ ပြန်လျှောက်တင်တယ်၊ ဘုရားရှင်က နားထောင်အပြီးတွင်. . .

"အရတော်ပေစွ နကုလပီတာ. . . မယားကောင်းကိုရတဲ့ ခမည်းတော်ကြီးအဖို့ ကုသိုလ်ထူးပေစွ ခမည်းတော်. . ."

ကျုပ်လေ သားဘုရားမိန့်ကြားတာ ကြားရတော့ ရင်ထဲအသည်းထဲက ကြည်နူးသွားတာ အမှန်ပါပဲ။ ။

*ကျမ်းကိုး*

*ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး၏*

*ဇိနတ္ထပကာသနီ ဆဋ္ဌမတွဲကိုမှီးလျက် ရေးဖွဲ့ပါသည်၊*

*သံသရာကိုကျော်နိုင်းသည့် ပုခက်လွှဲသောလက်များ တတုပ်မှ*

# မွေးရကျိုးနပ်သားမြတ်မိခင်



# မွေးရကျိုးနပ် သားမြတ်မိခင်

"အဘွားရေ. . . အဘွား"

"ဗျို့. . . အဘွား. . . ဘွားဘွား"

အဆက်မပြတ်အော်ရင်း ကဆုန်စိုင်းပြေးလာသည့် မြေးငယ်ဥပရေဝတ အသံကြောင့် ကျုပ် ရှုပသာရီ ထိုင်ရာက ခပ်လောလောထလိုက်မိတယ်။ စိတ်က မြန်ဆန်ပေမယ့် အသက်က စကားပြောနေတော့ ခန္ဓာကိုယ်က ထင်တိုင်းမပေါက်။

"ဘာများဖြစ်ပါလိမ့်။ ငါ့မြေးကို တစ်ယောက်ယောက်က စော်ကားလေသလား. . . ဟုတ်မှာပါ။ ထီးထီးမားမား သားထောက်သမီးခံမရှိတဲ့ အဘွားအိုရဲ့ မြေးဆိုပြီး မထီမဲ့မြင် ပြုတယ်ထင်ပါရဲ့။ ဟင်း . . . ဒါမျိုးလုပ်လို့ကတော့ ငံ့ခံမယ် မထင်နဲ့။ မဂဓရာဇ်တိုင်း၊ နာဋကရွာသူ ရှုပသာရီကို ဘယ်လို မိန်းမစားမှတ်လဲ။ စော်ကားလို့တော့ လက်တုံ့ပြန်ပစ်လိုက်မဟော့"

ကျုပ် ရှုပသာရီဟာ မခံချင်စိတ်အတွေးနှင့် တောင်ဝှေးကောက်လိုက်ပြီး အားယူထလိုက်တယ်။

"ဘွားဘွား. . ဘွားဘွား"

"ဟဲ့. . . ဘာဖြစ်လာတာလဲ ငါ့မြေး၊ ပြောစမ်း. . . အဘွားကို ခပ်မြန်မြန်ပြောစမ်း"

အသက်တစ်ရာနား ကပ်နေပေမယ့် ကျုပ်က ငယ်စိတ်ငယ်မာန် မကုန်သေးဘူး၊ ဆတ်ဆတ်ထိ မခံချင်တဲ့ စိတ်နဲ့ ထဘီကို ဒူးဆစ်အထက် ပင့်တင်၊ တောင်ဝှေးကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး အလောတ

ကြီးမေးပစ်လိုက်တယ်။

"ဘာဖြစ်ရမှာလဲ အဘွားရဲ့. . . ဘာမှ မဖြစ်ပါဘူး"

"ဟေ . . . ဘာမှမဖြစ်ဘူး ဟုတ်လား။ ဒါဖြင့် ဘာပြုလို့ ဒီလောက်သေလုမြောပါး ပြေးလာလဲ။ မတော်တဆ ခလုတ်တိုက်လဲရင် ဘယ်လိုလုပ်မလဲ"

ဘွားအေကြီးက စိုးရိမ်တကြီး မြည်တွန်တောက်တီးတာကို သဘောကျဟန် ပြုံးစိစိကြည့်နေတဲ့ မြေးငယ်ပခုံးကို ဖိုင်လှုပ်ကာ နှစ်ခါသုံးခါ ထပ်မေးမိတယ်။

"သတင်းထူး သတင်းကောင်းပြောရင် အဘွားဘာကျွေးမလဲ"

မြေးက မဆိမဆိုင် စကားမေးရင်း ပြုံးစစနှင့်ကြည့်နေတယ်။ ဘွားအေက ဘယ်လိုစိတ်ပူနေမည်ကိုသူမတွေး။ အလိုလိုက်ထားလို့ နွဲ့ဆိုးကလည်း ဆိုးပါ့။

"ဘာ. . . သတင်းကောင်း ဟုတ်လား။ ဘာများပါလိမ့်၊ ဆော့ရင်း ရွှေမန်ကျည်းသီးတောင့်တွေ ကောက်ရတာများလား"

"အဟဲ. . . ဒီထက်ထူးတယ် အဘွား"

"အလိုတော်. . . ဒါဆို မဏိဇောတပတ္တမြားကြီးများ တွေ့လေရော့သလား. . . "

"နီးစပ်တယ် ဘွားဘွား"

"တယ်ဟုတ်ပါလား. . . ဘယ်မလဲ ဘွားဘွားပြစမ်း"

မြေးငယ်လေး ပတ္တမြားကောက်ရလို့ လာကြွားသည်အထင်နှင့် ခါးကိုညွတ်ကိုင်းလျက် စူးစိုက်ကြည့်လိုက်တယ်။

မြေးငယ်က လက်ဝါးဖြန့်လျက် ခါပြရင်း ရယ်နေလိုက်သေး။

"အဟောဟော. . . ပတ္တမြားက ဘွားဘွားအတွက် ဘာများထူးမှာလဲ။ ဘွားဘွားမှာ သုံးမကုန်တဲ့ စည်းစိမ်ချမ်းသာရှိတာ မြေးသိတယ်။ ပတ္တမြားတစ်လုံး ကောက်ရတာ အိုးခြမ်းကွဲတစ်ခု ရသလောက်ပဲရှိမှာပါ။ အဘွားစိတ်ထဲမှာ ဘာမှထူးခြားမှု မဖြစ်နိုင်ဘူး။ အဲ . . အခု ကျွန်တော်ယူလာတဲ့ သတင်းကြားရရင် ဘွားဘွားဝမ်းသာပြီး ထကမှာ. . . "

"ဟေ. . . ဟုတ်လား. . . ကျုပ်က ဝမ်းသာလို့ ကမယ်။ အဟင်း. . . ဟင်း. . . သာရိပုဏ္ဏေးမကို ကတဲ့အထိဖြစ်နိုင်မယ့် သတင်းဆိုရင် ထူးမှာအမှန်ပဲဟေ့"

ကျုပ်က ရွှင်ရွှင်မြူးမြူး လေသံနှင့် မြေးကို အလိုက်အထိုက်ပြောလိုက်တော့ ပြုံးနေတယ်။ ပြီးတော့ ကျုပ်ရဲ့လက်ကို ကိုင်လှုပ်ပြီး. . .

"ကျွန်တော် ဘာသတင်းယူလာတယ်ဆိုတာ ဘွားဘွားမှန်းဆကြည့်စမ်း"

"အိုဟယ်. . . မင်းကဘယ်ကိုသွားပြီး ဘာတွေကြားခဲ့တယ်ဆိုတာ ဘွားဘွားမှ မသိတာ။ တစ်ခုခု

တော့ဖြစ်မှာပါ၊ ကဲပါတော်. . . ဘွားဘွားတွေးမရဘူး၊ မြေးက ပြောစမ်း"

"ပြောမယ် ဘွားဘွား၊ ဒီနေ့ မြေးတို့ သူငယ်ချင်းတွေ ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ ဒိုးပစ်တမ်းကစားကြတယ်"

"အမယ်လေးဟယ်. . . မင်းတို့ကစားတာ ဆော့တာ အဆန်းလိုက်လို့ ငါ့မြေးဟာ မျောက်မူးလဲအောင် အဆော့သန်မှန်း ဒီက သိပါတယ်"

"အဟဲဟဲ. . . အဘွားက ကျွန်တော့်ဆို အပြစ်တင်စောတာပဲ၊ ဆော့ပေမယ့် ဘယ်တော့မှ အမူမဲ့အမှတ်မဲ့ မနေပါဘူး အဘွားရာ"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ"

"အဲဒီလို ကျွန်တော်တို့တစ်တွေ ဆော့နေတုန်း ဘယ်သူရောက်လာတယ်ထင်လဲ"

"မထင်တတ်ပါဘူးတော်"

"ဦးရိုး. . . ဦးရိုး. . . ဦးရိုးတော်ဥပတိဿဗျ"

"ဘာရယ်. . ."

"ဦးရိုးနဲ့ ဦးလေးစုန္ဒရောက်လာတယ်၊ သူတို့နဲ့အတူ ရဟန်းတွေအများကြီးပါလာတယ် အဘွားရဲ့၊ မြေးကိုတွေ့တော့ ဘာပြောလဲ သိလား" ·

"ဘာ. . . ဘာပြောလဲ"

"ငါလာတဲ့အကြောင်း မယ်တော်ကြီးကို သွားပြောတဲ့"

မြေးငယ် ဥပရေဝတစကား ကြားလိုက်ရတာ့ မယုံကြည်နိုင်လောက်တဲ့ သတင်းမို့ အံ့အားသင့်သွားတယ်၊ မိဘနှစ်ပါးကို အနှစ်လေးဆယ်ကျော်အောင် ပစ်သွားတဲ့ သားကြီးက အခုပြန်လာပြီတဲ့၊ ဖြစ်နိုင်ပါ့မလား. . . ဒီကလေး နောက်နေတာတော့ မဟုတ်ပါဘူး၊

ကျုပ်ဟာ အတွေးစိတ်နှင့် တဒင်္ဂငိုင်ပြီး သက်မဲ့ရုပ်နှယ် ငြိမ်ကျသွားပါတယ်၊

* * * * *

ဥပတိဿလို့ ကြားလိုက်ရတာ ရင်ထဲမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းဝေဒနာနှစ်ခုဟာ သူနိုင်ငါနိုင် ပုတ်ခတ်တိုက်ခိုက်နေလို့ လူတစ်ကိုယ်လုံး တုန်လှုပ်သွားပါတယ်၊

ဝမ်းနည်းတာကတော့ ကျုပ်ဟာ သားလေးယောက်၊ သမီးသုံးယောက်နဲ့ မွေးခဲ့ ကျွေးခဲ့ စောင့်ရှောက်ခဲ့တဲ့ မိခင်၊ ဒီလိုကျွေးမွေးကြီးပြင်းခဲ့ပေမယ့် မိတိုဖတိုအရွယ်ရောက်တော့ ဒီသားသမီးတွေက လက်ကသုံးတောင်ဝှေး လုပ်ကျွေးသူ လုံးဝမရှိဘူး၊ အားလုံးက စွန့်ခွာသွားကြတယ်၊

တကယ်တော့ ကျုပ်မှာ ပူပင်ကြောင့်ကြစရာ မရှိဘူး၊ ကျုပ်ခင်ပွန်းဟာ နာဠကရွာရဲ့ အကြီး

အကဲ။ ဩဇာအာဏာရှိတယ်။ စည်းစိမ်ဥစ္စာချမ်းသာတယ်။ ခြွေရံသင်းပင်း များတယ်။ ရွှေလိုရင်ရွှေ၊ ငွေလိုရင်ငွေ၊ လက်ညှိုးထိုးရုံနဲ့ အဆင်ပြေပြီးသားပါ။

ဒါကြောင့်လည်း သားကြီးဥပတိဿဆိုရင် လိုနေလသေးမရှိအောင် ထားပေးတယ်။ အလုပ်အကျွေးငါးရာနဲ့ ပျော်သလိုနေ၊ သုံးချင်သလိုသုံး၊ လောကီစည်းစိမ်ကို အပြည့်အဝ ခံစားဆိုပြီး လိုက်လျောထားတယ်။

အင်း. . . မိဘက ဒီလိုထားပေးရက်နဲ့ သင်းက ဘာကြောင့်ဖောက်ပြန်လည်း မသိဘူး။ လောကကို အကောင်းမြင်ဝါဒနဲ့ မကြည့်ဘဲ အပျက်ချည်းတွေးတယ်။ မက်မောစရာမှန်သမျှ စက်ဆုပ်တဲ့အကြည့်နဲ့ ကြည့်တယ်။ တွယ်တာရမှာကို စွန့်ခွာတယ်။ လောကီစည်းစိမ် ကာမဂုဏ်အာရုံခံစားမှုကို ငြီးငွေ့တယ်ဆိုပြီး ရဟန်းဝတ်သွားတယ်။

သားရယ်. . . ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ ရသေ့ရဟန်းဝတ်ချင်တာလဲ။ ဒီအလုပ်ဟာ သက်လွန်ရွယ်ကျ ဘာမျှမစွမ်းတဲ့လူတွေ အလုပ်ပါ။ သားတို့အရွယ်ဟာ မျိုးဆက်အမွေမပျောက်အောင် ထိန်းရမယ့် တာဝန်ရှိပါတယ်။ အမျိုးမပျောက်ပါစေနဲ့လို့ တားတာ ခေါင်းခါငြင်းပယ်ခဲ့တယ်။ ကျုပ်ဒေါပွသွားတယ်။ မိဘက ကောင်းရာညွှန်လည်း ကောင်းတယ်မထင်ဘူး။ ကဲ. . . ဒီလောက်ဖြစ်နေလဲဝတ်၊ ရဟန်းဘဝရဲ့ ဆင်းရဲပင်ပန်းမှုကြုံမှ စိတ်ကုန်မယ်။ စိတ်ကုန်တော့မှ သာရီအိမ် ပြန်လာကြပေါ့လို့ ပြောပစ်လိုက်တယ်။

သားကြီး ဥပတိဿမရှိပေမယ့် ကျုပ်မမှုပါဘူး။ သားသုံးယောက် ကျန်သေးတာပဲ။ ပိုးနဲ့သာ ကောင် ခြေတစ်ဖက်ပြတ်ရုံနဲ့ အသွားမပျက်သလို သာရီတို့က အနေအစားမပျက်ပါဘူး။ ကျန်တဲ့ကလေးတွေကို ဆတက်ထမ်းပိုး တိုးချစ်ပစ်လိုက်တော့တယ်။

အင်း. . . ပြောမပြောချင်ဘူး။ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်ပါနွားက ဖြောင့်စွာလိုက်သတဲ့။ ဒီစကားမှန်ပါ့. . . ။

အကြီးကောင်က ကောက်ပြတော့ ကျန်တဲ့ သားကြီးနှစ်ယောက်နဲ့ သမီးကြီးသုံးယောက်က ကောက်ကြ၊ ကွေးကြပြန်ရောရှင့်. . . ။

"ဟဲ့. . . ဟဲ့. . . နင်တို့ကလည်း ရဟန်းဝတ်ကြမယ် ဟုတ်လား။ တော်တော်ဟုတ်တဲ့ဟာတွေ။ အဲဒီလို လုပ်သွားတော့ မိအိုဖအိုကို ဘယ်သားသမီးက လုပ်ကျွေးမှာလဲ ပြောစမ်း။ ပြောကြစမ်း"

ကျုပ်ဟာ ဒေါပွလွန်းလို့ ကုန်းအော်ပစ်လိုက်တယ်။ ကျန်သူတွေ ဘာမျှမပြောဘဲ ငြိမ်နေကြပေမယ့် အမိုက်မ စာလာက ထပြောတယ်။

"ဩော်. . . မေမေရယ်၊ မေမေ့မှာရှိတဲ့ စည်းစိမ်ဟာ ဒီတစ်သက်မပြောနဲ့ ဆယ်သက်စားမကုန်ပါဘူး။ သမီးတို့လုပ်ကျွေးမှ အမေ ထမင်းဝမယ့် ဘဝမျိုးမဟုတ်ပါဘူး"တဲ့။

ကိုင်း. . . ကြည့်စမ်း။ သမီးမိန်းကလေးက မိဘကိုပြောတဲ့ စကားတဲ့။ ဘေးကကြားလို့ တော်သေးရဲ့လား။ မိဘရဲ့မေတ္တာတရားကို ခွဲခြားနားမလည်တဲ့ သမီးမိုက်စကားကြောင့် ရင်နာသွားတယ်။

"အေး. . . သွားကြ၊ တစ်ယောက်မှ အိမ်မှာမနေကြနဲ့။ နင့်တို့ လုပ်မကျွေးလဲ ငါယောကျာ်းရှာထားတဲ့စည်းစိမ်နဲ့ ခြေကလိမ်ချိတ်စားနိုင်တယ်ဟေ့။ သွားကြ. . . အားလုံးသွားကြ။ ငါ့ကိုလဲ မအေမမှတ်နဲ့၊ နင့်တို့ကိုလဲ သားသမီးမမှတ်တော့ဘူး။ ဒီအိမ်မှာ အငယ်ဆုံးသားလေး ရေဝတကျန်ရစ်ရင်တော်ပြီ၊ အေး. . . နောင်အခါတော့ ဘာဘာညာညာ မပြောနဲ့။ ရှိသမျှ စည်းစိမ်ကို ငါသားပဲ ပုံပေးပစ်မယ် နားလည်ကြ"

ကျုပ်သာရိဟာ သားငယ်လေးကို အားကိုးနဲ့ ကျန်သူတွေကို ဥပေက္ခာပြုလိုက်တယ်။ သားကိုလည်း မအေအပါးက ဘယ်မှမသွားဖို့ အမျိုးမျိုးနားချသိမ်သွင်းတယ်။ မိခင်စကား နားထောင်မယ့်ပုံပါ။ ဒါပေမယ့် ကျုပ်စိတ်မချနိုင်ဘူး။ ခဲမှန်ဖူးတဲ့ စာသူငယ်လို မည်းမည်းမြင်ရင် ထိတ်လန့်နေမိတယ်။ ရှေ့က နမူနာတွေလည်း ရှိနေတော့ ဒီသားလေး ထွက်မသွားနိုင်အောင် သံယောဇဉ်ကြိုးချည်နှောင်မှ ဖြစ်မယ်၊ ခုနစ်နှစ်သားသာရှိသေးတဲ့ ဒီသားဟာ အိမ်ထောင်ချပေးလို့ကတော့ စောသေးတာ အမှန်ပဲ။ ဒါပေမယ့် အခြေအနေက စောတယ် မထင်ဘူး၊ မြန်မြန်စိစဉ်လေ စိတ်အေးရလေလို့ ဆုံးဖြတ်ပြီး အမျိုးတူ၊ ဇာတ်တူ၊ ဂုဏ်ရည်တူ၊ အရွယ်တူ မိန်းကလေးနဲ့ ထိမ်းမြားဖို့ စီမံလိုက်ပါတော့တယ်။

အင်း. . . အကျိုးကိုမျှော်ကိုးပြီး အစိုးရိမ်ပိုမိတာဟာ တစ်ခါတလေ အမှားဖြစ်မှန်း လွန်မှနားလည်သွားတယ်။ ကလေးရဲ့ စိတ်သဘောထားကို မစူးစမ်းဘဲ ထင်ရာလုပ်လိုက်တာ ပိုဆိုးသွားပါရော၊ မင်္ဂလာပွဲနေ့ပဲ သားလေးရေဝတက ကျုပ်ကိုပစ် သူ့အစ်ကိုကြီးရှိရာ ပြေးသွားပြီး ရဟန်းဘဝကို ခံယူသွားတယ်၊

သားသမီးခုနစ်ယောက်က ပစ်သွားတဲ့ကျုပ်အဖို့ ဘယ်လိုခံစားရမယ်ဆိုတာ စဉ်းစားကြည့်ပါတော့၊ ဝမ်းနည်းလွန်းလို့ မစားနိုင်မသောက်နိုင်ဖြစ်ပြီး ဗုန်းဗုန်းလဲတော့တာပဲ၊ လဲနေရင်း ကျုပ်စဉ်းစားပါတယ်၊ မိဘရယ်လို့ ကြင်နာရမှန်း၊ တွယ်တာရမှန်းမသိတဲ့ ဒီကလေးတွေကို ကိုယ်က တွယ်တာနေလည်း ကိုယ်ပင်ပန်းရုံပဲ၊ ချင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင်ပေါ့၊ ဘာ ခင်တွယ်နေစရာလိုလဲ၊

အင်း. . . ငါက ဘဲဥကို အငှားမိခင်အဖြစ် ဝပ်မိတဲ့ ကြက်မကြီးပါလား၊ ကိုယ်ကတော့ ကိုယ့်ရင်သွေးမှတ်လို့ ဝပ်ပေး၊ ပေါက်လာတော့ အစာရှာကျွေး ဘဲလေးတွေက ရေကန်ကြီးတွေ့တော့ ကူးခတ်သွားကြတယ်၊ ရေမကူးတတ်တဲ့ ကြက်မကြီးဟာ စိုးရိမ်ပိုပြီး သားတို့၊ သမီးတို့ ရေမကူးနဲ့၊ ဒီဘက်ပြန်လာခဲ့လို့ ပြောနေပေမယ့် ဘဲလေးတွေက မိခင်နဲ့ဝေးရာ ကူးပြေးကြပြီ၊ မအေကတော့ ကမ်းစပ်မှာ ဟိုပြေးဒီပြေးနဲ့ ဆောက်တည်ရာမရဖြစ်လို့၊

ဟုတ်တယ်. . . ငါဘဝ ဒီအတိုင်းပဲ၊

ဒီလိုတွေးမိတော့ အိပ်ရာထက်က ပြန်ထနိုင်တယ်။ အံတင်း၊ မာန်သွင်းပြီး ထဘီကို ခပ်တင်းတင်း ပြန်ဝတ်လိုက်မိတယ်။

ဟော. . . အနှစ်လေးဆယ်ကျော် ပစ်သွားတဲ့ မိခင်ကို သားကြီးဥပတိဿ ပြန်လာပြီတဲ့. . .။

ဘာဖြစ်လို့ ပြန်လာတာလဲ. . .။

တစ်သက်လုံး နေကြပါလား. . .။

အေးလေ . . . ခလုတ်ထိလို့ အမိတတာ ဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ်လေ မိဘကတော့ ခွင့်လွှတ်ရမှာပါပဲ။

ကျုပ်ရင်ထဲမှာ ဝမ်းနည်းဝမ်းသာစိတ်တို့က အပြိုင်အဆိုင် ထိုးနှက်တိုက်ခိုက်နေတော့ ပြိုလဲကျ မသွားအောင် မနည်းထိန်းထားရပါတော့တယ်။

* * * * *

“ဒီမယ်. . . ငါ့မြေး၊ အဘွားမေးတာကို သေသေချာချာ ပြောစမ်း။ ရွာထိပ်မှာ မင်းဦးရိးကိုတွေ့ခဲ့တာ သေချာလား. . .”

“သေချာပါတယ် အဘွားရာ. . . ကိုယ့်ဦးရိးကို မမှတ်မိဘဲ နေမလားဗျ။ ဦးရိးကတောင် မေးနေသေးတယ်”

“ဟင်. . . အေး။ ဘာ. . . ဘာကို မေးလဲ ပြောစမ်း”

“မင်းအဘွား နေကောင်းလားတဲ့. . .”

မြေးငယ် ရေဝတ စကားကြောင့် ကျုပ်တစ်ကိုယ်လုံး ပီတိအရှိန်နဲ့ ဖိန်းခနဲ ဖြစ်သွားပါတယ်။ သတိရလို့ ဦးဦးဖျားဖျား မေးတယ်ဆိုတော့ ရင်ထဲကြည်နူးသွားတယ်။ ဒါပေမယ့် ဝမ်းသာမှုကို မပေါ်လွင်စေလိုဟန် သိုသိပ်ပြီး. . . .

“ငါ့မြေးက မပြောလိုက်ဘူးလား. . . ရူပသာရီဆိုတဲ့ အဘွားကြီးက ပူပင်သောကမရှိလို့ စားကောင်း၊ အိပ်ကောင်း၊ နေကောင်းတာမှ ဒေါင်ဒေါင်မြည်လို့ဗျလို့”

“ကျွန်တော် မပြောလိုက်ပါဘူးအဘွား။ ဘာပြုလို့လဲဆိုတော့ ဦးရိး ကျန်းမာပုံမရဘူး”

“ဘာ. . . ဘယ်လို. . . သားကြီးဥပတိဿ နေမကောင်းဘူး ဟုတ်လား”

ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်သွားပါတယ်။ နဖားကို အရိုက်ခံရတဲ့ ကြွေးစည်လို လူလည်း ချာချာ လည်သွားသလား အောက်မေ့ရတယ်။

ချင်းစိမ်းနှင့် မိတ်သလင် သူကြင်မှုကိုယ်ကြင်လို့ တွေးထားသော်လည်း သားသမီးသံယောဇဉ်က တကယ်တမ်းမပြတ်မှန်း ကိုယ့်ကိုယ်ကို သိလိုက်ရပါပြီ။

သားကြီး ဥပတိဿ ကျန်းမာပုံမရဘူးလို့ကြားတာနဲ့ ရင်တွေ တဆတ်ဆတ်တုန်လာတယ်၊ မျက်လုံးတွေ ပြာဝေပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး။

"နေ. . . နေပါဦး. . . ငါ့မြေး၊ အဘွား မေးစမ်းပါရစေ. . . မင်းဦးရီး အခြေအနေ တော်တော် ဆိုးလို့လား၊ အဖျားပြင်းပုံရှိလား။ အသားတွေ ဖျော့တော့နေသလား. . . လူရော တော်တော်ပိန်သွား သလား။ ပြောစမ်း. . . မြန်မြန်ပြောစမ်း"

"ဟာဗျာ. . . အဘွားမေးတာက အများကြီး၊ ကျွန်တော် ဘာဖြေရမှန်းမသိတော့ဘူး"

"အဲ. . . အေး. . . ဟုတ်တယ်၊ မင်းဦးရီး အနေအထားဟာ. . ."

"သိပ်မောနေသလိုပဲ"

"မောနေတယ်၊ ဟုတ်ပါပြီ၊ အင်အားကုန်ပြတ် အာဟာရဓာတ် ချို့တဲ့တာပဲ ဖြစ်ရမယ်၊ ဒါကြောင့် အစကပြောတာပေါ့ ရဟန်းလုပ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ ဖြစ်သလိုနဲ့ ရောင့်ရဲရတယ်၊ သူများ သဗ္ဗါမှ ဆွမ်းကောင်း၊ ဟင်းကောင်းစားရတယ်၊ ကိုယ့်အိမ်မှာ တင့်တောင့်တင့်တယ် နေနိုင်တာနေပါ၊ စည်းစိမ်ရှိသမျှ အပြည့်အစုံ ခံစားကြပါလို့ ပြောတယ်၊ မိဘစကား နားမထောင်ဘူး၊ မိုက်မဲတဲ့ အတွေး နဲ့ မဟုတ်တာ စိတ်ကူးယဉ်၊ ထင်တာတွေ လျှောက်လုပ်၊ ခုတော့ ဘာဖြစ်လဲ၊ ကဲ. . . ပြော. . . ပြောစမ်း ပါဦး၊ တော်တော်ပိန်သွားသလား. . . မြေးရဲ့"

"ပိန်တယ်. . . တော်တော်ပိန်တယ်၊ အရိုးပေါ် အရေတင်ပဲ"

"ဟုတ်ပါပြီ. . ဒီလိုပဲဖြစ်မှာပေါ့၊ ဒီအလုပ်မျိုးက လွယ်တာမှ မဟုတ်တာ၊ သက်သက်မဲ့ ဒုက္ခမရှိ ဒုက္ခရှာကြတာပဲ၊ သူများတွေ စည်းစိမ်ခံချင်လွန်းလို့ ချမ်းသာအောင် ကြိုးစားကြတယ်၊ သူတို့က ဒုက္ခ မဖြစ်ဖြစ်အောင်မွေး၊ မတွေ့တွေ့အောင်ရှာ၊ ကြည့်လေ. . . ခုဖြစ်ပြီ၊ ဒုက္ခလှလှကြီး တွေ့ပြီ၊ ဒါနဲ့ မင်း ဦးရီးတနားမှာ စုန္ဒရောရှိလား. . ."

"ရှိတယ် ဘွားဘွား၊ ဦးလေးစုန္ဒက ဦးရီးကို တွဲခေါ်လာတာ"

"တို. . . တွဲခေါ်ရလောက်အောင် ဖြစ်သလား၊ နောက် ဘာတွေ့သေးလဲ ပြောစမ်း၊ မင်းကလဲ တစ်ခွန်းမေးမှ တစ်ခွန်းဖြေတယ်၊ မင်းတွေ့တာ မြင်တာ အကုန်ပြောစမ်းပါ၊ ဥပရေဝတရယ်"

"ပြောမလို့ပါပဲ အဘွားရာ. . . ဘယ်ကစပြီး ပြောရမှန်းမသိတော့ဘူး၊ ဦးရီး ရောက်နေတယ်၊ သူ့ရဲ့ ရဟန်းငါးရာပါလာတယ်၊ အခု အိမ်ကို လာကြလိမ့်မယ်၊ ဦးရီးက သူ့အိပ်နေကျ အခန်းကို ပြင် ထားဖို့ မှာတယ်၊ သူ့ရဟန်းတွေ ကျိန်းစက်ဖို့နေရာလဲ ပြင်ထားပါတဲ့၊ အဲဒါပဲ"

"ဟေ. . . သားကြီးက အိမ်မှာ ကျိန်းစက်မယ်၊ နောက်ပါတဲ့ ရဟန်းတွေလဲ ဒီမှာတည်းမယ်၊ အလိုလေးလေး. . . အပြောလွယ်လိုက်တာ၊ ဒီငါးရာကို အိမ်မှာဘယ်လိုလုပ် ပြင်ပေးရမှာလဲ၊ ကျုပ် ယောကျ်ားဆောက်ထားတဲ့အိမ်က လူတစ်ကျိပ်ကိုးယောက်ပဲ ချောင်ချောင်ချိချိ နေလို့ရမှာပေါ့၊ မက်ပါ

တယ်. . . ဒီကလေးလုပ်ရင် ဒီအတိုင်းချည်းပဲ။ မိဘကို အမြဲဒုက္ခပေးတယ်”

သားအိမ်ပြန်လာပြီ။ သူ့အိပ်ခန်းပြင်ခိုင်းပြီ ဆိုစဉ်က ဝမ်းသာသွားသည်။ အနှစ်နှစ်အလလခွဲနေတဲ့ သား မျက်နှာ အနီးကပ် မြင်နေရမည်မို့ ကြည်နူးမိတယ်။ သို့သော် သူနှင့်အတူ ရဟန်းငါးရာပါလာသည် ဆို၍ စိတ်ညစ်သွားတယ်။ တစ်ယောက်စ နှစ်ယောက်စဆို အကြောင်းမဟုတ်။ ဒီငါးရာကို ဘယ်လို ဧည့်ခံရမလဲ။ ဘယ်ပုံ နေရာပေးရမလဲ။

ကျုပ်ဟာ နှုတ်ကမြည်တွန်တောက်တီးရင်း လက်က သားအခန်းကိုရှင်းမိတယ်။ ပါးစပ်ထဲ တွေ့ရာပြောရင်း သံဃာတွေ သီတင်းသုံးဖို့ သင့်လျော်သလို စီစဉ်ပေးနေမိတယ်။

* * * * *

“အလိုလေးလေး. . . ကယ်တော်မူပါ မဟာပြဟ္မာ”

သားကို မြင်လိုက်ချိန်မှာ နှုတ်ကအလိုလို ယောင်ယမ်းရေရွတ်မိသွားတယ်။ ကျုပ်ရင်တွေ တဆတ်ဆတ်တုန်နေသလို မျက်ရည်က အလိုလိုကျလာတယ်။ မျက်ရည်စကြားက သားရဲ့ ရုပ်လွှာကို အသေအချာကြည့်မိတယ်။

ကျုပ်သားမှ ဟုတ်ပါလေစ။ သားကြီး ဥပတိဿရဲ့ ရွှေအဆင်းလိုဝင်းဝါတဲ့ အသားအရေတွေ ဘယ်ကိုရောက်သွားကုန်ပါလိမ့်။ ပြည့်တင်းဖောင်းကြွတဲ့ လက်မောင်း၊ လက်ရုံး၊ ကိုယ်လုံးတွေက ဘယ်ပျောက်ကုန်ပါလိမ့်။ တက်ကြွလန်းဆန်းတဲ့ အမူအရာတွေ ဘယ်သူ ခိုးယူသွားပါလိမ့်။ ပြုံးရယ်ရွှင်ပျတဲ့ နှုတ်ခမ်းသားတွေ ဘယ်နေရာ ငုပ်လျှိုးသွားပါလိမ့်။

“သား. . . ဥပတိဿ. . . ”

ကျုပ်ဟာ လက်နှစ်ဖက်ကို ရှေ့ဆန့်တန်းပြီး ဝမ်းပန်းတနည်းခေါ်လိုက်မိတယ်။

ကျုပ်ဒီလို ကြိုရင် မိဘရင်ခွင် ခေါင်းထိုးပြေးဝင်တတ်တဲ့ ဥပတိဿ ခုအခါမှာ ပြေးလည်းမလာဘူး။ လှုပ်လည်း မလှုပ်ရှားဘူး။ မျက်လွှာကို အသာပင့်ကြည့်ပြီး စကြာ္ဃန္ဓေ ပြန်ချကာ သူအိပ်နေကျ အခန်းဆီ တက်သွားပါတယ်။

ကျုပ်ဟာ လက်နှစ်ဖက်ကို ပြန်ရုပ်ပြီး ကယောင်ကတမ်းနဲ့ သားဘေးက ကပ်လိုက်မိတယ်။ ဒီအခါ သားငယ် စုန္ဒက. . .

“ဒကာမကြီး. . . သင့်ရာမှာ နေရစ်တော့။ အရှင့်အတွက် ကျွန်ုပ်တို့ တာဝန်ရှိပါစေ” လို့ လှည့်ပြောတယ်။ ကျုပ် ကြောင်ရပ်လိုက်မိတယ်။

အို. . . လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။

ဘာကြောင့်များ ရုတ်ချည်းပြောင်းလဲကုန်သလဲ။ ကျုပ်အမြင်မှားတာ၊ နားကြားမှားဘာတော့ မဖြစ်

နိုင်ဘူးထင်ပါရဲ့။

သားစုန္ဒက မအေကိုခေါ်တာ ဘယ်လိုကြီးလဲ၊ မေမေလို့လည်းမဟုတ်၊ ဒကာမကြီးဆိုပါလား၊ နားထဲအဝင်မချိုသာလိုက်တာ၊ မအေကို ခေါ်ပုံက သူစိမ်းဆန်လိုက်တာ၊ နေပါစေ မာမာ. . . နောင်တော်ကို ပြုစုဖို့ သားတို့ရှိသေးတယ်၊ ပုပင်သောကမဖြစ်ပါနဲ့ ဆိုရင်လည်း ပြီးတာပဲ၊

ရှိသေးတယ်. . .၊ ကိုယ့်အစ်ကိုကို ပြောတာကလဲ အရှင်တဲ့. . .၊

ဘယ်လိုမျိုးပါလိမ့်၊ တစ်ယောက်နဲ့တစ်ယောက် စိမ်းကားလှချည်လား၊

ကျုပ်မနေသာတော့ဘူး၊ ခုချိန်ထိ လိမ္မာမှုမရှိတဲ့ ဒီကလေးတွေကို ဆုံးမမှ ဖြစ်မယ်၊ မသွန်သင်လို့ မဖြစ်ဘူးဆိုတဲ့ အတွေးနဲ့ ကပ်လိုက်သွားတယ်၊

အခန်းဝရောက်ချိန်မှာ ဥပတိဿဟာ ခုတင်ထက်ကို အပန်းတကြီး ထိုင်ချလိုက်ပြီး တစ်စုံတစ်ခုကို လက်ဟန်ပြတောင်းတယ်၊ ဘာလုပ်ပေးရမှန်း ကျုပ်မသိလို့ ယောင်နန ဖြစ်နေချိန် စုန္ဒက ခုတင်ဘေးမှာ အသင့်ရှိတဲ့ ထွေးခံခွက်ကို ရွှေ့ချပေးလိုက်တယ်၊

"အမလေး. . ."

အထိတ်တလန့် အော်မိတာ နှုတ်က လွတ်ထွက်မသွားအောင် အလျင်စလို ပါးစပ်ကို ပိတ်လိုက်မိတယ်၊ အို. . . အသည်းထိတ်စရာကောင်းလိုက်တာ၊ သားကြီး သွေးတွေအန်နေပါလား၊ အို. . . ကယ်တော်မူပါ မဟာဗြဟ္မာ၊ အပြစ်ကြီးငယ်ရှိရင် ဒီမျှနဲ့ နှစ်သိမ့်တော်မူပါ၊ မေတ္တာ၊ ကရုဏာအပြည့်အဝပေးသနားခြင်းဖြင့် သားကြီးရဲ့ ကျန်းမာရေးကို စောင့်ရှောက်တော်မူပါ အဖဗြဟ္မာ၊

ကျုပ်ဟာ တစ်သက်လုံး အားကိုးလာတဲ့ မဟာဗြဟ္မာကြီးကို တိုင်တည်ဆုတောင်းရင်း သားရဲ့ ဝေဒနာ သက်သာဖို့ ကြိုးစားမိတယ်၊

ဥပတိဿ တဝေါ့ဝေါ့နှင့် အဆက်မပြတ် ထိုးအန်လိုက်တာ သွေးတွေ ထွေးခံပြည့်သွားပြီ၊ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး ထွေးခံသုံးလုံး အန်လိုက်တာ သားရဲ့ ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်နေတဲ့သွေးတွေ ရှိပါသေးရဲ့လား၊ ဘယ်နည်းနဲ့မှ မရှိနိုင်တော့ဘူး၊ ကြည့်လေ. . . သားပုံက သွေးတစ်စက်မှ မရှိတဲ့ ပိုးဟပ်ဖြူလေး တစ်ကောင်ဖြစ်နေပါပေါ့၊

စုန္ဒက အန်ထားတဲ့ သွေးတွေသွန်ဖို့ အိမ်အောက်ဆင်းသွားတယ်၊ ပြုစုမည့်သူ လစ်ဟာချိန် သားကို ပြုစုချင်လို့ အပါးကပ်သွားတယ်၊

"ရပါတယ် ဒကာမကြီး. . . သင့်ရာမှာသာ နေပါ"

သားကြီးက ဟန့်တားလိုက်လို့ ကြောင်တက်တက်နဲ့ ကြည့်နေမိတယ်၊ ဒါပေမယ့် ကျွန်မ အလွန်စိတ်ပူပင်မိတယ်၊

"နေသာလား သားကြီးဥပတိဿ"

"ရပါတယ်. . . ဒကာမကြီး သင့်ရာမှာနေပါ။ ပြုစုဖို့ အရှင်စုန္ဒရှိနေပါတယ်"

စိုးရိမ်ပူပန်နေတဲ့ မိခင်ကို လူစိမ်းကားကြီးက နှင်လွှတ်နေတယ်။ မိခင်သောကကို နားမလည်လေရော့သလား။ ကျုပ်တွေးပူနေပေမယ့် ဝေဒနာသည်းထန်တဲ့သားရဲ့အဖြစ်ကို မမြင်ဝံ့၊ မကြည့်ဝံ့၊ မမြင်ရက်၊ မကြည့်ရက်တော့ပါ။

* * * * *

သားဇောနဲ့ တခြားဘာကိုမျှ ဂရုမပြုမိတဲ့ ကျုပ်ဟာ ခုမှ သတိပြုမိတယ်။

သားနဲ့အတူပါလာတဲ့ ရဟန်းငါးရာဟာ အိမ်ထဲမှာဖြစ်သလို ငုတ်တုတ်ထိုင်လျက် သားဆီကို လက်အုပ်ချီထားကြတယ်။ သူတို့တစ်တွေဟာ သားရဲ့ခံစားမှုကို သတိမပြုမိသလို ငြိမ်နေကြတယ်။ အားလုံးက စက္ခုကုန္ဒြေချပြီး ဝေဒနာသဘောကို တွေးတောနေသလားမသိ။

သားငယ်စုန္ဒကတော့ သူ့နောင်တော် ကျောကိုဖိပေးလိုက်၊ ခြေလက်တွေကို ဆုပ်နယ်ပေးလိုက်၊ အညစ်အကြေးတွေကို သုတ်သင်ပေးလိုက်နှင့် လှုပ်ရှားနေသည်။ သူ့အမူအရာကလည်း ပူပင်သောက မရှိသလို အေးတိအေးစက်။

ဟော. . .။

နှုတ်က ရုတ်တရက် ယောင်ထွက်သွားတယ်။

ဘယ်သူတွေလဲ။ တစ်ကိုယ်လုံးက အရောင်ပြိုးပြိုးပြက်ပြက်နဲ့ ဝင်းလက်နေပါလား။ ဟော . . . သူတို့က သားအပါးကို ရိုရိုကျိုးကျိုး ချဉ်းကပ်သွားကြတယ်။ ဘာတွေမေးလို့ ဘာတွေဖြေနေကြပါလိမ့်။ ဟင်း. . . သူတို့မျက်နှာတွေ မကောင်းကြပါလား။ သားကို ရှိခိုးပြီး ပြန်သွားကြတယ်။ သားက ဘာပြောလို့ ပြန်ကုန်ကြပါလိမ့်။

ခက်တယ်. . ခက်တယ်။ ကိုယ်မကျန်းမာလို့ လာမေးတဲ့သူတွေကို ဖော်ဖော်ရွေရွေ ဆက်ဆံရမှန်းလည်း မသိဘူး။ သားအခန်းထဲ ဝင်လာသူတွေဟာ တကယ့်လူကုံထံ အသိုင်းအဝိုင်းထဲက ဖြစ်မယ်။ ဝတ်စားထားကြတာ တကယ့်အဖိုးတန် အဝတ်အစားတွေ။ ဥပမိရုပ်တွေကလည်း ခံ့ညားပ။ လူကြီးလူကောင်းတွေ လာတွေ့တာကို မတုမတန်သလို ဆက်ဆံတာ အင်မတန် ရိုင်းတာပဲ။ မဖြစ်ဘူး. . . မဖြစ်ဘူး။ ဒီကလေး ဒီအသက်အရွယ်ထိ ကောင်းဆိုးကြောင်းကျိုး မသိတတ်ဘူး။

လိမ္မာယဉ်ကျေးရမှန်းလည်း မသိဘူး။ ဘေးကမြင်ရင် မိဘ မဆုံးမလို့ ထင်ဦးမယ်။ မဖြစ်ပါဘူး . . . သာရီရဲ့ အမျိုးဂုဏ်သိက္ခာကိုတော့ အညိုးခံလို့ မဖြစ်တော့ဘူး။

သားကြီးဥပတိဿကို ဆုံးမဖို့အတွေးနဲ့ သားအပါး ကပ်သွားမိပါတော့တယ်။

* * * * *

"သား. . . ဥပတိဿ. . . လူလေး. . . "

ကျုပ် ရှုပသာရီဟာ မချင့်မရဲ ချဉ်းကပ်သွားပြီး ခပ်တိုးတိုး ခေါ်လိုက်တယ်။ သားကမျက်လုံးအစုံကို အသာဖွင့်ကြည့်ပြီး "အချိန်အခါမဟုတ်ဘဲ ဘာ့ကြောင့်လာသလဲ" လို့မေးပါတယ်။

ကျုပ် ဝမ်းနည်းလွန်းလို့ ရင်တဆတ်ဆတ် ခုန်နေတယ်။ ဒီအချိန်မှာတော့ ပြောသင့် မပြောသင့် မစဉ်းစားတော့ဘူး။ စိတ်ထဲ ဒေါထနေသလိုလဲ ဖြစ်နေတယ်။

"ဘယ်လိုကွဲ. . . ဘာလို့ လာသလဲ ဟုတ်လား။ မင်းမို့မေးရက်ပလေ ဥပတိဿရယ်။ ငါဟာ မင်းအမေ။ မင်းက ငါ့သားကွဲ့။ သားတစ်ယောက် ခုလို ဝေဒနခံစားနေရတာ ဥပေက္ခာပြု လက်ပိုက်ကြည့်နေရက်တဲ့ မအေမျိုး ဒီကမ္ဘာမှာ ရှိသလား။ ငါ့သားလေး ဘယ်လို ခံစားနေရမလဲ၊ ဝေဒနာသက်သာရဲ့လား။ မိဘအကူအညီ ဘာများလိုမလဲလို့ တွေးတဲ့ မအေချည်းပဲ ဖြစ်မယ်။ အဲဒါ မိဘမေတ္တာ၊ မိဘစေတနာ၊ အေး. . . မိဘဆိုတာ သားသမီးအတွက် ပူရတာပဲဟေ့. . . "

"ငြိမ်းအေးစွာနေပါ ဒကာမကြီး၊ ကျွန်ုပ်အတွက် သောကမရှိလေနဲ့"

ကျုပ်က ပူပန်စိတ်နဲ့ ပြောပေမယ့် သားက ဘာမျှ မခံစားရသလို မိန့်လိုက်တယ်။ ရင်ထဲ အောင့်သွားရပြန်တယ်။

"မင်းမို့ ဒီစကားပြောရက်တယ်ကွယ်၊ ဘယ်မိဘကမှ ဒီကာလမျိုးမှာ ငြိမ်အေးစွာ မနေနိုင်ဘူးမှတ်။ ကဲ. . . အဲဒါထားတော့. . . ၊ သားကို မေးရဦးမယ်၊ ခုနကလာတဲ့ ဧည့်သည်တွေက ဘယ်သူတွေလဲ. . . သူတို့ ဘာလာလုပ်တာလဲ"

"ဩော်. . . ဒကာမကြီး တွေ့လိုက်သလား။ အင်း. . . ပထမဦးဆုံးလာတာက စတုမဟာရာဇ်နတ်မင်းကြီးလေးပါးပါ"

"စတု. . . စတုမဟာရာဇ်နတ်မင်း. . . ဟို. . . မိုးပေါ်က ဟုတ်ပါရဲ့နော်"

"မှန်ပေတယ် မယ်တော်"

"အလိုလေးလေး. . . အံ့ဖွယ်သူရဲ ရှိလိုက်တာ၊ ဒီနတ်သားတွေက သားရဲ့ခြေကို ဆုပ်နယ်ပေးကြတယ်၊ သားကို ရှိခိုးကြတယ်၊ သားကို ရိုသေကြတယ်၊ ဒါနဲ့ ငါ့သားက ဒီနတ်ကြီးလေးပါးထက် မြင့်မြတ်သလား"

ကျုပ် ရှုပသာရီဟာ သားစကားကို ယုံရခက်၊ မယုံရခက်၊ မယုံကြည်ဟုဆိုပြန်သော် မျက်ဝါးထင်ထင်မြင်နေရပြီ၊ ထူးခြားတဲ့အသွင်ရှိသူမို့ သာမန်ပုဂ္ဂိုလ် မဟုတ်မှန်းတော့ တွက်ဆရတယ်၊ သူဌေးလား၊ မင်းစကရာဇ်လားဟုသာ တွေးခဲ့ရာ ကိုယ်အားထားသည့် နတ်များဖြစ်တယ်ဆိုလို့ အံ့ဩသွားရတယ်၊

သားကြီးက သူ့ညီစုန္ဒကို ထူမပေးရန် မျက်ရိပ်ပြတယ်၊ စုန္ဒက ထူပေးပြီး နေသားတကျ မြင်ပေး

လိုက်ပါတယ်။

"မယ်တော်သာရီ. . . ဒီနတ်များဟာ အရုံခစား၊ အစေအပါးသာဖြစ်တယ်။ သူတို့က သားဝေဒနာ ခံစားရတာသိလို့ အလုပ်ကျွေးပြုခွင့်တောင်းတယ်။ ငါ့မှာ ရဟန်းတွေ အမြောက်အမြားရှိတယ်၊ သင်တို့ မလိုဘူး. . . ပြန်ကြတော့ဆိုလို့ ပြန်သွားကြတယ်"

"ဟယ်. . . ဒီလို နှင်လွှတ်တယ်။ နတ်မင်းကြီးတွေကလဲ သားစကားနားထောင်ပြီး ပြန်တယ်"

"မှန်တယ် မယ်တော်. . . ။ သားတို့ ဘုရားရှင် ပဋိသန္ဓေနေစဉ်ကစပြီး ဖွားမြင်ချိန်ထိ သန်လျက် စွဲကိုင်စောင့်ရတဲ့သူတွေဟာ နတ်တွေပါ။ သူတို့ဟာ ဘုရားရှင်နဲ့ သာဝကတွေကိုလည်း ဒီလိုပဲ စောင့် ကြရတယ်"

"ဒါနဲ့ နောက်တစ်ခါ တစ်ပါးတည်းကြွလာတာကရော. . . "

"အဲဒါ သိကြားမင်းပါ. . . "

"ဘယ်လိုကွဲ့. . . သိကြားမင်း. . . တာဝတိံသာက သိကြားမင်းကိုပြောတာလား"

"မှန်ပေတယ် မယ်တော်။ သိကြားမင်းဟာ သပိတ်သက်န်းကိုင်တဲ့ လူသာမဏေအဆင့်ပဲရှိပါ တယ်"

"အလိုလေးလေး. . . ထူးလိုက်တာ။ အံ့ဩစရာကောင်းလိုက်တာ။ ဒါနဲ့ နောက်ဆုံးရောက်လာ ကဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်က ပိုပြီးအရောင်အဝါ တောက်တယ်။ သူကရော. . . "

"အဲဒီပုဂ္ဂိုလ်ကို မယ်တော်ကြီး တကယ်မသိဘူးလား"

"အလိုတော်. . . ခုမှ မြင်ဖူးတဲ့သူကို ဘယ်မှာသိပါ့မလား"

"ဩော်. . . ကိုယ်တိုင်ကိုးကွယ်နေသူကိုတောင် မသိဘူးကိုး။ သူက မယ်တော်တို့ကိုးကွယ်နေတဲ့ မဟာဗြဟ္မာကြီးပေါ့"

"ဘယ်လို. . . ဘယ်လို. . . တို့ကိုးကွယ်နေတဲ့ မဟာဗြဟ္မာကြီး ဟုတ်စ။ မင်းပြောတာ ဟုတ်ရဲ့ လား ဥပတိဿရယ်။ ဝေဒနာခံစားရလွန်းလို့ ကယောင်ကတမ်းဂကားတွေ ပြောတာများလား။ နေ. . . နေစမ်းပါဦး။ ငါ့သားက မဟာဗြဟ္မာကြီးထက် အဆင့်ကြီးသလား။ ဘုန်းသမ္ဘာကြီးသလား။ ဟိုဒင်း. . . အမေရှင်းအောင် ပြောစမ်းပါ"

"အမှန်ပဲ ဒကာမကြီး။ ဒကာမကြီးတို့ရဲ့ မဟာဗြဟ္မာကြီးဟာ သားတို့ဘုရားရှင်ဖွားမြင်စက ရတနာရွှေကွန်ရက်နဲ့ ခံရတဲ့ ဥပါသကာအဆင့်ပဲ ရှိပါတယ်။ ဘုရားသားတော်ဖြစ်တဲ့ ကျွန်ုပ်တို့လို သာဝက နဲ့ ဘယ်မှာနှိုင်းယှဉ်အပ်ပါ့မလဲ မယ်တော်. . . "

ကျုပ် ရူပသာရီဟာ သားတော်စကား ကြားလိုက်ရတော့ သံသယဟူသမျှ မြူမျှမရှိအောင် ကင်း စင်လွင့်ပျောက်သွားပါတယ်။ ကိုယ့်သားအပေါ် အထင်သေး၊ အမြင်မှားဖြစ်မိတာကိုလည်း နောင်တရမိ

တယ်၊ အမှန်တကယ် ဆည်းကပ်ကိုးကွယ်သင့်တဲ့ဘုရားရှင်အပေါ်လည်း ယုံမှားသံသယ မရှိတော့ဘူး၊

ကျုပ်ဟာ သားရဲ့ခြေရင်းမှာ ပုဆစ်ဒူးတုပ်ထိုင်ချလိုက်ပြီး လက်အစုံကို ပဒုမ္မာကြာဖူးနှယ် ပူးကပ်လိုက်တယ်၊

* * * * *

မိရိုးဖလာ အစွဲနဲ့ ကိုယ့်အမျိုးမှ မြင့်မြတ်တယ်၊ ကိုယ့်အယူဝါဒသာ မှန်တယ်၊ ကိုယ့်ရဲ့ ကိုးကွယ်မှုသာ ကေန်မုချ လဲလျောင်းစရာ ဖြစ်တယ်လို့ တွေးထင်မိခဲ့တယ်၊

ဗြဟ္မဏသွေးဖြစ်တဲ့ ကျုပ်တို့ဟာ အင်မတန်လည်း အယူသည်းထန်ပါတယ်၊ ကိုယ်နဲ့တူသူ မရှိဘူး၊ တို့ဟာ ဗြဟ္မာကြီးရဲ့ မြင့်မြတ်တဲ့နေရာက ဖွားသန့်စင်သူ၊ တခြားအမျိုးတွေက ယုတ်ညံ့တဲ့နေရာက ဖွားမြင်ကြတယ်၊ တို့ဟာ ဝေဒပညာလည်း တတ်တယ်၊ အကျင့်သီလစရဏလည်း ရှိတယ်၊ ရုပ်ဆင်းရူပကာလည်းရှိတယ်၊ ဒီဗြဟ္မဏအသိုင်းအဝိုင်းက လူတွေအနေနဲ့ တခြားလူတွေ ကိုးကွယ်ခံသာ ဖြစ်တယ်လို့ မာန်တက်ခဲ့တယ်၊

ကျုပ်အထင်ကြီးတဲ့ မဟာဗြဟ္မာကြီးဟာ တကယ်တမ်းကျတော့ သားရဲ့ အလုပ်အကျွေးအဖြစ် ပြုခွင့်တောင် မရဘူး၊ ဝေဒနာသက်သာအောင်ခြေဆုပ်လက်နယ် ပြုခွင့်တောင်းတာတောင် သားက ခွင့်မပြုလို့ စိတ်မကောင်းဟန်နဲ့ ပြန်သွားရတယ်၊ ဩော်. . . ကျုပ်သား. . . သာရိပုဏ္ဏေးမရဲ့သား၊ သာရိပုတ္တရာဟာ တကယ်မြင့်မြတ်တဲ့ တန် ခိုးရှင်ပါလား. . . "

"ဘုရား. . . ဘုရား. . . . "

ကြည့်စမ်း. . . ကျုပ်သား သာရိပုတ္တရာတောင် ဒီလောက်တန်ခိုးကြီးနေရင် သားရဲ့ဆရာဖြစ်တဲ့ ဘုရားရှင်က ဘယ်လောက်တန်ခိုးကြီးမလဲ၊ ပြောစရာမလိုတော့ဘူးပေါ့၊

ကျုပ်မမြင်ဖူးတဲ့ ဘုရားရှင်ကို အာရုံညွတ်လျက် ဖူးတွေ့လိုက်တယ်၊ ကျုပ်နှလုံးသားမှာ ဘုရားရှင်ရဲ့ ပုံရိပ်က ပြက်ပြက်ထင်ထင် ပေါ်လွင်လာတယ်၊ ဒီလိုဖြစ်တဲ့ တစ်ခဏ ကျုပ်ရင်မှာ ပီတိတွေ ဖြာဝေသွားပါတယ်၊

"အို. . . မြတ်သောမယ်တော်. . . သင့်မှာ အဘယ်အတွေးဖြစ်ဘိသနည်း"

"ချစ်သား သာရိပုတ္တရာ. . . သားရဲ့ဆရာသခင် ဘုရားရှင်ကို ဖူးမြင်မိလျက် ပီတိဖြစ်နေမိပါတယ်"

"သာစု. . မိခင်. . . သာစု ကျွန်ုပ်၏ဆရာသခင် ဘုရားရှင်ကား ပဋိသန္ဓေရှိစဉ်ကပင် ထူးခြားသော ပုဗ္ဗနိမိတ် ၃၂ ပါးထင်ရှားဖြစ်တယ်၊ သန္ဓေယူချိန်မှစပြီး စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်က သန်လျက်စွဲကိုင်က ကျက်သရေတိုက်ဝမှာ စောင့်ရတယ်"

"အင်း. . . ပါရမီဘုန်းကံ ထူးခြားသူပဲ"

"ဒီမျှမက လုမ္ဗိနီသာမော အင်ကြင်းတောမှာ ဖွားမြင်တဲ့အခါ ရတနာရွှေကွန်ရက်ဖြင့် ဖြန့်လျက်ခံတယ်။ အဲဒီနောက် စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်က နူထွတ်ချောမွတ်တဲ့ သစ်နက်ရေနဲ့ ခံပါတယ်။ ဒီအခါ ပြဟ္မာကြီးက ထီးဖြူအုပ်မိုးပြီး သုယာမနတ်မင်းက သားမြီးယပ်ခတ်နေတယ်။ ဘုရားရှင်ဟာ ဖွားမြင်စမှာပဲ အရှေ့မြောက်ကို လှည့်ပြီး ခုနစ်ဖဝါးလှမ်းကြွကာ သုံးခွန်းသောစကားနဲ့ ကြုံးဝါးပေတယ်. . ."

"ဟေ. . . . ဖွားစလှမ်းကြွရုံမက စကားပင်ပြောတယ်။ ထူးခြားလိုက်တာ။ ဒါနဲ့ အလောင်းတော်က ဘာများ ကြုံးဝါးတာလဲ သားတော်. . ."

"အဂ္ဂေါ ဟမသ္မိ လောကဿ

ငါဟာ လူအပေါင်းတွင် အမျိုးအားဖြင့် အမြင့်ဆုံး၊

ဇေဋ္ဌောဟ မသ္မိ လောကဿ၊

ငါဟာ လောကသုံးပါးမှာ အကြီးကျယ်ဆုံး၊

သေဋ္ဌောဟ မသ္မိ လောကဿ၊

ငါဟာ လူသုံးပါးတွင် ချီးမွမ်းအပ်ဆုံး တဲ့"

"အင်မတန် ရဲရင့်တဲ့ ကြုံးဝါးသံပေပဲကိုး"

"ဟုတ်ပေတယ် မယ်တော်သာရီ။ ထူးခြားမှုတွေကတော့ ပြောမကုန်ပါဘူး။ အသက် ၂၉ နှစ်မှာ တောထွက်ပြီး ကျင့်နိုင်ခဲ့တဲ့ ဒုက္ကရစရိယာအကျင့်ကို ၆ နှစ်ကျင့်ကြံတာပါပဲ။ တစ်နေ့ကို ဆွမ်းတစ်လုတ်၊ သစ်သီးတစ်လုံး၊ နှမ်းတစ်စေ့ စားသုံးခဲ့သလို ကြောင့်ကြမဲ့စွာ အာဟာရကိုပင် ဖြတ်တောက်ခဲ့ပါတယ်"

"အို. . . ဆင်းရဲပင်ပန်းလိုက်ပါဘိ"

"ဆင်းရဲတာ အမှန်ပါ။ ဒါပေမယ့် ဒီလိုငြိုငြင်တဲ့ အကျင့်ဟာ ဘုရားမဖြစ်နိုင်။ သတ္တဝါတို့ ဓမ္မတာမှာ သဒ္ဓါလွန်လျှင် ကွန့်၊ ပညာလွန်လျှင် ဆွဲ့၊ ဝီရိယလွန်လျှင် ပျံ့၊ သမာဓိလွန်လျှင် တွန့်၊ သတိသာလျှင် လွန်သည်မရှိ၊ အစဉ်လိုက်ဘိသည်လို့ ဆင်ခြင်ပြီး သဒ္ဓါ၊ ပညာ၊ ဝီရိယနဲ့ သမာဓိကို မျှတစေပါတယ်။ ဒီအခါမှာ အဆင့်ဆင့်ဉာဏ်စဉ်မြင်ပြီး သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဧကန်စင်စစ် ဘုရားဖြစ်ခဲ့ပါတယ် မယ်တော်. . ."

ကျုပ် ရူပသာရီဟာ သားမထေရ်ရဲ့စကား ကြားရတော့ မမြင်ဘူး၊ မဖူးရသေးသော ဘုရားရှင်ကို အာရုံဝင်စားလျက် တလေးတစား ရှိခိုးမိလိုက်တယ်။ သားတော်က ဘုရားရှင်ဟာ မိဂဒါဝုဏ်၌ ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဟောပုံ၊ ယသသူဌေးသားနှင့် အဖော်တို့ကို သစ္စာလမ်းပြ မြတ်ဓမ္မ ယုံကြည်စေပုံ၊ ဥရုဝေလကဿပနှင့် ရှင်တစ်ထောင်ကို အမြိုက်ဆေးတိုက်ကျွေးခဲ့ပုံ ရှင်းပြပြီး သားနှင့်သားရဲ့ သူငယ်

ချင်း ကောလိယတို့ဘုရားရှင်နှင့်တွေ့ရပုံ၊ ဘုရားရှင် သာသနာတော်အတွင်း ခိုလှုံရပုံကို ဆက်ရှင်းပြတယ်။

တစ်စတစ်စ အသံတိတ်သွားတဲ့ သားမြတ်စကားကို နားစိုက်ရင်း ခါးကို ဆန့်လိုက်သည်။

"အလိုလေးသားရယ်. . . အမေမသေခင်မှာ ဘုရားစစ်စစ်ရှိကြောင်း ကြားရလို့ ဝမ်းသာပီတိဖြစ်လိုက်တာ လွန်ပါရော။ ဘုရားရှင်ရဲ့ အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်ကို ကြားရလို့ ကြည်ညိုရတာလဲ မှန်ပါ့။ ဘုရားရဲ့သားတော်ဖြစ်တဲ့ အမောင်နဲ့ အမောင့်နောက်ပါတွေ မြင်ရလို့ သဒ္ဓါစိတ်ဖြစ်ရတာလဲ အမှန်ပါ။ ဒီမယ်သား. . . ဒီအကြောင်းတွေကို ရှေးအခါက ဘာကြောင့်များ မပြောလဲ။ မဆုံးမလဲ။ ဘယ်လိုလဲသား မိဘကို ပစ်ပယ် မချစ်တတ်လို့များ နေရောသလား။ ငါ့အမေဟာ အယူမှားတဲ့ မိစ္ဆာဒိဋ္ဌိကြီး။ ငါဟောလဲ မောရှုံ့မယ်လို့များ တွေးခဲ့သလား။ သတင်းထူး၊ သတင်းဦးကို ဒီမိဘမပြောရင် သားဘယ်သူ့ကို ပြောသင့်တယ် ထင်လဲ။ အင်း. . . တော်ပါသေးရဲ့ကွယ်။ အမေ မသေခင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအစစ် ဆည်းကပ်ခွင့်ရတာ ကံထူးတာပါ။ ဒီအတွက် ငါ့သားကို အမေ ကျေးဇူးတင်ပါတယ်။ တကယ်တော့ ငါ့သားကို အနှစ်လေးဆယ်ကျော် မိုက်မဲခဲ့တယ်လို့ ထင်ခဲ့မိတယ်။ အမှန် မိုက်မဲသူက အမေပါ။ ဒါပေမယ့် ဒီနေ့ကစပြီး အမေ လိမ္မာသွားပြီ။ ဒါ ငါ့သားကြောင့်၊ သားသမီးခုနစ်ယောက် မွေးခဲ့တာ ဝမ်းရေစပ်တယ်။ ဝမ်းနာတယ်လို့ ထင်ခဲ့မိတာ အမေနောင်တရသွားပြီ။ တကယ်တော့ အမေဟာ မွေးရကျိုးနပ်၊ သားမြတ်တို့မိခင်ဆိုတာ သိပြီ၊ သိခဲ့ပြီသားရေ. . ."

ကျုပ် သာရိပုဏ္ဏေးမကြီးက သားကို အပြစ်တင်ခြင်းမဟုတ်ဘဲ ဝမ်းမြောက်စကား အဆက်မပြတ်ပြောနေမိတယ်။ သားမထေရ်ကလည်း ဦးခေါင်းထိခြုံလျက် လျောင်းစက်နေတာကို သာမန်အိပ်စက်နေတယ်လို့သာ ထင်မိတယ်။

နောင်တော်မထေရ်မြတ် ပရိနိဗ္ဗာန်စံလွန်ပြီဖြစ်ကြောင်း သိနေတဲ့ စုန္ဒကမူ ကျုပ်ကို ကရုဏာသက်ဟန်ဖြင့် စိုက်ကြည့်နေတာ ကျုပ်မသိဘူး။

မိစ္ဆာဒိဋ္ဌိအယူ ကိုယ်မှာကင်းကွာပြီး သမာဒိဋ္ဌိအယူ ခိုဝင်လာတဲ့ ကျုပ်ဟာ ကြည်နူးစိတ်နဲ့ ဘာကိုမှ သတိမထားမိလိုက်ဘူး။

ကျုပ်သိချိန်ကျတော့ သားမထေရ်က ပရိနိဗ္ဗာန်ပြုသွားပြီ။ ။

*ကျမ်းကိုး. . .*

*ကျီးသဲလေးထပ်ဆရာတော်ဘုရား၏ ဝိနယ္တပကာသနီဒုတိယတွဲကိုမှီးပါသည်။*

# အလှသခင် မာနရှင်



# အလှသခင် မာနရှင်

-တစ်ပင်မှတစ်ပင် ဝဲကာပျံကာ ကူးချည်သန်းချည် ပန်းဝတ်ရည်သောက်သုံးနေတဲ့ လိပ်ပြာပိတုန်း တို့ဟာ ရောင်စုံပန်းပွင့်ကလေးများနှယ် တူပါဘိ။

ပိတုန်းလိပ်ပြာတို့ရဲ့ တောင်ပံခတ်သံဟာ ပဉ္စသိခ်နတ်သားရဲ့ စောင်းသံနှယ် ငြိမ့်ညောင်းသာယာလှပါ၏။

ငှက်ကျေးသာရကာ၊ တမာ၊ ဥသြတွန်သံနှောတဲ့ ဘာသာဘာဝ အော်မြည်သံကလည်း တူရိယာမျိုးစုံကို အကွက်ကျကျ တီးခတ်နေသည့်နှယ် နားဝင်ပီယံရှိလှပါဘိ။

-သာယာလှတဲ့ ထိုဥယျာဥ်ထဲတွင် သုံးလောကထွတ်တင် ဗုဒ္ဓဘုရားရှင်က စံပျော် သီတင်းသုံးလေတော့ အတိုင်းအဆမရှိ သာယာ၊ တုပမရအောင် လှပ၊ ယှဥ်ပြိုင်ဘက် ကင်းအောင် ကြည်နူးဖွယ်ကောင်းပါပေတော့၏။

-ဝေဠုဝန်ရဲ့ သာယာပုံကား တာဝတိံသာ နန္ဒဝန်ဥယျာဥ်အား ထင်မှတ်မှားခဲ့ရပြီ။

ညင်းညင်းသွဲ့သွဲ့ သီဆိုသံက စက်တော်ခေါ်ပျော်စံနေတဲ့ ထိပ်ထားခေမာကို ညင်ညင်သာသာ လှုပ်နှိုးလိုက်သလို ဖြစ်သွားပါတယ်။ အိပ်မက်ထူး မြင်မက်နေလေသလားဟု နိုးတစ်ဝက်အတွေးမှာ ထင်မိရာ၊ ဂီတသံစဥ်ကလေးများ အဆက်မပြတ် တိုးဝင်လာမှ အိပ်မက်မဟုတ်မှန်း သိလိုက်ပါတယ်။ ထိပ်ထားဟာ စက္ခုအာရုံကို အသုံးမပြုသေးဘဲ သောတအာရုံအပြည့်ခံစားဖို့ ရွှေနားစွင့်ထားလိုက်ပါတယ်။

-နှင်းဆီ၊ သောကာ၊ ယင်းမာ၊ ခတ္တာ၊ ဇလတ္တာ၊ ဇီဇဝါစတဲ့ ပန်းမျိုးစုံရဲ့ သင်းထုံတဲ့

ရနံ့အစုံဟာ တစ်တောလုံး မွှေးကြိုင်နေ၏။

-ရနံ့မျိုးစုံ ထုံပျံ့သင်းတဲ့ ဒီဥယျာဉ်သာထက် နတ်တို့စံရာ နန္ဒဝန်က သာစရာမရှိ။

-ဝေဠုဝန်ကို ရောက်ရင် နန္ဒဝန်ကို ရောက်သည်နှင့်မခြားတူပါဘိ။

သီချင်းသည့်ရဲ့အသံကို ကြားလိုက်တော့ "ဩော် . . . ဝေဠုဝန်ဥယျာဉ်က ဒီမျှ သာယာနေပြီ လား. . ." ဟုတွေးရင်း စိတ်ထဲကလည်း ရော်ရမ်းမှန်းမျှော်ကြည့်မိတယ်။ မရှုစားရတာ ကြာမြင့်ပြီဖြစ်တဲ့ ဝေဠုဝန်ရဲ့ ဖမ်းစားမှုကို တဒင်္ဂမျှ ခံစားသွားရတယ်။ တေးဂီတရဲ့ လှုံ့ဆော်မှုကြောင့် ရွှေရင်မှာ လှုပ်ခတ် သွားစေပါတယ်။

"အင်း. . . မောင်တော်မင်းတရားကြီးက ဘုရားရှင်သီတင်းသုံးဖို့ လှူထားတဲ့ ဝေဠုဝန်ဟာ ဒီ လောက်သာယာနေပြီလား။ ဘယ်လိုများပြုပြင်ပြောင်းလဲထားပါလိမ့်။ ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါ ရင်းရှိတဲ့ မောင်တော်ဟာ အစွမ်းကုန်လှူဒါန်းမှာ မလွဲဘူး" လို့ တစ်ဆက်တည်း တွေးလိုက်မိတယ်။

-တာဝတိံသာ နတ်ရွာစံစားတဲ့ ဒေဝါသိကြာနတ်များဟာ ဝေဠုဝန်ကို မြင်ရတော့

ဩော်. . . နန္ဒဝန်အလှက စာမဖွဲ့လောက်ပါလား။

-နန္ဒဝန်နဲ့ ဝေဠုဝန်ဟာ နှိုင်းစာမရပါလားလို့ နားလည်သွားကြတော့ ဝေဠုဝန်ကို

မကြည့်ဘဲ၊ မမြင်ဘဲ မနေနိုင်။ ကြည့်လို့ မရောင့်ရဲနိုင်ဖြစ်ကုန်၏။

-အို. . . သာယာလွန်းတဲ့ ဝေဠုဝန်၊ ကြည်နူးဖွယ်ကောင်းတဲ့ ဝေဠုဝန်။ စာဖွဲ့သီကျူးမိနိုင်

ဘူး။ မိပါဘူးလေ. . . . ။

* * * * *

ဝေဠုဝန်ရဲ့ အလှကို သီကျူးဖွဲ့ဆိုသံ အာရုံခံစားနေစဉ် တေးဂီတသံက ဖြုန်းခနဲ ရပ်သွားပါ တယ်။ ထိပ်ထားခေမာဟာ ပုတ်ခတ်ထွန်းထိုးခံစားလိုက်ရသည့်နှယ် တုန်လှုပ်သွားတာကြောင့် သလွန် ထက်က လူးလဲထိုလိုက်တယ်။ တောင်မြောက်ဝဲယာကို ကျိုးကန်းတောင်းမျှော် ကြည့်မိပုံမှာ ရာဇက္ကန္ဓြေ ပျက်သွားပါတယ်။

"စိကြ. . . ဟဲ့. . . စိကြ"

"လာပါပြီ သခင်မ"

ထိပ်ထားခေမာရဲ့ ရေးကြီးသုတ်ပျာ ခေါ်မှုကြောင့် အထိန်းတော်ကြီးစိကြ အပြေးတစ်ပိုင်းရောက် လာတယ်။ အပါးမှာ ကျုံ့ကျုံ့ထိုင်ပြီး ခေါင်းငုံ့နေပါတယ်။ စိကြအမူအရာက ဘယ်အရေး၊ ဘယ်အကြောင်း ဆိုတာမိန့်ပါ သခင်မဘုရားဟူသော အဓိပ္ပာယ်နှင့် နာခံနေပါတယ်။

"ဟဲ့. . . မယ်မင်း. . . သခင်မ ရွှေစက်တော် ပျော်နေခိုက် တေးသီသံနဲ့ စောင်းငြင်းသံ ရွှေနား ဆင်မိလေသလားလို့."

"မှန်ပါ. . . ထိပ်ထား နန်းတွင်းစာဆို ဒေဝက္ကန္ဒရာနဲ့ သဘင်သည် ကေသဝဏ်တို့ သီဆိုတီးမှုတ် နေခြင်းပါဘုရား"

ဒေဝက္ကန္ဒရာလို့ ကြားလိုက်တာနဲ့ ထိပ်တားနားလည်လိုက်ပါတယ်။ မောင်တော်ဘုရားရဲ့ လက် သုံးတော် စာဆိုအကျော်ပါ။ ဂီတ၊ ကဗျာ၊ လင်္ကာအဖွဲ့အသီ တော်ရုံမက စောင်းအတတ် တစ်ဖက်ကမ်းခတ် တတ်တဲ့ ပညာရှင်ပါ။ အတတ်ပညာရှင် တီးခတ်လိုက်ခြင်းမို့ ထူးထူးခြားခြား ရွှေနားအရသာ ရှိနေခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ရွှေစိတ်တော် ဘဝင်မကျတာက ဝေဠုဝန်ရဲ့ အလှဖွဲ့နွဲ့ထားပုံပါပဲ။

"ဒါနဲ့. . . . သခင်မ မေးစမ်းပါဦးမယ် စိတြရဲ့။ မယ်မင်းတို့ သခင်ရဲ့ ဝေဠုဝန်က စာဆိုနဲ့ ညီအောင်သာယာနေသလား"

"အို. . . သာယာပါဘိ သခင်မရယ်. . . ဆရာဒေဝက္ကန္ဒရာ ဖွဲ့သီတာ လိုများတောင် လိုနေပါလိမ့် ဦးမယ်။ ပကတိအခြေအနေကို ဘယ်လိုမှ မိမယ်မထင်ဘူး။ စိတြအနေနဲ့ တာဝတိံသာမရောက်ဘူးလို့ နန္ဒဝန်အလှ ကို မချိုးကျူးတတ်ပါဘူး။ ဒါပေမယ့် ဝေဠုဝန်ကတော့ ဟောဒီ မဇ္ဈိမမှာ အလှဆုံး၊ အသာယာဆုံးလို့ ပြောလိုက်ချင်ပါတယ် သခင်မဘုရား"

အထိန်းတော်ကြီးစကား ရွှေနားဆင်ရတော့ ခေမာ့စိတ်တွေ ပျံ့လွင့်သွားတယ်။ လူကသာ သလွန် ထက်မှာ စံပျော်နေရပေမယ့် စိတ်အစဉ်က ဝေဠုဝန်ဆီ ရောက်သွားပါတယ်။ များပြားလှတဲ့ သစ်ပင် ပန်းမန်တွေကို တအံ့တသြငေးမောကြည့်နေမိတယ်။ ဝဲကာပျံကာ မြူးထူးဆော့ကစားနေတဲ့ လိပ်ပြာ လေးတွေကို ကြည့်ရင်း သူတို့လို ဆော့ကစားမိတယ်။ လိပ်ပြာတောင်ပံခတ်သလို လက်များကို ဝှေ့ကာ ယမ်းကာ လှုပ်ခတ်လိုက်မိတယ်။

စိတ်ရဲ့ဆွဲဆောင်ရာ လှုပ်ရှားမိရာမှ ဖျတ်ခနဲ သတိရတော့ ရှက်စနိုးအမူအရာနဲ့ အထိန်းတော် ကြီးကို ငုံ့ကြည့်လိုက်မိတယ်။

ဦးခေါင်းကိုငုံ့၊ ပြားပြားဝပ် ခစားနေတာမြင်မှ ရှက်စိတ်ပြေပြီး တိတ်တခိုး သက်မချမိပါတယ်။

"ဒီမယ် မယ်မင်း. . . မောင်တော်လှူထားတဲ့ ဝေဠုဝန်ကို သခင်မ ရှုစားရင် သင့်မလား"

"ဘယ်လို မိန့်တာလဲ သခင်မဘုရား. . . ကြွချီသင့်တာ ကြာပါပကော။ ရာဇဂြိုဟ်ပြည်သူတွေ ဟာ နေ့စဉ် ဝေဠုဝန်မှာ အချိန်ကုန်ကြပါတယ်။ စိတြသာ သခင်မအပါး အမြဲခစားနေရလို့ အခွင့်မသာ တာကြောင့် စိတ်ကို ဖြေသိမ့်နေရပါတယ်။ သခင်မသာ ကြွချီမယ်ဆိုရင် နောက်တော်ပါးက ခစားလိုက်ရ မှာမို့ ဝမ်းသာမဆုံး ဖြစ်မှာပါ ထိပ်ထား"

"ကောင်းပြီလေ. . . ဝေဠုဝန်ကို ချီမယ့်အကြောင်း မောင်တော်ကို လျှောက်တင်ချေစို့"

ထိပ်ထားရဲ့ မိန့်ကြားချက် နာရတာနဲ့ အထိန်းတော်ကြီးစိတြက မျက်နှာကိုဝှက်လျက် ပြုံးလိုက်တယ်။ ဘုရင်မင်းမြတ်စီစဉ်ထားတဲ့အတိုင်း အံ့ဝင်ခွင်ကျ ဖြစ်သွားပါပကောလို့လည်း စိတ်ထဲက ကြည်နူးသွားတယ်။

မာနသခင် အလှရှင်မလေး ခေမာမိဖုရားဟာ တေးဂီတရဲ့ လှည့်ဖြားမှုကြောင့် ပျားရည်စက်ကို လျက်မိတဲ့ သမင်မလေးပမာ ထောင်ချောက်ဆင်ထားတဲ့ တောထဲသို့ လှမ်းဝင်တော့မယ်။

* * * * *

ရာဇဂြိုဟ်. . . မဇ္ဈိမဒေသက ထင်ရှားတဲ့ မင်းနေပြည်တော်။ ဝေဘာရ၊ ပဏ္ဍဝ၊ ဝေပုလ္လ၊ ဂိဇ္ဈကုတ်၊ ဣသိဂိလိ အမည်ရတဲ့ တောင်ငါးလုံးဟာ သဘာဝတံတိုင်းသဖွယ် ဝန်းရံထားတယ်။ ဝေဘာရ တောင်ခြေမှာ ယူဇနာငါးရာကျယ်တဲ နဂါးတို့စံရာ ရေအိုင်ကြီးလည်း ရှိတယ်။ ဒီရေအိုင်က မြစ်ဖျားခံ စီးနေတဲ့ တပေါဒမြစ်ရေဟာ အစဉ်အမြဲ ပွက်ပွက်ဆူနေတယ်။ မဟာလောဟကုမ္ဘိငရဲဘုံ နှစ်ခုကြားက ဖြတ်စီးဆင်းလို့ ဒီလိုပွက်ပွက်ဆူနေကြောင်း အဆိုရှိပါတယ်။ ဒီလို သဘာဝအတားအဆီးတွေ ရှိနေလို့ ရာဇဂြိုဟ်ကို ရန်သူထိပါးနှောင့်ယှက်နိုင်စွမ်းမရှိပါဘူး။

ရာဇဂြိုဟ်ပြည့်ရှင်ဟာ မာဂဓတိုင်းနဲ့ အင်္ဂတိုင်းနှစ်တိုင်းကို စိုးမိုးအုပ်ချုပ်တဲ့ ဘုရင်ဗိမ္ဗိသာရ။ မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး၊ အပရိဟာနိယတရားခုနစ်ပါးနဲ့အညီ အုပ်ချုပ်လို့ ပြည်သူချစ်ခင်တဲ့မင်း။ ပြည်သူချစ်တဲ့မင်းရဲ့ အဂ္ဂမဟေသီ ရတနာဒေဝီက ခေမာ။ ခေမာ ရွှေနားပန်ဆင်ဖူးတဲ့ စကားတစ်ခုရှိတယ်။

ရှေးဘဝက ရဟန်းပြုခဲ့ရင် မနိုင်းယှဉ်အပ်တဲ့ အဆင်းရှိတယ် အသံသာယာတယ်။ ဥစ္စာနေပေါတယ်။ ခြွေရံသင်းပင်းပြည့်စုံတယ်။ သားမြေးကျေးကျွန်တို့ရဲ့ ကြောက်ရွံ့ ခန့်ညားခြင်းခံရတဲ့ အကျိုးပေးတယ်လို့ ဆိုတယ်။

သာဂလပြည့်ရှင် မဒ္ဒရာဇ်မင်းကြီးရဲ့ သမီးဖြစ်လာတဲ့ ထိပ်ထားခေမာဟာ ဒီအကျိုးပေးတွေနဲ့ ပြည့်စုံနေတယ်။ အမျိုးမြတ်သူဘဝမှာ လူဖြစ်ခဲ့ရုံမက အဆင်းရူပါကလည်း လှတယ်။ ဇမ္ဗူရာဇ်ရွှေစင်ကို ရတနာခုနစ်ပါး စီခြယ်ထုဆစ်ထားတဲ့ ပန်းပုရုပ်နှယ် လှပသူလို့ ချီးကျူးကြတယ်။ အချို့ကတော့ တဒင်္ဂမြင်ရုံနဲ့ မူးဝေမိန်းမောလောက်အောင် အဆင်းအသရေရှိသူလို့ ဆိုကြတယ်။ ခေမာရဲ့ ရုပ်ဆင်းလှပမှုဟာ အပြည်ပြည်အမင်းမင်းတို့ရဲ့ အလယ်မှာ သတင်းမွှေးနေတာ ခေမာသိပါတယ်လေ. . .။

ဥစ္စာခန၊ အာဏာ၊ အဆင်းရူပကာ ပြည့်စုံရုံမက ခေမာမွေးဖွားချိန်မှာ ပြည်သူတွေ စွဲကပ်နေတဲ့ မကောင်းမှု ဘေးဥပါဒ် မှန်သမျှ ပိန်းကြာရွက်တွင် ရေမတင်သလို ကင်းစင်လွင့်ပျောက်သွားလို့ ခမည်းတော်က "ခေမာ"လို့ နာမကရဏအမည်ပေးခဲ့သတဲ့။

ခေမာ. . .။

ထိပ်ထားလေး ခေမာ. . .။

ပင်တိုင်စံ ထိပ်ထားခေမာဟာ ခမည်းတော်ရဲ့ အရိပ်အောက်မှာ ပူပင်ကြောင့်ကြစရာမရှိ ပျော်စံနေခဲ့ရာ မောင်တော် ဗိမ္ဗိသာရ မြောက်စားခံရတော့ ရာဇဂြိုဟ်ရဲ့သခင်မ ဖြစ်ခဲ့ပါတယ်။

* * * * *

ဣတ္ထိ ရုပ' ခနဲ. . .။

မိန်းသားတို့ရဲ့ ဥစ္စာမနကား အဆင်းရူပါလို့ ပညာရှိများ မိန့်ဆိုထားတာ ခေမာကိုရည်ညွှန်းလေသလား မသိ။ ဘာကြောင့်လဲဆိုတော့ ထိပ်ထားမှာ ပုရိသတို့ကို ဖမ်းစားနိုင်တဲ့ ရူပါရှိနေတာကိုး။

သာမန်ပုရိသ မဆိုထားနဲ့ မောင်တော် ဗိမ္ဗိသာရကိုပင် ခေမာ့အလှကွန်ရက်တွင်းက ရုန်းမထွက်နိုင်အောင် ဖမ်းစားနိုင်ခဲ့တယ်လေ. . . .

အလှသခင် မာနရှင်. . .။

မောင်တော်က သည်သို့ ကျီစယ်ဟန်ပြု ခေါ်လေ့ရှိပါတယ်။

အလှသခင်လို့ မောင်တော် ခေါ်တော့ ရွှေစိတ်တော်ကြည်နူးရတယ်။ မာနရှင်လို့ ဆက်ခေါ်လိုက်တော့ စိတ်ထဲ စနိုးစနောင့် ဖြစ်သွားတယ်။ မောင်တော်က ကျီစယ်လေမှန်းသိပါတယ်။ အလှဂုဏ်မောက် မာန်တက်မိတာလည်း အမှန်ပါ။

ကိုယ့်ရင်ထဲ မာနခိုနေမှန်း သိပေမယ့် ဒီလို မိန့်တာတော့ အလိုမကျမိဘူး။ မောင်တော့်ကို အလိုမကျတဲ့ အကြည့်နဲ့ တုံ့ပြန်ပြီး ရွှေမျက်နှာလွှဲပစ်လိုက်တယ်။ ခေမာရဲ့ အပြုအမူဟာ ပြည့်ရှင်မင်းတစ်ပါးအနေနဲ့ ခွင့်မလွှတ်နိုင်တဲ့ အပြုအမူပါ။ ဒါပေမယ့် စိတ်တော်မှာ သိနေတယ်လေ။ မောင်တော် ခွင့်လွှတ်မှာ သိနေပါတယ်။

“ဘယ်လိုဖြစ်တာလဲ ဒေဝီရယ်. . . မောင်တော်နှုတ်ဆက်တာ ရွှေစိတ်တော် အလိုမကျရော့လား”

“အို. . . တော်ပါ မောင်တော်။ ခေမာ့ကို ဒီလိုနှိမ့်ချစကား အမြဲမိန့်နေမှာဖြင့် သာဂလကိုသာ ပြန်ပို့တော့”

“ဩော်. . . အဟင်း. . ဟင်း. . . သာဂလကို ပြန်ပို့ရမယ် ဟုတ်စ ဒေဝီ။ သည်စကားမျိုး နောက်များ မခြွေပါလေနဲ့ ဒေဝီရယ်။ သာဂလကို မဆိုထားနဲ့ မောင်တော့်အပါးက ဘယ်ကိုမှ မပို့ထားနိုင်ပါဘူး”

“ဒါဖြင့် ခေမာမကြိုက်တဲ့စကား ဘာကြောင့်များ မိန့်တော်မူတာလဲ မောင်တော်”

“အလှသခင်မို့ အလှသခင်လို့ နှုတ်ခွန်းဆက်တာပဲ ဒေဝီရယ်. . . ”

"ဟို. . . မာနရှင် ဆိုတာကရော"

မောင်တော်က ရယ်မောလျက် ခေမာ့ကိုယ်ကို သိုင်းဖက်လိုက်တယ်။ မောင်တော့်ရင်ခွင်ထဲ ရောက်နေတဲ့ ကိုယ်လုံးလေးကို ယုယုယယဆွဲလှည့်ပြီး မျက်နှာကို ရွှန်းရွှန်းစားစားကြည့်တယ်။ ပြီးတော့ ခေမာရဲ့ နုပါးပြင်ကို အချစ်သင်္ကေတပြပါတယ်။

"ကျေနပ်ပါ ဒေဝီရယ်. . . မောင်တော်က ခေမာ့ကိုချစ်လို့ ကျီစယ်တော်မူတာပါ။ မာနရှင်ဆိုတဲ့ စကားကို နားခါးတယ်ဆိုရင် နောင်များ မမိန့်တော့ပါဘူး။ ကဲ. . . မောင်တော် စိတ်ချမ်းသာအောင် ပြုံး လိုက်စမ်းပါ. . . ပြုံးလိုက်စမ်းပါ. . . ပြုံးပါ ဒေဝီ. . . ."

"ဟုတ်ပြီ. . . ထပ်ပြုံးစမ်းပါဦး ဒေဝီ. . . အင်း. . . ဒီလိုမှပေါ့။ ငြူစူမျက်စောင်းထက် ရွှန်းလဲ့တဲ့ အပြုံးမျက်နှာလေးက ဘယ်ကလောက် လှသလဲ. . . . အဲသလို နေစမ်းပါ ဒေဝီ"

ခေမာနားလည်ပါတယ်။ မောင်တော်ဟာ ခေမာနှင့် ပတ်သက်ရင် ရာဇဏ္ဍြေ ပျက်လောက် အောင် ချစ်လွန်းတယ် ဆိုတာ။

* * * * *

ခေမာကို ရွှေမျက်နှာ အငြိုအငြင်မခံဘဲ အမြဲတစိမ့်စိမ့် ရှုနေတဲ့ မောင်တော်ဟာ ခုတစ်လော ခေမာ့အနားမှာ မရှိတော့ဘူး။ ခေမာ့ကို ရှေးကနှယ် ကလူကျီစယ်မှုလည်း မပြုတော့ဘူး။

မောင်တော်ရဲ့ အေးစက်တဲ့အမူအရာကြောင့် ချစ်ခြင်းလျှော့သွားလေပြီလားလို့ တွေးမိတယ်။

မောင်တော် စိတ်လည်လာအောင် အလှပိုပြင်မိတယ်။ အမွှေးနံ့သာ၊ အကျော်ကရမက်တွေ လိမ်းခြယ်ပြီး ရနံ့မျိုးစုံနဲ့ မြူဆွယ်မိတယ်။ မိန်းမသားတို့ရဲ့ မာယာအမျိုးမျိုးနဲ့ ဆွဲဆောင်သိမ်းသွင်းထယ်။ ဒါပေမယ် ရှေးကနှယ် ကာမဂုဏ် ရမက်ဇော်တက်ကြွခြင်းမရှိဘဲ ကန်ရေပြင်နှယ် တည်ငြိမ်တဲ့ မောင်တော် အကြည့်၊ မောင်တော် အပြုအမူတွေကြောင့် ဝမ်းနည်းခဲ့ရတယ်။

မောင်တော် သည်မျှ အမူအရာ ပြောင်းလဲသွားရခြင်းရဲ့ အဓိကအကြောင်းက ဘုရားရှင်ကြောင့် ပဲ။

ဟုတ်တယ်. . . ရာဇဂြိုဟ်ကို ဘုရားရှင်ကြွလာတဲ့အချိန်က စတာပဲ။ သည်ကတည်းက ဘုရား ရှင်ထံ နေ့တိုင်းကြွချီတယ်။ တရားမပွနာကြားတယ်။

နေ့နေ့ညည အချိန်ရှိသမျှ တရားနှလုံးသွင်းနေတဲ့မောင်တော်ဟာ ရှေးက အမူအရာတွေ ယူပစ် သလို ပြောင်းကုန်တော့တာပါပဲလေ။

မောင်တော်ကြည်ညိုတဲ့ ဘုရားရှင်ကို ခေမာလည်း ကြည်ညိုတာပါပဲ။ ကြွလာစဉ်က မောင်တော် နဲ့အတူ ဖူးခဲ့တာပါ။ သကျသာကီမင်းသားတစ်ပါးက သစ္စာတရား ရှာတွေ့တယ်ဆိုတော့ အံ့သြကြည်ညို

လို့ ဖူးခဲ့တယ်၊ ဒါပေမယ့် ဗုဒ္ဓရဲ့ တရားတွေကို ခေမာမကြိုက်ဘူး။

ရုပ်နာမ် အနိစ္စ၊ ရုပ်နာမ် ဒုက္ခ၊ ရုပ်နာမ် အနတ္တလို့ဟောတာ ခေမာ သဘောမကျနိုင်ဘူး၊ ဟုတ်တယ်လေ. . . ခေမာလို ရုပ်ဆင်းရူပကာ လှပတဲ့ မိန်းမသားက ဒါတွေမမြဲဘူး။ ဆင်းရဲစရာ ဖြစ်တယ်၊ အစိုးမရပါဘူးဆိုတာကို ဘယ်မှာလက်ခံနိုင်မလဲ၊

ခေမာအမြင်နဲ့ ဆန့်ကျင်တဲ့တရားကို အစဉ်ဟောတဲ့ ဘုရားရှင်ကို ခေမာ မဖူးချင်ဘူး။ ဒါကြောင့် နည်းမျိုးစုံ အကြောင်းပြပြီး ခေမာ ရှောင်ရှားခဲ့တယ်။ တစ်စတစ်စနဲ့ ဘုရားရှင်နဲ့ ဝေးသွားပါတယ်။ မောင်တော်စိတ်မချမ်းသာတာ ခေမာသိပါတယ်၊ ဘုရားရှင်ထံ မောင်မယ်စုံကြွချင်တယ်၊ အတူတကွ တရားနာချင်တယ်၊ အလှူရေစက် မပြတ်ပြုချင်တယ်၊

ဒါ. . . မောင်တော့်ဆန္ဒ၊ ဒီဆန္ဒကို ခေမာ မဖြည့်ဆည်းနိုင်ဘူး၊

"ဒီမယ် ခေမာ. . . မောင်တော်ဟာ ငယ်ရွယ်စဉ်မင်းသားဘဝက အလွန်တရာ တောင့်တခဲ့တာ ရှိပါတယ်၊ အဲဒါ ဘာလဲဆိုတော့ ငါဟာ ရှင်ဘုရင်ဖြစ်ရင် ကောင်းမယ်၊ ငါ အသက်ထင်ရှားရှိစဉ် ဘုရားပွင့်ရင်ကောင်းမယ်၊ ပွင့်ခဲ့ရင်လဲ ဖူးခွင့် ကြုံချင်တယ်၊ တရားဓမ္မနာချင်တယ်၊ ဒီတရားတော်ရဲ့ အရင်းအမြစ် သိရှိကာ တရားထူးရခဲ့ရင်ကောင်းမယ်လို့ ဆန္ဒရှိခဲ့တယ်၊ အဲဒီဆန္ဒတွေဟာ တစ်ခုပြီးတစ်ခု ပြည့်ခဲ့တယ်၊ မောင်တော်ဟာ ရာဇဗြိုဟ်ပြည့်ရှင်ဖြစ်ရုံမက ဘုရားရှင်နဲ့တွေ့ပြီး တရားလည်းနာရပြီ၊ ဒီတရားရဲ့ အဆီအနှစ်ခံစားရလို့ စိတ်ချမ်းသာကိုယ်ချမ်းသာရှိခဲ့ပါတယ်၊ ဒီလို အရသာထူးခံစားရတဲ့အခါမှာ ကိုယ်အချစ်မြတ်နိုးဆုံးသူကို သတိရတတ်မြဲ ဓမ္မတာမို့ မောင်တော်ဟာ ခေမာ့ကို ဦးဆုံးသတိရခဲ့ပါ တယ်၊ အို. . ချစ်သော မိဖုရား. . . တစ်ကမ္ဘာမှ တစ်သက်ကြုံဖို့ မလွယ်တဲ့ ဘုရားရှင်ကို မောင်တော်ကြုံရပြီ၊ ဖူးခွင့်ရနေပြီ၊ ဒီအခွင့်အရေးကို အဆုံးရှုံးမခံပါနဲ့ ဒေဝီ၊ ဝေဠုဝန်ကိုမောင်တော်နဲ့လိုက်ပြီး တရားနာပါ"

မောင်တော်က ခေမာသဘောပေါက်အောင် မိန့်ပေမယ့် ခေမာအပြုံးနဲ့ ခေါင်းခါခဲ့တယ်၊ ခွင့်လွှတ်ပါ မောင်တော်လို့ လျှောက်တော့ မောင်တော် စိတ်ပျက်သွားပုံရတယ်၊

"ဘာဖြစ်လို့များ ဒီလောက် ငြင်းနေရလဲ ဒေဝီ"

"ရုပ်ခန္ဓာကို ရွှတ်ချအပြစ်တင်တဲ့ ဘုရားရှင်တရားကို ခေမာမကြားချင်ဘူး"

"ဩော်. . . ဒေဝီရယ်. . ဒေဝီက အမှန်ကို လက်မခံနိုင်ဘဲကိုး. . . "

"ဘာကိုမှန်တာလဲ မောင်တော်. . . "

"အညစ်အကြေး၊ သွေး၊ သလိပ်၊ ပြည်၊ အရွှီအခွဲတွေနဲ့ ဖွဲ့စည်းထားတဲ့ ဒီခန္ဓာကောင်ပုပ်ဟာ နှစ်သက်စရာမဟုတ်ဘူးဆိုတာ အမှန်. . . ရုပ်နာမ်ဓမ္မ သင်္ခါရဆိုတာ အမှန်၊ အလှအပရှာမရဆိုတာ အမှန်ပေါ့"

"ဩော်. . . ဟုတ်လား. . . အဟင်း. . . ဟင်း ဒါဆိုလဲ ခေမာ့အပါး လာကပ်မနေနဲ့ မောင်

တော် ဝေဠုဝန်မှာသာ တစ်သက်လုံးသွားနေတော့”

* * * * *

ဘယ်တော့မှ ဝေဠုဝန်ကို လှမ်းကြွဖို့ မမိန့်တဲ့ ခေမာ့ရွှေနှုတ်က ဝေဠုဝန်ကြွလိုကြောင်းမိန့်တော့ မောင်တော် ရွှေစိတ်တော် ကြည်နူးသွားပုံပဲ။

“ကောင်းပါပြီ ဒေဝီ. . ဝေဠုဝန်ကို သွားသင့်တာ ကြာပါပြီ။ မောင်တော် လှူထားတဲ့ ဥယျာဉ်တော်ကို စုံအောင်လှည့်လည်၊ ဘယ်နေရာဘာလိုသေးလဲဆိုတာ လေ့လာ၊ ပြုပြင်စရာရှိတာ မှတ်ခဲ့။ ဒေဝီ့အကြိုက် လိုက်လုပ်ပေးမယ်။ ဒီဥယျာဉ်ဟာ မောင်တော်နဲ့ ဒေဝီရဲ့ ကောင်းမှုဆိုတော့ ဒေဝီ့အကြိုက်လည်း ဖြစ်ရပေမပေါ့”

“လိုမယ် မထင်ပါဘူး မောင်တော်ရယ်. . . ကြားရတာကကို ပြည့်စုံနေပါပြီ”

“မှန်ပါတယ်။ ဥယျာဉ်အလှအပဆိုတာ ဒေဝီတို့ မိန်းမသားတွေက ပိုမြင်တတ်ပါတယ်။ ကိုင်း . . . ကိုင်း ကြွချိပ။ ဩော်. . . ဒါနဲ့ ဒေဝီ။ ဘုရားရှင်ကိုလည်း ဖူးဖြစ်အောင် ဖူးခဲ့နော်”

ဝေဠုဝန်ကို ရှုမြင်လိုစိတ်ကြောင့် ကြွပေမယ့် ဘုရားရှင်ထံ ဖူးမြော်ဖို့ ခေမာ မစဉ်းစားဘူး။ ဆန္ဒလည်း မရှိဘူး။ သွားရင် တိုက်တွန်းမှာ သိနေပေမယ့် ခေမာ့စိတ်က ဆုံးဖြတ်ပြီးသားပါ။

ဝေဠုဝန်ကို ရှေးက ကြိမ်ဖန်များစွာ ရောက်ဖူးပါတယ်။ မောင်တော်နဲ့ ဥယျာဉ်တော်ကစားလေ့ရှိတာမို့ ဥယျာဉ်တော်ရဲ့ အနေအထား စိတ်အာရုံမှာ အမြဲမြင်နေပါတယ်။ သို့ပေမယ့် ခုတစ်ကြိမ် ပြန်ရောက်တဲ့ ခေမာဟာ ဝေဠုဝန်ကို မမှတ်မိအောင် အပြောင်းလဲကြီး ပြောင်းလဲနေပါပြီ။ တစ်နေရာ၊ တစ်ကွက်တည်း ပြုပြင်ပြောင်းလဲတာ မဟုတ်ဘူး။ ဥယျာဉ်တော် တစ်ခုလုံး ပြောင်းလဲသွားတာပါ။

“စိတြ”

“မှန်လှပါ ထိပ်ထား”

“ဝေဠုဝန် ဒီလောက် သာယာနေတာ ဘာကြောင့်များ မတင်လျှောက်လဲ စိတြရယ်”

“မှန်ပါ သခင်မ. . . ထိပ်ထားသခင် ဆန္ဒမရှိဘူးထင်လို့ မလျှောက်ဝံ့ကြောင်းပါ”

“အိမ်း. . . . အေးလေ။ ထိပ်ထားက ဒီသဘောရှိတာကိုး။ ဒါနဲ့ မောင်တော်ပြောတော့ ဒီဝေဠုဝန်မှာ ဘုရားရှင်နဲ့ သံဃာတစ်ထောင်ကျော် သီတင်းသုံးနေတယ်ဆို”

“မှန်ပါတယ် သခင်မ”

သံဃာတစ်ထောင်ကျော် သီတင်းသုံးနေတယ်ဆိုတာ သံသယဖြစ်လောက်အောင် ငြိမ်သက်နေတယ်။ နှာချေသံ၊ ချေဆတ်သံ၊ ခြေဆစ်လက်ဆစ်ချိုးသံ၊ ကိုယ်ခန္ဓာရွှေ့ပြောင်းသံမျှပင် မကြားရအောင် တိတ်ဆိတ်လှပါတယ်။ ကျေးငှက်သာရကာတို့ရဲ့ တွန်ကျူးသံပင် အနိုင်နိုင်ကြားရတယ်။ ငှက်လေးတွေက

ဟိုသည်ဖွဲ့ဝဲနေပေမယ့် တိတိတာတာ ကျိကျိကျာကျာ ဆူညံမနေဘဲရှိတယ်။ ဆိတ်ငြိမ်တဲ့ ဝေဠုဝန်ရဲ့ ဖမ်းစားမှုကြောင့် တဒင်္ဂမျှ မေ့လျော့နေမိပါတော့တယ်။

"သက်ရှိ သတ္တဝါမရှိသလို ငြိမ်နေပါလား"

"မှန်ပါတယ် သခင်မ။ ဘုရားရှင်က ဆိတ်ငြိမ်မှုကို မြတ်နိုးလို့ ဒီလို ငြိမ်သက်နေတာပါ။ ဟော . . . ဟိုမှာ ဘုရားရှင်ကို ဖူးမြင်နိုင်ပါတယ် ထိပ်ထား"

ဘုရားရှင်ဟု လျှောက်တင်လိုက်သံကြောင့် ရင်ထဲမှာ ထိတ်ခနဲဖြစ်လျက် လှမ်းလက်စ ခြေကို ရုပ်မိသွားတယ်။ မဖူးချင်ဘူးဆိုမှ ထိပ်တိုက်တိုးပြီ။ ပြန်လှည့်ထွက်ဖို့ ပြင်လိုက်မိတော့ "ချစ်သမီး ခေမာ လာလော့. . . . " ဟု ခေါ်လေသယောင် နားမှာကြားလိုက်တယ်။ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးလျက် တင့်တယ်စွာစံပယ်နေတဲ့ ဘုရားရှင်က လက်ပြခေါ်နေသလို ထင်မိတယ်။ မောင်တော်မိန့်မှာတဲ့စကား ပြန်သတိရသွားတော့ မဖူးတွေ့ဘဲ ပြန်လှည့်လို့ မကောင်းမှန်း နားလည်လိုက်ပါတယ်လေ။

* * * * *

မှူးမတ်၊ အခြွေအရံတွေနှင့်လာတဲ့ ခေမာကို ဘုရားရှင် မြင်လည်း မြင်မယ်၊ သိလည်း သိမယ်၊ ဒါပေမယ့် သတိမဝူလေဟန်နှင့် ရှေ့မှာရှိတဲ့ ရဟန်းပရိသတ်ကို တရားချီးမြှင့်နေပါတယ်။

ရဟန်းပရိသတ်ဟာ လက်အုပ်ချီမိုးပြီး ငြိမ်သက်စွာ တရားနာနေပါတယ်။ ခေမာသင့်တင့် လျှောက်ပတ်ရာမှာပင် ဝင်ထိုင်လိုက်ပြီး ရှိခိုး ဝတ်ဖြည့်လိုက်ပါတယ်။

"ချစ်သား ရဟန်းတို့. . . ရုပ်နာမ်ဓမ္မ သင်္ခါရကို ထင်အောင်မြင်အောင် ရှုကြကုန်လော့၊ အဆက်မပြတ် ဖြစ်၊ ပျက်၊ ချုပ်ပျောက်နေတဲ့ ဒီခန္ဓာဟာ ပျက်ခြင်းတရားကို ဆီးတားပိတ်ပင်လို့ ဘယ်ခါမှ မရပါဘူး။၊ ပျိုသမျှ အိုရမယ်လို့ သာမှတ်၊ မာသမျှ နာရမယ်လို့သာ တွေး၊ နေသမျှ သေရမယ်လို့သာ ယုံကြ"

ဘုရားရှင်ဟာ ရဟန်းထုကို ဟောနေပေမယ့် တရားအစုက ထိပ်ထားကို ဦးတည်နေတယ်လို့ ထင်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ရုပ်နာမ်သင်္ခါရတရား ဟောနေတာလေ။

ဒါပေမယ့် ထိပ်ထားမြင်တွေ့နေတာက မယုံနိုင်စရာပါ။ ရုပ်ဆင်းလှပခြင်းကို မက်မောစရာ မဟုတ်၊ ရုပ်ခန္ဓာဟာ မသတိစရာလို့ ဟောလေတဲ့ ဘုရားရှင်အပါး လွန်စွာလှတဲ့ မိန်းကလေးရှိနေတယ်။ ဘုရားရှင်ကို ယပ်ခတ်ပေးနေတယ်။

"အို. . . ချောလိုက်တဲ့ မိန်းမငယ်ပါလား၊ ဒီလူ့ပြည်မှာ ငါသာအချောဆုံး၊ ငါသာ အလှဆုံး၊ ငါသာ နှိုင်းစရာ မရှိဘူးလို့ ထင်ခဲ့တာ၊ ဒီမိန်းမငယ်က ငါ့ထက်လှနေပါလား၊ ကြည့်စမ်းပါဦး ကြည့်ရက်စရာမရှိ ထိရက်စရာမရှိအောင် နုညက်ချောမွတ်လိုက်တာ၊ နုပျိုတဲ့အရွယ်ကလည်း ငါနဲ့ဘာဆိုင်လဲ၊ သူနဲ့ယှဉ်တော့ ငါ့အဆင်းက ရွှေဟင်္သာနဲ့ လင်းပြာငှက်အလှချင်း ယှဉ်သလို ကွာခြားသွားပြီပေါ့။

ထိပ်ထားခေမာဟာ မိန်းမငယ်ရဲ့ အလှကို စုံမက်စွာနဲ့ကြည့်နေရင်း၊ ဘုရားရှင်မျက်နှာတော်ကို ဖူးမိလိုက်ပြန်တယ်။

"ဩော်. . . ဘုရားရှင်က ရုပ်အလှကို ရှုတ်ချတယ်ဆိုပေမယ့် ပစ်ပယ်တာ မဟုတ်ဘဲကိုး။ တရားသဘော ဆင်ခြင်စေတာကလွဲပြီး ရှိနေတဲ့ ခန္ဓာပစ်ပယ်ဖို့ ဆုံးမတာမှ မဟုတ်တာ။ အင်းကြည့်ပါဦး။ ဒီလောက်ချောတဲ့ မိန်းကလေးက ဘုရားရှင်ကို ယပ်ခတ်ပေးနေရင် ငါက ဘယ်နေရာမှာ ရောက်မလဲ။ ဟယ်. . . အလို. . . အို. . . ကြည့်. . . ကြည့်. . . ကြည့်စမ်း။ ဘယ်လိုဖြစ်တာလဲ"

ခေမာ့ စိတ်ထဲက အထိတ်တလန့်အော်ပစ်လိုက်မိတယ်။

နှုတ်က ထွက်မသွားအောင် မနည်းထိန်းချုပ်ထားရတယ်။ တကယ်ပါ။ ခေမာ့ရင်ထဲ အတော့်ကို တုန်လှုပ်သွားမိတယ်။ စိတ်တွေဟာ ဆောက်တည်ရာမရအောင် လှုပ်ရှားနေလို့ ရူးမျှားရူးသွားမလား ထင်မိတယ်။

ကြည့်လေ. . . ယပ်ခတ်ပေးနေတဲ့ မိန်းမငယ်ဟာ ကြည့်နေရင်း ကြည့်နေရင်း အရွယ်ရင့်ရော် လာတယ်။ တစ်ခဏချင်း ကျွန်မနဲ့ရွယ်တူ ပြောင်းလဲလာတယ်။ ဘယ်လိုဖြစ်တာပါလိမ့်လို့ စဉ်းစားနေတုန်း ဘုရားရှင် မိန့်မြွက်သံ ပေါ်လာပြန်တယ်။

"အိုချစ်သားတို့. . . တရွေ့ရွေ့ ကုန်ဆုံးသွားတဲ့အချိန်နဲ့အတူ ရင့်ရော်မှုတွေကလည်း တိုးလို့ တိုးလို့ သွားခြင်းဟာ ဓမ္မတာသဘောဖြစ်တယ်။ ဒါကိုမြင်အောင် ရှုလော့. . , . "

ဘုရားရှင်ရဲ့ တရားသံကို နားမှာကြားရသလို၊ မျက်စိအမြင်ကလည်း ထင်ထင်ရှားရှားတွေ့ရပါတယ်။

မိန်းမငယ်ဟာ တစ်ခဏချင်း မိခင်အရွယ် ရောက်သွားတယ်။ တစ်ဖန် ဆံဖြူသွားကျိုးအရွယ်၊ နောက် ပါးရေနားရည်တွေတွန့်၊ ပါးစပ်ကအရိအရွဲတွေ ယိုစီးကျ၊ သည်က တစ်ဖန် ကတုန်ကယင်အရွယ် ရောက်သွားပါတယ်။ ထိပ်ထားခေမာဟာ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်တယ်။ ငါများ သူ့လိုရင်ရော်သွားမလားလို့ စိုးရိမ်စိတ်နဲ့ အထူးတလည် တုန်လှုပ်သွားပါတယ်။

ညည်းညူအော်ဟစ်သံတွေ ထွက်လာလို့ ဖျတ်ခနဲ မော်ကြည့်လိုက်တော့ မိန်းမငယ်လေးဟာ ဝေဒနာ ခံစားနေရတဲ့ လူနာကြီးလုံးလုံးဖြစ်နေပါပြီ။

ကျွန်မ နားလည်လိုက်ပါပြီ။ ရုပ်ခန္ဓာရဲ့ ချွတ်ယွင်းပုံကို ရှင်းရှင်းလင်းလင်း သိမြင်လိုက်လို့ ဘုရားရှင်ကို စိတ်က တောင်းပန်ရင်း ဦးနှိမ်ရှိခိုးလိုက်ပါတယ်။

* * * * *

တည်ငြိမ်အေးစက်တဲ့ အသွင်နဲ့ ဝေဠုဝန်က ပြန်လာတဲ့ထိပ်ထားကို ရာဇဗြိုဟ်ပြည့်ရှင်က စောင့်

ကြုံနေတယ်။ ထိပ်ထားရဲ့ အမူအရာကိုမြင်တာနဲ့ တရားစစ်၊ တရားမှန်ကို ဧကန်သိသွားပြီလို့ တွေးမိပ်ုရတယ်။

"အိုချစ်သော မိဖုရား. . . ဘုရားရှင်ကို ဖူးမြင်ခဲ့တယ် ဆိုပါတော့. . ."

"မှန်ပေတယ် အရှင်. . . မြတ်ဗုဒ္ဓရဲ့ တရားကို နာကြားရလို့ ခေမာဟာ ကိလေသာကင်းပြတ်ခဲ့ပါပြီ။ အိုမြတ်သော မင်းကြီး. . . ရာဂကင်းပြတ်သူရဲ့ နေရာဟာ ကိလေသာမကင်းတဲ့ ရွှေနန်းတော်မှာ မဖြစ်သင့်ပါ။ ခုချိန် ခေမာ့အတွက် သင့်တော်တဲ့ နေရာမှန်ဟာ ဝေဠုဝန်ပါပဲ အရှင်. . ."

ထိပ်ထားဆန္ဒကို နားလည်တဲ့ သောတာပန်ပုဂ္ဂိုလ်ကြီးက သာဓုအကြိမ်ကြိမ်ခေါ်လိုက်ပါတော့တယ်။ ။

*ကျမ်းကိုး*
*ကျိုးသဲလေးထပ်ဆရာဆရာတော်၏ ဇိနတ္ထပကာသနီကျမ်းကို မှီးပါသည်။*

# နန္ဒာမာတာ



# နန္ဒမာတာ

ကံဇာတ်ဆရာ ပစ်ချတဲ့အတိုင်း သတ္တဝါတို့ ဖြစ်ပျက်ရတယ်ဆိုတဲ့စကားကို ဥတ္တရာ အကြွင်းမဲ့ ယုံသွားတယ်။

ဘာဖြစ်လို့ ဒီလိုပြောတာလဲလို့ မေးရင် ကိုယ်တွေမို့ပါလို့ ရိုးရိုးလေး ဖြေရမှာပါ။

ဟုတ်ပါတယ်။ မနေ့ကအထိ ဥတ္တရာတို့မိသားစုဟာ သူ့ကျွန်ဘဝ။

ဒီကနေ့တော့ ရာဇဂြိုဟ်ပြည့်ရှင် အသိအမှတ်ပြုတဲ့ ဘွဲ့ခံသူဌေးမိသားစု။ ပြောရင် ယုံစရာတောင် မရှိဘူး။

အစောက် အတောင်ရှစ်ဆယ်ရှိ ရွှေပုံကြီးပိုင်တဲ့ ပုဏ္ဏလို့ ရာဇဂြိုဟ်ပြည်တစ်ခွင်လုံး ကျော်ကြားတဲ့ သူဟာ တစ်ချိန်က သုမနရဲ့ အခိုင်းအစေဆိုရင် ဘယ်သူယုံမလဲ။

မယုံမရှိနဲ့။ ကျွန်မအဖေ ပုဏ္ဏဟာ သူဌေးသုမနရဲ့ ကျွန်ပါ။

ကျွန်ဆိုပေမယ့် ဘဝတစ်ခုလုံး အပြီးအပိုင် ရောင်းစားတဲ့ ကျွန်မျိုးမဟုတ်ပါဘူး၊ လုပ်အားကို တန်ရာတန်ကြေးရောင်းတဲ့ ကျွန်မျိုးပါ။ ပြောရရင် သူရင်းငှားပေါ့။

ကျွန်မတို့ မိသားစုဘဝဟာ ဖခင်ပုဏ္ဏရဲ့ လုပ်ခပေါ်မှီခိုရတယ်။ ဖခင်ကြီးအလုပ်များများ လုပ်နိုင်မှ လုပ်ခငွေ များများရမယ်၊ ဒီလိုရမှ မိသားစု ဝမ်းဝမယ်ဆိုတော့ ကျွန်မတို့သားအမိကလည်း ဝိုင်းကူ လုပ်ပဲရတာပေါ့။

မှန်တာပြောရရင် သူဌေးကြီးသုမနပေးတဲ့ လုပ်အားခဟာ မမျှတပါဘူး။ တန်ရာတန်ကြေးမရှိဘူး။ လယ်တစ်ပယ်ထွန်ခ ဘယ်ရွှေ့ဘယ်မျှဆိုတာ သတ်မှတ်ချက်ကို မပြောလိုပါဘူး။ ခေတ်ပေါက်ဈေးဆိုတော့ ပြောလို့လည်း မဖြစ်ဘူးလေ. . .။

ဒါပေမယ့် နံနက်မိုးလင်းက မိုးစုပ်စုပ်ချုပ်အောင် လုပ်ရတဲ့ အဖေ့လုပ်ခဟာ မိသားစုတစ်နေ့စာပဲ ဖူလုံတယ်။ နောက်တစ်နေ့မလုပ်ရင် ဝမ်းဆက်ဖို့ မလွယ်ပါဘူး။ လုပ်အားနဲ့တန်ဖိုးက မမျှတလို့ မလုပ်နိုင်ဘူးလို့ မငြင်းသာဘူးလေ။ ကိုယ်မလုပ်ရင် ကိုယ်မရရဲ့ မစားရဲ့ဘဲ ရှိမှာမို့ ဒါပဲလုပ်နေရတာပဲ။

"ဘယ်လိုလဲဟေ့. . ပုဏ္ဏ. . . စောစောစီးစီး ရောက်လာပါလား"

"ဟုတ်ကဲ့. . . ဆင်းရဲသားဆိုတော့ ဝီရိယထားရတာပေါ့ သူဌေးရယ်"

"အိမ်း. . . ကြိုက်သကွာ။ ဒီလိုလူမျိုး သဘောကျသဟေ့။ ဒါနဲ့ ရာဇဂြိုဟ်သားတွေ ပျော်ပါးနေချိန် မင်းက အလုပ်လုပ်မလို့ ဟုတ်လား။ နက္ခတ်ပွဲမှာ မပျော်ဘူးလား"

နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်တဲ့ နက္ခတ်ပွဲမှာ ရာဇဂြိုဟ်ပြည်သားမှန်သမျှ ပျော်နေကြတာ မိုးမမြင်လေမမြင်။ အများပျော်နေချိန် နက္ခတ်ပွဲကို စိတ်မဝင်စားလေဟန် အလုပ်ခွင်လာတဲ့ ပုဏ္ဏကို သူဌေးကြီးအံ့ဩနေတယ်။

"ဒီလိုအချိန်မှာ အနားယူပြီး စိတ်အေးလက်အေးနေရင်လဲ ခွင့်ပြုရမှာပါ"

"မှန်ပါတယ် သူဌေး။ ဒီပွဲမျိုးဟာ ပျော်သင့်တဲ့ အချိန်ပါ။ ဒါပေမယ့် စည်းစိမ်ရှိသူတွေကို တုပြီး ကျွန်တော်ပျော်မနေနိုင်ပါဘူး"

"မဟုတ်ပါဘူး. . မင်းမလုပ်ရင်လဲ ငါက ခွင့်ပေးရမှာပါ"

"ကျေးဇူးပဲ သူဌေး။ ကျွန်တော့်ဘဝက ဒီနေ့ အလုပ်ခွင်မဝင်ရင် မနက်ဖြန် စားစရာခက်မယ်"

"လုပ်ခကြိုယူသုံးလဲ ဖြစ်ပါတယ်ကွဲ့"

"ရှိပါစေ သူဌေး။ ကျွန်တော့်ကို ထွန်နဲ့ နွားသာပေးပါ။ အခုပဲ လယ်ထဲ ဆင်းပါ့မယ်"

"ဟုတ်ပြီ. . . ကြိုက်သကွာ။ မောင်းမင်းကြိုက်တဲ့ နွားသာဆွဲသွား။ ရော့. . . ဟောဒီမှာ လုပ်အားခ။ အဲ. . . ခဏနေဦး။ ဟောဒီ တစ်ကျပ်က မင်းစိတ်ဓာတ်ကို ကြိုက်လို့ ချတဲ့ဆုလာဘ်"

"ကျေးဇူးပါ သူဌေး။ ကျွန်တော်သွားမယ်"

အဖေပုဏ္ဏဟာ သူများတွေ နားနေ၊ ပျော်ပါးချိန်မှာ လုပ်ငန်းခွင်ကို ဝင်ခဲ့တယ်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသမို့ ကံအကြောင်းတရားလို့ ဖြေသိမ့်ရပါတယ်။

ဟုတ်ပါတယ်။ ကံတရားပါ။ ဒါကြောင့်လည်း ကံကြမ္မာကို ယုံသွားတာပေါ့။

ကိုယ်လုပ်မှ ကိုယ်စားရတဲ့ ဘဝမို့ ကံအကြောင်းကိုလည်း ငဲ့စောင်းမကြည့်နိုင်ဘူး။ ရှေးအတိတ်ကံကိုလည်း မတွက်မိဘူး။

ပြောရရင်တော့ အတိတ်က အကျိုးပေးလာမှာကို အဖလည်း မသိဘူး။ အမိဘာရိတလည်း မမျှော် တွေးဘူး။ ကျွန်မဆိုရင် စဉ်းစားတောင်မစဉ်းစားမိဘူး။

အဖြစ်က ဒီလို. . . ဒီလို. . . ။

နံ့ သာ့တောမှာ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားတဲ့ လက်ယာရံ အဂ္ဂသာဝကဖြစ်တဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက အဲဒီနေ့ သမာပတ်ကထသတဲ့။ ပြီးတော့ ဖခင်ရှိရာ လယ်ကွင်းဆီသို့ ရောက်လာရော။ အရှင်မြတ်ကို တွေ့တော့ ဖခင်ကကြည်ညိုသဒ္ဓါစိတ်နဲ့ မျက်နှာသစ်ရေ၊ တံပူ လျှုဒါန်းဆက်ကပ်သတဲ့။ လယ် ထွန်ရင်းဆိုတော့ လှူဒါန်းနိုင်တာ ဒါပဲ ရှိတာကိုး။

လယ်ကွင်းက ပြန်ကြွလာတဲ့ အရှင်ကို အဖေ့ဆီ ထမင်းပို့ဖို့လာတဲ့ ကျွန်မ မိခင်ကြီးက တွေ့ပြန် တယ်။ ဒီတော့ မိခင်က ဆင်ခြင်သတဲ့။ “ဩော်. . . ရှေးက အရှင်မြတ်နဲ့ ပက်ပင်းတွေ့ရင် လှူစရာမပါ။ ပါတဲ့နေ့မျိုးကျတော့လဲ မတွေ့။ ဒီနေ့တော့ ဝတ္ထုလဲပါ။ အရှင်နဲ့လဲ ကြုံနေပြီ။ ကုသိုလ်ယူမှ ဖြစ်မယ်” ဆိုပြီး ပါသမျှ ထမင်းဟင်းတွေကို ဆွမ်းအဖြစ်လှူလိုက်ပြီးတော့ ကောင်းမှုအကျိုးကို ဒိဋ္ဌဓမ္မ ရလိုပါ၏လို့ ဆုတောင်းခဲ့တယ်။

ပြောရရင်တော့ ဒီကုသိုလ်အကျိုးဆက်ဟာ နေ့မကူးဘဲ လက်ငင်းအကျိုးထူးခဲ့တယ်။ အမှန်ပါ ရှင်. . . ပြောရင် ယုံနိုင်စရာတောင် မရှိဘူး။ မထေရ်မြတ်က တောင်းတိုင်းပြည့်စေလို့ ပေးခဲ့တဲ့ဆုဟာ တကယ့်လက်တွေ့ အကျိုးပေးခဲ့ထယ်။

ထမင်းပြန်ချက်ပြီး လယ်ကွင်းဆီပြန်လာတဲ့ အမေဟာ ကန်သင်းရိုးခေါင်းအုံးအိပ်နေတဲ့ အဖေ့ ကိုနှိုးတယ်။ ကုသိုလ်ကို အပြစ်မြင် စိတ်ကွက်မှာစိုးလို့ အကျိုးသင့်အကြောင်းသင့် ဖြေပြပြတယ်။ ထူးထူး ခြားခြား တိုက်ဆိုင်တဲ့ ကုသိုလ်ရေးကို ကြည်နူးဖြစ်ကြတာပေါ့။

အဲဒီအချိန် လယ်ကွင်းထဲ ကြည့်တဲ့အခါ ဖခင်ကြီးက သူ့မျက်လုံးကိုပင် မယုံတော့လို့ “ရှင်မ . . . ဘာရိတ. . . လယ်ကွင်းထဲမှာ ရွှေရောင်ဝင်းနေပါလား။ ငါအဆာလွန်လို့ မျက်လုံးပြာပြီး မှားသလား ကြည့်စမ်းပါ” လို့ပြောသတဲ့။

ဟုတ်ပါတယ်. . . ဖခင်ထွန်ထားတဲ့ ထယ်ခဲတွေက ရွှေခဲတွေဖြစ်နေပါတယ်။ အဲဒီ ရွှေတုံးရွှေခဲ တွေအပိုင်ရတဲ့ ကျွန်မတို့မိသားစုဟာ ချက်ချင်း သူဋ္ဌေးဖြစ်လာရတာပါပဲ။

* * * * *

မနေ့က သူရင်းငှား။ ဒီနေ့ အတိုင်းမသိ ချမ်းသာမှုက ဘုန်းကံကြောင့် ကြွယ်ဝတဲ့ မေဏ္ဍက သူဋ္ဌေးကြီးနဲ့တန်းတူရည်တူ သတ်မှတ်ခံရပါတယ်။

ကုဋေငါးဆယ်ကြွယ်ဝတဲ့ သူဋ္ဌေးကြီးသုမနကို ရှေးက မော့လို့တောင် မကြည့်ဝံ့ဘူး။ သူဋ္ဌေးသား

ကိုနန္ဒဆိုရင် ကျွန်မဟာ စေ့စေ့တောင် မကြည့်ဝံ့ဘူး။

ရိုးရိုးသားသားဝန်ခံရရင် သူဌေးသားကို အဝေးကကြည့်ပြီး စိတ်ကူးယဉ်မိတယ်။ ဪ. . . သူ့ဘဝကောင်းစားလိုက်တာ။ နေရတာကလည်း ရွှေအိမ်ရွှေနန်းနဲ့။ စားရတာလည်း ဆီဦးထောပတ်နဲ့၊ ခြွေရံသင်းပင်းတွေကလည်း ဝိုင်းဝိုင်းလည်လို့။ ကြည့်ပါဦး. . . ခန်းလုံးပြည့်ကော်ဇောတွေပေါ် နင်းနင်းသွားတဲ့ ဖဝါးတွေဟာ နုညက်နေတာပဲ။ သွေးခြည်ဥနေတဲ့ ဒီဖဝါးနဲ့ ငါ့ပါးနဲ့တောင် မလိုက်ဖက်ဘူး။ ဒီလို သူဌေးသားနဲ့များ. . . ။

ဆက်ပြီး စိတ်ကူးမယဉ်ဝံ့တဲ့ဘဝမို့ ရင်ထဲက ဖြေသိမ့်ခဲ့ရတယ်။ ဟော. . . ကိုယ်က မညွတ်ခင် သူက ဆွတ်လာတယ်။ ကိုယ်က မဆွယ်ရဘဲ သူက တွယ်လာတယ်။ သူတင် မဟုတ်ဘူး။ သူ့ဖခင်သူဌေးကြီးကိုယ်တိုင်က စကားကမ်းလှမ်းလာတယ်။

"သူဌေးကြီးပုဏ္ဏ. . . အရှင့်သမီးဥတ္တရာနဲ့ သူဌေးသုမနရဲ့သားနန္ဒကို လက်ထပ်ပေးလိုကြောင်း နားဖောက်ခိုင်းပါတယ်"

ဂုဏ်ရည်တူ သူဌေးအသိုက်အဝန်းက တစ်ဆင့်ကမ်းလှမ်းလာတော့ ကျွန်မ ဝမ်းသာသွားတယ်။ စိတ်ကူးယဉ်အိပ်မက်လေး အကောင်အထည်ပေါ်တော့မှာမို့ ကြည်နူးမိတာ အမှန်ပဲ၊ ဒါပေမယ့် ဖခင်ရဲ့ စကားကြားလိုက်တော့ ဝမ်းသာမှုရပ်သွားပြီး ရွှေရင်အစုံကို အလန့်တကြားဖိမိတယ်၊

"မဖြစ်ဘူးထင်တယ်. . . အဆွေတို့"

"ဘာကို မဖြစ်တာလဲ သူဌေးကြီးရယ်. . . သုမနဆိုတာလဲ နှယ်နှယ်ရရ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်. . . သူချမ်းသာတာ ကျုပ်သိပါတယ်။ သူ့ကျေးဇူးရှိတာလဲ အမှန်ပဲ။ ဆင်းရဲတဲ့ ဘဝတုန်းက သူကျွေးတဲ့ထမင်း စားခဲ့ရတာမို့ ဒီကျေးဇူးကို ကျုပ်သိပါတယ်"

"ဒါဖြစ်ရင်. . . "

"နေဦးလေ. . . ကျေးဇူးသိတာနဲ့ အယူဝါဒက တစ်ပိုင်းစီပါ။ ကျုပ် ရတနာသုံးပါး ယုံကြည်တဲ့ လူ။ ခင်ဗျားတို့ သူဌေးက ဘုရားကို ဘုရားမှန်းမသိ၊ တရားဓမ္မမရှိ၊ သံဃာကို ကိုးကွယ်ဆည်းကပ်မှု မရှိတဲ့ မိစ္ဆာဒိဋ္ဌိ. . . "

"ဒီလိုတော့ မပြောသင့်ပါဘူး သူဌေးကြီးရာ. . ."

"မဟုတ်ဘူးလေ. . . ဒီစကားက ပြောရမယ်။ ပြောသင့်တဲ့ အချိန်လဲ ဖြစ်တယ်။ တကယ်လို့ သုမနကသာ ကြောင်းလမ်းစကားမဆိုရင် ကျုပ်ဒီစကားမပြောဘူး။ ဆိုပါတော့ ကျုပ်သမီးနဲ့ သူ့သားလက်ထပ်ပါပြီတဲ့၊ ကျုပ်သမီးလေးက ဘယ်ဘဝရောက်သွားမလဲ"

ဖခင်ကြီးစကား ကြားလိုက်တော့ ကျွန်မ စဉ်းစားသွားမိတယ်။ မှန်ပါတယ်။ ကျွန်မဟာ ရတနာသုံးပါးနဲ့ ကင်းကွာမနေနိုင်ဘူး။ အလှူအတန်းမပြုဘဲလည်း မနေနိုင်ဘူး။ သီလမဆောက်တည်ဘဲလည်း

မနေနိုင်ဘူး၊ တကယ်လို့ ကျွန်မကို နန္ဒနဲ့လက်ထပ်ရင် ဒီအခွင့်အရေးတွေ ရနိုင်ဦးမလား၊ ဘယ်ရမလဲ၊ သူ့အိမ်ရောက်သွားရင် သူ့အလိုကျ နေရမှာပေါ့၊ ဒီတော့ ရတနာသုံးပါးနဲ့ ကင်းဝေးသွားမှာပေါ့၊ အင်း. . . တော်ပါသေးတယ်၊ ဆင်ခြင်တုံတရားရှိတဲ့ ဖခင်ကြီးကြောင့် မိစ္ဆာဒိဋ္ဌိဘဝ မရောက်ရတာဘဲ၊

"ဒီလိုလေ. . . သူတို့ဟာ တစ်သက်လုံး ဒီဘဝမျိုးနေမယ် မထင်ပါဘူး"

"အဲဒါကို မိတ်ဆွေက တာဝန်ခံဝံ့လား. . ."

"အဲဒါတော့. . ."

"ဟုတ်တာပေါ့၊ မိတ်ဆွေတို့ ဘယ်မှာ တာဝန်ခံနိုင်မလဲ၊ ဒါက အယူဝါဒရေးလေ"

"စဉ်းစားပါ သူဌေးရယ်. . . သုမနရဲ့ကျေးဇူးဟာ မိတ်ဆွေအပေါ်မှာ ရှိပါတယ်၊ ထားပါလေ . . . . ဒီကျေးဇူးကို မထောက်ထားပေမယ့် မိတ်ရင်း၊ ဆွေရင်း သဘောနဲ့တော့ စဉ်းစားသင့်ပါတယ်"

တိုက်တွန်းသူတွေက အတင်းဆွယ်တရားဟောနေတယ်၊

သူတို့ အကြောင်းပြချက်တွေဟာ လောကရေးနှင့် ပတ်သက်ရင် စဉ်းစားစရာတွေပါ၊ ကမ်းလှမ်းလာချက်ကလည်း ဂုဏ်ရည်တူချင်း လက်ဆက်ပေးချင်တဲ့သဘော၊ လာပြောသူတွေရဲ့ စေတနာအရင်းခံကိုလည်း နားလည်မိပါတယ်၊ ဒီနေရာမှာ ကျွန်မဝင်သင့်ပြီလို့ ထင်မိတယ်၊ ချစ်ခြင်းမေတ္တာကို အယူဝါဒနဲ့ ဘယ်လိုမှ အလဲအလှယ်မလုပ်နိုင်ဘူး၊ ကျွန်မမနေနဲ့ နန္ဒကို ချစ်မိပေမယ့် ဘုရားရှင်ကို ကြည်ညိုစိတ်နဲ့ ယှဉ်ရင် မြူမှုန်တစ်ပွင့်လို အဝေးလွင့်သွားတတ်ပါတယ်၊

"ဒီကိစ္စ ကျွန်မလက်မခံနိုင်ဘူး ဖေဖေ" လို့ပြောရန် အခန်းထဲက အထွက်တွင် ဖခင်ကြီး စကားကိုကြားလိုက်တယ်၊

"ကောင်းပြီလေ. . . ကျုပ်လက်ခံလိုက်ပါမယ်"

ကျွန်မဟာ ဖခင်ကြီးရဲ့ ဆုံးဖြတ်ချက် ကြားလိုက်တော့ လှမ်းလက်စခြေဟာ ခရီးတစ်ဝက်မှာပင် ရပ်သွားပြီး ဖုံညြစိတ်နဲ့ ငိုင်နေမိပါတော့တယ်၊

* * * * *

"အရှင်သား ကိုနန္ဒ. . ."

"ပြောလေ ဥတ္တရာ. . ."

"အရှင်သားကို တစ်ခုလောက် ခွင့်ပန်ပါရစေ. . ."

"အဟား. . . ဟား. . . ဟား . . . ဟောဒီ ငါ့မိန်းမက ခေါ်ပုံပြောပုံအချိုးမကျလိုက်တာ တကယ်ပါပဲ၊ အရှင်သားဆိုတာ ဟိုအရင်တုန်းက သုံးနှုန်းနေတဲ့ စကားကြီးပါဗျာ၊ ဒီမယ်ကျုပ်ဟာ ကုဋေငါးဆယ်ကြွယ်တဲ့ သူဌေးသုမနရဲ့သား မှန်ပေမယ့် ဥတ္တရာလေးက ကျုပ်တို့ထက် အဆများစွာ ချမ်းသာ

တဲ့ သူဌေးကြီးရဲ့သမီးဆိုတာ မေ့မထားနဲ့"

"ဟုတ်ပါတယ် မောင်ရယ်. . . ဒါပေမယ့် ကိုယ်လင့်သားဟာ အိမ်ဦးသခင်၊ ကျွန်မရဲ့အရှင်ပဲ မို့လား. . ."

"အဟဲဟဲ. . . ကြိုက်ပကွာ. . . ဒီလိုလိမ္မာတဲ့ မယားလေးရတာ ကျုပ်ကံကောင်းတာ အမှန်ပဲ"

နန္ဒက ကြည်နူးရွှင်မြူးတဲ့အမူအရာနဲ့ အပါးကပ်ပြီး ကျွန်မပါးကို ညင်ညင်သာသာ ဆွဲလိမ်လိုက်တယ်။ ခပ်ဖွဖွနမ်းလိုက်တယ်။ ကျွန်မက သူ့ပါးပြင်ကို အသာအယာတွန်းဖယ်လိုက်ပြီး . . .

"နေပါဦးမောင်ရယ်. . . ဒီက စကားကောင်းပြောချင်လို့ပါ"

"အလိုဗျာ. . . ကိုနန္ဒကလဲ ကောင်းတာ လုပ်နေတာပဲ"

"ကဲပါ မောင်ရယ်. . . စကားနားထောင်ပါ။ ကျွန်မ မိဘအိမ်မှာ နေတော့လေ. . ."

"ဘာဖြစ်လဲ ဥတ္တရာ။ မိဘအိမ်မှာနေသလို ဒီမှာဇိမ်ကျကျ မနေရဘူးလား။ ကဲ. . . ပြောစမ်း ။ ဥတ္တရာဘာလိုချင်လဲ။ ဘာဖြစ်ချင်လဲ။ ဘာစီစဉ်ပေးရမလဲ"

"နေရထိုင်ရတာ ပြည့်စုံပါတယ် မောင်။ ဥတ္တရာမှာ လိုနေတာက ဥပုသ်စောင့်ခွင့် ရဖို့ပါ"

"ဘာ. . . ဘယ်လို. . . ဥပုသ် ဟုတ်လား. . ."

"ဟုတ်တယ် မောင်. . . မိဘအိမ်မှာနေတုန်းကဆိုရင် လဆန်းပက္ခ၊ လဆုတ်ပက္ခတိုင်း ဥပုသ်သီလစောင့်ထိန်းပါတယ်"

"အင်း. . ."

"ဥတ္တရာလေ အဋ္ဌင်္ဂဥပုသ် အမြဲစောင့်တော့ ခုလဲ ဥပုသ်စောင့်ချင်တယ်"

"နေ. . . နေပါဦး. . . ကျုပ်မေးပါဦးမယ်။ ကျုပ်မသိလို့ မေးတာနော်။ ဒီဥပုသ်ဆိုတာ ဘာလုပ်တာလဲ။ ဥတ္တရာက ဘာကိုစောင့်မှာလဲ"

ကျွန်မဟာ ဘုရား၊ တရားနဲ့ ကင်းဝေးတဲ့ လင်သားကို ဥပုသ်သီလအကြောင်း အသေးစိတ်ရှင်းပြရတယ်။ သီလတစ်ပါးချင်း လိုက်နာ၊ ကျင့်ကြံထိန်းသိမ်းရတဲ့ စည်းကမ်းကို လိပ်ပတ်လည်အောင် ပြောပြမိယ်။ ကျွန်မ ရှင်းပြနေစဉ်မှာပင် သူ့မျက်နှာက တဖြည်းဖြည်း တင်းမာလာတယ်။ သီလရှစ်ပါးစုံအောင် ရှင်းပြပြီးချိန်မှာ သူ့မျက်နှာဟာ ခြင်းခြင်းနီပြီး ဒေါသတကြီးနဲ့ ထအော်တော့တာပါပဲ။

"ကျုပ် ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး"

"အို. . . မောင်ရယ်"

"ဟုတ်တယ် ဒီကိစ္စကို ဘယ်နည်းနဲ့မှ သဘောမတူဘူး ဥတ္တရာ၊ ဒီမယ်. . . ဒီမယ် မင်းစဉ်းစားစမ်း။ ကျုပ်နဲ့ မင်းလက်ထပ်တာ ဘယ်နှရက်ရှိသေးလဲ"

"သုံးရက်ပါ. . ."

"ဟုတ်တယ် သုံးရက်။ ဒီသုံးရက်အတွင်းမှာ မင့်ဥပုသ်ကို အကြောင်းပြုပြီး ကျုပ်နဲ့ကင်းကွာနေတော့မယ်ပေါ့လေ. . . "

"အမြဲမဟုတ်ပါဘူး မောင်ရယ်. . . "

"တော်. . . တော်ပြီ ဥတ္တရာ။ မင်းအနေနဲ့ တခြားလိုချင်တာ အကုန်တောင်း၊ ကျုပ်အားလုံ ဖြည့်ဆည်းမယ်။ ဒီမယ် ဥတ္တရာ၊ ကျုပ်ပြောတဲ့ စကားကို ဘေးကကြားရင် မကောင်းတော့ဘူး။ ကျုပ်ခပ်တိုးတိုးပဲ ပြောမယ်။ မင်းသေသေချာချာ နားထောင်"

သူက ကွန်မကြားရုံ နှစ်ကိုယ်ကြား နှစ်နားကပ်ပြောတယ်။ သူ့နှုတ်က ထွက်လာတဲ့စကားတွေဟာ ကွန်မ မကြားဝံ့ မနာသာတဲ့ စကားတွေမို့ ထိတ်လန့်တကြား နားကိုပိတ်မိတယ်။ သူဌေးသားတစ်ယောက် နှုတ်ကထွက်တဲ့စကားမှ ဟုတ်ပါလေစလို့ ယုံမှားသံသယတောင်ဖြစ်မိပါတယ်။

"မဟုတ်သေးပါဘူး မောင်ရယ်. . . ကာမဂုဏ်အာရုံခံစားမှုဆိုတာ စယ်ရှယ်သူတွေအတွက် အချိန်အများကြီးကျန်ပါသေးတယ်"

"ဟုတ်တယ်. . . ကျန်တယ်။ ကျန်ပေမယ့် ရောင့်ရဲနိုင်မှု မရှိဘူးဆိုတာ မင်းနားလည်ပါ။ ဒီမယ် ဥတ္တရာ၊ မင်းကို ကျုပ်မေးစမ်းပါရစေ. . . မင်းတို့ဆရာဂေါတမကို ဝပ်တွားခယနေလို့ ဘာအကျိုးရှိမလဲ ပြောစမ်း. . . "

"အို. . . "

"မအိုနဲ့. . . ကိလေသာတဏှာ ခန်းခြောက်တဲ့စိတ်တွေဖြစ်အောင် လှူ့ဆော်နေတာ ဘာအကျိုးဖြစ်မလဲ။ ဒီလောကမှာ ဒီဘဝမျိုးနဲ့ လူဖြစ်လာတဲ့ မင်းနဲ့ငါ့အဖို့ ကာမဂုဏ်ချမ်းသာ အပြည့်အဝ ခံစားတာထက်ကောင်းတာ ဘာရှိသေးလဲ ပြောစမ်း"

ကွန်မ နားမထောင်ဝံ့တော့လို့ နားနှစ်ဖက်ကို ပိတ်ပြီး ငိုပစ်လိုက်မိပါတော့တယ်။

* * * * *

ကွန်မဘဝဟာ အရှင်လတ်လတ် သေဆုံးသူနှင့်မခြား ဘဝဆုံးသလို ဖြစ်နေပြီမို့ စိတ်ဆင်းရဲမိတာအမှန်ပါ။ လင်သားကို ဘယ်လိုအကြောင်းပြတောင်းပန်လို့မရတဲ့အပြင် သူက ပိုလို့ လွန်ကဲနေပြန်ပါတယ်။

ချမ်းသာခြင်းသုခက အမှန်ကိုမမြင်နိုင်ဘဲ အတုအယောင်ချမ်းသာမှုသုခကိုသာ တရှိက်မက်မက်တွယ်တာနေတဲ့ လင်သားကြောင့် စိတ်ဆင်းရဲနေမိတယ်၊ နောက်ဆုံးတော့ ပြဿနာအရပ်ရပ်ကို ဖခင်ကြီးထံ အကြောင်းကြားရတော့ပါတယ်၊

• • • • •

အင်း. . . ကျွန်မလည်း သတိမေ့နေတာကိုး။ ဟုတ်ပေသားပေါ့။ ရာဇဂြိုဟ်မှာ အချောအလှ သီရိမာရှိတာ ကျွန်မမေ့လျော့နေမိတယ်။ ဒီအတွေးသာ စောစောက ရမိရင် ဒီကာလအထိ စိတ်ဆင်းရဲ ရမှာ မဟုတ်ဘူး။

ကျွန်မဟာ ဖခင်ကြီးပို့လိုက်တဲ့ အသပြာငွေတစ်သောင်းငါးထောင်ကိုယူပြီး သီရိမာအိမ်ကို ပြေး ခဲ့ပါတယ်။

"ညီမ သီရိမာ. . . အစ်မကို ကူညီပါ ညီမရယ်"

"ဩော်. . . သူဌေးကြီး ပုဏ္ဏရဲ့သမီး၊ သူဌေးလေးကိုနန္ဒရဲ့ ဇနီးပါလား။ နေပါဦးအစ်မရဲ့. . . ရှင့် လိုပြည်စုံကုံလုံသူက ကျွန်မကို အကူအညီလာတောင်းတာဆိုတော့ အံ့ဩစရာပါလား"

"အမှန်ပါ သီရိမာ. . . အစ်မကို သီရိမာ ကူညီမှ ပြဿနာပြေလည်မှာပါ"

"နေဦးလေ. . . ကျွန်မဘာဆိုတာ အစ်မ သိပါတယ်နော်"

ကျွန်မ ခေါင်းညိတ်ပြလိုက်ပါတယ်။

ဟုတ်တယ်လေ. . . သီရိမာကို ကျွန်မ မသိဘဲ နေမလား။ ရာဇဂြိုဟ်ပြည်ရဲ့ အချောအလှ၊ ရာဇဂြိုဟ်ပြည်ရဲ့ ပြည့်တန်ဆာကို မသိရင် ညံ့ရာကျမှာပေါ့။ မင်းကြီးကိုယ်တိုင်က အဆောင်အယောင် အခမ်းအနားနဲ့ ချီးမြှင့်ထားသူပဲ မဟုတ်လား။

သူဟာ မိမိရဲ့ အလှအပကို အသုံးချပြီး ကိုယ်ခန္ဓာနဲ့ အသက်မွေးနေသူ။ တစ်နေ့ကို အသပြာ တစ်ထောင် ကိုယ်ကြေးပေးမှ ယောကျ်ားတွေက ပျော်ပါးခွင့်ရသူ။ သူရဲ့ တန်ကြေးဟာ သာမန်ယောကျ်ား မဆိုထားနဲ့ တော်ရုံတန်ရုံ ချမ်းသာသူ အနားမကပ်နိုင်တဲ့ အနေအထား။ မင်းညီမင်းသားနဲ့ သူဌေးကြီး တွေရဲ့ အသုံးတော်ခံ သက်သက်။

"အစ်မသိပါတယ်. . . သီရိမာ. . . ဟောဒီမှာ အသပြာတစ်သောင်းငါးထောင်။ ဒီအသပြာကို ငါ့ညီမယူပြီး အစ်မယောကျာ်းကို အလုပ်အကျွေးပြုပါ"

"ရှင်. . . "

"ကူညီပါ ညီမရယ်. . . ဒီငွေကိုယူပြီး အစ်မကိုယ်စား. . . "

"နေ. . . နေပါဦး. . အစ်မပြောတာ ကျွန်မ နားမရှင်းလို့ပါ။ အဟင်း. . . ဟင်း လောကကြီး ဟာ ဘာတွေဖြစ်ကုန်ပြီလဲ မသိပါဘူးနော်။ ရယ်တော့ တကယ်ရယ်စရာကောင်းနေပြီ။ ဒါနဲ့ ကျွန်မ မေးပါဦးမယ်။ ကျွန်မ အလုပ်အကျွေးပြုရမှာက အစ်မယောကျ်ား ကိုနန္ဒနော်. . . ဟုတ်ရဲ့လား"

"မှန်ပါတယ်"

"ဒီကိစ္စကို အစ်မကိုယ်တိုင် လာငှားတယ်။ ဒီလိုလား. . . "

"ဟုတ်တယ် ညီမ။ ဒီလိုပါကွယ်. . . အစ်မက ရက်ရှည်ဥပုသ်စောင့်ချင်လို့ ခွင့်ပြုအောင် အစ်မ

ကိုယ်စား ညီမကို ထားရမယ်. . . ”

“အဟော. . . ဟော. . . ဟော . . . တကယ်ပျော်စရာကောင်းတဲ့ အဖြစ်အပျက်လေးပါလား။ သိရိမာ တကယ်ပျော်လာပြီ အစ်မရေ. . .။ ဟောဒီ အစ်မပေးတဲ့ အသပြာကို ယူလိုက်ပြီ”

“တကယ်လား. . . တကယ်လား ညီမရယ်”

“သြော်. .. ဒီအခွင့်အရေးဟာ ရတောင့်ရခဲ အခွင့်အရေးပါရှင်။ သူဌေးကြီးကိုနန္ဒရဲ့ အချစ်ကို ဇင်မပိုင်စိုးရတဲ့သိရိမာလို မိန်းမသားဘဝဟာ ဘာများကြောင့်ကြစရာလိုသေးလဲ။ ကဲ. . . အစ်မ စိတ်အေးလက်အေးသာ ပြန်တော့”

“ကျေးဇူးပါပဲကွယ်. . . ”

“ကျွန်မက ပိုကျေးဇူးတင်ရမှာပါရှင်. . . အဟဲ. . . ဟဲ”

* * * * *

ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒအတိုင်း ပြည့်ဝတဲ့သူလောက် စိတ်ချမ်းသာသူဟာ ဒီလောကမှာ ဘယ်သူမှ မရှိနိုင်ဘူး။ ဟုတ်ပါတယ်. . . ကျွန်မ တကယ်ကို ကြည်နူးချမ်းသာနေမိတယ်။

သိရိမာအိမ်က ပြန်လာလာချင်း ဘုရားကျောင်းတော်ဝင်ခဲ့တယ်။ ဘုရားရှင်နဲ့ သံဃာငါးရာကို ဒီကာလအတွင်း ဆွမ်းလုပ်ကျွေးခွင့်ပြုဖို့ လျှောက်ထားခဲ့တယ်။ ဘုရားရှင်က ဝန်ခံရုံမက တစ်နေ့မခြား ကြွရောက်ချီးမြှင့်ခဲ့ပါတယ်။

ဘုရားရှင်ကို အသိအမှတ်မပြုတဲ့ မိစ္ဆာဒိဋ္ဌိအယူရှိသူတွေကတော့ အိမ်ကြီးထက် ငဲ့စောင်းလို့တောင် မကြည့်ပါဘူး။ ကျွန်မထင်ပါတယ်လေ. . . ဒီအပြုအမူ၊ ဒီလုပ်ပုံတွေကို သူဌေးကြီးသုမနလည်း သဘောကျမှာမဟုတ်ဘူး။ သူက သူ့ဆရာတက္ကဒွန်းတွေသာ မြင့်မြတ်သူလို့ ထင်တာမို့လား။ ဗုဒ္ဓကို ဆည်းကပ်တဲ့ ကျွန်မကို ပိတ်ပင်ချင်မှာ အမှန်ပဲ။ ဒါပေမယ့် သူတို့စည်းစိမ် တစ်ပြားတစ်ချပ်မှ မထိပါးဘဲ ကျွန်မ မိဘပစ္စည်းနဲ့လုပ်တာဆိုတော့ မပြောသာဘူး။ ပြောရင် ကျွန်မဖခင်ရဲ့ ငွေစုမှာကိုလည်း စိုးရိမ်မှာပေါ့လေ။

သူဌေးကြီးရဲ့ အသိုင်းအဝန်းက ဥပေက္ခာပြုထားသလို ကျွန်မလင်သား ကိုနန္ဒလည်း သိရိမာနဲ့ ပျော်နေလို့ ကျွန်မကိုတောင် သတိရပုံမရဘူး။ ဒီလောက်ဆိုရင် သိရိမာဟာ ကျွန်မတို့ အိမ်ခန်းထဲ ရောက်နေရောပေါ့။ ကိုနန္ဒက သိရိမာအပါးရှိနေမှာပေါ့။ အင်းလေ. . . ဒါကို ချမ်းသာသုခလို့ ထင်နေတဲ့ သူတို့ နှစ်ယောက်အတွက် အရာရာအဆင်ပြေတာပေါ့။

ဟုတ်တယ်. . . . ။

ကျွန်မအတွက်လည်း အဆင်ပြေသွားတယ်၊ ဘုရားရှင်ကို ဆွမ်းအလုပ်အကျွေးပြုပြီး ဆွမ်းရဲ့ အနုမောဒနာတရားကို နာရတယ်၊ အဌင်္ဂသီလလည်းမပြတ် စောင့်ရတယ်၊ တရားကို နှလုံးသွင်းပြီး မွေ့

နေရတဲ့ ချမ်းသာသုခဟာ ဘယ်သုခမျိုးနဲ့မှ လဲလို့ကို မရအောင် ရှိနေပါတယ်။

* * * * *

အင်း. . . ဘာလိုလိုနဲ့ မနက်ဖြန်ဆိုရင် လပြည့်နေ့ရောက်ပြီ။ ဘုရားရှင်ကို ဆွမ်းလုပ်ကျွေးတာ ဆယ့်ငါးရက်ပြည့်တော့မယ်။ ရတဲ့အခွင့်အရေးကို အပြည့်အဝယူပြီး ကိုယ်တိုင်အပင်ပန်းခံ ကုသိုလ်ယူမှ ဖြစ်မယ်။

ကျွန်မဟာ ဟင်းအိုးများကို ကိုယ်တိုင်မီးထိုး၊ မီးမွှတ်လုပ်ရုံမက ကိုယ်တိုင်ပင် ချက်ပြုတ်နေမိတယ်။ ဒီအလုပ်က ကျွန်မအတွက် အသစ်အဆန်းမဟုတ်ပါဘူး။ ငယ်စဉ်ကတည်းက အိမ်မှုကိစ္စ အချိုးကျအောင် လုပ်ခဲ့တော့ အပန်းမကြီးဘူး။ မနေ့တစ်နေ့ကမှ သူဌေးသမီးဖြစ်လာလို့ အခိုင်းအစေနဲ့ နေရတာမို့ ထူးခြားတယ်လည်း မထင်ဘူး။ စိတ်ထဲရှိတာကတော့ ကိုယ်တိုင်အပင်ပန်းခံ ကုသိုလ်ယူချင်တဲ့ သဒ္ဓါစိတ်ပဲ။

ကျွန်မ ချက်ပြုတ်နေစဉ် တဟားဟားရယ်သံကို အိမ်ထက်ကကြားလို့ မော့ကြည့်လိုက်မိတယ်။

“ဩော်. . . ကိုနန္ဒပါလား။ သူကငါ့ကိုကြည့်ပြီး သဘောကျနေတာကိုး။ အင်း. . . သိရိမာကို လှည့်ပြောပြီး လက်ညှိုးထိုးရယ်နေပြန်တယ်။ ငါက သူတို့အဖို့ ရယ်စရာဖြစ်နေလား. . . သူ ဘာကို ရယ်တာပါလိမ့်”

ကျွန်မက ချစ်လင်ရယ်နေတာကို သဘောရိုးနဲ့ ပြန်ပြုံးပြလိုက်မိတယ်။ ဒါကို သိရိမာမြင်သွားတော့ ဒေါသဖြစ်တဲ့အမူအရာနဲ့ အခန်းထဲ ပြန်ဝင်သွားပါတယ်။ သူဘာကို ဒေါသဖြစ်နေပါလိမ့်။

“ဘယ်လိုလဲ ဘုရားအမကြီးရဲ့။ ပင်ပန်းဆင်းရဲရှိလှချည်လား”

ကိုနန္ဒက ကျွန်မကို ခနိုးခနဲ့နဲ့ စကားလှမ်းပြောတယ်။ သူ့စကားကြားမှ စောစောက ရယ်တာ ငါ့ကိုလှောင်နေတာပါလားလို့ ကျွန်မ နားလည်လိုက်တယ်။

“မပင်ပန်းပါဘူး မောင်ရယ်. . . ဘုရားရှင်ကို အလုပ်အကျွေးပြုရတာမို့ ဝမ်းသာပီတိဖြစ်နေလို့ ပင်ပန်းတဲ့စိတ် မရှိပါဘူး”

ဒီစကားပြန်ပြောချင်ပေမယ့် ကျွန်မနှုတ်က အလိုလိုဆွံ့နေတယ်။ ဟုတ်တယ်လေ. . . . ကျွန်မ ဒီလိုပြောလည်း သူသဘောပေါက်ချင်မှ ပေါက်မှာမို့လား။ ဘုရားတရားနဲ့ ဝေးတဲ့သူအဖို့ ကုသိုလ်စကားဟာ အလကားပဲ ဖြစ်မှာပေါ့လေ။

ကျွန်မဟာ ကိုနန္ဒကို ငေးကြည့်နေစဉ် စောစောက ပျောက်သွားတဲ့ သိရိမာ ရုတ်တရက်ပေါ်လာပြီး ထောပတ်ရည်ပူတွေ လောင်းချလိုက်ပါတယ်။ သူ့အကြံအစည်ကို မသိတဲ့ ကျွန်မဟာ ရှောင်ချိန်မရလိုက်ပါဘူး။ အန္တရာယ်ကို မြင်ရပေမယ့် ဗုဒ္ဓါ နုဿတိ အစဉ်ပွားနေတဲ့ ကျွန်မကတော့ သတိမလွတ်ဘူး။

ချက်ချင်း ဘုရားမျက်နှာတော် ဖူးမြင်ရပြီး တရားအဆုံးအမတွေကို နှလုံးသွင်းမိတယ်။ ဒါနဲ့ တစ်ပြိုင်နက် သီရိမာရဲ့ ကျေးဇူးတရားကိုလည်း ဆင်ခြင်မိတယ်။

"ဩော်. . . သီရိမာဟာ ငါ့ရဲ့ ကျေးဇူးရှင်ပါလား"

ကွန်မဟာ သီရိမာအပေါ် မေတ္တာမပျက် ရှိလေတဲ့အကျိုးက တကယ့်ကို ထူးခြားလှပါတယ်။ ဒီအခါမှာ ဘုရားရှင်ရဲ့ မေတ္တာတရားကို ပိုယုံကြည်သွားတယ်။ တစ်ပါးသူအပေါ်မှာ မေတ္တာမပျက် ချစ်ခင်ရင် ဒိဋ္ဌဓမ္မ အကျိုးပြုတယ်ဆိုတာ လက်တွေ့ထင်ရှားတာပါလား. . .။

* * * * *

"ဟဲ့. . . ဟဲ့. . . အို. . . ဘယ်လို လုပ်လိုက်ကြတာလဲ"

"ဒီကောင်မက အရှင်မကို ထောပတ်ရည်ပူတွေနဲ့ လောင်းချတယ်လေ. . ."

"အိုကွယ်. . . ဘယ့်နှယ် ရိုက်မောင်း၊ ပုတ်မောင်းလုပ်ကြသတုံး"

"ဒီ အယုတ်တမာကောင်မကို သတ်ရမယ်။ ကဲ. . . တို့သခင်မကို လုပ်ဦး။ နင်က ဇာ်မမယား လုပ်ရတာကို အဟုတ်ထင်ပြီး အကြံပက်စက်တာပေါ့လေ။ ဗိုင်းတာမ. . . ကောင်မယုတ်. . . ကဲဟယ် . . . ကိုင်းဟယ်"

"ဟဲ့. . . ဒီလိုမလုပ်ကြနဲ့။ ငါ့ခင်ပွန်းမကို မပုတ်ခတ်ကြပါနဲ့။ ဟဲ့. . . ဟဲ့ . . . တော်ကြလေ . . . ကြည့်စမ်း. . . အားလုံးတော်ကြစမ်း။ နင်တို့ ရိုက်ချင်ရင် ငါ့ကိုရိုက်ကြ၊ ငါ့ကိုသတ်ကြ"

"ဒီကောင်မစုတ်က သခင်မကို လုပ်ကြံတာ"

"အို. . . ဒီလိုမပြောကြနဲ့"

ထောပတ်ပူနဲ့ လောင်းချရာ ကွန်မ ဘာမှ အန္တရာယ်မရှိ၍ သီရိမာ ကျေနပ်ပုံမရ၊ ပထမအကြိမ် လောင်းချစဉ် ရုတ်တရက်မို့ ကိုနန္ဒပင် ကြောင်သွားတယ်၊ ဟယ်. . . လို့ ယောင်အော်ပြီး တားလိုက်ပေမယ့် လက်လွန်သွားလို့ စိုးရိမ်စိတ်နဲ့ လှမ်းကြည့်တယ်၊ ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်ရည်ပူတွေကြောင့် လောင်မြိုက်သွားပြီလို့ ထင်ခဲ့ရာ ဘာမှမဖြစ်လို့ အံ့ဩနေပုံရတယ်၊ ကွန်မရဲ့ အစေအပါးတွေကို "မင်းတို့သခင်မ ဘာဖြစ်သွားလဲ ကြည့်ကြစမ်း" လို့ စိုးရိမ်တကြီး လှမ်းအမိန့်ပေးသံ ကြားရတယ်၊

ကွန်မအပေါ် ကိုနန္ဒရဲ့ ယုယကြင်နာမှုကို မြင်ရတော့ သီရိမာ ပိုဒေါပွသွားပုံရတယ်၊ ပိုပူလောင်တဲ့ ထောပတ်ရည်ကို ခပ်ယူလာပြီး လောင်းဖို့ကြိုးစားချိန်မှာ ကွန်မအစေအပါးတွေက ဆွဲငင်ပုတ်ခတ်လို့ သီရိမာ အတော်ခံသွားရပါတယ်၊

ကွန်မ တကယ် စိတ်မကောင်းမိပါ၊ သီရိမာအပေါ် အချစ်မပြယ်ရုံမက ကျေးဇူးတင်နေဆဲမို့ တတ်နိုင်သမျှ အကာအကွယ်ပေးလိုက်မိပါတယ်လေ၊

• • • • •

ကျွန်မက အပြစ်မယူ၊ ပြုံးစုကင်းစွာနဲ့ ပြုစုတာတွေ့တော့ အမှားကို သိသွားတဲ့ သီရိမာဟာ ရှိုက်ကြီးတငင် ငိုရှာတယ်။ မငိုပါနဲ့ . . . ညီမရယ် . . . ဒီအတွက် ဘာမှ ဝမ်းနည်းစိတ်မဖြစ်နဲ့။ အစ်မ ခွင့်လွှတ်ပြီးသားပါ ညီမရယ်လို့ ဖြေသိမ့်လိုက်တယ်။ သီရိမာက ကျွန်မခြေကိုဖက်ပြီး တောင်းပန်ပါတယ်။

"အို . . . အစ်မဥတ္တရာ။ ကျွန်မ မိုက်မဲမိပါတယ်။ ဇာ်မမယားဘဝကို ထာဝရထင်ပြီး အငြိုးထား မိပါတယ်။ သည်းခံပါ အစ်မရယ်"

"သည်းခံလျက်ပါ သီရိမာ. . . ခွင့်လွှတ်ဖို့ဆိုတာကတော့ ငါ့မှာအမြဲရှိတယ်။ ဒါပေမယ့် ဒီအပြစ် အတွက် ငါ့ရဲ့ဆရာသခင် ဘုရားရှင်ထံသာ တောင်းပန်ပါ"

"ရှင် . . . ဘုရားရှင်"

"ဟုတ်တယ် . . . သီရိမာ"

"ကျွန်မက ဘုရားရှင်ကို အကျွမ်းတဝင်မရှိပါ။ ဘုရားရှင်ကို ဘယ်ပုံတောင်းပန်ရမှန်းလည်း မသိပါ"

ကျွန်မဟာ သီရိမာကို ဆွဲထူပြီး အညင်အသာ လက်ဆွဲခေါ်ခဲ့တယ်။ စောစောက ရိုက်ပုတ်ခံရ လို့ ဒဏ်ရာရထားတဲ့ အနာတွေကို ရေနွေးနဲ့ဆေးကြောပေးပြီး ဆေးဝါးများထည့်ပေးရင်း ဘုရားရှင်ကို တောင်းပန်ရမည့်နည်း ပြောပြလိုက်တယ်။

သီရိမာဟာ ကျွန်မကို တလေးတစား ထပ်တောင်းပန်ပြီး ကျွန်မလမ်းညွှန်တဲ့အတိုင်း လုပ်ဆောင်ပါတယ်။

နောက်တစ်နေ့ ဘုရားရှင်ကြွအလာမှာ အဖြစ်အပျက်အလုံးစုံကို ဦးတင်လျှောက်ထားလိုက်တယ်။ သီရိမာဟာ သူတော်ကောင်းကို ပြစ်မှားလို့ ကြီးစွာသောအပြစ်ရှိတယ်လို့ ဆုံးမပါတယ်။

"ချစ်သမီး ဥတ္တရာ. . . သီရိမာက ထောပတ်ရည်ပူ နဲ့လောင်းတော့ စိတ်ထဲ ဘယ်သို့ရှိသလဲ"

"မြတ်ဘုရား. . . တပည့်တော်မဟာ သီရိမာကို အပြစ်မမြင် ချစ်ခင်မြဲချစ်ခင်ပါတယ်။ တပည့် တော်မဟာ သီရိမာရဲ့ ကျေးဇူးကြောင့် ဒါနပြုခွင့်လဲရတယ်။ သီလဆောက်တည်ခွင့်လဲရတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကိုလဲ ဖူးခွင့်ရတယ်။ တစ်ဖန် တရားတော်ကိုလဲ နာယူခွင့်ရပါတယ်။ ဒီကျေးဇူးတွေဟာ စကြဝဠာကောင်းကင်မြေပြင်မက ကြီးမားလှတဲ့ ကျေးဇူးပဲ။ ငါ့ကျေးဇူးရှင်ကို ချစ်ခင်စိတ်နဲ့ မေတ္တာထား ရမယ်လို့ နှလုံးသွင်းပါတယ် ဘုရား. . . "

"သာဓု. . . သာဓု. . ချစ်သမီး။ ကြမ်းကြုတ်ခက်ထန်မာနအမျက်ကြီးသူကို အမျက်မယူ ကြည်ဖြူ မေတ္တာနဲ့အောင်ရာ၏။ သူယုတ်မာအကျင့်ရှိသူကို နူးညံ့စင်ကြယ် မြင့်မြတ်သော အကျင့်နဲ့ အောင်ရာ ၏။ ဝန်တိုစဉ်းလဲသူကို ပေးကမ်းစွန့်ကြဲမှုနဲ့ အောင်ရာ၏။ မုသားစကားဆိုသူကို မှန်သောစကားဆိုခြင်းနဲ့ အောင်ရာ၏ ချစ်သမီးဥတ္တရာ"

ဘုရားရှင်၏ တရားအဆုံးအမကို သီရိမာနှင့်အတူ နာယူနေသော ကိုနန္ဒလည်း ပြတ်ပြတ်ထင်

ထင် ကြားလိုက်ပေမည်။ ယမန်နေ့ကတည်းက ကျွန်မစိတ်ထားကို မြင်သွားသောကိုနန္ဒဟာ ကျွန်မအပေါ် လေးစားသွားပုံရပါတယ်။ ကျွန်မရဲ့လုပ်ရပ်ကို လျစ်လျူရှုမထားတော့ဘဲ ဝိုင်းကူပံ့ပိုးလာခဲ့တယ်။ ဒီတစ်ခါ တရာနာယူပြီးချိန်မှာ သူဟာ ကျွန်မအပါးလာပြီး ကျွန်မလက်ကို ညင်ညင်သာသာ ဆွဲယူတယ်။

"အို. . ချစ်နှမ ဥတ္တရာ. . . သင်ဟာ ကျွန်ုပ်ရဲ့ အသိဉာဏ်မိုက်မဲမှုကို လိမ္မာယဉ်ကျေးအောင် သွန်သင်နိုင်ခဲ့ပါပေတယ်။ ချစ်နှမဥတ္တရာ. . . သင်ဟာ ကျွန်ုပ်ကို အောင်နိုင်ခဲ့ရုံမက ကျွန်ုပ်ရဲ့အယူကို လဲ အောင်နိုင်ခဲ့သူပါ။ သင် သွန်သင်လို့ ဘုရားရှင်ရဲ့ မွန်မြတ်တဲ့တရားကို နာခွင့်ရခဲ့ပါပေတယ်။ သင်ဟာ ကျွန်ုပ်ရဲ့မိခင်ပါ" ကျွန်ုပ်အမိဟာ ကျွန်ုပ်ကြီးပြင်းအောင် နို့ချိုတိုက်ကျွေးမွေးမြူခဲ့တယ်။ သင်ကတော့ ကျွန်ုပ်ကို မှန်ကန်တဲ့ အတွေး၊ မှန်ကန်တဲ့တရားရှိအောင် တရားလမ်းပြခဲ့တယ်။ သင့်ကြောင့် အမှန်တရား မသိအောင် တိမ်းသလ္လာဖုံးနေတဲ့ မောဟမျက်လုံးကို ဖွင့်ပေးခဲ့တယ်။ ချစ်နှမ ဥတ္တရာ. . . သင့်ဟာ တရားမိခင်ပါ။ ကျွန်ုပ်ရဲ့ အမိပါပဲ"

ကျွန်မဟာ လင်သားက ထုတ်ဖော်ချီးကျူးခံရလို့ ဝမ်းသာမိပါတယ်။ သည့်ထက် ဘုရားရှင်ကိုယ်တိုင်က "နန္ဒမာတာ"လို့ ဂုဏ်ပြုချီးကျူးလိုက်တဲ့အတွက် ရင်ထဲကြည်နူးချမ်းမြေ့သွားရပါတော့တယ်။

ကျမ်းကိုး
ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏
ဇိနတ္ထပကာသနီကို မှီးငြမ်းရေးဖွဲ့ပါသည်။
*သံသရာကိုကျော်ခိုင်းသည့် ပုခက်လွှဲသောလက်များမှ*

# စန္ဒကူးသပိတ်



# စနက္ကူးသပိတ်

တိုင်းရက်တဲ့ပက္ကလာ မိုးရွာတာနဲ့ အသင့်ဆိုသလို ဟန်မှ ဟန်ပလေကွာလို့ ကျွန်ုပ်စိတ်ထဲ တွေးလိုက်တယ်။

ဒွိဟ သံသယစိတ်တွေ ခုမှ ပြောပျောက်ရတော့မယ်။

ဒီလိုဗျ ဟောဒီ ရာဇဗြိုဟ်ဝန်းကျင်မှာ ဖြစ်နေတာ ကြည့်ပါဦး။ ပေါလိုက်၊ များလိုက်တဲ့ဘုရားတွေ။ ဟိုကလည်း ဘုရား၊ ဒီကလည်း ဘုရား၊ များမှ များဗျာ။

ပုရဏကဿပကလည်း ဘုရားတဲ့. . .။

နိဂဏ္ဌနာဋပုတ္တကလည်း ဘုရားတဲ့. . .။

ပကုဓကစ္စာယနကလည်း သူသာ ဘုရားတဲ့. . .။

အဲ. . . ရှိသေးတယ်။ ကေသကမလကလည်း သာဘုရားအစစ်တဲ့။ လောလောဆယ်ဘုရားလို့ကြွေးကြော်နေသူ ခြောက်ဦးအပြင် တစ်ပါး ထပ်ပေါ်လာပြန်တယ်။ ခုနစ်ပါးမြောက်ဘုရားက ဘုရင်သုဒ္ဓေါဒနရဲ့သားတော် သိဒ္ဓတ္ထမင်းသားတစ်ဖြစ်လဲ ဂေါတမပါ။

ကဲ. . . စဉ်းစားကြည့်. . .။

ကျုပ်တို့က ဘယ်သူ့ကို ဘယ်လိုယုံရမှာလဲ. . .။

ဘယ်သူ့ကို ဆည်းကပ် ကိုးကွယ်ရမှာလဲ. . .။

လောကသုံးပါးမှာ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတွေကိုးကွယ်အပ်၊ အထွတ်အမြတ်ထားအပ်တဲ့ ဘုရား

က သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားတစ်ဆူပဲဖြစ်သင့်တယ်။

ဒီပုဂ္ဂိုလ်ဟာ တန်ခိုးအရာမှာလည်း အမြတ်ဆုံး။ ဉာဏ်တော်အရာမှာလည်း အမြတ်ဆုံး။ ဘုန်းကံနေရာမှာလည်း အမြတ်ဆုံးဖြစ်ရမယ်။

ထားတော့. . . ။

ဒီလောက်များတဲ့ ဘုရားတွေရဲ့ နောက်မှာ ရဟန္တာပုဂ္ဂိုလ်တွေ၊ အနာဂါမ်ပုဂ္ဂိုလ်တွေ၊ သကဒါဂါမ်ပုဂ္ဂိုလ်တွေ၊ သောတာပန်ပုဂ္ဂိုလ်တွေ ရှိသေးတယ်။ ဒီပုဂ္ဂိုလ်မျိုးတွေ ရှိတာလည်း လက်ခံပါတယ်။ ဘယ်ခေတ်မှာဖြစ်ဖြစ် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေ ပေါ်တတ်တာပဲ။ ဒါပေမယ့် ဗုဒ္ဓကောလာဟာလ ဖြစ်ကတည်းက ပေါ်လိုက်ကြတဲ့ ဘုရားတွေ မိုးတွင်းမှာ မှိုထွက်သလိုပဲ။

ဟော. . . တစ်ယောက်. . . ဟော. . . တစ်ယောက်. . . ။

ဒီလောက်များတော့ ကိုးကွယ်ရမယ့် ကျုပ်တို့ ဘယ်လိုရွေးရမလဲ။ အတု၊ အစစ် ဘယ်လိုခွဲခြားရမလဲ။

ဒီမယ်. . . ကျုပ်ပြောပြမယ်။ ပုရဏကဿပဆိုရင် ကျွန်မျိုး။ သူ့မျိုးနွယ်က ကဿပ။ ကျွန်တစ်ရာပြည့်ချိန်မှာ ဒီကဿပကိုမွေးလို့ ရာပြည့်ကျွန်ဆိုပြီး ပုရဏကဿပလို့ မှည့်တာ။

သူရဲ့ ကျွန်ရှင်ထဲက ထွက်ပြေးပြီး အကိရိယဝါဒတီထွင်၊ ဂိုဏ်းဆရာလုပ်တယ်။ သူဟောတာ ကြည့်ဦး. . . ။

အတ္တဟာ ရုပ်မဟုတ်ဘူး။ နာမ်သဘောသာဖြစ်တယ်။ ဒါကြောင့် ဖျက်ဆီးလို့မရဘူး။ လူသတ်တယ်ဆိုတာ၊ သေတယ်ဆိုတာ ရုပ်ကိုယ်ထည်ကိုသာသတ်လို့ ၊ သေလို့ နာမ်ကိုမထိခိုက်ဘူး။ အတ္တဟာ ရုပ်နဲ့ ကြောင်းကျိုးဆက်စပ်မှု မရှိဘူး။ အတ္တက ဘာမှမလုပ်ဘူး။ ပြုလုပ်တာမှန်သမျှ ရုပ်ခန္ဓာ၊ ရုပ်သဘာဝ အလျှောက်လုပ်ခြင်းသာဖြစ်တယ်တဲ့။

ဂင်္ဂါမြစ်မြောက်ဘက်အရပ်မှာ ယစ်ပူဇော်တယ်။ ကုသိုလ်ဒါနပြုတယ်။ သီလစောင့်တယ်။ ဒါတွေကို ကောင်းမှုပြုတယ်လို့ ပြောလို့မရဘူး။ ကုသိုလ်လည်းမရဘူး၊ ဂင်္ဂါမြစ်တောင်ဘက်ကလူတွေ အကျင့်စာရိတ္တပျက်တယ်။ လုယက်ကြ၊ ခိုးဝှက်ကြ၊ သူတစ်ပါးသားမယားပြစ်မှားကြတယ်။ ဒါမကောင်းမှု မဟုတ်ဘူးတဲ့။ မြစ်နားနီးလို့ တံငါလုပ်တာ၊ တောနီးလို့ မုဆိုးလုပ်တာ၊ ရွာပါးလို့ လုယက်တာ။ ဒါ သဘာဝပဲတဲ့။ ပတ်ဝန်းကျင် ဖန်တီးချက်ပဲ။ ဒါဟာ အတ္တနဲ့မဆိုင်ဘူး။ အတ္တဟာ အသေကောင်လို လှုပ်ရှားမရှိငြိမ်နေတယ်။ ဘာမှမလုပ်ဘူးတဲ့. . . ။

ကိုင်း. . . သူ့စကား. . . ။

သူ့တရားကြည့်စမ်း. . . ။

ကောင်းမှုလည်း ပြုရာမရောက်ဘူး။ ပတ်ဝန်းကျင်ကြောင့် ဖြစ်တာဆိုတော့ မကောင်းမှုနဲ့ အသက်

မွေးချင်တဲ့လူတွေ အားပေးအားမြှောက် လုပ်ရာမရောက်ဘူးလား။ သတ်ချင်သတ်ကွာ ဘာမှမဖြစ်ဘူးလို့ တိုက်တွန်းရာ ကျမနေဘူးလား. . ။

သူ့ဝါဒက လူပြိန်းအကြိုက်။ မှန်တာပြောရရင် လူမိုက်အကြိုက်။ ဒီလောကမှာ လိမ္မာတဲ့သူနဲ့ မိုက်သူ ဘယ်သူများမလဲ။ စဉ်းစားသာကြည့်။ ပုရဏကဿပ တန်ခိုးကြီးနေတာ အဆန်းမဟုတ်ပါဘူး။

ဟော. . . နောက်တစ်ယောက်ရှိသေးတယ်. . . ။

အဟေတုကဝါဒထွင်တဲ့ မက္ခလိဂေါသာလ. . . ။

သူလည်း ကျွန်မျိုးပဲ။ နွားခြံမှာမွေးလို့ ဂေါသာလလို့တွင်တယ်။ ရှေ့က မက္ခလိပုဒ်ပါလာတာက ဒီလို. . . ။

တစ်ခါတော့ သူ့အရှင်နဲ့အတူ လယ်ကန်သင်းရိုးအတိုင်း နို့ဓမ်းအိုးရွက်လာတယ်။ အရှင်လုပ်သူက မချော်လဲစေနဲ့ သေသေချာချာသွား၊ အဲဒီသဘောနဲ့ မာခလိကို ပြောတယ်။ ပြောရင်း တန်းလန်း ချော်လဲပြီး နို့ခမ်းအိုးကွဲရော။

သခင်ရိုက်မှာစိုးလို့ ပြေးတယ်။ သူ့သခင်က မိရာဖမ်းဆွဲတော့ ပုဆိုးကိုဖမ်းကိုင်မိတယ်။ ဂေါသာလ လည်း ပုဆိုးချွတ်ချပြီး အလွတ်ရုန်းပြေးတယ်။ ဝတ်စရာမရှိတော့ ကိုယ်တုံးလုံးနေတယ်၊ အဲဒီပုံစံနဲ့ ရွာထဲထမင်းလိုက်တောင်းစားတယ်ဗျ။ ဒါကိုမြင်တဲ့ လူတွေက အလိုနည်းလို့ အဝတ်တောင်မဝတ်ဘူး။ ရဟန္တာ ပုဂ္ဂိုလ်ထူးဖြစ်ရမယ်ဆိုပြီး ကိုးကွယ်ကြတယ်။

မက္ခလိဂေါသာလကလည်း အတ္တကိုလက်ခံတယ်။ ဒါပေမယ့် ပူရဏနဲ့ နည်းနည်းကွဲတာက အဖြစ်အပျက်ဟာ ကြိုတင်စီစဉ်ထားတဲ့အတိုင်းဖြစ်တာ။ နိဗ္ဗာန်ရောက်ဖို့ကျင့်ရန်မလိုဘူး။ ကျင့်သူရော၊ မကျင့်သူရော မဟာကပ် ရှစ်သန်းလေးသိန်းရောက်ရင် ဒုက္ခကုန်ဆုံးပြီး နိဗ္ဗာန်ရောက်မယ်တဲ့။

ကိုင်း. . . လူပျင်းတွေ ဘယ်လောက်အားကျမလဲ တွေးသာကြည့်၊ ပျင်းတွေ သူ့နောက်ပါတာ ပေါ့။

နောတ်. . . အဇိတကေသကမ္ဗလဆိုတာလည်းကျွန်မျိုးပဲ၊ ဒါပေမယ့် သူက အရှက်လုံအောင် ဖုံးထားတယ်၊ ဒါပေမယ့် အဝတ်အထည်နဲ့တော့ မဟုတ်ဘူး။ လူဆံပင်နဲ့ ယက်ထားတဲ့ အဝတ်ဝတ်တာ၊ ဒါကြောင့်မို့ ကေသကမ္ဗလလို့ ခေါ်တာပေါ့။

သူကျတော့ ဥစ္ဆေဒဝါဒသမား၊ နောက်ဘဝမရှိဘူး၊ သေရင် သံသရာပြတ်တယ်၊ လူသေရင် လူမှာ ပထဝီဓာတ်က ကမ္ဘာ့ပထဝီဓာတ်နဲ့ပေါင်းသွား၊ တခြားဓာတ်တွေကလည်း အမျိုးတူတွေနဲ့ပေါင်း သွားတယ်၊ နောင်ဘဝရှိတယ်၊ လှူရင် အကျိုးရှိတယ်၊ မိဘကျေးဇူးရှိတယ်ဆိုတာ အလကား၊ ကိုယ်ကျင့် တရားဆိုတာလည်း အပို၊ ဒီလိုဘာမှ မဟုတ်၊ မရှိဟောလို့ သူ့ဝါဒကို နတ္ထိကဝါဒလို့ခေါ်တယ်၊ လောကနဲ့ လူ့ပတ်ဝန်းကျင်နဲ့ မီလာကန့်လန့်လုပ်ချင်သူတွေကလည်း သူ့ကိုကြိုက်ကြတယ်၊

နောက်ပုဂ္ဂိုလ်က ပကုဓ ကစ္စာယန. . .။

အမျိုးက ကစ္စာယန. .။ လူအမည် ပကုဓ။ သူလည်း အတ္တသမားပဲ။ အတ္တဟာ မလှုပ်မရှက်ဘူး။ အတိုးအဆုတ်မရှိဘူး။ မရွေ့ပြောင်းဘူး။ ချမ်းသာအောင်၊ ဆင်းရဲအောင် မလုပ်နိုင်ဘူး။ သေရင်လည်း မပျက်စီးဘူး။ အရင်လူတွေနဲ့ ဟောတာ မထူးပါဘူး။

နောက်ပုဂ္ဂိုလ်က နိဂဏ္ဌနာဋပုတ္တတဲ့. . .။

နာဋရဲ့သားဖြစ်လို့ နာဋပုတ္တလို့ တွင်တာပါ။ သူ့ဝါဒက စတုယာမ သံဝရဝါဒတဲ့။

နိဂဏ္ဌဆိုတာ အနှောင်အဖွဲ့မရှိသူ၊ လွတ်မြောက်သူလို့ အဓိပ္ပာယ်ရတယ်။ သူကတောထွက်ပြီး ၁၃ လ အကြာမှာ မက္ခလိဂေါသာလနဲ့တွဲပြီး ဝတ်လစ်စလစ် အကျင့်ကျင့်တယ်။ အစာငတ်ခံ၊ အပူဒဏ်၊ အအေးဒဏ်ခံ၊ ရှိသမျှဒုက္ခ ကုန်စင်အောင်ခံလိုက်မှ ဒုက္ခလက်ကျန်မရှိဘဲ သုခရှိတယ်လို့ ယူဆတယ်။

နောက်တစ်ဦးက ဗေလဋ္ဌပုတ္တ. . .။

ဗေလဋ္ဌရဲ့သား. . .။

နာမည်က သိဉ္စည်းတဲ့. . .။

သူကတစ်မျိုး။ ကိုယ့်ကိုယ်ကို အမှန်းတင်၊ တခြားသူဝါဒပုတ်ခတ်၊ ချွင်းချက်ထောက်ပြ၊ ဒါသူ့အလုပ်။ ဘယ်သူ့ဝါဒနဲ့မှ မတူဘူး။ ဒါလည်း မယူဘူး၊ ဟိုဟာလဲ မယူဘူး။ တခြားတစ်မျိုးလည်း မယူဘူး။ ဘာမှ မယူဘူး။ အဲလို မယူဘူးဆိုတာ မဟုတ်ဘူးလို့လည်း မဆိုဘူး။ အဲလို ပြဿနာရှာတဲ့ ပုဂ္ဂိုလ်ပါ။

ကဲ. . . တစ်တော တစ်ကြက်ဖတွန်ဆိုသလို သူ့နေရာနဲ့သူ လူစွာလုပ်နေတော့ ကျုပ်တို့က ဘယ်သူ့ကို ယုံရမလဲ။ ဘယ်သူမှန်ပါတယ်လို့ ကောက်ချက်ချရမလဲ။ ပြောလိုက်ရင်တော့ အဟုတ်ချည်းပဲ။ ခြောက်ပစ်ကင်း သဲလဲစင်ချည်းပဲ။ ကိုယ်ကောင်းညွှန်းတဲ့နေရာမှာတော့ ပြိုင်စံရှားတွေချည်းပဲ။

အဲဒီလို အုတ်အရောရော၊ ကျောက်အရောရောဖြစ်နေတဲ့ ဘုရားတွေ၊ ရဟန္တာတွေကြားမှာ အခက်တွေ့နေတုန်း ပြုန်းဆို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေ့လိုက်တယ်။ ဟန်ပေဟ့လို့ လက်ပန်းပေါက်ခတ်မတတ် ဝမ်းသာသွားမိတာတော့ အမှန်ပဲဗျာတို့. . .။

* * * * *

ဖြစ်ချင်တော့ ပြောပါတယ်. . .။

တစ်နေ့မှာ ကျုပ်နဲ့ကျေးကျွန်တွေဟာ ဂင်္ဂါမြစ်မှာ ရေကစားကြသဗျ။ ဘုရင်ဗိမ္ဗိသာရ ခုလိုလုပ်ရင် ရေသဘင်ဆင်ယင်ကျင်းပတယ်လို့ ပြောမှာပေါ့။

ထူးတော့ မထူးပါဘူး။ အခေါ်ကွာတာပါ။ ကိုယ်လက်ညောင်းညာတာတွေလည်း ပြေစေ၊ စိတ်

နွမ်းနယ်မှုလည်း လန်းစေ၊ ကိုယ်လက်လည်း သန့်စင်၊ ဒီသဘောနဲ့ ရေကူးကြတာပါ။ အဲ . . ပြောရရင် ကျုပ ပရိသတ်က များသားဗျ။ ဂင်္ဂါမြစ်တစ်ပြင်လုံး ပြည့်လုနီးခမန်းပဲ။ ဒီလိုရေကူးနေတုန်း အထက်အညာက သစ်တွေဝါးတွေ မျောလာရင် ထိခိုက်မိမှာစိုးလို့ အခိုက်အတန့် အရှဲအတားသဘောနဲ့ ပိုက်ထောင်တားထားရတယ်၊ သစ်ဝါးမျောလာရင် ပိုက်ခံထားတော့ အထိအခိုက်မရှိဘူးပေါ့။

ဆိုပါတော့ အဲဒီလိုစီရင်ပြီး ရေကစားကြတာ နေလုံးကျမှ မြစ်ကမ်းပေါ် ပြန်တက်ဖြစ်တယ်။

"ဟာ. . . သူဌေးမင်း။ ဒီမှာကြည့်ပါဦး. . . အကျွန်ုပ်တော့ ကံထားတာပဲ သူဌေးမင်းရဲ့. . . "

ကျုပ်ရဲ့ လက်ရုံးသေခ အော်တော့ ဘာများလဲလို့ ကြည့်လိုက်တယ်။ ဟုတ်ပ့ါဗျာ. . . အင်မတန်အဖိုးတန်တဲ့ စန္ဒကူးသား သစ်တုံးတစ်တုံး ငြိနေတာကိုး. . . ။

ဒါဟာ ဟိမဝန္တာတောထဲက သစ်ဖြစ်မယ်။ အစကတော့ ဒီပုံဟုတ်ချင်မှ ဟုတ်မယ်၊ မြစ်ကမ်းတစ်လျှောက်မျောလာတော့ ကျောက်ဆောင်နဲ့တိုက်၊ ကမ်းပါးနဲ့တိုး၊ သဲနဲ့ပွတ်၊ ရေနဲ့စားလို့ ဒီလိုဖြစ်လာလို့ထင်တယ်၊ စန္ဒကူးသားဟာ အကာကင်းပြီး အနှစ်ချည်းကျန်နေတယ်ဗျ။ အဖိုးတန် စန္ဒကူးသားရတော့ လက်ဦးအစမှာ ငါဘာလုပ်ရင်ကောင်းမလဲလို့တွေးတယ်။ အဖိုးတန် ဒီသစ်ကို အဖိုးထိုက်ပစ္စည်းဖြစ်အောင် လုပ်ဖို့တွေးတာပေ့ါလေ၊ တောင်တွေး၊ မြောက်ကြံ အဖန်ဖန်စိတ်ကူးနေတုန်း ပြုန်းဆို အတွေးတစ်ခု ရလိုက်တယ်၊

"ဟေ့. . . သေခ၊ သေခရေ့. . လာစမ်းပါဦးကွ"

ကျုပ်ခေါ်သံကြားဟော့ လက်ရုံးတပည့်က အမောတကောပြေးလာတယ်၊

"ဘာများလဲ သူဌေး၊ ကျွန်တော်ဘာများ လုပ်ပေးရမလဲ၊ ဘာခိုင်းချင်လို့လဲ" ရိုရိုကျိုးကျိုး မေးလာတယ်၊

"အေးကွာ. . . မင်းကို ခိုင်းစရာရှိသကွ၊ ဟို. . . စန္ဒကူးသား မှတ်မိတယ်နော်. . . "

"သိတာပေ့ါ သူဌေးရယ်"

"အေး. . . ဒီသစ်သားကို ငါဘာများလုပ်ရမလဲလို့ စဉ်းစားနေတာ ဒီနေ့ အဖြေရပကွ၊ အဲဒါ . . . သပိတ်လုပ်မယ်"

"ခင်ဗျာ. . . ဘာလုပ်မယ်၊ သပိတ် ဟုတ်လား သူဌေး. . . သူဌေးက ဂိုဏ်းဆရာကြီးတွေနောက် လိုက်တော့မယ်ပေ့ါ"

"ဟယ်. . . မဟုတ်က ဟုတ်က၊ မင်း. . ငါ့အကြောင်းသိပါတယ်၊ ငါ့စိတ်ထဲမှာ ဒီဘုရားဆိုတဲ့ ပုဂ္ဂိုလ်တွေကို မယုံချင်ဘူး၊ မယုံဘူးဟော့လို့ ပြောရအောင်လဲ သူတို့ကို ဘာနဲ့ငြင်းချက်ထုတ်ရမှန်း မသိဘူး၊ အဲဒါကြောင့် ဖာသိဖာသာနေတာ မင်းအသိပဲ၊ ဒါပေမယ့် ဒီနေ့ ဖာသိဖာသာနေလို့ မရတော့ဘူး"

"မရတော့. . . "

"ငါ. . . အစစ်အမှန်ရွေးတော့မယ်လေ။ ဒီလိုကွ. . . ငါ ဟောဒီ စန္ဒကူးသားကို သပိတ်လုပ်မယ်။ ပြီးတော့ သပိတ်ကို အတောင်ခြောက်ဆယ်မြင့်အောင် ဝါးလုံးစိုက်ပြီး အဲဒီထိပ်မှာ ဆွဲထားမယ်"

"ဆွဲပြီးတော့. . . "

"ဆွဲပြီးတော့ အဲဒီသပိတ်တက်ယူခိုင်းလေ၊ အတောင်ခြောက်ဆယ်အမြင့်မှာရှိတဲ့သပိတ် ယူနိုင်သူဟာ တန်ခိုးရှိလို့ပဲ။ တန်ခိုးရှိသူဟာ ရဟန္တာပေါ့"

"နေ. . . နေပါဦး သူဌေး။ ရဟန္တာဆိုတာ အဲလို တန်ခိုးရှိလား။ ဟိုလေ ကောင်းကင်မှာ ပျံနိုင်တာ၊ မြေလျှိုးနိုင်တာ အဲလို ရှိလား သူဌေး"

"ဟာ. . မင်းက ဒုန်းဝေးသကွာ။ တန်ခိုးရှိမှ ရဟန္တာပေါ့ကွ။ အဲဒီ ရဟန္တာတွေရဲ့ အကြီးအမှူးမှ ဘုရားဖြစ်မှာပေါ့။ အေး. . . ဘယ်သူက ဘာပြောပြော ဒါမျိုးမလုပ်နိုင်ရင် ငါမယုံဘူး။ လုပ်နိုင်ရင် ယုံမယ်။ ယုံရင် ငါရော ငါ့မိသားစုရော၊ မင်းတို့ရောပေါ့ကွာ အားလုံးကိုးကွယ်မယ်"

"သြော်. . . ဟုတ်ပြီ။ သူဌေးက ကိုးကွယ်အပ်တဲ့ ပုဂ္ဂိုလ်ရွေးမှာကိုး။ အကြံဝိုင်ပါပေ့ သူဌေးရာ"

"ဒါပေါ့ ပြီးတော့ မင်းက လက်သမားဆရာခေါ်အပ်။ ဒီသစ်သားကို သပိတ်ဖြစ်အောင်လုပ်။ ပြီးတော့ ငါပြောတဲ့အတိုင်းစီစဉ်။ သြော်. . . နေဦး သေခ။ မင်းသေသေချာချာမှတ်ထားစမ်း။ အဲဒီ သပိတ်မှာ စာတမ်းတစ်ခုထိုးဟေ့။ ဘယ်လိုရေးရမလဲဆိုရင် "ဒီလောကမှာ ဘုရားရဟန္တာရအမှန်ရှိရင် ကောင်းကင်ခရီးက ပျံလာပြီး သပိတ်ကို ယူလေ့လို့" ရေးကွ။ မှတ်မိတယ်နော်"

"ဟုတ်ကဲ့. . . စိတ်ချသူဌေး"

* * * * *

ကျုပ်ရဲ့ အစီအစဉ်ဟာ ရာဇဂြိုဟ်တစ်ခွင်လုံး သိမ့်သိမ့်တုန်သွားမှန်း ကျုပ်သိလိုက်တယ်။ ဟုတ်ပ။ သပိတ်လုပ်တယ်ဆိုကတည်းက ဟိုကလာမေး။ ဒီကလာမေး၊ ဘာလုပ်မှာလဲ၊ ဘာအတွက်လဲ။ ဘယ်သူ့ကိုလှူမှာလဲ အဲဒီလိုမေးသူတွေကို ကျုပ်ပြန်ရှင်းပြလိုက်တယ်။ ကြားသူတိုင်းက ကျုပ်အစီအစဉ်ကို ချီးကျူးသဘောကျကြတယ်။ အကြံကောင်းလိုက်လေ သူဌေးရာ ဒါမှ စိန်နဲ့သလင်းကျောက်၊ ရွှေစင်နဲ့ကြေး၊ ချေးပုံနဲ့မြင်းမိုရ်တောင်၊ အယောင်ဆောင်နဲ့အစစ် ခွဲခြမ်းစိစစ်နိုင်ပြီပေါ့လို့ ပြောကြတယ်။ တိုင်ထူပြီး သပိတ်တင်တဲ့နေ့ကတော့ အထူးခြားဆုံးပေါ့ဗျာ။

လာလိုက်တဲ့လူတွေ အုတ်အုတ်ကျက်ကျက်၊ ရုတ်ရုတ်သဲသဲ။ ဝေဖန်သံတွေလည်း မျိုးစုံပါပဲ။

အဟင်း. . . ကျုပ်ထင်ထားတဲ့အတိုင်း လာပါပြီ။

စန္ဒကူးသပိတ်သတင်းကြားကြားချင်း ဦးဆုံးပေါက်လာတာ ပူရဏကဿပပဲ။ ဂိုဏ်းဆရာတွေထဲမှာ အသက်လည်းအကြီးဆုံး၊ ပရိသတ်လည်း အများဆုံး၊ ဟိတ်ဟန်လည်းအထူးဆုံးဖြစ်တဲ့ **ဒီပုဂ္ဂိုလ်**

က ဘယ်နောက်ကျခဲ့မလဲ။ ဒါမျိုး သူများလက်ထဲပါသွားရင် သိက္ခာကျသွားမှာပေါ့။ ဒီတော့ သူက တပည့်တွေခြံရံပြီး ကျုပ်ထံ ရောက်လာတယ်။

"ကဲ. . . ဒါယကာကြီး ငါ့မှာတပည့်ငါးရာရှိတယ်။ ဗောဓိ ရာဇဂြိုဟ်ဝန်းကျင်မှာ ပရိသတ်တွေ သွန်သင်နေတာ သင်လဲသိတယ်။ ဒီတော့ သင့်သပိတ်ဟာ ငါကလွဲပြီး တခြားသူမထိုက်ဘူး။ ငါ့သာပေးသင့်တယ်"

"ဟုတ်တာပေါ့ ဆရာကြီးပုရဏ၊ သင့်အသက်၊ သင့်ဂုဏ်၊ သင့်အရှိန်အဝါနဲ့ ဒီသပိတ်ထိုက်တန်တာ အမှန်ပဲ ဒီတော့ ယူပါ"

"သင်အမြင် စူးရှသားပဲ။ ထိုက်တန်သူကို ရွေးတတ်သားပဲ။ ကဲ. . . ကဲလုပ်။ သပိတ်ကို အောက်ချလိုက်တော့"

"ဟိုး. . . ဟိုး ဆရာကြီးပုရဏ၊ သပိတ်ပိုင်သင့်တဲ့ ပုဂ္ဂိုလ်ရဲ့ အရည်အချင်း သတ်မှတ်ထားတာ ရှိပါတယ်"

"ဟေ. . . ဒါဆိုငါက ကောင်းကင်ပျံပြီး ယူရမှာလား"

"အမှန်ပေါ့ ဆရာကြီး။ သင်ဟာ တန်ခိုးရှင်ဆိုရင် ကောင်းကင်ကိုပျံတက်ပြီး ဒီသပိတ်လေး ယူနိုင်ရမှာပေါ့။ သပိတ်ကိုအောက်ချပြီး ကောက်ယူသွားတော့ ဆရာကြီး မဟုတ်ဘူး။ ကျုပ်လဲ ယူနိုင်တာပဲ"

ကျုပ် ရာဇဂြိုဟ်သူဌေးစကားကြားလိုက်ရတဲ့ ဆရာကြီးပုရဏဟာ ကြောင်တောင်တောင် မျက်နှာပေးနဲ့ သူ့လူတွေ ပြန်ကြည့်တယ်။ ဆရာတပည့်တွေ ဘာလုပ်ရမှန်း မသိတော့ဘူး။ အစွမ်းပြ ယူလိုက်ပါလို့ တိုက်တွန်းရအောင်လည်းအခက်၊ မယူပဲပြန်ရအောင်ပြောဖို့လည်း အခက်ဖြစ်ကုန်တယ်။

"ဘယ်လိုလဲ ဆရာကြီး။ ခင်ဗျားက ဘုရားဆို၊ အင်မတန် တန်ခိုးကြီးတယ်ဆို၊ ဝါးတိုင်ထိပ်က သပိတ်ယူနိုင်မှာပေါ့၊ ကဲ. . . ယူပါ။ တက်ယူလိုက်စမ်းပါ"

"ဟိတ်. . . ဘာမှ ပြောမနေနဲ့ ဒီသပိတ်ဟာ ငါနဲ့သာ ထိုက်တန်တာကွ"

သူဌေးရဲ့ ရိသဲ့သဲ့ စကားအဆုံးမှာ ပြောလိုက်သံကြောင့် အားလုံးချာခနဲ လှည့်ကြည့်လိုက်တယ်။ ယန်နဲ့မာန်နဲ့ ပြောသူက ပုရဏ မဟုတ်ဘူး၊ နောက်မှ ရောက်လာတဲ့ နာဋပုတ္တပါ၊ နဋပုတ္တက စန္ဒကူး သပိတ်အကြောင်း ခုမှ ကြားပုံရတယ်။ နောက်ကျရင် နောက်ချေးနဲ့သလဲ ညားမယ့်ကိန်းဆိုက်မှာစိုးလို့ အပြေးအလွှား ခုန်းစိုင်းချလာပုံပါ။ သူ့အတွက် ဒီသပိတ်ဟာ အရေးပါနေပုံပဲ၊

"ဟော. . . နာဋပုတ္တဆရာပါလား"

"ဟုတ်တယ် သူဌေး၊ ကျုပ်တို့ဆရာက သင့်သပိတ်ကို အလှူခံဖို့လာတာပဲ၊ ဒီမယ်သူဌေး. . . သင့်သပိတ်ယူရင် ကောင်းကင်ခရီးက ယူရမယ်၊ ဒီလိုမဟုတ်လား"

"ဟုတ်တယ်. . ."

ကျုပ်က နာဋ္ဌပုတ္တရှေ့က ဝင်ပြောတဲ့ တက်ကဒွန်းကို လေသံမာမာတင်းတင်းနဲ့ တုံ့ပြန်လိုက်တယ်။ ဟုတ်တယ်ဗျာ၊ ဂိုဏ်းဆရာတစ်ယောက်လုပ်သူ ကိုယ်တိုင်ပါလာရဲ့နဲ့ နွားရှေ့ထွန်ကျူးလုပ်တာကို ကြည့်မရဘူး။ ပြောချင်ရင် ကာယကံရှင်ကိုယ်တိုင်ပြောပေါ့။ ကျုပ်အမူအရာတွေ့တော့ မျက်နှာချိုသွေးတဲ့ အမူအရာနဲ့. . .။

"အဟဲ. . . ဟဲ။ ဒီလိုပါ သူငွေးရာ၊ ကျုပ်တို့ဆရာဟာ လိုအပ်ရင်၊ အရေးရာပေါ်ရင် ကောင်းကင်ခရီးက ကြွပါတယ်။ ဒီလိုကြွတာလဲ ကျုပ်တို့အမြင်ပါ။ ဒါပေမယ့် ဘာမဟုတ်တဲ့ ဒီသပိတ်ကြောင့် ကောင်းကင်ပျံပြရမယ်ဆိုတာတော့. . ."

"မယူချင် မပျံတက်နဲ့ပေါ့. . ."

ကျုပ်စကားကြားတော့ တက္က ဒွန်း နောက်တွန့်သွားတယ်။ သူ့ဆရာအပါး ခပ်ရိုရိုလေးကပ်ပြီး တီးတိုးစကားဆိုတယ်၊ သင်းတို့ဘာတွေပြောမယ်၊ ဘယ်လိုကြံမယ်ဆိုတာ မကြားလဲ သိပါတယ်။ နဋ္ဌပုတ္တဟာ ဝမရှိဘဲ ဝိလုပ်နေတာ ကျုပ်မသိဘဲ နေတာမှ မဟုတ်ဘဲ။

"ဒီမယ် ရာဇဂြိုဟ်သူဌေး"

"ဟုတ်ကဲ့ပြောပါ ဂိုဏ်းဆရာ"

"ငါဟာ ဒီရာဇဂြိုဟ်မှာ ထင်ရှားတဲ့ ဂိုဏ်းဆရာမှန်းသိပါတယ်။ ငါ့ရဲ့အစွမ်းအစ ဘယ်လောက်ရှိတယ်ဆိုတာတော့ ငါ့တပည့်တွေ ပြောပြသားပဲ။ ဒါပေမယ့် သင်က ကောင်းကင်ပျံယူမှ ယုံချင်တာကို"

"မှန်တာပေါ့. . . နာဋ္ဌပုတ္တရာ။ ခင်ဗျားသာ တန်ခိုးရှင်ဆိုရင် အစွမ်းပြနိုင်မှာပါ"

"ကောင်းပြီလေ. . . ဒါဆိုလဲ သင်ယုံအောင်ပြရသေးတာပေါ့"

နာဋ္ဌပုတ္တဟာ ဟန်ရေးကောင်းတာအမှန်ပဲ။ ဝါးလုံးတိုင်ထိပ်က စန္ဒကူးသားသပိတ်ယူပြမယ်ဆိုတဲ့ ဟန်ပန်နဲ့ ဝါးလုံးတိုင်ဆီ လျှောက်သွားတယ်။ သူ့တပည့်တွေကလည်း မူယာမာယာအများသား။ ဆရာတကယ်အစွမ်းပြမလို့လား . . . သင့်တော်ပါ့မလားဆရာလို့ ဝိုင်းတောင်းပန်တယ်။ နာဋ္ဌပုတ္တဟာ ပိုသီပတ်သီရှိလာတဲ့ သက်န်းကို ဘယ်ကနေညာ၊ ညာကနေဘယ် ဗိုးခနဲ၊ ဗိုးခနဲ ပြောင်းရုံလိုက်တယ်။ လက်တစ်ဖက်ကို ရှေ့မြှောက်၊ ကျန်တစ်ဖက်ကို နောက်ပစ်၊ ကိုယ်ခန္ဓာတစ်ပတ်လည် လည်သွားအောင် ဝေ့ဝဲလိုက်တယ်။ သူ့ကြည့်ရတာ ငှက်ပျံခါနီး အတောင်ဖြန့်ကာ လေမှာဝဲနေသလိုပါ။ အမယ်. . . ကြည့်ရင် တကယ်လုပ်တော့မှာလိုလို၊ ခြေကိုမြေမှကြွပြီး "လာပဟေ့. . ."လို့ ညာသံကြွေးလိုက်ပါတယ်။ အဲဒီအချိန်မှာ စီးဝါးရိုက်ထားတဲ့ တပည့်တွေက ဝိုင်းအုံပြေးဆွဲကြတယ်။

"ဆရာ. . , ဆရာအရှင် ဘာမဟုတ်တဲ့ သပိတ်တစ်လုံးအတွက် အဖိုးတန်တဲ့ သင့်တန်ခိုးကို ထုတ်မပြသင့်ပါဘူး။ မထိုက်တန်ပါဘူးအရှင်. . . ပတ္တမြားတစ်လုံးနဲ့ လမ်းဘေးက ကျောက်ခဲ တည့်လဲလို့ မသင့်သလို မသင့်တော်ပါဘူး"

ဇာတ်လမ်းဇာတ်ကွက် ကျကျခင်းကျင်းပြနေတဲ့ ဇာတ်ပွဲတစ်ပွဲကြည့်ရသလိုပဲ။ သရုပ်ဆောင်ပုံက အင်မတန်ကြည့်ကောင်းပါတယ်။

ဒါပေမယ့် ကျုပ်နားလည်တာပေါ့ဗျာ. . .။

သင်းတို့ဟန်. . . သင်းတို့စကားအသွားအလာကြည့်ရုံနဲ့ ဘယ်ဇာတ် ဘယ်လိုခင်းတယ်ဆိုတာ သိတာပေါ့။

"ကဲ. . . သူဌေး၊ ကျုပ်တန်ခိုးပြမလို့ဘဲ၊ ဒါပေမယ့် ကျုပ်တပည့်တွေ ဝိုင်းတောင်းပန်နေတာ ခင်ဗျားအမြင်၊ အကြားပဲ၊ သံဃာအား ဘုရားမဆန်သာဆိုတော့ မပြသာဘူးပေါ့၊ ကိုင်း. . လုပ်မနေနဲ့တော့ သပိတ်ပေးပါတော့"

"အဟတ်. . . ဟတ် ရယ်ဖို့ကောင်းတယ်၊ ဒီမယ်ဆရာကြီး. . . ကျုပ်ပြောပြီးပြီ၊ သပိတ်လိုချင်ရင် ကောင်းကင်မှာဗျာန်ပျံပြီး ယူပေတော့"

ကျုပ်ရဲ့ ပြတ်သားတဲ့ အဖြေစကားကြားရတော့ နာဋပုတ္တဟာ အမြီးပုတ်ခံရတဲ့ ကျားဆိုးနှယ် ဒေါသထွက်သွားတယ်၊ ကျုပ်ကိုလည်း နှစ်ပြားမတန်အောင် ခိုင်းနှိုင်းပြီး ဆဲရေးပါတယ်၊ အဟဲ. . . ဟဲ ပြောချင်သလိုပြော၊ သင်ပြောသလို ကျုပ်က နှစ်ပြားမတန်တာလား. . . သင်က နှစ်ပြားမတန်တာလား အားလုံးက သိပါတယ်၊

နာဋပုတ္တနောက်မှာ မက္ခလိဂေါသာလ၊ အဇိတ၊ ပကုဓ၊ သိဥ္စည်းတို့လာကြတယ်၊ ဒီပုဂ္ဂိုလ်တွေလည်း ဘာထူးလဲ အချောင်ရချင်တာပဲရှိတယ်၊ ဟန်နဲ့မာန်နဲ့ ကြွားလုံးထုတ်နေတာပဲ ရှိတယ်၊ အစွမ်းပြပါဆိုတော့ ဝေ့လည်ချောင်ပတ်နဲ့၊

* * * * *

တကယ်တမ်း အစွမ်းအစရှိသူက ဟန်ရေးလည်းမပြဘူး၊ လူအထင်ကြီးအောင် ကြွားလုံးလည်း မထုတ်ဘူး၊ သင့်မသင့် ရာမရာ စဉ်းစားပြီး အစွမ်းပြသွားတယ်၊

အမှန်တော့ ဒီလို အစွမ်းပြမယ်လို့လဲ မထင်ဘူး၊

အခြောက်တိုက်လာကြွားနေတဲ့ ဂိုဏ်းဆရာခြောက်ဦးဟာ သူ့တပည့်တွေနဲ့ ပရိယာယ်အမျိုးမျိုး သုံးပြီး လာတောင်းပေမယ့် ဂေါတမဗုဒ္ဓကတော့ ရောက်မလာဘူးဗျ၊ အတ္တ. . . အတ္တလို့ ဟောနေသူတွေကြားထဲမှာ အနတ္တလို့ တစ်သီးတစ်ခြား ထုတ်ဖော်ဟောမြွက်တဲ့ ရှင်တော်ဂေါတမကို ဒီကိစ္စမှာ ပါလာစေချင်ပါတယ်၊ ဒါပေမယ့် ဗုဒ္ဓက ဒီကိစ္စကို အလေးဂရုပြုပုံတောင် မရဘူး၊ လာချင်သူတွေမလာတော့ ပရိယာယ်ဆင်ရတယ်၊

"ဟော့ . . မင်းတို့တွေ သေရည်သောက်ကြကွာ၊ မူးယစ်တဲ့အချိန်မှာ ဗုဒ္ဓရဲ့တပည့်တွေနား

အရောက်သွားပြီးတော့ ဒီလောကမှာ ဘုရား၊ ရဟန္တာလို့ ကြွားလုံးထုတ်နေတဲ့သူတွေများတယ်။ ငါက ဘုရား၊ ငါ့တရားက ဘယ်လို၊ ငါ့တန်ခိုးက ဘယ်နည်း အဲလိုသာကြွားဝါးနေကြတယ်။ ရာဇဂြိုဟ်သူဌေး စီစဉ်ထားတဲ့ စန္ဒကူးသပိတ်တော့ ဘယ်သူမှ မယူပြနိုင်ဘူး။ ဒါလား . . . ဘုရား. . . ။ အဲဒီပုဂ္ဂိုလ်တွေလား ရဟန္တာ. . . အလာကား ညာဝါးနေကြတယ်လို့ ပြောစမ်း”

ကျုပ်က ဒီလိုသင်လွှတ်လိုက်တယ်။ ကျုပ်ပစ်လွှတ်လိုက်တဲ့ မြားချက်က ဒက်ခနဲ ပစ်မှတ်ကို ထိသွားတယ်ဗျ။ ကျုပ်တပည့်တွေက ဆွမ်းလာခံတဲ့ အရှင်မောဂ္ဂလာန်နဲ့ အရှင်ပိဏ္ဍောလအနားမှာ သွားပြောမိတယ်။ ဒီစကားလည်းကြားရော တန်ခိုးရှင် အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးက တပည့်ပိဏ္ဍောလကို ခိုင်းတာပဲတဲ့။

“ငါ့ရှင် ပိဏ္ဍောလ၊ ဘုရားရှင်သာသနာတော်ကို ဂွမ်းဝါထုပ်နယ် လွှင့်ပစ်ရာရောက်နေပြီ။ ဒါကို ငါတို့က ဂရုမစိုက်လျှင် ရတနာသုံးပါးအပေါ် သံသယရှိပေတော့မယ်။ အဲဒီလိုဖြစ်ရင် သတ္တဝါတွေဟာ သံသရာမှာ နစ်မျောပြီး ဒုက္ခရောက်ကြတော့မယ်။ ဒီတော့ ငါ့ရှင်သပိတ်ယူလေ. . . ”

ဘုရားရှင်ကလွဲရင် တန်ခိုးအကြီးဆုံးဖြစ်တဲ့ အရှင်မောဂ္ဂလာန်က ညွှန်တယ်ဆိုရင်ပဲ အရှင်ပိဏ္ဍောလဟာ ရို့ရို့ကျိုးကျိုးရှိခိုးပြီး. .

“မှန်ပါအရှင်. . . တပည့်တော်ယူပြပါမယ်” လို့ ကတိပြုသတဲ့။

အဲဒီတော့မှ ဗုဒ္ဓရဲ့ တပည့်ရဟန္တာတွေရဲ့ အစွမ်းကိုမြင်ရတော့တာပဲ။

အရှင်ပိဏ္ဍောလဟာ အဘိညာပါဒက စတုတ္ထဈာန်ဝင်စားလိုက်တယ်။ ပြီးတော့ သုံးဂါဝုတ်နီးပါးရှိတဲ့ ကျောက်ဖျာကို ခြေမနဲ့ညှပ်ယူပြီး ပျံတက်လိုက်တယ်။

“ဟာ. . . ဟိုမယ်. . . ”

“အယ်. . . ဘာကြီးလဲဟ။ ဟာ နည်းနည်းနောနော ကျောက်ဖျာကြီးပါလား. . . ကြည့်စမ်း၊ ကြည့်စမ်း. . ကျောက်ဖျာကြီးနဲ့ ရာဇဂြိုဟ်မြို့ကို ဖိပစ်မလို့လားပဲ”

“မဟုတ်ဘူး. . . ဒါကြီးလေထဲလွင့်လာတာလား. . . ”

“ကျောက်ဖျာလေလွင့်အောင် ဖြစ်မလားကွ”

“ဒါဆို. . . ”

စကားရှည်မနေနဲ့. . . ကျောက်ဖျာကြီးကျလာရင် စိစိညက်ညက်ကျေသွားမယ်။ ဟောဟို သစ်ပင်အောက်ဝင်မှ ဖြစ်မယ်”

“ဟာကွ. . . ဒါပိရင် မင်းသစ်ပင်ခံနိုင်ပါ့မလား. . . ကျင်းထဲဝင်ပုန်းမှ ဖြစ်မှာပေါ့”

ကောင်းကင်ထဲတွင် ကျောက်ဖျာကြီးဝဲနေတာကိုကြည့်ပြီး ရာဇဂြိုဟ်ပြည်သားတွေဟာ ပြေးသူပြေး၊ ပုန်းသူပုန်း၊ အော်သူအော်၊ ငိုသူငို၊ တရုန်းရုန်း၊ တအုန်းအုန်း၊ ဝရုန်းသုံးကားဖြစ်ကုန်တယ်။ ကျောက်

ဖျာကြီးက ရာဇဗြိုဟ်မြို့ပေါ် ဝေဟာဝဲကာ ပတ်နေတယ်။

"ဟာ. . . ကြည့်စမ်း. . . ကျောက်ဖျာကြီးက သူ့အလိုလို လွင့်နေတာ မဟုတ်ဘူးဟ။ ရဟန်းတစ်ပါးက ခြေမညှပ်ပြီး ကောင်းကင်မှာ ပျံနေတာပါလား"

"ဟုတ်သလား. . . ဒါဘယ်ကိုယ်တော်လဲ. . . နာဋပုတ္တများလား"

"ဘယ်ကလာကွာ နာဋပုတ္တအကြောင်း မသိတာမှ မဟုတ်ဘဲ၊ မင်းသေသေချာချာကြည့်စမ်း။ ဒါဟို ပုဂ္ဂိုလ်မဟုတ်လား"

"ဘယ်သူလဲ. . . "

"အရှင်ဘာရဒွါဇလေ. . . ပိဏ္ဍောဘာရဒွါဇဆိုတာ မဟုတ်လား"

"အေး. . . ဟုတ်သဟ။ အရှင်မောဂ္ဂလာန်မထေရ်ရဲ့ တပည့်ဆိုတာကွ။ ဒါဆို အရှင်မောဂ္ဂလာန်မထေရ်ရဲ့ တပည့်ဆိုတာကွ။ ဒါဆို အရှင်ဂေါတမတပည့်တွေပေါ့ အမလေးလေး တန်ခိုးကြီးလိုက်တာကွာ. . . ဒီလောက်ကြီးတဲ့ ကျောက်ဖျာကို ခြေမကြားညှပ်ပြီး ကောင်းကင်ထဲပျံသတဲ့။ အို. . . အရှင်ဘုရားခြေမကို မြဲမြဲထားပါ။ ဒါကြီးကျရင် အားလုံးသေကုန်ပါမယ့်ဘုရား။

ကျုပ်တို့ရဲ့ အော်ဟစ်တောင်းပန်သံကြားလို့ထင်တယ်၊ အရှင်ဟာ မြို့ထိပ်မှာ ရပ်လိုက်တယ်၊ ပြီးတော့ ကျောက်ဖျာကို ခြေနဲ့ခတ်ချလိုက်တာ ဒိန်းခနဲမြည်သွားတယ်၊ ရောမကျောက်ဖျာကြီးဟာ မူလနေရာမှာ ဂျိန်းခနဲပြန်ကျသွားတယ်၊ မထေရ်ဟာ ကောင်းကင်ခရီးကနေပြီး ကျုပ်အိမ်အထက် ထန်းခုနစ်ဆင့်အမြင့်မှာရပ်တယ်၊ ရာဇဗြိုဟ်ပြည်သားတွေ အားလုံးဟာ ကျုပ်အိမ်မှာ စုရုံးရောက်လာတယ်၊

"အို. . . အရှင်မြတ်ပိဏ္ဍောလ၊ ကျွန်ုပ်ဟာ အရှင့်ရဲ့တန်ခိုးစွမ်းရည်ကို မြင်ပါပြီ၊ ဒီစန္ဒကူးသပိတ်ဟာ အရှင်နဲ့အထိုက်တန်ဆုံးပါပဲ၊ မြတ်သောအရှင် အတုဟာ အစစ်မဖြစ်နိုင်သလို၊ ဟန်သာရှိပြီး အဆန်မရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အတွင်းအဓ္ဈတ္တလဲ မြင်ရပါပြီ၊ ကျွန်ုပ်ကြားဖူးပါတယ်၊ အရှင့်ဆရာ အရှင်မောဂ္ဂလာန်ဟာ အံ့မခန်းတဲ့ တန်ခိုးရှင်ပါတဲ့၊ အရှင်ကိုယ်တိုင် ဒီလောက်အစွမ်းထက်ရင် ရှင်မောဂ္ဂလာန် အစွမ်းဘယ်လောက်ရှိမယ်ဆိုတာ မှန်းရပါတယ်၊ ဒါကြောင့် အရှင်တို့ရဲ့ဆရာဗုဒ္ဓဟာ အနန္တတန်ခိုးရှင်မှန်း သိပါပြီ၊ ခုတော့ အားလုံးနားလည်ပါပြီ၊ ဒွိဟမရှိ၊ သံသယကင်းကင်းနဲ့ ကိုးကွယ်ပါတော့မယ်၊ ကျွန်ုပ်တို့ရဲ့အလှူကိုလက်ခံတော်မူပါအရှင်. . . "

ကျုပ် ရာဇဗြိုဟ်သူဌေးဟာ တန်ခိုးရှင် ပိဏ္ဍောလမထေရ်ကို စန္ဒကူးသပိတ်အပ်လိုက်သလို၊ သူ့မိသားစုကိုလည်း သာသနာတော်အတွက် ပုံအပ်လိုက်ပါတော့တယ်၊

ကျမ်းကိုး

*ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဓိနတ္ထပကာသနီကို မှီးပါသည်၊*

## တာဝန်ကျေသူအတွက်
## ထိုက်တန်သောဆု



# တာဝန်ကျေသူအတွက် ထိုက်တန်သောဆု

ကြောင်အိုတော့ ကြွက်မလေးတဲ့. . . ။

ရှေးထုံး၊ ရှေးစကားများ မှန်မှ မှန်ဗျာ. . . ။

သွက်လွန်ရွယ်ကျ အိုမင်းလာပြီဆိုရင် လေးစားရမှန်း၊ တန်ဖိုးတားရမှန်း မသိတော့ဘူး။ ဒီအဘိုးကြီး ဘာလုပ်နိုင်တော့တာမှတ်လို့ ဘေးချိတ်ထားလိုက်စမ်းပါ။ ကွမ်းအစ်တစ်လုံးသာ ပေးထားလိုက်၊ ဒီလိုပြောတတ်ကြပါတယ်။

ဟုတ်ပါတယ်. . . ။

အိုမင်းနေတော့ ကာယစွမ်းအားယုတ်ပြီကိုး။ ငယ်ရွယ်သူတို့လို ပြေးဟဲ့၊ လွှားဟဲ့၊ ခုန်ဟဲ့၊ ပေါက်ဟဲ့ ဘယ်လုပ်နိုင်မလဲ။ သွားလည်း ဖျတ်ဖျတ်လတ်လတ်မရှိ၊ ထိုင်လည်း သွက်သွက်လက်လက် မရှိ၊ ဘာလုပ်လုပ် နှေးတိနှေးကွေး၊ ခနော်ခနဲ့၊ ယိုင်တိယိုင်တိုင်။

ဒီခန္ဓာကိုယ်လေး ယိုင်လဲမသွားအောင် တောင်ဝှေးကူလိုကူရ၊ လက်တွဲဖေးမကူမယ့်လူ ရှာလိုရှာရ၊ ဘာတစ်ခုမှ ဟန်မကျတဲ့ဘဝမျိုး။ ဒီတော့လည်း လူငယ်တွေက ပြောကြမှာပေါ့။

အဲ. . တစ်ခုတော့ ရှိသဗျ. . . ။

ဒီလို အထင်သေး၊ အမြင်သေးကြသူတွေကို တစ်ခုတော့ ပြောချင်တယ်။ ဟော့. . . နွားဖျိုသန်လှ နွားတိုပေါင်ကျိုးကွ၊ ဟုတ်တယ်လေ. . . သင်းတို့စွမ်းတယ်ဆိုတာ ကျုပ်တို့ အဘိုးကြီးတွေက ရယ်ချင်သေး၊ ချိုင်းကြားလက်ထိုးပြီး အဟိ. . အဟိနဲ့ တဟိဟိ ရယ်ချင်တယ်. . . ။

ဒီမယ်. . . ကျုပ်ပြောမယ်။

ကျုပ်တို့ လူအိုတွေဟာ သူတို့လူငယ်တွေလို ကာယစွမ်းအားမရှိပေမယ့် ဉာဏစွမ်းအားကတော့ အပြည့်ရှိတယ်။ ခေါင်းထဲမှာ ပညာအစုံရှိတယ်။ သင်းတို့နဲ့ ပညာတူတယ်ထား။ အတွေ့အကြုံက မသာနိုင်ဘူးလား. . . ဘဝပေးပညာပေါ့. . .။

ကျုပ်ပြောတာ ဟုတ်မဟုတ် ကျုပ်အတွေ့အကြုံတစ်ခုပြောပြမယ်. . .။

* * * * *

ကျုပ်ဟာ တစ်ချိန်က ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်ရဲ့ ပညာရှိ ပဏ္ဍိတ်. . .။

ဘုရင်က အလေးအမြတ်ထား တိုင်ပင်ရတဲ့ ပုဂ္ဂိုလ်. . .။

"ပဏ္ဍိတ်ကြီး ဒီအရေး ဘယ်ပုံရှင်းသင့်မလဲ. . ."

"ဆရာဗြဟ္မဏ. . . ဒီကိစ္စ ဘယ်လိုစီစဉ်ရင် ကောင်းမလဲ"

"ပညာရှိအမတ်ကြီး၊ ဒီပြဿနာ ဘယ်လိုကိုင်တွယ်ရင် တော်မလဲ"

တိုင်းရေးပြည်မှု မင်းရေးမင်းမှုကအစ နန်းတွင်းရေးရာမှန်သမျှ ကျုပ်ရဲ့ အကြံဉာဏ်ရယူရတယ်။ ကျုပ်က ဒါဒီလိုလုပ်သင့်တယ်ဆိုရင် ဘုရင်မင်းမြတ်က အဲဒီအတိုင်း အမိန့်ချတယ်။ ဟစ်ချိန်က အဲသလောက် အရေးပါ အရာရောက်ခဲ့သူပေါ့။

ဒါပေမယ့် ကျေးဇူးရှင်ဘုရင်မင်းမြတ် နတ်ရွာလားတော့ သားတော်အိမ်ရှေ့မင်းသား နန်းတက်လာတယ်။ သူ့အရပ်နဲ့သူ့ဇာတ်ဆိုတော့ မင်းပျိုမင်းလွင်က စိတ်ကြိုက် စီစဉ်တော့တယ်။

"အဘိုးပဏ္ဍိတ်. . . အဘိုးက ဇရာထောက်ပြီ။ သွားရေးလာရေးလဲ မလွယ်ဘူး။ တိုင်းကျိုးပြည်ကျိုး ဆောင်ခဲ့တာလဲ တာဝန်ကျေပါပြီ။ ဒီတော့ အဘိုးတရားရိပ်မှာ အနားယူပါတော့"

မှန်ပါတယ်။ ကျုပ်ဟာ အနားယူသင့်တဲ့ အရွယ်ပါ။ ကြီးလေးတဲ့တာဝန် မထမ်းသင့်တော့တာ အမှန်ပါ။ ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးကြီး ကျသွားလို့ စိတ်လက်ပေါ့ပါးလွတ်လပ်သွားတာလည်း အမှန်ပါ။ ဒီအတွက် အရှင့်ကို ကျေးဇူးတင်မိတယ်။

ဒါပေမယ့် ကျုပ်သိလိုက်တယ်။ အရှင့်ရှေ့က ခါးကုန်းလေးနဲ့ တုန်ချည့်ချည့်ထွက်ခဲ့တဲ့ ကျုပ်ကို နောက်ပါးက လှောင်ထေ့ထေ့ အပြုံးတွေနဲ့ ကြည့်နေတာ ကျုပ်သိပါတယ်။

အရှင်လေးမြှောက်စားလို့ ပဏ္ဍိတ်အရာရသွားတဲ့ ပုဏ္ဏားလေးတွေ ပြုံးနေတာ မြင်တယ်။ ရင်ထဲက အထေ့စကားလေးတွေ ပြောနေတာ ကြားရတယ်။ ဘာမှ အသုံးမကျတဲ့ သစ်ဆွေးတုံးကြီး တို့ရှေ့က ပိတ်ဆို့ခံနေတဲ့ လူရွှတ်တွကြီး၊ ခုတော့ လမ်းဘေးရောက်သွားပြီမို့လား. . .။

ကိုင်း. . . ဘာတတ်နိုင်သေးလဲ. . .။ အဲလို ပြောကြမှာပဲ။

အင်း. . . ပြောကြပါစေ. . ။

ကျုပ်အပြစ်မတင်ပါဘူး။ ဒါလူငယ်တွေမှာ ရှိတတ်တဲ့ မာနတရားပဲ။

ဒါပေမယ့် ကျုပ် သင်းတို့ကို စိန်ခေါ်ချင်တယ်။ ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ ဒီလူငယ်တွေနဲ့ ယှဉ်လိုက်ချင်တယ်။ ဟော့. . . သူငယ်တွေ . . . ခါးကုန်း၊ နားထိုင်း၊ မျက်စိမွဲနေတဲ့ လူအရွတ်တွကြီးဟာ ကာယစွမ်းအားချို့တဲ့ပေမယ့် ဉာဏစွမ်းပကား အပြည့်ရှိသကွ။ ငါ့ပညာနဲ့ တိုင်းပြည်ဝန် ထမ်းဆောင်နိုင်သေးတယ်ဟော့. . . ။

အရှင်လေးက ဒ နားပေးလို့ ခပ်အေးအေးနေခွင့်ရပေမယ့် မင်းတို့ထက် စွမ်းပကားရှိတယ်ဆိုတာ တစ်နေ့ပြမယ်။ မင်းတို့ မျက်ဝါးထင်ထင် မြင်ကြရမယ်လို့ စိတ်ထဲက တေးထားလိုက်ပါတော့တယ်။

* * * * *

တာဝန်မရှိ၊ နားခွင့်ရလို့ လူကနားလိုက်ပေမယ့် စိတ်က မနားချင်ဘူးဗျ။

ဒီအချိန်ဆို လွှတ်တက်ချိန်။ တော်နေရာ. . . ဒူးနေရာခစားရတဲ့ ကျုပ်တို့လို အမှုထမ်းတွေ မင်းအပါးမှာ ဝန်းရံခစားနေကြမယ်။ တိုင်းရေးပြည်မှု ဆွေးနွေးကြမယ်။ မြို့ဝန်က မြို့ဝန်အလျောက်၊ ကျီဝန်က ကျီဝန်အလျောက်၊ ရေဝန်က ရေဝန်အလျောက် တင်ကြ လျှောက်ကြမယ်။

ဘာကို ဘယ်လိုလုပ်သင့်ထယ်ဆိုတာ ဆုံးဖြတ်ချက်ချတော့မယ်ဆိုရင်. . .

"အဘိုးပဏ္ဍိတ်၊ အကြံပြုပါဦး" လို့ မိန့်မယ်။ ဒီအချိန် တစ်နန်းတော်လုံးက သူ့ကို ဝိုင်းအုံကြည့်နေမယ်။ သူ့စကားနားစွင့်ကြမယ်။ ဟုတ်တယ်လေ. . . သူက အခရာပဲ။ သူ့စကားဟာ ဘုရင့်အမိန့်အာဏာဖြစ်သွားမှာပဲမို့လား။

အရေးပါတဲ့နေရာမှာ တာဝန်ယူခဲ့ရတဲ့ ကျုပ်ဟာ ခုအချိန်မှာ ဘေးဖယ်ခံလိုက်ရ၊ တာဝန်မဲ့ပေးခံလိုက်ရတော့ ယောင်နနဖြစ်နေတာ အမှန်ပါ။ ပုတီးကိုင်ရမလား. . . ကျမ်းစာတွေ ထိုင်ဖတ်နေရမလား . . . သစ်ပင်ပန်းပင်တွေ့ပဲ မြေဆွရမလား. . . ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။

တာဝန်မရှိတော့ဘူးဆိုပေမယ့် ကျုပ်ဟာ အမြဲမျက်စိဖွင့်၊ နားစွင့်ထားတယ်။ လွှတ်တက်ခွင့်မရတော့ပေမယ့် လွှတ်တက်သည်နဲ့မခြား တာဝန်ထမ်းနေမိတယ်။

ဝါသနာအရလို့ပဲ ဆိုရမလား. . . အတတ်ပညာကြောင့်ပဲ ပြောရမလား. . . အသိစိတ်ကြောင့်လို့ မိန့်ရမလားတော့ မသိဘူး။ ညရောက်လို့ ကောင်းကင်မှာ နက္ခတ်စုံပေါ်ချိန်ရောက်ရင် အိမ်ပြင်ထွက်၊ ကောင်းကင်ကိုမော့ကြည့်မိတယ်။

အလို. . . ။

အထိတ်တလန့် ရေရွတ်မိတယ်။

ဟုတ်မှ ဟုတ်ရဲ့လား. . . ငါ့မျက်စိ အမြင်မှားနေတာလားဆိုတဲ့ အတွေးနဲ့ မျက်လုံးကိုပွတ်သပ်လိုက်ပြီး ထပ်ကြည့်လိုက်တယ်။

အဲဒီအချိန်မှာ ကျုပ်အနားက လူတစ်စုဖြတ်သွားတာ သတိထားလိုက်မိတယ်။

အင်း. . . အမူးသမားတွေပါလား. . .။ ကြည့်စမ်း. . . သေရည်ကို ဘယ်လောက်များများ သောက်စားထားကြသလဲ မသိဘူး။ ခြေလှမ်းတောင်မမှန်တော့ဘူး။ ယိုင်တိယိုင်တိုင် ဟိုတိုးဒီဝှေ့လုပ်လာလိုက်တာ တစ်လှမ်းလုံး သင်းတို့ချည်းပဲ။

"ဟေ့ကောင်. . . အရက်အိုးကို သေသေချာချာထမ်းနော်. . . လွတ်ကျလို့တော့ မင်းအသက်နဲ့ခန္ဓာ အိုးစားကွဲပြီမှတ်"

အမူးသမားတစ်ယောက်က သူတို့ရှေ့မှ အိုးတစ်လုံးထမ်းလာတဲ့သူငယ်ကို လှမ်းပြောရင်း ကျောပြင်ကို ပုတ်ခတ်လိုက်တယ်။

"ဝုတ်တယ်. . . လူလဲရင် လဲပစေ။ အိုးမကွဲစေနဲ့။ အရက်မဖိတ်စေနဲ့။ တစ်ခုခုဖြစ်လိုတော့ မင်းနာပြီ"

ပုဆိုးကွင်းသိုင်းပြီး ဒယီးဒယိုင် လျှောက်နေသူက အိုးထမ်းသူငယ်ခေါင်းကို လှမ်းပုတ်ရင်း အမိန့်ပေးပြန်တယ်။

ကြည့်ရတာ အိုးထမ်းထားတဲ့သူငယ်က သူတို့အဖွဲ့က ဟုတ်ဟန်မတူဘူး။ အမူးသမားလူရမ်းကားတွေ အနိုင်ကျင့်၊ ဗိုလ်ကျခံလာရတာ ဖြစ်ပုံရတယ်။ တစ်ယောက်နဲ့အများဆိုတော့ အားမတန်လို့ မာန်လျှော့ထားရပုံရတဲ့ သူငယ်ဟာ အမူးသမားတွေရဲ့ မတရားစော်ကားခံနေရတယ်။

"ဟေ့ကောင်တွေ. . . မင်းတို့ တရားလွန်လှချည်လား. . . ကိုယ်သောက်မယ့် အရက်အိုးကို တစ်ပါးသူလဲ ထမ်းခိုင်းသေး၊ ဒီလူကိုလဲ ရိုက်မောင်းပုတ်မောင်း လုပ်တာကောင်းလား. . . တစ်ဖက်သားကို မစော်ကားလွန်းဘူးလား"

အမူးသမားတွေကို ဝင်ပြောလိုက်ချင်တာ လျှာကို ယားနေတယ်။ အဟုတ်. . .။

ဒီလိုမတရားဗိုလ်ကျတာမျိုး နည်းနည်းမှ မခံချင်ဘူး။ ငယ်ငယ်တုန်းကဆိုရင် ဒါမျိုး ဝင်ပါပြီးသား။ ဒါပေမယ့် ခုချိန်မှာတော့ ကြားဝင်လို့ မဖြစ်ဘူး။ အမူးသမားတွေက လူကြီးမှန်း ဘာမှန်းသိမှာ မဟုတ်ဘူး။ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်မှာ မဟုတ်ဘူး။ ဒီစကားပြောရအောင် ခင်ဗျားကြီးနဲ့ ဘာဆိုင်လဲ။ ခင်ဗျားက ဘာကောင်လဲဆိုပြီး ကိုယ့်ဘက်လှည့်လာရင်အခက်. . .။

သည်အတွေးနှင့် ကိုယ့်အလုပ် ကိုယ်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကောင်းကင်ကို တဖန်မော့ကြည့်ပြီး နက္ခတ်အသွားအလာထောက်ရင် တို့အရှင်လေးဟာ ရန်သူ့လက်ရောက်နေပြီ။ ရန်သူရဲ့ အချုပ်အနှောင်၊ အညှဉ်းဆဲခံနေရပြီ ဒုက္ခပါပဲ. . . တကယ့်ပြဿနာကြီးပါလား။ ငါဘာလုပ်ရမလဲ. . .။

ကျုပ်ဟာ စိုးရိမ်စိတ်နဲ့ ညည်းညူရင်း ပျာယာခတ်သွားမိတယ်။ ကျုပ်စကားသံကြားတော့ အိုးထမ်းလာတဲ့သူငယ်က ရုတ်တရက်နားစွင့်ဟန်ပြုတယ်။ ဒီလို ရပ်တာကို နောက်ကပါလာတဲ့ ငမူးတစ်ယောက်က . . .

“ဘာလုပ်တာလဲ. . . ကိုယ့်လမ်းကို ဖြောင့်ဖြောင့်သွားစမ်း” ဆိုပြီး လက်ထဲကိုင်လာတဲ့ ဓားတ်နဲ့ ရိုက်လိုက်တာ မြင်လိုက်ရပါတယ်။

* * * * *

“ရှင်မ. . . ဗျို့. . . ရှင်မ။ အဘွားကြီးရေ. . . အမယ်ကြီးရဲ့ လာစမ်းပါဦး”

ကျုပ်ဟာ စိုးရိမ်တကြီးနဲ့ အပြေးတစ်ပိုင်းလာရင်း အမယ်ကြီးကို ခေါ်လိုက်တယ်။ ကျုပ်ရဲ့ အထိတ်တလန့်ခေါ်သံကြောင့် ကျုပ်အမယ်ကြီး စိုးရိမ်သွားပုံပါ။

“ဘာလဲ အဘိုးကြီး. . . ဘာဖြစ်တာလဲ

အိမ်တံခါးဝကို ခါးထောက်ပြီး ရပ်မေးတဲ့ အဘွားကြီးကို ဒေါကန်သွားတယ်။

“မင်းကလဲ ခေါ်ရင်လာစမ်းပါ။ ဆင်းခဲ့စမ်းပါ။ ဒီမှာ အရေးမကြီးဘဲ ခေါ်မလားကွ။ မင်းဘာလုပ်နေတာလဲ။ ကြက်နာတစ်ကောင်လို အိမ်ထဲက အိမ်ပြင်မထွက်ဘဲ ကုပ်နေနိုင်တာ အံ့တယ်. . . ”

“အလိုတော်. . . ကျုပ်က အလုပ်မရှိဘဲ အိမ်ထဲ ကုပ်နေတာ မဟုတ်ဘူးရှင့်။ အလုပ်လုပ်နေတာ. . . ညဥ့်မှောင်တော့ ဆီမီးခွက်ဖြည့်ရတယ်။ သိမ်းစရာတွေ သိမ်းရတယ်။ အားယားယား အလုပ်မရှိ အလုပ်ရှာ၊ ရှုပ်ထွေးနေတတ်တဲ့ တော်ကြီးအိပ်ရာဝင်ရင် အဆင့်သင့်အိပ်နိုင်အောင် အိပ်ရာခင်းပေးရသေးတယ်။ ဒီမယ် အဘိုးကြီး. . . ကျုပ်တို့ အိမ်ရှင်မတွေ အိမ်ထဲက အိမ်ပြင်မထွက်လို့ အလုပ်မရှိဘူးမထင်နဲ့။ အိမ်မှုကိစ္စက ဒါပဲလို့ ဆွဲကိုင်ပြစရာမရှိပေမယ့် အားရတယ် မရှိဘူး”

“အင်း. . . အင်း. . . အေးပါကွာ။ မင်းကို အပြစ်တင်နေတာ မဟုတ်ပါဘူး။ အိမ်ထဲမှာချည်းအောင်းမနေဘဲ အပြင်ထွက်ဖို့၊ ပတ်ဝန်းကျင်ကို လေ့လာဖို့၊ မျက်စိဖွင့်၊ နားစွင့်ထားစေချင်လို့ ပြောတာပါ”

“အမယ်လေးလေး. . . ပြောမှ ပြောတတ်တယ်။ ကျုပ်က အိမ်ထဲနေပြီး မျက်စိကန်း၊ နားကန်းဖြစ်နေတယ်များထင်သလား. . . အရပ်ထဲ ဘာဖြစ်နေတယ်ဆိုတာ မသိဘူးထင်လား”

“မင်း. . . ဘာသိလဲ”

‘ဘာတော့ . . . ကျုပ်အကုန်သိတယ်။ ဟောဒီ တရာဏသီပြည်မှာ အပ်ကျတာကအစ သိတယ်”

‘အပ်ကျတာ. . . ဟုတ်လား။ ဒါဆို မင်းကိုမေးမယ်၊ တို့အရှင်သခင်လေး ခုဘာဖြစ်နေလဲ”

ကျုပ်ရဲ့ မာမာတင်းတင်းအမေးကြောင့် အမယ်ကြီးငြိမ်ကျသွားတယ်။ ဒီအမေးက သူမထင်ထား

တဲ့အမေး။ မတွက်ထားတဲ့ကိစ္စ။ ကိုယ့်စကားနဲ့ကိုယ် ချောင်ပိတ်မိသွားတော့ အမယ်ကြီးငြိမ်ကျသွားပြီ။

"ဒါတော့ သိမလားရှင် . . . "

"သိမလား . . ဟုတ်တယ်။ ဘယ်သိမလဲ . . . ပတ်ဝန်းကျင်မှ မလေ့လာတာကိုး။ ဒီမယ်တို့ အရှင်ရန်သူ့လက်ထဲ ကျနေပကွ"

"အို . . . ဟုတ်ရဲ့လားရှင် . . . နေ . . . နေစမ်းပါဦး။ တော်က ဒီသတင်း ဘယ်ကကြားလာလဲ။ သတင်းမှန် ဟုတ်ရဲ့လား . . . မမှန်သတင်းဆိုရင် အန္တရာယ်များတယ်နော်"

"ဟာ . . ဒီမိန်းမနှယ် . . . ငါဘယ်ကမှ ကြားတာမဟုတ်ဘူးဟေ့ . . ။ ငါ့ပညာနဲ့ ငါသိတာ . . ။ ငါအပြင်ထွက်ပြီး ကောင်းကင်နက္ခတ် ကြည့်ကြည့်နေတာ မြင်တယ်မို့လား . . ။ ဒါဟာ ငါ့အရေး ငါ့ကိစ္စ မဟုတ်တော့ပေမယ့် တာဝန်သိတဲ့ ပြည်သူတစ်ယောက်အနေနဲ့ ထမ်းဆောင်နေတာ။ အေး . . ဒီည နက္ခတ်အသွားအလာကြည့်ရတာ ဘုရင်လေးကံဇာတာ ညှိုးတာတွေ့ရတယ်"

"ဟုတ်ရဲ့လား . . . တော် မျက်စိမှားတာများလား . . . "

"ဟာ . . . ဒီမိန်းမနှယ် . . . ။ ကဲ . . . လာ။ မင်း အိမ်ပေါ်ကဆင်းခဲ့။ ဟောဟို ကွင်းထဲ လိုက်ခဲ့စမ်း"

ကျုပ်ဟာ သံသယစိတ်နဲ့မေးနေတဲ့ ပုဏ္ဏားမကြီးလက်ဆွဲပြီး ကွင်းပြင်ဆီ ခေါ်ခဲ့တယ်။ ကျုပ်လောက် အတတ်ပညာမစွမ်းပေမယ့် ဗေဒင်၊ နက္ခတ်အတတ်ပညာရှိတဲ့ ပုဏ္ဏားမကြီးကို လက်တွေ့ပြလိုက်ယတ်။

"ဟယ် . . . "

"ဘာဖြစ်တာလဲ . . . "

"အံ့ရောကွာ . . ငါခုနက ကြည့်တုန်းကတစ်မျိုး . . . ခုမင့်ခေါ်လာပြီးပြတော့ နက္ခတ်အသွားအလာပြောင်းသွားပြန်ပြီ။ တို့အရှင် ရန်သူ့လက် လွတ်သွားပြန်ပြီဟေ့"

"ဟော . . . လုပ်ပြန်ပြီ။ ကျုပ်မပြောဘူးလား . . . တော်မျက်စိမှားတာဖြစ်ပါလိမ့်မယ်လို့ဆိုတော့ လက်မခံဘူး။ ပြောပဲ ပြောတတ်တယ်။ ခုစာကလေးကြော်၊ ခုဆီထမင်း . . . "

"ဘာကွ . . . ငါက ခုတစ်မျိုး၊ တော်ကြာတစ်မျိုးပြောရမလားဟ။ ငါ့မျက်စိနဲ့ တပ်အပ်သေချာမြင်လို့ မြင်တယ်ပြောတာ . . . စောစော ဟောဟိုနက္ခတ်အရောင်မှိန်တယ်။ ဒီဘက်က နက္ခတ်နဲ့ ပူးနေတယ်။ ဒီအခြေအနေဆိုတာ ဘာဖြစ်နိုင်တယ်ဆိုတာ မင်းသိပါတယ်။ အေး . . . ခုတစ်မျိုးပြောင်းသွားပြီ

"အဟင်းဟင်း . . . ရှင်ဟာလေ . . . သိပ်ရယ်ရတယ်။ တကယ်တော့ ကောင်းကင်ကြီးက ဘာမှမဖြစ်ဘူး။ နက္ခတ်တွေလဲ ဘယ်လိုမှ မပြောင်းဘူး။ တကယ်ဖြစ်နေတာက ရှင့်စိတ် . . ။ ရှင့်ကို မင်းကြီးက အနားပေးတယ်။ ဒါပေမယ့် ရှင်က အနားမယူချင်ဘူး။ မင်းတိုင်ပင်ပညာရှိအနေနဲ့ ခစားချင်သေး

တယ်၊ ဒီလို စွမ်းနိုင်သေးကြောင်း အရှင်လေးသိစေချင်တယ်။ အဲဒီစိတ်က ရှင့်ကိုယ်ရှင် အစိုးမရအောင် ဖန်တီးနေတာ. . . ”

“ဟာ. . . ဒီမိန်းမ”

* * * * *

ညဦးပိုင်းက ကြုံတွေ့ရတဲ့ အဖြစ်ကြောင့် ကျုပ် အိပ်မပျော်ဘူး။ အစပိုင်းက ကောင်းကင်ကြည့်စဉ် မင်းကြီး ရန်သူ့လက်ကျနေတာအမှန်။ မသေချာမှာစိုးလို့ စေ့စေ့စပ်စပ်ကြည့်ခဲ့တယ်။ သေချာလို့ ပုဏ္ဏားမကြီး ခေါ်ပြတော့ ကပြောင်းကပြန် ဖြစ်နေပြန်တယ်။ ဘယ်လိုဖြစ်တာလဲ. . . ဘယ်အကြောင်းလဲ. . . ဘာသဘောလဲလို့တွေးရင်း အိပ်မပျော်နိုင်ဘူး၊ သောကကင်းတဲ့ ပုဏ္ဏားမကြီးကတော့ ဟောက်သံပေးပြီး အိပ်နေလေရဲ့၊ တကယ့်မိန်းမ. . . အပူအပင်ကင်းလိုက်တာလို့ မနာလိုစိတ်ဖြစ်ရင်း မိုးစင်စင်လင်းသွားတယ်၊

တစ်ချက်လေး မမှေးလိုက်ရပေမယ့် ကိုယ်လက်နုံးချည့်နေတာ လန်းဆန်းသွားအောင် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၊ အညောင်းအညာပြေ လမ်းလျှောက်နေမိတယ်၊

ထိုစဉ် နန်းတွင်းအမှုထမ်းတွေ ရောက်လာပြီး ဘုရင်လေးက ဆင့်ခေါ်လိုက်ကြောင်း အမိန့်စာပြန်တယ်၊ တဒင်္ဂအတွင်း အတွေးကွန်ရက်က ဝင်လာတဲ့အတွေးကြောင့်နှစ်လိုအားရ ပြုံးပစ်လိုက်တယ်၊

“ဗျို့. . . ရှင်မ”

ကျုပ်လှမ်းခေါ်တယ်ဆိုရင်ပဲ အဘွားကြီးထွက်လာပြီး ခါးထောက်၊ မျက်မှုန်ကုပ်ကြည့်နေတယ်၊

“ဘာလဲ အဘိုးကြီး. . . ဘယ်လို ကယောင်ချောက်ချားစကားတွေ ပြောဦးမလို့လဲ”

“အဟက်. . . မင်းက ကျုပ်များဆို အကောင်းတစ်ချက်မပြောဘူး၊ ဒီမယ်အမယ်ကြီး၊ ကျုပ်တို့ဝမ်းရဲတွင်းက လွတ်ပြီ၊ ချမ်းသာတော့မယ်ကွ”

“ဘယ်လို. . . ဘာလဲ ကောင်းကင်က နက္ခတ်ကြည့်ပြီး ရွှေမိုး၊ ငွေမိုး၊ ရွှေမန်ကျည်းသီးတောင့်တွေ ကျုပ်တို့အိမ်ထဲရွာချမယ်လို့ မြင်ပြန်လား၊ ဒါဆို ဟန်တာပေါ့ရှင်. . . ”

“မင်း. . ဘယ်လိုပြောနေတာလဲ၊ ထောင်တန်တဲ့စကား ရယ်ပေါ့ဆိုတာမျိုး လုပ်နေတယ်၊ ဒီမယ်. . . ဟောဒီပုဂ္ဂိုလ်တွေ ရောက်လာတယ်၊ ရွှေနန်းတော်က အခေါ်လွှတ်သတဲ့”

“အဲဒီတော့. . . ”

“ဒီတော့ ဘာဖြစ်မလဲကွ၊ ငါ့ပညာကို အသိအမှတ်ပြုတဲ့အနေနဲ့ ပြန်လည်ချီးမြှောက်ချင်လို့ပေါ့ကွ၊ ကဲ. . . သွားစမ်း မင်းသား၊ မင်းသမီးတိမ်ရှိ လူအကုန်ခေါ်လိုက်၊ တို့အရှင် မြှောက်စားရင် သင်းတို့ဘာရချင်လဲ မေးစမ်း”

ကျုပ်ရဲ့ ယုံကြည်ချက်အပြည့်နဲ့ ပြောတဲ့စကားကြောင့် အဘွားကြီးပျာယာခတ်သွားတယ်။ သူ့သားနဲ့သမီးတွေကို အမြန်ခေါ်ပြီး အလောတကြီးစကားဆိုတယ်။

"အဟုတ်လား အဖေ. . . နန်းတော်ထဲသွားရင် ဆုရမှာသေချာတယ်နော်. . . ဒါဆို ကျွန်မ ပတ္တမြားနားဋောင်းလိုချင်တယ်။ ပတ္တမြား. . . ပတ္တမြား။ စစ်ပေ့၊ကောင်းပေ့၊ အရည်အသွေးရှိပေ့ဆိုတဲ့ ပတ္တမြားမျိုးရစေချင်တယ်။ ဒီမယ်. . . အဖေ၊ ကျွန်မ အဖေ့သားနဲ့ အိမ်ထောင်ကျကတည်းက ဘာမှ မဝတ်စားနိုင်တာ အဖေအသိနော်. . .။ ဟောဒီလို နားပေါက်ဟောင်းလောင်းနဲ့ နေနေရတာ အမြင်။ ဒီလိုနေရတာ အကြောင်းမဟုတ်ပေမယ့် ဘေးကပြောတာ မခံချင်ဘူး။ ကောင်မက ဆင်းရဲတွင်းနက်မှာပေါ့၊ သင်းယူထားတဲ့ လင်က အစွမ်းအစမှ မရှိဘဲ။ သင်းယောက္ခမကလဲ ပညာရှိတာကလွဲပြီး ခြူးတစ်ပြားမှ ရှာနိုင်တာ မဟုတ်ဘူး။ ဘာဘာညာညာပြောကြတယ်။ အဲဒီ ကောင်မတွေကို ကြွားချင်လို့ ပတ္တမြားနားဋောင်းတစ်ရံ လိုချင်တယ်အဖေ. . .။ အဲ. . . ဖြစ်နိုင်ရင် လက်ကောက်တစ်ရံ၊ စိန်လည်တုံတစ်ခု၊ မြလက်စွပ်ဘစ်ကွင်း။ အို. . . ဒီလိုလုပ် အဖေရယ်. . . သမီးအတွက် တစ်ဆင်စာတောင်းပေး"

ကျုပ်ချွေးမရဲ့ လောဘတက်မှုကြည့်ပြီး. . . ဟက်ဟက်ပက်ပက် ရယ်မိတယ်။ မိန်းမသားတွေရဲ့ အတွင်းစိတ်ထားကို မြင်မိတယ်။

"ကဲ. . . ဟုတ်ပြီ။ မင်းကရော ဘာလိုချင်လဲဟေ့. . ."

အပျင်းကြီးတဲ့ ကျုပ်သားအကြီးကို မေးလိုက်တယ်။

"ကျွန်တော်လား အဖေ. . . အရှင်မင်းကြီးကပေးမယ်ဆိုရင် ကုမုဒြာအဆင်းရှိတဲ့ သိန္ဓောမြင်းလေးကောင်"

"ဟေ. . ."

"အဲဒီ မြင်းလေးကောင်ကတဲ့ ရထားတစ်စီးအဖေ. . ."

"ဒါဟားဟား. . . အလကြီးပါလားကွ။ လူက ခါးချိုးမသုပ်ချင်သာနေရမယ်။ နေချင်ပုံက ဇောတိကသူဌေးတောင်ပါလား. . . ထားပါ. . . ထားပါ။ လိုချင်တာ မင်းဆန္ဒပဲ။ ကိုင်းပြော . . . အမယ်ကြီး"

"ဒီမယ် အဘိုးကြီး. . ."

"အေး. . . ပြောစမ်းပါဦး"

"အရှင့်ကို တော် သေသေချာချာလျှောက်။ ဒီမယ်. . ကျုပ်တို့ဆင်းရဲတာ တော်အသိ။ စားဝတ်နေရေးမပြေလည်တာလဲ တော်အသိ။ အဲ. . . ကံအကြောင်းသင့်လို့ ခုလိုဆုလာဘ်ရမယ်ဆိုတော့ တော်ရဲ့တန်ရုံ မဖြစ်ဘူး။ တော်ရော ကျုပ်ရော တစ်သက်စာထိုင်စားလို့ရအောင် တောင်းရမယ်။ ဒီတော့ . . ဟုတ်ပြီ နွားမတစ်ရာ. . ."

"တစ်ရာ. . . များလှချည်လား။ မင်းဒီလောက်များတဲ့နွားတွေကို ထိန်းနိုင်ပါ့မလား"

"ဘာများရမှာလဲ၊ ရမယ်ဆိုရင် အကောင်တစ်ထောင်တောင် လိုချင်သေးတယ်၊ နွားများတော့ ဘာဖြစ်လဲ၊ လူငှားနဲ့ ထိန်းကျောင်းမှာပေါ့၊ လုပ်မနေနဲ့ ရအောင်တောင်း"

"ကောင်းပါပြီ၊ ကဲ. . . မင်းရော"

အိမ်စေမိန်းကလေးလည်း ဒီအခွင့်အရေးမှာ ရသင့်တယ်ထင်လို့ မေးလိုက်တယ်၊

ဟုတ်တယ်လေ. . . သူလေးဟာလည်း ကျုပ်တို့နဲ့ ဆိုးတူကောင်းဖက် နေရတာမို့လား၊ အခွင့်အရေးရမှ သူ့မေ့ထားလို့ ဘယ်ဖြစ်မလဲ၊ ရေမြင့်ကြာတင့် ဖြစ်သင့်တာပေါ့"

"ကျွန်မအတွက်ကျော့ ဆန်ကာနဲ့ ဆန်ဖွပ်ဖို့ မောင်းဆံတစ်ခုရရင် အဆင်ပြေပါတယ် သခင်"

ကျုပ်စိတ်ထဲ ကျိတ်ခို့ ကျူးမိတယ်၊ ကိုယ့်တာဝန် ကိုယ်သိတဲ့နေရာမှာ ကျုပ်နဲ့မခြားတဲ့ ဒီကလေးမကို လေးစားသွားတယ်၊ သူ့အတွက်တော့ မရ ရအောင် တောင်းပေးရလိမ့်မယ်၊

"အေး. . . မင်းတို့လိုချင်တာတွေလည်းရရစေမယ်ပေါ့၊ "

ကျုပ်ကတော့ ဘာမှ မလိုချင်ဘူး၊ ကွမ်းဖိုးတစ်သိန်းထွက်တဲ့ ရွာတစ်ရွာတောင်းမကွ၊ ဒါမှ ရွာစားမင်းဆိုတဲ့ဂုဏ်လည်းရှိမယ်၊ စားဝတ်နေရေးလည်း မပူရဘူး၊ ဟုတ်ပြီ၊

"ကဲ. . အမယ်ကြီး၊ ကျုပ်သွားပြီ၊ မင်းတို့လဲ စိတ်ကူးယဉ်နေရစ်ကြတော့"

* * * * *

ကျုပ်တွက်တာ ဒက်ထိမှန်ပါတယ်၊

ရွှေနန်းတော်က ခေါ်ပြီဆိုကတည်းက တခြားအကြောင်း မဖြစ်နိုင်ဘူး၊ အရေးပေါ်ကိစ္စရှိလို့ ခေါ်တာဖြစ်မယ်၊ ခေါ်ပြီဆိုကတည်းက အသုံးချဖို့၊ ဒါဆို ပြန် လည်မြှောက်စားခံရတော့မယ်ဆိုတာ တွက်ပြီးသား၊

ပရိသတ်စုံညီခစားနေတဲ့ မင်းရင်ပြင် ဝင်ခစားတာနဲ့ အရှင်က အမေးတော်ရှိတယ်၊

"ပုဏ္ဏားကြီး. . . သင်ဟာ ညက နက္ခတ်အသွားအလာကြည့်မိလား"

"မှန်ပါ့အရှင်. . . နက္ခတ်အသွားအလာကြည့်ပြီး တိုင်းပြည်အခြေအနေ တွက်ချက်တာ ပုဏ္ဏားတို့အလုပ်ပါ၊ အရှင်က အနားပေးလို့ ထွက်ထိုင်နေရပေမယ့် ပြည်သူတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်လို့ ခံယူထားပါတယ်၊ ဒါကြောင့် ညစဉ်နက္ခတ်ကြည့်ပါ့ ဘုရား"

"ကောင်းပြီ. . . ဆရာပဏ္ဍိတ်၊ ဒါဆို ညက ဘယ်နိမိတ်တွေလဲ လျှောက်တင်စမ်း"

"မှန်ပါ အရှင်. . . ညက အရှင်ဟာ ရန်သူလက်ရောက်ပြီး အညှဉ်းပန်း အနှိပ်စက်ခံရတာကို တွေ့တယ်၊ ဒီလိုကြမ္မာညှိုးတာမြင်လို့ စိုးရိမ်ပြီး ပုဏ္ဏေးမကို ခေါ်ပြပါတယ်၊ အဲဒီခေါ်ပြစဉ်မှာပဲ အရှင်ရန်သူ့လက်က ပြန်လွတ်တာ တွေ့ရပါတယ်"

ကျုပ်ရဲ့ လျှောက်တင်စကားကြားတော့ လက်ရှိပဏ္ဍိတ်အရာ ရနေတဲ့ ပုဏ္ဏားလေးတွေ လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ သင်းတို့ အမူအရာကြည့်ရုံနဲ့ ကျုပ်တင်လျှောက်ချက်ဟာ သင်းတို့နဲ့ ကွဲလွဲနေပြီဆိုတာ သိလိုက်တယ်။

"ကဲ. . . မင်းဆရာတို့။ မောင်မင်းတို့လျှောက်တင်တာနဲ့ မကွာလား. . . ငါကိုယ်တော်မြတ်ဘေးမသိရန်မခရှိတယ်လို့ မောင်မင်းတို့ လျှောက်တင်ခဲ့တယ်။ ငါဟာ ညကမြို့ကို စနည်းနား ထွက်ရင်း မူးယစ်ရမ်းကားသူတွေရဲ့ အဖမ်းအဆီးခံရတယ်။ အညှဉ်းပန်းခံရတယ်။ ဒီလူဆိုးလူသွမ်းတွေကို ငါ့ရဲ့ကိုယ်ရုံပုဆိုးချွတ်ပေးပြီး အလွတ်ရုန်းခဲ့ရတယ်။ ငါ့အဖြစ်ကို သိသူဟာ ပုဏ္ဏားကြီးပဲ ရှိတယ်။ ဟောဒီ ပဏ္ဍိတ်ဟာ တာဝန်မရှိပေမယ့် တာဝန်သိတဲ့ ပုဂ္ဂိုလ်။ သင်တို့တစ်တွေက တာဝန်မဲ့တဲ့ သူတွေ။ ဒီတော့ တာဝန်မဲ့တဲ့ သင်တို့နဲ့ ဒီနေရာဟာ မထိုက်တန်ဘူး၊ တိုင်းပြည်တာဝန်သိတဲ့ ဆရာပဏ္ဍိတ်နဲ့သာ သင့်လျော်တယ်"

အရှင်မင်းမြတ်ရဲ့ စကားအဆုံးမှာ ပုဏ္ဏားလေးတွေဟာ ဇက်က ဖြက်ခံရတဲ့ ငှက်ပျောပင်နှယ် စိုက်ကျသွားကုန်တယ်။ အဘိုးကြီးဆိုပြီး မထေမဲ့မြင် ပြုခဲ့သူတွေ ခုတော့ ခွေးပွယ်ကျိုးမြွေလို ဖြစ်ကုန်ကြတယ်။

ကျုပ်ဟာ မမျှော်လင့်ဘဲ မူလအရာပြန်ရလို့ ကျုပ်တောင်းသမျှ ဆုလာဘ်အဖြစ် ချီးမြှင့်ခံရတယ်။ ဒါဟာ တာဝန်ကျေသူအတွက် ထိုက်တန်တဲ့ ဆုလာဘ်ရ မဟုတ်ပါပေလား. . .။ ။

ကျမ်းကိုး

*ညောင်ကန်ဆရာတော်၏ ငါးရာငါးဆယ်ဇာတ် အမ္ဗဋ္ဌရဝဂ်နာနာဆန္ဒဇာတ် မှီးသည်။*


မိဂဒါဝုန်သို့

# မိဂဒါဝုန်သို့

ဒီလောကမှာရှိတဲ့ လူသားတွေဟာ တစ်ဦးနဲ့တစ်ဦး အမှီပြုနေတယ်။ ပေါင်းသင်းနေရတယ်။ လူမှန်ရင် ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့ မရဘူး။

ဟုတ်တယ် . . . စဉ်းစားကြည့်လေ။ လူဖြစ်လာဖို့က အနည်းဆုံးမိဘနှစ်ပါးရှိရမယ်။ ဒါဟာ အနီးစပ်ဆုံး ပေါင်းသင်းရတဲ့ ပုဂ္ဂိုလ်တွေ. . .။

နောက် ညီအစ်ကိုမောင်နှမတွေရှိတယ်။ လူ့ဘောင်နယ်ပယ်မှာ အကျဉ်းမြောင်းဆုံး ပေါင်းသင်းဆက်ဆံရေးဟာ မိသားစု။ ဒီအဆင့်က ထပ်ချဲ့ရင် ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ဘကြီးဘထွေးရှိမယ်။ မလွဲမသွေ ဆက်စပ်တဲ့ အုပ်စုက ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ပဲ။

လူ့ဘောင်လောကမှာ ရှင်သန်ရပ်တည်မယ်ဆိုရင် လူနဲ့လူချင်း မပေါင်းသင်းလို့ မရဘူး။ ဒီတော့ မိတ်ဆွေသင်္ဂဟဆိုတာ ဖြစ်လာတယ်။ မလွဲမသွေ ဆက်ဆံရတဲ့ မိတ်ဆွေသင်္ဂဟကို ရွေးပေါင်းဖို့လိုတယ်။ အပေါင်းအသင်းကြောင့် ဂုဏ်တက်သလို၊ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်တတ်တယ်။

ဒါကြောင့် ရှေးလူကြီးတွေက စကားပုံတစ်ရပ် ထားခဲ့တယ်။ တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးတဲ့။

ဒီစကားပုံကြည့်ရင် အပေါင်းအသင်းကြောင့် ဘဝပျက်နိုင်တယ်ဆိုတာ နားလည်မှာပါ။ ကျွန်ုပ်တို့ဘိုးဘွားမိဘတွေက ဆုံးမလေ့ရှိပါတယ်။ မိတ်ကောင်းဆွေမွန် ရှာပေါင်းတဲ့။

မိတ်ကောင်းဆွေမွန်ဆိုတာ မကောင်းတာလုပ်ရင် တားမြစ်တယ်။ ကောင်းတာလုပ်ဖို့ တိုက်တွန်းတယ်။ စီးပွားပျက်ရင်လည်း မစွန့်ခွာဘူး။ အဲဒါမှ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်တဲ့။ ဘဝလမ်းကြောင်းမှာ အရွေးမမှားအောင် သွန်သင်တဲ့ စကားပါ။

မှန်ပါတယ်။ ဒီကိစ္စက အလေးအနက်ထားရမယ့် ကိစ္စပဲ. . .။

မိတ်ဆွေအရွေးမှားရင် ဘဝပျက်နိုင်တယ်။ အင်မတန်ဆိုးဝါးတဲ့ မိတ်ဆွေကိုပေါင်းမိရင် တစ်ဘဝတည်းမကဘူး၊ ဘဝများစွာ ပျက်ပြီး သံသရာရေယဉ်ကြောမှာ နစ်မျောနေမှာပဲ။

ဟုတ်တယ်လေ. . . အပေါင်းမှားရင် အမြင်မှားမှာပဲ။

အမြင်မှားရင် အသိမှားမယ်။

အသိမှားတော့ ကာယကံအမှုတွေ မှားရောပေါ့။

ဒီတော့ အယူမမှားအောင် သတိထားဖို့ လိုတယ်။

အထူးသဖြင့် မဇ္ဈိမဒေသမှာ ပိုသတိထားရတယ်။ မဇ္ဈိမဒေသက သူတစ်လူ ငါတစ်မင်း၊ ဂိုဏ်းတွေဖွဲ့၊ ဝါဒအမျိုးမျိုးတီထွင်ကြတော့ ဝါဒရောင်စုံရှိနေတယ်။ ကိုယ့်ကိုယ်ကို ဘုရားလို့ကြေညာသူတွေကလည်း အမြောက်အမြား။ ဒီဒေသမှာ ဘုရားအမည်ခံတဲ့ ပုဂ္ဂိုလ်က ခြောက်ယောက်တောင်. . .။

ပူရဏကဿပ. . .။

မက္ခလိဂေါသာလ. . .။

အဇိတကေသကမ္ဗလ. . .။

နာဋပုတ္တစတဲ့ ပုဂ္ဂိုလ်တွေ. . .။

သူ့ဝါဒက တစ်မျိုး၊ ငါ့ဝါဒက တစ်ဖုံ၊ ဘယ်ဟာမှားလို့ ဘယ်ဟာမှန်တယ်ဆိုတာ ဝေခွဲမရဘူး။

ဒီကြားထဲ အနတ္တဝါဒီရှင်ဂေါတမ ဗုဒ္ဓပေါ်လာပြန်တယ်။ အတ္တဝါဒီတွေကြားမှာ တစ်မူထူးခြားတဲ့ အနတ္တဝါဒီထုတ်ပြန်လိုက်တော့ မဇ္ဈိမတစ်ဝှမ်းလုံး တုန်လှုပ်ကုန်တယ်။ အင်အားပြင်းထန်တဲ့ ဗုံးတစ်လုံးပေါက်ကွဲလိုက်သလို ကျယ်ကျယ်လောင်လောင်ဖြစ်ကုန်တယ်။ အတ္တနဲ့ အနတ္တကြားမှာ ဘယ်ဟာက မှားတယ်။ ဘယ်ဟာကမှန်တယ် မခွဲခြားဘူး။ အမှားကို အမှန်ထင်ပြီးလိုက်ရင် ဘဝရေစုန်မျောပြီပေါ့။

အင်း. . . ကျွန်ုပ် ကံကောင်းတယ်လို့ ဆိုရမှာပဲ။ မိတ်ဆွေကောင်းနဲ့ပေါင်းမိလို့ ဝါဒမှန်ကိုရွေးမိတယ်။ သူ့ကျေးဇူးကြောင့် အမှန်လမ်းကို ရောက်သွားတယ်။ ဝမ်းသာစရာပဲလေ. . .။

* * * * *

ကျွန်ုပ်မိတ်ဆွေက မင်းစိုးရာဇာလည်း မဟုတ်ဘူး။ သူဌေးသူကြွယ်လည်း မဟုတ်ဘူး။ ကုန်သည်ပွဲစားလည်းမဟုတ်ဘူး။ သာမန်ဆင်းရဲသားတစ်ယောက်ပါ။

အင်း. . . ပွင့်ပွင့်လင်းလင်းပြောရရင် သူနဲ့ကျွန်ုပ်က အယူလည်း မတူဘူး။ ဘာသာလည် မတူဘူး။

ကျွန်ုပ်မိသားစုဟာ အယူသီးတဲ့ ပြဟ္မဏဝါဒီတွေ. . .။

ဒီတော့ ဘုရားမရှိဘူး. . .။ တရားမရှိဘူး. . .။ သံဃာလည်း မရှိဘူး. . .။

ကျွန်ုပ်တို့ မိသားစုဟာ ရတနာသုံးပါးနဲ့ ကင်းကွာတယ်လို့ ပြောရင်ရပါတယ်။ ကျွန်ုပ်တို့ ကိုးကွယ်ရာဟာ မဟာပြဟ္မာကြီး။ ထာဝစဉ်ရှင်သန်နေတဲ့ ပြဟ္မာကြီးကို ဆည်းကပ်ရင်၊ ပူဇော်ရင် ပြဟ္မာ့ဘုံရောက်တယ်ဆိုတာ ကျွန်ုပ်တို့ဝါဒ၊ ကျွန်ုပ်တို့ရဲ့ တရားဓမ္မက ဝေဒကျမ်းဂန်မှတ်သားတာ၊ ရွတ်ဖတ်တာပါ။

ကျွန်ုပ်ရဲ့ မိတ်ဆွေက ဗုဒ္ဓဝါဒီတဲ့. . .။

ဟုတ်တယ်. . .။ ကြားနေပါတယ်၊ ဒီဇမ္ဗူဒိပါကျွန်းမှာ ဂေါတမဘုရားရယ်လို့ ပွင့်နေပြီ၊ တန်ခိုးတ္တန်ခိုးပါဒ်နဲ့ ပြည့်စုံတဲ့ ရဟန္တာတွေ ရှိနေပြီ၊ ကိလေသာတဏှာကင်းပြတ်တဲ့ ပုဂ္ဂိုလ်တွေ ပေါ်နေပြီဆိုတာ ကြားနေပါတယ်၊ ဒါပေမယ့် ကျွန်ုပ် စိတ်မဝင်စားဘူး။ ဒီပုဂ္ဂိုလ်တွေဟာ ကျွန်ုပ်တို့ ပြဟ္မဏတစ်ယောက် ဆည်းကပ်ရမှာ မဟုတ်ဘူးလို့မြင်တယ်၊

သို့သော်လည်း ဒီပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံဖို့ အကြောင်းဖြစ်လာတယ်။ အဲဒီ ကျွန်ုပ်မိတ်ဆွေကြောင့် ဆိုပါတော့၊

ဒီလိုပါ. . .၊

တရာဏသီအနီး မိဂဒါဝုန်တောမှာ သံကိစ္စမထေရ်နဲ့ ရဟန်းငါးရာ သီတင်းသုံးနေသဗျ။

သံကိစ္စမထေရ်က တပည့်ရဟန်းတွေကို တရားပြရင်း ရောက်လာတဲ့ ပရိသတ်တွေကို တရားရေအေးတိုက်ကျွေးနေပါတယ်၊

ကျွန်ုပ်မိတ်ဆွေဟာ အဲဒီရဟန်းတွေရဲ့ ငြိမ်းငြိမ်းချမ်းချမ်း ကမ္မဋ္ဌာန်းစီးဖြန်းနိုင်အောင် ဆွမ်းကိစ္စစီစဉ်ပေးသဗျ၊ သူကိုယ်တိုင် မလှူနိုင်ပေမယ့် လူတွေ လှူချင်စိတ်ပေါက်အောင် သူကန္တီးဆောင်ပေးတယ်၊ ကျွန်ုပ်မိတ်ဆွေဟာ နိဗ္ဗာန်ဆော်အလုပ်တင်မကဘူး၊ သံဃာဝေယျာဝစ္စဆောင်ကြဉ်းတယ်၊ ဝတ်ကြီးဝတ်ငယ်ပြုတယ်၊ သူရဲ့စေတနာ၊ သဒ္ဓါတရားထက်သန်ပုံဟာ သံသယဖြစ်စရာမလိုဘူး၊

အင်း. . . ပြောရဦးမယ်. . .၊

မိဂဒါဝုန်မှာ သီတင်းသုံးနေတဲ့ ရဟန်းတွေရဲ့ အကြီးအမှူး သံကိစ္စမထေရ်ဟာ ကျွန်ုပ်အမြင်မှာ ထူးနေတယ်၊ သံကိစ္စမထေရ်ရဲ့အသက်က ဘာရှိဦးမလဲ၊ အလွန်ဆုံးရှိလှ နှစ်ဆယ်ကျော်ပေါ့၊ အဲ. . . သူ့တပည့်တွေက အသက်သုံးဆယ်၊ လေးဆယ်ကနေပြီး ခြောက်ဆယ်ကျော်အထိ ရှိကြတယ်၊

ကျွန်ုပ်နားမလည်တော့ဘူး. . .။

တကယ့်ကို နားမလည်နိုင်အောင်ပါ။ ဟုတ်တယ်လေ. . . ငယ်ရွယ်သူဟာ ဆရာဖြစ်ပြီး၊ ကြီးသူက တပည့်ဖြစ်နေတာ မထူးဆန်းဘူးလား. . .

ကျွန်ုပ်တို့ ဗြဟ္မဏတွေဆို ကြီးသူကို ရိုသေတယ်။ လေးစားတယ်။ နေရာပေးတယ်။ သူရဲ့ သွန်သင်ဆုံးမမှုကို နာခံတယ်။ ဒါမှ သဘာဝကျပေမပေါ့။ အသက်ကြီးသူသာ ဘဝအတွေ့အကြုံများမယ်။ ဗဟုသုတရှိမယ်။ လူရေးလူမှု နားလည်မယ်။ ဒီပုဂ္ဂိုလ်မျိုးကသာ ငယ်ရွယ်သူကို သွန်သင်နိုင်မယ် ပေါ့။

ကိုင်း. . . သံကိစ္စမထေရ်တို့ ဆရာတပည့်ဖြစ်နေပုံက သဘာဝနဲ့ ဆန့်ကျင်မနေဘူးလား. . .။

နောက် စိတ်ဝင်စားဖို့ကောင်းတာက သံကိစ္စမထေရ်ရဲ့ တရားနာဖို့ လူတွေ မိဂဒါဝုန်သွားကြ တယ်။ သွားတယ်ဆိုလို့ တစ်ယောက်စ၊ နှစ်ယောက်စ မထင်နဲ့။ အုံနဲ့ ကျင်းနဲ့ အသင်းအဖွဲ့နဲ့ သွားနေ တာ။ အံ့သြစရာမကောင်းဘူးလား. . .။

ကျွန်ုပ်စိတ်ထဲ တွေးစရာ၊ သိချင်စရာတွေ တစ်နေ့တခြား များလာတယ်။ ဒီအတွက် ကျွန်ုပ် မိတ်ဆွေကို မေးကြည့်ချင်တာ လျှာယားနေတယ်။ စပ်စုရာကျမှာရယ်ကြောင့် အောင့်အည်းနေရတယ်။ အင်း. . . ဒါပေမယ့် ကြာရှည်မအောင့်နိုင်တော့ဘူး။

"ဒီမယ် . . . သူငယ်ချင်း. . . မင်းတို့ဆရာက ဘာတရားတွေ ဟောလို့ လူတွေ ဒီလောက်လာ နေတာလဲ။ အကျိုးရှိမယ့် စကားတွေ ပြောလို့ ဟောလို့လား. . . "

အဲလို ကျွန်ုပ်မေးလိုက်တော့ ကျေနပ်တဲ့ အမူအရာနဲ့ မိန့်မိန့်ကြီး ပြုံးနေတဲ့ ကျွန်ုပ်မိတ်ဆွေရဲ့ မျက်နှာကို မြင်လိုက်ရပါတယ်။

"သူငယ်ချင်း. . . မင်း. . . မိဂဒါဝုန် လိုက်ခဲ့ပါလား. . . "

"ဟေ. . . မိဂဒါဝုန်။ နေဦး. . ငါက အဲဒီကို ဘာလိုက်လုပ်ရမှာလဲ"

ကျွန်ုပ်မေးမိတာနဲ့ မိတ်ဆွေက မိဂဒါဝုန်တော လိုက်ခဲ့ဖို့ ဖိတ်မန္တကပြုတာပဲ။ သူဟာ စိတ်သဘော ထားဖြူစင် ရိုးသားသူ။ ဒီတော့ ကျွန်ုပ်အပေါ် မကောင်းတာ မကြံဘူးဆိုတာ ကျွန်ုပ်ယုံတယ်။ ဒါပေမယ့် ကျွန်ုပ်နဲ့မဆိုင်တဲ့ ဒီအရပ်ကို ဘာကြောင့်ခေါ်တယ်ဆိုတာ နားမလည်ဘူး။

"ပြောစမ်းပါဦး. . . ငါက ဘာလိုက်လုပ်ရမှာလဲ"

"သံကိစ္စမထေရ်ရဲ့တရား မင်းနာကြည့်စမ်း. . . "

"ဘယ်လို. . . "

"ဗြဟ္မဏတစ်ယောက်ဖြစ်တဲ့ မင်းကို ဖိတ်ခေါ်လို့ တစ်မျိုးမထင်ပါနဲ့။ မင်းမသိသေးတာတွေ သိစေချင်လို့ပါ"

"ဘယ်လို. . . ငါမသိသေးတာ ဟုတ်လား. . .။ ဝေဒကျမ်းနဲ့စပ်တဲ့ငါ့အနေနဲ့ တခြားဘာသိစရာလိုသေးလဲ"

"မင်းလိုက်ကြည့်ပေါ့. . . "

ဒီလိုနဲ့ ကျွန်ုပ်ဟာ သံကိစ္စမထေရ် တရားနာဖြစ်ခဲ့တယ်။ မိတ်ဆွေကို အားနာလို့ လိုက်ခဲ့ပေမယ့် သံကိစ္စမထေရ်ရဲ့တရားကို ကျွန်ုပ် စိတ်မဝင်စားပါဘူး။ အတ္တဝါဒီတွေအဖို့ အနတ္တတရားဟာ နားခါးစရာပါ။

ဒါပေမယ့် တရားနာရင်း စူးစမ်းမိတာတစ်ခုတော့ရှိတယ်။ မထေရ်ဟောတာက ရုပ်နာမ်ဓမ္မသင်္ခါရတဲ့။ အရာရာဟာ မမြဲသောသဘောရှိတယ်။ ဖြစ်လာရင် ပျက်ရမှာ ဓမ္မတာပဲ။ လူဟာ မွေးဖွားခြင်းဖြစ်လာပြီးနောက် တရွေ့ရွေ့ပျက်ရတယ်။ ပျိုရာကအို၊ အိုရာကနာ၊ နာရာကသေပျောက် ပျက်စီးခြင်းနဲ့အဆုံးသတ်တာ ဓမ္မတာပါပဲတဲ့။ မထေရ်ရဲ့ တရားကို ကြောင်းကျိုးဆက်စပ်တွေးကြည့်တော့ သဘာဝကျတာ. . . လက်တွေ့ကျတာတွေ့ရတယ်။ ဒါဟာ တွေးစရာဖြစ်လာပါတယ်။

"အင်း. . . မင်းဆရာဟောတာ ဆိုးတော့ မဆိုးဘူးကွ"

"မင်းဆက်နာရင် အမှန်တရား ပိုမြင်လာမှာပါ"

"ဖြစ်နိုင်ပါတယ်. . . "

"ဒီမယ် သူငယ်ချင်း. . .။ ဟောဒီမှာရှိတဲ့ ရဟန်းတွေထဲက တစ်ပါးပါးကို ဆွမ်းတစ်နပ်လောက် မကပ်ချင်ဘူးလား. . . "

"ဟေ. . . မင်းဘယ်လိုပြောလိုက်တာလဲ။ တို့ပြဟ္မဏတွေက မင်းတို့ရဟန်းတွေကို ဆွမ်းကပ်ရမယ် ဟုတ်လား. . . ဒါတော့ မဖြစ်နိုင်ဘူး သူငယ်ချင်း။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ မင်းကို အားနာလို့ ဒီလိုက်လာတာတောင် တခြားပြဟ္မဏတွေက ဘယ်လိုပြောကြမလဲ မသိဘူး"

"ထားပါလေ. . . ဒါဆို ငါ့ကိုရော ထမင်းတစ်နပ်လောက် မကျွေးချင်ဘူးလား"

"ဟာ. . . မင်းဘယ်လိုမေးတာလဲ၊ မင်းက ငါ့သူငယ်ချင်းပဲ။ မင်းအတွက် ထမင်းတစ်နပ် ငါ မသဒ္ဓါဘူး ထင်နေလား. . . "

"ဟုတ်ပြီ. . . ဒါဆို ငါကျေနပ်ပြီ၊ မင်းက ငါ့အတွက် ထမင်းပေး၊ အဲဒီထမင်းကို ငါလှူရင် မင်းကန့်ကွက်မလား. . . "

"အင်း. . . ဒါက ဒီလိုလေ. . . ငါက မင်းကို ပေးထားပြီပဲ၊ ဒီတော့ မင်းပိုင်တဲ့ပစ္စည်းကို မင်းလုပ်ချင်တာ လုပ်လို့ရတာပဲ၊ စားချင်စား၊ လှူချင်လှူပေါ့"

"ဟုတ်ပြီ. . . ဒါဆို လှူမယ်၊ ဘာပဲဖြစ်ဖြစ်. . . ငါ့လက်နဲ့ ပေးလှူတယ်ဆိုပေမယ့် ဒီပစ္စည်းဟာ မင်းပိုင်းပစ္စည်းမို့ ဒီအလှူဟာလည်း မင်းအလှူပဲဖြစ်ပါတယ်၊ မင်းကုသိုလ်ရပါတယ်"

သူပြောတဲ့ ကုသိုလ်တရားတွေ ဘာတွေ ကျွန်ုပ်နားမလည်ဘူး။ မိတ်ဆွေကို ချီးမြှောက်ထောက်ပံ့တဲ့ သဘောပဲယူဆတယ်။

အဲ. . . ပြောရရင် ကျွန်ုပ် သူငယ်ချင်းရဲ့ စည်းရုံးမှုကြောင့် တရားပွဲကို ခဏခဏလိုက်ဖြစ်တယ်။ သူ့ပရိယာယ်နဲ့ သိမ်းသွင်းမှုကြောင့် နေ့စဉ်ရက်ဆက် ဆွမ်းလှူဖြစ်တယ်။ နေ့စဉ်ပြုလေပြုထရှိတော့ ဒါဟာ အလေ့အကျင့်လို ဖြစ်လာတယ်။ နားအကျင့်၊ လက်အကျင့်ရလာတဲ့ ကျွန်ုပ်ဟာ မသိမသာကူးပြောင်းသွားလိုက်တာ နေရင်းထိုင်ရင်း သံကိစ္စမထေရ်ရဲ့ ဥပါသကာလုံးလုံးဖြစ်တာပါတော့တယ်။

* * * * *

ပုဂ္ဂိုလ်ခင်တော့ တရားမင်ဆို စကားရှိတယ်။

ကျုပ်ကတော့ တရားမင်ရာက ပုဂ္ဂိုလ်ခင်လာရတာပါ။ ဟုတ်တယ်. . . သံကိစ္စမထေရ်ကို အထင်ကြီးလေးစားလာတာ သူ့တရားကြောင့်ပဲ။ ရုပ်ကိုကြည့်ပြီး ကြည်ညိုမယ်ဆိုရင် သံကိစ္စမထေရ်အသွင်က ကြည်ညိုစရာမရှိဘူး။

တကယ့်နေရာ မျက်နှာမှာ ဒဏ်ရာရထားတဲ့ ကိုယ်တော့်အသွင်က ဆိုးမှဆိုး။ အကျည်းတန်မှတန်။ ဒါဟာ မထေရ်ရဲ့ ကံအကြောင်းတရားကြောင့်ပဲ။

ကံအကြောင်းတရားကိုပြောမှ သံကိစ္စမထေရ်ရဲ့ ထူးခြားတဲ့ ကံကြမ္မာအကြောင်း သတိရသွားတယ်။ အဟုတ်ဗျာ. . . ပြောမယ်၊ ကြုံဖူးမှ သိဆိုတာ ဒီအဖြစ်အပျက်ပဲ ဖြစ်မယ်။

သံကိစ္စမထေရ်မယ်တော်က သာဝတ္ထိမြို့က ကြွယ်ဝချမ်းသာတဲ့ အမျိုးသမီးတစ်ယောက်။ အဲဒီအမျိုးသမီးဟာ သံကိစ္စမထေရ်လောင်း ကိုယ်ဝန်အရင့်အမာနဲ့ ကွယ်လွန်ခဲ့တယ်။ ကိုင်း . . . စဉ်းစားကြည့်ကြ။ မိခင်သေတဲ့နောက် ဒီရင်သွေး အသက်ရှင်နိုင်ဦးမလား. . . ။

သဘာဝအရဆိုရင် ဝမ်းထဲက ရင်သွေးဟာ ပစ်ရပြီပေါ့။ အင်း. . . အံ့စရာဗျာ။ သံကိစ္စမထေရ်လောင်းဟာ မသေဘူးဗျ။

ဆိုပါတော့. . . သံကိစ္စမထေရ်ရဲ့မယ်တော်သေလို့ သုသာန်မှာ မီးသင်္ဂြိုဟ်တယ်။ အသား၊ အရေတွေ မီးလောင်ကျွမ်းပေမယ့် ဗိုက်သားက မလောင်ဘူး။ ဒီတော့ သင်္ဂြိုဟ်သူက ဘာလုပ်တယ်ထင်လဲ။ ဗိုက်ကို တံစူးဝါးနဲ့ ထိုးဖောက်၊ မီးမလောင်လောင်အောင် မီးကျီးခဲတွေ ဗိုက်ပေါ်တင်၊ မီးစွဲအောင် သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်တွေပုံပြီး ပြန်သွားကြတယ်။ နောက်တစ်နေ့ အလောင်ပြာကျမှ လှော်ပစ်မယ်ဆိုပြီး ပြန်ကြတာပေါ့။ သူတို့ ကြိုးစားလို့ ဗိုက်သားမီးလောင်သွားတယ်။ ဒါပေမယ့် အထဲက ကလေးငယ်ဟာ အသက်မသေဘဲ ဒီမီးကျီးခဲပေါ်မှာ ကျန်နေသတဲ့။ ကိုင်း. . . ယုံနိုင်စရာရှိလား. . . ။

မီးသင်္ဂြိုလ်တဲ့လူတွေဟာ ကလေးငယ်တွေ့တော့ အထူးအံ့ဩတုန်လှုပ်ချောက်ချားကုန်တယ်။ ဒါနဲ့

ကလေးငယ်ကို ကောက်ယူပြီး လက်ယာရံတော် အရှင်သာရိပုတ္တရာကိုယ်တော်ကြီးထံ အပ်လိုက်တယ်။ တံစူး ဝါးနဲ့ထိုးတုန်းက မျက်လုံးနားမှာ ဒဏ်ရာရလို့ အကြည့်ရဆိုးအောင် ရုပ်အဆင်းဖြစ်ခဲ့ရတာ၊ အဲဒါ မထေရ် သံကိစ္စရဲ့ ဘဝပါပဲ။

သံကိစ္စမထေရ်နဲ့ပတ်သက်လို့ ထူးဆန်းတာတွေက ပြောရင်ကုန်မယ်မထင်ပါဘူး။ ကိုယ်တော် လေးကို ခုနစ်နှစ်သားမှာ သာသနာ့ဘောင်သွတ်သွင်းတယ်။ သက်န်းဝတ်ဖို့ ခေါင်းတုံးတော့ တစပဥ္စက ကမ္မဋ္ဌာန်းပေးလိုက်တာ ခေါင်းတုံးပြီးတာနဲ့ တစ်ပြိုင်နက် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်ခဲ့တယ်၊ ပါရမီ ရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ နက်နက်နဲနဲ တရားဟောစရာမလိုဘူး။ အရိပ်ပြရုံနဲ့ အကောင်ထင်တယ်။

အံ့သြချီးကျူးဖို့ကောင်းတဲ့ ဒီရဟန္တာလေးဟာ ခိုးသားငါးရာအကျွတ်တရားရပြီး ရဟန်းဘောင် ရောက်အောင် ခေါ်ဆောင်နိုင်တယ်ဆိုရင် ပိုအံ့သြကြမယ်။ အမှန်ပါ။ သံကိစ္စမထေရ်နဲ့ပတ်သက်လို့ အကြောင်းအရာက လူတိုင်းနှုတ်ဖျား ရေပန်းစားအောင် သတင်းဖြစ်ခဲ့ရပါတယ်။

ဒီလိုပါ. . . တစ်ခါတော့ အမျိုးကောင်းသားသုံးကျိပ်ဟာ ဘုရားသာသနာမှာ ရဟန်းပြုကြတယ်၊ သင့်တော်တဲ့ ကမ္မဋ္ဌာန်းတရားတောင်းပြီး ငြိမ်းအေးရာမှာ တရားအားထုတ်ဖို့ ဘုရားရှင်ထံ ခွင့်တောင်း တယ်၊ အနာဂတသညာဏ်တော်ရှိတဲ့ ဘုရားရှင်က ရဟန်းသုံးကျိပ်အနာဂတ်ဖြစ်မည့်ကိစ္စ၊ ဒီပြဿနာ သံကိစ္စက ပြေလည်အောင်ဖြေရှင်းပုံ သိထားတယ်။ ဒီတော့ ရဟန်းတော်တွေ တရားကျင့်ဖို့ ထွက်ရာမှာ သံကိစ္စကို အလုပ်အကျွေးပြုဖို့ ထည့်လိုက်တယ်။

ဘုရားရှင်သိထားတဲ့အတိုင်း ရဟန်းသုံးကျိပ်ဟာ ခိုးသားတွေရဲ့ပယောဂကြောင့် သေဘေးတွေ့ ရတယ်။ ယဇ်ပူဇော်ဖို့ ရဟန်းတစ်ပါးသတ်မည့်ကိစ္စမှာ သံကိစ္စက ကြားဝင်အသေခံခဲ့တယ်။ ခိုးသားတွေ က သံကိစ္စကို ဓားနဲ့အပိုင်းပိုင်း ခုတ်တယ်။ ခုတ်တဲ့ဓားတွေ လိပ်ခွေကုန်ပေမယ့် သံကိစ္စက မသေဘူး၊ ဒီကျူးလွန်တဲ့အပြစ်ကို ခွင့်လွှတ်ဖို့တောင်းပန်ပြီး သူတို့ကိုယ်တိုင် ရဟန်းပြုခဲ့တယ်၊ အဲဒီ ခိုးသားငါးရာ ဟာ သံကိစ္စကို ဆရာတင်ပြီး တရားအားထုတ်ကြပါတယ်၊ ဒီနေ့ မိဂဒါဝုန်တောမှာ တွေ့ရတဲ့ ရဟန်းတွေ ဟာ သံကိစ္စချေချွတ်ခဲ့တဲ့ ရဟန်းတွေပါပဲ၊

* * * * *

ဒီအကြောင်းတွေကို ကျွန်ုပ်သူငယ်ချင်းပြောပြမှ သိရတာပါ၊ အဲလို ဂယနကာသိတော့ ကျွန်ုပ် လေးစားတဲ့ရဟန္တာသူတော်စင်လေးအပေါ် ကြည်ညိုမိတာပေါ့၊

ကျွန်ုပ်ဟာ သူငယ်ချင်းဥပါသကာကို အမှီပြုပြီး မထေရ်ရဲ့ တရားနာရတယ်၊ ဒီတော့လည်း အမှား အမှန်ခွဲခြားလာနိုင်ပါတယ်၊ ဖြဟ္မဏဝါဒီတစ်ယောက်က ဗုဒ္ဓဘာသာကူးပြောင်းသွားတော့ အားလုံးက ရှုတ်ချလိုက်တာ လွန်ရော၊

"မင်းဟာ မြင့်မြတ်တဲ့ ဗြဟ္မဏမျိုးပါကွ။ ကိုးကွယ်တာ ထာဝရအသက်ရှင်နေတဲ့ မဟာဗြဟ္မာကြီးပါ။ ဘာမဟုတ်တဲ့ ဦးပြည်းခေါင်းတုံး၊ ခွက်လက်စွဲတောင်းစားနေတဲ့ ဂေါတမအနွယ်ဝင်တွေကို ဆည်းကပ်တာ ဘာအကျိုးရှိမှာလဲ။ ဘာဖြစ်မှာလဲ"

ကျွန်ုပ်ဖခင်ရဲ့ ပြစ်ပြစ်နှစ်နှစ် ရှုတ်ချစကားကြောင့် စိတ်ထဲချောက်ချားမိတာ အမှန်ပါ။ အယူလွဲနေတဲ့ ဖခင်ကြီးကို နားလည်အောင်ပြောပြချင်တယ်။

"အဖေ့ကို ကျွန်တော်တစ်ခုမေးပါရစေ"

"ဘာလဲ . . . မေးစမ်း"

"ကျွန်တော်တို့ဟာ မြင့်မြတ်သူတွေလို့ ကိုယ့်ကိုယ်ကို သတ်မှတ်ကြတယ်နော်"

"ဒါ ရှေးအစဉ်အလာပဲ။ ဗြဟ္မာကြီးရဲ့ ခံတွင်းက ဆင်းသက်သူတွေမို့ တခြားလူတွေထက် မြင့်မြတ်တယ်။ မင်းဘာပြောချင်လဲ"

"ဒီကိစ္စမှာ ကျွန်တော်သံသယရှိတယ် အဖေ။ ကျွန်တော့်တို့ ဗြဟ္မဏတိုင်း အဖေအမေရှိတယ်။ ပုဏ္ဏားမတွေအားလုံး ကိုယ်ဝန်ဆောင်ကြတယ်။ အားလုံးသော သားသမီးတွေဟာ အမိယောနိက မွေးဖွားလာရတယ်။ အမိရှိတာ သိနေရက်နဲ့ ဗြဟ္မာမင်းခံတွင်းက မွေးတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"

"ဟေ့ကောင် . . . ဒါရှေးအစဉ်အလာကွ"

"အစဉ်အလာစကားမို့ မစဉ်းစားဘဲ ယုံရမယ်ဆိုရင် မှန်မလားအဖေ။ ကျွန်တော်တို့ ဂေါတမက . . ."

"ဟေ့ . . မင်းဒီနာမည်ကို မပြောနဲ့၊ မကြားချင်ဘူး။ ဘယ့်နှယ်ဗျာ . . . သစ်ခေါက်ဆိုးအထည်တွေဝတ်ရုံတဲ့ ဂေါတမအနွယ်တွေဆီ ရောက်သွားကတည်းက တစ်ခါလာ ဂေါတမ . . . တစ်ခါလာ ဂေါတမ ပါးစပ်ကမချဘူး။ မင်းစိတ်ထဲမှာ မဟာဗြဟ္မာကြီး ရှိသေးရဲ့လား . . ."

"အကြောင်းသင့်လို့ ပြောတာပါအဖေ။ အရှင်သံကိစ္စက မိန့်ပါတယ်။ ဝါဒတစ်ရပ်မှာ မှားလား၊ မှန်လား စဉ်းစားဉာဏ်နဲ့ ဆုံးဖြတ်သင့်တယ်တဲ့။ ရှေးအစဉ်အလာဆိုပြီး မျက်လုံးမှိတ်မယုံနဲ့။ လူကြီးမိဘစကားဆိုပြီး ကြိတ်လက်မခံနဲ့။ ကျမ်းဂန်လာဆိုပြီး မျက်ကန်းတစ်ယောက်လို လက်မခံနဲ့။ ဆန်းစစ်ပါ။ ဝေဖန်ပါ။ စူးစမ်းပါ။ လုပ်ကြည့်ပါ။ မှန်တယ်ထင်မှ လက်ခံပါတဲ့"

"ဘာလဲဟေ့ . . . တော်လှန်စကားလား . . . ဟုတ်မယ်။ မင်းက ဂေါတမနွယ်တွေ တရားနာပြီးကတည်းက အစဉ်အလာတွေ တော်လှန်ချင်တာကိုးကွ"

"သဘောသိရင် အဖေလက်ခံလာမှာပါ"

"ဘာ . . . လက်ခံမယ်ဟုတ်လား . . . ဟား . . ဟား . . ဟား . . . . ဟား . . . ရယ်စရာကောင်းလိုက်တာကွာ။ ငါလိုမြင့်မြတ်တဲ့ ဗြဟ္မဏတစ်ယောက်က ဟိုခတ္တိယတွေရဲ့ တရားနာရမယ်။ သူတို့ဝါဒ

လက်ခံရမယ်တဲ့လား. . . အဲဒါ ရူးတဲ့လူတွေ လုပ်တာကွ"

ကျွန်ုပ်ဖခင်ကြီးဟာ အမှန်လမ်းရောက်အောင် စည်းရုံးပေမယ့် တစ်ယူသန်အစွန်းရောက်နေသူမို့ သိမ်းသွင်းမရပါဘူး။ တကယ်လို့ဖခင်ကြီးဟာ မိဂါဒဝုန်တောကို လိုက်ခဲ့ရင် သံကစ္စမထေရ်ရဲ့ တရားနာရမယ်ဆိုရင် အယူပြောင်းလဲစရာ ရှိပါတယ်။

"ဘာပဲဖြစ်ဖြစ်ပေါ့ အမေရာ. . . သူတော်စင်တွေကို ပေးလှူတာ မတွန့်တိုပါနဲ့"

"ဘာရယ်. . . မင်းဒီစကားပြောလိုက်တာ ဂေါတမအနွယ်တွေကို လှူဖို့လား. . . ငါက သူတို့ စားဖို့အတွက် ထမင်းဟင်းပေးရမယ် ဒီလိုလား. . . "

"လှူလို့ အကျိုးမယုတ်ပါဘူးအဖေ"

"အဟား. . . ဟား. . . ဟား. . . တော်တော်ဟုတ်တဲ့ကောင်။ ဒီမယ်. . မင်းက ငါမွေးလာမှ လူဖြစ်ရတာပါ။ ဝါးနုက ဝါးရင့်ပတ်မယ် မကြံစမ်းပါနဲ့။ မင်းရဟန်းတွေကိုလှူလို့ ဘာအကျိုးရှိမှာလဲ။ ကိုယ့်အတွက် ကောင်းကျိုးမပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေ လှူနေရင် အဖိုးတန်တဲ့ ဆွမ်းတစ်ပန်းကန် ဆုံးရှုံးရုံပဲ ရှိမှာပေါ့။ ဒီမယ်ဟေ့. . . မင်းမှတ်ထား။ လောကီလောကုတ္တရာအကျိုးဖြစ်စေတဲ့ ဗြဟ္မဏဆရာကြီးတွေက လွဲပြီး ဘယ်ဦးပြည်းခေါင်းတုံးမှ မလှူဘူး. . . မလှူနိုင်ဘူး။ ဒါပဲ. . . "

ကျွန်ုပ်လက်လျှော့လိုက်ပါတယ်။ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ကျွန်ုပ်မိဘတွေကို ဘုရားရှင်တောင် ကယ်နိုင်မှာ မဟုတ်ဘူး။ လွဲမှားတဲ့ အယူရှိနေသမျှ သံသရာမှ ကျင်လည်နေဦးမှာပဲ။

မှန်ကန်တဲ့အမြင်၊ ကောင်းသောအကြံ၊ ကောင်းတဲ့အလုပ်ကိုလုပ်ဖို့ ခံယူချက်ရှိတဲ့ ကျွန်ုပ်အနေနဲ့ကတော့ မိဂဒါဝုန်တောကို သွားရဦးမယ်။ သံကိစ္စမထေရ်နားကပ်ပြီး တရားမြတ်ကို နာရဦးမှာပဲလေ။

ကျမ်းကိုး

ဓမ္မပဒ၊ သဟာဿဝဂ်၊ သံကိစ္စမထေရ်ဝတ္ထု၊ နာဂပေတဝတ္ထုတို့ကို မှီးပါသည်။

# ဗုဒ္ဓစာဥယျာဉ်(၂)

မောင်ဆန္ဒ(လယ်ဝေး)

